




ရွှေမြင်တင်တောင်

၁၉၇၈ခုနှစ် မေလ

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | အဖွင့်စကား | ၁၄ |
| | ၁။ မဟာဝဂ္ဂ | |
| ၁။ | ၁။ ပညတ္တိပဥှာ | ၂၃ |
| ၂။ | ၂။ ဝသဂဏနပဥှာ | ၃၆ |
| ၃။ | ၃။ ဝိမံသနပဥှာ | ၃၇ |
| ၄။ | ၄။ အနန္တကာယပဥှာ | ၃၇ |
| ၅။ | ၅။ ပဗ္ဗဇ္ဇပဥှာ | ၃၇ |
| ၆။ | ၆။ ပဋိသန္ဓိပဥှာ | ၄၂ |
| ၇။ | ၇။ ယောနိသောမနသိကာရပဥှာ | ၅၅ |
| ၈။ | ၈။ မနသိကာရလက္ခဏပဥှာ | ၅၆ |
| ၉။ | ၉။ သီလလက္ခဏပဥှာ | ၅၆ |
| ၁၀။ | ၁၀။ သမ္ပသာဒနလက္ခဏသဒ္ဓါပဥှာ | ၅၆ |
| ၁၁။ | ၁၁။ သမ္ပက္ခန္ဒနလက္ခဏသဒ္ဓါပဥှာ | ၅၆ |
| ၁၂။ | ၁၂။ ဝီရိယလက္ခဏပဥှာ | ၅၆ |
| ၁၃။ | ၁၃။ သတိလက္ခဏပဥှာ | ၅၆ |
| ၁၄။ | ၁၄။ သမာဓိလက္ခဏပဥှာ | ၅၆ |
| ၁၅။ | ၁၅။ ပညာလက္ခဏပဥှာ | ၅၆ |
| ၁၆။ | ၁၆။ နာနာဓမ္မာနံဧကကိစ္စ အဘိနိပ္ဖာဒနပဥှာ | ၅၆ |

## မာတိကာ(အဆက်)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၂။ အဒ္ဓါနဝဂ္ဂ | |
| ၁၇။ | ၁။ ဓမ္မသန္တတိပဥှာ | ၅၉ |
| ၁၈။ | ၂။ ပဋိသန္ဓဟနပဥှာ | ၆၁ |
| ၁၉။ | ၃။ ဉာဏပညာပဥှာ | ၆၂ |
| ၂၀။ | ၄။ ပဋိသန္ဓဟနပုဂ္ဂလ ဝေဒိယနပဥှာ | ၆၂ |
| ၂၁။ | ၅။ ဝေဒနာပဥှာ | ၆၄ |
| ၂၂။ | ၆။ နာမရူပ ဧကတ္တနာနတ္တပဥှာ | ၆၅ |
| ၂၃။ | ၇။ ထေရပဋိသန္ဓဟနာ ပဋိသန္ဒိဟနပဥှာ | ၆၇ |
| ၂၄။ | ၈။ နာမရူပပဋိသန္ဒိဟနပဥှာ | ၆၈ |
| ၂၅။ | ၉။ အဒ္ဓါနပဥှာ | ၇၅ |
| | ၃။ ဝိစာရဝဂ္ဂ | |
| ၂၆။ | ၁။ အဒ္ဓါနမူလပဥှာ | ၇၉ |
| ၂၇။ | ၂။ ပုရိမကောဋိပဥှာ | ၈၁ |
| ၂၈။ | ၃။ ကောဋိပညာယနပဥှာ | ၉၀ |
| ၂၉။ | ၄။ သင်္ခါရဇာယမာနပဥှာ | ၉၀ |
| ၃၀။ | ၅။ ဘဝန္တသင်္ခါရဇာယမာနပဥှာ | ၉၁ |
| ၃၁။ | ၆။ ဝေဒဂူပဥှာ | ၉၃ |
| ၃၂။ | ၇။ စက္ခုဝိညာဏာဒိပဥှာ | ၉၃ |
| ၃၃။ | ၈။ ဖဿလက္ခဏပဥှာ | ၉၃ |
| ၃၄။ | ၉။ ဝေဒနာလက္ခဏပဥှာ | ၉၃ |
| ၃၅။ | ၁၀။ သညာလက္ခဏပဥှာ | ၉၃ |

## မာတိကာ(အဆက်)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | ၁၁။ စေတနာလက္ခဏပဉှာ | ၉၃ |
| ၃၇။ | ၁၂။ ဝိညာဏလက္ခဏပဉှာ | ၉၃ |
| ၃၈။ | ၁၃။ ဝိတက္ကလက္ခဏပဉှာ | ၉၃ |
| ၃၉။ | ၁၄။ ဝိစာရလက္ခဏပဉှာ | ၉၃ |
| | ၄။ နိဗ္ဗာနဝဂ္ဂ | |
| ၄၀။ | ၁။ ဖဿာဒိဝိနိဗ္ဘုဇနပဉှာ | ၉၇ |
| ၄၁။ | ၂။ နာဂသေနပဉှာ | ၉၇ |
| ၄၂။ | ၃။ ပဥ္စာယတနကမ္မနိဗ္ဗတ္တပဉှာ | ၉၇ |
| ၄၃။ | ၄။ ကမ္မနာနာကရဏပဉှာ | ၉၇ |
| ၄၄။ | ၅။ ဝါယာမကရဏပဉှာ | ၉၇ |
| ၄၅။ | ၆။ နေရယိကဂ္ဂိဉဏှဘာဝပဉှာ | ၁၀၆ |
| ၄၆။ | ၇။ ပထဝိသန္ဓာရကပဉှာ | ၁၁၂ |
| ၄၇။ | ၈။ နိရောဓနိဗ္ဗာနပဉှာ | ၁၁၂ |
| ၄၈။ | ၉။ နိဗ္ဗာနလဘနပဉှာ | ၁၁၂ |
| ၄၉။ | ၁၀။ နိဗ္ဗာနသုခဇာနနပဉှာ | ၁၁၂ |
| | ၅။ ဗုဒ္ဓဝဂ္ဂ | |
| ၅၀။ | ၁။ ဗုဒ္ဓဿအတ္ထိနတ္ထိဘာဝပဉှာ | ၁၁၅ |
| ၅၁။ | ၂။ ဗုဒ္ဓဿအနုတ္တရဘာဝပဉှာ | ၁၁၅ |
| ၅၂။ | ၃။ ဗုဒ္ဓဿအနုတ္တရဘာဝဇာနနပဉှာ | ၁၁၅ |

မာတိကာ(အဆက်)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃။ | ၄။ ဓမ္မဒိဋ္ဌပဉှာ | ၁၁၅ |
| ၅၄။ | ၅။ အသက်မနပဋိသန္ဓဟနပဉှာ | ၁၁၅ |
| ၅၅။ | ၆။ ဝေဒဂူပဉှာ | ၁၁၅ |
| ၅၆။ | ၇။ အညကာယသက်မနပဉှာ | ၁၂၁ |
| ၅၇။ | ၈။ ကမ္မဖလအတ္ထိဘာဝပဉှာ | ၁၂၈ |
| ၅၈။ | ၉။ ဥပ္ပဇ္ဇတိဇာနနပဉှာ | ၁၃၂ |
| ၅၉။ | ၁၀။ ဗုဒ္ဓနိဒဿနပဉှာ | ၁၃၂ |
| | ၆။ သတိဝဂ္ဂ | |
| ၆၀။ | ၁။ ကာယပိယာယနပဉှာ | ၁၃၅ |
| ၆၁။ | ၂။ သဗ္ဗညုဘာဝပဉှာ | ၁၃၅ |
| ၆၂။ | ၃။ မဟာပုရိသလက္ခဏပဉှာ | ၁၃၅ |
| ၆၃။ | ၄။ ဘဂဝတောဗြဟ္မစာရိပဉှာ | ၁၃၅ |
| ၆၄။ | ၅။ ဘဂဝတောဥပသမ္ပဒါပဉှာ | ၁၃၅ |
| ၆၅။ | ၆။ အဿုဘေသဇ္ဇာဘေသဇ္ဇပဉှာ | ၁၃၅ |
| ၆၆။ | ၇။ သရာဂ ဝီတရာဂနာနာကရဏပဉှာ | ၁၃၅ |
| ၆၇။ | ၈။ ပညာသတိပဋ္ဌာနပဉှာ | ၁၃၅ |
| ၆၈။ | ၉။ သံသာရပဉှာ | ၁၄၀ |
| ၆၉။ | ၁၀။ စိရကတသရဏပဉှာ | ၁၄၈ |
| ၇၀။ | ၁၁။ အဘိဇာနန္တသတိပဉှာ | ၁၅၀ |

မာတိကာ(အဆက်)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၇။ အရူပဓမ္မ ဝဝတ္ထာနဝဂ္ဂ | |
| ၇၁။ | ၁။ သတိဥပ္ပဋ္ဌာနပဥ္ဍာ | ၁၅၃ |
| ၇၂။ | ၂။ ဗုဒ္ဓဂုဏာသတိပဋ္ဌိလာဘပဥ္ဍာ | ၁၅၃ |
| ၇၃။ | ၃။ ဒုက္ခပ္ပဟာနဝါယမပဥ္ဍာ | ၁၅၇ |
| ၇၄။ | ၄။ ဗြဟ္မလောကပဥ္ဍာ | ၁၅၈ |
| ၇၅။ | ၅။ ဒွိန္နံ လောကုပ္ပန္နာနံ သမကဘာဝပဥ္ဍာ | ၁၆၃ |
| ၇၆။ | ၆။ ဗောဇ္ဈင်္ဂပဥ္ဍာ | ၁၆၄ |
| ၇၇။ | ၇။ ပါပပုညာနံ အပ္ပါနပ္ပဘာဝပဥ္ဍာ | ၁၆၄ |
| ၇၈။ | ၈။ ဇာနန္တာ ဇာနန္တ ပါပကရဏပဥ္ဍာ | ၁၆၄ |
| ၇၉။ | ၉။ ဥတ္တရကုရုကာဒိဂမနပဥ္ဍာ | ၁၆၅ |
| ၈၀။ | ၁၀။ ဒီဃဋ္ဌိပဥ္ဍာ | ၁၆၆ |
| ၈၁။ | ၁၁။ အဿာသ ပဿာသ နိရောဓပဥ္ဍာ | ၁၆၇ |
| ၈၂။ | ၁၂။ သမုဒ္ဒပဥ္ဍာ | ၁၇၂ |
| ၈၃။ | ၁၃။ သမုဒ္ဒဧကရသပဥ္ဍာ | ၁၇၂ |
| ၈၄။ | ၁၄။ သုခုမပဥ္ဍာ | ၁၇၂ |
| ၈၅။ | ၁၅။ ဝိညာဏနညနတ္ထပဥ္ဍာ | ၁၇၃ |
| ၈၆။ | ၁၆။ အရူပဓမ္မ ဝဝတ္ထာနဒုက္ကရပဥ္ဍာ | ၁၇၃ |

## မာတိကာ(အဆက်)

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မေဏ္ဍကပဉှ | |
| | ၁။ ဣဒ္ဓိဗလဝဂ္ဂ | |
| ၈၇။ | ၁။ ကတာဓိကာရ သဖလပဉှာ | ၁၇၉ |
| ၈၈။ | ၂။ သဗ္ဗညုဘာဝပဉှာ | ၁၈၂ |
| ၈၉။ | ၃။ ဒေဝဒတ္တပဗ္ဗဇ္ဇပဉှာ | ၁၉၂ |
| ၉၀။ | ၄။ ပထဝိစလနပဉှာ | ၁၉၆ |
| ၉၁။ | ၅။ သိဝိရာဇ စက္ခုဒါပဉှာ | ၂၀၄ |
| ၉၂။ | ၆။ ဂဗ္ဘာဝက္ကန္တိပဉှာ | ၂၁၁ |
| ၉၃။ | ၇။ သဒ္ဓမ္မန္တရတနပဉှာ | ၂၁၆ |
| ၉၄။ | ၈။ အကုသလစ္ဆေဒနပဉှာ | ၂၁၆ |
| ၉၅။ | ၉။ ဥတ္တရိကရဏီယပဉှာ | ၂၁၆ |
| ၉၆။ | ၁၀။ ဣဒ္ဓိဗလဒဿနပဉှာ | ၂၁၆ |
| | ၂။ အဘေဇ္ဇဝဂ္ဂ | |
| ၉၇။ | ၁။ ခုဒ္ဒါနုခုဒ္ဒကပဉှာ | ၂၁၉ |
| ၉၈။ | ၂။ အဗျာကရဏီယပဉှာ | ၂၁၉ |
| ၉၉။ | ၃။ မစ္စုဘာယနာဘာယနပဉှာ | ၂၂၀ |
| ၁၀၀။ | ၄။ မစ္စုပါသမုတ္တိပဉှာ | ၂၂၀ |
| ၁၀၁။ | ၅။ ဗုဒ္ဓလာဘန္တရပဉှာ | ၂၂၀ |
| ၁၀၂။ | ၆။ အပုညပဉှာ | ၂၂၀ |
| ၁၀၃။ | ၇။ ဘိက္ခုသံဃပရိဟရဏပဉှာ | ၂၂၀ |
| ၁၀၄။ | ၈။ အဘေဇ္ဇပရိသပဉှာ | ၂၂၀ |

မာတိကာ(အဆက်)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၃။ ပဏ္ဏာမိတဝဂ္ဂ | |
| ၁၀၅။ | ၁။ သေဋ္ဌဓမ္မပဥှာ | ၂၂၃ |
| ၁၀၆။ | ၂။ သဗ္ဗဟိတဖရဏပဥှာ | ၂၂၄ |
| ၁၀၇။ | ၃။ ဝတ္တဂုယှနိဒဿနပဥှာ | ၂၂၄ |
| ၁၀၈။ | ၄။ ဖရုသဝါစာဘာဝပဥှာ | ၂၂၄ |
| ၁၀၉။ | ၅။ ရုက္ခအစေတနာဘာဝပဥှာ | ၂၂၅ |
| ၁၁၀။ | ၆။ ပိဏ္ဍပါတမဟပ္ဖလပဥှာ | ၂၂၅ |
| ၁၁၁။ | ၇။ ဗုဒ္ဓပူဇနပဥှာ | ၂၂၅ |
| ၁၁၂။ | ၈။ ပါဒသကလိကာဟတပဥှာ | ၂၂၆ |
| ၁၁၃။ | ၉။ အဂ္ဂဂ္ဂသမဏပဥှာ | ၂၂၉ |
| ၁၁၄။ | ၁၀။ ဝဏ္ဏာဘဏနပဥှာ | ၂၂၉ |
| ၁၁၅။ | ၁၁။ အဟိံသာနိဂ္ဂဟပဥှာ | ၂၂၉ |
| ၁၁၆။ | ၁၂။ ဘိက္ခုပဏ္ဏာမိတပဥှာ | ၂၂၉ |
| | ၄။ သဗ္ဗညုတဉာဏဝဂ္ဂ | |
| ၁၁၇။ | ၁။ ဣဒ္ဓိကမ္မဝိပါကပဥှာ | ၂၃၁ |
| ၁၁၈။ | ၂။ ဓမ္မဝိနယပဋိစ္ဆန္နာပဋိစ္ဆန္နပဥှာ | ၂၃၅ |
| ၁၁၉။ | ၃။ မုသာဝါဒဂရုလဟုဘာဝပဥှာ | ၂၃၅ |
| ၁၂၀။ | ၄။ ဗောဓိသတ္တဓမ္မတာပဥှာ | ၂၃၆ |
| ၁၂၁။ | ၅။ အတ္တနိပါတပဥှာ | ၂၃၇ |

## မာတိကာ(အဆက်)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၂။ | ၆။ မေတ္တာဘာဝနာနိသံသပဉှာ | ၂၄၅ |
| ၁၂၃။ | ၇။ ကုသလာကုသလ သမဝိသမပဉှာ | ၂၅၁ |
| ၁၂၄။ | ၈။ အမရာဒေဝီပဉှာ | ၂၅၁ |
| ၁၂၅။ | ၉။ အရဟန္တအဘာယနပဉှာ | ၂၅၂ |
| ၁၂၆။ | ၁၀။ ဗုဒ္ဓသဗ္ဗညုဘာဝပဉှာ | ၂၅၆ |
| | ၅။ သန္ထဝဝဂ္ဂ | |
| ၁၂၇။ | ၁။ သန္ထဝပဉှာ | ၂၅၉ |
| ၁၂၈။ | ၂။ ဥဒရသံယတပဉှာ | ၂၆၀ |
| ၁၂၉။ | ၃။ ဗုဒ္ဓအပ္ပါဗာဓပဉှာ | ၂၆၂ |
| ၁၃၀။ | ၄။ မဂ္ဂုပ္ပါဒနပဉှာ | ၂၆၃ |
| ၁၃၁။ | ၅။ ဗုဒ္ဓအဝိဟေဌပဉှာ | ၂၆၃ |
| ၁၃၂။ | ၆။ ဆဒ္ဒန္တဇောတိပါလာရဗ္ဘပဉှာ | ၂၆၃ |
| ၁၃၃။ | ၇။ ဃဋီကာရပဉှာ | ၂၆၃ |
| ၁၃၄။ | ၈။ ဗြာဟ္မဏရာဇဝါဒပဉှာ | ၂၆၃ |
| ၁၃၅။ | ၉။ ဂါထာဘိဂီတဘောဇနကထာပဉှာ | ၂၆၃ |
| ၁၃၆။ | **၁၀။ ဓမ္မဒေသနာယ အပ္ပေါသုကပဉှာ** | ၂၆၃ |
| ၁၃၇။ | **၁၁။ အစရိယာနာစရိယပဉာ** | ၂၆၃ |

## မာတိကာ(အဆက်)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ၆။ အနုမာနပဉ္စ | |
| | ၁။ ဗုဒ္ဓဝဂ္ဂ | |
| ၁၃၈။ | ၁။ ဒွိန္နံ ဗုဒ္ဓါနံ အနုပ္ပဇ္ဇမာနပဉှာ | ၂၆၇ |
| ၁၃၉။ | ၂။ ဂေါတမိဝတ္ထဒါနပဉှာ | ၂၇၂ |
| ၁၄၀။ | ၃။ ဂိဟိပဗ္ဗဇိုတ သမ္မာပဋိပတ္တိပဉှာ | ၂၇၅ |
| ၁၄၁။ | ၄။ ပဋိပဒါ ဒေါသပဉှာ | ၂၇၈ |
| ၁၄၂။ | ၅။ ဟီနာယာဝတ္တနပဉှာ | ၂၈၇ |
| ၁၄၃။ | ၆။ အရဟန္တဝေဒနာဝေဒိယနပဉှာ | ၂၈၇ |
| ၁၄၄။ | ၇။ အဘိသမယန္တရာယကရပဉှာ | ၂၈၇ |
| ၁၄၅။ | ၈။ ဒုဿီလပဉှာ | ၂၈၇ |
| | ၉။ ဥဒကသတ္တဇီဝပဉှာ | ၂၈၇ |
| ၁၄၆။ | ၂။ နိပ္ပပဉ္စဝဂ္ဂ | |
| ၁၄၇။ | ၁။ နိပ္ပပဉ္စပဉှာ | ၂၉၁ |
| ၁၄၈။ | ၂။ ခီဏာသဝဘာဝပဉှာ | ၂၉၁ |
| ၁၄၉။ | ၃။ ခီဏာသဝ သတိသမ္မောသပဉှာ | ၂၉၆ |
| ၁၅၀။ | ၄။ လောကေနတ္ထိဘာဝပဉှာ | ၂၉၇ |
| ၁၅၁။ | ၅။ အကမ္မဇာဒိပဉှာ | ၂၉၇ |
| ၁၅၂။ | ၆။ ကမ္မဇာဒိပဉှာ | ၂၉၇ |
| ၁၅၃။ | ၇။ ယက္ခပဉှာ | ၂၉၇ |
| ၁၅၄။ | ၈။ အနဝသေသသိက္ခာပဒပဉှာ | ၂၉၈ |
| ၁၅၅။ | ၉။ သူရိယတပနပဉှာ | ၂၉၉ |
| ၁၅၆။ | ၁၀။ ကဋ္ဌိနတပနပဉှာ | ၂၉၉ |

## မာတိကာ(အဆက်)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၃။ ဝေဿန္တရဝဂ္ဂ | |
| ၁၅၇။ | ၁။ ဝေဿန္တရပဉှာ | ၃၀၃ |
| ၁၅၈။ | ၂။ ဒုက္ကရကာရိကပဉှာ | ၃၀၆ |
| ၁၅၉။ | ၃။ ကုသလာကုသလ ဗလဝတရပဉှာ | ၃၀၇ |
| ၁၆၀။ | ၄။ ပုဗ္ဗပေတာဒိသပဉှာ | ၃၀၉ |
| ၁၆၁။ | ၅။ သုပိနပဉှာ | ၃၁၂ |
| ၁၆၂။ | ၆။ အကာလမရဏပဉှာ | ၃၁၄ |
| ၁၆၃။ | ၇။ စေတိယပါဋိဟာရိယပဉှာ | ၃၁၇ |
| ၁၆၄။ | ၈။ ဓမ္မာဘိသမယပဉှာ | ၃၁၈ |
| ၁၆၅။ | ၉။ ဧကန္တသုခနိဗ္ဗာနပဉှာ | ၃၁၉ |
| ၁၆၆။ | ၁၀။ နိဗ္ဗာနရူပသဏ္ဌာနပဉှာ | ၃၂၃ |
| ၁၆၇။ | ၁၁။ နိဗ္ဗာနသစ္ဆိကရဏပဉှာ | ၃၃၈ |
| ၁၆၈။ | ၁၂။ နိဗ္ဗာနသန္နိဟိတပဉှာ | ၃၃၉ |
| | ၄။ အနုမာနဝဂ္ဂ | |
| ၁၆၉။ | ၁။ အနုမာနပဉှာ | ၃၄၃ |
| ၁၇၀။ | ၂။ ဓုတင်္ဂပဉှာ | ၃၄၄ |

မာတိကာ(အဆက်)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဩပမ္မပဥ္ | |
| | ၁။ ဂဒြဝဂ္ဂ။ ။ပဥ္ဍာ ၁၀ခု။ | ၃၅၀ |
| | ၂။ သမုဒ္ဒဝဂ္ဂ။ ။ပဥ္ဍာ ၁၀ခု။ | ၃၅၀ |
| | ၃။ ပထဝီဝဂ္ဂ။ ။ပဥ္ဍာ ၁၀ခု။ | ၃၅၀ |
| | ၄။ ဥပစိကာဝဂ္ဂ။ ။ပဥ္ဍာ ၁၀ခု။ | ၃၅၀ |
| | ၅။ သီဟဝဂ္ဂ။ ။ပဥ္ဍာ ၁၀ခု။ | ၃၅၀ |
| | ၆။ မက္ကဋ္ဌဝဂ္ဂ။ ။ပဥ္ဍာ ၁၀ခု။ | ၃၅၀ |
| | ၇။ ကုမ္ဘဝဂ္ဂ။ ။ပဥ္ဍာ ၁၀ခု။ | ၃၅၀ |
| ခ | မိလိန္ဒဝတ္ထုဘယ်လဲ? | ၃၅၁ |

# [illegible]

## ရှင်ဉာဏ
## ရွှေမြင်တင်ဆရာတော်

ရွှေမြင်တင်တောင်
၁၉၇၈ခုနှစ် မေလ

# မိလိန္ဒပဉှာဝတ္ထုဘယ်လဲ?

## အဖွင့်စကား

အလယ်လမ်းမျက်စေ့ဖြင့် ရှုကြည့်သောအခါ မိလိန္ဒပဉှာဝတ္ထု၏ ဇာတ်လိုက်ဖြစ်သော အရှင်နာဂသေနသည် အထက်လမ်းသမားတို့၏ အမူအရာဖြင့် သက်ဝင်လှုပ်ရှားနေသည်ကို ထင်ရှားစွာတွေ့နေရသည်။ မိလိန္ဒပဉှာဝတ္ထုကို မွေးဖွားဖန်ဆင်းတော်မူခဲ့သော ဆရာတော်အရှင်သည်ကား အရှင်နာဂသေနကို အလယ်လမ်းသမားအဖြစ်ဖန်ဆင်းခဲ့ခြင်း ဖြစ်ပါသည်။ဖန်ဆင်းသူအနေနှင့်ကား သာမန် အလယ်လမ်းသမားတစ်ဦးမျှသာမဟုတ်။ အလယ်လမ်းအထွဋ်အထိပ်ရောက် ပေါက်မြောက်ပြီးဆုံးလေဟန်အတိအလင်းပင် ကြေငြာခဲ့လေသည်။

သို့သော် အောက်လမ်းပညာဖြင့် အလယ်လမ်းကို မှန်းကြည့်သောအခါ အထက်လမ်းသည် အလယ်လမ်းဖြစ်သည်ဟု အထင်လွဲကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။မိလိန္ဒပဉှာဝတ္ထုကို ဖန်ဆင်းသူလည်း ဤဓမ္မတာကို မလွန်နိုင်ခြင်း ဖြစ်ပေသည်။

ဤ၌ အထက်လမ်း၊ အောက်လမ်း၊ အလယ်လမ်းဟူသည် အဘယ်သို့ ဖြစ်သနည်း?

လူကိုလွန်သောအသိအမြင် သို့မဟုတ် လူကိုကျော်လွှားသော အသိအမြင်၊ ဤအသိအမြင်များသည် အထက်လမ်းသမား၏ အသိအမြင်များ ဖြစ်သည်။ ထို့ကြောင့်-

- ✳ **လူကိုကျော်သောလမ်း**သည် **'အထက်လမ်း'** ဖြစ်သည်။
- ✳ **လူအတွင်းနစ်နေသောလမ်း**သည် **'အောက်လမ်း'** ဖြစ်သည်။
- ✳ **လူကိုမကျော်လွှား၊ လူအတွင်း နစ်ဝင်မှုကိုလည်း ရှောင်ရှားသော အသိအမြင်**သည် **'အလယ်လမ်း'** ဖြစ်သည်။

ထို့ကြောင့် ရှုကြည့်သူသည် အောက်လမ်းနေရာ၌ရပ်လျက် ရှုကြည့်သောအခါ အထက်လမ်းနှင့်အောက်လမ်းတို့သည် ရောနှောလျက်ရှိကြသည်ဟု မြင်ရတတ်ပေသည်။ တဖန်လည်း ရှုကြည့်သောသူသည် အထက်လမ်းနေရာ၌ ရပ်လျက်ကြည့်ပြန်လျှင်လည်း အောက်လမ်းနှင့် အလယ်လမ်းသည် ရောနှောလျက်ရှိသည်ဟု ထင်ရတတ်ပြန်သည်။

ရှုကြည့်သောသူသည် အလယ်လမ်းနေရာပေါ်၌ ရောက်နေပါမှ အထက်လမ်းနှင့်အောက်လမ်းတို့ သီးခြားနေသည်ကို ပြတ်သားစွာ တွေ့မြင်ခွင့် ရသည်။

တနည်းအားဖြင့်ပြောရမည်ဆိုလျှင်□

အထက်လမ်းသမားသည် ခေါင်းသမားဖြစ်သည်။

အောက်လမ်းသမားသည် ဗိုက်သမားဖြစ်သည်။

ဤ၌ သဘောတရားသမားကို ခေါင်းသမားဖြစ်သည်ဟု ဆိုလိုပါသည်။ လက်တွေ့သမားကို ဗိုက်သမားဟု ဆိုလိုပါသည်။

အလယ်လမ်းသမားကား လက်တွေ့နှင့်သဘောတရားကို ချိန်ခွင်လျှာကိုက်အောင် ညှိနိုင်းသောသူ ဖြစ်သည်။ ထို့ကြောင့် အလယ်လမ်းသမားသည် ဖေးမကူညီသူနှင့်ကင်း၍ လျှောက်ရန်အခက်ခဲဆုံးသောလမ်း ဖြစ်သည်။

အလယ်လမ်းဟူသည်ကို လျှောက်လိုက်လျင် အောက်လမ်း၌နေသူသည် အထက်လမ်းအတွင်းသို့ သက်ဆင်းကျရောက်သွားမြဲ ဖြစ်သည်။ အထက်လမ်း၌နေသူသည်လည်း အောက်လမ်းအတွင်းသို့ သက်ဆင်းကျရောက်သွားမြဲဖြစ်သည်။

မိလိန္ဒပဉှာဝတ္ထုကို ကြိုးစားအားထုတ်တော်မူခဲ့သော ဆရာတော်သည်လည်း သူ့ဝတ္ထု၏ဇာတ်ကောင် ရှင်နာဂသေနကို အလယ်လမ်းသမားဇာတ်ကောင်အဖြစ် ကြိုးပမ်းချယ်မှုန်းသော်လည်း အောက်လမ်းပညာ မျက်စေ့ရှိသူတို့အတွက်သာ သဏ္ဌာန်လုပ် သရုပ်နှင့်တူ ဖြစ်နေပေသည်။

အထက်လမ်းမျက်စေ့နှင့် ကြည့်သူတို့အမြင်၌လည်း ပီပြင်လုံးချောသော ဇာတ်ကောင်တစ်ကောင်ဖြစ်၍ နေပေသည်။ အလယ်လမ်းပညာမျက်စေ့ရှိသူတို့၏ အမြင်၌ကား ရှင်နာဂသေနသည်အောက်ခြေလွတ်နေသော ခေါင်းသမားမျှသာ ဖြစ်သည်။

ထို့ကြောင့် အလယ်လမ်းမျက်စေ့ရှိသူတို့၏ အမြင်၌ မိလိန္ဒပဉှာဝတ္ထု၏ဇာတ်ကောင် ရှင်နာဂသေန၏ ဟန်ပန်အမူအရာများဖြင့် ကြည်နူးနှစ်သိမ့်နိုင်ခြင်းကို မဖြစ်စေနိုင်ကြပေ။ အဘယ့်ကြောင့်နည်း?

အထက်လမ်းသမားတို့၏ အမူအရာသည် လူများကို လှည့်စားတတ်ကြပေသည်။ပြုပြင်တတ်ကြပေသည်။ ဤအကြောင်းအချက်များဖြင့် လူများ၏ အသိဉာဏ်ကို

အမှောင်ချနေကြပေသည်။ ဤသို့သော အကြောင်းများသည် ကျေနပ်နှစ်သိမ့်မှုကို ပွားစီးနိုင်စေသောအရာ ဖြစ်ပါသလော? ထို့ကြောင့် ဖြစ်သည်။

အဘယ်အကြောင်းတို့ဖြင့် ရှင်နာဂသေနသည် အထက်လမ်းအမူအရာရှိသည် -ဟု ဆိုနိုင်သနည်း? ဤသို့ မေးဘွယ်ရှိပါသည်။ဤအမေးကို အထင်ပေါ်ဆုံးဖြေနိုင်ရန် တစ်ချက်တည်းနှင့်ပင် ပြည့်စုံပါသည်။ယင်းကား ရှင်နာဂသေန၏ မိလိန္ဒပြဿနာကို ကိုင်တွယ်ဟန်ပင် ဖြစ်သည်။

ရှင်နာဂသေနသည် မိလိန္ဒပြဿနာကို ကိုင်တွယ်ရာ၌ ဒဿနသမားတစ်ဦး၏ အဟန်အပန်များ အလျဉ်းဆိတ်သုဉ်းလျှက်ရှိပါသည်။တက္ကသမားတစ်ဦး၏ အဟန်အပန်များသာ ထင်ရှားလျှက်ရှိသည်။

ဒဿန သို့မဟုတ် အဘိဓမ္မာသည် အလယ်လမ်းသမား၏ အသိအမြင်ဖြစ်သည်။ တက္က သို့မဟုတ် ဝစနာလင်္ကာရသည် အထက်လမ်းသမားတို့၏ အသိအမြင် ဖြစ်သည်။

ဒဿန သို့မဟုတ် အဘိဓမ္မနှင့် တက္ကတို့သည် အဘယ်သို့ အခြင်းအရာ ရှိကြသနည်း?

တက္ကကား ပြုလုပ်ခြင်းနှင့် ဖြစ်ပေါ်ခြင်းတို့အကြား၌ အမှောင်ကျလျှက် သိမြင်သည်။ ဒဿနကား အမြင်ရှင်းလင်းစွာ ပြတ်ပြတ်သားသား သိမြင်သည်။ ဤသို့ ခြားနားသောအခြင်းအရာ ရှိသည်။

ရှင်နာဂသေနသည် မိလိန္ဒပြဿနာကို ကိုင်တွယ်ဟန်သည် ပြုလုပ်ခြင်းနှင့် ဖြစ်ပေါ်ခြင်းအကြား၌ အဘယ်သို့ အမှောင်ကျသနည်း?

ရှင်နာဂသေနသည် မိလိန္ဒ၏ လောကပြဿနာကိုဖြစ်စေ၊ အခြား လောကုတ္တရာပြဿနာကိုဖြစ်စေ တစ်ခုခုကိုဖြေရာ၌ အကြောင်းနှင့်အကျိုးတို့၏ ဆက်သွယ်ဟန်ကိုပြ၍ဖြေသည်ဟူ၍ မရှိ။ နှိုင်းခိုင်း၍, တင်စား၍ ဖြေခြင်းသည်သာဖြစ်သည်။

ဤအဆိုကိုထင်ရှားရန် ပြဿနာအချို့ဖြေဟန်ကို ကြည့်ရပါမည်။ကမ္ဘာမြေတည်ပုံအမေး၌ “မြေသည် ရေပေါ်၌၊ ရေသည် လေပေါ်၌တည်၏ဟူသည် ယုံစရာဟူ၍ မရှိ” ဟု မေးသည်။ ရှင်နာဂသေနက ဓမ္မကရိုဏ်ဖြင့် ရေကိုဆောင်ပြသည်။ ဤသို့ဖြစ်

သည်ဟု ဖြေသည်။ ဤအဖြေသည် မေးသူငြင်းမရသောအဖြေ ဖြစ်သည်။

ထိုသို့ဖြစ်သော်လည်း မှန်ကန်သောအဖြေ မဟုတ်ပေ။ ဤအဖြေ၌ တကယ်ရှိသော မြေ၏သဘောသဘာဝ ဖြစ်,ပျက်ပုံအခြေအနေ အလျဉ်း မပါဝင်ပေ။ အရိုက်ကို ကျော်၍ အတွေးအခေါ်သက်သက်ဖြင့် ဖြေခြင်းဖြစ်သည်။

ထို့ပြင် လောကုတ္တရာရေးရာ မိလိန္ဒ၏ပြဿနာအပိုင်း၌လည်း "သေပြီးနောက် ပဋိသန္ဓေနေသောအရာသည် ဤဘဝမှရုပ်,နာမ်လည်း မဟုတ်၊ ဤဘဝရုပ်,နာမ်နှင့် တခြားစီလည်းမဟုတ်လျှင် အဘယ်သို့နည်း?"ဟူသောအမေး၌ မီးဥပမာ၊ သစ်သီးခိုး ဥပမာတို့ဖြင့် ဖြေပေသည်။

ဤအဖြေများသည် ကြောင်း,ကျိုးကွင်းဆက်မှ အလျဉ်းကင်းကြပေသည်။ကြံဆချက်တို့နှင့်ဖြေထားသောကြောင့် မေးသူမလှုပ်နိုင်သော အဖြေများကား ဖြစ်ကြပေသည်။ မေးသူသည် သူ့အသိ၌ အမှောင်ကျနေသောအရာကို ရှင်းလင်းသုတ်သင်ရန် မေးခြင်း ဖြစ်သည်။ ဖြေသူသည် မေးသူ၏အမေးကို မလှုပ်နိုင်အောင် တုပ်နှောင်ဖြေရှင်းလိုက်ခြင်း ဖြင့် အဘယ်သို့အကျိုးများ ဖြစ်ပွားမည်နည်း?

ဖြေသူသည် မေးသူ၏အမိုက်မှောင်ကို အလင်းပြပေးနိုင်က ပြပေးရာပါသည်။ အကယ်၍ မပေးနိုင်က မမေးနိုင်အောင် တုပ်နှောင်ထားခြင်းကိုမူ အလျဉ်းပြကောင်းသည် မဟုတ်ပေ။ထိုသို့ပြသဖြင့် မေးသူ၌ မှောင်ရသည့်အထဲတွင် အတုပ်အနှောင်ခံရခြင်းဒုက္ခ ထပ်ဆင့်ခံရခြင်း ဖြစ်ပသည်။ကောင်းသောအကျိုး တစ်ခုတလေမျှ မပြီးမပြေ စေပါ။

ထိုသို့ဖြစ်သော်လည်း ရှင်နာဂသေနသည် ပြဿနာများကို ဤသို့ချည်း ကိုင်တွယ်ခဲ့ပေသည်။ ဤစကားများအရ မိလိန္ဒပဥှာသည် သာသနာတော်ကို ဖျက်နိုင်သော သဘောတရားများဖြစ်၍ သာသနာတော်အတွက် ခလုတ်ဆူးညောင့်ကြီး ဖြစ်နေပေသည်။

ထို့ကြောင့် တာဝန်ရှိသောအားဖြင့် စေတနာဖြင့် မိလိန္ဒဝတ္ထု၏ ဘဝမှန်ကို ဖော်ထုတ်ရန် ဤစာကိုပြုစုပါသည်။ ဤသို့ ဖော်ထုတ်ပြုစုရာ၌ မိလိန္ဒပဥှာဝတ္ထု၏ စာပေအားသည် အလယ်လမ်းဘဝအမြင်၌ နှံ့နေးကြသည့် ပုဂ္ဂိုလ်တို့အတွက် "ဆင်အိပ်ရာ

ဆိတ်ငြိမ်းသည့်အတိုင်း" ဖြစ်နေမည် ဖြစ်သည်။

ထို့ကြောင့် အလယ်လမ်းကို စိတ်ညွှတ်ကြသော အားလုံးသော ပုဂ္ဂိုလ်တိုင်းအတွက် မိလိန္ဒပဉှာဝတ္ထုနှင့်စပ်၍ ပြဿနာကိုကိုင်တွယ်ပုံ၏ ချွတ်ယွင်းတိမ်းမှားပုံကို အလင်းအထင်တွေ့မြင်နိုင်ရန် ပြဿနာတိုင်းကို အလယ်လမ်းအမြင်ဖြင့် ကိုင်တွယ်ပြရမည် ဖြစ်သည်။

ဤမှုဖြင့် မိလိန္ဒပဉှာဝတ္ထုသုံးသပ်ချက်ကို အားရတင်းတိမ်ခြင်း မရှိသူတို့သည် ဆက်လက်၍ ပြဿနာတစ်ခုတိုင်းကို ရှင်နာဂသေန ကိုင်တွယ်ပုံ ချော်သည်ကိုပြ၍ အစစ်အမှန်ကိုင်တွယ်သင့်ပုံကို သဘော၌ ချောချောကြီးကျစေရန် ရှုကြည့်ကြ စေချင်ပါသည်။

မိလိန္ဒပဉှာသည် ပြဿနာပေါင်း တစ်ရာခုနစ်ဆယ့်နှစ်(၁၇၂)ခုရှိသည်။ ရိုးသားသည်လည်း ရှိသည်၊ မရိုးသားသည်လည်း ရှိသည်။ အရာဟုတ်သည်လည်း ရှိသည်၊ အရာမဟုတ်သည်လည်း ရှိသည်။ ထိုသို့ဖြစ်သော်လည်း ရိုးသား၍အရာမဟုတ်သော ပြဿနာများသည်သာ များသည်။ မရိုးသား၍ အရာမဟုတ်သောပြဿနာများမှာ နည်းပါသည်။

ရိုးသား၍ အရာမဟုတ်သောပြဿနာများကိုသာ အလယ်လမ်းအမြင်ဖြင့် ကိုင်တွယ်ပြမည် ဖြစ်ပါသည်။ ဤ၌ ရိုးသား၍ အရာမဟုတ်သောပြဿနာများဟူသည်မှာ မေးသူအသိ၌ အရှိကိုအခြေခံသော ပြဿနာသည် ရိုးသားသောပြဿနာဖြစ်သည်။ အလယ်လမ်းသမားတို့ သိအပ်သောပြဿနာသည် အရာဟုတ်သောပြဿနာဖြစ်သည်။

ဥပမာဆိုလျှင် "သမုဒ္ဒ ရာရေ ဘာကြောင့်ငန်သနည်း? ဟူသောပြဿနာသည် ဒဿနသမားတို့ဖြေရမည့်ပြဿနာ မဟုတ်။ သိပ္ပံအတတ်ပညာရှင်တို့ ဖြေရမည့်ပြဿနာ ဖြစ်သည်။

"သိဝိမင်း မျက်စေ့လှူ၍ နတ်မျက်စေ့ရသည်မှာ မှန်သလော?" ဟူသောပြဿနာသည် သိဝိမင်း နတ်မျက်စေ့ရသည်ကို မသိဘဲ ဧကန်သိနေဟန်ပြု၍မေးသောပြဿနာဖြစ်သောကြောင့် မရိုးသားသော ပြဿနာဖြစ်သည်။

ရိုးသားသောပြဿနာနှင့် အကြောင်းဟုတ်သောပြဿနာသည် လေးစားအပ်သောပြဿနာ ဖြစ်သည်။ ယနေ့အထိ အသိပညာရှင်၊အတတ်ပညာရှင်နှင့် အလုပ်သမား၊လယ်သမားအားလုံးသည် ဤပြဿနာများကို ရှုမြင်ရသောအခါ ပြဿနာကို ပြုထိုက်ပေ၏ဟု ဝန်ခံရလောက်သော ပြဿနာများ ဖြစ်ကြပေသည်။

ထို့ကြောင့် ဤသို့ ရိုသေအပ်သော ပြဿနာများကို ရိုသေလေးစားစွာ အမြင်သစ်ဖြင့် သုံးသပ်ပါမည်။ ရိုသေလေးစားစွာဖြင့် နာကြားဖတ်ရှုနိုင်ကြရန် မေတ္တာတရားများ ပွားများပါသည်။ ဤဖတ်ရှုချက်သည် ဖတ်ရှုသူတို့နှလုံး၌ ဆို့ပိတ်၍နေသည့် အမည်မသိ အညစ်အကြေးများကို ထင်ရှားစွာ ဖယ်ရှားမည်ဖြစ်ကြောင်း အာမဝန်တာစကား လက်ဆောင်ပါးလိုက်ပါသတည်း။

ရှင်ဉာဏ
မင်းကွန်း၊ ရွှေမြင်တင်တောင်
၁၃၃၄ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်။

# rvEyOm



## မဟာဝဂ္ဂ

## ၁။ ပညတ္တိပဉှာ

ဤပြဿနာသည် ရှင်နာဂသေနအား "အရှင့်အမည် မည်သို့လဲ?"ဟု မိလိန္ဒ မေးသည်ကို အောက်ပါအတိုင်း ဖြေပေသည်□

"ငါ့အမည်သည် နာဂသေနဖြစ်သည်။ နာဂသေနဟု အပေါင်းအဖော်များက ခေါ်ကြသည်။သို့သော် နာဂသေနဟူသောအမည်သည် သူရသေန, ဝီရသေန, သီဟသေနစသည်ဖြင့် မိဘများ မှည့်ခေါ်ကြသည့် အမည်များကဲ့သို့ ခေါ်ဝေါ်ရကာမျှ အမည်သာ ဖြစ်ပေသည်။ဤအမည်၌ ပုဂ္ဂိုလ်ဟူ၍မရှိနိုင်ပေ"ဟု ဖြစ်ပေသည်။

ဤအဆိုကို မကျေနပ်၍ အထွန့်တက်ပြသည်□

"အမည်သည် အမည်မျှသာရှိသည်၊ ပုဂ္ဂိုလ်ဟူ၍မရှိနိုင်ဟူသော အရှင့်အဆို မှန်လျှင် ပုဂ္ဂိုလ်မရှိ။ငါ,သူတပါးလည်း မရှိ။ ငါ,သူတပါးမရှိလျှင် ပေးသူ,ယူသူ၊ သတ်သူ, အသတ်ခံရသူလည်းမရှိ ဖြစ်ရမည်။ ထိုသို့ဖြစ်လျှင် ကောင်းမှု,မကောင်းမှုနှင့် ထိုအမှုတို့၏အကျိုးများသည်မရှိ ဖြစ်ရမည်။ဤသို့အဖြစ်သည် မဟုတ်ပါသလော?"ဟူ၍ ဖြစ်သည်။

ထို့ကြောင့် ရှင်နာဂသေနသည် ဤပြဿနာကို အောက်ပါအတိုင်း ဖြေပေသည်။"နာဂသေန၌ ဆံပင်၊ အမွေးစသည််၌ ရုပ်၊ ဝေဒနာစသည်များ ရှိကြသည်။ယင်း၌ ဆံပင်သည် နာဂသေနလော? အမွေးစသည် နာဂသေနလော?ရုပ်စသည် နာဂသေနလော?

ဆံပင်သည် ဆံပင်သာဖြစ်၍ နာဂသေနမဟုတ်။အမွေးစသည်လည်း ထို့အတူ မဟုတ်။ဤသို့ဆိုလျှင် နာဂသေနဟူ၍ အဘယ်အရာကို ရအပ်သနည်း?"

"နာဂသေနဟူသောအမည်သည် ဘီး၊ ဝင်ရိုး၊ ထမ်းပိုးစသော အစိတ်အပိုင်းများကို စွဲမှတ်လျှက် ရထားလှည်းဟုခေါ်ရသကဲ့သို့ ဆံပင်,အမွေးစသည်နှင့်၊ ရုပ်,ဝေဒနာစသည်နှင့် စွဲ၍ဖြစ်သော သီတင်းသုံးဖော်တို့ ခေါ်ဝေါ်ရကာမတ္တအမည်မျှ ဖြစ်သည်။ ယင်း၌ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရနိုင်။ ဤအရာသည် ထင်ရှားသည်မဟုတ်ပါလော?"ဟူ၍ ဖြစ်သည်။

“ထိုသို့ဖြစ်သော်လည်း ရထားလှည်းသည် သွားလာသယ်ဆောင်ခြင်း၌ အသုံး ဖြစ်သကဲ့သို့ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ဟူ၍ထင်ရှားမရသော အမည်နာမဝေါဟာရသည် လည်း ကောင်းမှု၊ မကောင်းမှုနှင့် ယင်းအကျိုးများကို ဆောင်နိုင်သည်ပင် ဖြစ်သည်။”

ဤသို့ ချေပဖြေရှင်းပေသည်။ ရှင်နာဂသေနသည် ဤပြဿနာကို ဤစကား တို့ဖြင့် အတွန့်မတက်နိုင်အောင် ဖိနှိပ်၍ အောင်ပွဲခံပြီး အဆုံးသတ်ထားသည်။

ရှင်နာဂသေန၏ အထက်ပါအဆိုများ မှန်ကန်ပါသလော?

ရှင်နာဂသေန၏ အထက်ပါအဆိုများသည် စေ့စပ်မှန်ကန်သည်ဟု မဆိုဘဲ မနေနိုင်ချင်အောင် ရှိပေသည်။သို့သော် ဒဿနမျက်စေ့ဖြင့်ကြည့်လျှင် တကယ် စေ့စပ် မှန်ကန်သည်ဟု မြင်ခွင့်ရမည်လော?

အနည်းငယ် ဆန်းစစ်ကြည့်ကြပါစို့။

ရှင်နာဂသေနအဆိုများ၌ ရှင်နာဂသေနဟူသောအမည်မှာ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ဟူ၍ ထင်ရှားမရနိုင်။ “ပရမတ္ထတော န ဟေတ္ထပုဂ္ဂလော ဥပလဗ္ဘတိ”ဟူသော စကား ရှိပေသည်။ ဤစကားများ၌ ပရမတ်အားဖြင့် ထင်ရှားမရနိုင် “ပရမတ္ထတော နူပလဗ္ဘတိ”ဟူသောစကား ရှိပေသည်။

ဤစကားများ၌ ပရမတ်အားဖြင့် ထင်ရှားမရနိုင်“ပရမတ္ထတော နူပလဗ္ဘတိ” ဤစကားကို အနက်ဖွင့်ကြည့်ပါမည်။

ပရမတ်လိုရေတွက်လျှင် ထင်ရှားမရနိုင် ထင်ပါသည်။ သို့မဟုတ် ပရမတ်အဖြစ် ထင်ရှားမရနိုင်၊ဤသို့လည်း အနက်ထင်ပါသည်။ အဘယ်အဖြစ် ထင်ရှားမရနိုင်သနည်း ဆိုသော် ရှင်နာဂသေနဟူသောအရာ၌ ပုဂ္ဂိုလ်အဖြစ် ထင်ရှားမရနိုင်ဟု ဆိုသည်။ အဘယ်နည်းဖြင့်ရေတွက်လျင် ရှင်နာဂသေန၌ ပုဂ္ဂိုလ်အဖြစ် ထင်ရှားမရနိုင်သနည်း ဆိုသော် ပရမတ်နည်းအားဖြင့်ရေတွက်လျင် ရှင်နာဂသေနဟူသောအမည်၌ ပုဂ္ဂိုလ်အ ဖြစ် ထင်ရှားမရနိုင် ဟူသတည်း။

ရှင်နာဂသေနဟူသောအမည်သည် သမ္မုတိမျှဖြစ်သည်။ ပရမတ္ထမဟုတ်။ သမ္မုတိတရားကို ပရမတ်နည်းအားဖြင့် ရေတွက်လို့မရဟု ရိုးရိုးသာပြောလျင် ဘာမျှ ပြောဘွယ်မရှိ။ သမ္မုတိတရားကို ပရမတ်နည်းဖြင့် ပုဂ္ဂိုလ်ဟု ရေတွက်၍မရကာမျှဖြင့်

သမ္မုတိတရားအရ ခေါ်စရာမရှိလေဟန် ရောကြိတ်လိုမ့်လှည့်၍ တွန်းယူသွားခြင်းသည် ပြောဆိုဘွယ်မလွတ် ဖြစ်နေသည်။

"ရှင်နာဂသေနဟူသောအမည်သည် အပေါင်းအဖော်တို့ ခေါ်ဝေါ်ရကာမျှ အမည်ဖြစ်သည်၊ ပုဂ္ဂိုလ်ဟူ၍ ထင်ရှားမရနိုင်။ ဤစကားအရ အမည်ပညတ်သည် နှုတ်ခမ်းနှစ်လွှာအကြား၌ဖြစ်၍ နှုတ်ခမ်းနှစ်လွှာအကြားမှာပင် ပျက်သောအရာဖြစ်သည်။ အကောင်အထည်ဟူ၍ ပုဂ္ဂိုလ်ဟူ၍ ထင်ရှားမရနိုင်"ဟု ဆိုလိုသည်။

ရှင်နာဂသေနဟူသောအမည်သည် ဤဆိုခဲ့သည့်အတိုင်း အကယ်ပင် အကောင်အထည်မဲ့အရာ ဖြစ်သလော? ဆံပင်၊ မွေးညင်း၊ ခြေသည်း-လက်သည်း၊ စသည် သို့မဟုတ် ရုပ်၊ဝေဒနာ၊သညာစသည်တို့ စုဝေးနေသော အထည်ဝတ္ထုဒြပ်ကောင် ကို အရကောက် မရပြီလော?

ဤသို့ကောက်၍ရသောဒြပ်ကောင်သည် ပရမတ်အားဖြင့် မရှိပါဟု ဆိုကောင်း ဆိုနိုင်ပါမည်။ ပရမတ်အားဖြင့် မရှိရုံမျှဖြင့် ဤဒြပ်ကောင်ကိုမရှိဟု ဆိုနိုင်ပါမည်လော?

ပရမတ်အားဖြင့် ရုပ်၊ဝေဒနာစသည်ရှိလျှင် ယင်းတို့ စုဝေးနေသော ပုဂ္ဂိုလ်သည် လည်း ရှိနေမည်မှာ မလွဲမသွေ ဖြစ်သည်။ သို့သော်လည်း ယင်းပုဂ္ဂိုလ်သည် ပရမတ်မူကား ဟုတ်ကောင်းမှဟုတ်မည်။ ယင်းအရှိသည် ပရမတ်မဟုတ်ကာမျှဖြင့် အရှိမဟုတ်ဟု ဆိုခွင့်မရှိပေ။ထို့ကြောင့် "ရှင်နာဂသေနဟူသောအမည်သည် ပုဂ္ဂိုလ်အားဖြင့် ထင်ရှားမရ နိုင်၊ခေါ်ဆိုရကာမတ္တ အမည်မျှဖြစ်သည်။ သို့မဟုတ် နှုတ်ခမ်းနှစ်လွှာအကြားမှာ ဖြစ်,ပျက် သွားသောအရာမျှသာ ဖြစ်သည်၊"ဤသို့ မဆိုသင့်ပေ။

ပညတ်ကို ပရမတ်နည်းဖြင့် တွက်ပြ၍ အရှိဖြစ်အောင်လုပ်သည်။ ဤ အရှိ အဖြစ်ကိုပြပြီး ပညတ်လိုပင် မရှိလေဟန် တွန်းထိုးရောကြိတ်လိုက်သည်။ ဤအရာသည် တက္ကသမားတို့၏ အမူအရာစစ်စစ် ဖြစ်သည်။

ပညတ်အရှိကိုတွက်ရာ၌ ပရမတ်လိုတွက်ခြင်းသည် သင့်မြတ်ပါမည်လော? အသံကို မျက်စေ့ဖြင့် နားထောင်ခြင်း၊ အဆင်းကို နားဖြင့်ကြည့်ရှုခြင်း၊ဤအရာများနှင့် ထပ်တူမျှနေမည် မဟုတ်ပါလော? အသံကို မျက်စေ့ဖြင့် နားထောင်၍ မကြားရကာမျှဖြင့် ထိုအသံမရှိဟုဆိုလျှင် သင့်မြတ်ပါမည်လော?

ရှင်နာဂသေနသည် အစပဌမ "န ဟေတ္ထပုဂ္ဂလော ဥပလဗ္ဘတိ" ဟု အမည်၌ ပုဂ္ဂိုလ်ကို မရနိုင်ဟု ပြောဆိုပြီး၊ မိလိန္ဒက အိအိအဲအဲ စောဒနာသောအခါ ဆန်းစစ်ပြီး "ပရမတ္ထတော န ဟေတ္ထပုဂ္ဂလော ဥပလဗ္ဘတိ" ဟု ပရမတ်အားဖြင့် အမည်မှာ ပုဂ္ဂိုလ်ကို မရနိုင်ဟူ၍ ဖြည့်စွက်ဆိုလေသည်။

'ပရမတ္ထတော' ဟူသော 'ပရမတ်အားဖြင့်ဆိုသော' စကားလုံးကို ကစားရာ၌ မြှုပ်ကွက်လုပ်လျက် ဝှက်ပြီးပဟေဋ္ဌိလုပ်လုပ်လေသည်။ ဂေါ်လီလုံးဖြင့်ကစားနေသော ကလေးထံသို့ ရှင်မြူးလိုသောလူကြီးသည် အကစားခံနေရသော ဂေါ်လီလုံးကို ညာလက်ဖြင့် ကောက်ယူလိုက်သည်။ ကလေးကပြန်တောင်းသောအခါ ဘယ်ဘက်လက်ကို ဖြန့်ပြသည်။ ဘယ်ဘက်လက်၌ ဂေါ်လီလုံးကားမရှိ။ ထိုသို့ မရှိကာမျှဖြင့် ဂေါ်လီလုံး မရှိဟု ကလေးကထင်သည်။

ကလေးသည် ငယ်လွန်းသောကြောင့် ဤသို့ဖြစ်ခြင်း ဖြစ်သည်။ဘယ်လက်နှင့် ညာလက်ကို ကွဲပြားစွာခွဲခြားတတ်သော် ထိုသို့ပြု၍ ရပါမည်လော? ညာလက်ဖြင့်ယူငင်ပြီး ဘယ်လက်၌မရှိကြောင်း အရှာဖွေခံခြင်းသည် သင့်မြတ်ပါမည်လော? ထို့ပြင် ညာလက်ဖြင့်ယူငင်ပြီး ဘယ်လက်၌မရှိသောကြောင့် ဂေါ်လီလုံးကိုမယူဟု စိတ်ချလက်ချ ဆုံးဖြတ်ချက်ချခြင်းသည်လည်း သင့်လျော်ပါမည်လော?

ရှင်နာဂသေနသည် အမည်၌ ပုဂ္ဂိုလ်ကိုမရဟုပြောပြီး ပရမတ္ထအားဖြင့် ဘယ်မှာ ရနိုင်သလဲဟု စစ်ကြောရှာဖွေပြသည်။မရသောအခါ၌ အမည်၌ပုဂ္ဂိုလ်ကိုမရနိုင်ဟူသော သူ့အဆိုကို တွန်းထိုးပြီး အတည်ပြုဖြစ်အောင် ပြုလုပ်သွားလေသည်။ ဤအမူအရာသည် တက္ကသမားတို့၏ အမူအရာဖြစ်လေသည်။

တက္ကသမားများသည်စကား၏ မင်,မောင်းအရိုန်အဝါ-ဤအရာများကို အလွန်အမှီသဟဲ တံကဲပြုတတ်ကြပေသည်။ တန်ပြန်မေးခွန်းများဖြင့် တစ်ဖက်သူ၏ မှန်ကန်နေသောမေးခွန်းများကို ပျောက်ဆုံးသွားရန်ကြိုးစားပြီး လမ်းမှားဖြင့်တွေးခေါ်စေသည်။ ထိုအခါ မိမိ၏ရှေ့အဆိုကို အောင်မြင်စေသည်။ ထိုအောင်မြင်ခြင်းသည် အစစ်အမှန် အောင်ခြင်းလော?

ဤသို့စစ်လျှင်ကား မဟုတ်ဟုပင် ထွက်မည်။ ဤပြဿနာတွင်ပင် တွေ့နိုင်

သည်။ ရှင်နာဂသေနသည် အမည်၌ပုဂ္ဂိုလ်ကိုမရဟု ဆိုသော်လည်း အမည်၌ ရုပ်၊ ဝေဒနာစသည်တို့ စုဝေးနေသည့် အသွင်သဏ္ဍာန်ဒြပ်ကောင်ကို ကောက်ယူ၍ရနေသည် မဟုတ်လော?

ထို့ကြောင့် ‘‘အမည်သည် အမည်မျှဖြစ်သည်။ အပေါင်းအဖော်တို့ ခေါ်ဝေါ်ရ ကာမျှဖြစ်သည်’’ဟူသော ရှင်နာဂသေန၏စကားသည် ချွတ်ချော်လွဲမှားနေသည် မဟုတ်ပါလော?အမည်သည် နှုတ်ခမ်းနှစ်လွှာကြားမှာ ဖြစ်,ပျက်နေသောအရာသာလျှင် ဖြစ်လျှင် ရုပ်,ဝေဒနာစသည်၏ အစုအဝေးဖြစ်သော ဒြပ်ကောင်ကို မရဘဲရှိရမည် မဟုတ်ပါလော?

ရှင်နာဂသေနသည် ဤသို့အဘယ့်ကြောင့် ချွတ်လွဲနေရသနည်း? ဤပြဿနာ ကိုဖြေလျှင် ကလေးဆန်နေသောကြောင့်ဟု ဖြေရမည်။ အဘယ်သို့နည်းဆိုလျှင် ကလေးသည် ဘယ်လက်, ညာလက်မခွဲတတ်ဘဲ လက်ဟူ၍သာသိတတ်သကဲ့သို့ ပညတ်,ပရမတ်ကိုမသိဘဲ ပရမတ်ကိုသာ သိထားသောကြောင့် ဖြစ်သည်။

လောက၌ ရှင်နာဂသေနကဲ့သို့ပုဂ္ဂိုလ်များ ယနေ့လည်း အထင်အရှားရှိသည်။ သူတို့သည် ပရမတ်ကိုသာသိကြသည်၊ပညတ်ကိုကား မသိကြ။သူတို့သည် ပရမတ္ထအရှိ ဝါဒီများ ဖြစ်ကြသည်။ ဤဝါဒသည် ဘယ်ပုဂ္ဂိုလ်က အမွန်အစဖြစ်သည်ဟု မသိရသေး သော်လည်း ယနေ့၌ကား ထွန်းကားလျှက်ရှိသည်။

ပရမတ္ထအရှိဝါဒီတို့သည် ‘ပရမတ်သာလျှင် အရှိ’ဖြစ်သည်။ ပညတ်မူကား အရှိမဟုတ်။ နှုတ်ခမ်းနှစ်လွှာကြားမှာသာဖြစ်သော တရားသာဖြစ်သည်။ ဤသို့ ခံယူသူ များ ဖြစ်ကြပေသည်။

သူတို့သည် မျက်ကန်းကဲ့သို့ ကိုယ်တိုင် ဝေဖန်စစ်ကြောခြင်းကို မျက်နှာလွှဲလျှက် သူများဆိုစကားများနောက်သို့ တကောက်ကောက် လိုက်နေကြသူများ ဖြစ်ပေသည်။ သူတို့သည် ပရမတ်ကို အရှိတရားဟု ဖွတ်မိတ်၍ လက်ခံနေပေသည်။မည်မျှအထိ အစွဲသန်နေကြသနည်းဟူမူကား ပရမတ်ကို အရှိဟုသန်လွန်းသဖြင့် ပရမတ်သည်သာ လျှင် အရှိဖြစ်သည်ဟုဆိုပြီး ပညတ်ကိုမူ အရှိမဟုတ်ဟုအထိပင် အစွန်းကပ်၍ အစွဲ သန်သွားကြပေသည်။

ထိုပရမတ္ထအရိုဝါဒီတို့သည်□

**"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"** စသည်နှင့်

**"ဇာတံ မဟာဘူတံ ပဋိစ္စ တယော မဟာတော"** စသည့် တရားတော်များကိုပင် သတိမထားအားနိုင်အောင် ရှိကြပေသည်။

ဘုရားသျှင်သည် ပရမတ္ထ၏ ဘယ်တစ်ခုသောတရားကိုကိုမဆို အကြောင်းကလေးကို စွဲပြီးမှ သို့မဟုတ် အကြောင်းအစိတ်အပိုင်းကလေးများ စုပေါင်းပြီးမှ ဖြစ်ပေါ်သည်ဟူ၍ ဟောခဲ့ပေသည်။

ထို့ကြောင့် ပရမတ်တရားတစ်ခုခုသည် အကြောင်းအစိတ်အပိုင်းကလေးများ အသစ်ဖြစ်နေသော အသွင်တစ်ခုအဖြစ်သာ ဖြစ်နေသည်။ အကြောင်းအစိတ်အပိုင်းကလေးများ၏ စုဝေးနေသောအသွင်ဖြစ်သည်ဟု ဆိုလိုသည်။

စင်စစ် ပရမတ်တရားကလေး တစ်ခုခုတိုင်းသည် ခိုင်မာစွာရှိနေသောတရားလည်း မဟုတ်ပေ။ အကြောင်းအစိတ်အပိုင်းကလေးများ၏ အစုအဝေးလေးများ ပြန့်ကျဲလွင့်ပျောက်သောအခါ အရှိအဖြစ်မှ ရပ်စဲရလေသည်။

**ထို့ကြောင့် ပရမတ်၏ အရှိဘဝသည် အလွန်မခိုင်မာသော အရှိဖြစ်သည်။ အရှိအဖြစ် ရေရေရာရာ ဆိုလောက်အောင်ပင် မရှိသော အရှိမျှသာ ဖြစ်ပေသည်။**

ပရမတ္ထအရိုဝါဒီတို့သည် ဤကဲ့သို့သော ပရမတ္ထ၏ စစ်မှန်သောသဘောကို မသိကြပေ။မသိသောကြောင့် ပရမတ်အပေါ် အထင်ထားကြ၊အစွဲသန်ကြခြင်း ဖြစ်ပေသည်။ အကယ်၍ ပရမတ်အပေါ် လွဲမှားသောအယူ သန့်ရှင်းကင်းစင်ကြလျှင်ကား အရှိအဖြစ် ပြောခြင်းပြောလျှင် ပညတ်ကိုပြောဘို့ သင့်ကြပေသည်။

ပညတ်သည် ပရမတ်ကဲ့သို့ပင် အကြောင်းအစိတ်အပိုင်းတို့၏ စုဝေးနေသော တရားပင် ဖြစ်ပါသည်။ ပစ္စယသမဝါယတရားဟုပင် ဆိုလိုသည်။

ရထားဆိုသည်မှာ ဘီး၊ဝင်ရိုး၊ထမ်းပိုးစသည်တို့၏ အချိုးကျစွာ စုဝေးနေသည့်တရား ဖြစ်ပါသည်။ ဘီး၊ဝင်ရိုး၊ထမ်းပိုးစသည်သည် ဘီး၊ဝင်ရိုး၊ထမ်းပိုးသာ ဖြစ်သည်။ ရထား မဟုတ်။ ဤသို့ အငြင်းမပွားသင့်။ ပရမတ်ကိုသာ အရှိ၊ပညတ်ကို မရှိလုပ်ချင်၍

ဤသို့ အငြင်းပွားဘို့ကြိုးစားလျှင် ပရမတ်များကိုလည်း အလားတူ အငြင်းခံနိုင်ပါမည်လော?ဟု ပြန်လှန်ငုံ့ကြည့်ရမည်။

ဥပမာ မြင်စိတ်ပရမတ်။ ဤပရမတ်သည် မျက်စေ့အကြည်နှင့် အဆင်းကိုစွဲ၍ဖြစ်သည်။ သို့မဟုတ် မျက်စေ့နှင့်အဆင်းတို့ စုဝေးနေသည့် အသွင်သစ်သာဖြစ်သည်။ ဤ၌ မျက်စေ့နှင့်အဆင်းတို့ ပေါင်းဆုံစုဝေးသော်လည်း မျက်စေ့,အဆင်းသည် မျက်စေ့, အဆင်းသာဖြစ်သည်။မြင်စိတ်မဟုတ်-ဤသို့ အငြင်းခံနိုင်သင့်သည်။ ဤသို့ခံရလျှင် ပရမတ်ကိုပင် အရှိထားမရသည့်အဖြစ်ကို ခံရဖို့ရှိသည်။

ထို့ကြောင့် ပရမတ်ကို အရှိထားချင်လျှင် ပညတ်ကိုလည်း အရှိ ထားရမည်။

ဤသို့ဖြစ်လျှင် ပညတ်အရှိသည် ပရမတ်အရှိထက် တည်တံ့မှုအချိန်ကြာမြင့်သောကြောင့် ပညတ်ကိုသာလျှင် အရှိအဖြစ် အသိအမှတ်ပြုရာ၌ ပရမတ်၏ရှေ့မှ ထားသင့်ပေသည်။

ဘုရားသျှင်သည်လည်း ဤသို့ပင် ထားခဲ့ပေသည်။ ဘုရားသျှင်သည် ဆောင်အပ်သောတရားများကိုလည်း အပြည့်အစုံ ဟောခဲ့ပေ သည်။ရှောင်အပ်သောတရားများကိုလည်း ထို့အတူပင်။

ထိုဟောခဲ့သည့် ဆောင်စရာနှင့် ရှောင်စရာများသည် ပညတ်အရှိများချည်းဖြစ်ကြသည်။အပြစ်ဖြစ်သည်လည်း ပညတ်ကြောင့်။ အကျိုးဖြစ်သည်လည်း ပညတ်ကြောင့်ချည်းဟု ဆိုလိုသည်။

ပရမတ်ကို စကားချဲ့၍ အရှိအဖြစ်ဖြင့် ဘယ် ဆောင်စရာနှင့် ရှောင်စရာအသိပေးချက်မှာမှ မပြော၊ မဟော၊ မညွှန်ပြခဲ့ပေ။

ပရမတ်ကို ဘုရားသျှင်ညွှန်ပြခဲ့သည်ကား ပရမတ်သာလျှင်ရှိသည်ဟုသိရန် ညွှန်ပြခဲ့ခြင်းမဟုတ်။ ပညတ်အရှိတရားများ၏ဖြစ်စဉ်ကို ရေတွက်သောအခါ ဆိုက်ရောက်မည့် အခြေခံတရားများဖြစ်သော ကြောင့် ဟောညွှန်ခဲ့ခြင်း ဖြစ်ပေသည်။

ပညတ်နှင့်ပရမတ်သည် အုတ်တိုက်နှင့်အုတ်ခဲတို့ကဲ့သို့ ဖြစ်သည်။ အုတ်တိုက်၏ဖြစ်စဉ်ကိုရေတွက်လျင် အုတ်ခဲဟူသော အခြေခံပစ္စည်းဟု တိုင်အောင် ရောက်ပေသည်။ထိုသို့တိုင်ရောက်သောကြောင့် အုတ်ခဲရှိသည်၊အုတ်တိုက်မရှိဟု ဆို၍မဖြစ်နိုင်။

အုတ်ခဲလည်းရှိသည်။အုတ်တိုက်ကား အုတ်ခဲထက်ပင် ပေါ်လွင်ထင်ရှားစွာရှိသည်။ ဤသည်မှာ တကယ်စစ်မှန်သော အဖြစ်မှန် ဖြစ်လေသည်။

ရှင်နာဂသေနသည် ဤအထက်မှတင်ပြခဲ့သည့်အတိုင်း ဒဿနသမားများ၏အမြင် ရှိသူဖြစ်ခဲ့လျှင် ပညတ်ကို ပရမတ်ဖြင့်ချေဖျက်ခြင်းကို ကျူးလွန်မည်မဟုတ်ချေ။ ဘယ်လက်နှင့်ညာလက်ကိုမသိဘဲ လက်ဟူ၍သာသိသောကလေးကဲ့သို့ ပရမတ်ကို သာသိပြီး ပညတ်ကိုမသိလေသောကြောင့်သာ "ပရမတ္ထတော န ဟေတ္ထပုဂ္ဂလော ဥပလဗ္ဘတိ" အမှန်မှာ ပရမတ်အားဖြင့် ပုဂ္ဂိုလ်ကိုမရနိုင်ပါ ဟူ၍ ချော်ချွတ်ဆိုရခြင်း ဖြစ်သည်။

သမုတိသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာဟူသော သစ္စာတို့သည် အချင်းချင်း ဆန့်ကျင်ကြသော ဝိရောဓိတရားများ မဟုတ်ကြ။ ရောနှောကြသော **'သမာဂမတရား'** များသာ ဖြစ်ကြပေသည်။ ထို့ကြောင့် သစ္စာတစ်ခုက သစ္စာတစ်ခုကို ဖျောက်ဖျက်ချေမှု ပစ်ကောင်းသည်ဟု အမြင်များ မပွားများ၊မရှိအပ်ပေ။

ဤအမြင်၌ ယနေ့ ဗုဒ္ဓဝါဒီများ များစွာတို့ ဝေသီမှုန်ဝါးလျှက် ရှိကြပေသည်။ အလွန်ထင်ရှားသော ဗုဒ္ဓဝါဒီခေါင်းဆောင်များပင် အောက်,အောက်သစ္စာများသည် အထက်,အထက်သစ္စာသို့ ရောက်သောအခါ အလိုအလျောက် ကျေပျောက်ပျက်ဆုံး သွားကြောင်း ကျယ်ကျယ်လောင်လောင် ဆူဆူညံညံ မိန့်ဆိုကြပေသည်။

ထိုပုဂ္ဂိုလ်များသည် အနည်းငယ်ကလေးမျှ အောက်မေ့ဆင်ခြင်မှုကို ပြုစေချင်သည်။ လူ့ကိုယ်ကျင့်တရားမှန်သမျှသည် သမုတိသစ္စာဟူသော အောက်ဆုံးသစ္စာပေါ်မှာ တည်ဆောက်ကြခြင်း ဖြစ်သည်။ ပရမတ္ထသစ္စာ၊ အရိယသစ္စာများရောက်ပြီဆိုပြီး သမုတိသစ္စာသဘာဝကို ပျက်ပြားစေ၍ သို့မဟုတ် ဖျက်ပစ်၍ သင့်လျော်ပါမည်လော?

ဥပမာ___အရိယာဖြစ်သူ၌ အရိယသစ္စာရောက်ပြီဖြစ်၍ သမုတိသစ္စာ၏အမှန်များ မမှန်တော့ဟုဆိုကာ သူတပါးအသက်ကိုသတ်လျှင် အပြစ်မရှိဘဲနေပါမည်လော?

အထက်သစ္စာရောက်သောအခါ အောက်,အောက်သစ္စာများ မမှန်တော့ဟု ဆိုလျှင် အရိယာအတွက် သတ်ခြင်းသည် အပြစ်မဲ့ဖြစ်ပေရာသည်။ အဘယ့်ကြောင့် ဆိုသော် သတ်လျှင်အပြစ်ရှိသည်ဆိုသော အရာမှာ သမုတိသစ္စာမျှသာ ဖြစ်သောကြောင့်

ပင်။

သစ္စာတရားများသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကြသော ဝိရောဓိတရားများ မဟုတ်ပါ။ ထို့ကြောင့် သစ္စာတစ်ခုသို့ ရောက်သောအခါ သစ္စာတစ်ခုကျေပျက်သွားသည် ဆိုသော အယူအမြင်မှာ မမှန်ကန်သော အယူအမြင်သာဖြစ်သည်။

သစ္စာတရားများသည် တစ်ခုနှင့်တစ်ခု ရောနှောသော တရားတို့သာ ဖြစ်ကြသည်။ သမာဂမဖြစ်သော တရားများသာဖြစ်ကြသည်။

ဥပမာအားဖြင့် အုတ်တိုက်၊အုတ်ခဲ၊အုတ်မြေတို့ကဲ့သို့ ဖြစ်သည်။ အုတ်မြေသည် အုတ်ဖြစ်သောအခါ အုတ်မြေလည်း ဟုတ်သည်၊ အုတ်ခဲလည်း ဖြစ်သည်။ ဤသို့ ရောနှောပါသည်။ တဖန် အုတ်ခဲသည် အုတ်တိုက်ဖြစ်သောအခါ အုတ်တိုက်လည်း ဖြစ်သည်၊ အုတ်ခဲလည်းဖြစ်သည်၊ အုတ်မြေလည်းဖြစ်သည်။ ဤသို့ ရောနှောသွားရသည် ဟုသာ ဆိုလိုပါသည်။

အုတ်တိုက်၊ အုတ်မြေ ၊အုတ်ခဲတို့ကဲ့သို့ သမုတိသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာတို့ကို အစဉ်အတိုင်း အတူပြုအပ်သည်။

ဥပမာ_အုတ်တိုက်သည် ဝါအကြီးဆုံးဖြစ်သည်။အုတ်တိုက်သည် အုတ်ခဲများ၏ အစုအဝေးသာဖြစ်သည်ဟု မချေဖျက်အပ်ပါ။ အုတ်တိုက်ကို အုတ်ခဲစုကြီးပဲ၊ သုံးဆောင်မဖြစ်ဟု နှလုံးသွင်း ပြောဆိုကျင့်သုံးနေလျှင် ထိုလူသည် စိတ္တဇဆေးရုံသို့ အပို့ခံရမည်မှာ မလွဲမသွေဆိုက်ရောက်ဖို့ကိန်း ရှိသည်။အုတ်ခဲကို အုတ်မြေတွေဘဲဟု ခံယူပြီး အုတ်တိုက်မဆောက်ဘဲနေလျှင်လည်း ထို့အတူဖြစ်ပါမည်။ ထို့ကြောင့် အုတ်ခဲအဖြစ်ဖျက်၍ မချေသင့်ပါ။ အုတ်ခဲကိုလည်း အုတ်မြေဟု ထို့အတူ မချေဖျက်သင့်ပါ။ အုတ်မြေကိုသာ အုတ်ခဲအဖြစ်မှာ ရောနှော၍ကြည့်လိုက ကြည့်သင့်ပါသည်။ အုတ်ခဲကိုလည်း အုတ်တိုက်၌ ရောနှော၍ ကြည့်လိုက ကြည့်သင့်ပါသည်။

ဤဥပမာ၌ အုတ်မြေ၊ အုတ်ခဲ၊ အုတ်တိုက်တို့၌ အုတ်တိုက်သည် ဝါအကြီးဆုံးဖြစ်သည်။ အုတ်မြေသည် ဝါအငယ်ဆုံးဖြစ်သည်။ အုတ်တိုက်သည် အုတ်မြေလည်း ဖြစ်သည်၊ အုတ်ခဲလည်း ဖြစ်သည်၊ အုတ်တိုက်လည်း ဖြစ်သည်။ အုတ်တိုက်၌ အုတ်မြေ၊ အုတ်ခဲများ လာရောက်ရောနှောနေပါသည်။သမာဂမဖြစ်နေသည်ဟု ဆိုလိုသည်။

သစ္စာ၌လည်း ပရမတ္ထသစ္စာသည်ဝါအငယ်ဆုံးဖြစ်သည်။

ပုဂ္ဂိုလ်သည် သမုတိသစ္စာဖြစ်သည်။ ပုဂ္ဂလဟူသော ဤသမုတိသစ္စာ၌ ပရမတ္ထသစ္စာများဖြစ်သော ရုပ်၊ဝေဒနာ၊သညာစသည်များ ပါဝင်ရောနှောနေသည်။

အရိယသစ္စာဖြစ်သော ဒုက္ခ၊သမုဒယများ၌လည်း ပုဂ္ဂိုလ်များ လာရောက်ရောနှောနေသည်။အရိယသစ္စာသည် ဝါအကြီးဆုံးဖြစ်သည်။ ဝါကြီးသောသစ္စာကို ဝါငယ်သောသစ္စာတို့ဖြင့် မချေဖျက်စကောင်းပေ။

ဥပမာ-လူနှင့်ဘုန်းကြီး ဖြစ်သည်။ ဘုန်းကြီးသည် ဘုန်းကြီးလည်းဖြစ်၊ လူလည်းဖြစ် ရောနှောနေသောကြောင့် လူသက်သက်သာဖြစ်သော လူထက် ဝါကြီးသည်။ ထိုသို့ ဝါကြီးသောဘုန်းကြီးကို လူလည်းဖြစ်သည်ဟုပင် အောက်မေ့၍ ဘုန်းကြီးအဖြစ်ကို ချေဖျက်ပြီး လူလိုအသိအမှတ်ပြုလျှင် သင့်လျော်မည်မဟုတ်ပေ။

ဘုန်းကြီးသည် လူအစစ်အမှန်ဖြစ်သော်လည်း ထိုထက်ဝါကြီးသော ဘုန်းကြီးအဖြစ် ရောက်နေပြီဖြစ်သောကြောင့် ဝါငယ်သော လူအဖြစ်သာလျှင် ဝါကြီးသော ဘုန်းကြီးအဖြစ်အောက်၌ ရောက်ရှိရောနှော မြုပ်ဝင်နေရပေသည်။

ဤအတူပင် သမုတိသစ္စာသည် ပရမတ္ထသစ္စာသို့ ရောက်သောအခါ မည်သို့ ကျေပျက်သွားသည်ဟု အသိအမှတ်ပြုစကောင်းသည် မဟုတ်ပေ။ ပရမတ္ထသစ္စာသည် သမုတိသစ္စာဟူသော ဝါကြီးသောသစ္စာသို့ရောက်သောအခါ မည်သို့သက်ဝင်ရောနှော နစ်မြုပ်သွားသည်ဟူ၍ ရှုကြည့်သင့်ပေသည်။

ဤရှုကြည့်နည်းသည် အလယ်လမ်းသဘောတရားတော်ကို ကိုယ်တိုင် ဖော်ထုတ်တော်မူခဲ့သော ဘုရားသျှင်တို့၏ ရှုကြည့်နည်းပင် ဖြစ်သည်။

**ဖြစ်ပွားနေသည်ကို ဖြစ်ပွားနေသည့်အတိုင်း ဟုတ်မှန်စွာ ရှုကြည့်ခြင်းသည် အလယ်လမ်းရှုကြည့်နည်း ဖြစ်ပေသည်။**

ဖြစ်ပွားနေသည်ကို ဆန့်ကျင်ဘက်ပြု ဖျက်ဆီးချေမှုပြီး ရှုကြည့်ခြင်းသည် ဟုတ်သည်ကို ဟုတ်သည့်အတိုင်း၊ ရှိသည်ကို ရှိသည့်အတိုင်း ရှုမြင်ခြင်းမဟုတ်။အကယ်အရှိအဖြစ်ကို မျက်နှာလွှဲ၍ ကိုယ်ရှုကြည့်ချင်သလို ရှုကြည့်ခြင်းသာဖြစ်သည်။

## ပုဂ္ဂလစသော သမုတိသည် ရုပ်၊ဝေဒနာစသော ပရမတ္ထတို့၏ အထွင့်အထိပ်ဖြစ်ပွားမှု ဖြစ်သည်၊

ယင်းဖြစ်ပွားမှုကို လက်မခံဘဲ ပုဂ္ဂိုလ်မရှိရ၊ ရုပ်,ဝေဒနာစသည်သာရှိရမည်ဟု ပြုလုပ်ခြင်းသည် အရှိကို အရှိအတိုင်း ရှုကြည့်ခြင်း မဟုတ်။ အရှိကိုဖျက်၍ ကိုယ်ရှုကြည့်ချင်သလို ဖွတ်လုပ်ခြင်းသာ ဖြစ်သည်။ထိုအရှိကို ဖျောက်ဖျက်သောလမ်းသည် အထက်လမ်းဖြစ်သည်။ အတ္တကိလမထလမ်းဟု ဆိုလိုပါသည်။

အရှိကိုဖျောက်ဖျက်သော်လည်း အကယ်ပျောက်သောအရာ မဟုတ်သောကြောင့် ဖျောက်သူသည် ငြိမ်းချမ်းမှုအပျောက်ခံရပေသည်။ထို့ကြောင့် အတ္တကိလမထလမ်း ဖြစ်သည်။

မိန်းမကို မိန်းမမဟုတ်၊ ရုပ်,ဝေဒနာစသည်များသာဟု ရှုကြည့်ပါလော့။ ထိုမိန်းမ၌ တပ်စွန်းသောစိတ်များ အကြွင်းမဲ့ကုန်အောင် အကျိုးကျေးဇူးများ ဖြစ်ထွန်းပါမည်လော? ဘယ်တော့မှ မဖြစ်ထွန်းနိုင်ပေ။ ဖြစ်ထွန်းသလိုလို ဖြစ်လိုက်၊ ပြန်ပေါ်လိုက်နှင့် လုံးချာလည်နေရပေသည်။

ထို့ကြောင့် ဤလမ်းသည် **'အတ္တကိလမထလမ်း'** သို့မဟုတ် **'အထက်လမ်း'** ဖြစ်သည်။

ရှင်နာဂသေနသည် ရုပ်,ဝေဒနာစသည်ဖြင့် ပုဂ္ဂိုလ်ကို ဖွတ်ပယ်ဖျောက်နေသည့် အထက်လမ်းသမား ဖြစ်သည်။ မိလိန္ဒအပေါ်မှ ဤပြဿနာအတွက် ခံယူရရှိသော အောင်ပွဲသည် **'တရားမသေသောအောင်ပွဲ '** ဖြစ်သည်။ သို့မဟုတ် **'မတရားသော အောင်ပွဲ'** ဖြစ်သည်။ အထက်လမ်းသမားတို့၏ လက်သုံးဖြစ်သောတက္ကပညာဖြင့် လိမ်လည်တွန်းဆွဲ၍ ယူထားသော အောင်ပွဲသာဖြစ်သောကြောင့် ဖြစ်သည်။

ရှင်နာဂသေနထောက်ကိုးသော ဝဇိရာထေရီအား ဟောပြောသော ဘုရားသျှင်စကားတော်သည်လည်း သူဆိုလိုသောအနက်အဓိပ္ပါယ်သို့ သက်ဝင်သည်မဟုတ်။ သက်ဝင်သလိုလို ဖြစ်သောကြောင့် မျက်စေ့လည်ဖွယ်မျှသာ ဖြစ်သည်။ သူသည် နာမည်၌ ပုဂ္ဂိုလ်ကို မရနိုင်၊ ခန္ဓာသာရှိပြီး ပုဂ္ဂိုလ်မရှိသောကြောင့်ဟု ဆိုလိုသော်လည်း၊ ဤစကားတော်အား ခန္ဓာထင်ရှားရှိလျှင် သတ္တဝါဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ဤမျှဖြင့် နာမပညတ္တိပဥှာဖြေကြားချက်များ သုံးသပ်ချက်သည် ပြီးဆုံးချိန် ရောက်ပါပြီ။ ဆက်လက်၍ဖြေဆိုထားသော ပြဿနာများမှာ...

**၂။ ဝဿဂဏနပဥှာ၊**

**၃။ ဝီမံသနပဥှာ** တို့ဖြစ်ကြသည်။

ပြဿနာများမှာ သာသနာတော်အတွက် အရေးအရာရောက်လှသည် မဟုတ်ပေ။ ဆက်လက်၍-

**၄။ အနန္တကာယပဥှာ**အတွက် ဖြေထားသည့်ပြဿနာသည်လည်း ထင်ရှားလွန်းသည်ကို အမေးပြုထားသောပြဿနာ ဖြစ်သည်။ ထို့ကြောင့် ဤပြဿနာများ၏ အဖြေများ၌လည်း ဆွေးနွေးသုံးသပ်ဖွယ် မရှိပေ။

## ၅။ ပဗ္ဗဇ္ဇပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဘာဖြစ်လို့ အရှင်တို့ ရဟန်းပြုကြသလဲ?” ဟူသော မိလိန္ဒ၏အမေးကို အောက်ပါအတိုင်း ဖြေထားပေသည် -

“ဘယ်လိုမေးတာလဲ မင်းကြီး၊ ဤဆင်းရဲများဆုံးလျှင် နောက်ဆင်းရဲမဖြစ်တော့ဖို့ဘဲ၊ ယင်းအတွက်ရဟန်းပြုသည်။ ‘**အနုပါဒါပရိနိဗ္ဗာန်**’သည် ငါတို့၏ အမွန်မြတ်ဆုံး အကျိုးဖြစ်သည်။” ဤသို့ ဖြေပေသည်။

ရှင်နာဂသေန၏ အထက်ပါအဖြေ၌ အပိုင်းနှစ်ပိုင်းရှိသည်။ “ဤဆင်းရဲဆုံးလျှင် နောက်ဆင်းရဲမဖြစ်ဖို့” ဟူသည်မှာ တစ်ပိုင်းဖြစ်သည်။ “အနုပါဒါပရိနိဗ္ဗာန်သည် ငါတို့၏ အမြင့်ဆုံးအကျိုးဘဲ” ဟူသည်မှာ နောက်တစ်ပိုင်း ဖြစ်သည်။

ဤအဖြေနှစ်ပိုင်းသည် နှစ်ပိုင်းဖြစ်သော်လည်း အနက်အဓိပ္ပါယ်မှာကား ထပ်တူတစ်ခုတည်း ဖြစ်ပေသည်။ ရှေ့ပိုင်းအဖြေသည် နောက်ပိုင်းအဖြေ၏အဖွင့်ဖြစ်သည်။ နောက်အဖြေသည် ရှေ့အဖြေ၏ အဘိဓေယျဖြစ်သည်။အဖြေ၏အနက်သည် ဤသို့ ထွက်ပေသည်။

“ဤဆင်းရဲဆုံးလျှင် နောက်ဆင်းရဲမဖြစ်ဖို့” ဟူသည်မှာ ဤဘဝသေလျှင် နောင်ဘဝမှ ကောင်း,ဆိုးနှစ်တန် မဝေဘန်၊ မဖြစ်,ပျက်ရန်ဟု ဖြစ်ပါသည်။ “အနုပါဒါပရိနိဗ္ဗာန်” ၏ အနက်အတ္ထမှာလည်း ဤအတိုင်းပင် ဖြစ်ပါသည်။

ရှင်နာဂသေန၏ ရဟန်းပြုခြင်းအကျိုးမှာ သေပြီးနောက် ဘယ်ဘဝ၊ဘယ်ဘုံ၊ ဘယ်ဌာန၊ဘယ်ယောနိ၊ဘယ်ဂတိ၊ဘယ်သတ္တဝါသတွင်မှ မဖြစ်ရတော့ရန်ဟူ၍ ဖြစ်ပါသည်။ ဤအဖြေ မှန်ကန်ပါသလော? ရဟန်းပြုခြင်းသည် နောက်ဆုံး ပိတ်သေခြင်းဖြစ်ရဖို့ ဟုတ်ပါသလော? နောက်ဆုံးပိတ်သေခြင်းသည် ရဟန်းတို့အတွက် အမြင့်ဆုံးဆုလာဘ် ဟုတ်ပါသလော?

ရှင်နာဂသေနအမြင်၌ နောက်ဆုံးပိတ်သေခြင်းသည် နိဗ္ဗာန်ရောက်ခြင်းဖြစ်သည်ဟု နှလုံးသွင်းရှိသည်။ ထို့ကြောင့် နောက်ဆုံးပိတ်သေရခြင်းကို အမြင့်ဆုံးဆုလာဘ်ဟု အသိပေးခြင်းဖြစ်သည်။

နောက်ဆုံးပိတ်သေခြင်းသည် နိဗ္ဗာန်ရောက်ခြင်း ဟုတ်ပါ၏လော?

နိဗ္ဗာန်ဟူသည် သေပြီးနောက်မှ ဖြစ်ပေါ်လာသောအရာ ဟုတ်ပါ၏လော? အကယ်၍ ဟုတ်လျှင် ယင်းနိဗ္ဗာန်ကို အဘယ်ဖိုလ်ဖြင့်ဆိုက်ရောက်ပါသနည်း?

နိဗ္ဗာန်အာရုံသည် မဂ်,ဖိုလ်ဟူသော အာရမ္မဏိကတရားများနှင့်ကင်း၍ ဖြစ်ကောင်းသည်လည်းမဟုတ်။ သေပြီးနောက်မှဖြစ်ပေါ်သောနိဗ္ဗာန်ကို ဘယ်မဂ်,ဖိုလ်သည် အာရုံပြုလေမည်နည်း?

ထိုနိဗ္ဗာန်သည် ဘယ်သမုဒယကိုပယ်၍ဖြစ်သော နိဗ္ဗာန်ဖြစ်လေသနည်း?

နိဗ္ဗာန်သည် မဂ္ဂဖြင့် ဒုက္ခကို သိခြင်းကြောင့် ဖြစ်သောတရား ဖြစ်ပေသည်။ သေပြီးနောက်၌ ဘယ်မဂ်သည် ဘယ်သို့သောဒုက္ခကိုသိခြင်းကြောင့် ဤ နိဗ္ဗာန်ဖြစ်လေသနည်း?

နိဗ္ဗာန်သည် သစ္စဓမ္မဖြစ်သည်။

သစ္စာသည် လေးပါးရှိသည်။ဒုက္ခ၊သမုဒယ၊နိရောဓ၊မဂ္ဂဖြစ်သည်။ ယင်းလေးပါးသည် တပြိုင်နက်ဖြစ်သော ဓမ္မများဖြစ်ကြသည်။ ထို့ပြင်လည်း ယင်းလေးပါးသည် သိစိတ်နှင့် အမှတ်သညာများရှိနေသော ခြေအစခေါင်းအဆုံး ဤတစ်လံမျှ ကိုယ်၏အတွင်းမှာ ဖြစ်နေသော ဓမ္မများ ဖြစ်ကြသည်။

ဤအကြောင်းကို ဘုရားရှင်သည် နေရာပေါင်းများစွာ၌ အကြိမ်ပေါင်းများစွာ ဟောပြောခဲ့သည်။ ဤဟောပြောချက်များ အကျိုးအပဲ့မရှိကြောင်းကို ယနေ့လည်း ယုတ္တိဗေဒပညာဖြင့် ထောက်ကူ၍ရသောအရာ ဖြစ်သည်။

ရှင်နာဂသေန၏ နိဗ္ဗာန်ကို သေပြီးနောက်မှဖြစ်သောအရာဟူသော အယူအဆမှာ ချွတ်ချုံကျလွန်းလှသည်။ အထက်က ဆိုခဲ့သောစည်းများနှင့် နည်းနည်းမျှ ကိုက်ညီရန် အကြောင်း မရှိလှဖြစ်ပါသည်။

သူ့အယူအရဆိုလျှင် သစ္စာလေးချက်သည် တပြိုင်နက် မလည်နိုင်တော့ပါ။ ယခုဘဝမှ မဂ်နှင့်ဖိုလ်ကိုပွား။နောင်ဘဝ၌ နောက်ဘဝမှ နိဗ္ဗာန်ဖြစ်။ ဤသို့ အစိပ္ပါယ်ရောက်သည်။ယခုဘဝ မဂ်,ဖိုလ်ပွားစဉ်လည်း နိဗ္ဗာန်ဖြစ်ချင် ဖြစ်ပါဦး။ သေပြီးနောက်ဖြစ်သော နိဗ္ဗာန်အတွက် တပြိုင်နက်ဖြစ်ရသောသစ္စာများ အဘယ်မှာရှိတော့သနည်း?

ထို့ပြင် ရှင်နာဂသေနသည် အကယ်၍ အထက်ကဆိုခဲ့သည့်အတိုင်း နိဗ္ဗာန်ကို သေပြီးနောက်ဟု မယူဆပါဆိုလျှင်လည်း အဘယ့်ကြောင့် အနုပါဒါနိဗ္ဗာန်သည် ဘာမျှ မဖြစ်သောအရာ ဖြစ်သည်။ ဖြစ်လျှင် ဒုက္ခရောက်သည်၊ မဖြစ်ခြင်းသည် ကောင်းသည် မဟုတ်ပါလော? ဟု ဆိုချင်ကောင်း ဆိုချင်ပါသည်။

ဤအဆိုအတွက် မှားကြောင်း ရှင်နာဂသေန သိမြင်သည်နှင့် ဘာမျှမဖြစ်ခြင်းသည် ကောင်းသည်-ဟုဆိုလျှင်ဘာမျှမဖြစ်ဘဲ ယင်းကောင်းခြင်းကို မည်သူသိမည်နည်း?

ကြိယာမှန်သမျှသည် ကတ္တားနှင့် ကင်းကောင်းသည် မဟုတ်။ ထို့ကြောင့် ကောင်းရုံကောင်းနေပြီး ကောင်းသူကတ္တားမရှိလျှင် ထိုအကောင်းသည် ကောင်းသည်ဟူသောအဖြစ်သို့ မရောက်နိုင်။ဘယ်သို့ ရောက်မည်နည်း? ဤပြဿနာကို ရှင်နာဂသေန ဆင်ခြင်သင့်ပါသည်။

ဘုရားသျှင်သည် သူ့တပည့်တို့အား လူကိုကျော်လွန်၍၊

မမွေး ခင်ကရှိခဲ့သလော?

သေပြီးနောက် ရှိဦးမည်လော?

မဖြစ်တော့ပြီလော? စသော အတွေးအခေါ်များကို မတွေးခေါ်ဘဲနေတတ်လျှင်(အယူအမြင်မလွဲမှားရေး)ဟူသော သဘောတရားဆန္ဒထားပြီး စောက်ချ၍ မောင်းနှင်တော်မူခဲ့ပေသည်။

သေပြီးနောက်မှ ဘာမျှမဖြစ်ခြင်းကို အကြီးဆုံးသောငြိမ်းအေးခြင်းဟုဆိုလျှင် ထိုငြိမ်းအေးခြင်းကို ဘုရားသျှင်သည် ဘယ်လိုအသိအမှတ်ပြုခဲ့သနည်း? ရှင်နာဂသေနကော ထိုငြိမ်းအေးခြင်းကို ဘယ်အမည်သညာနှင့် ဖော်ထုတ်မည်နည်း?

**အကယ်စင်စစ် သေပြီးနောက်ဘာမျှမဖြစ်တော့သည်ကို အမြင့်ဆုံးဆုလာဘ်အဖြစ် အသိအမြင်ထားခြင်းသည် ''ဝိဘဝတဏှာ'' ဟူသော ဘဝနောက်ထပ်မဖြစ်ခြင်းဖြစ်သော စိတ်၏ဆာလောင်ခြင်း၊ စိတ္တဇဖြစ်နေခြင်းပင် ဖြစ်ပါသည်၊**

ဟုတ်ပါသည်။ ဝိဘဝတဏှာဆိုသည်မှာ ဘဝနောက်ထပ်မဖြစ်ခြင်း၌ နိဒါန်းစကားသည် ဘဝတဏှာကို ညွှန်ကြားနေခြင်းဖြစ်၍ တက်တက်စင်အောင် လွဲမှားနေ

သော အမှားကြီးဖြစ်ပါသည်။

ရှင်နာဂသေနသည် ဤအမှားကို မှားမှန်းမသိ ဖြစ်နေပါသည်။ ယင်းအမှားကိုသိမြင်ရန်မှာ အထက်လမ်း၌ မျက်လုံးမရှိပါ။ အလယ်လမ်း၌သာ မျက်လုံးရှိပါသည်။ အလယ်လမ်းသည် ဒုက္ခနှင့်သမုယ ဆက်သွယ်ပုံ၊ သမုဒယရှိ၍ ဒုက္ခရှိပုံ၊ သမုဒယမဲ့၍ ဒုက္ခမဲ့ပုံအားဖြင့် လူ့အရှိကို အရှိအတိုင်းမြင်အောင်ကြည့်သောလမ်း ဖြစ်သည်။

ရှင်နာဂသေနသည် လူကိုကျော်တွေးသမားဖြစ်၍ ဝိဘဝတဏှာ၏ အနှောင့်အယှက် အပူးဝင်ကိုခံရခြင်း၌ မသိခြင်းဖြစ်ပါသည်။ အကယ်၍ လူကို လူအတိုင်းမြင်အောင် သို့မဟုတ် လူကို နောက်ဘဝက ဘယ်လိုလုပ်ခဲ့ ယခုဘယ်လိုဖြစ်နေသည်၊ ယခုဘယ်လိုလုပ်နေလျှင် နောင်ဘယ်လိုဖြစ်လိမ့်ဦးမည်-ဤသို့ တွေးခေါ်စရာမရှိအောင် လူကိုမြင်တတ်လျှင် ဝိဘဝတဏှာသည် ရှင်နာဂသေန၌ ရိုင်းရိုင်းစိုင်းစိုင်း အပူးဝင်ခံရဖို့အကြောင်း မရှိပေ။

ဤသို့မြင်ရန်လည်း လူဖြစ်သမျှအရာတိုင်းသည် ဤလူမှာဖြစ်ခြင်းကို မျက်ဝါးထင်ထင်ရှုမြင်ဖို့ လိုပါသည်။ ဤသို့မြင်ရန်လည်း လူဖြစ်သမျှအရာတိုင်း၌ လူလူချင်းကိုလည်းကောင်း၊ လူလုပ်သမျှအရာတိုင်း၌ လူမှာဖြစ်ခြင်းကိုလည်းကောင်း၊ မျက်ဝါးထင်ထင်ရှုမြင်ဖို့ လိုအပ်ပါသည်။

ဤမျှဖြင့် ရှင်နာဂသေန၏ ပဗ္ဗဇပဥှာအဖြေ မှန်ကန်ခြင်းမရှိ၊ ချွတ်ခြုံကျအောင်မှားယွင်းပုံ ဝေဖန်သုံးသပ်ချက် ပြည့်စုံသင့်ပါပြီ။

## ၆။ ပဋိသန္ဓိပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် ""သေပြီးနောက် ပဋိသန္ဓေမနေသူ တစ်စုံတစ်ဦးရှိသလော?""ဟူသော မိလိန္ဒပြဿနာကို အောက်ပါအတိုင်း ဖြေပေသည်။

""တချို့နေသည်၊ တချို့မနေ""ဟူ၍ ဖြစ်သည်။

မိလိန္ဒသည် ဤအဖြေကို သင့်မြတ်ပါပေသည်ဟု ဆိုပေမည်။ အကယ်သင့်မြတ်သောအဖြေ ဟုတ်ပါ၏လော? ဤပြဿနာသည် ဘုရားသျှင်လက်ထက်အခါက ဘုရားသျှင်အား အဂ္ဂိဝစ္ဆ၊ မာလုကျပုတ္တစသူတို့မေးကြသော ပြဿနာအချို့နှင့် တူပေသည်။ ယင်းမှာ□

""ဗုဒ္ဓအသျှင်ဘုရား သတ္တဝါသေပြီးနောက် မဖြစ်တော့ပါမည်လော?"" ဟူသောပြဿနာ ဖြစ်သည်။ ဤပြဿနာကို ဘုရားသျှင်သည် □

""န ဟောဝံ""ဟူ၍သာ ဖြေပေသည်။

""သည်လို ငါတို့မယူဆဘူး""ဟူ၍ဖြေကြားခြင်း ဖြစ်ပေသည်။

ရှင်နာဂသေန၏အဖြေသည် ပြဿနာတူပါလျှက် ဘုရားသျှင်နှင့် အဖြေမတူဖြစ်နေပါသည်။ ဘုရားသျှင်သည် ရှင်နာဂသေန၏ အဖြေမျိုးကိုယူသူအား ဘွဲ့ပေးပါသည်။ ယင်းသည် ""ဧကစ္စသဿတဝါဒီ""ဟူ၍ ဖြစ်သည်။ သတ္တဝါသေပြီး တချို့ဖြစ်သည်၊တချို့မဖြစ်ဟူယူသူသည်၊ တချို့ဖြစ်ဟုယူသမား(ဧကစ္စသဿတဝါဒီ)ဖြစ်သည်။ ဤသို့ ဘွဲ့ပေးပါသည်။

ရှင်နာဂသေန၏အဖြေသည် ဧကစ္စသဿတသမားများ၏ အဆိုနှင့် ဘယ်သို့ခြားနားမှုရှိသနည်း? အလုံးစုံ ထပ်တူကျသည် မဟုတ်ပါလော? ဤအဆိုကိုရှောင်လွှဲရန် ရှင်နာဂသေနသည်အောက်ပါအတိုင်း ကြိုးစားကောင်း ကြိုးစားနိုင်ပါမည်။

""သဿတ,ဥစ္ဆေဒဖြစ်သည်ဆိုသည်မှာ ဘယ်သို့ ယူမှုပါ၊ဘယ်သို့ယူလျှင် မဖြစ်ပါ။ ငါတို့သည် ပရမတ္ထသဘာဝ၏ မှန်ကန်သော အမှန်တရားများကိုမြင်ပြီး ပြောနေခြင်းဖြစ်သည်။ ထို့ကြောင့် ငါတို့၌ ဒိဋ္ဌိအဖြစ်ဟူ၍ မဖြစ်နိုင်ပါ""ဟူ၍ဖြစ်သည်။

ပရမတ်နည်းအားဖြင့် ကွေ့ကွေ့ကောက်ကောက်လုပ်ပြီး သူများယုံချင်လာ

အောင် လိုမ့်၍လှည့်၍ ဖြစ်ကောင်းဖြစ်ပေမည်။ ယင်းပရမတ်မျက်လှည့်သည် လှည့်ပြသူတို့အား အယုံသွင်းနိုင်မည် မဟုတ်ပေ။ အကယ်၍သာ ပရမတ်မျက်လှည့်ဖြင့် လှည့်ပြသူကိုယ်တိုင်ကို အယုံသွင်းနိုင်သည်ဆိုလျှင် နောက်ဘဝ၊နောင်ဘဝများနှင့် ယခုဘဝ၏ တစ်ကောင်တည်းအဖြစ်မှ လွတ်အောင် ရေတွက်နိုင်ရာသည်။

ဤသို့ ရေတွက်နိုင်လျှင်လည်း နောင်ဖြစ်မည့်တစ်ကောင်အတွက် ယခုအကောင်၌ စိုးနောင့်ဗျာပါဒမပွားဘဲ နေနိုင်တန်ရာသည်။ ဤသို့နေလျှင်လည်း ဤတစ်ကောင်အတွက် အကျိုးမများသော ကောင်းသည်ကိုဆောင်၍၊ မကောင်းသည်ကို ရှောင်ခြင်းများကို မပြုဘဲ အေးအေးနေရာသည်။

ပရမတ်မျက်လှည့်ဖြင့် ဒိဋ္ဌိလွတ်အောင် လှည့်ပြသူများသည် ဤသို့မပြုဘဲ နေနိုင်ကြပါသလော? ဤလုပ်ငန်း၌ ထိုသူတို့သည် ပျာယာအခတ်ဆုံး၊ အကဲဆုံး ဖြစ်ကြပေသည်။ ထို့ကြောင့် သူတို့မျက်လှည့်သည် သူတို့အတွက် လှည့်ပြနိုင်သော မျက်လှည့်များမဟုတ်သည်မှာ ထင်ရှားလှပေသည်။

'သေပြီးနောက်ဖြစ်ခြင်း၊ မဖြစ်ခြင်း၊ အချို့ဖြစ်၍,အချို့မဖြစ်ခြင်း'စသော အယူများသည် အယူမှား၊မိစ္ဆာဒိဋ္ဌိများချည်း ဖြစ်ပါသည်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဧကစ္စသဿတဒိဋ္ဌိဟူ၍ အစဉ်အတိုင်းအမည်ရှိသော အယူမှားမိစ္ဆာဒိဋ္ဌိများ ဖြစ်ကြပါသည်။

ထိုဒိဋ္ဌိများလွတ်ရန် ကြံဆခြင်းဖြင့် ရနိုင်ခြင်းမရှိပါ။ ပရမတ်နည်းအားဖြင့် သုံးသပ်သမားသည် ကြံဆခြင်းနည်းများထဲမှ တစ်နည်းသာဖြစ်ပါသည်။ ကြံဆချက်မှန်သမျှ၌ အစစ်အမှန်အရှိများနှင့် အနည်းနှင့်အများဆိုသလိုပင် ကွာဟလျှက်ပင် ရှိပါသည်။

လောက၌ လမ်းသုံးသွယ်ရှိသည်□

(၁) သူများကို ရှင်းပြ၍သာရပြီး၊ကိုယ်တိုင်ဖြစ်အောင် လုပ်မရသောလမ်း၊
(၂) ကိုယ်တိုင်ဖြစ်အောင် လုပ်၍သာရပြီး၊သူများကို ရှင်းပြ၍မရသောလမ်း၊
(၃) ကိုယ်တိုင်လည်း လုပ်၍ရပြီး၊သူများလည်း ရှင်းပြနိုင်သောလမ်း ဟူ၍ ရှိသည်။

ပဌမလမ်းမှာ **'အထက်လမ်း'** ဖြစ်၍ ပရမတ္ထဝါဒီများသည် သူများရှင်းသွားရန် ဘဝကို ပုံဖော်၍ပြတတ်ပေသည်။သို့သော် မိမိပုံဖော်ထားသောဘဝကိုမူ ကိုယ်တိုင် တည်ဆောက်၍မရ ဖြစ်နေပေသည်။ သူတို့သည် အထက်လမ်းသမားများ ဖြစ်ကြသည်။ **'ပြော၍သာဖြစ်ပြီး၊ လုပ်၍မရသောလမ်း'** ဖြစ်သည်ဟု ဆိုလိုသည်။

ဒုတိယလမ်းမှာ **'အောက်လမ်း'** ဖြစ်သည်။ အောက်လမ်းမှာ (ကာမဂုဏ်) အာရုံငါးပါး၌ နစ်မွန်းမြုပ်ဝင်နေသူများ ဖြစ်သည်။ ဤလမ်းပေါ်မှလူများသည် လုပ်၍ ဖြစ်၍ရသော်လည်း သူတပါးအား ရှင်းပြ၍မရသူများ ဖြစ်ကြသည်။သူတို့-လှသည်ဆို သောအရာ၊ ကောင်းသည်ဆိုသောအရာများသည် သူတို့ကိုယ်တိုင်၌မူ တကယ်ဖြစ်နေ သည်။ ထိုဖြစ်နေသည်များကို သူတပါးနားလည်ရန်ရှင်းပြခြင်း၌မူ ဖြစ်နိုင်ခြင်းမရှိ ဖြစ်နေသည်။ ထိုသူများသည် **'လုပ်၍သာရပြီး၊ပြော၍မရသောလမ်း'** ရှိသူဟု ဆိုရ ပါမည်။

နောက်ဆုံးလမ်းကား **'အလယ်လမ်း'** ဖြစ်သည်။ အလယ်လမ်းသမားသည် သူလုပ်၍ဖြစ်သည်ကို ပြောသည်။ သူပြောသည်များမှာလည်း လုပ်၍ဖြစ်သည်ချည်းပင် ဖြစ်သည်။

ရှင်နာဂသေနသည် သူ၏ပရမတ္ထဝါဒနှင့် အထက်လမ်းမှ လျှောက်နေသူ ဖြစ်သည်။သူသည် သူများနားလည်အောင်သာ ပြော၍ဖြစ်ပြီး၊ ကိုယ်တိုင်မူ အကယ် လုပ်၍မရပေ။ ထိုသို့မဟုတ်ဘဲ သူပြောသည့်အတိုင်း လုပ်၍ရပါလျှင် ရှေ့ဘဝ၊နောက် ဘဝများအတွက် တစိုးတစိမျှ ကြောင့်ကြဗျာပါမဖြစ်ဘဲ သူနေနိုင်ရပေမည်။ သူ ရဟန်း ပြုနေခြင်းသည်ပင် နောက်ဘဝဖြစ်မည်ကို အစိုးနှောင့်ကြီးစိုးနှောင့်၍ဟု တစ်နေရာ၌ ရှိခဲ့ပြီးဖြစ်သည်။

ရှင်နာဂသေနသည် ဆိုခဲ့ပြီးသောအကြောင်းအရာများအရ အထက်လမ်းသ မား ဖြစ်သည်မှာ သေချာလှသည်။ထိုသို့ဖြစ်သောကြောင့် ပြဿနာ၏အဖြေ၌ အလယ်လမ်းမှကြွတော်မူသော ဘုရားသျှင်နှင့် အဖြေခြင်းမတူ ကွဲပြားခြားနားနေရခြင်း ဖြစ်သည်။

ဤသို့ကွဲလွဲသည်ကို သိမြင်နိုင်လျှက် အဘယ့်ကြောင့် ဤအဖြေမျိုးကို ရှင်နာဂသေန ဖြေလေသနည်း? ဤသို့စဉ်းစားဖွယ်ဖြစ်သည်။ အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

ရှင်နာဂသေနသည် ဤအဖြေကိုဖြေဆိုရန် ပဋိစ္စသမုပ္ပါဒ်ဒေသနာကို အားကိုးပါသည်။

တဏှာကြောင့် ဥပါဒါန်ဖြစ်။ ဥပါဒါန်ကြောင့် ဘဝဖြစ်။

ဘဝကြောင့် ဇာတိဖြစ်သော တရားတော်ကိုညွှန်း၍ ဖြေသည်။

ဤအဖြေသည် ဤရည်ညွှန်းချက်ဒေသနာနှင့် ညီညွတ်ပါသလော?

ညီညွတ်သည်ဟု ထင်မြင်စရာကောင်းလှသည်။ အဘယ့်ကြောင့်ဆိုသော် ဇာတိ၏ အဘိဓေယျအရကောက် အနက်အတ္ထသည်ပဋိသန္ဓေဖြစ်သည်ဟု မမြင်အောင် မတတ်နိုင်သောကြောင့် ဖြစ်သည်။

ဤအကောက်သည် ဘယ်လိုအမှားများရှိသနည်း?ဟု မေးသင့်သည်။ ဤအမှားသည် ထင်မြင်နိုင်ခဲသောအမှား ဖြစ်ပါသည်။ ထို့ကြောင့် ဤအမှားကိုဖော်ပြရန်မှာ အဖက်ဖက်မှလှည့်ပတ်၍ အနုစိတ် ဝေဖန်ကြည့်ရှုဖို့ အချိန်အား၊ အလုပ်အားများ လိုလှပါသည်။ ယင်းကိုရှုကြည့်လိုက ရှုကြည့်ဆင်ခြင်နိုင်ရန် အကြောင်းအချက် အမြွက်မျှကို ဆွေးနွေးရပါမည်။

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် တစ်ဘဝမှာ တစ်ပတ်၏တစ်ဝက် သို့မဟုတ် တစ်ပတ်ဝက်သာလည်သလော? ထိုသို့မဟုတ်လျှင်လည်း ထိုထက်အဆပေါင်းများစွာ လည်သင့်သလော?ဟူ၍ဖြစ်သည်။

အဘယ့်ကြောင့် ဤပြဿနာကိုဖော်ထုတ်ရသနည်းဆိုသော် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို တစ်ဘဝ၌ တစ်ပတ်သို့မဟုတ် တစ်ပတ်ဝက်သာလည်သည်ဟု ဆိုနိုင်ပါမှ ဇာတိအရကိုကောက်ယူရာ၌ ပဋိသန္ဓေကို ကောက်ယူရမည် ဖြစ်သည့်အတွက် ဖြစ်သည်။

**ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို တစ်ဘဝအတွင်း၌ မရေမတွက်နိုင်အောင် အပတ်ပေါင်းများစွာလည်လျှင်ကား ဇာတိအရ ပဋိသန္ဓေကို ကောက်ယူရန်မဖြစ်နိုင်တော့၊**

ထို့ကြောင့် ဤပြဿနာကို ဖော်ထုတ်ရသည်။

ဤပြဿနာကို ဘယ်သို့ဖြေကြမည်နည်း?

ယခုဘဝမတိုင်မီဖြစ်သော အတိတ်ဘဝက ကံ၊ကိလေသာများကြောင့် ယခုဘဝဖြစ်သည်။ပဋိစ္စသမုပ္ပါဒ်၌ အလွှာလေးလွှာရှိသည့်အနက် အတိတ်ဘဝမှ ကံ၊ကိလေသာများသည် အလွှာတစ်ခုဖြစ်သည်။ယခုဘဝသည် အလွှာတစ်ခု ဖြစ်သည်။ဤအလွှာနှစ်ခု-အစပ်တစ်ခုသည် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ တစ်ပတ်သို့မဟုတ် တစ်ပတ်ဝက်ဖြစ်သည်။ ထို့ကြောင့် တစ်ဘဝ၏ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် တစ်ပတ် သို့မဟုတ် တစ်ပတ်ဝက်သာ လည်သည်။ ဤသို့ဖြေလိုက ဖြေရဖို့ရှိသည်။

မမွေးမီဘဝများက ကံ၊ကိလေသာများကြောင့် ဤဘဝ၌ ဝိပါက်(ရုပ်,နာမ်)များဖြစ်ပေါ်လာရသည်ဟု အယူအဆရှိလျှင် တစ်ဘဝ၌ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် တစ်ပတ်သို့မဟုတ် တစ်ပတ်ဝက်သာလည်သည်ဟု အမှန်ပင်ဆိုရမည်ဖြစ်သည်။

ထို့ပြင်လည်း သောကစသည်တို့သည် ပဋိစ္စသမုပ္ပါဒ်အင်္ဂါတရားပင် မဟုတ်ပါ။ထို့ကြောင့်လည်း သောကစသည် ပဋိစ္စသမုပ္ပါဒ်၏ ပဝတ္တိတရား မဖြစ်နိုင်ပါ။ပဋိစ္စသမုပ္ပါဒ်ပဝတ္တိတရားထိုက်သော တရားကိုရှာလျှင် အကယ်၍ မရနိုင်ပါ။အလွှာလေးလွှာ ရှိသည့်အနက် ပစ္စုပ္ပန်အကျိုးအလွှာသည် ပဝတ္တိအရကို မရအရယူလျှင် ယူရမည့်တရားဖြစ်ရဖို့ ရှိပါသည်။

ဤပစ္စုပ္ပန်အကျိုးအလွှာတရားဖြစ်သော ဝိညာဏ်၊ နာမ်,ရုပ်စသည်များသည် သို့မဟုတ် ဝိညာဏ်၊နာမ်,ရုပ်စသည်တို့၏ ဖြစ်,တည်,ပျက်အဖြစ်များသည် ပဝတ္တိယူရန် အကယ်သင့်သည် မဟုတ်ပါ။ အကျိုးပေါင်းဆက်များစွာကို လက်ခံနိုင်သော ပဝတ္တိမျိုး မဖြစ်နိုင်သောကြောင့် မသင့်ခြင်း ဖြစ်ပါသည်။

ယင်းပစ္စုပ္ပန်အကျိုးအလွှာသည် ဖြစ်,တည်,ပျက်မျှပင် ကာလရှည်လျားပါမည်။ ထို့ပြင် ပဝတ္တိသည် ဖြစ်နှင့်ပျက်ပါရဘို့ အကြောင်းမရှိပါ။ဖြစ်-သည် ဇာတိဖြစ်ရဖို့နှင့် ပျက်-သည် မရဏဖြစ်ရဖို့များ ကြွင်းကျန်ရဦးမည် ဖြစ်သည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌ ပဝတ္တိအခါကို ကျေနပ်လောက်အောင် ရှာဖွေ၍မရနိုင်ဘဲ ရှိရာပါသည်။

ကံ၊ကိလေသာများသည် ပဝတ္တိကျိုး၊ ပဋိသန္ဓေကျိုး–ဤသို့ နှစ်မျိုးသောအကျိုးကို ပေးရန် အခွင့်များရှိသည်ဆိုခြင်းမှာ အမြင်မရှင်းဘဲ ဆိုထားခဲ့သောအဆို ဖြစ်ရဖို့ သေချာပါသည်။ မည်သို့ဆိုသော် ပဝတ္တိစကားလုံးသည် အသွင်သဏ္ဌာန်ပြ ပညတ္တိစကားလုံးမျှ ဖြစ်ပါတော့သည်။ယင်းသည် စကားလုံးကို ပရမတ်စကားလုံးဖြင့်ရောလျှက် (ဝါ) ပရမတ်ကို ပညတ်ဖြင့်မှတ်လျှက်ထားခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်ပင်□

ပဋိသန္ဓေကျိုးပေးသော ကံ၊ကိလေသာက တစ်မျိုး၊

ပဝတ္တိကျိုးကိုပေးသော ကံ၊ကိလေသာက တစ်မျိုး။ ပဋိသန္ဓေကျိုးပေးသော ကံ၊ကိလေသာသည် ပဋိသန္ဓေကျိုးပေးပြီးလျှင် ပြီးစေ၊ ပဝတ္တိကျိုးပေးသော ကံ၊ကိလေသာသည် ပဝတ္တိကျိုးကို ပေးစေ။ဤသို့ အဖြစ်များ မရှိနိုင်ပါ။

ဤအဆိုကိုမကျေနပ်လျှင် ပဝတ္တိဟူသောတရားကို တရားဝင်အောင် တင်ပြနိုင်ဖို့ ကြိုးစားသင့်ပါသည်။ ဤသို့ကြိုးစား၍မဖြစ်ပုံလည်း ဆွေးနွေးခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် တစ်ဘဝ၌ ကံ၊ကိလေသာသည် မျက်စေ့တစ်မှိတ်အတွင်း၌ ရေတွက်၍မလွယ်အောင် များစွာဖြစ်သည်။ ပဋိသန္ဓေသည် တစ်ဘဝ တစ်ခါသာ ဖြစ်သည်။ ထို့ကြောင့် ကံ၊ကိလေသာအများအပြားပင် လူတို့၌ ပိုလျှံနေပေရာသည်။

ဤသို့ဆိုလျှင် နောက်ဆုံး၌ ကံ၊ကိလေသာများ အလဟဿ ပျောက်ဆုံးကုန်ရာသည်။ ဤသို့ဖြစ်သင့်ပါသလော? ဖြစ်ခွင့်ရှိပါသလော? ဟုဆိုလိုရင်းဖြစ်သည်။

'**အဟောသိကံ**' ဟူသည် ရှိပါသည်၊ထို့ကြောင့် ဤသို့မဖြစ်နိုင်ဟူ၍ ဆိုရသည် မဟုတ်ပါလော? ဤသို့ ပြန်လည်မေးနိုင်ပါသည်။

ပဋိစ္စသမုပ္ပါဒ်သည် ဘဝ၏ပုံစံပင် ဖြစ်ပါသည်။ ဤဘဝပုံစံ၌ အဟောသိကံ၏နေရာကို ရှာဖွေတင်ပြစေချင်ပါသည်။ အကယ်၍ ပြနိုင်လျှင်ကား အဟောသိကံသာ အခိုင်အမာတည်ပါစေ၊ တည်ရှိသောအရာ အမှန်ဖြစ်မည်ဟု ဆိုလိုပါသည်။

ပဋိစ္စသမုပ္ပါဒ်၌ "ကိလေသာကြောင့်- ကံ။ ကံကြောင့်- ဝိပါက်။ ဝိပါက်ကြောင့်- ကိလေသာ"။ တဖန် "ကိလေသာကြောင့်-ကံ"။ ဤသို့ တရစ်ပတ်ပတ် တချာလည်လည်နေရာ၌ ကိလေသာ အတိုင်းအတာအတိုင်း ကံဖြစ်သည်။ ဤအဖြေသည် အပြစ်ကင်းစင်သောအဖြေ မဟုတ်ပါလော? ဤသို့မေးဖွယ်ရှိပါသည်။ ဤအဖြေကို အပြစ်ကင်းစင်

သည်ဟု ဆိုနိုင်ရန် အောက်ပါအမေးကို ဝန်ခံနိုင်ဖို့ လိုသည်။ ထိုအမေးမှာ□

“မမွေးမီဘဝက ဆည်းပူးခဲ့သော ကံနှင့်ကိလေသာသည် တစ်ခုတည်းသာ ဖြစ်သလော?”ဟူ၍ ဖြစ်သည်။

ထိုအမေးသည် ဟုတ်သည်-ဟု ဝန်ခံ၍မဖြစ်သောအမေး ဖြစ်သည်။

ကံ၊ကိလေသာသည် မျက်စေ့တစ်မှိတ်အတွင်းမှာပင် ရေတွက်၍ မလွယ်နိုင်အောင် များပြားစွာဖြစ်နေသည်များ ထင်ရှားလှသောကြောင့် ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်စက်၌ ကံ၊ကိလေသာရှိလျှင် ဝိပါက်(ရုပ်,နာမ်)ဖြစ်မြဲ ဖြစ်သည်။ ကံ၊ကိလေသာတစ်ချက်ဖြစ်လျှင် ဘဝတစ်ချက် ဖြစ်သည်။ ဘဝမဖြစ်ဘဲ သို့မဟုတ် ဝိပါက်(ရုပ်,နာမ်)မဖြစ်ဘဲ ကံ၊ကိလေသာဖြစ်သည်ဟူ၍၎င်း၊ ယင်းကံ၊ကိလေသာသည် နောင်အခါ နှစ်၊လ မရေတွက်နိုင်သောအခါ၌ ဝိပါက်(ရုပ်,နာမ်)ဘဝများဖြစ်ရန် ငုပ်လျှိုးနေသည်ဟူ၍၎င်း အကယ်၍ ဖြစ်ခွင့်လုံးဝမရှိပေ။

ဖြစ်ခွင့်ရှိသည်ဟုဆိုလျှင် ငုပ်လျှိုးခြင်းနှင့် ပြန်လည်ပေါ်ထွန်းဖြစ်ပွားခြင်းတို့အကြား ဆက်သွယ်ဟန်ကိုဖော်ထုတ်ပြရန် တာဝန်ယူနိုင်ရပေမည်။ ဤတာဝန်သည် မည်သူမျှ မယူနိုင်သောတာဝန် ဖြစ်သည်။ ထို့ကြောင့် ဝိပါက်(ရုပ်နာမ်)ဘဝကိုမဖြစ်စေသော ကံ၊ကိလေသာများ အကယ်ဖြစ်ခွင့်မရှိဟု နားလည်ရမည်။

ဤသို့ဆိုလျှင် တစ်ဘဝ၌ ကံ၊ကိလေသာများ အများအပြားဖြစ်လျှက် ပဋိသန္ဓေမူကား တစ်ဘဝ၌ တစ်ချက်သာဖြစ်သည်ဟုဆိုလျှင် ကံ၊ကိလေသာများသည် များစွာမရေတွက်နိုင်အောင်ပင် ပိုလျှံနေပေရာသည်။

ဤနေရာ၌ ပြန်လည်ချေပစရာ ရှိပါသည်။ ကံ၊ကိလေသာတိုင်းသည် ပဋိသန္ဓေကျိုးကို ပေးသည်မဟုတ်၊ ပဝတ္တိကျိုးကိုပေးသည်များလည်း ရှိသေးသည်။ထို့ကြောင့် ကံ၊ကိလေသာများ ပိုသည်ဟုဆိုဖွယ်မရှိဟူ၍ ဖြစ်ပါသည်။

ပဝတ္တိဟူသည်မှာ အဘယ်အရာဖြစ်ပါသနည်း?

ဤသို့ပြန်လည်ဆွေးနွေးရပါမည်။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌ ပဝတ္တိဟူသည် အဘယ်အင်္ဂါများ ဖြစ်ပါသနည်း?ဇရာဟူသောအင်္ဂါသည် ပဝတ္တိဖြစ်သလော? ဟုတ်၏ ဟုဖြေလျှင်လည်း မတော်။ အဘယ့်ကြောင့်ဆိုလျှင် ဇရာသည် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌

အင်္ဂါတစ်ပါးပြည့်ပြည့်ရှိသောအရာ မထိုက်သောကြောင့် ဖြစ်သည်။ ဇရာသည် မရဏနှင့် ဖက်ပြီးမှသာ အင်္ဂါတစ်ပါးကို ပိုင်ဆိုင်သည်။ ထို့ကြောင့် ဇရာသည် ရှည်ကြာလေးမြင့် ရပ်တည်ပြီး ပဝတ္တိတာဝန်ယူရန် မဖြစ်နိုင်ပါ။

များစွာသောပညာရှင်များသည် ဇရာကို အသိပင်မလုပ်ချင်ကြ၊ မရဏကိုသာ အသိလုပ်ကြပါသည်။ ဤအဖြေကို မကျေမခြမ်း ရှိကောင်းရှိနိုင်ပါသည်။အဘယ့်ကြောင့် ဆိုသော် သောက၊ပရိဒေဝစသောတရား လူ၌ အမှန်ဖြစ်သည်။ ဤတရားများသည် ပဝတ္တိမရှိလျှင် သို့မဟုတ် ပဝတ္တိဟုတ်ဟုတ်ငြားငြား အင်္ဂါတစ်ပါးအဖြစ် မရပ်တည်နိုင်လျှင် ဘယ်သို့ဖြစ်နေသနည်း? ဤ မပြေမလည်ချက် ရှိနိုင်သောကြောင့် ဖြစ်သည်။

သောကစသည်များသည် ပဝတ္တိအပေါ်၌ ရပ်တည်လျှက်ဖြစ်သည်ဟုဆိုရန် အကြောင်း လုံးဝမဲ့ပါသည်။ သောကစသည်သည် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် မဟုတ်ပါ။ ယင်းစက်ရဟတ်၏ အသွင်သဏ္ဍာန်သာ ဖြစ်သည်။

ဥပမာအားဖြင့် စက်ဝိုင်းပြားတစ်ပြားပေါ်၌ အကန့်ခြောက်ကန့် သို့မဟုတ် ဆယ့်နှစ်ကန့်ပြု၍ တစ်ကန့်လျှင် အရောင်တစ်ခု သွင်းရပါမည်။ ပြီးလျှင် ထိုစက်ဝိုင်းကို မွှတ်နေရန် လှည့်ရပါမည်။ လည်နေသောအခါ အဘယ်အရာကို မြင်ရမည်နည်း?။ ထိုစက်ဝိုင်း၌ ခြောက်ရောင်၊ ဆယ့်နှစ်ရောင်ပါသော်လည်း မြန်စွာလည်သောအခါ အဖြူရောင်တစ်ရောင်တည်းကိုသာ မြင်ကြရမည်။

အဖြူရောင်သည် ဘယ်အကန့်ပေါ်၌ ရပ်တည်သနည်း? ဘယ်အကန့်ပေါ်၌မျှ ရပ်တည်သည် မဟုတ်ပေ။ အဖြူရောင်သည် စက်ဝိုင်းလည်နေခြင်း၏ အကျိုးသက်သက်သာ ဖြစ်ပေသည်။ ထို့အတူ သောကသည်လည်း အဖြူရောင်ကဲ့သို့ ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်နေခြင်း၏ စုပေါင်းအကျိုးဆက်သာ ဖြစ်သည်။

**‘ကိလေသာငယ်၍ ကံကြီးသည်ဟူ၍၄င်း၊ ကိလေသာကြီး၍ ကံငယ်သည်ဟူ၍၄င်း အလျဉ်းမရှိ။ ထို့ကြောင့် ကိလေသာသည် ကံကိုဖြစ်စေရာ၌ အလိုလည်းမရှိ၊ အပိုလည်းမရှိပေ။ ထို့အတူ ကံသည် ဝိပါက်ကိုဖြစ်စေရာ၌လည်း အပိုအလိုမရှိ ဖြစ်ရပေသည်။’**

ထို့ကြောင့်□

**'ပဋိစ္စသမုပ္ပါဒ် တစ်ပတ်လည်သည်ဆိုလျှင် သူ့ကိလေသာနှင့် သူ ထိုက်တန်သော ကံ၊ ထိုကံနှင့်ထိုက်တန်သော ဝိပါက်များ အညီအညွတ် ဖြစ်ကြ၍ ကိလေသာလို့,ကိလေသာပိုနှင့် ကံပို, ကံလိုများ အလျဉ်းပင် မရှုတ်ဖေ'**

အဟောသိကံကား ကံကြောင့် ဝိပါက်ဖြစ်ရာ၌ ကံများဖြစ်သောကြောင့် ကံလက်ကျန်များ ပိုနေသည်။ ထိုလက်ကျန်များ တစ်ချိန်၌ဖြစ်မည်ဖြစ်သော်လည်း သတ္တဝါဆုံးသွားသောကြောင့် မဖြစ်လိုက်ရဘဲ အလိုအလျောက် အပျောက်ဆုံး အပျက်ပြားခံရသောကံ ဖြစ်သည်။ ဤသို့သောကံသည် ရှိနိုင်ပါသလော?

ပဋိစ္စသမုပ္ပါဒ်ဆိုသော ဘဝသံသရာ၏ပုံစံ၌ အလျဉ်းပင် နေရာမရှိပေ။ ထို့ကြောင့် ကံ၊ကိလေသာများ ပျောက်ဆုံးသည်ဟူသည်လည်း လုံးဝဖြစ်ခွင့် မရှိပေ။

ဤမျှတင်ပြခဲ့ပြီးသော အကြောင်းအချက်များအရ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် မွေးသည်မှသေသည်အထိ တစ်ဘဝအတွင်း၌ တစ်ပတ် သို့မဟုတ် တစ်ပတ်ဝက်သာလည်သလော? ဟူသော ပြဿနာကို ပြေလည်သင့်ပြီ ထင်ပါသည်။

**'ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် မွေးမှသေအတွင်း တစ်ဘဝ၌ တစ်ပတ် သို့မဟုတ် တစ်ပတ်ဝက်သာလည်သည်မှာ အလျဉ်း မဟုတ်နိုင်ပါ။ မျက်စေ့တစ်မှိတ်အတွင်းမှာပင် မရေတွက်နိုင်လောက်အောင် တရစ်ပတ်ပတ် တချာလည်လည် လည်နေပါသည်။'**

ဤသို့ဖြစ်လျှင် ဇာတိအရကို အမိဝမ်းပိုက်အတွင်း၌ အစဆုံးဖြစ်ပေါ်ခြင်း၏ အချိန်ပိုင်းကလေးဖြစ်သည်ဟု အဘယ်သို့ ကောက်ယူနိုင်မည်နည်း?

ဤသို့ မကောက်ယူနိုင်လျှင် ဇာတိ၏အနက် အတ္တအဘိဓေယျကို ပဋိသန္ဓေ ဖြစ်သည်ဟု အဘယ်သို့လျှင် ကောက်ယူနိုင်တော့မည်နည်း?

ဇာတိကို ပဋိသန္ဓေဟု ကောက်ယူခြင်းသည် ဒဿနသမားတို့၏ ကောက်ယူချက်မဖြစ်နိုင်။ တက္ကသမားတို့၏ ကောက်ယူချက်သာ ဖြစ်ရပေမည်။

ဒဿနသမားတို့သည် အကယ်ရှိနေသော သဘောတရားတို့၏ ဆက်စပ်ပုံကိုမြင်၍ ဆိုသည်။ တက္ကသမားတို့ကား ထိုတကယ်ဖြစ်,ပျက်နေသော မှတ်တမ်းမှတ်လွှာများကို ကလားဖန်အမျိုးမျိုးထိုး၍ မိမိ ဖြစ်ပေါ်စေချင်သောပုံ ပေါ်လာအောင် လုပ်၍ဆိုသည်။

ဟုတ်ပါသည်။ ဇာတိကို ပဋိသန္ဓေဖြစ်သည်ဟု ကောက်နိုင်ရန် ပညတ်နှင့် ပရမတ်ကို ရောမွှေပါသည်။ ပညတ်လား?စစ်ဆေးလျှင် ပရမတ်ထဲဝင်နေလိုက်၊ ပရမတ်လား?စစ်ဆေးလျှင် ပညတ်ထဲဝင်နေလိုက်။ ဤသို့ လုပ်သည်။ဤသို့လုပ်သည် ဆိုသည်မှာလည်း လုပ်မည်ဟု လုပ်ခြင်းမဟုတ်ပါ။မသိ၍လုပ်ခြင်း ဖြစ်ပါသည်။ ပညတ်နှင့်ပရမတ် ဆက်စပ်ဟန်ကို မသိခြင်းကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် ပရမတ်ကောက်ရာ၌ ပညတ်အတွင်းဝင်သည်များ ဝင်ခြင်းဖြစ်နေသည်။

ပြီးခဲ့သောအကြောင်းများကြောင့် ရှင်နာဂသေနသည် ဘုရားသျှင်၏ တပည့်သာဝကပင်ဖြစ်သော်လည်း အနက်အဓိပ္ပါယ်တူညီသော ပြဿနာတစ်ခုအတွက် ဘုရားသျှင်ဖြေကြားသည်နှင့် ဆန့်ကျင်၍ဖြေခြင်း ဖြစ်ပါသည်။

ဘုရားသျှင်သည် ပြဿနာ၌ အလယ်လမ်းမှ ကြွသွားတော်မူသော်လည်း ရှင်နာဂသေနမူကား အထက်လမ်းမှကြွဘို့ကြိုးစားလျှက် အလယ်လမ်းကို အလျဉ်းမမြင်သောကြောင့် ဧကစ္စသဿတဟူသော အထက်လမ်းကို အလယ်လမ်းအမှတ်ဖြင့် လှမ်းကြွလေသည်။

သေပြီးနောက် မဖြစ်သောသတ္တဝါ တစ်စုံတစ်ယောက်ရှိပါသလော?

ဤအမေးသည် မဖြေသင့်သောပြဿနာ ဖြစ်သည်။ အမေးရှိလျှင် အဖြေရှိသင့်သည်မဟုတ်လား? လူကို ကျော်သွားခဲ့ပြီးသည့်ပြဿနာဖြစ်သည့်အတွက် အဖြေသည် မရှိနိုင်သောကြောင့် ဖြစ်သည်။

(ဤအကြောင်းကို ရှေ့၌ အကျယ်တဝံ့ရေးဖို့ ရှိပါသေးသည်)

ဤမျှဖြင့် ဤပဋိသန္ဓေပြဿနာအဖြေအပေါ်သုံးသပ်ချက် နိဂုံးချုပ်ပါမည်။

# ၇။ ယောနိသောမနသိကာရပဥှာ

ဤပြဿနာ၌ မူကွဲရှိနေပါသည်။ဆဋ္ဌသံဂါယနာမူ၌...

"အရှင်နာဂသေန□ပဋိသန္ဓေနေသူသည် ယောနိသောမနသိကာရကြောင့် ပဋိသန္ဓေ မနေသည်မဟုတ်ပါလော?"ဟု မြန်မာပြန်၌ အမေးရှိပါသည်။ ပါဠိ၌လည်း□

"ဘန္တေ နာဂသေန□

ယော နပဋိသန္ဓဟတိ၊ နနုသော ယောနိသောမနသိကာရေန

နပဋိသန္ဓဟတိ"ဟူ၍င်း အမေးရှိပါသည်။

၁၂၂၇ခုနှစ်က ဒါနိ့တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရဆရာတော်၏ မြန်မာ ပြန်၌ အမေးမှာ...

"ရှင်နာဂသေန□ ပဋိသန္ဓေနေသူသည် ယောနိသောမနသိကာရဖြင့် ပဋိသန္ဓေ နေသလော?"ဟူ၍ ဖြစ်နေသည်။ ဆရာတော်ရှုသောပါဠိ၌ "န"ဟူသောအက္ခရာ မတွေ့ ရှိရဘဲ ဖြစ်နေဟန်တူသည်။

" ယော ပဋိသန္ဓဟတိ၊ နနုသော ယောနိသောမနသိကာရေန

ပဋိသန္ဓဟတိ" ဤသို့ အမေးပါဠိ ရှိနေဟန်တူပါသည်။

ဆဋ္ဌသံဂါယနာမူကား ကမ္ဘာနှင့်ချီ၍ညှိထားသောမူဖြစ်၍ ဒါနိ့တိုင်ဆရာတော်မူ ကို မူမှားဟု မှတ်ရပါသည်။ထိုသို့ဖြစ်သော်လည်း ပဋိသန္ဓေမနေခြင်း၏အကြောင်းကို မေးသည်ထက်၊ ပဋိသန္ဓေနေခြင်း၏ အခြေအနေကိုမေးသည်က ပိုမိုသင့်လျော်သလို ရှိပေသည်။ ထို့ကြောင့် ဒါနိ့တိုင်ဆရာတော်မူလည်း စဉ်းစားဖွယ်ကောင်းသောမူ ဖြစ်သည်။

ဤပြဿနာ၌ ရှင်နာဂသေနသည် -

'ယောနိသောမနသိကာရကြောင့်၎င်း၊ ပညာကြောင့်၎င်း၊ အခြားကုသိုလ်များ ကြောင့်၎င်း ပဋိသန္ဓေမနေ'ဟု ဖြေကြားပေသည်။

ဤအဖြေသည် သင့်မြတ်သလော?ဟူသောအမေး၏အဖြေကို ပြောဆိုရန် မရှိပြီဟု ထင်ပါသည်။ အောက်တွင်ဖြေခဲ့ပြီးသော ပဋိသန္ဓေပဥှာပါစကားများအတွင်း အကြုံးဝင်ပြီး ဖြစ်ပါသည်။

ပဋိသန္ဓေမနေသူဟူသော အမေးသည်ပင်လျှင် လူကိုကျော်တွေးထားသော အမေး ဖြစ်သည်။ ထိုသူကို အခိုင်အမာတည်တံ့စေပြီး မေးထားခြင်းဖြစ်ပါသည်။ ပဋိသန္ဓေပြဿနာဖြစ်သော ဆိုခဲ့ပြီးသောပြဿနာ၌ ဤအယူအဆမဖြစ်နိုင်ကြောင်း အပြည့်အစုံ ငြင်းဆိုခဲ့ပါပြီ။

ထို့ကြောင့် ဤပြဿနာ၌ ရှင်နာဂသေန၏အဖြေအတွက် တဖန်ထပ်၍ သင့်,မသင့်ဝေဖန်စရာမရှိပြီ။ ထို့ကြောင့် ဤအမေးသည် အကြောင်းမဟုတ်သောအမေး ဟူ၍ပင် သတ်မှတ်ရမည့်အမေး ဖြစ်ပါသည်။ထို့ပြင်...

**၈။ မနသိကာရလက္ခဏပဉှာ၊**

**၉။ သီလလက္ခဏပဉှာ၊**

**၁၀။ သမ္ပသာဒနလက္ခဏသဒ္ဓါပဉှာ၊**

**၁၁။ သမ္ပက္ခန္ဒနလက္ခဏသဒ္ဓါပဉှာ၊**

**၁၂။ ဝီရိယလက္ခဏပဉှာ၊**

**၁၃။ သတိလက္ခဏပဉှာ၊**

**၁၄။ သမာဓိလက္ခဏပဉှာ၊**

**၁၅။ ပညာလက္ခဏပဉှာ၊**

**၁၆။ နာနာဓမ္မာနံ ဧကကိစ္စအဘိနိပ္ဖာဒနပဉှာ။**

ဤပြဿနာများသည် အလယ်လမ်းအယူအဆကိုယူရာ၌ အကျိုးများစွာ ဖြစ်ထွန်းစေနိုင်သည် မဟုတ်ပေ။ထို့ကြောင့် ဤပြဿနာများကို ကျော်ခဲ့ပြီ ဖြစ်ပါသည်။

**မဟာဝဂ္ဂပြီး၏။**

rvEyOm

# အဋ္ဌုပ္ပတ္တိ

## ၂။ အဒ္ဓါနဝဂ္ဂ
## ၁။ ဓမ္မသန္တတိပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ပဋိသန္ဓေအားဖြင့် ဘဝသစ်၌ဖြစ်ပေါ်သောသူသည်ရှေးဘဝကသူလော? သို့မဟုတ်အခြားသူလော?”ဟူသော မိလိန္ဒ၏အမေးကို “ရှေးသူလည်း မဟုတ်၊ အခြားသူလည်း မဟုတ်”ဟု ဖြေပေသည်။

ဤအမေးနှင့်ဤအဖြေသည် အလယ်လမ်းသမားများ ဘာမျှဝင် မစွက်သင့်သော အမေးနှင့်အဖြေ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အကြောင်းမဟုတ်သည့်၌ မေးဖြေထားသောကြောင့် ဖြစ်သည်။ တစ်နည်းလည်း ဤပြဿနာ၌ ရှင်နာဂသေနသည် “အကြင်သူသည် ဖြစ်ဆဲ၊ ထိုသူသည် ထိုသူပင်လော? သို့မဟုတ် တခြားလော? (ယော ဥပ္ပဇ္ဇတိ၊ သော ဧဝ သော, ဥဒါဟု အညော?)ဟူသော မိလိန္ဒ၏အမေးကို “ထိုသူလည်း မဟုတ်၊ တခြားသူလည်းမဟုတ်” (န စ သော, န စ အညော)ဟု ဖြေပေသည်။

ဆက်၍ပြဆိုသော ဥပမာများကိုထောက်လျှင် ဤပြန်ဆိုချက်သည်သာ သင့်မြတ်ပေသည်။ ဆိုလိုသည်မှာ “အသက်နှစ်ဆယ်အရွယ်သည် အသက်နှစ်ဆယ် လူငယ်ပင်လော? ဆယ့်ကိုးနှစ်မှအောက် ဖြစ်ခဲ့သောလူငယ်နှင့် တခြားစီလော?”ဟု ဖြစ်သည်။

“ယော ဥပ္ပဇ္ဇတိ၊ သော ဧဝ သော, ဥဒါဟု အညော?” ဤစကားအရ

“သော ဧသော” ထိုဖြစ်ဆဲသူပင် ထိုသူလော? သို့မဟုတ် တခြားသူလော? ဤသို့ပြန်ဆိုသင့်သည်။“န စ သော, ဧဝ သော”ကို ထိုသူသည် ရှေးကသူလည်းမဟုတ်ဟု မပြန်သင့်ပေ။ဤသို့ပြန်လျှင် စကားလည်းမမှန်၊ အနက်လည်းမမှန် ဖြစ်မည်။“န စ ဧဝသော”ကို ထိုသူ-ထိုသူပင်လည်းမဟုတ်ဟု ပြန်သင့်ပေသည်။ သို့မှ စကားရေလဲမှန်၍ အဓိပ္ပါယ်လည်း မှန်ပေသည်။ဆိုလိုသည်မှာ “ဖြစ်ဆဲသူသည် ဖြစ်ဆဲသူပင်လား?”ဟုမေး၍ “ဖြစ်ဆဲသူသည် ဖြစ်ဆဲသူပင်လည်းမဟုတ်”။ တဖန် “ထိုသို့မဟုတ်လျှင် တခြားဖြစ်သော ဖြစ်ပြီးခဲ့သူလော?”ဟု မေး၍ “ဖြစ်ပြီးခဲ့သောသူလည်း မဟုတ်”ဟု ဖြေပြန်ခြင်း ဖြစ်သည်။

“အသက်နှစ်ဆယ်သူသည် အသက်နှစ်ဆယ်သူသာလော?”ဟုမေးလျှင် “မဟုတ်”ဟုဖြေရမည်။ ငါးနှစ်၊ ဆယ့်ငါးနှစ်လည်းဖြစ်သောကြောင့်ပင်။ ထိုအသက်များသို့ရောက်ပြီးမှ ဖြစ်လာသူဖြစ်သောကြောင့်ပင်။

သို့မဟုတ် “ငါးနှစ်၊ ဆယ်နှစ်၊ ဆယ့်ငါးနှစ်လူလော?”ဆိုပြန်လျှင်လည်း “မဟုတ်” ဟု ဖြေရမည်။ ငါးနှစ်၊ ဆယ်နှစ်၊ဆယ့်ငါးနှစ်နှင့် အကြောင်းမကင်းသော်လည်း ထိုငါးနှစ်စသည်များ မဟုတ်တော့သောကြောင့် အသက်နှစ်ဆယ်လူကို ငါးနှစ်စသည်လူငယ်မဟုတ်ဟု ဖြေရပေမည်။

ဤပြဿနာသည် နက်နဲသောပြဿနာကား မဟုတ်ပေ။ မနက်နဲသော်လည်း နက်နဲလေယောင် လှည့်ထားသောကြောင့် နက်နဲရောင်ထင်နေရလေသည်။သဘာဝအားဖြင့်မနက်နဲဘဲလျှက် လှည့်ထား၍ နက်နဲခြင်းကား အဘယ်အကျိုးကို ပွားများစေသနည်း? ရပ်သူရွာသားများ အပျော်ပြုလုပ်ကြသော စကားထာဟူသော အရာကဲ့သို့သာ ဖြစ်သည်။ ပင်ပန်းခြင်းကိုသာ ဖြစ်စေပေသည်။ ဒဿနပညာကို တက္ကသမားမျက်စေ့ဖြင့်ကြည့်ပြီး ဂါထာကိုတေးလုပ် အပျော်ကျူးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤပြဿနာကို ဤမျှဖြင့် အဆုံးသတ်ပါမည်။

## ၂။ ပဋိသန္ဓပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် ““ပဋိသန္ဓေ မနေရတော့သောသူ သည် မနေရတော့ကြောင်း သိမည်လော?””ဟူသော မိလိန္ဒ၏အမေးကို ““သိ၏””ဟု ဖြေထားပေသည်။

ဤပြဿနာသည် ““ပဋိသန္ဓေ””ဟူသော စကားလုံး၏အတ္ထသည် သေပြီးနောက် ၌ဖြစ်သော အရာဝတ္ထုဟုဆိုလျှင်လည်း အချည်းနှီးပြဿနာပင် ဖြစ်ရာသည်။ အဘယ့် ကြောင့်ဆိုသော် လူကို ကျော်တွေးထားသောကြောင့်ပင် ဘုရားသျှင်သည် သူ၏အလယ် လမ်းကို ဘဝလွန်၍ အလျဉ်းပင်တည်ဆောက်တော် မမူခဲ့ပေ။ သစ္စာလေးပါးကို လူ့အတွင်း၌သာလျှင် ညွှန်ပြတော်မူခဲ့ပေသည်။

လူ့အတွင်း၌လည်း သေနေပြီဖြစ်သော လူ့အတွင်းမဟုတ်။ အသက်ရှင်နေသည် ဟု ခေါ်ရဆဲ လူ့အတွင်းကို အတိအကျညွှန်းဆိုခဲ့သည်။““သသညိမှိ သမနကေ””ဟု ဖြစ်သည်။ ထို့ကြောင့် ပဋိသန္ဓေအရ သေပြီးနောက်ဖြစ်သော အရာဝတ္ထုကိုကောက်၍ ပဋိသန္ဓေမနေသူသည် သူ့ကိုယ်သူ မနေဟုသိမည်လော?ဟု အမေးကို မဖြေအပ်ပေ။

ထို့ကြောင့် ထိုအမေးအတွက် အလယ်လမ်းပေါ်၌ ရှင်းလင်းစရာမရှိပေ။

အလယ်လမ်းသည် လူ့အတွင်းမှဒုက္ခကို ဖြေရှင်းသောလမ်းသာ ဖြစ်သည်။

လူကိုကျော်သော တစ်စုံတစ်ရာအတွက်လမ်းမဟုတ်။

ထို့ကြောင့် အလယ်လမ်းကိုလျှောက်လျက် ထိုပြဿနာမျိုးထုတ်လာလျှင် အမိုက်အမဲအဖြစ် ကြိမ်းမောင်းရမည်။ကိုယ့်လမ်းကို မှန်မှန်လျှောက်ဟု သတိပေးရမည်။ ဖြေရန် လုံးဝမရှိ။ ထို့ကြောင့် ဤပြဿနာ၏အဖြေအတွက် အမှား,အမှန်ဆွေးနွေးစရာပင် ကုန်ခဲ့ပါပြီ။

ဤမျှဖြင့် ဤပြဿနာကို အဆုံးသတ်ပါမည်။

## ၃။ ဉာဏပညာပဥှာ

ဤပြဿနာသည် ဒဿနပညာကို သင်ကြားစသူတို့ ပျော်ရွှင်စရာမျှသာ ဖြစ် သည်။

## ၄။ ပဋိသန္ဓဟနပုဂ္ဂလ ဝေဒိယနပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် ‘‘ပဋိသန္ဓေမနေသူ ဒုက္ခဝေဒနာခံစားပါသလော?’’ဟူသောအမေးကို ‘‘အချို့ ဒုက္ခဝေဒနာကိုသာခံစားပြီး၊အချို့ ဒုက္ခဝေဒနာမခံစား’’ဟု ဖြေကြားပေသည်။

ခံစားသောဒုက္ခဝေဒနာကား ကာယိကဒုက္ခဝေဒနာဖြစ်သည်။ မခံစားသည်ကား စေတသိကဒုက္ခဝေဒနာဖြစ်သည်ဟု ဆက်ဖြေထားပေသည်။ ဤအဖြေသည် ပြောစရာဖြစ်သည်များ မရှိသောအဖြေ ဖြစ်သည်။ ဤအဖြေသည် ရှင်နာဂသေန၏ အဖြေလည်း မဟုတ်ပေ။ ဘုရားသျှင်ဖြေခဲ့ပြီးသောအဖြေသာ ဖြစ်သည်။

ဤ၌ စကားစပ်လျှင်း၍ ကာယိကဝေဒနာနှင့် စေတသိကဝေဒနာအကြောင်း အနည်းငယ်မျှ ဆွေးနွေးတင်ပြပါမည်။ ကာယိကဝေဒနာဟူသည်အဘယ်နည်း?

(၁) ကိုယ်၌ဖြစ်သောဝေဒနာ ဖြစ်သလော?

(၂) ကိုယ်ကြောင့်ဖြစ်သောဝေဒနာ ဖြစ်သလော?

(၃) ကာယဝိညာဏ်နှင့်ယှဉ်သောဝေဒနာ ဖြစ်သလော?

ဝေဒနာဟူသည်မှာ ကိုယ်၌ဖြစ်သည်ဟုလည်း မရှိ။စိတ်နှင့်သာ အတူယှဉ်၍ ဖြစ်သောကြောင့် စိတ်၌သာဖြစ်သည်ချည်း ဖြစ်သည်။ ထို့ကြောင့် ကာယိကဝေဒနာကို ကောက်လျှင် နံပတ်သုံးကိုသာ ကောက်သင့်သည်။

ဤအဖြေအတွင်း၌ ရှင်သာရိပုတြာဂါထာ*

*ထေရဂါ သာရိပုတ္တေန ဓမ္မသေနာပတိနာ□

‘‘နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။

ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတကော ယထာ။

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။

ကာလဉ္စ ပဋိကင်္ခါမိ၊ သမ္ပဇာနော ပတိဿတော။’’

ကို မြန်မာပြန်ချက်လည်း ဆင်ခြင်သင့်သည်။ ‘‘ရဟန္တာများ သေချိန်ကိုမျှော်နေသည်’’ဟု ပြန်ထားသည်။

ဤမျှဖြင့် ဤပြဿနာကိုဆုံးပါမည်။

## ၅။ ဝေဒနာပဥှာ

ရှင်နာဂသေနသည် “သုခဝေဒနာသည် ကောင်းမှု,မကောင်းမှုနှင့် ယင်းတို့ အကျိုး၌ဖြစ်သည်။ သုခဝေဒနာနှင့်ယှဉ်သောကောင်းမှုသည် ဒုက္ခသစ္စာမထိုက်ပေရာ ဘယ်သို့နည်း?”ဟူသော မိလိန္ဒ၏အမေးကို “မီးခဲလောင်သလို၊ ရေခဲလည်းလောင်သည် ၊ဤအတူဖြစ်သည်”ဟုဖြေ၍ ဝေဒနာအတူဖြစ်ကြောင်းကို ပြသည်။

ဤအဖြေသည် သုခနှင့်ယှဉ်သောကုသိုလ်၏ ဒုက္ခဖြစ်ပုံကို ကွင်းဆက်ပညာ ဒဿနဖြင့် ဖြေကြားခြင်းမဟုတ်။ စကားပညာ တက္ကဖြင့် ဖြေကြားခြင်းသာဖြစ်သည်။

ထိုအဖြေသည် မှန်ကား မှန်၏။ထိုသို့ဖြစ်သော်လည်း ထိုအမှန်ကို ကြားရသူများ ၏အသိ၌ ရှင်းလင်းအောင် မတတ်နိုင်ကြကုန်။ သုခနှင့်ယှဉ်သောကုသိုလ်၏ ဒုက္ခဖြစ်ပုံ သည် ထိုအဖြေကိုကြားရသူ၏အသိ၌ လုံးချာလိုက်သွားလေတော့သည်။ အကယ်မသိ သော်လည်း သိသလိုလိုဖြစ်သွားပေသည်။ ပဏ္ဍိတမာနီဆိုသူကဲ့သို့ သိယောင်ယောင် ဖြစ်သွားသည် ဟူလို။

ဤအဖြစ်သည် အလွန်မလိုလားအပ်ပေ။ အဝိဇ္ဇာအမှောင်တိုက်အတွင်းသို့ တွန်းထိုးကန်ကျောက် ထိုးသွင်းခံရခြင်းဖြစ်သည်။ လုံးလုံးမသိခြင်းသည်သာ အဝိဇ္ဇာဖြစ် သည် မဟုတ်ပါ။

ဤပြဿနာကို ဤသို့ဝေဖန်လိုက်ပါသည်။

## ၆။ နာမရူပကေတ္တနာနတ္တပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "ပဋိသန္ဓေနေသော နာမ်,ရုပ်သည် ဤနာမ်, ရုပ်မဟုတ်။ ဤနာမ်,ရုပ်၏အမှုကြောင့်ဖြစ်သော တစ်ပါးနာမ်,ရုပ်ဖြစ်ခဲ့လျှင် ပဋိသန္ဓေ နေသူသည် ဤနာမ်,ရုပ်ဖြင့်ပြုလုပ်သော မကောင်းမှုမှလွတ်မည် မဟုတ်ပါလော?" ဟူသော မိလိန္ဒ၏အမေးကို အောက်ပါအတိုင်းဖြေသည်□

"ပဋိသန္ဓေမနေတော့လျှင် လွတ်မည်၊ နေလျှင်ကား မလွတ်" ဟူ၍ ဖြစ်သည်။

ဤပြဿနာ၌ မေးလိုသည်မှာ "နောင်အခါ ပဋိသန္ဓေနာမ်,ရုပ်သည် ယခု နာမ်,ရုပ်မဟုတ်လျှင် ယခုနာမ်ရုပ်၏ အဆိုး,အကောင်းများသည် နောင်အခါ ပဋိသန္ဓေ နေသူ၌ လွတ်မည်မဟုတ်လော?" ဟုဖြစ်၏။

အဖြေဆိုလိုသည်မှာ "နောင်အခါ ပဋိသန္ဓေရုပ်,နာမ်သည် ယခုရုပ်,နာမ် မဟုတ် သော်လည်း ယခုရုပ်,နာမ်၏အမှုဖြစ်သော ရုပ်,နာမ်ဖြစ်သည်။ နောင်အခါ ပဋိသန္ဓေ သည် ယခုရုပ်,နာမ်၏အမှုများမှ ထွက်ပေါ်လာသောအသွင်များ ဖြစ်နေပြီးဖြစ်သည်။ ထို့ကြောင့် မလွတ်ဟူ၍ဖြစ်သည်"

ဤအမေးနှင့်အဖြေသည်လည်း သဿတမိစ္ဆာဒိဋ္ဌိအမြင်ဖြင့် ဘဝကိုယ်ကို ရှုကြည့်ထားဟန်များဖြစ်သည်။ ထို့ကြောင့် မရိုးသားသောအမေးစာရင်း၌ သွင်းရမည့် အမေး ဖြစ်သည်။ နောင်အခါ ပဋိသန္ဓေဟူသောအရာကို ကြံဆအပ်ပါသလော? ကြံဆစရာ လက်ငင်း လူမှာဖြစ်သောတရားကား အဘယ်မှာနည်း? ကြံဆစရာအနက်မရှိ ဘဲ ကြံဆခြင်းသည် စိတ်ကူးယဉ်ခြင်းဖြစ်သည်။ သို့မဟုတ် အာသဝေါတရားများ ယိုစီး ခြင်းများဖြစ်သည်။

ဘုရားသျှင်သည် သဗ္ဗာသဝစသော ဒေသနာပေါင်းများစွာတို့၌ ဤသို့မတွေး ခေါ်သင့်ကြောင်း။ ဤသို့တွေးခေါ်ခြင်းများသည် ဝိစိကိစ္ဆာကိလေသာများ ထနေခြင်းဖြစ် ကြောင်း ညွှန်ပြခဲ့ပေသည်။

ရှင်နာဂသေနသည် ဤပြဿနာ၏အဖြေအတွက် ဥပမာပေါင်းများစွာကို ထုတ်ခဲ့ပေသည်။ သူ၏ဥပမာများသည် ဘဝသံသရာ သို့မဟုတ် လူတစ်ဦး၏အဖြစ်

အပျက် ကွင်းဆက်လည်ပုံအတွက်သာ ဆိုက်ရောက်အကျုံးဝင်ပေသည်။ မမွေးမီ,ဖြစ်ဆဲ, သေပြီးနောက်–ဤသို့ဖြစ်ပုံများကို အလျဉ်းပင် မထောက်ကူ၊မဆိုက်ရောက်ပါပေ။ မွေးပြီး– သေသည်ထိတိုင်အောင်သောကာလအတွင်း ဝဋ္ဋ်သုံးပါးတို့လှည့်လည်လျှက် ပဋိစ္စသမုပ္ပါဒ်လည်ပတ်ပုံအတွက် ဝဋ္ဋ်တစ်ခုနှင့်တစ်ခု ဧကတ္တဖြစ်ပုံနှင့် နာနတ္တဖြစ်ပုံ၊ဤအရာသာ ရှင်းစေပေသည်။

ဟုတ်ပါသည်။ ကံ၊ကိလေသာနှင့်ဝိပါက်များသည် ကံ၊ကိလေသာနှင့် ဝိပါက် ဟူ၍ အထွေထွေပြားသော်လည်း တစ်သားတည်းသာ ဖြစ်ပါသည်။

**ကံဟူသည်မှာ ဝိပါက်၏ နုနယ်သေးသောအဖြစ် ဖြစ်ပါသည်။ ဝိပါက်ဟူသည်မှာလည်း ကံ၏ရင့်ကျက်သွားသောအဖြစ် ဖြစ်ပါသည်။**

ဤသို့ပင် ကံနှင့်ဝိပါက်များ ကွဲပြားခြင်းမရှိ၊တသားတည်း(ဧကတ္တ) ဖြစ်ပါသည်။ တဖန် ကံနှင့်ဝိပါက်သည် ထိုသို့ပင် ကွဲပြားခြင်းမရှိ၊ ဧကတ္တဖြစ်သည်ဟုဆိုရသော်လည်း ကံသည်ဝိပါက်လော?ဟု ဆိုပါလျှင်လည်း "မဟုတ်"ဟု ငြင်းရပါမည်။ ဝိပါက်သည်လည်း ကံမဟုတ်ကြောင်းငြင်းရပါမည်။ ကံသည် ကံသာဖြစ်ပြီး၊ ဝိပါက်သည် ဝိပါက်သာ ဖြစ်ပါသည်။ ဤသို့ကွဲပြားမှု နာနတ္တလည်း ဖြစ်ကြသည်။

ရှင်နာဂသေနထုတ်ပြသော သရက်သီးခိုးသူဥပမာ စသည်များသည် ဝဋ္ဋ်သုံးပါး လည်ပတ်မှု၏ ဧကတ္တ,နာနတ္တအဖြစ်သို့သာ သက်ဝင်ပါသည်။ ရှေ့နောက်ဘဝများ သို့မဟုတ် မမွေးမီနှင့်ယခု၊ ယခုနှင့်သေပြီးနောက်ဘဝများ စပ်နိုင်ရန်မရှိပါ။

ဟုတ်ပါသည်။သရက်ပင်တစ်ပင်တည်း၌ပင် အစိုက်ခံသည်က တစ်ပင်၊ အခိုးခံရသည်က တစ်ပင်၊ ဤသို့ခွဲမရ။ အခိုးခံအပင်ကြီးသည် အစိုက်ခံအပင်ငယ်၏ ရင့်ကျက်သွားခြင်းသာဖြစ်သည်။ ထိုနှစ်ပင်သည် တခြားစီမဟုတ်။ ဧကတ္တ ဖြစ်သည်။

ထို့အတူ ကံ၊ကိလေသာကိုပြုသူသည် တစ်ဦး၊ ဝိပါက်ဖြစ်သူသည် တစ်ဦး။ ဤသို့ခွဲမရ။ ကံ၊ကိလေသာ၏ ရင့်ခြင်းသည်ပင်လျှင် ဝိပါက်ဖြစ်သည်။ ထိုနှစ်မျိုးသည် နှစ်ထွေပြားသော်လည်း တသားတည်း"ဧကတ္တ"ဖြစ်သည်။

ထို့ကြောင့် သရက်သီးခိုးသူ၌ အခိုးမလွတ်နိုင်သကဲ့သို့ ကံနှင့်ဝိပါက် တခြားစီဖြစ်သည်ဟု ပြောရသော်လည်း မလွတ်ဟု ဖြစ်သည်။

ဤပြဿနာ ဤမျှဖြင့်ပြီးပါစေ။

## ၇။ ထေရပဋိသန္ဓဟနာ ပဋိသန္ဓဟနပဉှာ

ဤပြဿနာသည် အောက်၌ဆိုခဲ့ပြီးသောနံပတ်(၂)ပြဿနာနှင့် ထပ်တူပင်ဖြစ်သည်။

## ၈။ နာမရူပပဋိသန္ဓေပြဿနာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "အဘယ့်ကြောင့် ရုပ်ချည်း ပဋိသန္ဓေမနေဘဲ ရုပ်,နာမ်ပေါင်း၍ နေရသနည်း?" ဟူသော မိလိန္ဒ၏ပြဿနာကို "ရုပ်,နာမ် အညမည ဖြစ်သောကြောင့်" ဟု ဖြေထားပေသည်။ "ကြက်ဥ၌ ရေကြည်နှင့်ဥလုံး၊ အချင်းချင်းမှီ၍ ဖြစ်သလို" ဟူ၍ ဥပမာပြ၍ ဖြေပေသည်။

ဤအဖြေသည် သင့်နိုင်စရာလိုပင် ဖြစ်သည်။နာမ်နှင့်ရုပ်သည် တပေါင်းတည်း ဖြစ်၍ကျင်လည်နေရသည်။ ဤအဆိုသည် ရုပ်,နာမ်တို့၏ ဓမ္မတာသဘာဝကိုဆိုသည် ထက် ကျော်လျှင်ကား မှန်ဖို့အကြောင်း မရှိပေ။ ဆိုလိုသည်မှာ ဤအဆို၌ ပဋိသန္ဓေ ဟူသောစကားအရ လူတစ် ယောက်၏ အမိဝမ်းတွင်းအစဆုံးဖြစ်ခြင်းကိုယူလျှင် မှန်ဖို့အကြောင်းမရှိ ဟူ၍ ဖြစ်သည်။

အမိဝမ်းတွင်း၌ အစဆုံးဖြစ်သည့်သားကောင်၌ ရုပ်,နာမ်များ ရှိပါသလော?

ဤပြဿနာသည် ရှည်ရှည်ဝေးဝေး ဆွေးနွေးသင့်သောပြဿနာ ဖြစ်သည်။ ပိဋကတ်တော်ကို တတ်မြောက်သူနှင့် ထိုသူတို့၏ ဩဇာရိပ်မကင်းသူတို့သည် ဤပြဿနာမျိုးသည်ပင် မဖြစ်ထိုက်ဟု အပြင်းအထန် ပယ်လိုလျှက်ရှိပေမည်။သို့သော်လည်း ဤပြဿနာကို ပြုရမည်သာ ဖြစ်ပါသည်။

ပြုထိုက်ကြောင်းကို ဆိုပါမည်။

အမိဝမ်းတွင်း၌ ပဋိသန္ဓေနေစ လက်ဖျစ်တစ်တွက်အချိန်မျှသာရှိသေးသော သားကောင်သည် နာမ်နှင့်ရုပ်များရှိပြီဟု ဆိုကြသည်။ ဘဝကိုတပ်နှစ်သက်သော အကုသိုလ်ကံလောဘဇောများပင် စောပြီးဖြစ်သည်ဟု ယူကြသည်။ ဤအယူများသည် စိတ်ကူးယဉ်သဘောတရားများသာဖြစ်မည်မှာ အမှန်ဖြစ်ပါသည်။

ထိုသားကောင်သည် မွေးဖွားကြီးပြင်းဖြစ်၍ အိပ်ပျော်နေသူနှင့် မည်သူက အဆင့်အတန်းမြင့်ပါမည်နည်း?

ထိုပုဂ္ဂိုလ်ကလေး၌ နှလုံးသားလည်း မရှိသေး။ ဦးနှောက်လည်း မရှိသေး။ အသက်ရှူရန် အဆုပ်လည်းမရှိသေး။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကလေးသည် အသက်လည်း

မရှူ၊ နှလုံးလည်းမခုန်၊ အတွေးအခေါ်အဆင်ခြင်လည်းမရှိသူ ဖြစ်ရမည် မဟုတ်ပါလော? အိပ်ပျော်သူသည် ဆိုခဲ့ပြီးသောအရာများ အပြည့်အစုံရှိသည်။ထို့ကြောင့် ထိုပုဂ္ဂိုလ်ကလေးသည် အိပ်ပျော်သူထက် အဆင့်အတန်းနိမ့်သည်မှာ သေချာလှပေသည်။

ဤဆွေးနွေးချက်ကို ကျေနပ်လက်ခံနိုင်လျှင် ဆက်၍ဆွေးနွေးချက်ကို လက်ခံဖို့ အသင့်ရှိရန် ပြင်ဆင်သင့်သည်။ အိပ်ပျော်သူ၌ ကံဇောများစောနိုင်ပါသလော?

အိပ်ပျော်သူသည် ဘဝင်များကျနေခြင်းဖြစ်၍ ကံဇောများမစောနိုင်။ စောလျှင် အိပ်ပျော်သူမဟုတ်တော့ပေ။

အိပ်ပျော်သူပင် ကံဇောများစောခွင့်မရလျှင်၊ အိပ်ပျော်သူအောက် လိုက်မမီအောင် အဆင့်အတန်းနိမ့်ကျနေသော ပဋိသန္ဓေနေစ လက်ဖျစ်တစ်တွက်သား ပုဂ္ဂိုလ်ကလေးသည် အဘယ်သို့ ကံဇောများစောခွင့် ရနိုင်မည်နည်း?

ဤတင်ပြချက်သည် ပဋိသန္ဓေအကြောင်း မဟုတ်သေးဘဲ၊ ပဋိသန္ဓေနေစ လက်ဖျစ်တစ်တွက်ကာလနောင်ဖြစ်သည်ဆိုသော ဘဝနိကန္တိကဇောအကြောင်းမျှ ဖြစ်ပါသည်။ ဤတင်ပြချက်ကို မပယ်နိုင်လျှင် အဘိဓမ္မာဆရာများ တကယ့်ဘဝကို ကျော်၍ စိတ်ကူးယဉ်သဘောတရားများ တည်ဆောက်ထားသည်ကို သဘောပေါက်နိုင်မည် ဖြစ်ပါသည်။

ဤတင်ပြချက်ကိုငြင်းဆိုရာ၌ ကြောင်း,ကျိုးယုတ္တိဖြင့်သာငြင်းဖို့ အောက်မေ့စေချင်ပါသည်။ "ဒါတွေ မကြံစည်အပ်တာတွေ" ဤသို့ငြင်းမည်ဆိုလျှင်ကား အနှစ်သာရအဖြစ် အလေးအနက် ယူစရာရှိသည်ဟု သတ်မှတ်မဖြစ်ဘဲရှိမည် ဖြစ်ပါသည်။

"ဒါတွေ မကြံစည်အပ်တာတွေ"ဟူသောစကားသည် လကွယ်နေ့ည၊ သန်းခေါင်ယံ၊ မိုးမှောင်ကျခိုက်၊ အမိုက်တိုက်အတွင်း၌ကဲ့သို့ အမှောင်ကျဆုံးသောစကားများဖြစ်သည်။

ကြံစည်အပ်၍ပင် တင်ပြသူက "ဤဘဝနိကန္တိဇောများ စောသည်"ဟု ကြံစည်ကာတင်ပြခဲ့ပြီး ဖြစ်သည်။ ထိုတင်ပြချက်ကို "ဟုတ်သလော? မဟုတ်သလော?"ဝေဖန်ဖို့ကျမှ "မကြံစည်အပ်တာတွေ"ဟုဆိုလိုသော မန္တာန်ကိုရွတ်အံနေလျှင်ကား အမှောင်ဆုံးနေရာအတွင်း ကျရောက်သူထက် အမိုက်အမှောင် ထူဖို့ပင် ရှိသည်။

ထို့ကြောင့် မျက်စိမမြင်သူ၏ အလင်း,အဆင်းအကြောင်း ပြောဆိုချက်ကဲ့သို့ ဤတင်ပြချက်ကို ကြောင်း,ကျိုးမဲ့ငြင်းဆိုချက်သည် အဟောသိကံဖြစ်ဘို့သာ ရှိသည်။ ဤတင်ပြချက်ဖြင့် အဘိဓမ္မာဆရာများ၏အဆင့်ကို နားလည်နိုင်ရန် ပြဆိုခဲ့ခြင်း ဖြစ်ပါသည်။ ယင်းကို နားလည်လျှင် တစ်ဆင့်တက်၍ ဆိုပါမည်။ ပဋ္ဌိသန္ဓေစိတ်ဉပါဒ်စဟု ဆိုသူအကြောင်း ပြောမည်။ ထိုသူ၌ နာမ်နှင့်ရုပ်များရှိပါသတဲ့လော?

ထိုသူသည် ကလာပ်စည်းသုံးစည်း၊ ရုပ်သုံးဆယ်ရှိပြီဟု ဆိုကြသည်။ ပဋ္ဌိသန္ဓေကိန်းထိုက်သော ဝိပါက်နာမက္ခန္ဓာများလည်း ရှိပြီးဟု ဆိုကြသည်။ ထိုအဆိုအတွက် အောက်ပါအမေးများ မေးရမည်။ ထိုဝိပါက်များသည် အဘယ်ကံကြောင့် ဖြစ်ကြသနည်း? ဤကမ္မဇရုပ်သုံးဆယ်သည်လည်း အဘယ်ကံကြောင့် ဖြစ်ကြသနည်း?

ဤအမေးအတွက် အဖြေသည် ဘဝဘဝတွေကဆည်းပူးခဲ့သော ကံများကြောင့်ဖြစ်သည်ဟု ဖြေရဖို့ ရှိသည်။ထိုအဖြေအတွက် ထပ်မေးရမည်□

'ထိုကံများသည် ဤဘဝသို့ လာရောက်အကျိုးပေးနိုင်အောင် မြဲကြခိုင်ကြသဘော ရှိကြသလော? စေတနာတရားဖြစ်သောကံသည် နာမ်တရားဖြစ်၍ စိတ္တက္ခဏတစ်ချက်အတွင်း လက်ကျန်မရှိ ပျက်သုဉ်းခဲ့ပြီ မဟုတ်ပါလော?

ထိုအမေးအတွက် "ဟုတ်၏"ဟု ဝန်ခံပေမည်။ သို့သော်လည်း ကံ၏သတ္တိမူကား ကြွင်း၏။ ယင်းသတ္တိသည် ယခုအကျိုးကို ဖြစ်ပွားစေတတ်၏။ ဤသို့ဆိုပေမည်။

ယင်း '**ကံ၏သတ္တိ**'ကား အရေးပါလှ၏။

ဘယ်မျှကာလနှင့်ဌာနခြားခြား မပျောက်မပျက် အသက်ဝင်နေသည်။

ကံနှင့်တူသောအကျိုးကို ဖြစ်စေသည်ပင်။

ထိုမျှအရေးပါလှသောကံ၏သတ္တိကား အဘယ်သို့သော အရာများနည်း?

ပရမတ်တရား၊ ဓါတ်တရား၊ အာယတနတရား၊ ခန္ဓာတရား၊ သစ္စာတရား၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်-အဘယ်များအတွင်းမှ တရား ဖြစ်သတဲ့နည်း?

ထို ကံ၏သတ္တိဟူသောတရားကား ယင်းဆိုခဲ့ပြီးသည်တို့အတွင်း မဝင်သော တရားတည်း။ ထိုသို့ဆိုလျှင် ပရမတ်တရား၊ ဓါတ်တရားများထက်ကျော်လွန်သော

တရားတည်း။ ထို့ကြောင့် ထိုတရားသည် ပရမတ်တရား၊ ဓါတ်တရားများကိုသာ ပြောနိုင်ခဲ့သော ဘုရားသျှင်ပင် မဟောနိုင်သောတရား ဖြစ်တော့သည်။

ပရမတ်သမားများသည် ဘုရားသျှင်ပင် မဟောနိုင်၊ မပြောနိုင်၊ မပညတ်နိုင်ခဲ့သော ပရမတ်တရား၊ ဓါတ်တရားတို့ထက် ပို၍အခြေခံကျသော **'ကံ၏သတ္တိ'** ဟူသော အရာကလေးကို ဟောပြောနိုင်သူ၊ သိမြင်နိုင်သူ ဖြစ်ပေရာသည်။

ဘုရားသျှင်အဆုံးအမနှင့် တကယ် လူအတွင်းဖြစ်နေသော ကံ၏သတ္တိကား ဤသို့မဟုတ်။

**ကံ၏သတ္တိသည် အရှိမဟုတ်၊**

**ကံသည်သာ အရှိ ဖြစ်သည်၊**

**ကံ၏သတ္တိကား ဂုဏ်မျှသာဖြစ်သည်၊**

ဂုဏ်သည် ဂုဏေးကိုမှီ၍သာ ဖြစ်သည်။ ဥပမာ□မီးခဲနှင့် မီးခဲ၏အပူရှိန်ကဲ့သို့ ဖြစ်သည်။ ကံသည် မီးခဲဖြစ်သည်။ မီးခဲ၏အပူရှိန်သည် ကံ၏သတ္တိဖြစ်သည်။ မီးခဲရှိစဉ်သာ မီးခဲ၏အပူရှိန် ရသည်။ ထို့အတူ ကံရှိစဉ်သာ ကံ၏သတ္တိရှိနိုင်သည်။ ထို့ကြောင့် ကံကွယ်ပြီးနောက် ကံ၏သတ္တိကြွင်းသည်ဟု မရှိရ။ ဂုဏေးပျောက်ပြီး ဂုဏ်ချည်းတည်သည်ဟု မရှိ။ဂုဏ်သည် ဒဗ္ဗ-မဟုတ်၊ ဝိသေသမျှသာ ဖြစ်သည်။

ထို့ကြောင့် ကံ၏သတ္တိသည် သဘာဝဓမ္မမဟုတ်ပေ။ အဘာဝဓမ္မမှု ဖြစ်ပေသည်။ သဘာဝဓမ္မဟူသည် အရှိတရားဟူသောစကား၏ ဒုတိယနာမည် ဖြစ်သည်။ အဘာဝဓမ္မသည် သဘာဝဓမ္မများကဲ့သို့ အခြေခံအားဖြင့်ရှိသောတရား မဟုတ်ပေ။ သို့မဟုတ် မရေရာသောတရား ဖြစ်သည်။

ဖို,မကြောင့် အမိဝမ်းတွင်း၌ဖြစ်စ လက်ဖျစ်တစ်တွတ် ကာလအစိတ်အပိုင်းမျှသာ ရှိသေးသော သားကောင်၌ရှိသည်ဆိုသော ရုပ်နှင့်နာမ်များသည် ကံ၏သတ္တိကြောင့်ဖြစ်လာသော အရာများ ဖြစ်သည်ဟုဆိုလျှင် မရေရာသော အကြောင်းတရားကြောင့် ဖြစ်လာသည်ဟု ဆိုရာရောက်ပေသည်။

မရေရာသောတရားသည် သူကိုယ်တိုင်ကမှ မရေရာခဲ့လျှင် ဤဝိပါက်(ရုပ်, နာမ်)များကို ဖြစ်စေနိုင်သည်ဆိုသည်မှာ သင့်အံ့လော? ပရမတ္ထသဘာဝတစ်ခုခုသည်

ပညတ္တိဓမ္မတစ်ခုကြောင့် ဖြစ်ပွားသည်ဟူ၍ အလျဉ်းမရှိပေ။

ယခု ဝိပါက်(ရုပ်,နာမ်)များသည် ကံ၏သတ္တိဟူသော ပညတ်တရားကြောင့် ဖြစ်သည် ဆိုသည်မှာ တရားမဝင်သောစကားသာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုဝိပါက် (ရုပ်,နာမ်)များ ရှိသည်ဆိုသည်ကို အကြောင်းပြလိုလျှင် ထိုဝိပါက်(ရုပ်,နာမ်)များအကြောင်းကို ကံ၏သတ္တိမှတပါး အခြားသောပရမတ္ထအကြောင်းများ ပြဖို့ရှိပေသည်။

ဤကဲ့သို့လည်း ပြစရာ အလျဉ်းပင်မရှိသောကြောင့် ကလာပ်သုံးစည်း၊ ရုပ်သုံးဆယ်ဟူသော ကမ္မဇရုပ်များ မဖြစ်ဘဲရှိသည်မှာ ငြင်းစရာမရှိသောစကား ဖြစ်ပေသည်။ ဤအဆိုကို ဆက်၍ နက်ရှိုင်းစွာ တင်ပြပါဦးမည်။

ပဋိသန္ဓေဥပါဒ်ဆဲ သတ္တဝါ၌သာမဟုတ်။ အမိဝမ်းတွင်းမှ မထွက်သေးသော ကိုးလလွယ်၊ ဆယ်လအောက်ရှိပြီးသော သူငယ်၌ပင် ဘာစိတ်,ဘာကံနှင့် ဘာစိတ်ရုပ်, ဘာကံရုပ်မျှ မဖြစ်သေးဘဲ ရှိလေသည်။ ထို့ကြောင့် ကံ၏သတ္တိသည် သဘာဝဓမ္မ မဟုတ်။ အဘာဝဓမ္မမျှ ဖြစ်ပေသည်။

ဤနေရာ၌ ဤအဆိုကို အလွန် မကျေနပ်စရာဖြစ်ဘို့ ရှိသည်။ ထို့ကြောင့် နာမ်ကိုထားပါဦး၊ ရုပ်မရှိဟုဆိုတာ ဖြစ်နိုင်မလား? ထိုသူငယ်၏ မျက်စေ့၊ နားစသည်သည် ရုပ်မဟုတ်၍အဘယ်တရားဖြစ်မည်နည်း? ဤသို့ဆိုခြင်းသည် မှားယွင်းနေလိမ့်မည် ဖြစ်သည်။

ရုပ်ဆိုသည်မှာ အတုံးအခဲကြီး ပစ္စည်းတရားများဖြစ်သည်ဟု အထင်တက်နေ၍ ဤသို့ဆိုခြင်းဖြစ်သည်။ အတုံးအခဲများကို ရုပ်ဟုဆိုခြင်းမှာ ရုပ်ကြမ်းမျှသာ ဖြစ်သည်။ ဘုရားသျှင်ဟောခဲ့သောရုပ် မဟုတ်။

**ဘုရားသျှင်ဟောခဲ့သောရုပ်မှာ အမူအရာသာဖြစ်သောတရား ဖြစ်သည်။ ရုပ်မှန်သမျှသည် အမူအရာသာဖြစ်သောတရား ဖြစ်သည်။**

အမိဝမ်းတွင်းသူငယ်၌ ဘာအမူအရာမျှမရှိသေး။ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ကိုယ် များရှိသော်လည်း ထိုအရာများသည် မနိုးသေးဘဲ ရှိကြပါသည်။ဥတုရုပ်,ထမင်းရုပ်မျှသာ ဖြစ်ရှိနေကြပါသည်။ ဤကဲ့သို့ ကိုယ်ကာယရှိလျှက် အတွေ့အထိကို အဘယ်ကြောင့်

မသိသနည်း?

ထိုသူငယ်၌ အသိဟူသော ဝိပါက်ဝိညာဏ်တရားများ မပေါက်ပွားသေးသောကြောင့် ဖြစ်သည်။ ထိုဝိပါက်ဝိညာဏ်တရားများ မပေါက်ပွားသောကြောင့် မနိုးသေးဘဲရှိနေခြင်း ဖြစ်သည်။

ထို့ကြောင့် အမိဝမ်းတွင်း၌ သားကောင်သည် ရုပ်ရော‌နာမ်ပါရသည်ဟု မဆိုထိုက်သောသတ္တဝါသာ ဖြစ်သည်။ ထို့ကြောင့် ပဋိသန္ဓေနေသောအခါ နာမ်နှင့်ရုပ်ကို အတူပေါင်း၍ဖြစ်ကြသည်ဟူသော ရှင်နာဂသေန၏စကားသည် ရုပ်,နာမ်တို့၏ ပဋိသန္ဓေကိုမဆိုဘဲ အမိဝမ်းတွင်မှ ကလလရေကြည်ပဋိသန္ဓေကို ဆိုသောကြောင့် အမှန်နှင့်မတိုက်ဆိုင်သောစကား ဖြစ်ပေသည်။

ဤမျှဖြင့် ပြဿနာဝေဘန်ချက် သင့်မြတ်ပါပြီ။

ဤအကြောင်းကို **နိဗ္ဗာနဒီပနီဘယ်လဲ?**ဟူသော စာတမ်း၌ ဤမှာထက်ပြည့်စုံအောင် တင်ပြပြီး ဖြစ်ပါသည်။ လိုလျှင် ထိုမှာကြည့်ကြရန် ဖြစ်သည်။

## ၉။ အဒ္ဓါနပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "ဘဝခရီးရှည်၏ဟု အရှင်တို့ပြောကြပါ သည်၊ ကာလသုံးပါးဟူသော ဘဝခရီးသည် လူတိုင်းမှာ ရှိသလော?"ဟူသော မိလိန္ဒ၏ အမေးကို "တချို့သူ၌ ဘဝခရီးရှိ၏၊ တချို့မရှိ"ဟု ဖြေပေသည်။ ဆက်လက်၍လည်း "သင်္ခါရချုပ်သူသည် ဘဝခရီးမရှိသူ။ ထိုသို့မဟုတ်သူသည် ဘဝခရီးရှိသူဖြစ်သည်။ တစ်နည်း သေပြီးနောက် ဖြစ်သောသူသည် ဘဝခရီးရှိသူ၊ မဖြစ်သောသူသည် ဘဝခရီးမရှိသူ ဖြစ်သည်"ဟူ၍ ဖြေပေသည်။

ဤအဖြေမျိုးကို နောက်ကလည်း ဖြေခဲ့ပြီးဖြစ်ပါသည်။ သတ္တဝါများသည် သေပြီး နောက်၌ တချို့ဖြစ်၊တချို့မဖြစ်ဟူသောအဖြေနှင့် ထပ်တူဖြစ်ပါသည်။

ဤအဖြေသည် ဧကစ္စသဿတဝါဒကို ညွှန်ပြသောစကားသာ ဖြစ်ပါသည်။ သတ္တဝါဟူသော ပညတ်စကားနှင့် ကွဲပြားအောင် အဘယ်သို့ ခွဲခြားလေမည်နည်း?

သတ္တဝါဟုဆိုလျှင်လည်း ဝိပါကဓမ္မနှင့် သင်္ခါရများကိုပင် အရကောက်ရမည် မဟုတ်ပါလော?

ဝိပါကဓမ္မနှင့် သင်္ခါရဟုဆိုလျှင်လည်း သတ္တဝါများကိုပင် အရကောက်ရမည် မဟုတ်လော?

ဝိပါကနှင့်သင်္ခါရများ စဉ်တန်းဖြစ်နေခြင်းကိုသာ သတ္တဝါခေါ်သည်။ ဝိပါကနှင့် သင်္ခါရတို့၏ တစ်ခုချင်းကို သတ္တဝါဟုမခေါ် ဖြေလျှင်ကား ဖြေနိုင်ပါသည်။ ထိုသို့ဖြေနိုင် သော်လည်း ထိုသို့ဖြေနိုင်ကာမျှနှင့် သက္ကာယဒိဋ္ဌိမှလွတ်မည်ဟုကား ဆိုခွင့်မရနိုင်ရာပါ။ အဘယ့်ကြောင့်ဆိုသော် သတ္တဝါဆိုသည်မှာ ဝိပါက်သင်္ခါရများသာဖြစ်၍ သတ္တဝါကို အရကောက်လျှင် ထိုတရားများကိုသာ ကောက်ရမည်ဖြစ်သောကြောင့်ပင်။

ထိုဝိပါက်နှင့်သင်္ခါရများ စဉ်တန်းနေသည်ကို သတ္တဝါဟု မခေါ်သော်လည်း၊ စဉ်တန်းပုံ၏ စစ်မှန်သောဆက်သွယ်မှုကို မဖော်ညွှန်းနိုင်သောကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်သည်သာပင်။

ထို့ကြောင့် ဧကစ္စသဿတဒိဋ္ဌိလည်း ဖြစ်တော့ခြင်းဖြစ်ပါသည်။

နိဗ္ဗာန်ဟူသည် မဖြစ်၊မရသဘောဖြစ်၍ ''ဖြစ်''ဆိုသောစကားသည် ဧကစ္စသဿတဝါဒ ဖြစ်ပါသည်။

ထို့ကြောင့် ဤအဖြေမှာ မကောင်းသောအဖြေ ဖြစ်သည်။

**အဒွါနဝဂ် ပြီး၏။**

rvEyOm

# ပိဿရဂ္ဂ

# ၃။ ဝိဇာရဝဂ္ဂ
## ၁။ အဒ္ဓါနမူလပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ အတိတ်ဘဝခရီး၏ အကြောင်းရင်းနှင့် ပစ္စုပ္ပန်,အနာဂတ်တို့၏ အကြောင်းရင်းများသည် အဘယ်အရာများဖြစ်ကြသနည်း? ” ဟူသော မိလိန္ဒ၏အမေးကို “အားလုံး၏အကြောင်းသည် အဝိဇ္ဇာဖြစ်သည်” ဟူ၍ ဖြေပေသည်။ ဆက်လက်၍လည်း ဖြေပေသေးသည်။

“ထိုသို့ အားလုံးသော ဘဝခရီးတို့၏ အကြောင်းရင်းသည် အဝိဇ္ဇာဖြစ်သည်ဟု ဆိုရသော်လည်း အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ _(ပ) _ ဇာတိကြောင့် ဇရာ၊မရဏဖြစ်ပြီး သောက၊ပရိဒေဝစသော ဆင်းရဲတုံး၊ ဆင်းရဲခဲ သက်သက်ကြီးဖြစ်သော ဘဝခရီး၏ရှေးအစွန်သည် မထင်ရှားဘဲရှိလေသည်” ဤသို့ ဖြေပေသည်။

ဤအဖြေသည် လူ၏ဘဝခရီးနှင့် ရောထွေးလျက်ရှိသည်။

ဝဋ်သုံးပါးတို့၏ လှည့်လည်ရာ၌ အစမထင်ဟု သက်ရောက်လျှင်သာ မှန်ပေမည်။ လူ၏ မမွေးခင်ကခရီးကို အတိတ်ဘဝခရီး၊ သေပြီးနောက်ကို အနာဂတ်ဘဝခရီး။ ဤသို့ဆိုလျှင် မှားမည်ဖြစ်သည်။တဖန် ပစ္စုပ္ပန်ခရီးအရလည်း မွေးမှသေအတွင်း တစ်ခုလုံးကိုယူပြီး ဖြေလျှင်လည်း အမှန်နှင့်ကင်းသောအဖြေသာ ဖြစ်ရပေမည်။

“ပုရိမကောဋိ” ဟူသောဘဝခရီး၏ အစအစွန်းဟူသည် လူ့ဘဝ၏ဟိုမှာဖက်မှ နတ်ဘဝ၊ ယင်း၏ဟိုမှာဖက်မှ ဗြဟ္မာဘဝစသည် ယူဆရန်မရှိပါ။

ကိလေသာကြောင့် ကံဖြစ်၊ကံကြောင့် ဝိပါက်ဖြစ်၊ ဝိပါက်အပေါ် အမှန်မမြင်သောကြောင့် ကိလေသာဖြစ်။ ဤသို့ ဘဝခရီးသည် လည်နေသည်၊စက်ဝိုင်းဖြစ်နေသည်။

ဤအဖြစ်သည် တစ်မိနစ်အတွင်း၌ “ပုရိမကောဋိ” ဟူသော အစအစွန်းကို ရှာမရနိုင်သည်မှာ ထင်ရှားပေသည်။ ဤပြဿနာ၏အကျိုးဖြစ်သော ပဋိစ္စသမုပ္ပါဒ်အဖြေသည် ဤအတိုင်းအတာအထိသာ အနက်အဓိပ္ပါယ် ရှိပါသည်။

ရှင်နာဂသေနသည် ဤမျှသာဆိုလျှင် ဤအဖြေ သင့်မြတ်ပါသည်။

ထိုထက်လွန်၍ နောက်နှစ်ပေါင်းအသင်္ချေမှ အတိတ်ဘဝများနှင့်၊ နောင်နှစ်ပေါင်း အသင်္ချေမှ အနာဂတ်ဘဝများအကြောင်းပြောလျှင် မှန်သလိုလိုနှင့် သို့မဟုတ် အမှန်သဘောတရားများကို အမှားဘဝနှင့် ဆင်တူယိုးမှားဖြင့် ယူပြခြင်းသာဖြစ်၍ သင့်မြတ်ခြင်းမရှိဟု မှတ်သားယူသင့်ပါသည်။

## ၂။ ပုရိမကောဋိပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ရေးအစွန်းမထင်ပုံကို ဥပမာပြပါ”ဟူသော မိလိန္ဒ၏တိုက်တွန်းချက်ကို “သစ်ပင်၊ကြက်နှင့် စက်ဝန်း” ဥပမာသုံးခုဖြင့် ပြဆိုထားပေသည်။ “သစ်ပင်ကြောင့် မျိုးစေ့ဖြစ်၊ မျိုးစေ့ကြောင့် သစ်ပင်ဖြစ်။ မျိုးစေ့နှင့်သစ်ပင်တို့၏ ဖြစ်စဉ်သည် ရေးအစွန်းဘယ်သူဟု မထင်”ဟု ဖြေသည်။ ကြက်မနှင့်ကြက်ဥလည်း ဤအတူပင်။ စက်ဝန်းလည်း ဤအတူပင်။

ဤဥပမာများသည် ဝဋ်သုံးပါးလည်ပတ် ဖြစ်,ပျက်ပုံအတွက်သာ သင့်လျော်သောဥပမာများ ဖြစ်ကြသည်။ ဝဋ်သုံးပါးသည် ဆိုခဲ့ပြီးသည့်အတိုင်း လူ့အတွင်း၌ စက္ကန့်မလပ် လည်ပတ်ဖြစ်,ပျက်နေသည်။ထို့ကြောင့် ဤဥပမာများကိုသုံးလျှင် ဝဋ်သုံးပါးလည်ပတ်ပုံအတွက်သာ သုံးသင့်ပါသည်။

ဤဥပမာများကို လူ၏အစရှာခြင်း၌သုံးပါမူ သင့်လျော်ခြင်းရှိမည် မဟုတ်ပေ။ လူဘယ်ကစဖြစ်လာသည်ဟု အစအစွန်ကို မသိနိုင်သည်မှာ ဤဥပမာများအတိုင်းဖြစ်သည်ဟုဆိုမှုကား မသင့်လျော်ဟု ဆိုလိုပါသည်။ မသင့်လျော်ပုံမှာ ဤဥပမာနှင့် ဥပမေယျဖြစ်သောလူတို့ မကိုက်မညီသောကြောင့် ဖြစ်ပါသည်။သစ်ပင်သည် သစ်ပင်ကြောင့်- မျိုးစေ့၊ မျိုးစေ့ကြောင့်-သစ်ပင်။ဤသို့ဖြစ်သောကြောင့် အစမထင်သော်လည်း လူသည် လူကြောင့်-ကံ၊ ကံကြောင့်-လူ၊ဤသို့ဖြစ်သောအရာ မဟုတ်ပေ။

လူသည် ကံကိုပြုလိုလျှင် ပြုသောကြောင့်၊ လူကြောင့် ကံဖြစ်လိုက ဖြစ်နိုင်သော်လည်း၊ကံကြောင့်လူဖြစ်သည်ကား အလျဉ်းပင်မဟုတ်သောအရာ ဖြစ်သည်။ ဤအကြောင်းကို အောက်ပြဿနာများ သုံးသပ်စဉ်ကလည်း သဘာဝအယူအဖြစ် အကျယ်တဝံ့ တင်ပြပြီးဖြစ်သည်။

ဤနေရာ၌မူ ကံကြောင့်လူဖြစ်ခြင်းမဟုတ်ကြောင်းကို အာဂမယုတ္တိများဖြင့် အမြွက်မျှတင်ပြမည်ဖြစ်ပါသည်။ဘုရားသျှင်သည် သူ့လက်ထက်အခါကပင် ကံကြောင့် လူဖြစ်သည်ဟု ယူဆကြသော နိဂဏ္ဌများအား လှလှပပ သရော်တော်မူခဲ့သည်မှာ အကြိမ်ကြိမ်ဖြစ်သည်။ သရော်ခဲ့ပုံများမှာ_

“အိုနိဂဏ္ဍတို့ ဤမျှဆင်းရဲသော အလုပ်များကို အဘယ်အတွက် သင်တို့ လုပ်နေကြသနည်း?” ဤသို့ဘုရားသျှင်မေးသည်ကို နိဂဏ္ဍတို့သည် ဤသို့ဖြေကြသည်။

“ငါတို့ဆရာ နနု၏သားတော်သည် အားလုံးကိုသိမြင်သူဖြစ်သည်။ သူ၏စကား အရ ဤသို့ ဆင်းရဲစွာလုပ်နေကြသည်။သူ့စကားများမှာ လူများ ဘဝတစ်ရာ၌ဖြစ်ပျက်၊ ဆင်းရဲကျင့်ခြင်းဖြင့် အတိတ်ကံများကို ကုန်စေရမည်ဟူ၍ဖြစ်သည်။ထို့ကြောင့် ဆင်းရဲသောအလုပ်များကို ငါတို့လုပ်နေကြသည်။” ဤသို့ ဖြေကြပေသည်။ ဗုဒ္ဓအသျှင် သည် သူတို့အား ဆက်၍မေးသည်။

“အိုနိဂဏ္ဍတို့ သင်တို့ အတိတ်ကပြုခဲ့သောကံသည် မည်မျှကြီးသနည်း? ယခု ကျင့်သောကြောင့် အတိတ်ကံများ မည်မျှကုန်ခဲ့ပြီနည်း? လက်ကျန်ကော မည်မျှကျန်ကြ ပါသေးသနည်း? ဒါကလေးတစ်ခုခုကို ဖြေစေချင်သည်။”

နိဂဏ္ဍမျာသည် ဤသရော်ချက်များကို ခေါင်းငုံ့၍သာ ခံနေကြရပေသည်။ ကံကြောင့် လူဖြစ်ရသည်ဟုဆိုသောစကားမှာ ဘုရားသျှင်နှင့်မသက်ဆိုင်သောစကား ဖြစ်ပါသည်။

ကံကြောင့် လူဖြစ်ခြင်းမဟုတ်လျှင် လူသည် အဘယ့်ကြောင့်ဖြစ်သနည်း? မေး ဖွယ်ရှိပါသည်။ ဤမေးခွန်းမျိုးကို ဘုရားသျှင်လည်း အမေးခံခဲ့ရဘူးပါသည်။ လူ၌အသက် မရှိဟု ဘုရားသျှင်၏ဟောပြောချက်ကို မကျေနပ်ကြသောကြောင့် မေးခြင်းဖြစ်သည်။ မေးသောအချက်မှာကား “ဘာကြောင့်လူဖြစ်လာတာလဲ?”ဟူ၍ပင် ထပ်တူကျပါသည်။ အမေးမှာ အောက်ပါအတိုင်း ဖြစ်သည်...

“ ရူပံ နိစ္စိဝန္တံ ဝဒန္တိ ဗုဒ္ဓါ”

မြန်မာလိုအားဖြင့် “ကိုယ်ကို အသက်မရှိသည်ဟု တရားများဟောကြသည်။ ဟောနေသူ၏ ဟောသောကိုယ်ကြီးက ဘယ်ကရသနည်း? သူ့အရိုးစုနှင့်အသဲဆိုင်များ ကော ဘယ်ကရသနည်း? သူ့အမေ့ဝမ်းအတွင်း၌ကော သူဘယ်လိုရောက်လာသနည်း?”

ဤအမေးသည် “လူသည် ဘာ့ကြောင့်ဖြစ်သနည်း?” ဟူ၍ အဓိပ္ပါယ်ရောက် ပါသည်။ ဘုရားသျှင်သည် ဤအမေးကို ဖြေပါသည်။အကယ်၍ ကံကြောင့်လူဖြစ်ခြင်း မှန်လျှင် “ကိုယ်ကြီးနှင့်တကွ အရိုးစု၊အသဲဆိုင်များ ကံကြောင့်ဖြစ်သည်။ အမေ့ဝမ်းပိုက်

အတွင်း၌ ကံကြောင့်ဖြစ်လာသည်။”ဤသို့ဖြေမည်မလွဲ ဖြစ်ပါသည်။ဘုရားသျှင်သည် ဤအမေးကို အထက်ပါဖြေခဲ့သည့်အတိုင်း ဖြေပါသလော? ဘုရားသျှင်၏ အဖြေသည် အဘယ်ပါနည်း?

“(၁) ပဌမံ ကလလံဟောတိ၊ ကလလာဟောတိ အဗ္ဗုဒံ၊
အဗ္ဗုဒါဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော၊
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိစ။

(၂) ယဥ္စဿ ဘုဥ္ဇတိ မာတာ၊ အန္နံ ပါနဥ္စ ဘောဇနံ၊
တေနသော တတ္ထ ယာပေသိ၊ မာတုကုစ္ဆိ ဂတော နရော”

ဤအဖြေသည် ဘုရားသျှင်၏ လူဖြစ်လာပုံအဖြေ ဖြစ်သည်။ မိဘနှစ်ပါးတို့ သွေးနှစ်ဖြာရောစပ်ရာမှဖြစ်သော “ကလလ”ဟူသည် လူ၏အစဖြစ်တော့သည်။ ဤအဓိပ္ပါယ်မျိုး အခြားနေရာများ၌လည်း ဟောပြောချက်များ ရှိပါသည်။ တဖန် မဇ္ဈိမ နိကာယ်၌လည်း ပဋိသန္ဓေနေခြင်းအကြောင်းများကို ဟောပြောချက်ရှိပါသည်။

ဘုရားသျှင်သည် လူ၏အကြောင်းကို ကံဖြစ်သည်ဟု ယူဆတော်မူလျှင် ပဋိသန္ဓေအကြောင်းများ၌လည်း ကံသည် တစ်ကြောင်းအဖြစ် ပါဝင်နေတန်သင့်ပါသည်။ ဤသို့ပါဝင်နေသလော? ပဋိသန္ဓေနေခြင်း အကြောင်းသုံးချက်ကား အဘယ်နည်း?

ပဌမတစ်ချက်ကို မိဘနှစ်ပါးတို့ ပေါင်းဖော်ခြင်းဟု ပြသည်။

ဒုတိယအချက်ကို အမိမျိုးများ သားအိမ်အတွင်းသို့ဆင်းခြင်းဟု ပြသည်။

တတိယအချက်ကိုကား အဖမျိုးစေ့ သားအိမ်တွင်းရောက်ခြင်းဟု ပြပါသည်။

ဤတတိယအချက်အရ ‘**ဂန္ဓဗ္ဗ**’သည် ထိုနောက်ဘဝမှလာမည့် သားကောင်ဟု အကောက်ချော်တတ်ကြသည်။ ဂန္ဓဗ္ဗသည် အဖမျိုးစေ့၏နာမည်သာ ဖြစ်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် ပေါင်းဖော်ခြင်းနောက်၌ အမိမျိုးကို ပဋိသန္ဓေနေခြင်းအတွက် ဒုတိယအကြောင်းဟုယူလျှင်အဖမျိုးသည် တတိယအကြောင်း မဖြစ်သင့်သလော?

အမိမျိုးသည် သားဥအိမ်မှဆင်းသက်လာရသကဲ့သို့ အဖမျိုးသည် အဖလွှတ်ထားရာမှ ရွေ့လျားလာရပေသည်။ထို့ကြောင့် အမိမျိုးကို ဥတုနီဆိုသကဲ့သို့ အဖမျိုးကို ဂန္ဓဗ္ဗဟု ဆိုရသည်။

ဘုရားသျှင်ဟောသော ပဋိသန္ဓေနေကြောင်း အချက်သုံးချက်၌လည်း ကံမပါဘဲ ရှိပါသည်။ ထို့ကြောင့် ကံကြောင့်လူဖြစ်သည်ဟု ဘုရားသျှင်မဟောကြောင်း သိသာလှပါသည်။ ဤသည်များမှာ အာဂမယုတ္တိများ ဖြစ်ကြပါသည်။ သဘာဝယုတ္တိအရမူ ကံကြောင့်လူဖြစ်ခြင်း မဟုတ်နိုင်ကြောင်း ရှင်းလင်းလှပါသည်။

ကံကြောင့် လူဖြစ်ခြင်းမဟုတ်လျှင် လူ၏အစသည် ထင်ရှားခြင်းမရှိကြောင်း၊ မျိုးစေ့နှင့်သစ်ပင်လည်ပတ်ပုံဖြင့် ဥပမာပေး၍ မဖြစ်နိုင်တော့ပေ။ မျိုးစေ့နှင့်သစ်ပင်သည် သစ်ပင်ကြောင့်မျိုးစေ့၊ မျိုးစေ့ကြောင့် သစ်ပင်-ဤသို့ ရှေ့အစွန်းနှင့်နောက်အစွန်း ဆက်နေသကဲ့သို့ လူသည် လူကြောင့်-ကံ၊ ကံကြောင့်-လူ၊ဤသို့ ရှေ့အစွန်းနှင့်နောက်အစွန်း ဆက်လျှက်မရှိသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဤ သစ်ပင်၊ကြက်၊စက်ဝန်းဥပမာများသည် လူ၏ အတိတ်သမိုင်းနှင့် မသက်ဆိုင်။ လူ၏ဆင်းရဲမှုဖြစ်ရခြင်းသက်သက် အတွက်သာ အစမထင်ပုံပြစကားဖြစ်တော့သည်။ ဤနေရာ၌ သိမ်မွေ့ပါသည်။ လူနှင့် လူ၏ဆင်းရဲသည် ခြားသွားပါသည်။ ပဋိစ္စသမုပ္ပါဒ်သည် လူကို အနက်ဖွင့်ပြချက် မဟုတ်ပါ။ လူ၏ဆင်းရဲသောအဖြစ်များလည်ပတ်နေပုံကို ဖွင့်ပြချက်သာ ဖြစ်ပါသည်။

လူနှင့် ဆင်းရဲတုံးသက်သက် "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ" သည် တခြားစီဖြစ်ပါသည်။ ဆင်းရဲတုံးသက်သက်သည် လူဖြစ်နိုင်သော်လည်း လူတိုင်း ဆင်းရဲတုံးသက်သက် မဖြစ်နိုင်ပါ။ဆိုလိုသည်မှာ ဆင်းရဲများသည် လူဖြစ်နိုင်သော်လည်း၊ လူဖြစ်သူများ ဆင်းရဲဖြစ်ကြသည်ဟုမဆိုနိုင် ဟူ၍ ဖြစ်ပါသည်။

ဟုတ်ပါသည်။ လူသည် ပဋိစ္စသမုပ္ပါဒ်တရားများလည်လျှက် ဆင်းရဲဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်တရားများ မလည်သောလူမူကား ဆင်းရဲမဖြစ်ပါ။ လူသည်လည်း လူဖြစ်တိုင်း ပဋိစ္စသမုပ္ပါဒ်စက် လည်သည်မဟုတ်ပါ။ အချို့လူသည် ပဋိစ္စသမုပ္ပါဒ်စက်များကို ရပ်ပစ်နိုင်ပြီး ဖြစ်ကြပါသည်။ဘုရားကြီး,ငယ်နှင့် ရဟန္တာများဖြစ်သော လူများဖြစ်ပါသည်။ ဤလူများသည် ပဋိစ္စသမုပ္ပါဒ် မလည်တော့သောသူများ ဖြစ်ကြပါသည်။

ဆင်းရဲတုံးသက်သက်လည်း ပဋိစ္စသမုပ္ပါဒ်လည်သူမှ ဖြစ်ပါသည်။ မလည်သူသည် ဒုက္ခမရှိပါ။ ဘုရား,ရဟန္တာများသည် ဒုက္ခမရှိသော်လည်း လူများဖြစ်ကြပါသည်။

ထို့ကြောင့် လူနှင့် ဆင်းရဲသည်  တခြားစီဖြစ်သော သဘောတရားဖြစ်ပါသည်။

ဤနေရာ၌ မကျေနပ်လိုသူများက မကျေနပ်ဘွယ်ရှိပါသည်။ဘုရား,ရဟန္တာများလည်း ဒုက္ခမရှိဟု မဆိုနိုင်ပါ။ ကာယိကဒုက္ခများ ရှိနေသည်ပင် ဖြစ်ပါသည်။ ထို့ကြောင့် လူမှန်လျှင် ဘုရားဖြစ်ဖြစ်၊လူဖြစ်ဖြစ် ဝိပါက်ခန္ဓာရှိနေသည်။ ဝိပါက်ခန္ဓာရှိလျှင် ဆင်းရဲဒုက္ခရှိမည်ပင်။ထို့ကြောင့် လူသည် ဆင်းရဲကို တစ်ကွဲစီဖြစ်အောင် မကြံဆောင်သင့်။ ဤသို့ မကျေနပ်ဘွယ် ရှိပါမည်။

ဤမကျေနပ်ချက်ကို အောက်ပါအတိုင်း ဖြေရပါမည်။

ဘုရား,ရဟန္တာများ၌ **ဥပါဒါနက္ခန္ဓာ မရှိပါ**။

ထိုပုဂ္ဂိုလ်တို့တွင် ရုပ်,နာမ်များရှိသည့်အတွက် ခန္ဓာရှိသည်ဟု မဆိုထိုက်ပါ။ ရုပ်,နာမ်သည် သဘာဝအားဖြင့် ခန္ဓာဖြစ်နေခြင်း မရှိရပါ။ရုပ်,နာမ်ကိုရှုကြည့်သူက **ဥပါဒါန်**ဖြင့်ရှုကြည့်မှ ခန္ဓာဖြစ်ပါသည်။

ရုပ်,နာမ်ကို ခန္ဓာဟု ဖွဲ့ကြ၊ခေါ်ကြ၊မှတ်သားကြရခြင်းမှာ ဝိပ္ပလ္လာသမျက်စေ့ဖြင့် ရှုကြည့်မှုရှုထောင့်မှ  ရရှိသောရုပ်,နာမ်အမည်ကို  ခေါ်ဝေါ်ဖွဲ့ကြခြင်း  ဖြစ်ပါသည်။ ဤအကြောင်းအရာသည် နက်နဲပါသည်။ ထိုထက်ပေါ်လွင်သည်ကို ပြပါမည်။

ခန္ဓာ၏အကျိုးပိုင်း ဖြစ်ပါသည်။ ခန္ဓာ၏အကျိုးမှာ ဒုက္ခဖြစ်ပါသည်။

ဤခန္ဓာ၏အကျိုးဖြစ်သော ဒုက္ခသည်လည်း သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသများ ဖြစ်ကြပါသည်။ ရဟန္တာများသည် ပဋိစ္စသမုပ္ပါဒ်စက် ပြတ်ပြီးသူဖြစ်ကြသော်လည်း၊ အကျိုးခန္ဓာများ အကာယ်အမှန်ရှိသေးသည်ဆိုအံ့။ ခန္ဓာ၏ အကျိုးဖြစ်သော သောက၊ပရိဒေဝစသော ဒုက္ခအစုအဝေးများလည်း ရှိရပါမည်။

ရဟန္တာများ၌  ထိုသောကစသော တရားများ  ရှိကြပါသေးသလော? “မရှိ”ဟုပင် ဖြေရပါမည်။ ထို့ကြောင့် အကျိုးဖြစ်သော သောက၊ ပရိဒေဝစသောတရားများမရှိသည်မှာ  ထိုရဟန္တာတို့၌ ခန္ဓာမရှိသောကြောင့် ဖြစ်ရပါသည်။ ဤသို့ပင် ရဟန္တာများ၌ အကျိုးဝိပါက်ခန္ဓာများ ကျန်သေးသည်ဟု မမှတ်သင့်ပါ။

ရဟန္တာများ၌ ဘာခန္ဓာမျှ အကြွင်းမရှိတော့ပါ။ ဆက်၍ဖြေရမည်မှာ ရဟန္တာများရှိရမည့် ဒုက္ခသည်လည်း ဒုက္ခတုံးသက်သက်စာရင်းဝင် ဒုက္ခမဟုတ်တော့ပါ။ဒုက္ခဟု

မပြောပလောက်တော့သောဒုက္ခသာ ဖြစ်ပါသည်။

ကာယိကဒုက္ခသည် ဒုက္ခဟုမပြောရသော **ခံစားမှုဒုက္ခ**သာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဒုက္ခသည် လူ၏ဝိပ္ပလ္လာသဟု ဆိုအပ်သော စိတ်ပလီမှုများကြောင့်ဖြစ်သောဒုက္ခ မဟုတ်သောကြောင့် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ပဋိစ္စသမုပ္ပါဒ်စက် လည်သောကြောင့် ဖြစ်သောဒုက္ခ မဟုတ်သောကြောင့် ဖြစ်ပါသည်။

**ဤကာယိကဒုက္ခသည် လူလုပ်ဒုက္ခမဟုတ်သောကြောင့် လူ-ပယ်၍လည်းမရသောဒုက္ခ ဖြစ်ပါသည်၊**

ကာယိကတရားကို အဘယ် မဂ်တရား၊ဖိုလ်တရားနှင့် ဈာန်သမာပတ်တရားကမျှအဆုံးစွန်ဖြစ်အောင် မပယ်သတ်နိုင်ကြပေ။ ထို့ကြောင့် ကာယိကဒုက္ခသည် ဒုက္ခဟုမပြောရသော၊ ဒုက္ခစာရင်းဝင်မဟုတ်သော ဒုက္ခဖြစ်ပါသည်။ ခန္ဓာ၏အကျိုးဖြစ်သော သောကစသောစာရင်း၌ ဤကာယိကဒုက္ခသည် မပါဝင်ပေ။

ထို့ကြောင့် ရဟန္တာများ၌ ဒုက္ခမရှိဟု ဆိုရပါမည်။ဒုက္ခတုံးသက်သက် မရှိသောကြောင့် ဆိုရခြင်းဖြစ်သည်။ ထိုသို့ ဘုရား,ရဟန္တာများ၌ ဒုက္ခမရှိသော်လည်း ထိုပုဂ္ဂိုလ်များသည် လူပင်ဖြစ်ကြပါသည်။

ထို့ကြောင့်□

**လူနှင့်ဒုက္ခသည် တစ်ခုတည်းသောအရာမဟုတ်ကြောင်း သိသာလှပါသည်။**

‘‘ပုရိမကောဋိ’’ဟူသော ရှေ့အစွန်းကို မထင်ခြင်းသည် လူ၏ ရှေ့အစွန်းမထင်ခြင်းဟု ရောထွေးနေတတ်ပါသည်။ ဤသို့မဟုတ်ပါ။ ဒုက္ခတုံးသက်သက်တို့၏ ရှေ့အစွန်းဖြစ်မှုအစကို မထင်ခြင်းဟု ဆိုလိုပါသည်။

ဒုက္ခတုံးသက်သက်၏အစသည် အမှန်ပင်မထင်ပါ။ အာရုံနှင့် ဝတ္ထုတိုက်၍ဖြစ်ပွားသောအရာကို အသိမနှံ့ဘဲရှိသည်။ ထို့ကြောင့် ထိုဖြစ်ပွားချက်ကို ကြိုက်ခြင်း, မုန်းခြင်းများ ဖြစ်သည်။ ထို့ကြောင့် ပြုလုပ်သည်၊ ပြုလုပ်သောကြောင့် ရသည်။ထိုရရှိသည်ကို တဖန် အသိမနှံ့ ဖြစ်ပြန်သည်။ဤသို့ ဂျာအေး သူ့အမေရိုက်သကဲ့သို့ မပြတ်လှည့်ပတ်ပြီး နေသည်။ထို့ကြောင့် ဆင်းရဲအစုအဝေးများ အစွန်းထွက်တန်ဘိုးအဖြစ်

ပေါ်လာသည်။ ယင်း၏အစသည်မထင်ဟုသာ ဆိုလိုပါသည်။ လူ၏အစ သို့မဟုတ် သတ္တဝါ၏အစသည်မထင်ဟု ဆိုလိုခြင်း မဟုတ်ပါ။

ရှင်နာဂသေနထုတ်ပြသော ရှေ့အစွန်းမထင်ပုံ ဥပမာများသည် ဤ-ဒုက္ခ၏ ရှေ့အစွန်းမထင်ပုံကိုသာ ဆောင်နိုင်ပါသည်။ လူ၏ ရှေ့အစွန်းမထင်ပုံအထိ မဆောင်နိုင်ပါ။

ဤသို့ဖြစ်လျှက် ဤဥပမာများဖြင့် လူ၏ရှေ့အစွန်းမထင်ပုံများကိုပါ တင်ပြရန် နှလုံးသွင်းရှိလျှင် ဤပြဿနာ၏အဖြေသည် သင့်လျော်ခြင်းမှကင်းမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ၃။ ကောင်္ခပညာယနပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ရှေ့အစွန်းအားလုံးပင် မထင်နိုင်ပါသလော?”ဟူသော မိလိန္ဒ၏အမေးကို “အချို့ ရှေ့အစွန်းထင်၏၊ အချို့ ရှေ့အစွန်းမထင်”ဟု ဖြေသည်။

ဤ၌ ရှေ့မှအဝိဇ္ဇာများ မည်မျှဖြစ်ခဲ့ပြီဟု မထင်ခြင်းသည် “ဖြစ်သည်”မရှိသေးသောအရာများ ဖြစ်လာ၍၊ ဖြစ်ပြီးသာအရာများ ချုပ်ပျောက်သွားခြင်းတို့၏ ရှေ့အစွန်းသည် ထင်သောရှေ့အစွန်းဖြစ်၏ဟု ဖြေသည်။

“ဤသို့ဆိုလျှင် ပြတ်နေပြီးဖြစ်၍ အစွန်းများ ဘယ်သို့ဆက်မည်နည်း?”ဟု မိလိန္ဒမေးသည်ကိုပင် သစ်ပင်ဥပမာအတိုင်း ခန္ဓာများသည် ဝိပါက်အကျိုးများဖြစ်သည်ဟု ဖြေပေသည်။

ဤအဖြေသည်လည်း အထက်ကအဖြေအတိုင်းပင် တရားမလွန်အောင် ယူရမည်။

## ၄။ **သင်္ခါရဇာယမာနပဉှာ**။ ။ အထူးမရှိပြီ။

## ၅။ ဘဝန္တသံသရာဇာလယမာနပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဘဝမရှိဘဲ သံသရာတစုံတရာ ဖြစ်နိုင်ပါသလော?”ဟူသော မိလိန္ဒအမေးကို “ဘဝရှိမှသံသရာ ရှိပေသည်”ဟု ဖြေပေသည်။ “ဥပမာအားဖြင့် အိမ်သည် သစ်ပင်၊မြေညက်ဘဝများအဖြစ်ရှိနေသောကြောင့်သာ အိမ်ဖြစ်သည်။”ဟု ဖြေပေသည်။

ဤအဖြေသည်လည်း ပဋိစ္စသမုပ္ပါဒ်စက် ဝဋ္ဋလည်ပုံသက်သက်ကို ညွှန်ပြလျှင်ကား သင့်မြတ်လှပေသည်။ သံသရာအရကို လူလုံးကြီးအထိကောက်ပြီး လူ့သံသရာသည် ရှေးဘဝကလူရှိခဲ့၍သာဟု ဖြေလျှင်ကား မသင့်မြတ်နိုင်။

**သံသရာသည် လူ၏အမှုတိုင်းကို ဆိုလိုသည်မဟုတ်ပါ။ လူ၏ ကမ္မပထထိုက်သော လုပ်ငန်းအချို့ကိုသာ သို့မဟုတ် ဒုက္ခဖြစ်ကြောင်း လုပ်ငန်းများကိုသာ ဆိုလိုသည်။ လူအမှုတစ်ခုလုံးကို ဆိုလိုသည်မဟုတ်ပေ။**

သစ်ပင်၊မြေညက်စသည် ဇာကနရှိခဲ့၍ အိမ်ဖြစ်သကဲ့သို့ ရှေးလွန်လေပြီးသော ဘဝရှိ၍ ယခု ပစ္စုပ္ပန်ဘဝဖြစ်သည်။ ဤသို့ အဓိပ္ပါယ်ကိုဖော်လိုလျှင်ကား အလျှဉ်းပင်သင့်မြတ်လိမ့်မည် မဟုတ်ပေ။ လူမမြင်နိုင်သောအရာကို လူအားညွှန်ပြခြင်း တစ်ချက်တည်းနှင့်ပင် မသင့်မြတ်ခြင်းသည် ပြီးပြည့်စုံပါသည်။ဤစကားကိုလည်း စကားကပ်ပြောကြသူတို့သည် မမြင်တာကိုမယုံလျှင် ကိုယ့်အဖေကိုပင် ကိုယ်မယုံနိုင်စရာမရှိဟု ထိုးနှက်ပြောဆိုတတ်ကြပါသည်။

ဤသို့ပြောဆိုချက်သည် မမှန်မကန် ဟုတ်ကောင်းမှ ဟုတ်ပါမည်။ သို့သော်လည်း မမြင်သည်ကို သိသလို,မြင်သလို မှတ်သားသိမ်းသိုထားချက်ကား ဉာဏ်ဖြစ်သည်ဟု မည်သူမျှ လက်မခံနိုင်ဘဲ လိမ့်ချက်သက်သက် အမှန်ဖြစ်ပါသည်။

ယခုဘဝ အဖြစ်များသည် အကြောင်းဟုဆိုအပ်သော မမွေးမီကပြုလုပ်လျက်ကံဟူသည်ကို မည်သူသိနိုင်သနည်း? အရိပ်နှင့်အရောင်ကိုမြင်သဖြင့် အကောင်ကိုထင်သည်ဟု ရှိနိုင်သည် မဟုတ်ပါလော? ဟူ၍ ဖြေကောင်း ဖြေနိုင်ပါသည်။

ထိုအဖြေ၏ဆိုလိုချက်၌ ပစ္စုပ္ပန်ဘဝ ကောင်း,ဆိုးနှစ်တန်အဖြစ်များကို မြင်သဖြင့် ထိုအဖြစ်တို့၏ အကြောင်းကံဖြစ်သော ရှေးဘဝမှပြုလုပ်ချက်များကို သိခွင့်ရသည်ဟု ဖြစ်သည်။

အကျိုးကိုမြင်သဖြင့် အကြောင်းကို မှန်းဆ၍ထင်နိုင်သည် ဆိုသော စကားသည် ကောင်းမြတ်မှန်ကန်သောစကား ဖြစ်ပါသည်။ ထိုစကားမှန်ရုံဖြင့် မပြီးပါ။ ဤဘဝအဖြစ်နှင့် ရှေးဘဝလုပ်ချက်များဖြစ်သော အကြောင်းတို့၊ အကျိုး,အကြောင်း တွယ်စပ်ဆက်သွယ်ပုံကို သက်သေထူပြဖို့လိုသည်။ ဤသို့ မပြနိုင်,မမြင်နိုင်ပါဘဲလျက်၊ ဤအဖြစ်နှင့် ထိုပြုလုပ်ချက်တို့ အကျိုး,အကြောင်းတော်စပ်သည်ဟု မှတ်သားထားခြင်းသည် အကျိုး, အကြောင်းတို့ကိုမြင်ခြင်း မဟုတ်နိုင်ပါ။

ဤသို့မြင်ခြင်းမရှိဘဲ အရိပ်ကိုမြင်သဖြင့် အကောင်ကိုထင်သည် ဆိုသည်မှာလည်း အကောင်ကို ရှေးကမသိဘူးကြသလို၊ အရိပ်မြင်ကာမျှဖြင့် အကောင်မှန်ကိုသိခြင်း အလျဉ်းမဖြစ်နိုင်ပါ။

ထို့ကြောင့် ယခုဘဝဖြစ်နေသည်မှာ ရှေးကဘဝကြောင့်ဟု ဆိုလိုလျှင် ယခုဘဝနှင့်ရှေးဘဝတို့ ဆက်သွယ်ဟန်ကို ဝိညာဏ်ခြောက်ခုရှိသည့်အနက် တစ်ခုခုဖြင့် သိရှိပြီးဖြစ်ရန် သို့မဟုတ် သိရှိရန် ဧကန်ပင်လိုအပ်ပါသည်။ရှေးဘဝနှင့်ယခုဘဝသည် ကာလ၊ ဌာန၊သဏ္ဌာနများ ခြားမှခြားဖြစ်ပါသည်။ဤအရာများကို အဘယ်တရားသည် သယ်ဆောင်လာသနည်း? ကံလော? ကံ၏သတ္တိလော? ဤအရာကို အောက်ပိုင်း၌ တင်ပြခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ဤပြဿနာ၏အဖြေသည် 'ဒုက္ခရှိ၍ သင်္ခါရဖြစ်သည်'ဟု လူ့ဘဝထဲမှ သဘောတရားများ၏ ဝဋ်လည်ပုံမျှ ဆိုမိန့်လျှင်သာ သင့်မြတ်ခြင်းပန်းများ ပွင့်လန်းနိုင်မည်။ ထိုမျှမကဘဲ လူ၏ ရှေးဘဝနှင့်စပ်၍ အနက်ဖွင့်လိုလျှင်ကား သင့်မြတ်ခြင်းမရှိ၊ အချည်းနှီးဖြစ်မည် အသေအချာ ဖြစ်သည်။

၆။ **ဝေဒဂူပဥှာ**။ ။ ဤပြဿနာသည် မေးသူအသိ၌ အရှိကို အခြေခံသော ပြဿနာ မဟုတ်ပေ။ ထို့ကြောင့် အထူးဝေဖန်ဖွယ် မရှိပေ။

၇။ **စက္ခုဝိညာဒိပဥှာ**၊

၈။ **ဖဿလက္ခဏပဥှာ**၊

၉။ **ဝေဒနာလက္ခဏပဥှာ**၊

၁၀။ **သညာလက္ခဏပဥှာ**၊

၁၁။ **စေတနာလက္ခဏပဥှာ**၊

၁၂။ **ဝိညာဏလက္ခဏပဥှာ**၊

၁၃။ **ဝိတက္ကလက္ခဏပဥှာ**၊

၁၄။ **ဝိစာရလက္ခဏပဥှာ**။

ဤပြဿနာများသည် ဟောကြားချက်ဓမ္မတို့မှ သွေဖည်စရာ လမ်းခွဲမများသောဓမ္မတို့ ဖြစ်သည်။

**ဝိစာရဝဂ် ပြီး၏။**

# rvEyOm

[illegible]

## ၄။ နိဗ္ဗာနဝဂ်

၁။ **ဖဿာဒိဝိနိဗ္ဘုဇ္ဇနပဥှာ**။ ။ဤပြဿနာများသည် ဟောကြားချက်ဓမ္မတို့မှ သွေဖည်စရာ လမ်းခွဲမများသောဓမ္မတို့ ဖြစ်သည်။

၂။ **နာဂသေနပဥှာ**။ ။ဤပြဿနာသည် ဆားကို ဂုဏ်နှင့်ဒြပ်ပြု၍ ပဟေဠိပြုသောပြဿနာမျှ ဖြစ်သည်။

၃။ **ပဥ္စာယတနကမ္မနိဗ္ဗတ္တပဥှာ**။ ။ဤပြဿနာသည် ပရိယတ်ဖြင့်ပင် မမှားအောင်ဖြေနိုင်သောပြဿနာ ဖြစ်သည်။

၄။ **ကမ္မနာနာကရဏပဥှာ**။ ။ဤပြဿနာ၌ ရှင်နာဂသေနသည် "လူများ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားနေကြသည်မှာ အဘယ့်ကြောင့်နည်း?" ဟူသော မိလိန္ဒ၏အမေးကို "ကံကြောင့်ဖြစ်သည်"ဟု ဖြေလေသည်။ သစ်ပင်များကွဲပြားကြသည်မှာ မျိုးစေ့ကြောင့်ဖြစ်သကဲ့သို့ပင်ဟု ဖြေပေသည်။

## ၅။ ဝါယာမကရဏပဥှာ

ဤပြဿနာနှင့် ဤအဖြေသည် ပါဠိ၌လည်း အထင်အလင်းပင်လာပေသည်။ သို့သော်လည်း ရှင်နာဂသေနသည် ပါဠိကို လုံး၍ဖြေပေသည်။ ပါဠိ၏အနက်အဓိပ္ပာယ်သည် အနတ္တအနှစ်သာရကိုညွှန်ပြလျှက် ရှိသော်လည်း ရှင်နာဂသေနသည် အတ္တပေါ်မှနေ၍ ဤပါဠိ၏ အနက်အတ္တကို ဖွင့်ပေးသည်။

ရှင်နာဂသေနပြသော ဥပမာနှင့် ဥပမေယျသည်လည်း တကယ် စပ်မိဟပ်မိသည် မဟုတ်ပေ။သစ်ပင်များ အမျိုးမျိုးကွဲပြားကြသည်မှာ မျိုးစေ့ကြောင့်ဖြစ်သကဲ့သို့ လူအမျိုးမျိုးကွဲသည်မှာ ကံကြောင့်ဟု ဆိုထားသည်။မျိုးကွဲသောကြောင့် မျိုးကြောင့်ဖြစ်သော သစ်ပင်များ မတူကြသကဲ့သို့၊ ကံကွဲသောကြောင့် ကံကြောင့်ဖြစ်သောလူများ မတူကြဟုဆိုလျှင် လူသည် သစ်ပင်များ၊နွယ်ပင်များ၊ပင်စောက်၊ရွက်ကြီး၊ရွက်ငယ် မတူကွဲပြား ခြားနားသကဲ့သို့ လက်တစ်ဘက်ပါသူ၊ လေး၊ငါး၊ခြောက်ဖက်ပါသူ၊ ခေါင်း တစ်လုံးပါသူ၊ လေး၊ငါး၊ခြောက်လုံးပါသူ စသည်တို့ဖြစ်၍ မတူကွဲပြား ခြားနားမှုရှိကြပါ သလော?

ဤသို့ လူများကွဲပြားမှုသာလျှင် သစ်ပင်များကွဲပြားပုံနှင့် ဟပ်မိထပ်မိပေမည်။ ဤသို့မကွဲသောကြောင့် ဥပမာနှင့်ဥပမေယျသည် ထပ်မိဟပ်မိသောဥပမာနှင့်ဥပမေယျ တို့ မဟုတ်ပေ။ လူနှင့်သစ်ပင်ကို ထပ်လျှင်ဟပ်လျှင် ဤသို့သာ ထပ်ဟပ်သင့်ပေသည်။ စပါးပင်တစ်မျိုးတည်းဖြစ်လျှင် ကချင်ပြည်နယ်စပါး၊ရွှေဘိုစပါး၊ပုသိမ်စပါးများ ခြားနား သကဲ့သို့ လူတစ်မျိုးသားတည်းဖြစ်လျှက် မွဲသူ၊ချမ်းသာသူစသည်များ ခြားနားမှုများရှိသည်။ ဤသို့သာ စပ်ဟပ်သင့်သည်။

ဤသို့ စပါးတစ်မျိုးတည်း အသွင်တူအပြင်တူဖြစ်ပါလျက် အရည်အချင်းသာ ခြားခြင်း ဖြစ်သည်။ လူသည်လည်း လူချင်း အသွင်တူအပြင်တူဖြစ်ပါလျက် မွဲခြင်း၊ချမ်း သာခြင်းစသော အရည်အချင်းသာ ကွဲပြားခြားနားခြင်းစသည်ဖြစ်သည်။လူမွဲနှင့် လူချမ်းသာတို့သည် အရေအတွက်ခြင်း ထူးခြားခြင်း မဟုတ်ပေ။ခြေ၊လက်၊ နှာခေါင်း၊ အသဲနှလုံး၊ဦးနှောက် ထပ်တူပင်ဖြစ်သည်။ မွဲခြင်း၊ချမ်းသာခြင်းစသော အရည်အချင်း

ခြင်းသာ လူမွဲနှင့်လူချမ်းသာစသည်တို့၌ ကွဲပြားခြင်း ရှိပေသည်။

ထို့ကြောင့် အရည်အချင်းသာခြားသော လူမွဲနှင့်လူချမ်းသာ စသည်ကို အရေအတွက်ပါခြားနားသော သစ်ပင်နှင့် တိုင်းတာနှိုင်းခိုင်းသင့်ခြင်း မရှိပေ။အရည်အချင်းကွဲသော သစ်ပင်တစ်မျိုးတည်းနှင့်သာ လျင် နှိုင်းခိုင်းလိုက နှိုင်းခိုင်းရမည် ဖြစ်ပေသည်။ ထို့ကြောင့် ရှင်နာဂသေန စပ်ဟပ်ပြသော ဥပမာနှင့်ဥပမေယျသည် အကယ်ထပ်မိသော ဥပမာနှင့်ဥပမေယျကား မဟုတ်ပေ။

ရှင်နာဂသေနသည် ဥပမာများဖြင့် ဇာတိကို ဂုဏ်တပ်လိုလျက်ရှိသည်။ သူဌေးဝမ်းမှ မွေးဖွားရခြင်းသည် ကံကြောင့်ဟုပြောဆိုလျက်ရှိသည်ဟု ဆိုလိုပါသည်။ ဇာတိသည် ဂုဏ်မဟုတ်။ သူဌေးသားဖြစ်ရခြင်းသည် လူချမ်းသာဖြစ်ရန် အခွင့်မရှိ မဟုတ်ပါ။ သို့သော်လည်း ကောင်းမြတ်သော ကိုယ်,နှုတ်,နှလုံးမရှိသူ၌ သူဌေးသား ဖြစ်သော်လည်း လူချမ်းသာဖြစ်ရန် ကံကမကောင်းပေ။ ကံက ဆိုးနေပေသည်။

**ပါဠိ၌ ကံ၏အရာသည် မွေးဖွားခြင်း၏ ဟိုမှာဖက်မှာဖြစ်သော အရာဟု ဆိုလိုသည်မဟုတ်ပေ။ကံဟူသည် ကိုယ်,နှုတ်,နှလုံးများကို လှုပ်ရှားလာစေသော စေတနာဟူသောအရာသာ ဖြစ်သည်။**

ဤအရာကောင်းလျှင် ကံကောင်း၍၊ ဤအရာဆိုးလျှင် ကံဆိုးသည်။ ဤသို့သာ ဆိုလိုပေသည်။ ကံဆိုး၍လူမွဲစသည်ဖြစ်သည်၊ ကံကောင်း၍ လူချမ်းသာစသည် ဖြစ်သည်ဟု ပါဠိ၌ အဆိုအမိန့်စကားတို့သည်လည်း ကိုယ်,နှုတ်,နှလုံး ကောင်းခြင်းနှင့်ဆိုးခြင်းကိုသာ ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် ဥပမာနှင့်ဥပမေယျတို့သည် ထပ်မိဟပ်မိခြင်းရှိသည် မဟုတ်ပေ။ အကယ်ထပ်မိသောဥပမာကိုဆိုလျှင် မြေတူ,ရေတူ,လေ စသည် ပတ်ဝန်းကျင်တူသော နေရာ၌ မျိုးတူသစ်ပင်ကို ပြုစုမှု ကောင်းကောင်းနှင့် စိုက်ပျိုးချက်၊ ညံ့ညံ့စိုက်ပျိုးချက်များ စသည့်ခြားနားချက်ဖြင့်သာ လူ၏ဆင်းရဲ,ချမ်းသာဖြစ်ရချက်များကို နှိုင်းခိုင်းရမည်။

ယခု ကိုယ်,နှုတ်,နှလုံးကောင်းခြင်းများဖြစ်သော ကံကောင်းခြင်းကြောင့်သာ လူချမ်းသာစသည် ဖြစ်သည်။ မကောင်းခြင်းသည် လူမွဲ စသည် ဖြစ်သည်။ဤအကြောင်းကလေးတစ်ချက်ဖြင့် လူမွဲ,လူချမ်းသာ စသည်ဖြစ်သလော?ဟူ၍ကား ဆိုဖွယ်ရှိပါသည်။

မဟုတ်ဟု ဆိုရမည်။သို့သော်လည်း အခြားအချက်များသည် ပြောလောက်၊ဆိုလောက်၊ စာဖွဲ့လောက်သောအကြောင်းများ မဟုတ်ပေ။ "အပဓါနိယ" အကြောင်းများဖြစ်၍ မပြောပလောက်ခြင်းဖြစ်ပါသည်ဟု ဖြေရမည်။

ဟုတ်ပါသည်။ လောက၌ မိုးမရ၍ လယ်မရခြင်း၊ ပိုးကျ၍ လယ်မရခြင်း စသည်များသည် လယ်မရခြင်း၏အကြောင်းဟု မပြောရပါ။ အုပ်ချုပ်သူညံ့၍ လယ်မရခြင်းသည်သာလျှင် လယ်မရခြင်း၏အကြောင်းဟု ပြောရပါသည်။ ကမ္ဘာပေါ်၌ အစားအသောက် အသီးအနှံ ရှားခြင်း၊ပေါခြင်းအကြောင်းသည် မိုး၊လေ၊ရေ၊မြေစသည်များ ပါဝင်ခြင်းဖြစ်သော်လည်း ယင်းတို့ကို အကြောင်းဟု မပြောဆိုရပေ။ အုပ်ချုပ်သူများ ကောင်းခြင်း၊မကောင်းခြင်းသည်သာ အကြောင်းဖြစ်သည်ဟု ပြောကြသည်။

ဆိုရှယ်လစ်နိုင်ငံများ၌ သီးနှံပေါခြင်း၊ရှားခြင်း၏ အကြောင်းသည် အုပ်ချုပ်သူ ဖြစ်သည်ဟု အတိအကျသတ်မှတ်ကြပေသည်။ ရှားသင့်သည်ထက် ပို၍ရှားလာလျှင် အုပ်ချုပ်သူများသည် နုတ်ထွက်၍ ပေးရပေသည်။ထို့ကြောင့် ကိုယ်၊နှုတ်၊နှလုံး အမူအရာများသည်သာလျှင် လူချမ်းသာ၊လူဆင်းရဲစသည် ကွဲပြားကြောင်းဖြစ်ပေသည်။ ပါဠိ၌ ဤသို့သာ အဓိပ္ပါယ် ဆိုလိုပေသည်။

ထို့ကြောင့် ရှင်နာဂသေန၏ ဥပမာများဖြင့် သင့်လျော်ခြင်း မရှိ ပေ။ဤဥပမာများသည် ဇာတိကိုလုပ်နေသော မမွေးမီကကံကို ဖော်ညွှန်းနေပေသည်။ထို့ကြောင့် ဤပြဿနာ၏အဖြေသည်လည်း အမှားကို အမှန်နှင့်ပုံမှားရိုက်ထားသောကြောင့် မှန်သလိုလိုဖြင့်မှားသော ကြောက်စရာကောင်းလှသောအဖြေ ဖြစ်သည်။

ဤအဖြေသည် ဘုရားသျှင်အနေဖြင့် အနတ္တဝါဒကို ညွှန်းပြဖြေဆိုခြင်း ဖြစ်သော်လည်း ရှင်နာဂသေနအနေနှင့် အတ္တဝါဒဘက်ကို မရ၊အရယူ၍ ဖြေဆိုထားသော အဖြေ ဖြစ်သည်။ဤအကြောင်းနှင့်စပ်၍ "နိဗ္ဗာနဒီပနီဘယ်လဲ?"စာအုပ်၌ အကျယ်တဝင့် တင်ပြခဲ့ပြီး ဖြစ်သည်။

ဤပြဿနာ၌ ရှင်နာဂသေနသည် "ဘယ်လို ယခုဆင်းရဲများပျောက်၍ နောက် ဆင်းရဲမရောက်မလဲဟူသည်ကို ရဟန်းပြုခြင်း၏အကြောင်းဖြစ်၏ဟု ဆိုရာ၌၊ စိတ်စော လွန်းနေသည် မဟုတ်ပါလော? အချိန်ကျမှ အားထုတ်ရမည် မဟုတ်ပါလော?"ဟူသော

မိလိန္ဒ၏အမေးကို အောက်ပါအတိုင်း ဖြေပေသည်။"အခွင့်အခါတိုင်မှ အားထုတ်ခြင်းသည် မပြီးနိုင်၊ ကြိုတင်လုပ်မှ လိုရာပြီးနိုင်သည်"ဟူ၍ ဖြစ်သည်။

ယင်းကို ဥပမာဖြင့်လည်း ပြပေသည်။"ရေဆာမှ ရေတွင်းတူးလျှင် မဖြစ်နိုင်။ ရေမဆာမီကပင် ရေတွင်းကို ကြိုတင်၍တူးရပေသည်"ဟူ၍ ဖြစ်သည်။အဓိပ္ပါယ်မှာ နောက်ဘဝ၌ ဒုက္ခမဖြစ်ရစေရန် ယခုဘဝမှ ကြိုတင်ပြုရသည်ဟူသော အဓိပ္ပါယ်မျိုးကို ဤအဖြေသည် သက်ရောက်စေပေသည်။

အမေး၌ ရဟန်းပြုခြင်းအကြောင်း စကား၏အနက်ကို ကောက်ယူရာ၌ပင် ချွတ်ယွင်းနေသောကြောင့် အဖြေ၏အမှားသည် မပေါ်လွင်ဘဲရှိနေခြင်း ဖြစ်သည်။ "ပဗ္ဗဇ္ဇပဉှာ"၌ ရှင်နာဂသေန၏ ရဟန်းပြုရခြင်း အဖြေသည် ဤပြဿနာ၏အမေး ဖြစ်သည်။ ထိုအဖြေ၌ ရှင်နာဂသေနသည် ရဟန်းပြုကြောင်းကို ဤသို့ဖြေထားသည်။ " ယခုဆင်းရဲများ ဘယ်လိုပျောက်ပြီး နောက်ဆင်းရဲများဘယ်လိုမဖြစ်အောင် ပြုရမလဲ? ဟူသောအကြောင်းနှင့်ဖြစ်သည်"ဟူ၍ ဖြစ်သည်။

ဤ "နောက်ဆင်းရဲ"၏အနက်သည် ဖြေသူရှင်နာဂသေန နှလုံးသွင်း၌ သေပြီးနောက်ဖြစ်အံ့သောဆင်းရဲဟူ၍ ကောက်ခဲ့ဟန်ရှိပေသည်။ဤကောက်ယူချက် မှားယွင်းခဲ့ပေသည်။ ဤအဖြေမျိုးကို အလယ်လမ်းမျက်လုံး အလင်းဆုံး ပွင့်တော်မူပြီးတော်မူကြသော ရဟန္တာအရှင်မြတ်တို့သည် ဖြေခဲ့ကောင်း ဖြေခဲ့ပေမည်။ "ယခုဆင်းရဲများပျောက်၍ နောက်ဆင်းရဲမရောက်ရန်"ဟူသော စကားနှစ်လုံးသည် စင်စစ်၌ အဓိပ္ပါယ်နှစ်မျိုးရှိကြသည် မဟုတ်ပေ။

သမ္မပ္ပဓာန်တရားလေးပါး၌ တရားကိုယ်တစ်ပါးတည်းဖြစ်သည်။ ဤစကားနှစ်ခွန်းသည်လည်း သမ္မပ္ပဓာန်လေးပါးအနက်မှ ရှေ့နှစ်ပါး၏နာမည်များ ဖြစ်ကြသည်။ "ဖြစ်နေသောအကုသိုလ်များကို ပယ်ခြင်းနှင့် မဖြစ်သေးသောအကုသိုလ်များ မဖြစ်စေခြင်း"သည် စကားလုံးအရဖြစ်စေ၊ လုပ်ငန်းအရဖြစ်စေ နှစ်ခုပြားသော်လည်း အဓိပ္ပါယ်မှာ တသားတည်းဖြစ်သည်။

ထို့ကြောင့် အလယ်လမ်းပညာရှင်များသည် သူတို့ အလယ်လမ်းလျှောက်ရန် ရောက်လာခြင်း၏အကြောင်းကို လှပမြိုင်ဆိုင်ရန် "ယခုဆင်းရဲတွေလည်းပျောက်ပြီး၊

နောင်ဆင်းရဲများသည် မရောက်ရန် ဘယ်လိုပြုမလဲဟူသော ရည်ရွယ်ချက်နှင့် ဖြစ်ပါသည်''ဟု ပြောကြမည်ဖြစ်ပါသည်။ ထိုအပြောဖြင့် ကိစ္စနှစ်ခုရှိသလို ထင်ရသည်။ တစ်ခုမှာ 'ယခုဒုက္ခကို ပျောက်လိုခြင်းဖြစ်ပြီး၊ အခြားကိစ္စမှာ နောင်ဒုက္ခမရောက်ဖို့'ဟူ၍ ဖြစ်သည်။

ထိုသူတို့သည် ထိုသို့ပြောကြသော်လည်း ထိုနှစ်ကိစ္စအတွက် အားထုတ်မှုနှစ်မျိုးကို လုပ်ကြမည်မဟုတ်ပေ။ လုပ်စရာလည်းလိုမည် မဟုတ်ပေ။ ''ယခုကိစ္စကိုပြီးအောင်လုပ်ခြင်း''သည်ပင် နောင်ကိစ္စပါ ပြီးမြောက်ခြင်းဖြစ်သည်။

ဟုတ်ပါသည်။ ''ယခုဒုက္ခပျောက်အောင်ပြုခြင်း''သည်ပင် နောင်ဒုက္ခမရောက်ကြောင်း ဖြစ်သည်။ ထို့ကြောင့် နှစ်ကိစ္စရှိသော်လည်း နှစ်ကိစ္စအတွက် နှစ်လုပ်ကို လုပ်ရသည် မဟုတ်ပေ။

ဤနေရာ၌ ''နောက်ဒုက္ခ''၏အနက်ကို ဖွင့်ပါဦးမည်။ ရှင်နာဂသေနသည် နောက်ဒုက္ခ၏အနက်ကို ''သေပြီးနောက် ဖြစ်ပွားအံ့သောဒုက္ခ''ဟု ကောက်ထားမိခဲ့ပေသည်။ဤသို့ကား မဖြစ်နိုင်။ ပဋိစ္စသမုပ္ပါဒ်စက် လည်ပတ်ပုံကိုကြည့်လျှင် ''ဒုက္ခကြောင့် ကိလေသာဖြစ်၊ ကိလေသာကြောင့် ကံဖြစ်၊ ကံကြောင့် ဒုက္ခဖြစ်''၊ ဤသို့ တရစ်ပတ်ပတ် လည်နေသည်။ ဤစက်ထဲမှ□

**''ဖြစ်ဆဲဒုက္ခ''**သည် **''ယခုဒုက္ခ''**ဖြစ်ပြီး၊

ဤဒုက္ခကို ''အသိမှားခြင်း''ဟူသော ကိလေသာကြောင့် ''ကံ''ဖြစ်ပြီး၊

**''ကျရောက်လတ္တံ့သောဒုက္ခ''**သည် **''နောက်ဒုက္ခ''**ဖြစ်သည်။

''နောက်ဒုက္ခ''၏အရသည် လူကိုကျော်လွန်ပြီးဖြစ်သောဒုက္ခ မဟုတ်။ လူအတွင်း၌ဖြစ်သောဒုက္ခပင် ဖြစ်သည်။

ရှင်နာဂသေနသည် သူများပြောသံကြားဟူသော ရဟန်းပြုရခြင်း၏အကြောင်းကိုမှတ်သား၍ ပြောဆိုပြီးလျှင် ထိုအကြောင်းများ၏ အရကို ကောက်ရာ၌ ချွတ်ယွင်းနေခြင်းဖြစ်သည်။ ထို့ကြောင့် ရှင်နာဂသေနပေးသော ဥပမာများသည် အချည်းနှီးသာ ဖြစ်သည်။ မဟပ်မိ,မထပ်မိသော ဥပမာများသည်သာ ဖြစ်ကြတော့သည်ဟု ဆိုလိုသည်။

ရဟန်းပြုရကြောင်းစကား၏ အနက်သည် ဆိုခဲ့ပြီးသည့်အတိုင်း နှစ်လုပ်ရှိသည်

မဟုတ်သောကြောင့် ကြိုတင်ပြုလုပ်ခြင်းဟူသော အနက်အဓိပ္ပါယ်ပင် မရှိတော့ပြီ ဖြစ်သည်။ ယခုရောက်နေသောဒုက္ခကို ပျောက်ရန် ရဟန်းပြုခြင်းသည်၊ နောက်ဒုက္ခ မရောက်ရန်ကို ပြီးစေသည်။ ထို့ကြောင့် နောက်ဒုက္ခမရောက်ရန် ကြိုတင်သောအားဖြင့် ရဟန်းပြုခြင်းသည် မဟုတ်တော့ပေ။ နောက်ဒုက္ခမရောက်ရန် ယခုပြုသည်ပင်ဆိုဦး၊ ယခုရဟန်းပြုခြင်းသည် ကြိုတင်ခြင်း မဖြစ်စေပါ။ ထို့ကြောင့် ကြိုတင်ပြုလုပ်ခြင်းသည် လိုအပ်သည်ဟူသော ရှင်နာဂသေနစကား မမှန်ပေ။

ရေမသောက်သုံးချင်မီက ရေတွင်း၊ရေကန်များ ပြုလုပ်ခြင်းသည် ကြိုတင်ပြုခြင်း ဖြစ်သည်။ ဤကြိုတင်မှုသည် ကောင်းမွန်ပါသလော? မသောက်သုံးချင်ဘဲနှင့် ပြုလုပ်ထားခြင်းသည် ရှုတ်ရုံသာရှိသည် မဟုတ်ပါလော? ရေသောက်သုံးရန် အသုံးလိုမှ ရေတွင်း၊ရေကန်များပြုလုပ်သင့်သည် မဟုတ်ပါလော? ထမင်းစားရရန် လယ်လုပ်ခြင်းသည် ကြိုတင်ပြုလုပ်ခြင်းလော? အချိန်ကျ၍ ပြုလုပ်ခြင်းလော?

အမြဲစစ်ဘေးရန်ကြောက်၍ ကျုံး၊မြောင်း၊စစ်တပ် ပြုလုပ်ထားခြင်းသည် ကြိုတင်ပြုလုပ်ခြင်းသည်ပင်။ ဤအဖြေစကားသည် သင့်မြတ်မှန်ကန်ခြင်း ရှိပါသလော? အချိန်ကျ၍ ပြုလုပ်ခြင်းလော? တကယ် ထမင်းစားသုံးရန် မလိုဘဲ၊ တကယ် စစ်တိုက်စရာမရှိဘဲ လယ်ထွန်ခြင်း၊ကျုံး,မြောင်း,စစ်တပ် ပြုလုပ်ခြင်းများ ကြိုတင်ပြုလုပ်အပ်ပါသလော? ကြိုတင်ပြုလုပ်ခြင်းသည် တကယ် ပြုလုပ်စရာကိစ္စမရှိဘဲ၊ ရှိခဲ့သော်-ဟုမမြင်ဘဲ ရမ်းဆ၍ပြုလုပ်ခြင်းသာ ဖြစ်သည်။ ဤပြုလုပ်ခြင်းသည် ကောင်းမွန်ပါသလော?

ရှင်နာဂသေနသည် ဤအမှုကို ကောင်း၏-ဟု ဆိုပေသည်။ ပါဠိ၌လည်း ကောင်း၏-လာကြောင်း ထုတ်ပြပေသည်။ ထိုပါဠိသည် ရှင်နာဂသေနပြောချင်သော အနက်အဓိပ္ပါယ်ကိုဟောရန် အကြောင်းမရှိပေ။ပါဠိသည် “အကျိုးမရှိပါက ပြုခွင့်ကိုမလို” ညွှန်ကြားချက်မျှဖြစ်သည်။ ဘာဟူ၍မသိသေးသော အဖြစ်အတွက် ကြိုတင်ပြင်ဆင်အားထုတ်ထားရမည်-ဟု အလျဉ်းပင်ဆိုလိုသည် မဟုတ်ပေ။

ရှင်နာဂသေနသည် အထက်လမ်းသမားပြီပြီ ရမ်းလွန်း၊ ဆန်းလွန်းသောအဆိုများကို ဘုရားသျှင်ပါဠိများနှင့်တပ်လျက် ဟုတ်သလိုလို လုပ်လွန်းလှတကား။ အလယ်လမ်းအမြင် ရှိသည်ကိုလည်း ရှင်းလင်းရန်လိုအပ်ပါသည်

## ၆။ နေရယိကဂ္ဂဥဏှာဘာဝပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် ‘‘ငရဲမီးသည် တစ်ခဏချင်းကျေနိုင်သည့် ထုံးကျောက်ငယ်ကလေးမျှကိုပင် တစ်နေလုံးချေ၍ မကျေသောမီးထက် များစွာပူသည်။ ထိုသို့ဖြစ်လျက် ငရဲမီး၌ကျသော သတ္တဝါသည် နှစ်အထောင်ကြာသော်လည်း မကျေဟု ဆိုသည်။ ဤအရာသည် ဘယ်လို အယူရှိပါသနည်း?’’ဟူသော မိလိန္ဒ၏အမေးကို အောက်ပါဥပမာနှင့် ဖြေသည် –

‘‘ဒေါင်း,ခိုစသော သတ္တဝါတို့သည် ကျောက်နှင့်ကျောက်စရစ်တို့ကို ဝါးမျို၍ ကျေပျက်စေကြသည်၊ စားမျို၍ ကျေညက်စေကြသည်။ မိန်းမငယ်တို့သည်လည်း ထမင်း, မုန့်,ပဲများကို စားမျို၍ ကျေညက်စေကြသည်။ထိုသို့ဖြစ်လျက် သူတို့၏ဝမ်း၌ ပဋိသန္ဓေ တည်ကြသော ကလေးငယ်တို့သည် ကျေညက်ခြင်းသို့ ရောက်သည်ဟူ၍ မရှိကုန်။ ကံကြောင့်ဖြစ်သည်။ဤအတူပင် ကျောက်တုံးကြီးများကိုပင် ချေခြင်းစေသောငရဲမီး၌ ကျရောက်သောသတ္တဝါများ နှစ်ထောင်တို့ပတ်လုံး မကျေမမြေ့ တည်ရှိနေကြသည်မှာ လည်း ကံကြောင့်ပင်ဖြစ်သည်။’’ ထို့အပြင် ‘‘ကံမကုန်သမျှ ငရဲသူများ မသေကြ’’ဟူ၍ ပါဠိ၌လာကြောင်းလည်း ဖော်ထုတ်ဖြေကြားပေသည်။

ရှင်နာဂသေနသည် တက္ကသမားမှ တက္ကသမားစစ်စစ် ဖြစ်ပါသည်။ တက္ကသမားသည် စကားပြောဆိုရာ၌ ပြောစရာ၏ အခြေခံခိုင်မှုနှင့် မခိုင်မှုကို နည်းနည်းမျှ အရေးစိုက်ခြင်း မရှိပေ။စကား၏ရှေ့ကိုသာ ဦးတည်ပြောဆိုသွားတတ်သည်။ အခြေခံ မခိုင်သောစကားကို ရှေ့သို့ရောက်ရန် မည်မျှပင်တွန်းတင်သော်လည်း ရှေ့သို့ရောက်ရန် အကြောင်း မရှိပေ။အုတ်မြစ်မခိုင်ဘဲ အထပ်များစွာ အထက်ဆောက်နေသော အုတ်တိုက်ကဲ့သို့ မခိုင်မမြဲ ပြိုကျပျက်စီးရမည်သာ ဖြစ်သည်။

ရှင်နာဂသေန၏ ဤပြဿနာ၏အဖြေ၌ပါဝင်သော စကားများသည် အခြေခံ မခိုင်သော စကားများချည်း ဖြစ်ပေသည်။ ငရဲဆိုသောစကား၊ အစာများကျေ၍ သန္ဓေ သားမကျေဟူသောစကားများ ဖြစ်သည်။

ရှင်နာဂသေနသည် ငရဲကိုလည်း တကယ်သိသူ မဟုတ်သည်မှာ ထင်ရှားပေ

သည်။ သို့သော်လည်း ငရဲ၏အကြောင်းကိုကား နားနှင့်အပြည့် ကြားဖူးနေသူ ဖြစ်ပေမည်။ ငရဲမီးသည် ပကတိမီးထက် ပူသည်။ကျောက်ကြီးများကိုပင် ကျေစေနိုင်သည်ဟု သူမသိသည်မှာ အမှန်ဖြစ်သည်။ တဖန် ထိုငရဲကျသူများ နှစ်အထောင်ပတ်လုံး ရင်သန်နေသည်ကို မသိသည်မှာ အမှန်ဖြစ်သည်။

ထိုအကြောင်းများကို မသိခြင်းသည် ငရဲဟူသောစကား၏ အခြေခံအနက်အတ္ထကို မသိခြင်းဖြစ်သည်။ ပါဠိ၌တွေ့ရသည်ဖြစ်စေ၊ ဆရာ,မိဘ,ပေါင်းသင်းများ ပြောဟောသည်ကို ကြား၍ဖြစ်စေ သိခြင်းသည် အမှန်တကယ်သိခြင်းနှင့် ထပ်တူဖြစ်သည်ဟု ဆိုသင့်ပါမည်လော? ထိုသို့ သိခြင်းများသည် ဉာဏ်ဖြင့်သိခြင်းများ ဟုတ်နိုင်ပါမည်လော? ထို့ကြောင့် ရှင်နာဂသေနသည် ငရဲဟူသောစကားလုံး၏ အနက်အတ္ထ အစစ်အမှန်ရအောင် မဆောင်နိုင်သူ ဖြစ်သည်။

ဘုရားသျှင်သွန်သင်ခဲ့သော ငရဲ၏အတ္ထကို ဘုရားသျှင်မသွန်သင်မီက ငရဲ၏အရာများအတိုင်း ရှင်နာဂသေန နားလည်နေလေသည်။ ဘုရားသျှင်သွန်သင်ချက်၌ **'ငရဲသည် အကုသိုလ်၏အကျိုးဆက်** ဖြစ်သည်။ ကံနှင့်ဝိပါက်သည် ဧကတ္တဖြစ်သည်။ ကံနှင့်ဝိပါက်ဟူ၍ နှစ်ထွေပြားသော်လည်း တသားတည်းဖြစ်သည်။ထို့ကြောင့် ဝိပါက်ဟူသည် ကံ၏အရှိန်မှုဖြစ်သည်။ ကံ၏အရှိန်သည် ကံ၏ ကာလ,ဌာနများခြားဖြစ်ခွင့်ရှိပါမည်လော? ဤနေရာ၌ ခြားသည်ဆိုသည်မှာ ရှေ့ခဏနှင့် နောက်ခဏတို့ ဖြစ်ကြသည်ကို မဆိုလိုပါ။ ခဏကွက်လပ်ဖြစ်သည်ကိုသာ ဆိုလိုပါသည်။

ထို့ကြောင့် ဘုရားသျှင်ဟောခဲ့သောငရဲသည် ဘုရားမဟောမီက ငရဲကဲ့သို့ မြေကြီးတွင်း၌ရှိသောအရာ မဟုတ်ပေ။ လူအတွင်း၌ရှိသောအရာသာ ဖြစ်ပေသည်။

ဘုရားသျှင်ဟောခဲ့သောငရဲသည် မီးလည်းမဟုတ်ပေ။ သံလည်း မဟုတ်ပေ။ ပြာပူ၊လက်ပံပင်နှင့်ခွေးနက်ကြီးများလည်း မဟုတ်ပေ။ ထို့ကြောင့် ဘုရားသျှင်ဟောခဲ့သော ငရဲသည် အထည်ဝတ္ထုရှိသောငရဲ မဟုတ်ပေ။ လူအပြင်ဘက်၌ရှိသောငရဲ မဟုတ်ပေ။ လူအပြင်ဘက်မှာ သံပူစသည်များသည် တင်စားချက်များသာ ဖြစ်ကြသည်။

ဘုရားသျှင်ဟောခဲ့သည့်ငရဲသည် ပဋိစ္စသမုပ္ပါဒ်စက်၌ အကုသလကမ္မပထ အဖြစ်လည်ပတ်၍ ပေါ်ထွက်လာသော ဝိညာဏ်၊ နာမ်-ရုပ်၊ သဠာယတန၊ ဖဿ၊

ဝေဒနာဟူသော တရားတို့၏ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်စီးခြင်းတို့၏ အငွေအသက် အကျိုးဆက်ဖြစ်သော စိုးရိမ်၊ ပူဆွေး၊ ငိုကြွေး၊ပင်ပန်းခြင်းစသည်မျှသာ ဖြစ်သည်။

ဘုရားသျှင်ဟောခဲ့သည့် ငရဲသည် ကာယိကဒုက္ခဝေဒနာ မဟုတ်။ စေတသိကဒုက္ခဝေဒနာမျှသာ ဖြစ်သည်။ စေတသိကဒုက္ခဝေဒနာ၏ အပူသည် လောက၌ နှိုင်းဆဖွယ်မရှိသော အပူဖြစ်သည်မှာ ထင်ရှားသည်။ စေတသိကဒုက္ခဝေဒနာသည် လောဘ၊ဒေါသမရေတွက်နိုင်အောင် ပူပြင်းစွမ်းသန်ပါသည်။

လောက၌ အနုမြူမီး၊ဟိုက်ဒြိုဂျင်မီးများသည်ပင် ပကတိမီးများထက် အဆသောင်းသိန်းမက ပူလောင်ကြပေသည်။ ယင်းမီးများ၏အပူကိုပင် လူသည် အလောင်မခံရအောင် တတ်နိုင်ပါသည်။

လောဘ၊ဒေါသစသောမီးများသည် ကမ္ဘာချဉ်းထိ လောင်ကြပါသည်။ ထို့ကြောင့် ငရဲသည် စေတသိကဒုက္ခဝေဒနာမှု ဖြစ်ပါသည်။ လူ့အတွင်း၌ဖြစ်သောအရာ ဖြစ်ပါသည်။မြေကြီးအတွင်းရှိသောအရာ မဟုတ်ပါ။မီး၊သံပူ၊ပြာပူစသော ဒြပ်ဝတ္ထုရှိသောအရာ မဟုတ်ပါ။ ထို့ကြောင့် ငရဲသည် အိမ်လုံးမျှရှိသော ကျောက်ခဲကြီးများကိုတစ်ခဏချင်း ကျေပျက်ကုန်ခန်းစေသည်ဟူသော စကားများကို ပုံဆောင်ချက်များဟူ၍ နားလည်ဘို့လိုပါသည်။

ရှင်နာဂသေနသည် ဤအဖြစ်၌ အလုံး၌ပင် မှတ်သားထားသူဖြစ်သည်။ထို့ကြောင့် ရှင်နာဂသေနသည် ငရဲ၏အနက်အဓိပ္ပာယ်ကို တိကျအောင်နားလည်ခြင်းမရှိဘဲ ငရဲဟူသောစကားကို သုံးနှုန်းခဲ့ခြင်း ဖြစ်ပါသည်။ဤအချက်သည် ပြဿနာ၌ ကျန်ရှိနေပါသေးသည်။ ယင်းမှာ ဥပမာဖက်မှ စကားများ၏အနက်အဓိပ္ပာယ်ကို အမှန်မသိခြင်း ဖြစ်သည်။ ယင်းမှာ အမိဝမ်းတွင်နေကြသော သားငယ်များသည် အမိဝမ်း၌ရောက်သော ကျောက်ခဲ၊အရိုးအရင်းနှင့် အစားအစာကျေပျက်လျက် မကျေဘဲရှိသည်မှာ ကံကြောင့်ဖြစ်သည်ဟူသောစကား ဖြစ်ပါသည်။

ဤနေရာ၌ ရှင်နာဂသေနသည် သားငယ်တို့၏ကံကို မသိဘဲနှင့် ကံကြောင့် မကျေဟု ပြောဆိုခြင်းဖြစ်သည်။ ဤအပြောသည် ကြားဘူးနားဝအပြော သို့မဟုတ် ကြံဆ၍အပြော၏ အပြောများဟု သိကြပါသည်။ ဒိဋ္ဌ၊သုတ၊မုတတို့ဖြင့် ပြောသည်လည်း

မဟုတ်။ ပညာဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားအသိဖြင့်ပြောသော အပြောလည်း လုံးလုံး မဟုတ်ပါ။

မဟုတ်ကြောင်းထင်ရှားရန် ဆက်၍ဆိုပါမည်။ မိခင်များ၏ဝမ်း၌ ကျောက်ခဲ၊ အရိုးအရင်းနှင့် ကြမ်းသောအစားအစာ၊ ဤအရာများ ကျေပျက်ကြသည်မှာ အဘယ့် ကြောင့်နည်း? ဤပြဿနာ၏အဖြေကို ရှင်းလင်းလျှင် ဤအဆိုပြီးပါသည်။ ဤအရာ ကျေပျက်သည်မှာ ဝမ်းမီးကြောင့်လော? ကျေပျက်ခြင်း၏အကြောင်းကို အမှန်အကန် ဖော်ပြနိုင်ခြင်းကို နားလည်သွားခံရသူ မဟုတ်ပေ။ အစာကျေသည်မှာ ဝမ်းမီးကြောင့် ဟုသာ နားလည်သွားရပေသည်။

ရှေးအခါက ခန္ဓာဗေဒပညာထွန်းကားမှုသည် များစွာကျယ်ဝန်းဟန် မရှိပါ။ အလွန်ပင်လွယ်သော အူ၏အရှည်အလျားသည်ပင် မှန်ကန်ခြင်းမရှိသည်ကို သိနိုင်ပါ သည်။ လူတို့၏ အူအရှည်အလျားသည် လူအတွင်းတကယ်ရှိနေသော အူအရှည်အလျား ထက် မသိမသာမဟုတ်ပါဘဲ များစွာ ပိုလွန်နေပေသည်။ ဤအရာကိုပင် ရှေးလူနှင့်ယခု လူ ကွာခြား၍ဟု အဆိုမပြုသင့်ပါ။ ရှေးလူသည် ရှေးအတောင်အထွာနှင့်ပင် ဖြစ်သည်။ ယခုလူလည်း ယခုအတောင်အထွာနှင့်ပင် ဖြစ်ပါသည်။ ရှေးလူများ အရပ်ပိုရှည်လျား ၍ အူများပိုမိုရှည်သည်ဟု မဆိုသင့်ပါ။

ထို့ကြောင့် ရှေးလူများသည် ခန္ဓာဗေဒပညာ၌ များစွာ ကျယ်ဝန်းဟန်မရှိသည်မှာ ထင်ရှားလှပါသည်။ သူတို့သည် အစာအိမ်အတွင်းရှိ အစာများကျေမြေ့ကြသည်မှာ ဝမ်းမီးဟု သတ်မှတ်ကြပါသည်။ အစားအစာများ ကျေမြေ့ကြသည်မှာ ဝမ်း၏အပူရှိန် ကြောင့်မဟုတ်ပါ။ အစာအိမ်အတွင်းသို့ ပန်ကရိယ(Pancreas)ဟူသော သုံးဆယ့်နှစ် ကောဋ္ဌာသအတွင်းတည်ရန် နားလည်မခံရသေးသော သုံးဆယ့်သုံးခုမြောက်ကောဋ္ဌာ သမှ ထုတ်လုပ်ပေးသော ဓာတ်ရည်တစ်မျိုးကြောင့် ကျေမြေ့ကြခြင်း ဖြစ်ပါသည်။

ဆိုလိုသည်မှာ ဝမ်းအတွင်း၌ အစာများကျေမြေ့ကြသည်မှာ ဝမ်းမီးကြောင့် သို့မဟုတ် ဝမ်းအပူရှိန်ကြောင့် မဟုတ်။ တံတွေးတွင်ပါသော ဓာတ်ရည်စသော ဓါတ်ရည် အမျိုးမျိုးကြောင့်ပင်ဟု ဖြစ်ပါသည်။ထိုဓါတ်ရည်များသည် ဝမ်းအတွင်း၌ နေရာအနှံ့ အလိုအလျောက် စိမ့်စမ်းများကဲ့သို့ ယိုထွက်စီးသွားနေသည် မဟုတ်ပါ။ ပါးစပ်မှ

အစားအစာကို စားမိဝါးမိသော် ထိုအရသာရှိသော အစာကိုချေရန် ထိုအစာလာ ရောက်မှ ထွက်ပေးခြင်း ဖြစ်ပေသည်။

ထိုဓာတ်ရည်များသည် အပူရည်များလည်း မဟုတ်ပါ။ သံပုရာရည်၊ရောက်ရည် ကဲ့သို့ အေးစက်သော်လည်း ကြေးစသောသတ္တုများကို လောင်တတ်သော အအေး လောင်ရည်များသာ ဖြစ်ပါသည်။ထို့ကြောင့် ဝမ်းအတွင်းရှိ အစာကြမ်းများကျေသော် လည်း ပင်္ဂိသန္ဓေနေသောသားကောင် မကျေခြင်းဖြစ်ပါသည်။ သားကောင် အဘယ် ကြောင့် မလောင်သနည်းဟု မမေးသင့်ပါ။

အစာလမ်းနှင့် သားကောင်နေသောသားအိမ်သည် သီးခြားဖြစ်သည်။ အစာ လမ်း၌သာ ဤဓါတ်ရည်များထွက်ကျယိုစီး၍ သားအိမ်၌ ဤဓါတ်ရည်များ လုံးလုံးမရှိပါ။ လာရန်လမ်းလည်း မရှိပါ။ ထို့ကြောင့် အမိဝမ်းတွင်း၌ အစာကြမ်းများကျေလျက် သားကောင်မကျေခြင်းသည် အဘယ့်ကြောင့်ဟု ထင်ရှားလှပါသည်။ သားကောင်ကံ ကြောင့်ဟုပြောရန် နည်းလမ်းလုံးဝမရှိကြောင်း ပေါ်လွင်လှပါသည်။

ဤသို့ဖြစ်လျက် ရှင်နာဂသေနသည် သားကောင်ကံဟု ဆိုခဲ့ပါသည်။ ဤအဆို အရ ရှင်နာဂသေနသည် သားကောင်၏ ကံဆိုသည်ကို တစ်မှုန်တစ်မွှားလေးမျှ နား လည်ခြင်းမရှိဘဲ နားလည်နေယောင်၊ ပဏ္ဍိတမာနီ လုပ်လိုက်သည်မှာ ထင်ရှားလှပါ သည်။ ထို့ကြောင့် ရှင်နာဂသေနသည် ဥပမာဘက်မှ စကားလုံး၏ အခြေခံအနက် အတ္ထကိုလည်း နားလည်ခြင်းမရှိသူ ဖြစ်ပါသည်။

ဤသို့လျှင် ဥပမာ၊ဥပမေယျ နှစ်ဘက်လုံးမှ စကားလုံးများ၏ အခြေခံအနက် အတ္ထများ မခိုင်မာဘဲ တည်ဆောက်ထားသောသူ၏ စကားအဆောက်အဦသည် ဘယ်အခြေ၌ရှိမည်ဟု ပြဆိုရန်မရှိတော့ပါ။

ဤပြဿနာ၏ဖြေဆိုချက်အရ ရှင်နာဂသေနသည် ဒဿနသမား လုံးဝ မ ဟုတ်၊ တက္ကသမားစစ်စစ်ဖြစ်ကြောင်း နားလည်နိုင်ပါသည်။ဒဿနသမားသည် စကားတစ်လုံး၏ အနက်အတ္ထကို တိကျအောင် အရကောက်ယူသောလုပ်ငန်းကို လုပ်သည်။ တက္ကသမားကား ထိုသို့မဟုတ်။ထိုစကားလုံး၏ ရှေ့ဆက်၍ ဘယ်လိုလှပ ချောမွေ့အောင် မွမ်းမံရမည်နည်း-ဟုသာ ကြံဆသူဖြစ်သည်။ တက္ကသမား၏စကားသည်

လှကား-လှပေသည်၊ သို့သော် အသုံးချ၍မူ မရပေ။

ထို့ကြောင့် ရှင်နာဂသေန၏ စကားများသည် လောကအတွက် အလုပ်ရှုတ်သော သို့မဟုတ် ပြဿနာပိုတက်စေသော အရာများဖြစ်၍၊ များစွာသတိထား၍ နာကြား၊ဘတ်ရှုသင့်လှပေသည်။

**၇။ ပထဝိသန္တာရကပဥှာ၊**

**၈။ နိရောဓနိဗ္ဗာနပဥှာ၊**

**၉။ နိဗ္ဗာနလာဘနပဥှာ၊**

**၁၀။ နိဗ္ဗာနသုခဇာနနပဥှာ။**

ဤပြဿနာများ၏ အဖြေများသည် ဘဝအမြင်ကို ထွန်းပြချက်များ မဟုတ်သည်ကတစ်ချက်၊ဒဿနသမားတို့၏အရာ မဟုတ်သည်ကတစ်ချက်တို့ကြောင့် သုံးသပ်ဖွယ်မရှိပြီ။

**နိဗ္ဗာနဝဂ်   ပြီး၏။**

rvEyOm

# ဗုဒ္ဓဝဂ္ဂ

## ၅။ ဗုဒ္ဓဝဂ္ဂ

၁။ ဗုဒ္ဓသသ အတ္တိနတ္ထိဘာဝပဥှာ၊

၂။ ဗုဒ္ဓသသ အနုတ္တရဘာဝပဥှာ၊

၃။ ဗုဒ္ဓသသ အနုတ္တရဘာဝဇာနနပဥှာ၊

၄။ ဓမ္မဒိဋ္ဌပဥှာ။

ဤပြဿနာများ၏ အဖြေများသည် ဘဝအမြင်ကို ထွန်းပြချက်များ မဟုတ်သည်ကတစ်ချက်၊ ဒဿနသမားတို့၏အရာ မဟုတ်သည်ကတစ်ချက်တို့ကြောင့် သုံးသပ်ဖွယ် မရှိပြီ။

## ၅။ အသင်္ကမနပဋိသန္ဓဟနဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "မပြောင်းမရွှေ့ရဘဲ ဘယ်သို့ ပဋိသန္ဓေနေပါသနည်း?"ဟူသော မိလိန္ဒ၏အမေးကို "မီးကူးနည်း၊ပညာသင်ယူနည်းဖြင့် နေသည်"ဟု ဖြေသည်။

ဆိုလိုသည်မှာ မီးတိုင်တစ်ခုမှ မီးတိုင်တစ်ခုကို ညှိထွန်းရာ၌ မီးသည်ပြောင်းရွှေ့ခြင်းမရှိဘဲ နောက်မီးတိုင်၌ဖြစ်ပွားသည်။ ဆရာထံမှာ ပညာသင်ရာ၌ ဆရာ၏ပညာများ အရွှေ့အပြောင်းမရှိဘဲ တပည့်၌ ပညာများဖြစ်ပွားသည်။ဤအတိုင်းပင် ဤဘဝ၌ မရွှေ့မပြောင်းခဲ့ဘဲ ထိုဘဝ၌ ပဋိသန္ဓေနေသည်ဟူ၍ ဖြစ်သည်။

ဤအဖြေသည် သင့်မြတ်ပါသလော? ရှင်နာဂသေန၏ "ပဋိသန္ဓေနေ" ဆိုသောစကားသည် ဤဘဝမှစုတေကျ၍ နောက်ဘဝသစ်၌ အစဆုံးဖြစ်ထွန်းခြင်းကိုသာ ဆိုလိုပါသည်။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌ပါဝင်သော မရဏအင်္ဂါနှင့် ဇာတိအင်္ဂါတို့ ကူးပုံကို ဆိုလိုသည်မဟုတ်ဘဲ ရှိရာပါသည်။ အဘယ့်ကြောင့်ဆိုသော် "ရွှေ့ပြောင်း"ဟူသော စကားမြွက်များ မရ ဖြစ်ပါသည်။"ဤဘဝမှ ထိုဘဝသို့ဖြစ်ခြင်း၌ ထိုဘဝသို့ဖြစ်ရန် ဤဘဝမှ ဘယ်အရာများ ကူးပြောင်းရွှေ့လျားသွားပါသနည်း"ဟု သိရန် ရှုတ်ထွေး၍ မေးသောကြောင့် ဖြစ်ပါသည်။

အကယ်၍ ရှင်နာဂသေနဖြေဆိုသော မီးဖြစ်ပုံနှင့် တပည့်၌ ပညာဖြစ်ပုံများဖြင့်

ပြဆိုသောအဆို အောင်မြင်လျှင် ဤဘဝမှသေ၍ နောက်ဘဝ၌ဖြစ်သည်ဟု နားလည်ယူဆရန်ဖြစ်ပါသည်။ ဤသို့ ဤဘဝမှသေ၍ နောက်ဘဝ၌ဖြစ်သည်ဟု ယူဆရာ၌လည်း ဤဘဝနှင့်နောက်ဖြစ်လတ္တံ့သောဘဝသည် တစ်ခုတည်းဖြစ်မနေရန် ကြိုးစားရဖို့ ရှိပါသည်။ အကယ်၍ ဖြစ်နေလျှင် ယင်း၏အဖြစ်ကို ဘုရားသျှင် အတိအလင်းငြင်းခဲ့သော သဿတမိစ္ဆာဒိဋ္ဌိဟူသော စကားလုံးနှင့် ငြိစွန်းမည်ဖြစ်ပါသည်။

ထို့ကြောင့် ပဋိသန္ဓေနေရာ၌ ဘဝဟောင်းမှ ပစ္စည်းတစ်စုံတစ်ရာ အပြောင်းအရွှေ့ ပါနှင့်မပါ ရှင်းလင်းရခြင်းဖြစ်ပါသည်။ ပဋိသန္ဓေသည် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ၌ပါသော ဘဝနောက်မှဇာတိမဟုတ်ဘဲ အခုသေပြီးနောက်မှ ဖြစ်ပေါ်လာသောအရာ၏ အစဆုံးဖြစ်သောစိတ်ကို ဆိုလိုပါသည်။ ဤစကားများသည် အမေးစကားကို ရှင်းချက်မျှဖြစ်သည်။

ဤအမေးအတွက်အဖြေသည် ဥပမာဖြင့်သာ ပြီးပါသည်။ဥပမေယျဖက်မှ ဖြစ်ပေါ်ရာ တစ်စုံတစ်ရာကို ထုတ်ပြဖော်ညွှန်းခြင်း မရှိပါ။ လွယ်လွန်းလျှင်လည်း ဤသို့ပြုနိုင်ပါသည်။ ရှင်နာဂသေန မဖော်ညွှန်းသည်ကား အဘယ်နှလုံးသွင်းဖြစ်မည်ကို တပ်အပ်မသိပါ။

သူထုတ်ဆောင်သာဥပမာများကို ဖွင့်ကြည့်ရပါမည်။ မီးရှိသောမီးတိုင်မှ မီးမဲ့မီးတိုင်ကို မီးညှိထွန်းရာ၌၊ မီးရှိမီးတိုင်မှမီးသည် မီးမဲ့မီးတိုင်သို့မလာ-ဟုဆိုပါသည်။ ဤစကားသည် မှန်သောစကားလည်း ဖြစ်တန်ရာပါသည်။ မီးရှိမီးတိုင်မှ မီး၏အပူရှိန်သတ္တိဖြင့် မီးမဲ့မီးတိုင်၌ မီးတောက်ခြင်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် မီးမဲ့မီးတိုင်သို့ မီးရှိမီးတိုင်မှ မီးလာသည်မဟုတ်။ ထိုသို့မဟုတ်သော်လည်း မီးမဲ့မီးတိုင်မှမီးသည် မီးရှိမီးတိုင်က မီးနှင့် ကျေးဇူးကင်းသည်လည်းမဟုတ်။ ဤသို့ အဓိပ္ပါယ်ထွက်ပါသည်။ ဤစကားသည် မီးတိုင်နှစ်ခုမှ မီးနှစ်ခုတို့၏အစဉ်ကို ပုံဖော်ပြချက်ဖြစ်ပါသည်။

ဤပုံဖော်ချက်ဖြင့် ထိုဘဝ၊ဤဘဝ သို့မဟုတ် စုတိနှင့်ပဋိသန္ဓေ၊ ယင်းတို့နှင့်ဖြစ်စဉ်ကိုပုံဖော်လိုလျှင် မီးတိုင်နှစ်ခု၌ ဌာနအခြားမရှိအောင် မီးတိုင်တစ်ခုနှင့်တစ်ခု နမ်းထိသကဲ့သို့ ထိုဘဝနှင့်ဤဘဝ နမ်းထိချက်ရှိဖို့ လိုပါသည်။ မီးတိုင်တစ်ခုမှ မီးတိုင်တစ်ခုသို့ ညှိထွန်းရာ၌ အရေးပါသောအချက်မှာ မီးတိုင်အချင်းချင်း ဌာနမပြားရန် နမ်းထိခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုဘဝနှင့်ဤဘဝ သို့မဟုတ် စုတိနှင့်ပဋိသန္ဓေ၊ ဤနှစ်ခု

တို့ နမ်းထိခြင်းရှိကြ၏လော?

ဤဥပမာအားဖြင့် လူ့ဘဝမှစုတေ၍ ဗြဟ္မာပြည် အထက်ဆုံးထပ်ဆိုသော နေရာ၌ ပဋိသန္ဓေအကျိုးကို ဖြစ်ပွားစေလိုက်သည် ဆိုပါအံ့။ ထိုနေရာနှစ်ခုသည် များစွာဝေးလံလှသည်ဟု ဆိုပါသည်။ ယူဇနာခန့်ရှိသော ကျောက်ပြားကြီးကို ဗြဟ္မာ့ပြည်မှချလိုက်လျှင် လူ့ပြည်သို့ ကမ္ဘာချီ၍ကြာမှရောက်သည်ဟုပင် အဝေးကို ပြဆိုကြပါသည်။ ဤဌာနနှစ်ခုသည် အကြားဝေးလှပါသည်။ ဤနှစ်ခုသည် အဘယ်သို့ နမ်းကြပါသနည်း? မထိလျက်လည်း ဤခရီးကို မည်သူသွား၍ ဤအမေးကို ဤသို့ဖြေနိုင်ပါသနည်း?

နာမ်တရားသည် ရုပ်ကဲ့သို့ မလေး,မနှေး။ ထို့ကြောင့် ရုပ်မီး,တိုင်မီးများကဲ့သို့ ထိနမ်းဖို့မလိုဘဲ၊ ပြီးနိုင်သည်ဟူ၍ ဖြစ်ပါသည်။ နှေးသောရုပ်ဖြစ်သော အရှိန်များစွာ ကောင်းသော မီးများပင် နမ်းထိဖို့မလိုဘဲ ဖြစ်ပွားချက်များ ရှိနေသည်။ မြို့ကြီးရွာကြီးများ မီးလောင်လျှင် အရှေ့အရပ်လောင်နေစဉ်ပင် တောင်အရပ်,မြောက်အရပ်များမှ အိမ်များသည် မီးလုံးများဖြတ်ကူးခြင်းမရှိဘဲ ဟုတ်ကနဲ,ဟုတ်ကနဲ မီးထ-ထလောင်ကြသည်။ နာမ်မူကား ရုပ်ထက်ပေါ့ပါးသည်။ထို့ကြောင့် လူ့ပြည်မှ ဗြဟ္မာ့ပြည်သို့ အရှိန်ဖြင့် ဖြစ်စေနိုင်သည်။ ဤသို့ ဖြေလိုက ဖြေနိုင်ပါသည်။

ဤသို့ဆိုလျှင် မီး၏သတ္တိသည် သူလောင်ချင်သည့်နေရာကို လောင်သကဲ့သို့ လူ့ပြည်မှကံသည်လည်း ဗြဟ္မာပြည်လိုအဝေးအလံကို အရှိန်နှင့်ဖြစ်စေသည်။ အကြားမှ နတ်ဘုံများ၌ အဘယ့်ကြောင့် စွဲငြိ ပဋိသန္ဓေမယူကြပါသနည်း? ဤသို့မေးသင့်သည်။ ဟုတ်ပါသည်။လူ့ပြည်မှ ဗြဟ္မာ့ပြည်ဆိုသည်သို့ ဖြစ်သူ၌ လူ့ပြည်မှကံများ ဗြဟ္မာ့ပြည်သို့ သွားသည်မဟုတ်။ လူ့ပြည်မှ ကံ၏အရှိန်များသာသွားသည်ဟု ဆိုသည်။

ကံသည် မီးဖြစ်ခဲ့လျှင် ကံ၏အရှိန်သည် မီး၏အလင်းသာဖြစ်ရမည်။ မီး၏ အလင်းသည် ကိုက်တစ်ရာဝေးသောနေရာမှ ဝတ္ထုပစ္စည်းသို့ ကျရောက်လင်းကြည်သည် ဆိုလျှင် ထိုကိုက်တစ်ရာဝေးရာ အရာဝတ္ထု၌ လင်းနေသောအလင်းနှင့် အလင်းရောင် ထုတ်လွှတ်ရာ မီးတို့၏အကြား၌ အဆက်အသွယ်ပြတ်နေသည် မဟုတ်ပေ။အကြား၌ အကယ်၍ အရာဝတ္ထုတစ်ခုရှိလျှင် ထိုအရာဝတ္ထုတို့လည်း အလင်းရောင်ထိခိုက်မည်

ဖြစ်ပေသည်။

အလင်းသည် မီးမဟုတ်၍ ကောက်ကွေ့ရောင်ရားသွား၍ မဖြစ်ပေ။ ဤအတူ လူ့ပြည်မှ ကံ၏အရှိန်သည်လည်း ပြဟ္မာပြည်ဆိုသောအရပ်သို့သွားရာ၌ လမ်းတွင်း၌ ရှိသော အောက်အောက်ပြဟ္မာနှင့် နတ်ဘုံအဆင့်ဆင့်ဆိုသည်ကို ရှောင်ရှားသွားရန် အကြောင်း မရှိပေ။ အရှိန်သည် အတိအကျမဟုတ်သောကြောင့် ရှောင်ရှား၍မရဘဲ ရှိမည်ပင်။ထို့ကြောင့် ထိုအရှိန်သည် ပြဟ္မာပြည်မရောက်ဘဲ ရှိလိုကရှိနိုင်သည်ပင်။ဤသို့ ဖြစ်နိုင်သလော?ဟု မေးဘွယ်ရှိသင့်သည်။

ထို့အပြင် မီးဥပမာ၌ ဆိုဖွယ်ရှိပါသေးသည်။ ယင်းမှာ မီးရှိမီးတိုင်မှ မီးမဲ့မီးတိုင်ကို မီးညှိရာ၌ မီးမဲ့မီးတိုင် ရှိပြီးဖြစ်ရပါသည်။ ထို့အတူ ထိုဘဝမှဤဘဝသို့ဖြစ်စေရာ၌ ထိုဘဝမှကံရှိန်များ အဟပ်ခံစရာ မီးမဲ့မီးတိုင်ကဲ့သို့သော ဤဘဝရှိနေဖို့ လိုပါသည်။

ဤစကားကို ဤသို့ဖြေလျှင်ကား ဖြေနိုင်ပါသည်။ ထိုဘဝ စုတိချိန်နှင့် ဤဘဝ မိဘနှစ်ဦးတို့ သွေးရောချိန်၊ သို့မဟုတ် သွေးရောပြီးချိန် မလွန်သေးမီ ညီညွတ်နိုင်ပါသည်။ ထို့ကြောင့် ဤဘဝ အရှိန်မဟပ်စရာမရှိဟု မဖြေနိုင်ပါ။ ဤသို့ ဖြေနိုင်ပါသည်။

ဤအဖြေသည် လူ၌မူ ရှိပါစေ။ နတ်,ပြဟ္မာဆိုသည်များ ဘယ်သို့နည်း ထပ်၍ မေးရပါမည်။ မီးရှိမှ မီးရှိမီးတိုင်၏အထောက်အပံ့ဖြင့် မီးမဲ့မီးတိုင်၌ မီးဖြစ်သည်ဟူရာ၌ မီးမဲ့မီးတိုင်သည် မီးမရှိသေးသော်လည်း မီးဖြစ်ရန်အပြည့်အစုံ ရှိနေပြီးဖြစ်သည်။ နတ်,ပြဟ္မာဆိုသည်များ၌ လူ့ဘဝကံ၏ အရှိန်အထောက်အပံ့ နတ်,ပြဟ္မာပြည်၌ ဖြစ်မည်ဆိုလျှင် ထို၌-ထိုအထောက်အပံ့ကိုလက်ခံရန် ရှိပြီးဖြစ်နေပါမည်။ ထိုသို့ရှိသည်ကို ဝန်မခံနိုင်ရှိမည် မဟုတ်ပါလော?

အခြားဥပမာဖြစ်သော ဆရာ၊တပည့် ပညာသင်ခြင်း၌လည်း ဤအတူပင်။ ဆရာ့ပညာသည် တပည့်ထံကူးပြောင်းသွားခြင်း မဟုတ်။ သို့သော်လည်း တပည့်ပညာသည် ဆရာ့ပညာနှင့်ကင်းသည်လည်း မဟုတ်။ ဤဥပမာပြုပါသည်။

ဥပမေယျ၌ ဥပမာဖြင့်အခိုင်းနှိုင်းခံနိုင်သောသတ္တိများ မရှိပါ။ ဤဥပမာ၌ ဆရာဟူသောဝတ္ထု၊တပည့်ဟူသောဝတ္ထု။ ဤဝတ္ထုနှစ်ခု ရှိပြီးဖြစ်သည်။ ဥပမေယျဖက်၌ ထိုဘဝဟူသော ဝတ္ထုသာရှိ၍၊ ဤဘဝဟူသောဝတ္ထု မရှိပါ။ ထိုဘဝနှင့် ဤဘဝတို့သည်

ဆရာနှင့်တပည့်ဆိုသော ဝတ္ထုနှစ်ခုကဲ့သို့ တချိန်တည်းနှင့် နှစ်ခုလုံး ပြိုင်ရှိနေနိုင်သော အရာများ မဟုတ်ကြပါ။ ဤတစ်ချက်သည်လည်း ဤဥပမာနှင့် ဥပမေယျတို့ မဟပ်ပုံဖြစ်သည်။

ယင်းမှ နောက်တစ်ချက်လည်း မစပ်ပုံရှိပါသေးသည်။ ယင်းမှာ ပညာသင်ကြရာ၌ ဆရာနှင့်တပည့်နှစ်ဦးသားကို အာရုံငါးပါး တစ်ပါးပါးဖြင့် စပ်သွယ်နမ်းထိကြပါသည်။ ဤဥပမာနှင့်ဥပမေယျတို့သည် ဤသို့နမ်းထိခြင်း မရှိပါ။ဌာနအခြေအနေပင် ကွာဟကြားလပ်နေပါသည်။

ထို့ကြောင့် ဥပမာများသည် ဤပြဿနာ၏အဖြေကို ပြီးစေနိုင်သော အဖြေများ မဖြစ်နိုင်ဘဲရှိမည်အမှန် ဖြစ်သည်။ ဥပမေယျဖြစ်သောတရားများ၏ လှုပ်ရှားဟန်ကို အနည်းအကျဉ်း ထင်လင်းမပြဘဲ ဥပမာချည်းဆိုသည်မှာ ရှင်နာဂသေန၏ ရှိုးသားချက်ဖြစ်ရန်ပင် အကြောင်းမရှိပေ။

**၆။ ဝေဒဂူပဉ္စာ။** ။ဤပြဿနာ၏အဖြေသည် အထူးမရှိပါ။

## ၇။ အညကာယသက်မနပဥာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဤကိုယ်မှ တစ်ပါးကိုယ်သို့ ပြောင်းရွှေ့ခြင်းမရှိလျှင် မကောင်းမှုတို့မှလွတ်မည် မဟုတ်ပါလော?”ဟူသော မိလိန္ဒ၏အမေးကို “သြော်_ပဋိသန္ဓေမနေလျှင် လွတ်ပါသည်၊ နေလျှင်တော့ မလွတ်ပါ” ဤသို့ ဖြေပေသည်။ဆက်၍ ဥပမာလည်း ဆောင်ပါသည်။

“သူများသရက်သီးကို ခိုးယူသူသည် အပြစ်ရသည်။ အခိုးခံရသော သရက်သီးသည် သူများစိုက်သောသရက်သီးနှင့် တခြားစီ ဖြစ်သည်။ ထိုသို့ တခြားစီဖြစ်သော်လည်း အခိုးခံရသောသရက်သီးသည် စိုက်သောသရက်သီးကိုမှီ၍ဖြစ်သော သရက်သီးသာဖြစ်သောကြောင့် အပြစ်ရခြင်း ဖြစ်သည်။”

“ဤအတူ ကိုယ်နှင့် ပြုလုပ်၏။ ထိုပြုလုပ်ချက်ဖြင့် ထိုကိုယ်ဖြစ်ပွား၏။ထိုသို့ ထိုကိုယ်သည် ဤကိုယ်ကိုမှီ၍ဖြစ်သောကြောင့် ဤကိုယ်မှ ထိုကိုယ်သို့ တစုံတရာ မပြောင်းရွှေ့သော်လည်း မကောင်းမှုမှမလွတ်”ဟု ဖြေပေသည်။ဤအဖြေ သင့်မြတ်ပါသလော?

သူ့အဖြေနှင့်သူကြည့်လိုက်လျှင် မသင့်လျော်ဟူ၍ မတွေ့မြင်စရာဖြစ်သည်။ ဒဿနမျက်လုံးမရှိသမျှ ဤအဖြေသည် သိပ်သည်းကျစ်လျစ်သောအဖြေဟု ထင်ရှိမည်မှာ အမှန်ပင်။ဤအဖြေသည် တက္ကပညာဖြင့် အသပ်ရပ်ဆုံး တည်ဆောက်ထားသော အဖြေ ဖြစ်သောကြောင့်ပင်။

ဘုရားသျှင်တရားတော်ကား တက္ကဖြင့် မပြီးနိုင်,မပြည့်စုံနိုင်သော**အတက္ကာဝစရဓမ္မ**’ ဖြစ်၍ စိစစ်ရပါမည်။

ဤအဖြေသည် မစိစစ်ဘဲထားဖို့ပင် ကောင်းအောင် သင့်လျော်လှပခြင်းရှိသော အဖြေ ဖြစ်ပါသည်။ အစစလုံးစုံ ပီရိလှသောအဖြေဟု သာမန်မျက်စေ့ရှိသူတို့ထင်အောင် တတ်နိုင်သောအဖြေ ဖြစ်ပါသည်။

သို့သော်လည်း ဤအဖြေသည် ဒဿနမျက်စေ့ဖြင့်ကြည့်လျှင်ကား ဖျာလိပ်ကို နဂါးဟု မျက်စေ့လှည့်ပြထားချက်၌ နဂါးမထင်ဘဲ ဖျာလိပ်သည် ဖျာလိပ်သာထင်သကဲ့သို့ ထိုဇာတိရုပ်များ ဘွားဘွားကြီး ပေါ်လွင်လျက် ရှိနေပေသည်။

ဟုတ်ပါသည်။ မိလိန္ဒ၏အမေးသည်လည်း လူကိုကျော်၍ မေးထားပါသည်။ ထိုသို့ဖြစ်သော်လည်း ဤအမေး၌အပြစ်မရှိပါ။ အမေးသည် အမေးသာဖြစ်ပါသည်။ အဖြေမဟုတ်၍ မှန်ဘို့မလို။ ဤအမေးသည် အဘယ်သို့ လူကိုကျော်နေသနည်း?

မိလိန္ဒသည် မကောင်းမှုပြုသူ၏ မကောင်းကျိုးများ ဖြစ်မည်ဆိုလျှင် သေပြီး နောက်မှဖြစ်မည်ဟု ယူဆသည်။ အကယ်၍ သေပြီးနောက်မှမဖြစ်လျှင် ပြုလုပ်မိသော မကောင်းမှုများ၏ အကျိုးများမှလွတ်မည်။ ဤသို့ယူဆသည်။ ဤအယူအဆသည် လူကိုကျော်သည် မဟုတ်ပါလော?

လူပြုသောအမှု လူသေပြီးဟိုမှာဘက်၌ ဖြစ်နှင့်မဖြစ်ကို တွေးခေါ်ခြင်းသည် လူကိုကျော်ခြင်း မဟုတ်ပါသလော?

အကယ်ဖြစ်,ပျက်သောတရားတို့သည် လူကိုကျော်လွန်ခြင်း ရှိကြပါသလော?

လူပြုသော ကောင်းမှုနှင့်မကောင်းမှုတို့သည် ပြုသူလူ၌ပင် ကောင်းကျိုးနှင့် မကောင်းကျိုးများ မဖြစ်ကြသလော?

ဤအရာကို မိလိန္ဒသည် အနည်းငယ် ငုံ့ကြည့်မိဟန် မရှိချေ။ အကယ်၍ ဤ အရာကို ငုံ့ကြည့်မိလျှင် ဤ လူကျော်သောပြဿနာကို ပြုမိမည် မဟုတ်ပေ။

လူပြုသောအရာသည် လူရသောအကျိုးနှင့် မပြည့်စုံပြီလော?

ဥပမာ _ လူသတ်သောသူ။ ဤသူ၏ လူသတ်ခြင်းမကောင်းမှုကြောင့် ဘေး အမျိုးမျိုးဆိုက်သည်။ မိမိတစ်ဦးတည်း လုံခြုံစွာသတ်ခဲ့လျှင်လည်း ငါ့အမှုကို ဘယ်သူများ သိမလဲ? ဤသို့တကြောင့်ကြကြ စိုးရိမ်ရပါသည်။ ပတ်ဝန်းကျင်သိလျှင်လည်း ထိုသူကား လူသတ်သမားတည်းဟု စွပ်စွဲကြပါမည်။

ဤသို့ ပတ်ဝန်းကျင်၏ ယုံကြည်စိတ်ချရမှု အဆုံးရှုံးခံရခြင်းသည်လည်း ဒုက္ခ တစ်မျိုး ဖြစ်ပါသည်။ အသတ်အဖြတ် အရိုက်အပုတ်လည်း ခံဖွယ်ရှိပါသည်။ ထို့ပြင် သူ့ဘဝ၏ အနာဂတ်အလားအလာလည်း ကျဆုံးမှုနှင့်ရင်ဆိုင်ရမည် ဖြစ်ပါသည်။ ဤသို့ သောအကျိုးများကို ထိုလူသတ်သမား အကယ်မဖြစ်ပေါ်သလော? ဖြစ်ပေါ်သလော? အကယ်၍ ဖြစ်ပေါ်လျှင် ထိုအကျိုးများသည် သတ်ခြင်းဟူသောလုပ်ငန်း၏ ရရှိသည့် အကျိုးထက် သေးငယ်နေပါသေးသလော?

မိလိန္ဒသည် ဤသို့ စစ်မှန်သော မကောင်းမှု၏အကျိုးများကို မကြည့်သော ကြောင့် မကောင်းမှု၏အကျိုးများကို လူကိုကျော်၍ ရှုကြည့်မိပါသည်။ ပြုလုပ်သော အကြောင်းသည် ရရှိသောအကျိုးနှင့် မမျှအောင် ကြီးမားလျှင်ကား အကြောင်းလက်ကျန် ကျန်နေမည်ဖြစ်ပါသည်။

လောက၌ ပြုလုပ်သမျှသည် ရရှိခြင်းနှင့်မမျှအောင် သေးငယ်သည်ဟူ၍၄င်း၊ ကြီးထွားသည်ဟူ၍၄င်း မရှိပေ။ ပြုလုပ်ခြင်းနှင့်အမျှသာ ရကြခြင်း ဖြစ်ကြပေသည်။ တစ်နေ့လျှင် ငါးကျပ်တန်အောင် အလုပ်လုပ်နိုင်သေးသူသည် ငါးကျပ်ရပြီး တစ်ဆယ်တန် အောင် အလုပ်လုပ်နိုင်လျှင် တစ်ဆယ်ပင်ရပေသည်။

ထိုသို့ လူကျော်သောအမြင်၌ ကိုယ်ကျင့်တရားပြည့်ဝမှုကို မဖြစ်စေနိုင်သော ကြောင့် လူကျော်မှုကို ဘုရားသျှင် အတင်းအကြပ် ကန့်ကွက်ခဲ့ခြင်း ဖြစ်ပါလျှက် ရှင်နာဂ သေနသည် လူကိုကျော်၍၊ မဖြစ်ဖြစ်အောင် အပေါက်အကြားကို မရ-ရအောင်ရှာပြီး ဘုရားတရားတော်နှင့်အညီဆိုပြီး လူကိုကျော်ပြပေသည်။ ထိုသို့ ကျော်လောက်အောင် မိုက်မဲသည်မှာလည်း ဘုရားသျှင်တရားတော်၏နိဒါန်း အစစ်အမှန် သို့မဟုတ် ရည်ရွယ် ချက်အစစ်အမှန်ကို မသိသောကြောင့်သာ ဖြစ်ပေသည်။

ရှင်နာဂသေန၏ ဥပမာနှင့်ဥပမေယျသည် ဤအဖြေ၌လည်း ဟပ်မိသည် မဟုတ်ပေ။ အခိုးခံရသော သရက်သီးသည် စိုက်သောသရက်သီးနှင့် တစ်လုံးစီဖြစ်သော် လည်း စိုက်သောသရက်သီးကိုမှီ၍ဖြစ်သည် ဟူသည်မှာ ရုပ်ဆက်မပြတ်သောကြောင့် လူတိုင်းပင် အသိအမှတ်ပြုနိုင်ပေမည်။

သို့သော်လည်း ဤဘဝပြုမှုချက်ကံနှင့် ဘဝဖြစ်ပေါ်ချက်ဝိပါက်တို့ဆက်သွယ်ပုံ သို့မဟုတ် ဘဝဖြစ်ပေါ်ချက်ဆက်သွယ်ပုံ ပဋိသန္ဓေသည် ဤဘဝပြုလုပ်ချက်ကံကို မှီ၍ဖြစ်သည်ဆိုသောစကားကိုကား ဘယ်သို့မှီသည်ဟု ပညာရှိသူများပင် မဖော်ပြနိုင် ဖြစ်ရပေမည်။ ရှင်နာဂသေနကိုယ်တိုင်ပင် မဖော်ပြနိုင် ရှိရပေမည်။

"ဆက်သည်၊မှီသည်" ဤသို့ပြောရုံဖြင့် ဆက်ကြောင်းပြောဆိုချက် မဖြစ်နိုင်သေး ပါ။ လူ့အခြေခံတရားဖြစ်သော ပရမတ္ထဓမ္မတို့၏ ဆက်ပုံ,မှီပုံအခြင်းအရာ အာကာရကို ပြဖို့လိုပါသည်။

ဥပမာ _ အဝိဇ္ဇာဟူသော ကိလေသာဝဋ်ကြောင့် သင်္ခါရဟူသော ကမ္မဝဋ်တို့ လှည့်ပတ်လည်ပြောင်းသွားပုံ။ သင်္ခါရဟူသော ကမ္မဝဋ်ကြောင့် ဝိညာဏ်စသော ဝိပါက ဝဋ်တို့ လည်ပတ်လှည့်ပြောင်းသွားပုံ။ ဤသို့ပြဆိုသကဲ့သို့ ပြဆိုရန်လိုပါသည်။

ဤသို့ပြလျှင်လည်း ပရမတ္ထတို့သည် လူ့အတွင်း ဖြစ်ပေါ်နေသည်များသာရှိပြီး၊ လူကိုကျော်၍ဖြစ်ပျက်ပုံကို မပြနိုင်ဘဲ ရှိရပေမည်။ ဘုရားသျှင်လည်း ဤပဋိစ္စသမုပ္ပါဒ် တရားများ ဖြစ်နေသကဲ့သို့ပင် ဟောပါသည်။

ဒုက္ခဖြစ်ကြောင်းလည်း လူထဲမှာ။

ဒုက္ခဆင်းရဲများလည်း လူထဲမှာ။

ငြိမ်းချမ်းကြောင်းလည်း လူထဲမှာ။

ဟူးဟူးညားညား လူထဲမှာမဟုတ်။

**"အသိစိတ်ဓာတ်နှင့် အမှတ်သညာများရှိနေသေးသောလူထဲမှာ"** ဟူ၍ အတိအကျ ဟောခဲ့ပေသည်။

**"လူကိုကျော်လွန်သောသစ္စာတရားဟူ၍ လုံးလုံးပင် ဘုရားသျှင် မဟောခဲ့ပေ။ တရားတော်သည် ရှင်နာဂသေန ထင်သကဲ့သို့ နောင်ဘဝကောင်းစားရေး လုံးလုံးမဟုတ်ပေ။ လူ့ငြိမ်းချမ်းရေးသာ ဖြစ်သည်။"**

ထို့ကြောင့် ပြဿနာ၏ အမေးနှင့်အဖြေသည် အကန်းနှင့်မျက်မမြင်တို့၏ အလင်းရောင်အကြောင်း ဆွေးနွေးနေချက်များသာ ဖြစ်တော့သည်။ အလင်းရောင်သည် မျက်မမြင်အတွက် တွေးဆဆင်ခြင် မြော်မြင်မှုများဖြင့် တန်ဆာဆင်တိုင်း အမှားတွင်း နက်ဖို့ ဖြစ်ပါသည်။

ရှင်နာဂသေနနှင့် မိလိန္ဒတို့ နှစ်ဦးလုံးပင် ကံနှင့်ဝိပါက်ဆက်ပုံအသိဖြစ်သော ကမ္မဿကတာဉာဏ်၊ ဤဉာဏ် မရှိသည်မှာ ထင်ရှားသည် မဟုတ်ပါလော?

ဤအတူ ကာယကံ၊ဝစီကံ၊မနောကံများ ကောင်းမှု၊မကောင်းမှု၏ အတိမ် အနက်အလိုက် လူ့ဘဝဖြစ်ထွန်းကြသည်မှာ ကြည်လင်သော မျက်စေ့ဖြင့်ကြည့်လျှင် အထင်အလင်းဖြစ်ပေသည်။ ကောင်းမှုလက်ကျန်နှင့် မကောင်းမှုလက်ကျန် တွေ့ရမည်

မဟုတ်ပေ။ မိလိန္ဒသည်  ဤသို့မကြည့်သောကြောင့် ကောင်းမှု,မကောင်းမှုတို့၏အကျိုးကို လူသေပြီးနောက် ဖြစ်နှင့်မဖြစ်ဟု လူကိုကျော်လွန်၍ ရှုကြည့်ပေသည်။

အမေးပြဿနာသည် မှားသည်မှန်သည် အရေးမကြီးပါ။ ရှင် နာဂသေန၏ ဤပြဿနာအဖြေကား အရေးကြီးပါသည်။ ရှင်နာဂသေနသည် ဘုရားသျှင်တပည့် ရဟန်းတစ်ဦးအဖြစ် ဖြေမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ရှင်နာဂသေနသည် အလယ်လမ်းပညာကို အထွဋ်အထိပ်ပေါက်မြောက်ပြီးသူ ဟု အဘိသိက်ခံထားသော်လည်း သူ့အဖြေသည် မိလိန္ဒကဲ့သို့ပင် လူကိုကျော်တွေးထား သောအဖြေ ဖြစ်သည်။

ရှင်နာဂသေနသည် (အလယ်လမ်းပညာကို အထွဋ်အထိပ် ပေါက်မြောက် ပြီးသူဟူ၍) ရဟန်းခံထားသော်လည်း မဇ္ဈိမပဋိပဒါတရားတော်၏နိဒါန်း သို့မဟုတ် တရားတော်၏ရည်ရွယ်ချက်ပန်းတိုင်။ဤအရာမျှကိုပင်  သဘောပေါက်ထားခြင်းရှိသူ မဖြစ်နိုင်ပေ။

**"မဇ္ဈိမပဋိပဒါတရားတော်၏ အနှစ်သာရသည် တစ်ခုတည်း ရှိသည်။ယင်းကား "ဝိမုတ္တိ"ဖြစ်သည်။ယင်းဝိမုတ္တ၏အကြောင်း သည် "မဂ္ဂ"ဖြစ်သည်။မဂ္ဂဟူသည်ကား "ကိုယ်ကျင့်တရား"ပင် ဖြစ်သည်။ထို့ကြောင့် တရားတော်၏ပေးအပ်သောတာဝန်ကား "ကိုယ်ကျင့်တရား" ဖြစ်သည်"**

တရားတော်သည် ကိုယ်ကျင့်တရားတည်ဆောက်ဘို့ ဖြစ်သည်။ လူ့ကိုယ်ကျင့် တရားတည်ဆောက်ရာ၌ ဣဿရနိမ္မိတစသော တန်ခိုးရှင်၊ ဘန်ဆင်းရှင်တို့နှင့်တကွ အတ္တမာန်၊ နတ်,ဗြဟ္မာစသော နောက်ဘဝ။ ဤအရာများ အဖြစ် အောင်မြင်အောင် တည်ဆောက်၍ မရပေ။ ဤအရာသည် လူ့ဘဝအတွင်းမှ အမှန်တရားများ မဟုတ်ပေ။ ဒုက္ခသစ္စာတရားများ မဟုတ်ဟု ဆိုလိုပါသည်။

"**ဒုက္ခသစ္စာ**"တရားသည် "**လူ့အတွင်း၌ရှိသောတရားများ**" ဖြစ် သည်။"**ဒုက္ခသစ္စာကို ပိုင်းခြားသိသည်**"ဆိုသည်မှာ "**လူ့ဘဝကို ပိုင်းခြားနားလည်ထားခြင်း**" ဖြစ်ပေသည်။

လူ့ဘဝကိုနားလည်ခြင်းသည်သာလျင် ကိုယ်ကျင့်တရားကို ပြီးမြောက်စေနိုင်သည်။ ထို့ကြောင့် တရားတော်၌ နောက်ဘဝနောင်ဘဝများရှိနှင့်မရှိ အယူအဆများကို ကိုယ်ကျင့်တရား တည်ဆောက်မှုကို ရှေ့တန်းတင်သောတရားနှင့်မဆိုင်ကြောင်း အတင်းအကြပ် ပညတ်အသိပေးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်□

**“မဇ္ဈိမပဋိပဒါ၏နိဒါန်း သို့မဟုတ် တရားတော်၏ရည်ရွယ်ချက်ပန်းတိုင်ကား “ကိုယ်ကျင့်တရားပြည့်ဝရေး” ဖြစ်ပေသည်။”**

ကောင်း,မကောင်းအလုပ်များ၏အကျိုးသည် လူ၏ဟိုမှာဖက်၌ရှိသည်ဆိုလျင် ဟိုမှာဘက်ကို လူမြင်ခွင့် အလျဉ်းမရှိသောကြောင့် အဘယ်သို့ ကိုယ်ကျင့်တရား ပြည့်ဝနိုင်မည်နည်း?

သူ့ဥစ္စာခိုးခြင်းစသည်ကြောင့် ထောင်အချခံရခြင်းစသော အကျိုးများသည် ခိုးခြင်းကံကြောင့်ဖြစ်သော ဝိပါက်၏အငွေ့အသက်ဟု သူတို့အသိအမှတ်ပြုခြင်း တကယ်မရှိကြပေ။ ထိုသို့သာ တကယ်ပြုနိုင်လျင် ဤဘဝပြုမှု၏အကျိုးသည် အပြုနှင့် ထိုက်တန်ညီမျှလျက်ရှိကြောင်း သူတို့ သိကြပေမည်။ သိလျှင်လည်း ကံလက်ကျန်မရှိသောကြောင့် လူကိုလွန်သောအကျိုးများကို အသိအမှတ်မပြုနိုင် ဖြစ်ရပေမည်။

လူကိုလွန်၍ ကံကျိုးများကို အသိအမှတ်ပြုနေသည်မှာ ကမ္မဿကတာဉာဏ်မျက်စေ့မပါသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ဓမ္မ၌ မျက်မမြင်များ ဖြစ်ကြပေသည်။ ထို့ကြောင့် ဓမ္မဆိုင်ရာ အတွေးနက်ချက်များသည် နက်သလောက် အမှားထုမည်ဖြစ်ကြောင်း နားလည်အပ်သတည်း။ ဤအဖြေသည် ရှင်နာဂသေန အတွေးနက်ထားသော အဖြေသာဖြစ်သည်။ ဘုရားသျှင်၏ဓမ္မနှင့် လုံးဝမဆိုင်ကြောင်း အသိဉာဏ်ဖြစ်အပ်ပါသတည်း။

## ၈။ ကမ္မဖလအတ္တဘာဝပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ပြုအပ်ပြီးသော ကောင်း,ဆိုးနှင့် ဘုန်းကံတို့သည် အဘယ်၌တည်ပါကုန်သနည်း?”ဟူသော မိလိန္ဒ၏အမေးကို “အစဉ်တစိုက်နောက်မှလိုက်ကုန်၏။ထို,ဤ၌ဟု ညွှန်ပြ၍မရနိုင်”ဟူ၍ ဖြေပေသည်။“အသီးမသီးသေးသောသစ်ပင်၌ ဤနေရာများ၌ အသီးသည်တည်နေသည်ဟူ၍ပြ၍မရသကဲ့သို့ ဖြစ်သည်”ဟူ၍ ဥပမာဖြင့် ထပ်ဆင့် ဖြေပါသည်။

ဤအဖြေသည်လည်း အဖြေကောင်း ဟုတ်ပါသလော?

ကံသည် ရှင်နာဂသေနပြောဟော ဖြေကြားသကဲ့သို့ အစဉ်တစိုက် အရိပ်ကဲ့သို့နောက်မှလိုက်နေပါသလော? ရှင်နာဂသေနသည် ဤအရာကိုမြင်လျက် ပြောခြင်းမဖြစ်နိုင်။ မမြင်ဘဲ ရမ်း၍ပြောခြင်းသာလျှင် အမှန်ဖြစ်ရပေမည်။ ရှင်နာဂသေနသည် ဤစကားကို လေဖမ်းဒန်းစီးပြခြင်း ဖြစ်ပေသည်။“အနုပါယိနီ”ဟူသောလေကိုဖမ်း၍ ဒန်းဆင်ခြင်း ဖြစ်သည်။

ဤစကားသည် ကံများလိုက်ပုံကို ညွှန်ပြသောစကား မဟုတ်။ ဝိပါက်များလိုက်ပုံ ဖြစ်သည်။ရှင်နာဂသေန ပြောဆိုသောစကားနှင့် မတူကွဲပြား ခြားနားပေသည်။ ဤပါဠိ၌ ဘုရားသျှင်ပြောခဲ့သည်ကား “ပြစ်မှားသောကိုယ်,နှုတ်ကို ပြောဆို ပြုလုပ်ခြင်းကြောင့် ထိုပြောဆိုပြုလုပ်သူနောက်သို့ ဆင်းရဲများ အရိပ်ကဲ့သို့ ထက်ချပ်လိုက်ပါသည်။”ဤသို့သာ ဖြစ်သည်။

ရှင်နာဂသေနပြောသောစကားသည် ဤသို့မဟုတ်။ ပြုသောကံများ ဝိပါက်မဖြစ်သေးမီ ကံအဖြစ်နှင့် ပြုသူနောက်သို့ အရိပ်ပမာလိုက်နေသည်။ ဤသို့ ဖြစ်သည်။ ဤသို့ နောက်စကားနှစ်ရပ်သည် မတူကွဲပြား ခြားနားကြသည်။ ရှင်နာဂသေနသည် လေကိုဖမ်း၍ ဒန်းဆင်သော်လည်း လေသာဖြစ်သောကြောင့် အကယ်စီး၍ကား ရမည်မဟုတ်ပေ။

ကံသည် ရှင်နာဂသေန ပြောသကဲ့သို့ ပြုသူနောက်သို့  အကယ် လိုက်နေသလော? ကံသည် ဖြစ်ပြီးနောက်ပျက်သည်ဟု ရှင်နာဂသေနခံယူသည် မဟုတ်ပါလော?

ပရမတ္ထသဘာဝများသည် ကာလ,ဌာန တစ်ခုခုမျှ မရွှေ့မပြောင်းဘဲရှိရသည် မဟုတ်ပါလော? အဘယ်သို့ ပြုသူနောက် လိုက်နေသနည်း?

ကံကား လိုက်သည်မဟုတ်၊ ကံ၏သတ္တိသာလိုက်သည်။ဤသို့ ဖြေလိုမူ ဖြေနိုင်ပါသည်။ ကံ၏သတ္တိကား ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရား ဟုတ်ပါသလော?

ဤသို့ ပြန်၍ဆွေးနွေးရပေမည်။ ဤသို့မဟုတ်နိုင်သည်မှာလည်း သိလွယ်နိုင်ပါသည်။ထို့ကြောင့် **'ကံ၏သတ္တိ'** ဆိုသောအရာသည် **'ကံ၏ ဂုဏ်သိရ်အရှိန်အဝါ'**များ သို့မဟုတ် **'ကံ၏အစွမ်းအစ အရည်အချင်း'** များ ဖြစ်ပါသည်။

ကံသည် ဂုဏေး၊ ကံ၏သတ္တိသည် ဂုဏ်။ ဤသို့ခွဲခြားရပေမည်။ ဂုဏ်သည် ဂုဏေးနှင့်ကင်း၍ တည်ရှိနိုင်ပါသလော? ကံနှင့်ကံ၏သတ္တိသည် နေနှင့်နေရောင်ခြည်၊ မီးနှင့် မီး၏အလင်းရောင် စသည်တို့နှင့်တူပါသည်။

နေ,မီး-ဤအရာများသည် ဂုဏေးပစ္စည်းများ ဖြစ်ကြပါသည်။

နေရောင်,မီးအလင်း-ဤအရာများသည် ဂုဏ်ပစ္စည်းများ ဖြစ်ကြပါသည်။

ဂုဏ်ပစ္စည်းများဖြစ်သော နေရောင်၊မီးအလင်း-ဤအရာများသည် ဂုဏေးဖြစ်သော နေ,မီး-ဤအရာများ၌ကင်း၍ သို့မဟုတ် အချိန်ကွက်လပ်ပြု၍ တည်နေနိုင်ကြပါသလော?

ကံ၌ သတ္တိနှစ်မျိုးရှိပါသည်။ သဟဇာတနှင့် နာနာက္ခဏိကတို့ ဖြစ်ပါသည်။ ကောင်းခြင်းရှိသောကံသည် ကံနှင့်အတူဖြစ်ရသော သဘောတရားများကို ချမ်းသာသောအဖြစ်ကို စွမ်းရည်သတ္တိရှိပါသည်။ ဤအရာသည် ကံ၏သတ္တိတစ်မျိုးဖြစ်၍ အနှစ်အသား တစ်ခုတည်းဖြစ်သောတရားများ ဖြစ်ပါသည်။

ကံနှင့်ဝိပါက်သည် ကံနှင့်ဝိပါက်ဟူ၍ နာနတ္တဖြစ်သော်လည်း ကံသည်တခြား၊ ဝိပါက်သည်တခြား-ဤသို့မဟုတ်။ ဤကံသည်ပင် ရင့်ကျက်သွားသောကြောင့် ဝိပါက်ဖြစ်သွားသည်။ ထို့ကြောင့် ကံနှင့်ဝိပါက်တို့သည် ဧကတ္တဖြစ်သည်။ဤသို့ ဆိုလိုပါသည်။

ကံနှင့်ဝိပါက်သည် ဤကဲ့သို့ တသားတည်းဖြစ်သောကြောင့် ကံနှင့်ဝိပါက်တို့အကြား အချိန်ကွက်လပ်များ အခြားအဆီးဖြစ်၍ မဖြစ်ပါ။ ထို့အတူ နေရာကွက်လပ်များလည်း အခြားအဆီးရှိ၍ မဖြစ်ပါ။

**ထို့အပြင်လည်း ကံသည်စိတ်နှင့် ဖြစ်ချက်တူသောတရားဖြစ်သောကြောင့် ဖြစ်ပြီး,ချုပ်သောတရား ဖြစ်ပါသည်။ ကံချုပ်ပြီးနောက် ဝိပါက်မဖြစ်သေးလျှင် နောင်အခါ ဝိပါက်ဖြစ်ရန် ကံတို့အကြား၌ ကံ၏သတ္တိဟူသော တစ်ဖြစ်လဲလာသော ပစ္စည်းကလေးတည်ရှိသည်ဟု ရှင်နာဂသေန ရော်ရမ်းမှန်းဆသကဲ့သို့ မဖြစ်နိုင်ပါ၊**

ဝိပါက်နှင့်ကံတို့သည် ဇကတ္တတရားများဖြစ်သောကြောင့် ယင်းနှစ်ခုတို့၌ အကြားဟူ၍ လုံးလုံးမရှိပါ။ မျှစ်နှင့်ဝါး တို့အကြား၌ ရှိပါသလော? ထို့အတူ ဆန်နှင့်ထမင်းတို့၌လည်း အကြား ရှိပါသလော? ခေါင်းလောင်းထိုးခြင်းနှင့် ခေါင်းလောင်းသံတို့၌လည်း အကြားရှိပါသလော? ထို့ကြောင့် ကံနှင့်ဝိပါက်တို့အကြား၌ ကံပြုသူနောက်သို့တကောက်ကောက်လိုက်နေသော ကံ၏သတ္တိဆိုသော တရားကလေးရှိသည်ဟူသော အထင် ထားစရာမရှိပါ။ ကံ၏သတ္တိဟူသော တရားသည်လည်း မဟုတ်ပါ။

ဤသတ္တိသည် “**ကံ၏သဟဇာတသတ္တိ**”သာ ဖြစ်သည်။

ကံ၌ အခြားသတ္တိတစ်မျိုး ကျန်ပါသေးသည်။ ယင်းကား ကောင်းခြင်းရှိသောကံသည် ထိုကံနှင့်အတူဖြစ်ရသော သဘောတရားများကို ချမ်းသာစေသကဲ့သို့ ထိုကံချုပ်ဆုံးပြီးနောက် ဆက်လက်၍ဖြစ်ပေါ်နေသော ထိုသဘောတရားများကိုလည်း နောက်ကံတစ်ခုခု၏ အတားဆီးမခံရမီထိ ဆက်လက်ချမ်းသာသောအဖြစ်ကို ပြုလုပ်ခြင်းစွမ်းရည် ဖြစ်ပါသည်။ ဤသည်ကား ကံ၏နာနာက္ခဏိကသတ္တိ ဖြစ်သည်။

ဆိုလိုသည်မှာ ကောင်း,ဆိုးနှစ်တန်ကံသည် ထိုကံနှင့် ထပ်တူမျိုးဖြစ်သော ရုပ်,နာမ်တို့ကိုလည်း ကောင်းဆိုးနှစ်တန် ဝေဖန်သောသတ္တိသည် ထိုကံချုပ်ဆုံးပြီးနောက်ဖြစ်ပေါ်သောရုပ်,နာမ်တို့ကိုလည်း ကံနှင့်အတူဖြစ်ရသော ရုပ်,နာမ်ကို အခြား ကောင်း,ဆိုးနှစ်တန်အားဖြင့် စွမ်းရည်ရှိသလောက် ဆက်လက်ဝေဘန်သောသတ္တိရှိသည်။ ဤသို့ဖြစ်ပါသည်။

ဥပမာအားဖြင့် ခေါင်းလောင်းထိုးခြင်းသည် ဖြစ်သည်ဆိုအံ့။ ထိုးစဉ်လည်း ကံ၏အကျိုးဖြစ်သော ခေါင်းလောင်းသံသည် ပေါ်ထွက်သည်။ ထိုးပြီးနောက်လည်း ဆက်

လက်၍ ခေါင်းလောင်းသံ ပေါ်ထွက်နေသည်။ထိုးစဉ်ပေါ်ထွက်သာ ခေါင်းလောင်းသံ သည် ထိုးခြင်းနှင့်အတူဖြစ်သော ထိုးခြင်း၏အကျိုး ဖြစ်သည်။ ထိုးပြီးနောက် ဆက်လက် ပေါ်ထွက်နေသော ခေါင်းလောင်းသံသည် ထိုးခြင်း၏နောက်ဆက်တွဲအကျိုး သို့မဟုတ် ထိုးခြင်း၏ သီးခြားအချိန်၌ဖြစ်သောအကျိုး။ ဤသို့ ဖြစ်ပါသည်။

ကံသည် ရှင်နာဂသေန မှန်းဆရမ်းရော်သကဲ့သို့ ဝိပါက်မဖြစ်ဘဲ တည်နေပြီး၊ အရိပ်ကဲ့သို့ ပြုသူနောက်သို့ တကောက်ကောက်လိုက်နေသည်ဟူ၍ မရှိပါ။ ကံနှင့်ဝိပါက် သည် ကံနှင့်ဝိပါက်ဟူ၍ နှစ်ထွေပြားသော်လည်း မျှစ်နှင့်ဝါးကဲ့သို့ အနုနှင့်အရင့်သာ ဖြစ်သည်။

ထို့ကြောင့် ဤပြဿနာသည် အမေးမှားသောပြဿနာ ဖြစ်နေသည်။ ရှင်နာဂ သေနသည် မှားသောအမေးရှင်နှင့်ထပ်တူ အမြင်ဖြစ်ရှိနေသူသာ ဖြစ်သည်။ထို့ကြောင့် သစ်သီးမရှိသေးသောသစ်ပင်၌ သစ်သီးသီးရန် ဘယ်မှာတည်သည်ဟု မရနိုင်သကဲ့သို့ ကံသည်ဘယ်မှာတည်သည်ဟု မရနိုင်ကြောင်း ဖြေဆိုခြင်းဖြစ်သည်။

ဤအဖြေသည် ကံပြုသူ၌ ကံရှိသည်ကိုကား အတည်ပြုပေးချက် ပြောပါ သည်။ မသိသည်ကိုသာ အခြားမသိသောအရာနှင့် သက်သေထူခြင်း၊ ဖြေကြားခြင်း ဖြစ်ပါသည်။ သစ်ပင်အသီးမသီးသေး၍ သစ်ပင်၏အဘယ်မှာ တည်သည်ဟု မပြနိုင် သော်လည်း သစ်သီးသီးရန် အသီးဓါတ်များရှိသည် အမှန်ပင်။ ဤအမှန်ဖြင့် မိလိန္ဒအများ ကို ဟောတစ်လုံး-ဟောတစ်လုံးနေအောင် ထိုးဖောက်ဖျက်ဆီးနေတော့သည်။

**၉။ ဥပပဇ္ဇတိဇာနနပဉှာ၊**

**၁၀။ ဗုဒ္ဓနိဒဿနပဉှာ။**

ဤပြဿနာတို့၏ အဖြေများသည် ဒဿနပဉှာနှင့် များစွာသက်ဆိုင်ခြင်း မရှိသောကြောင့် ဝေဖန်စရာ အထူးမရှိပြီ။

**ဗုဒ္ဓဝဂ် ပြီး၏။**

# rvEyOm

# [illegible]

## ၆။ သတိဝဂ္ဂ

၁။ ကာယဝိယာယနပဥှာ၊
၂။ သဗ္ဗညုဘာဝပဥှာ၊
၃။ မဟာပုရိသလက္ခဏပဥှာ၊
၄။ ဘဂဝတောဗြဟ္မစာရိပဥှာ၊
၅။ ဘဂဝတောဥပသမ္ပဒါပဥှာ၊
၆။ အဿုဘေသဇ္ဇာဘေသဇ္ဇပဥှာ၊
၇။ သရာဂ ဝီတရာဂ နာနာကရဏပဥှာ၊

ဤပြဿနာတို့၏ အဖြေများသည် ဒဿနပညာနှင့် များစွာသက်ဆိုင်ခြင်း မရှိသောကြောင့် ဝေဖန်စရာ အထူးမရှိပြီ။

## ၈။ ပညာပတိဋ္ဌာနပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ပညာ ဘယ်မှာတည်သလဲ” ဟု မိလိန္ဒ၏အမေးကို “တည်ရာဘယ်မှာ ထင်ရှားမရှိ” ဟု ဖြေသည်။ “လေသည် တည်ရာမထင်ရှားသော်လည်း မရှိမဟုတ်သကဲ့သို့ ပညာလည်း တည်ရာမထင်ရှားသော်လည်း မရှိမဟုတ်ဟုဖြေသည်။ ဥပမေယျမှ စကားလုံးအနက်အတ္ထသည် ထင်ရန်ခက်ခဲသော်လည်း ဥပမာဖက်မှ စကားလုံးများ၏ အနက်သည် ယနေ့လူများ မထင်သူ ရှားနေကြပေသည်။

ယနေ့လူများအသိ၌ လေ၏အနက်အတ္ထကို ရှင်နာဂသေနပြောသကဲ့သို့ သဘောကျဖို့အကြောင်း မရှိကြပေ။ လေသည် ဘယ်အရပ်၌ ထင်ရှားစွာမနေဟု ပြောဆိုရန် ခက်ခဲပါသည်။ အရပ်တိုင်း၌ လေရှိနေပါသည်။ လူတိုင်းပင် လေအတွင်း၌ နေနေကြရပါသည်။ ကမ္ဘာမြေပြင်နှင့် ပေမည်မျှမြင့်လျှင် ဖိအားမည်မျှရှိသည်။ ထို့ထက်မြင့်လျှင် မည်မျှရှိမည်။ ဤသို့ပင် အတိအကျ သိနေကြသည်။ လူများသည် လေပင်လယ်ကြီးအတွင်း၌ စုန်ဆန်ကူးခတ် လှုပ်ရှားသွားလာနေကြသည်။

ဤသို့ဖြစ်လျှင် လေသည် ဘယ်အရပ်၌တည်သည်ဟု မထင်ရှားဟုဆိုသဖြင့် ဤစကားအနက်သည် ရယ်ဘွယ်အတိ ဖြစ်နေပါသည်။ ဤအရာ၌ ရှင်နာဂသေန၏ ဥပမာဘက်မှ စကား၏အနက်အတွက် ချော်ချွတ်ချက်ဖြစ်ပါသည်။ ဥပမေယျဖက်မှ စကားများလည်း မှန်ကန်ခဲ့လျှင် ကောင်းလိမ့်မည်ဟု ထင်ပါသည်။ ဤအကြောင်းအရာကို အတိအကျသုံးသပ်ပြရန်တော့ စာရေးသူ၌ အင်အားရှိလှသည် မဟုတ်ပါ။သို့သော် ဤအရာကို မဝေဖန်၍ မသင့်လျော်ပါ။

အဘယ့်ကြောင့်ဆိုလျှင် ယင်းပညာသည် ဖြစ်ပြီးနောက် ရှိနေသောအရာ မဟုတ်။ ပညာတည်ရာသာ ညွှန်ပြမရသည် မဟုတ်။ ပညာလည်း ရှိနေသည်မဟုတ်။ ပညာသည် မနောဒွါရဟူသော□ဝိပါက်အချို့နှင့် အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့မှ တပါးသော ဓမ္မာရုံဟူသော အာရုံကို စုံစမ်းသောအခါ ဖြစ်ပေါ်တတ်သောတရား ဖြစ်သည်။ ယင်းသည် ဖြစ်ပြီးလျှင် လုံးဝပင်ပျက်သုဉ်းသည်။

ပညာသည် မျက်စေ့၊နား၊နှာ၊လျှာ၊ကိုယ်မှ သီးခြားစီဖြစ်သောဝတ္ထု၌ တည်ရှိ၍ ဖြစ်သည်။ ထို့ကြောင့် ပညာသည် တည်ရာမဲ့တရားမူကား မဟုတ်ပေ။ ထိုသို့ဖြစ်သော်လည်း အဘယ်နေရာ၌ စိုးအုပ်၍နေသည်ဟူ၍ကား မရှိနိုင်ပေ။

ပညာသည် ကံစိတ်၌ အတူဖြစ်သည်ဆိုအံ့။ ထိုကံစိတ် ချုပ်သောအခါ ပညာလည်း ချုပ်သည်။ ကံချုပ်သောအခါ ကံ၏အကျိုးဝိပါက်များ ဖြစ်ပွားကြသည်။ ယင်းဝိပါက်သည် ကံနှင့်ထပ်တူဖြစ်သောကြောင့် ကံဖြစ်စဉ်၌ ပညာပါသကဲ့သို့ ကံကြောင့်ဖြစ်သောဝိပါက်လည်း ပညာဖြစ်ပွားပြန်သည်။

ဝိပါက်သည် ဒွါရနေရာကို ရနေပေသည်။မနောဒွါရ ဖြစ်သည်။ ယင်းမနောဒွါရသည် ပညာရှိသော မနောဒွါရဖြစ်နေသည်။ ယင်း မနောဒွါရနှင့် တစ်ခုခုသောဓမ္မာရုံတို့သည် အကြောင်းအားလျော်စွာ ဆုံစည်းကြပြန်သည်ဆိုလျှင် မနောဝိညာဏ်များ ဖြစ်ကြပေမည်။ ထိုကံ၌လည်း ထိုကံ၏ဖြစ်ပွားရာ ဒွါရမျိုးဖြစ်သောကြောင့် ပညာပါသော ဖြစ်ပွားလိုက ဖြစ်ပွားခြင်း ရှိလေသည်။ ဤသို့ပင် ပညာ၏ပတိဋ္ဌာနအဖြစ်သည် ရှိပေသည်။

တစ်နှင့် နှစ်ပေါင်းသည် သုံးဖြစ်သည်ဟူသောပညာ။ သူ့အသက်သတ်ခြင်းသည်

မကောင်းဟူသော ပညာ။ ဤပညာများသည် ဆယ်နှစ်အရွယ် ငယ်ရွယ်စဉ်က ဖြစ်ခဲ့သည်ဆိုလျှင် အနှစ်တစ်ရာအရွယ်ထိ ခိုင်ကျည်နေသည်ဟု ထင်ဖွယ်ရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် အနှစ်တစ်ရာရှိသောအရွယ်၌ ဤအရာများကို ဤအတိုင်းပင် သိနေသောကြောင့် ဖြစ်သည်။

အကယ်၌ ဤသို့တည်နေသည် မဟုတ်။အထက်၌ဆိုခဲ့ပြီးသော အစဉ်အတိုင်း စိတ်တစ်ခုမှအမွေများ စိတ်တစ်ခု၌ ရခဲ့ရန်အတိုင်း ရထားခဲ့ခြင်း ဖြစ်သည်။ ကံဖြစ်လိုက်၊ ဝိပါက်ဖြစ်လိုက်၊ ကိလေသာဖြစ်လိုက်၊ ကံဖြစ်လိုက်၊ ဝိပါက်ဖြစ်လိုက်။ ဤသို့ လည်နေပေသည်။

ကိလေသာဟူသော ဝိပါက်အပေါ် ရှုမြင်ချက်သည် ဝိပါက်မှ ပေါ်ပေါက်လာသော အညွှန့်အတက်ဖြစ်သည်ဟု ဆိုလိုသည်။

**"ကိလေသာဟူသည် ဝိပါက်နှင့် ပတ်ဝန်းကျင်တို့ ထိခိုက်သော အခါ လိုသည်ထင်ခြင်းနှင့် ပိုသည်ထင်ခြင်းများ ပေါ်ထွက်ချက် ဖြစ်သည်။"**

ကိလေသာ၏မှတ်ချက်အတိုင်း ကံဖြစ်သည်။ ကံသည်ပင်လျှင် ကိလေသာ၏ ရင့်ခြင်းဖြစ်သည်။ ဝိပါက်၌-လိုသည်ဟု ကိလေသာက မှတ်ချက်ပြုခဲ့သည်ကို ဖြည့်သည်၊ ပိုသည်ကို နှုတ်သည်။ မှန်ကန်သောပညာသည် ဝိပါက်ဖြစ်နေသောအခါ ကိလေသာ၏မှတ်ချက်၌ မမှန်ဟု-အပေးမခံရလျှင် ထိုဝိပါက်မှပညာကို ကံဆောက်သောအခါ ဖြစ်ပွားစေမည် ဖြစ်ပါသည်။ကံ၌ဖြစ်လျှင် ဝိပါက်၌လည်း ထိုပညာ ဖြစ်ပါသည်။ တဖန် ဝိပါက်၌ဖြစ်သည်ကို ကိလေသာ၏အနှုတ်မခံရလျှင် ကံ၌ ဆက်ဆောင်ပါမည်။

ဤသို့ပင် ဆယ်နှစ်အရွယ်မှ အသိပညာသည် အနှစ်တစ်ရာတိုင် တည်ရှိနေသလို တွေ့ရခြင်းဖြစ်ပါသည်။ထိုသို့ဖြစ်သော်လည်း ဤပညာသည် အနှစ်ကိုးဆယ် ရှည်လျားစွာ မပျောက်မပျက် တည်ရှိနေခဲ့သောပညာ မဟုတ်ပါ။ ယင်းကို ဥပမာနှင့်ပြောမည်ဆိုလျှင် ဤသို့ ပြောရပါမည်။

ပုဂံခေတ်မှ ပန်းပုစသော ပန်းပညာများသည် ယနေ့လူများတိုင်အောင် ရှိနေသည်။ ယနေ့ ပန်းပညာရှင်များထံရှိနေသော ပန်းပညာသည် အနှစ်တစ်ထောင်ရှိပြီ

ဖြစ်သည်။ ပုဂ်မှလာခြင်း ဖြစ်သောကြောင့် အနှစ်တစ်ထောင်ခန့်ရှိပြီဟုဆို၍ မဖြစ်နိုင်ပါ။ ဤပညာရှင်၏ သူ့အသက်သည်ပင် အနှစ်တစ်ထောင်ခန့်၏ ဆယ်ဖို့တစ်ဖို့မရှိဘဲ ရှိနေသည်။

ဤပန်းပညာသည် အနှစ်တစ်ထောင်ခန့်မှဖြစ်သည်ဟု ဆိုနိုင်သော်လည်း ဤပညာရှင်ထံရှိနေသော ပညာသည် ပညာရှင်လက်ထဲမှာရှိသော ပညာဟုလည်း ဆိုရပေသည်။ ဤသို့ အဘယ့်ကြောင့်ဆိုနိုင် သနည်း? ဤပညာသည် နှစ်တစ်ထောင်ခန့်က ပညာနှင့် စည်းကမ်းနည်းလမ်း အစစတူညီသောကြောင့် သို့မဟုတ် အနှစ်တစ်ထောင်ခန့်က သင်ကြားချက်ကို အဆင့်ဆင့်အမွေခံ သယ်ဆောင်လာခဲ့သောပညာ ဖြစ်သောကြောင့် အနှစ်တစ်ထောင်ခန့်ကပညာဟု ဆိုရသည်။ ဤပညာသည် ပညာရှင်ထံမှာ ဖြစ်ပွားသောအရာ ဖြစ်သောကြောင့် ဤပညာရှင်မှဖြစ်သော ပညာဟုလည်း ဆိုနိုင်ခြင်း ဖြစ်ပါသည်။

ဤပညာသည် အနှစ်တစ်ထောင်ခန့်ကပညာဟုဆိုလျှင် အတိအကျယူသော အခါ၌ ပညာသည် အကယ်ပညာမဟုတ်တော့။ ပညာ၏ လမ်းကြောင်းကြီးမှု ဖြစ်တော့၏။ ယနေ့လူ၏သဏ္ဍာန်၌ ဖြစ်ပေါ်နေသော ပညာသာလျှင် ပညာဖြစ်ပါသည်။ အကယ်ရှိနေသည်ကား ယနေ့လူထံမှာသာ ဖြစ်တော့၏။အတိတ်မှ လူအဆက်ဆက် ထံရှိခဲ့သည်ဆိုသော ပညာများကား ယခုအချိန်၌ မရှိလုံးလုံး ဆုံးခဲ့ပြီးဖြစ်ပါသည်။

ဤအတူပင် ဆယ်နှစ်အရွယ်၌ စိတ္တုပ္ပါဒ်တစ်ခုမှစ၍ ဖြစ်ပွားခဲ့သောပညာသည် အနှစ်တစ်ရာ၏နောက်ဆုံး စိတ္တုပ္ပါဒ်၌ဖြစ်သောပညာ မဖြစ်နိုင်ပါ။ သို့သော်လည်း ထိုပညာနှင့်လည်း ကွင်းဆက်ကင်းသောပညာမူလည်း မဟုတ်ပါ။ ဤသို့ပင် ပညာ၏ သဘောသည် ''ရှိနေပါလျက် ညွှန်ပြစရာမရှိသောအရာ''ဟု ရှင်နာဂသေနဆိုသကဲ့သို့ မဟုတ်ပါ။ ဤအရာသည် နက်ရှိုင်းသိမ်မွေ့လှသဖြင့် စေ့စပ်အောင် အထပ်ထပ် မှုန်းချယ် ပြောဆိုသင့်ပါသည်။

ထို့ကြောင့် ဤပြဿနာကို မသုံးသပ်လိုသော်လည်း ဤမျှ အဖြစ်သာ သုံးသပ်ပြလိုက်ပါသည်။

## ၉။ သံသာရပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "သံသရာဟူသည် အဘယ်သို့ပါနည်း" ဟူသော မိလိန္ဒ၏အမေးကို "ထိုမှသေ၍ ဤမှာမွေး ။ဤမှသေ၍ ထိုမှာမွေး။ ထိုမှာသေ၍ နောက်တခြားမှာမွေး။ ဤသို့လှည့်လည်နေခြင်းသည် သံရာဖြစ်သည်" ဟု ဖြေပေသည်။ ဤအဖြေအတွက် ဥပမာကို ဤသို့ပြသည်။

"သရက်စေ့မှ သရက်ပင်ဖြစ်၏။ သရက်ပင်မှ သရက်စေ့ရ၏။ ဤသရက်စေ့မှ အခြားသရက်ပင်ဖြစ်၏။ ထိုသရက်ပင်မှ နောက်ထပ်သရက်စေ့ရ၏။ ဤသို့ပင် ဆုံးစမထင်" ဟု ဖြစ်ပေသည်။

သံသရာသည် ဤသို့ဟုတ်ပါသလော?

ဤ သံသရာအမြင်သည် မိစ္ဆာဒိဋ္ဌိများမြင်သော သံသရာအမြင် ဖြစ်နေသည်။ သဿတမိစ္ဆာဒိဋ္ဌိများသည် သံသရာကို ဤသို့ပင်မြင်ကြသည် မဟုတ်ပါလော?

သဿတမိစ္ဆာဒိဋ္ဌိများသည် သက္ကာယဟုဆိုအပ်သော မွေးမှုသေတို့၏အကြား ဖြစ်,ပျက်နေသော ကိုယ်ကာယအစဉ်တုံးကြီးကို တစ်တုံးတစ်ခဲတည်းသောအရာ အဖြစ်ဖြင့် အသိအမှတ်ပြုသောကြောင့် သက္ကာယဒိဋ္ဌိ,အတ္တဒိဋ္ဌိရှိသောသူတို့ မဟုတ်ပါလော?

ရှင်နာဂသေနသည် မွေးမှုသေဟူသော ဘဝအမြင်သည်လည်း အတ္တဒိဋ္ဌိသမား၊ သက္ကာယဒိဋ္ဌိသမားတို့၏ မွေးမှုသေတို့အကြား ဘဝအပေါ်မြင်ပုံနှင့် ကွဲပြားအောင် အဘယ်သို့ခွဲခြားမည်နည်း?

ရှင်နာဂသေနသည် ရုပ်များ,နာမ်များဖြင့် ဤသို့ဖြစ်နေသည်၊ ထိုသို့ဖြစ်နေသည် စသည်ဖြင့် မွေးမှုသေတို့အကြားကို ဝေဖန်၍ ပြကောင်းပြနိုင်ပါသည်။ ထိုပြဆိုနိုင်ချက်သည် သက္ကာယဒိဋ္ဌိသမားများနှင့် ထူးခြားချက်ဖြစ်သည်။

သက္ကာယဒိဋ္ဌိသမားများသည် မွေးမှုသေတို့အကြားကို ဤသို့ မပြနိုင်ကြပါ။ ဤသို့မပြနိုင်သော သက္ကာယဒိဋ္ဌိသမားများနှင့် ပြနိုင်သည်ဆိုသော ရှင်နာဂသေနတို့ အဘယ်သို့ခြားနားကြပါသနည်း?

ပြနိုင်ခြင်းသည်သာလျှင် ထူးခြားသလော?

မပြနိုင်ခြင်းကြောင့် အဘယ်အကျိုးများ ဖြစ်ထွန်းထူးခြားပါသနည်း?

ရှင်နာဂသေနသည် အတ္တဒိဋ္ဌိသမားများထက် ထိုအရာကိုပြနိုင်ခြင်းသည် ထူးခြားချက်ရှိသူဖြစ်သည်။ ဤသို့ပြနိုင်ခြင်းကြောင့် နောက်ထပ် ဘယ်အကျိုးမျှ ဖြစ်ထွန်း ထူးခြားခြင်းရှိသူ မဟုတ်ပေ။

ဟုတ်ပါသည်။မွေးမှသေတို့ အကြား၌ ရုပ်,နာမ်များဖြစ်ပွားမှု ပဋိစ္စသမုပ္ပါဒ်လည်း ပုံကို သိမြင်ခြင်းကြောင့် ရသောအကျိုးသည် တစ်ခုဆိုမှ တစ်ခုတည်းဖြစ်သည်။ယင်း တစ်ခုတည်းသောအကျိုးမှာ□

"ပြုလုပ်မှုသည် မခိုင်ပါက ပုံဟန်သည် စိုးရိမ်,ပူဆွေး,ငိုကြွေး,ပင်ပန်း မှုပင် ဖြစ်နေပါလား။ ပြုလုပ်မှုသည် အနှစ်အသား, အဖတ်အထည် ဆည်စရာမရှိပါလား။ ပြုလုပ်မှုသည် လှပသောအရာမဟုတ်ပါလား။

ဤအရာများကို နားလည်သဘောပေါက်လာပါသည်။ ဤသို့ သဘောပေါက်ကာ အင်စိုက်အားစိုက်ပြုလုပ်မှုများ ဖြစ်ပွား၍ လူများ ဒုက္ခရောက်နေကြသည်။ ဒုက္ခငြိမ်းအောင် အားအင်စိုက်ထုတ်မှုကို နှုတ်ပယ်ရမည်။ ဤသို့မြင်လာသည်။ ဤသို့မြင်သော် အားအင်စိုက် ထုတ်မှုများကို လေ့ကျင့်ခြင်းဖြင့် ရုပ်သိမ်း၍ လူမှ လူမှုဆင်းရဲများကို အကြွင်းမဲ့ချုပ်စေပေသည်။"

ဤအရာသည်သာလျှင် မွေးမှသေတို့အကြား၌ ရုပ်,နာမ်များဖြစ်ပွားပုံ ပဋိစ္စ သမုပ္ပါဒ်ကိုသိခြင်းကြောင့် ရရှိသော တစ်ခုတည်းသောအကျိုး ဖြစ်သည်။

ရှင်နာဂသေနသည် မွေးမှသေတို့အကြား ရုပ်,နာမ်အကျိုးကျေးဇူးကို သိမြင် နားလည်ခြင်း မရှိပေ။ ထို့ကြောင့် အကျိုးနှင့်ဆန့်ကျင်ဖက်အရာများကိုသာ အကျိုးဟု ရှင်နာဂသေနက ယူပေသည်။အကျိုးမှန်၏ ဆန့်ကျင်ဖက်အရာများကား အဘယ်တို့ နည်း? အောက်ပါတို့ ဖြစ်ကြသည်□

လူ့ဘဝ၌ဖြစ်သောသင်္ခါရ သို့မဟုတ် ကောင်း,မကောင်းပြုလုပ်မှုသည် မဂ္ဂနှင့်မပယ်သတ်ရသေးသ၍ ကမ္ဘာကျေသော်လည်း မကျေပျက်ဘဲ ခိုင်မာနေသည်။ ပြုလုပ်မှုသည် ဆင်းရဲဖြစ်စေနိုင်သော အကြီးဆုံးပြု

လုပ်မှုကိုပြုလုပ်ဖြစ်သော်လည်း လွတ်ငြိမ်းချမ်းသာသည့်ပြုလုပ်မှုကို ပြု
သည်ဆိုကာ၊ယင်းလွတ်ငြိမ်းချမ်းသာသောပြုလုပ်မှုသည် အနှစ်အသား
အဖတ်ဆည်၍ရသည်။ယခုပြုလုပ်မှုကြောင့် နောက်ဖြစ်ဦးမည်”-

ဟူသောအယူသည် ဤအမိပ္ပါယ်ရောက်သည်။ အကြီးဆုံးပြုလုပ်မှုသည် လုပသည်။ ဤအရာများကို ဤသို့နားလည်သဘောပေါက်ပါသည်။

ဤသို့ သဘောပေါက်သောကြောင့် လူများသည် ပြုလုပ်မှုကြောင့် ဘဝများ ဆက်ခါဖြစ်နေရသော်လည်း ဘဝမဖြစ်အောင် အကြီးဆုံးပြုလုပ်မှုကို လုပ်ရမည်။ ဤသို့မြင်လာသည်။ဤသို့မြင်သောကြောင့် အကြီးဆုံးပြုလုပ်မှုကို လေ့ကျင့်ပွားများစေ၍ လူကို အကြီးဆုံး ဆင်းရဲစေပေသည်။ ဤအရာသည် ရှင်နာဂသေန၏ ရုပ်,နာမ်အစဉ် ကိုမြင်ခြင်းကြောင့်ဖြစ်သော အကျိုးမှန်မှတပါးဖြစ်သော အရာများ ဖြစ်ကြပါသည်။

ထို့ကြောင့် ရှင်နာဂသေန၏ ရုပ်,နာမ်တို့၏ဖြစ်စဉ်အမြင်သည် မြင်ခြင်းရှိသူ အဖြစ်၊ မမြင်သူတို့ထက် သာလွန်သည်မှတပါး ထူးခြားမှုရှိသောအမြင် မဟုတ်ပေ။ သက္ကာယဒိဋ္ဌိရှိသူဟု သမုတ်ခံရသောသူတို့သည်လည်း “ဤမှာဖြစ်၍၊ ဤမှာသေ။ ဤမှသေ၍ ထိုမှာဖြစ်။ ထိုမှာဖြစ်၍ ထိုမှာသေ။” ဤသို့ လူကိုကျော်၍ပင် နားလည် ကြသည်။

ထို့ကြောင့် ရှင်နာဂသေနသည် ထူးခြားမှုမရှိပြီ။

တစ်ခုထူးခြားသည်မှာ သက္ကာယဒိဋ္ဌိဟု သမုတ်ခံရသူတို့သည် ရုပ်,နာမ်ဖြစ်စဉ်ကို မမြင်ကြ၍ သက္ကာယဒိဋ္ဌိဖြစ်သည်။ရှင်နာဂသေနကား ရုပ်,နာမ်ဖြစ်စဉ်ကိုမြင်သည်ဟု ဆိုလျက် ထိုရုပ်,နာမ်များ အတ္တဖြစ်သည်ထင်ပြီး၊ရုပ်,နာမ်အစဉ်ကိုစွဲလမ်းခြင်း သက္ကာယဒိဋ္ဌိဖြစ်သည်။ဤသို့မှုကား ထူးခြား၏။

သက္ကာယဒိဋ္ဌိရှိသူများနှင့် ရှင်နာဂသေနတို့ တူညီမှုတစ်ခု ရှိပါသည်။ ယင်းမှာ ရှင်နာဂသေနလည်း လူ၌ကျရောက်နေသောဒုက္ခကို ဖြေရှင်းရန်နည်းလမ်းမရှိ။ ထိုသူတို့၌လည်း ထို့အတူ မရှိ။ ဤသို့ဖြစ်ပါသည်။ထိုသူတို့သည် ဤဘဝဖြစ်နေရသည်မှာ ဣဿရ,ထာဝရ-ဤသူတို့၏ ဖန်ဆင်းချက်ကြောင့်ဖြစ်သည်၊ဤဘဝကို ပြင်ဆင်၍မရ- ဟူ၍ ဖြစ်ကြသည်။ ပြင်ခြင်းပြင်လျှင် သေပြီးနောက်မှပင်ပြင်နိုင်မည်ဟူ၍ ဖြစ်သည်။

ရှင်နာဂသေနလည်း ဤအတိုင်းဖြစ်သည်။ ဤဘဝ ဖြစ်နေသည်မှာ မမွေးမီက ကံများကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြင်မရတော့။ ပြင်ခြင်းပြင်လျှင် သေပြီးနောက်မှပင် ပြင်နိုင်မည်ဟူ၍ ဖြစ်သည်။

ရှင်နာဂသေန၏ ဘဝအမြင်သည် လူများကို ကိုယ့်ကံကြမ္မာကို မဖန်တည်းနိုင်သောအမြင် ဖြစ်သည်။ ထိုသူများ၏ ဘဝအမြင်သည်လည်း ဤအတိုင်းပင်ဖြစ်သည်။

ကိုယ့်ကြမ္မာကို မဖန်တည်းနိုင်တော့လျှင် လွတ်လပ်မှုဟူသည် အဘယ်နည်း?

လွတ်လပ်မှု၏ ဒုတိယနာမည်သည် ကိုယ့်ကြမ္မာကို ဖန်တည်းနိုင်ခြင်းဟူ၍ ဖြစ်သည်။လွတ်လပ်မှုမရှိလျှင် ငြိမ်းချမ်းမှုသည် ရှိမည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် လွတ်လပ်မှုဟူသည်မှာလည်း ငြိမ်းချမ်းမှု၏ ဒုတိယနာမည်ဖြစ်သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ရှင်နာဂသေနနှင့် သက္ကာယမိစ္ဆာဒိဋ္ဌိဟု အခေါ်ခံရသောပုဂ္ဂိုလ်တို့၏ တူညီနေသော နောက်တစ်ချက်မှာ ငြိမ်းချမ်းအောင်လူကမလုပ်နိုင်ခြင်းပင် ဖြစ်သည်။

ရှင်နာဂသေန၏ ရုပ်,နာမ်ဖြစ်စဉ်မည်သည် တက္ကသမားတို့၏ အသိသာ ဖြစ်နေပေသည်။ ရုပ်,နာမ်စသော တစုံတခုသော သိစရာကိုသိသော အသိသည် သုံးမျိုးခန့်ရှိနိုင်ပါသည် —

(၁) သဘောတရားအသိ (စာသိ=သင်ကြားချက်အသိ)၊

(၂) ကိုယ်တွေ့အသိ (ငါသိ=ဝိညာဏ်သိ)၊

(၃) နှိုင်းချိန်ဆက်စပ်,ကြံစည်ချက်အသိနှင့် တွေ့ရှိချက်အသိ-တို့ ဖြစ်ပါသည်။

ဤ၌ '**သင်ကြားချက်အသိ**' ဟူသည် ဤသို့ဖြစ်ပါသည်။ ဤရုပ် ဤနာမ်များသည် ဤသို့-ဤသို့သဘောရှိကြသည်။ ကိစ္စအားဖြင့် ဘယ်လို။ ရသအားဖြင့် ဘယ်နည်း။ ဝိပါက်ရှိအားဖြင့် ဘယ်ပုံ။ ပဒအားဖြင့် ဘယ်ဟန်-စသည်ဖြစ်သည်။ ဤသို့ သင်ကြား၍ သိခြင်းဖြစ်သည်။

'**ကြံစည်ချက်အသိ**' သည် ဤသို့ဖြစ်သည်။ သင်ကြားချက်အပေါ်မှာ တွေးခေါ်၍ ဤရုပ်,နာမ်နှင့် ထိုရုပ်,နာမ်တို့သည် သဘာဂဖြစ်နိုင်သည်။ ဝိသဘာဂ ဖြစ်နိုင်သည်။ ထို့ပြင် သဘာဂဖြစ်ခြင်းကြောင့် ဘယ်သို့ ပွားစီးမှုများ၊စုပ်ယူမှုများ ဖြစ်နိုင်သည်၊ ဝိသဘာဂဖြစ်ခြင်းကြောင့် ဘယ်သို့ဖြစ်နိုင်သည်။ ဤသို့သိခြင်းဖြစ်ပါသည်။

**'တွေ့ရှိချက်အသိ'**ဟူသည်မှာ ဤသို့ဖြစ်ပါသည်။ သင်ကြားချက်ကို ဆက်၍ ကြံစည်ခြင်းမပြုဘဲ သင်ကြားချက်ကိုပင် သင်ကြားခံရသော စကားများအရ တရားကို ဖြစ်စေ၊ ဝတ္ထုပစ္စည်းနှင့် လှုပ်ရှားမှုများကို တွေ့ရှိချက် ဖြစ်သည်။သင်ကြားချက်စကား၏ အနက်သည် ဤအရာဖြစ်သည်။ဤသို့သိခြင်းဖြစ်သည် ဆိုလိုပါသည်။

ရှင်နာဂသေနသည် ရုပ်,နာမ်စကား ပြောနေသော်လည်း ရုပ်,နာမ်ကိုသိရာ၌ ဒုတိယနည်းဖြင့်သာ သိနေသူဖြစ်သည်။ ဒုတိယအသိသည် ဝိညာဏ်သိ(=တက္ကသိ)သာ ဖြစ်သည်။ တတိယအသိသာလျှင် ပညာသိ(=ဒဿနသိ) ဖြစ်သည်။ ပဌမအသိမှုကား သင်ကြားချက်အသိ(=ဝစနသိ)မျှသာ ဖြစ်သည်။ စာအုပ်အသိဟု ဆိုလိုပါသည်။

သင်ကြားချက်အသိသည် စာအုပ်ထဲမှဆားကဲ့သို့ ဖြစ်သည်။

တက္ကသိကား အိုးထဲမှဆား ဖြစ်သည်။

ဒဿနသိကား ဆားဖွဲ့စည်းတည်ဆောက်ပုံကို စိတ်ဖြာ၍သိခြင်း ဖြစ်သည်။

ရှင်နာဂသေနသိသော ရုပ်,နာမ်ကား ကိုယ်တွေ့ရုပ်,နာမ်သာဖြစ်သည်။အကယ် လူတို့၌ဖြစ်ပေါ်နေသော ရုပ်,နာမ်ကိုသိသည် မဟုတ်။ထို့ကြောင့် ရှင်နာဂသေန၏ ရုပ်,နာမ်အသိသည် ရုပ်,နာမ်အသိ၏ ပြီးစီးရမည့်တာဝန်ကို မပြီးစီးစေနိုင်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ရှင်နာဂသေနသည် ဘုရားဟောသော ရုပ်,နာမ်ဖြစ်စဉ်ကို သင်ကြားလျက် ဘဝအမြင်၌ ဘုရားသျှင်နှင့်သီးခြား၍ သဿတမိစ္ဆာဒိဋ္ဌိများနှင့် တသားတည်း ကျနေရခြင်း ဖြစ်သည်။

ဟုတ်ပါသည်။ ရှင်နာဂသေနသည် သဿတမိစ္ဆာဒိဋ္ဌိများနှင့် တသားတည်း ဖြစ်နေပါသည်။ သူ၏ဘဝအမြင်သည် သူဆောင်သောဥပမာအမြင်နှင့်လည်း ဟပ်မိခြင်းမရှိ။သူ၏ဥပမာ၌ မျိုးစေ့ကြောင့်အပင်,အပွင့်,အသီးဖြစ်ပြီး မျိုးစေ့။ တဖန် မျိုးစေ့ကြောင့် အပင်။ ဤသို့ စဉ်နေသည်။ ဤသို့ဖြစ်သော်လည်း ဤအပင်နှင့် ဤအပင်မျိုးကြောင့်ဖြစ်သော ထိုအပင်တို့သည် နှစ်ပင်ကို တစ်ပင်တည်းသာဖြစ်သည်ဟု သတ်မှတ်စရာမရှိပေ။ သတ်လည်း မသတ်မှတ်ကြပါ။

ရှင်နာဂသေန၏ ဥပမေယျ၌ ရှေးကံကြောင့် ယခုဘဝဖြစ်။ ယခုကံကြောင့် နောင်ဘဝဖြစ်။ ဤသို့ဖြစ်သော်လည်း ရှေးဘဝ၊ ယခုဘဝ၊နောင်ဘဝ-ဤအရာများသည်

တစ်ခုတည်းမဟုတ်ကြ။ ထို့ကြောင့် တစ်ခုတည်းဟု မသတ်မှတ်သင့်။ထိုသို့ မသတ်မှတ်သင့်ပါဘဲလျက် ရှင်နာဂသေနသည် လူများ-တစ်ခုတည်းဟု သတ်မှတ်စေနေပါသည်။ သတ်မှတ်စေပုံမှာ ဤသို့ဖြစ်သည်။

"နောက်ဘဝ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်,နတ်ရွာတံခါးပွင့်ရန် ယခုကပင်ကုသိုလ်ပြုကြ"ဟု စေခိုင်းချက်များ ဖြစ်ပါသည်။"

ဤအရာများသည် နောက်ဘဝများအတွက် ပူပန်ကြသောကြောင့် ဖြစ်ပါသည်။ အဘယ့်ကြောင့် ပူပန်ရသနည်း?

ထိုနောက်ဘဝသည်လည်း ကိုယ်ပင်ဖြစ်နေသောကြောင့် မဟုတ်ပါလော?

အကယ်၍ မဟုတ်ပါဟု ဆိုလိုလျှင် ကိုယ်ခံရမည် မဟုတ်ပါဘဲလျက် အဘယ်ပူပင်စရာရှိပါအံ့နည်း?။ ကိုယ်မဟုတ်သူ တခြားလူအတွက် ကိုယ်မှညစာထမင်း အငတ်ခံ၍ ဥပုသ်စောင့်ရန်၊ခြင်အကိုက်,ဖင်အပူ,အညောင်းမိခံ၍ တရားထိုင်ရန် အဘယ်လိုပါမည်နည်း?

ထိုဘဝဖြစ်မည့်သူသည် ကိုယ်မဟုတ်သော်လည်း မသနားရပြီလော?ဟုကားမေးဖွယ်ရှိပါသည်။ ကိုယ့်ကိုယ်ကိုမှ သနားညှာတာရမည်ဟု မဆိုလိုပါ။ ကိုယ်မဟုတ်သော်လည်း သနားညှာတာနိုင်ပါသည်ဟု ဖြေရမည်။ သနားလိုလျှင် သည်လောက်အဝေးအလံကြီးကို ရှာဖွေသနားနေစရာမလို။ မျက်မှောက်တွေ့နေရသော လူ,တိရစ္ဆာန်နှင့်ပိုးမွှား။ ဤအရာများသည်လည်း ထိုမှဆက်ဖြစ်အံ့သော လူနှင့် ကိုယ်မဟုတ်သည်ခြင်း အတူပင် ဖြစ်ပါသည်။ ထိုသို့ဖြစ်လျှင် မမြင်ရသော ထိုမှာဘက်ဖြစ်အံ့သောသူကို သွားရောက်မှန်းမျှော် သနားနေမည့်အစား မျက်မှောက်ပုဂ္ဂိုလ်များကို သနားသင့်လှသည်။ ဤသို့ သနားသင့်သည်ကိုကျော်၍ ဟိုမှာဖက်အထိ အဝေးအလံကိုမျှော်ပြီး သနားရန်ကြိုးစားခြင်းမှာ ဧကန္တပင် မရိုးသား၍ ဖြစ်ရပါမည်။ အကယ်ရိုးသားလျှင်ကား ဤသို့ကြိုးစားမည်မဟုတ်ပါ။

ရှင်နာဂသေနသည် ဤသို့မကြိုးစားသောသူတို့၏ "ဤဘဝ ဤကိုယ်ခံ၊ နောက်ဘဝ နောက်ကိုယ်ခံ"ဟူသော အယူရှိသူကိုတွေ့လျှင် အပြင်းအထန် ထိတ်လန့်မည့်သူဖြစ်ပေသည်။ ထို့ကြောင့် ရှင်နာဂသေနသည် လူများကိုအသိပေးချက်ဖြစ်သော

အကယ်ကျင့်သုံးမှုသည် ရှင်နာဂသေန၏ ရုပ်,နာမ်အမြင်နှင့် အံမဝင်ခွင်မကျ ကွာဟချက် တင်းလင်း ဖြစ်နေပါသည်။

တက္ကသမားများသည် ပြောသလိုလုပ်၍၊ လုပ်သလို ပြောသူများ မဟုတ်ကြ။ အပြောက တခြား၊ အလုပ်က တခြားဖြစ်ကြ၏။

ရှင်နာဂသေနလည်း ထိုကိုယ်နှင့်ဤကိုယ် တခြားစီဖြစ်သောကြောင့် ထိုကိုယ် နှင့်ဤကိုယ် တခြားစီဟု မသိသူတွေထက်၊ ထိုကိုယ်အတွက် ဤကိုယ်ကလုပ်ရန် ခိုင်းစေသူဖြစ်သည်။

ထို့ကြောင့် ရှင်နာဂသေန၏ ဘဝသံသရာအမြင်သည် ရှင်နာဂသေန၏ ဘဝ အမြင်သာဖြစ်ကြောင်း။ ဘုရားသျှင်၏ ဘဝသံသရာအမြင်နှင့် မသက်ဆိုင်ကြောင်း နိဂုံးမှတ်ချက် ပြုရပါသည်။

## ၁၀။ စိရကာတသရဏပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "ကြာမြင့်စွာမှာ ပြုခဲ့ချက်များကို စိတ်ဖြင့် အောက်မေ့နိုင်သည် မဟုတ်လော" ဟူသော မိလိန္ဒအမေးကို "မဟုတ်" ဟု ဖြေပေသည်။ "အောက်မေ့စဉ်၌ စိတ်မရှိ။ထို့ကြောင့် သတိဖြင့်အောက်မေ့နိုင်သည်ဟုသာ မှတ်ရမည်" ဟု ဖြေပေသည်။

ဤပြဿနာ၏အဖြေသည်လည်း ဤသုံးသပ်ချက်အနေဖြင့် မ သုံးသပ်နိုင်သောအဖြေ ဖြစ်သည်။သို့သော်လည်း ဝတ်ကျေတန်းကျေ သုံးသပ်မှ သင့်မည်။ ထို့ကြောင့် သုံးသပ်လိုက်ပါ၏။

ကြာမြင့်စွာမှာ ပြုခဲ့သည်များကို အောက်မေ့သည်ကား သတိဖြစ်သလော? သတ်ဖြတ်ခိုးဆိုးစရာဖြစ်သော အာရုံများကို ကြာမြင့်စွာမှာ အောက်မေ့ခြင်းသည်လည်း သတိပင်လော? သတိသည် ဤသို့ဖြစ်လျှင် သောဘဏတရား မဖြစ်ဘဲရှိမည် ထင်ပါသည်။ သတိသည် သောဘဏတရားလည်း ဖြစ်ပါသည်။ ဘုရားစသော ရတနာများနှင့် ကံနှင့်ကံ၏အကျိုး၊ဤအရာများကိုသာ သတိသည် ယှဉ်ဖက်နာမက္ခန္ဓာကိုအောက်မေ့စေသောတရား ဖြစ်ပါသည်။

အသောဘဏစိတ်များဖြစ်ရာ၌ သတိဖြင့်အောက်မေ့မှုမှာ အခွင့်ရှာ၍မရ။ အသောဘဏတရားများ ဖြစ်ရာ၌လည်း ကြာမြင့်စွာမှ ပြုခဲ့ချက်များကို အောက်မေ့ရချက်ဟူ၍ ရှိနိုင်ကောင်းသည် မဟုတ်ပါလော?

အကယ်၍ သတိဖြင့် အောက်မေ့သည်ဆိုလျှင် သတိမယှဉ်သော ထိုစိတ်များဖြင့် ကြာမြင့်စွာမှ ပြုခဲ့ချက်များကို မအောက်မေ့နိုင်ဘဲ ရှိရပါမည်။ အောက်မေ့နိုင်သည်ပင် မဟုတ်ပါလော? ထို့ကြောင့် သတိဖြင့် အောက်မေ့နိုင်သည်ဆိုသောအရာမှာ အခက်အခဲရှိပါသည်။

ပရမတ္ထတရားများသည် ကရိဏ်းဟုဆိုအပ်သော အသုံးခံသတ္တိများ အကယ်ရှိနေကြသည် မဟုတ်ပါ။မျက်စေ့ဖြင့် အဆင်းကို မြင်သည်ပြောရသော်လည်း မျက်စေ့၌ အဆင်းကိုမြင်ခြင်းအတွက် အကယ်အသုံးခံသတ္တိရှိသည် မဟုတ်ပါ။ ထို့အတူ ဖဿဖြင့် အာရုံကိုတွေ့ထိသည်၊ဘုရား၌လည်း ဖဿ၌ အာရုံကိုတွေ့ကြရာ၌ အသုံးခံသတ္တိများ

အကယ်ရှိသည်မဟုတ်။

ပရမတ္ထတရားများသည် ဖြစ်ကာမျှမတ္တာဖြင့်ဖြစ်သော ဘာဝသတ္တိသာရှိသော တရားများ ဖြစ်ကြပါ၏။အာရုံနှင့်ဝတ္ထုတို့ ဆုံမိကြသောအခါ ဖြစ်ပေါ်ကာမျှသတ္တိများသာ ရှိကြသော တရားများ ဖြစ်ကြပါသည်။ ဤသို့ တိုက်ဆုံမိရာ၌ အဘယ်တရားများသည် အဘယ်သို့ဖြစ်ပေါ်ကြသည်၊ အဘယ်ပရမတ္ထတရား အဘယ်ကိစ္စကို ဆောင်ရွက်ကြသည်ဆိုသော အပြောများမှာ များစွာနက်ရှိုင်းလှပါ၏။

ရုပ်ဝတ္ထုပစ္စည်းတစ်ခု၏ နျူကလီးယဟုခေါ်သော အရာကလေးအတွင်း၌ အဘယ်မြူများ အဘယ်မျှပါဝင်သည်ဟု စက်ကိရိယာပေါင်းများစွာဖြင့် ပညာရှင်ပေါင်းများစွာ စူးစမ်းရှာဖွေနေကြသည်မှာ ကာလကြာမြင့်ကုန်ပြီ။ ထိုနျူကလိယအကြောင်း အလုံးစုံသိပြီဟု ကြေငြာနိုင်လောက်အောင် အဆင့်မရောက်သေးဘဲ ရှိပါသည်။

အာရုံနှင့်ဝတ္ထုတိုက်၍ဖြစ်သော တရားများ၌ အဘယ်ဓါတ်များ ပါဝင်သည် စသည်ကို အလုံးစုံသိရန်မှာ လွယ်ကူသောအရာ မဖြစ်နိုင်သည်မှာ သေချာပါသည်။ ကြံဆ၍ပြောဆိုခြင်းငှာ မသင့်သည်မှာ မြေကြီးလက်ခတ်မလွဲသောအရာလည်း ဖြစ်သည်။

ထို့ကြောင့် အသောဘဏပက္ခဓမ္မများဖြစ်စဉ် အောက်မေ့သည်မှာ အဘယ်တရားဖြစ်သည်ဟု မဖြေဘဲနေရမည်သာ ဖြစ်ပါ၏။ ဤပြဿနာသည် ဒဿနပညာကို အထွဋ်အထိပ်ပေါက်ရောက်သူတို့ ဖြေရန်ပင် ဖြစ်စေချင်ပါသည်။

**၁၁။ အဘိဇာနန္တသတိပဉ္စာ**။ ။ ဤအဖြေများကိုလည်း မသုံးသပ်တော့ပါ။

## သတိဝဂ် ပြီး၏။

rvEyOm

# [illegible]

## ၇။ အရူပဓမ္မ ဝဝတ္ထာနဝဂ္ဂ

**၁။ သတိဥပဋ္ဌာနပဉှာ။** ။ဤအဖြေများကိုလည်း မသုံးသပ်တော့ပါ။

## ၂။ ဗုဒ္ဓဂုဏသတိပဋိလာဘပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "သေခါနီးခါ ဘုရားဂုဏ်ရည်များကို သတိရ သိရှိအံ့၊ နတ်ပြည်၌ဖြစ်သည်။ သူ့အသက်သတ်မှုဖြင့် ငရဲကျသည်။ ဤစကားများ အဘယ်သို့ ယုံရအံ့နည်း?" ဟူသော မိလိန္ဒ၏အမေးကို ဥပမာဖြင့် ဖြေပေသည်။ ဥပမာမှာ ဤသို့ဖြစ်ပါသည် –

"လှေနှင့်ကင်းလျှင် ကျောက်ခဲငယ်ပင် ရေ၌နစ်သည်။ လှေတင်လျှင် ကျောက်ခဲ ကြီးပေါင်းများစွာပင် ရေပေါ်ပေါ်သည်။ ကုသိုလ်သည် လှေနှင့်တူသည်" ဟူ၍ဖြစ်သည်။

ဤအဖြေသည် အမှောင်တွင်းမှအဖြေ ဖြစ်သည်။ အမှောင်သည် ပြသူရော၊ ကြည့်သူပါ မမြင်နိုင်သောအရာ ဖြစ်သည်။ သို့သော် ပြသူ၏စကားလုံးက ဖူးပေါ်သလို ပေါ်အောင်ပြောနိုင်လျှင် ကြည့်သူလည်း အကယ်မြင်ရသလိုလို ဖြစ်လာနိုင်ပါသည်။

အကယ်စင်စစ်၌ အမေးပြဿနာ၌ပါဝင်သော ငရဲနတ်ပြည် ဤစကားလုံးများ ကို မေးသူရောဖြေသူပါ အကယ်အနက်အတ္ထ သိရှိသူများ မဟုတ်ကြပါ။ ကြားဘူးနားဝ နှင့် ကြုံဆချက်များသာ သိကြသူများဖြစ်ကြ၏။သူတို့သည် မြေပေါ်၌လူတို့ကိုထား၍ ငရဲကို မြေကြီးအောက်၌၄င်း၊ နတ်ပြည်ကို ကောင်းကင်၌၄င်း ထားကြသူများ ဖြစ်ကြ ပေသည်။

ဘုရားသျှင် ညွှန်ပြအသိပေးခဲ့သော အပါယ်ငရဲနှင့် လူ,နတ်,ဗြဟ္မာများသည် ပဋိစ္စသမုပ္ပါဒ်စက်လည်ခြင်းမှ ထွက်ပေါ်လာသော ဒုက္ခဒီဂရီ အနိမ့်အမြင့်၊ အနုအရင့် ၏ အမည်နာမဝေါဟာရများမျှသာ ဖြစ်ပေသည်။ ပဋိစ္စသမုပ္ပါဒ်စက် အလည်ခံရသော တစ်လံမျှလောက်သော ဤကိုယ်ကြီးဖြင့် ကာလအားဖြင့်၄င်း၊ဌာနအားဖြင့်၄င်း အနည်း ငယ်မျှ အကြားရှိသောအရာများ မဟုတ်ကြပါ။

ထိုသို့မသိဘဲလျက် ဖြေကြားသောအရာဖြစ်သောကြောင့် ဤအဖြေသည် အမှန်နှင့် နီးလျှင် နီးပေလိမ့်မည်။ သို့သော်လည်း မမြင်ဘဲ မှန်း၍ရမ်း၍ပြောသောအဖြေ ဖြစ်သောကြောင့် တိကျဖို့ဆိုသည်ကား မဖြစ်နိုင်ပေ။ စကားလှရုံမျှသာ ဖြစ်ပေသည်။ စကားလှများသည် မနူးမနပ်တတ်အပ်သောပညာကဲ့သို့ လူကို ဒုက္ခများစွာ ဒုက္ခပေးတတ်ပေသည်။ ဤစကားလှများသည်လည်း လူကိုဒုက္ခများစွာပေးလျက် ရှိ၏။ ဘယ်သို့ကြောင့်နည်း?

ဘုရားသျှင်၏ဂုဏ်တော်သည် များစွာကြီးသောကုသိုလ်ဟု ဆိုလို၏။ ဤဂုဏ်ကို ပွားလျှင် အပါယ်မလားဟူသော အဓိပ္ပါယ်လည်း သက်၏။ ထို့ကြောင့် ယနေ့လူများသည် ဤဂုဏ်ကို လိုအပ်သည်ထက် ပိုလျက်ရှိနေကြပေသည်။ အကယ်၍ ဤဂုဏ်တော်သည် စိတ်ဓါတ်မြှင့်တင်ရေးလုပ်ငန်းမျှသာ ဖြစ်၏။ ယင်းလုပ်ငန်းသည် စိတ်ဓါတ်နိမ့်ကျနေသေးသရွေ့အထိ ပြုလုပ်သင့်သောအရာ ဖြစ်သည်။ စိတ်ဓါတ်မြင့်တက်လာ၍ ပြည့်ပြီဆိုလျှင်ကား ပြုလုပ်သင့်သောအရာ မဟုတ်ပေ။

ယနေ့လူများသည် စိတ်ဓါတ်မြှင့်တင်ရေးလုပ်ငန်းကိုပိုက်လျက် သေဖို့ပြင်ဆင်နေကြသည်။ စိတ်ဓာတ်မြှင့်တင်ခြင်းသည် စိတ်ဓါတ်မြင့်ရုံဖြင့် ကိစ္စမပြီးပေ။ စိတ်ဓါတ်မြင့်မားပြီး အလုပ်လုပ်နိုင်ဘို့ ဖြစ်၏။ ဘုရားအပေါ်၌ စိတ်ဓါတ်မြှင့်တင်ရခြင်းသည် ဘုရားဟောခဲ့သော အသိပညာများကို လိုက်စားပွားများချင်လာရန် အတွက်သာ ဖြစ်သည်။ ယင်းသို့ဖြစ်လာပြီး ပွားများမှ စိတ်ဓါတ်မြှင့်တင်ခြင်း၏တာဝန် ပြီးဆုံးသည်ဟု ဆိုရပေမည်။

ဘုရားသျှင်၏ဂုဏ်တော်သည် သမထဘာဝနာ၏အာရုံ ဖြစ်ပေသည်။ သမထဘာဝနာသည် စိတ်ကိုပွားများရသော ဘာဝနာ ဖြစ်သည်။ ထို့ကြောင့် ဘုရားသျှင်၏ဂုဏ်တော်ကို ပွားများခြင်းသည် စိတ်ဓါတ်မြှင့်တင်ခြင်း ဖြစ်ပေသည်။ ဘုရားသျှင်၏ဂုဏ်တော်ကို ပွားများခြင်းသည် ဘုရားသျှင်၏ တန်ဘိုးဖြတ်၍မရသော အရည်အချင်းများ ပိုင်ဆိုင်တော်မူပုံကို သိမြင်ပြီး၊ မိမိဘဝကို ဘုရားသျှင်သို့ ယုံပြီးပုံနိုင်ရန်အတွက်သာ ဖြစ်သည်။ သို့မဟုတ် ဘုရားသျှင်ညွှန်ကြားသောလမ်းကို မမိုတ်မသုံ ယုံပြီးလိုက်နိုင်ရန် အတွက်သာ ဖြစ်ပေသည်။

ဤသို့ဖြစ်လျက် မိမိကိုယ်ကို ဘုရားသျှင်ထံပုံ၊ သို့မဟုတ် ဘုရားသျှင်ညွှန်သော လမ်းကို လိုက်ဖို့တော့ပြင်ဆင်ခြင်း မရှိဘဲ ဂုဏ်တော်တွေကိုသာ ဖိပြီးပွားများနေခြင်းကြောင့် အဘယ်သို့ အကျိုးများ ပြီးစေနိုင်ပါမည်နည်း?

စိတ်ဓါတ်မြှင့်တင်ခြင်းသည် လိုအပ်သည်ထက်ပိုလာလျှင် စိတ်ဆန်လာတတ်ပေသည်။ ပဌမ၌ လူကစိတ်ကို မြှင့်တင်သော်လည်း နောက်၌ စိတ်ဓါတ်မြင့်တက်မှု နောက်သို့ လူပါ-ပါသွားခံရတတ်သည်။ အလုပ်ကို အစ၌ လူကလုပ်သော်လည်း၊ နောက်၌ အလုပ်က လူကိုလုပ်သွားတတ်သည်မှာ ဓမ္မတာဖြစ်သည်။ ကိုယ်မွေးသောမျောက်က ကိုယ့်ကိုပြန်ခြောက်သည်ဟူသော စကားလည်း ရှိပေသည်။

ရှင်နာဂသေန၏ ဂုဏ်တော်နှင့်စပ်လျဉ်း၍ ရမ်းရော်ဂုဏ်တင်မှုကြောင့် မျက်စေ့ အမြင်မရှိသူတို့သည် စိတ်ဓါတ်မြှင့်တင်ရေးလုပ်ငန်း၌ နစ်မြုတ်ခံနေကြရပေသည်။

ဘုရားသျှင်၏ ဂုဏ်တော်သည် ကုသိုလ်ကား အမှန်ဖြစ်၏။ အပါယ်ကို တားမြစ်တတ်သည်လည်း အမှန်ဖြစ်၏။ သို့သော် မနူးမနပ် မစေ့မစပ်ကား မဆိုသင့်။ ကုသိုလ်ဖြစ်ပုံနှင့် အပါယ်ကိုတားမြစ်ပုံကို ဆိုချင်လျှင် စေ့စပ်ထိမိစွာ ဆိုသင့်ပေသည်။

ဘုရားသျှင်၏ဂုဏ်တော်သည် လောဘ၊ဒေါသကင်းနေသူတို့၏ အရည်အချင်းတော်ဖြစ်ပေသည်။ လောဘ၊ဒေါသကင်းခြင်း၏ အရည်အချင်းအစွမ်းသတ္တိကို သိရခြင်းသည် လောဘ၊ဒေါသကင်းချင်စိတ်ကို ဖြစ်စေပေသည်။

လောဘ၊ဒေါသကင်းချင်စိတ်သည် ကောင်းသောစိတ် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုစိတ်ကြောင့် သတ်ခြင်း၊ခိုးခြင်း စသောတရားများမှာ မှန်သည်-ဟု ယူဆခဲ့ခြင်းများကို လှဲချပစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုစိတ်သည် ကုသိုလ်စိတ် ဖြစ်သည်။ ထိုကုသိုလ်စိတ်မရှိလျှင် အတိတ်ကခံယူချက်ဖြင့် သတ်ခြင်းစသည် သူ့အတိုင်းအတာနှင့် မှန်သည်ဟူသော အယူအဆကို လက်ခံထားပေမည်။ ဤသို့ လက်ခံထားလျှင် ဆက်၍ သတ်ခြင်းစသည်ကိုပြုပေမည်။ ချမ်းသာကင်းခြင်းသည် ငရဲမဟုတ်၍ အဘယ်ဖြစ်မည်နည်း?

**ငရဲ၏ အဓိပ္ပါယ်သက်သက်သည် ချမ်းသာကင်းခြင်းပင် မဟုတ်ပါလော?**

ဤသို့လျှင် သတ်ခြင်းစသည်များ အပါယ်ကျတတ်ပုံနှင့် ဂုဏ်တော်ပွားခြင်းများ အပါယ်ကိုတားမြစ်တတ်ပုံကို သိစေသင့်ပေသည်။ ဤသို့ အဖြစ်ကို အဖြစ်အတိုင်း အသိမပေးလျှင် မျက်စေ့အမြင်မရှိသောသူတို့သည် အလုပ်၏အတိုင်းအတာကို ကျော်လွန်၍ ဒုက္ခနယ်အတွင်း သက်ဆင်းကျရောက်သွားတတ်ပေသည်။

“တန်လျှင်ဆေး လွန်လျှင်ဘေး” ဟူသော စကားလည်း ရှိပြီးဖြစ်သည်။ဂုဏ်တော်သည် တန်ခိုးရှိသည်မှာ မှန်၏။ အထက်၌ ဆိုခဲ့ပြီးသော အတိုင်းအတာအထိသာ ဖြစ်စေပေသည်။ ယင်းကိုကျော်လွန်၍ အတိုင်းမသိသော တန်ခိုးရှိသည်ဟုဆိုလျှင်ကား ဘေးဖြစ်ဖို့ ရှိပေသည်။

ဤပြဿနာ၏အဖြေစကား၌လည်း “ဂုဏ်တော်သည် တန်ခိုးရှိ၏” ဟူသည် မှာပင် အဆုံးသတ်နေ၏။ အဘယ်အတိုင်းအတာဟူ၍ သိရန်မရှိပေ။ အတိုင်းမသိ ဖြစ်နေပေသည်။

## ၃။ ဒုက္ခပ္ပဟာနဝါယမပဥှာ

ဤပြဿနာသည် အောက်၌ ဆွေးနွေးပြီးများဖြင့် အကျုံးဝင်ပါသည်။

## ၄။ ဗြဟ္မလောကပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “လူ့ပြည်မှ ယူဇနာငါးသန်းခုနစ်သိန်းခြောက်သောင်း(၅၇,၆၀၀,၀၀၀)ဝေးသော ဗြဟ္မာပြည်သို့ ကွေးသောလက်မောင်းကို အားဖြင့် ဆန့်သောအချိန်အတွင်း၌ တန်ခိုးရှင်များသွားနိုင်သည်ဆိုသည်မှာ ယုံဖွယ်အဘယ်ရှိပါအံ့နည်း?”ဟု မိလိန္ဒ၏အမေးကို အောက်ပါအတိုင်း ဖြေပေသည်။

“ဤနေရာ၌ ယူဇနာနှစ်ရာဝေးသော အလသန္ဒာကျွန်း၌ သင်ငယ်စဉ်က ပြုလုပ်ခဲ့သည်ကို တစ်ခဏအတွင်း ပြန်လည်မှန်းမိ အောက်မေ့နိုင်သည် မဟုတ်ပါလော?ဤအတူဖြစ်သည်”ဟု ဖြေပေသည်။

ဤအဖြေသည် တက္ကအဖြေသာဖြစ်သည်။ မေးသူမလှုပ်နိုင်ရန်သာ အကျိုးပြီးသောအဖြေ ဖြစ်သည်။ မေးသူ၏အသိ၌ မှောင်နေသည်ကို လင်းလာစေနိုင်သောအဖြေ မဖြစ်နိုင်။ မီးသွေးမှုန်များ လိမ်းချယ်ပေးထားသောအဖြေသာ ဖြစ်သည်။ ဤအဖြေကို ဖြေသူသည် တန်ခိုးဆိုသော စကားလုံး၏ အခြေခံအနက်အတ္ထကို သိရှိသောသူ မဖြစ်နိုင်ပေ။ ထိုသို့မသိဘဲလျက် တန်ခိုးနှင့်စပ်လျက် ကြံဆချက်များ ထုတ်လွှင့်နေသူ ဖြစ်ပေသည်။ ထို့ကြောင့် အဖြေသည် အမှန်နှင့်ကွာဝေးသောအဖြေ ဖြစ်ရပေမည်။ ဤအဖြေကို အနည်းငယ် စိစစ်ပြပါမည်။

တန်ခိုးရှင်သည် ယူဇနာပေါင်း ငါးသန်းခွဲကျော်ဝေးသော ဗြဟ္မာပြည်ဆိုသည်ကို ချက်ခြင်းရောက်အောင် သွားနိုင်သည်ဆိုလျှင် ထိုတန်ခိုးရှင်၏ ရုပ်ဖြင့်ပြီးသော ကိုယ်ကာယကြီး မရှိသလော?

ရုပ်ကိုယ်ကာယကြီး ရှိနေရပေမည်။ အကယ်၍ ရှိနေလျှင် ရုပ်ကိုယ်ကာယသည် ရုပ်သဘာဝတို့၏ နိယာမအတိုင်း သူ့ဒြပ်နှင့် ညီမျှသော အလေးချိန်ရှိရပေမည်။ ထိုသို့ဆိုလျှင် ထိုကိုယ်ကာယ၏ အလျင်နှုန်းသည် ဤမျှမြန်ဆန်ခြင်းမရှိနိုင် ဖြစ်ရပေမည်။ ရုပ်များ၌လည်း အလင်း၏ လျင်နှုန်းပင် ဤမျှမရှိပေ။ အလင်း၏အလျင်နှုန်းသည် ရုပ်များ၏ အလျင်ဆုံး၊အမြန်ဆုံး၊အမြင့်ဆုံးသော အလျင်နှုန်းပင် ဖြစ်ပေသည်။ တန်ခိုးရှင်ဆိုသူသည် ဤနှုန်းကိုနောက်ချန်၍သွားနိုင်လိုလျှင် စိတ်နှင့်ရုပ်ကိုခွဲ၍ စိတ်ချည်း

သီးသန့်သွားရဖို့ ရှိပါသည်။ စိတ်ကူးဖြင့်သွားရောက်ခြင်းသည်လည်း အကယ်သွားရောက်ခြင်းဟု မဆိုနိုင်။ ထို့ကြောင့် စိတ်နှင့်ရုပ်ကိုခွဲ၍ စိတ်ချည်းသီးသန့် အထည်အဖြစ် ရုပ်လျက်သွားရဖို့ရှိသည်။ တန်ခိုးရှင်သည် ဤသို့ပြုနိုင်ပါမည်လော? စိတ်သည် ရုပ်နှင့်ကင်း၍ ဤသို့သောရပ်တည်နိုင်စရာ ရှိပါသတဲ့လော?

ဘုရားသျှင်၏အသိပေးချက်ဖြစ်သော ပညတ်တော်များ၌ကား စိတ်သည် အာရုံနှင့်ဝတ္ထု နှစ်ခုဆုံ၍ဖြစ်သောအရာဟူ၍သာ ရှိပေသည်။ ထိုအရာများကို မစွဲမှီဘဲ စိတ်ဟူ၍ရှိကောင်းသည်မဟုတ်။

ထို့ကြောင့် တန်ခိုးရှင်သည် ရုပ်ကိုခွါထားခဲ့ပြီး သွား၍ဖြစ်သည်လည်း မဟုတ်ပေ။ တန်ခိုးရှင်သည် တန်ခိုးရှိသောကြောင့် မဖြစ်နိုင်ဟူ၍ မရှိ။ သူ့ရုပ်၏အလေးချိန်ကိုသော်၄င်း ပျောက်စေလိုက ဖျောက်နိုင်သည်။ သူ့ရုပ်၏လျင်နှုန်းကိုသော်လည်း ရုပ်တို့၏လျင်နှုန်းနိယာမထက် ကျော်လွှားအောင်မြင်စေလိုက အောင်မြင်စေနိုင်သည်။ နောက်ဆုံး စိတ်နှင့်ရုပ်ကိုပင် တစ်ကွဲစီဖြစ်စေလိုက ခွဲနိုင်သည်။ ဤသို့ တုံးတိကြီး ပြောလိုက ပြောနိုင်ပါ၏။ ဤသို့ဆိုလျှင် မေးရမည်။ တန်ခိုးဟူသည် ဘယ်အရာများနည်း?

လောကီမဟဂ္ဂုတ်ဈာန်မှာဖြစ်စေ၊ လောကုတ္တရာမဂ်ဖိုလ်ဈာန်မှာ ဖြစ်စေ အခြေခံတရားများသည် ဆန္ဒ၊ ဝီရိယ၊ ဝီမံသနှင့် စိတ္တ။ ဤလေးပါးသာရှိပေသည်။

ဤတရားများ၏ အနက်အဓိပ္ပာယ်မှာ□

(၁) လူ၌ ဖြစ်စေလိုသောဇောသန်နေခြင်း(ဆန္ဒ)၊

(၂) တက်ကြွနေခြင်း(ဝီရိယ)၊

(၃) စိတ်ဖြာသိနေခြင်း(ဝီမံသ)၊

(၄) စိတ်ထက်သန်နေခြင်း(စိတ္တ)၊

ဤအရာများသာ ဖြစ်ပေသည်။

ဤအရာများကိုပင် တန်ခိုးဖြစ်သောအရာများဟု ပြောရပေသည်။ တန်ခိုးဟူသောအမည်သည် စကားနက်၌ အဘယ်သို့ရှိမည်ကို မပြောနိုင်သော်လည်း သဘောနက်၌ ပြီးမြောက်ခြင်းကို ဆိုလိုပေသည်။ ဆိုခဲ့ပြီး သဘောတရားများမှ တစ်ပါးပါး ရှေ့တန်းရောက်နေလျှင် ပြီးမြောက်ခြင်းဟူသောအရာကို ရရှိနိုင်သည်။

ဥပမာ _ အဝေးက အဆင်း၊အသံကို မြင်ရ၊ကြားရမှုများကို ပြီးမြောက်စေခြင်း။ သူ့စိတ်ကို သိရမှုများကို ပြီးမြောက်ခြင်း။ တစ်ကိုယ်တည်းဖြစ်လျက် ကိုယ်အရာအထောင် မက လိုချင်သလောက် ခွဲနိုင်ခြင်း။ ရှေးဖြစ်ဟောင်းများကို အောက်မေ့နိုင်ခြင်း။ နောင်း ဖြစ်တွေများကိုလည်း မဖြစ်မီကပင် ပေါ်စေနိုင်ခြင်း စသည်တို့ကို ပြီးမြောက်စေခြင်းများ ဖြစ်ကြသည်။

ဤပြီးမြောက်ခြင်းများသည် ယနေ့လူသားများထံ၌ မတွေ့ချင်အဆုံး ဖြစ်နေကြ သည်မဟုတ်ပါလော? တရုပ်ပြည်မှ မော်စီတုံးသည် တန်ခိုးရှိသောကြောင့် လိုအပ်လျင် မော်စီတုံးပေါင်း သန်းရစ်ရာမျှ ကိုယ်ခွဲပြခြင်းကို ပြီးမြောက်စေနိုင်ပါသည်။နက္ခတ္တဗေဒ ပညာရှင်များသည် တန်ခိုးရှိသောကြောင့် ကမ္ဘာမြေကြီးကို လက်ဝါးပေါ်တင် ကြည့်နိုင် သည်။ နေနှင့်လအပြင် ဂြိုဟ်များနှင့် ကမ္ဘာမြေမှ နှစ်ပေါင်းကုဋေကုဋာ သွားရသော ကြယ်များကိုပင် သုံးသပ်နိုင်ကြပေသည်။ ထိုသို့သောတန်ခိုးရှင်ကြီးများ၏ တန်ခိုးရှိန်စော် အာနုဘော်ဖြင့် လူတိုင်းလိုပင် အဝေးက အဆင်းနှင့်အသံ ကြားနေရခြင်း၊ အဝေးသို့ အဆင်းနှင့်အသံများကို ထုတ်လွှင့်နိုင်ခြင်း၊ ရေပေါ်၌ လမ်းလျှောက်နိုင်ခြင်း၊ ကောင်းကင်၌ လမ်းလျှောက်နိုင်ခြင်း။ ဤအရာများ ပြီးမြောက်နေသည် မဟုတ်ပါလော? ရူပဗေဒပညာ ရှင်များသည် မျက်စေ့ဖြင့်မြင်ရသော မြူမှုန်၏ ၁၂၉ဖစိတ် တစ်စိတ်မျှသော မြူမှုန်ကလေး ပေါင်းများစွာ လှုပ်ရှားသွားလာသည်ကို သိနိုင်ကြပေသည်။

ထိုပြီးမြောက်ခြင်းများသည် သဘာဝအလျောက် ပြီးမြောက်နေသော ပြီးမြောက် ခြင်းများ ဟုတ်ပါ၏လော?ဆန္ဒ၊ဝီရိယ၊ဝီမံသ၊စိတ္တတို့ဖြင့် အထပ်ထပ်ပွားများအပ်သော ကြောင့် ထွက်ပေါ်လာသော ပြီးမြောက်ခြင်းများ မဟုတ်ပါလော? တန်ခိုး၏ အနက်အဓိ ပ္ပါယ်သည်ဤသို့သောအရာများကို ခုန်ကျော်၍ဖွင့်လျင် ဘယ်သို့သင့်နိုင်ပါမည်နည်း?

ဆိုခဲ့ပြီးသောအရာများသည် လောကီတန်ခိုးများ ဖြစ်ကြသည်။ လောကုတ္တရာ တန်ခိုးများကား တေဝိဇ္ဇတို့ ဖြစ်ကြသည်။

* ဘဝသမိုင်းကိုပိုင်းခြားသိနိုင်ခြင်း(ပုဗ္ဗေနိဝါသ)၊
* ဘဝပုံဟန်ကို အမှန်ကျသိနိုင်ခြင်း(ဒိဗ္ဗစက္ခု)၊
* ဘဝရှေ့ရေးကို အတွေးမကျွံခြင်း(အာသဝက္ခယ)၊ တို့ ဖြစ်ကြသည်။

တန်ခိုးကိုငှင်း၊ တန်ခိုးဖြစ်စေကြောင်းတရားကိုငှင်း၊ ရှင်နာဂသေနသည် မသိရှိဘဲ တန်ခိုးကို တဏှာဖြင့်ဖြေဆိုထားပေသည်။ ဤအဖြေများသည် လူတို့ထံမှ အသိဉာဏ်မျိုးစေ့များကို လက်စတုံးဖျောက်ဖျက်ခြင်း ဖြစ်သည်။ လူများကို နောက်ထပ်အသိဉာဏ်ပဋိသန္ဓေများ မကိန်းတော့ဘဲ မြုံသွားစေသည်။ လောကတစ်ခုလုံးကို အသိဉာဏ် မျိုးပြုတ်အောင် လုပ်လိုက်ခြင်းသာ ဖြစ်ပါတော့၏။ ထို့ကြောင့် ထိုအဖြေသည် အသိဉာဏ်အသီးအပွင့်များ ဝေဆာနေရန် ပြုစုနေသော ဘုရားသျှင်နှင့် လုံးဝမသက်ဆိုင်ကြောင်း သိကြစေလိုသည်။

## ၅။ ဒွိန္နလောကုပ္ပန္နာနံ သမကဘာဝပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "လူ့ပြည်မှသေ၍ လူ့ပြည်၌ဖြစ်သူနှင့် ဗြဟ္မာ့ပြည်၌ဖြစ်သူတို့ ဘယ်သူနေး၍ ဘယ်သူမြန်မည်နည်း?"ဟူသော မိလိန္ဒ၏အမေးကို "အတူ"ဟု ဖြေပေသည်။ "ဝေးရာနှင့်နီးရာ စိတ်ကူးလျှင် အတူပင်မဟုတ်လော"ဟုလည်း ဥပမာပေးသည်။ "သစ်ပင်၏အနိမ့်၌ နားနေသောငှက်နှင့် အမြင့်၌ နားနေသောငှက် တို့၏ အရိပ်မြေပေါ်ကျရောက်ချိန် အတူတူပင်မဟုတ်လော"ဟုလည်း ဥပမာပေးသည်။

ဤအဖြေသည် ကောင်းသောအဖြေ မဖြစ်နိုင်။ အမေးသည်ကား တားမြစ် အပ်သောအမေး ဖြစ်ပါသည်။ အလွန်မည်သည် မသိသည်များကို အသိပြုပြီးမေးသော ကြောင့် ဤအမေးပါသောစကားများသည် အလွန်မသိအပ်သည်ဖြစ်ပုံကို အောက်၌ ဆိုခဲ့ပြီ။

ရှင်နာဂသေနသည် မိုက်တွင်းနက်သောသူပင်ဖြစ်သည်။ မေးသူသာ မသိသည် မဟုတ်ဘဲ၊ ဖြေသူလည်းမသိနိုင်သောအရာများကို ကြံဆ၍ ဖြေပေသည်။ ဖြေကြားချက် ဥပမာကိုလည်း မှန်အောင်ပေးနိုင်ခြင်း မရှိပေ။ သူပေးသောဥပမာနှစ်ခုအနက် နောက်ပေးသောဥပမာသည် အကယ်မှန်သောဥပမာ မဟုတ်။

သစ်ပင်ဖျားမှငှက်နှင့် သစ်ပင်ရင်းနားမှငှက်အရိပ်များ မြေသို့ကျချိန်ခြင်း တူကြ ပေသည်ဟု ဆိုထားပေသည်။ အကယ်၌ တူ၍ရသည်မဟုတ်။ အလင်းသည် နီးလျှင်နီး သလို၊ ဝေးလျှင်ဝေးသလို နောက်ကျခြင်း၊စောခြင်း ဖြစ်သည်။ အရိပ်သည် အလင်းကို ဖြတ်တောက်ခြင်းဖြစ်၍ ထို့အတူ ဝေး၊နီးခြားနားမှုပေါ်တွင်မှီ၍ အနှေး၊အမြန် ခြားနား နိုင်ပေသည်။

ရှင်နာဂသေနသည် မသိသည်ကို မသိသည်အတိုင်းမနေဘဲ မသိသည်ကို အသိလုပ်တတ်သည်။ မသိသည်ကို မသိသည့်အတိုင်းနေခြင်းသည် များးစွာမမှားနိုင်ပေ။ မသိသည်ကို အသိလုပ်ခြင်းသည် အမှားအင်အားကို တဟုန်ထိုးကြီးထွားစေသည်။ ထို့ကြောင့် ရှင်နာဂသေနသည် မိုက်တွင်းနက်သောသူ ဖြစ်သည်။

ဤပြဿနာသည် အား၍ ယားသကဲ့သို့သောပြဿနာ ဖြစ်သည်။

**၆။ ဗောဓိပက္ခိယပဉှာ၊**

**၇။ ပါပပုညာနံ အပ္ပါနုပ္ပဗဟုဘာဝပဉှာ၊**

**၈။ ဇာနန္တာဇာနန္တ ပါပကရဏပဉှာ။**

ဤပြဿနာများ၌ အထူးသုံးသပ်ဖွယ် မရှိပါ။ မှားလျှင် နက်ရှိုင်းစွာ မမှားနိုင်သောပြဿနာများ ဖြစ်ပါသည်။ ထို့ကြောင့် မသုံးသပ်လိုတော့ပြီ။

## ၉။ ဥတ္တရကုရုကာဒိဂမနပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် ““ဤကိုယ်ကြီးဖြင့် မြောက်ကျွန်း၊ ဗြဟ္မာပြည် စသည်သို့ သွားနိုင်သူရှိပါသလော””ဟူသော မိလိန္ဒ၏အမေးကို ““ရှိ၏””ဟု ဖြေပေသည်။ ““စိတ်ရှိသူများ ရှစ်တောင်မျှ စိတ်မှတ်ဖြင့်ခုန်နိုင်သကဲ့သို့ လေ့လာပြီးခြင်းသို့ရောက်သော စိတ်ရှိသူတန်ခိုးရှင်ရဟန်းသည် ကိုယ်ကိုစိတ်၌တင်၍ စိတ်စွမ်းဖြင့် ကောင်းကင်သို့သွားနိုင်ပေသည်””ဟု ဆို၏။

ဤအဆိုသည် စိတ်ကူးယဉ်အဆိုမျှသာ။ ထိုအဆို၌□

““ကာယံစိတ္တေ သမာရောပေတွာ””ဟု ပါရှိသည်။

““ကိုယ်ကိုစိတ်၌တင်၍””ဟူ၍ ဖြစ်သည်။

စိတ်သည် ကိုယ်နှင့်သီးခြားနေနိုင်သောအရာလိုလိုပင်။

စိတ်သည် အာရုံနှင့်ဒွါရများ ပေါင်းဆုံမိ၍ဖြစ်သည်။ ဖြစ်ပြီးလျှင် ပျက်သည်။ စိတ်သည် အထည်ဒြပ်ကင်းမဲ့သောပစ္စည်း ဖြစ်သည်။ ဖြစ်ပေါ်ဆဲမှာပင် အမှုန်အသေးဆုံးကဲ့သို့သော အမှုန်ပင် မဖြစ်ပေ။ စိတ်သည် အာရုံကိုသိခြင်း အမှုအရာကလေးသက်သက်မျှသာ ဖြစ်သည်။

ထိုစိတ်ပေါ်၌ ကိုယ်ကိုတင်မည်ဆိုလျှင် မည်သို့တင်မည်နည်း? ဖြစ်ဆဲစိတ်ကလေး၌ အသေးဆုံးအမှုန်ကလေး တစ်စိတ်တစ်ဖဲ့မျှသော အမှုန်ကလေးရှိသည် ဆိုပါအံ့။ ထိုစိတ်မှုန်ကလေးများ ပေါင်းစုံစဉ်တန်းနေသော စိတ်အလျဉ်ကြီးဟူ၍ ရှိရာပါ၏။ ဤသို့ စိတ်အလျဉ်ကြီး ရှိနေလျှင်ကား ရေအလျဉ်၌ လှေယာဉ်များတင်နိုင်သကဲ့သို့

ဖြစ်ပေသည်။ စိတ်သည် ဖြစ်ဆဲ၌ပင် ဤမျှသေးငယ်လှသည်ဆိုသော အမှုန်၊အဖတ်၊ အရည်၊အငွေ့မျှ မရှိသောကြောင့် စိတ်အလျဉ်ကြီးဟူ၍လည်း မရှိနိုင်။

ထိုသို့ဖြစ်လျက် ရုပ်ကိုစိတ်ပေါ်တင်မည်မှာ အပြောသာဖြစ်ပြီး၊ တကယ် လုပ်၍ မရပေ။ “ဣဒ္ဓိမာ ဘိက္ခု စေတောဝ သိပ္ပတ္တော”ဟူသော လေ့လာပြီးအဖြစ်ရောက်သော စိတ်ရှိသူ တန်ခိုးရှင်ရဟန်းဆိုသည်မှာလည်း ရှင်နာဂသေန အမှောင်ကျနေသောစကား များ ဖြစ်သည်။

ထိုအကြောင်းများကြောင့် ဤအဖြေသည် ရှင်နာဂသေန၏ စိတ်ကူးယဉ်အဖြေ မျှသာ ဖြစ်ပါသည်။စိတ်မှတ်ဖြင့်ခုန်နိုင်သည် ဆိုသည်မှာ ကိုယ်ကိုစိတ်မှတ်ပေါ်တင်ထား၍ ကိုယ်ကြီးခုန်ကြွလာခြင်း မဟုတ်ပါ။ ခုန်မည်ဟူသော စိတ်၏စိတ္တဇရုပ်မျှသာ ဖြစ်ပါသည်။ စိတ္တဇရုပ်ဖြင့် ခုန်နိုင်ခြင်းသည် စိတ်အားဖြင့်ခုန်နိုင်ခြင်း မဟုတ်ပါ။ ရုပ်အားဖြင့်ခုန်နိုင် ခြင်း ဖြစ်ပါသည်။ ခုန်ခြင်းကိုဖြစ်စေတတ်သော အကြောင်းများကို ဖြတ်ထားပါက ဘယ်လောက်စိတ်မှတ်ရှိရှိ ကြွတက်လာမည် မဟုတ်ပါ။

ဤအဖြေသည် လူများကို စိတ်ကူးယဉ်ချောက်ကမ်းပါးသို့ တွန်းချနေသော အဖြေ ဖြစ်သည်။

## ၁၀။ ဒီဃင္ဂုပဉှာ

ဤပြဿနာအဖြေလည်း မသုံးသပ်ချင်ဘွယ် ဖြစ်ပါသည်။ သမုဒ္ဒရာသည် အကယ်၍ တစ်ယူဇနာပင် မနက်ချင်ပေ။ ဤအကြောင်းကို မေးသူလည်း သိသည် မဟုတ်သောကြောင့် ဖြေတိုင်းလှနေသည်။

## ၁၁။ အဿာသ ပဿာသ နိရောဓပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "ထွက်သက်ဝင်သက်ကို ချုပ်စေနိုင်သည် ဆိုသည်မှာ အဘယ်သို့ချုပ်စေနိုင်ပါသနည်း?"ဟူသော မိလိန္ဒ၏အမေးကို "စတုတ္ထစျာန်ဖြင့် ချုပ်စေ၏"ဟု ဖြေပေသည်။ ဥပမာ မြောက်မှမြောက်ပါမည်လား မပြောနိုင်လောက်သော အောက်ပါစကားလည်း ဆိုပေသည်။

"အိပ်နေရင်း ဟောက်နေသူသည် ကိုယ်ကို အနည်းငယ်ပြင်လိုက်လျင် မဟောက်တော့ပေ။ ဤသို့ ကိုယ်ကိုအနည်းငယ်ပြင်ကာမျှဖြင့် ပျောက်စေနိုင်လျင် အထပ်ထပ်လေ့ကျင့်အပ်သော ကိုယ်ကာယ၊ အကျင့်နှင့်အကြံများရှိ၍ စတုတ္ထစျာန်ရောက်ပြီးသူမှာ အဘယ် မချုပ်စေနိုင်ဘဲရှိမည်နည်း?" ဟူ၍ဖြစ်သည်။

ရှင်နာဂသေနသည် သူ့အဆိုကို ဥပမာများဖြင့် တွန်းလှိမ့်၍ သယ်သွားပေသည်။ ထွက်သက်ဝင်သက်ဟူသည် လေရှူခြင်းနှင့် လေရှိုက်ခြင်း၊ သို့မဟုတ် လေထုတ်ခြင်းနှင့် လေသွင်းခြင်းများ ဖြစ်သည်။ထွက်သက်သည် ရှူခြင်းလော?ဖြစ်ချင်ရာဖြစ်ပါစေ မခွဲလို။ "ရှိုက်ခြင်းနှင့်ရှူခြင်း ဤနှစ်မျိုး မလုပ်တော့ခြင်းဟုတ်ပါသလော?" ဟူသည်ကိုပင် ဆွေးနွေးလိုပါသည်။ စတုတ္ထစျာန်ဝင်စားသူသည် ရှင်နာဂသေန ပြောသကဲ့သို့ လေဝင်လေထွက်များချုပ်ပြီ၊ ဟုတ်ပါသလော?

ရှင်နာဂသေနသည် သတိပဋ္ဌာန်ပါဠိ၌ "ပဿမ္ဘယံ ကာယသင်္ခါရံ အဿာသိဿာမီတိ သိက္ခတိ၊ ပဿာသိဿာမီတိ သိက္ခတိ" ဟူသော စကားများအရ ချုပ်သည်ဖက်မှ တောင့်ခံရပ်တည်နေခြင်း ဖြစ်ဟန်တူသည်။ ဤပါဠိသည် ကာယသင်္ခါရငြိမ်းပြီး ရှူမည်ရှိုက်မည်ဟု လေ့ကျင့်သည်ဟူ၍ ဖြစ်ပါသည်။ ဤစကားသည် အရကောက်မှားဖွယ် ဖြစ်နေသည်။ဖြစ်ပုံမှာ ကာယသင်္ခါရနှင့် အဿာသ,ပဿာသ တစ်ခုတည်းဖြစ်သည်ဟူသော အသိကြောင့် ကာယသင်္ခါရငြိမ်းအောင် လေ့ကျင့်ချက်အောင်မြင်သည်ကို ထွက်သက်ဝင်သက်ငြိမ်းခြင်းဟု မှတ်သားမိခြင်း ဖြစ်ပါသည်။

ကာယသင်္ခါရနှင့် ထွက်သက်ဝင်သက်များ အတူ ဟုတ်ပါသလော? ပါဠိနေရာအတော်များများ၌ ထွက်သက်ဝင်သက်များကို ကာယသင်္ခါရဟု သုံးနှုန်းချက်များ

ရှိကောင်းရှိနိုင်ပါသည်။ ထွက်သက်ဝင်သက်သည် ကာယသင်္ခါရနှင့် မကင်းဘဲ ရှိတတ်သောကြောင့် ထွက်သက်ဝင်သက်များကို ကာယသင်္ခါရအနေ သုံးနေခြင်းကြောင့် သုံးခြင်းဖြစ်ပါမည်။

ကာယသင်္ခါရကို အရကောက်လျှင် ထွက်သက်ဝင်သက်များ ရနိုင်သော်လည်း ထွက်သက်ဝင်သက်များကိုကောက်လျှင် ကာယသင်္ခါရမရှိ၊ မရနိုင်မည်မှာလည်း ရှိနိုင်ပါမည်။ အဘယ်ကြောင့်ဆိုသော် ကာယသင်္ခါရကဲ့သို့သော ထွက်သက်ဝင်သက် ရှိနိုင်သောကြောင့် ဖြစ်ပါသည်။

ဤစကား အစစ်အမှန်ဖြစ်ပါသည်။ ထွက်လေဝင်လေကို ရှုကြည့်ပါ။ ထွက်လေဝင်လေကို တွေ့ရှိသောအဆင့်ကိုကျော်လာလျှင် ထွက်လေဝင်လေ၌ ကာယသင်္ခါရဟူသော ကိုယ်အားစိုက်ခြင်းကို ပြုလုပ်ပြီး ရှုရှိုက်နေမိသည်ကို တွေ့ရှိရမည်မှာ အမှန်ဖြစ်ပါသည်။ ပြင်းပြင်းရှုရှိုက်ခြင်း, ပျော့ပျော့ရှုရှိုက်ခြင်းနှင့် တိုတိုရှုခြင်း,ရှည်ရှည်ရှုခြင်း တစ်ခုခုကို အားစိုက်မိနေသည်များကို တွေ့ရမည် ဖြစ်ပါသည်။

ထို "**ကိုယ်အားစိုက်ခြင်းများ**"သည် သူ့ပကတိ အသက်ရှုရှိုက်ချက်များ၌ ပူးဝင်ပေါင်းစပ်နေသောအရာများ ဖြစ်ပါသည်။ ဤအရာများသည် "**ကာယသင်္ခါရ**"များ ဖြစ်ကြပါသည်။ကာယသင်္ခါရများသည် အသက်ရှုရှိုက်ခြင်းများနှင့် ဤသို့ ပူးဝင်ရောစပ်နေသော်လည်း ဝင်လေထွက်လေနှင့် တစ်ခုတည်းမဟုတ်ပါ။

> **"မဟာသတိပဋ္ဌာန်၌ အသက်ရှုရှိုက်မှု၏ သဘောအမှန်ကို လေ့လာရမှ ဤကိုယ်၏ ကြောင်းကျိုးပုံဟန်အမှန်ကို သိမြင်မည်။ ဤသို့ သိမြင်ရမှ အထင်ဖြစ်သော ကိုယ်၏ကြောင်းကျိုးမဟုတ်သည်များ၌ ဟုတ်သလိုလို အစွဲအလမ်းများ ကင်းပြတ်မည်။ သို့မှသာ "သင်္ခါရ"ဟူသော "ဘဝ"ကိုငှင်း၊ သင်္ခါရ၏အကြောင်း "ကိလေသာ"ကိုငှင်း၊ အကျိုး"ဒုက္ခ"ကိုငှင်း သိမြင်မည်ဖြစ်သည်"**

ဤသို့ဖြစ်ရန် အသက်ရှုရှိုက်သဘောကို လေ့လာခြင်း၌ "သင်္ခါရ"ဟုဆိုအပ်သော "အားစိုက်မှု" ရောနှောနေသော ရှုရှိုက်ခြင်းကိုလွန်အောင် လေ့ကျင့်ခိုင်းခြင်း ဖြစ်ပါသည်။ အားစိုက်မှု ကာယသင်္ခါရပါသော အသက်ရှုရှိုက်မှုကို ကြည့်လျှင်ကား

ကိုယ်ကာယ၏အကြောင်းမှန်တွေ့မြင်ရန် အကြောင်းမှန်မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ကာယသင်္ခါရဟူသော အပ ပယောဂကိုသာတွေ့ရပြီး ထွက်လေဝင်လေကို မတွေ့သောကြောင့် ဖြစ်သည်။

နတ်ဝင်နေသည်ကိုတွေ့ရာ၌ ထိုသူပြောဆိုနေသော စကားများသည် ထိုသူသဘောများ မဟုတ်ကြပေ။ ထိုသူ၌ ပူးကပ်နေသော အပ ပယောဂ၏ ပြောဆိုချက်များသာ ဖြစ်ပေသည်။ ထိုသူနှင့် ပြောဆိုလုပ်ကိုင်ရမှ ပြီးသည့်ကိစ္စကို အပ ပယောဂနှင့် ပြောဆိုလုပ်ကိုင်၍ မပြီးပေ။ ထို့ကြောင့် အပ ပယောဂထွက်သည်အထိ ၊ ထို့ထက် ခွါသွားအောင်ပြုလုပ်၍ ပြောဆိုပြုလုပ်ရပေသည်။

သတိပဋ္ဌာန်ပါဠိ၌လည်း ဤအတိုင်းဖြစ်သည်။ ထွက်လေဝင်လေနှင့်ပူးနေသော ကာယသင်္ခါရသည် သူ့ကိုရှုသဖြင့် အမှန်တရားငြိမ်းချမ်းမှုများသည် မဖြစ်နိုင်ပေ။ ထို့ကြောင့် သူတို့သည် အသက်ရှူရှိုက်မှုမှ ကင်းသွားရန် အလေ့အကျင့်ခိုင်းခြင်း ဖြစ်ပါသည်။ကာယသင်္ခါရမပါသော အသက်ရှူရှိုက်မှုဖြစ်ရန် ရှေးဦးစွာ အလေ့အကျင့်ခိုင်းခြင်း ဖြစ်သည်ဟု ဆိုလိုပါသည်။

ထို့ကြောင့် သတိပဋ္ဌာန်ပါဠိ၌ ထွက်သက်ဝင်သက်ချုပ်ငြိမ်းမှုကို မပြပါ။ စတုတ္ထဈာန်ရသူများ "**ကာယသင်္ခါရငြိမ်းသည်**"ဟုသာ ပြောဆိုပါသည်။ ကာယသင်္ခါရငြိမ်းခြင်းသည် အသက်မရှူခြင်းမဟုတ်ပါ။

လူသည် အသက်မရှူဘဲနေနိုင်သည့်အမျိုးအစား မဟုတ်ပါ။အကယ်၍ နေနိုင်လိုလျှင် အသက်ရှူသကဲ့သို့ သူလိုသောဓာတ်များကို အတွင်းသို့ရောက်လာရန် ပြုပြင်မှုဖြစ်သော အမျိုးအစားဖြစ်ပါသည်။အသက်မရှူလျှင် လူ့အသွေးအသားနှင့် အကြောများ အလုပ်မလုပ်တော့ဘဲ ပျက်စီးကုန်ကြပါမည်။

စတုတ္ထဈာန်ဝင်စားသူများ အသက်ရှူမှုမရှိဟူသောစကားကို ထောက်ခံလိုသူများပေမည်။အဘယ့်ကြောင့်ဆိုသော် ကိုယ်တွေ့စတုတ္ထဈာန်ဝင်စားဖူးသူများသည် အကယ်ပင် အသက်ရှူသည်ကိုပင် မသိကြသောကြောင့် ဖြစ်ပါသည်။ ကာယသင်္ခါရပါသော အသက်ရှူမှုများသည် ရှုရသည်ဟုမထင်ရတော့လောက်အောင်ပင် ဖြစ်သည်။

လူတိုင်းပင် အလုပ်တစ်ခုခု၌ များစွာ စိတ်ပါဝင်စားစွာဖြင့် ပြုလုပ်နေသည်ဆို

လျှင် သူတို့ကိုယ်တိုင်ဘဲ အသက်ရှုနေသည်ကို မသိတော့ဘဲ ရှိရပေမည်။ သူတို့ကို ကြည့်သူများကလည်း သူအသက်ရှုသည်ကို မတွေ့မြင်ဘဲ ရှိရပေသည်။ ဤသူများသည် အလုပ်၌ စတုတ္ထစျာန် ဆိုက်နေသောကြောင့် ဖြစ်ပါသည်။ စတုတ္ထစျာန်သည် ဘယ်သူမျိုး၊ဘယ်အလုပ်မျိုးမဆို၌လည်း ဆိုက်နေနိုင်ပါသည်။

အက၊အဆို၊အတီးမတတ်ဘဲ အက၊အဆို၊အတီးလုပ်လျှင် အသက်ရှုတာကို တွေ့ရမည် ဖြစ်ပါသည်။ စတုတ္ထစျာန်ရောက် ထိုအလုပ်၌ပေါက်ရောက်ပြီးသူတွေကား ထိုအလုပ်လုပ်နေစဉ် ထိုသူအသက်ရှုမှုကို တွေ့ရမည်မဟုတ်ပေ။ ထို့အတူပင် ပန်းချီ၊ ပန်းပု၊ပန်းရံတို့၌လည်း တွေ့နိုင်ပါသည်။ ဤအလုပ်များလည်း စျာန်ရောက်နိုင်ပါသည်။

တံမျက်လှည်း၊ထမင်းချက်၊ထင်းခွဲ၊ရေခပ်လည်း အတူပင်ဖြစ်သည်။ စတုတ္ထစျာန်သို့ ထိုအလုပ်များဖြင့်ရောက်နေသူသည် မထင်သောအသက်ရှုမှုရှိသူ ဖြစ်ပါသည်။ ကျွမ်းကျင်သည့်အဆုံးတိုင်အောင် ကျွမ်းကျင်သည်။ ဤသို့သောအလုပ်များသည် ထိုအလုပ်ဖြင့် စတုတ္ထစျာန်ရောက်နေခြင်းကို ညွှန်ပြသောစကား ဖြစ်ပါသည်။ စတုတ္ထစျာန်ကို မရောက်သေးဘဲ ထိုအလုပ်များကိုလုပ်လျှင် သက်ပြင်းချလိုက်၊အသက်ရှုကြပ်လိုက် ဖြင့် ထိုသူအသက်ရှုမှုကြီးကိုပင် မြင်နေရပါမည်။

စတုတ္ထစျာန်ရောက်သူတို့၌ အသက်ရှုမှုကို မမြင်ရသည်ကား အသက်ရှုမှု မရှိတော့၍လော?ဟူ၍ မမေးအပ်ပေ ။ အထက်ကပင် လူသည် အသက်ရှုမှုနှင့် ကင်းနိုင်သူမဟုတ်ဟု ဆိုခဲ့ပြီးဖြစ်သည်။ ထိုသူတို့၏ အသက်ရှုမှု၌ ကာယသင်္ခါရမပါသောကြောင့် အသက်ရှုမှုမထင်ခြင်း ဖြစ်သည်။ဤသို့ သိသင့်ပေသည်။ ထို့ကြောင့် အသက်ရှုမှု မထင်ကာမျှဖြင့် အသက်မရှုဟု အရမ်းမယူစေချင်ပါ။ စတုတ္ထစျာန်ဝင်စားနေသူများ၌ အသက်ရှုမှုမထင်သော်လည်း အသက်ရှုမှုကား ရှိမြဲသာ။ ထိုအသက်ရှုမှုနှင့်အတူ ကာယသင်္ခါရသာ မရှိခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ရှင်နာဂသေန၏ စတုတ္ထစျာန်ဝင်စားသူများ အသက်ရှုမှုမရှိ-ဟူသော ဥပမာဖြင့်အဖြေမှာ အမှောင်တိုက်အတွင်းမှ အဖြေဖြစ်သည်။

## ၁၂။ သမုဒ္ဒ ပဉှာ၊

## ၁၃။ သမုဒ္ဒကေရသပဉှာ။

ဤပြဿနာများကို အထူးမဝေဘန်လို။ ငန်သည်ကို သမုဒ္ဒရာဟုဆိုသည်။ ကမ္ဘာပေါ်၌ သမုဒ္ဒရာမဟုတ်သော ရေငန်အိုင်ကြီးများ ရှိသည်ကို ရှင်နာဂသေန မသိ။ ထိုရေငန်အိုင်ကြီးများမှ ရေအချို့သည် သမုဒ္ဒရာရေထက်ပင် ငန်ကြသည်။

ထို့အပြင် ကြာသောကြောင့် ရေများငန်သည်ဟူသော အဖြေသည်လည်း ယနေ့ လူတို့ ယုတ္တိမရှိ၊မမှန်ကန်ဟု သဘောပေါက်ကြမည်။ လုံး၀လုံခြုံသော ဖန်ကျည်တောက် ဖြင့် ရေကိုသာလျှင် နှစ်ပေါင်းမည်မျှပင် ကြာမြင့်သွားစေကာမူ ထိုရေ ငန်မည်မဟုတ်ပေ။ ရှင်နာဂသေနသည် ယနေ့ကလေးများကဲ့သို့ ရေသံသရာကိုပင် သိသူမဟုတ်သည်မှာ ထင်ရှားပါသည်။

## ၁၄။ သုခုမပဉှာ

ဤပြဿနာသည် အကျိုးမများသောပြဿနာ ဖြစ်သည်။ ကုသိုလ်လည်း ပယ်ကောင်းသည်ဟူသော သဘောမျှပင် ဖြစ်သည်။

## ၁၅။ ဝိညာဏနာနတ္တပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “စိတ်,ဝိညာဏ်,အသက်၏ အရများသည် စကားမျှသာထူး၍ တရားကိုယ်အားဖြင့် မထူးသည် မဟုတ်ပါလော?”ဟူသော မိလိန္ဒ၏ အမေးကို “ဤသို့မဟုတ်”ဟု ဖြေပေသည်။“စိတ်နှင့် ဝိညာဏ်လည်း တခြားစီဖြစ်သည်။ အသက်ဟူသည်ကား ထင်ရှားမရှိသောတရား ဖြစ်သည်။ ဒွါရများဖြင့် အာရုံများကို သိသည်ဆိုသော်လည်း သိသူကတ္တား မရှိ။ အကယ်၍ ရှိလျှင် သိသူသည် ဒွါရများ၏ အပြင်ဖက်သို့ထွက်ခွါပြီး မြင်နိုင်ခြင်းစသည်ကို ပြုလုပ်သည်ဟု ရှိရာသည်။ ထိုသိသူ မရှိသောကြောင့် ကတ္တားမရှိကြောင်းကို သိရမည်။”

ဤသို့ ဖြေပေသည်။ ဤအဖြေသည် မှားသောအဖြေ မဟုတ်သော်လည်း အတွင်းကျသောစကား မဟုတ်။ အဖြစ်,အပျက်နှင့်မဖြေဘဲ မဖြစ်,မပျက်သော အကျိုးဆက်ဖြင့် ဖြေသောကြောင့် ဖြစ်သည်။ ဒဿနဖြင့်မဖြေဘဲ တက္ကဖြင့် ဖြေသောကြောင့် ဖြစ်သည်။

## ၁၆။ အရူပဓမ္မဝဝတ္ထာနဒုက္ကရပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဘုရားသျှင် ပြုလုပ်ခဲ့ချက်များ၌ အခက်ဆုံး အရာသည် အဘယ်ဖြစ်သနည်း?”ဟူသော မိလိန္ဒ၏အမေးကို “ဖြစ်,ချုပ်အာရုံ အလုံးစုံတူကြသော တရားများကို ဖဿ,ဝေဒနာစသည် ခွဲခြင်းဖြစ်သည်”ဟု ဖြေပေသည်။ ဤအဖြေ မမှန်ဟု မဆိုနိုင်သော်လည်း၊ မှန်သည်ဟု ထောက်ပြစရာ အလုံအလောက်မရှိပေ။

## အရူပဓမ္မဝဝတ္ထာနဝဂ် ပြီး၏။

rvEyOm

# rvEyOm

# ၄။ မေဏ္ဍကပဥ္စ
## ၁။ ဣဒ္ဓိဗလဝဂ္ဂ
### ၁။ ကတာဓိကာရ သဖလပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားသျှင်အား ပူဇော်ရခြင်းသည် အကျိုးမရှိနိုင်။ အကယ်၍ အကျိုးရှိသည်ဆိုလျှင်ကလည်း ဘုရားသျှင်သည် ပရိနိဗ္ဗာန်ပြုခြင်း မဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော် လောကထဲ၌ရှိပြီး ပူဇော်သည်ကို သာယာသူကို ပူဇော်ရမှ အကျိုးဖြစ်မည်။ လောကအတွင်းမရှိတော့၍ လောကနှင့်လွတ်ကင်းနေသူအား ပူဇော်ခြင်းဖြင့် အဘယ်သို့အကျိုးရှိနိုင်မည်နည်း?”ဟူသော မိလိန္ဒ၏ နှစ်ခွန်းထွက်အမေးကို အောက်ပါအတိုင်း ဖြေပေသည်။

“ဘုရားသျှင်သည် ပရိနိဗ္ဗာန်ပြုပြီး ဖြစ်သည်။ ဘုရားဖြစ်စကပင် သာယာမှုကို ပယ်ပြီးဖြစ်၍ ပရိနိဗ္ဗာန်မပြုမီကလည်း ပူဇော်မှုကို မသာယာသူဖြစ်သည်။ ထိုသို့သော ဘုရားသျှင်၏ ဓာတ်ကြွင်းများကို မှီရာတည်ရာလုပ်၍ ဘုရားသျှင်အသိလမ်းကြောင်းဖြင့် မှန်ကန်သောလုပ်ငန်းများကို ပြုသူများ အကျိုးများဖြစ်ပေသည်။”

ဤပြဿနာကား အကယ်လေးနက်သောပြဿနာ မဟုတ်။ ပူဇော်ခြင်း၌ အကျိုးဟူသည် အပူဇော်ခံသူကြောင့်ဖြစ်သည်ဟူသော နှလုံးသွင်းမှားမှုကြောင့် ခက်ယောင်နက်ယောင် ထင်နေရခြင်းဖြစ်သည်။ ရှင်နာဂသေနသည် ဤအမှားကို ကျော်မပြနိုင်သောကြောင့် စကားကျောရှည်နေရခြင်း ဖြစ်သည်။

ကောင်းကျိုးမကောင်းကျိုးများ၌ အာရုံသည် ပဓာနမဟုတ်ပေ။ ပြုသူ၏စိတ်ထားသည်ကား ပဓါနဖြစ်ပေသည်။ ဘယ်မျှကောင်းသောအာရုံဖြစ်စေ ပြုသူ၏စိတ်သည် မကောင်းလျှင် ကောင်းကျိုးရှိမည် မဟုတ်ပေ။ ပရိနိဗ္ဗာန်ရောက် သေပျောက်ပြီးဖြစ်သော ဘုရားသျှင်သည် ပူဇော်သူ၏အာရုံသာ ဖြစ်သည်။ ထိုအာရုံသည် ပူဇော်သူ၏ ကောင်းကျိုးနှင့်မကောင်းကျိုးကို အကယ်ပြုပြင်နိုင်သည် မဟုတ်ပေ။ ပြုပြင်နိုင်သောအရာမှာ ပူဇော်သူ၏ကောင်းစိတ်သာလျှင် ဖြစ်၏။

ရှင်နာဂသေနသည် ဤသို့ပြောဆိုရမည်ကိုလည်း ဝန်လေးသောသူ ဖြစ်သည်။ ဤသို့ပြောလျှင် ဓာတ်တော်များ အစွမ်းအစမရှိသလို ဖြစ်သွားမည်ဟု ထင်သူဖြစ်သည်။

ထို့ကြောင့် ကွေ့ကွေ့ကောက်ကောက် ပြောနေခြင်းဖြစ်သည်။ ဤစကားကို အဘယ့်ကြောင့် မပြောဝံ့ရမည်နည်း?

ဓာတ်တော်များသည် အဘယ်အစွမ်းများ ရှိသနည်း? ဓာတ်တော်မလုပ်သေးသော ဘုရားသျှင်၏ အသက်ရှင်စဥ်က အသွေးတော်၊ အသားတော်၊အရိုးတော်နှင့် အခြားသော ကိုယ်နှင့်စပ်သော အစိတ်အပိုင်းများသည် အဘယ်အစွမ်းသတ္တိများ ရှိကြသနည်း?

ဤအရာများသည် အဘယ်အစွမ်းမှုရှိကြသည် မဟုတ်ပေ။ ဤအရာများသည် မြေကြီး၊တော၊တောင်၊သစ်ပင်ရှိ တိရစ္ဆာန်နှင့် လူများ၌ရှိသော ပထဝီ၊အာပေါ၊တေဇော၊ ဝါယောများနှင့် ခြားသည်မဟုတ်ပေ။ ထိုအရာများ စွမ်းသမျှပင် စွမ်းပေမည်။

ဤအရာများသည် လေးစားအပ်သော အရည်အချင်းတော်များရှိသူ၏ သဲလွန်စဖြစ်သည်ဟူသော အထိမ်းအမှတ်၊ အောက်မေ့လေ့လာစရာသာ ဖြစ်သည်။ ထို့ထက်ပိုကဲသော အစွမ်းအစရှိသည် မဟုတ်ပေ။ ဤသို့ မရှိသည်ကို မရှိဟု ရိုးရိုးစင်းစင်း ဝန်မခံဘဲ ရှိသလိုဟန် ပုံဖမ်းချင်သေးသောကြောင့် အဖြေ ရှည်ဝေးလေးနက်လေခြင်းပင် ဖြစ်သည်။

တကယ်တော့ ဆိုဖွယ်ရှိသည်။ အာရုံသည် ကောင်းစိတ်ဖြစ်အောင် ညှို့ငင်နိုင်သည်ဟူ၍ ဖြစ်သည်။ဤအဆိုလည်း အပြည့်အစုံ မမှန်ချေ။ မှန်လျှင် ထိုအာရုံနှင့် တွေ့ကြသမျှ အားလုံးကောင်းကြမည် မဟုတ်ပါလော? ထိုသို့မဟုတ်သောကြောင့် ကောင်းကျိုး၊မကောင်းကျိုးအတွက် အာရုံသည် ပဓာနမဟုတ်သည်ပင် အမှန်ဖြစ်သည်။

ဘုရားသျှင် အသက်ထင်ရှား ရှိသည်ဖြစ်စေ၊ ဓါတ်တော်များသည် ရှိသည်ဖြစ်စေ၊ ပူဇော်သူ၏အကျိုးအတွက် အာရမ္မဏိက ပကတူပသတ္တိ၏ အစွမ်းအစမျှသာ ရှိပေသည်။ဤသတ္တိများသည် လူတစ်ယောက်၏ တကယ် ကောင်းနှင့်မကောင်းအတွက် အတွင်းကျသောသတ္တိများ မဟုတ်ပေ။ ဆိုလိုသည်မှာ နက်မည်ဆိုသကဲ့သို့ မနက်နိုင်သော သတိရင်းများ မရှိချေ။

ဤအရာကို ရှင်းလင်းလျှင် ဤပြဿနာသည် လေးနက်ခက်ခဲသောပြဿနာ မဟုတ်ပေ။

## ၂။ သဗ္ဗညုတဘာဝပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဘုရားသျှင်သည် ရှာမှီးဆင်ခြင်လျှင် အားလုံးကိုသိနိုင်ကာမျှနှင့် သဗ္ဗညုတ ဖြစ်နိုင်ပါပြီလော?”ဟူသော မိလိန္ဒ၏အမေးကို “ဖြစ်နိုင်သည်”ဟုဖြေပေသည်။ ရှင်နာဂသေနသည် ဤအမေးကို ဖြေသည်ဟုဆိုလျှင် ဘုရားသျှင်၏ ကြီးမြတ်ပုံများကို အလေးအနက် ထုတ်ဆိုပေသည်။ ပုထုဇဉ်၊သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာ၊ပစ္စေကဗုဒ္ဓနှင့် ဘုရားသျှင်တို့တွင် အောက်-အောက်ပုဂ္ဂိုလ်တို့ထက် အထက်-အထက်ပုဂ္ဂိုလ်တို့က သာပုံများဖြစ်သည်။ ထို့ကြောင့် ဘုရားသျှင်၏ ကြီးမြတ်ခြင်း ဖြစ်သည်။

ရှာမှီးခြင်းနှင့် ဆင်ခြင်မှုသိခြင်းကို သဗ္ဗညုဖြစ်နိုင်သည်ဟု အဆိုစကားတို့ကား ထိုစကားများ အနက်အဓိပ္ပါယ်များ မသက်ရောက်ကြပါ။ရှာမှီးခြင်းအားဖြင့် ဆင်ခြင်မှု သိသည်လည်း သဗ္ဗညုမည်နိုင်ပုံကို ဥပမာဖြင့် ဖြေပေသည်။ယင်းကား□ “ဥစ္စာစည်းစိမ်များသုံးမကုန်အောင် ပေါများနေသော သေဌေးကြီးအိမ်၌ စားသောက်ချိန်မဟုတ်၍ စားသောက်ဖွယ်ကို အနည်းငယ်မျှင့်ပြီးစားရကာမျှဖြင့် ထိုသူကို လူမွဲဆိုနိုင်ပါမည်လော?” ဟူ၍ဖြစ်ပါသည်။

ရှင်နာဂသေန၏ စကားများသည် အောက်လူက အထက်လူအပေါ် အရည်အချင်းမှန်ကိုမသိဘဲ တစ်တစ်ခွခွချီးကျူးနေသော စကားများကဲ့သို့ ကြားရသူများအတွက် ရက်ဖွယ်ကောင်းသောစကားများ ဖြစ်သည်။ ရှင်နာဂသေန၏ စကားများသည် သေဌေးကြီးဥပမာကလေးမှတပါး မေးသူ၏ပြဿနာကို ဖြေကြားချက်မဟုတ်သော စကားများချည်း ဖြစ်သည်။ ဘုရားချီးမွမ်းခန်းစကားများဖြစ်သည်ဟု ဆိုလိုပါသည်။

ဘုရားကို ချီးမွမ်းရုံဖြစ်၍ ပြဿနာသည် ပြေလည်နိုင်မည် မဟုတ်ပေ။သို့ကြောင့်လည်း ဘုရားသည် အများချီးမွမ်းအပ်သလိုလည်း မဟုတ်ပေ။ ကြည်ညိုတိုင်း ချီးမွမ်းစေ၍ဖြစ်သည်ဟုလည်း မဟုတ်ပေ။ ချီးမွမ်းချက်များများလွန်လျှင် ချီးမွမ်းချက်များဖြင့် ရှုတ်ရက်ခတ်ပြီး ချီးမွမ်းခံရသူ၏ ပကတိအရှိများ ပျောက်ဆုံးခံရသလို ရှိတတ်ပေသည်။

ထို့ပြင်လည်း ချီးမွမ်းသောလုပ်ငန်းသည် အထက်လူကို အောက်လူကချီးမွမ်း

ခြင်း၌ များစွာ ဂုဏ်မြောက်လှသည် မဟုတ်ပေ။ တန်းတူပုဂ္ဂိုလ်ကဖြစ်စေ အထက်လူကဖြစ်စေ သို့မဟုတ် အောက်သူကပင်ဖြစ်စေဦး၊ လောက၌ ထင်ရှားသောပုဂ္ဂိုလ်ကဖြစ်စေ ချီးမွမ်းမှ ဂုဏ်မြောက်ပေသည်။

ထို့ကြောင့် ဘုရားသျှင်ကို ချီးမွမ်းတော့မည်ဆိုလျှင် စကားမများဖို့လိုပေမည်။ ထို့ပြင်လည်း ဘုရားသျှင်၏ဂုဏ်ကိုလည်း ဘုရားသျှင်နှင့်ဘုရားသျှင်၏ အလေးအနက်ဆုံး တပည့်ကြီးများ၊ ဤသူများကသာ ချီးမွမ်းသင့်ပေသည်။ ရှင်နာဂသေန၏ ချီးမွမ်းချက်များသည် မှန်ကန်လှသည် မဟုတ်ပေ။ ပုဂ္ဂိုလ်ခုနစ်ယောက်ကို အဆင့်ဆင့်မြင့်ပုံကို ဆိုခဲ့သည့် ဤစကားသည် အကယ် ဤသို့ဆင့်သင့်သည် မဟုတ်ပေ။

ဘုရား၊ပစ္စေကဗုဒ္ဓါ-ဤသူတို့သည် အကယ်၌ ဘယ်သူထက်-ဘယ်သူမြင့်သည်ဟု ပြောဆိုကောင်းသူ မဟုတ်ပေ။ သူတို့သည်လောက၌ သစ္စာကို အရှင်းလင်းဆုံးသိပြီးသူဖြစ်ကြသည်ခြင်း ခြားသူများ မဟုတ်ကြပေ။ တစ်ပုံတည်းသားချင်းများ ဖြစ်ကြသည်။ ပြောခြင်းပြောလျှင် ဘုရားသျှင်နှင့်သူ၏သာဝကရဟန္တာနှင့် ပစ္စေကဗုဒ္ဓတို့ ထူးခြားမှု ပြောခွင့် အကယ်မရှိပေ။

ဘုရားသျှင်၊ရဟန္တာများကား□ဘုရားသည် သစ္စာကို ရှာဖွေဖော်ထုတ်သည်။ ရဟန္တာများကား ဘုရားရှာဖွေပြီးသောသစ္စာကို သိမြင်သူ။ ဤသို့ သစ္စာကို ရှေးဦးစွာတွေ့ခြင်းနှင့် နောက်မှသိခြင်း။ ဤမျှသာ ထူးပေသည်။ သစ္စာခြင်းကား ထူးကြသည် မဟုတ်ပေ။

ရဟန္တာများလည်း တေဝိဇ္ဇ၊ ဘုရားသျှင်လည်း တေဝိဇ္ဇ။

ထိုသို့ဖြစ်သော်လည်း ဘုရားသျှင်ကား အရိုးအရေတင်ဖြစ်အောင် ကိုယ်တိုင်ပင် စပ်ဟပ်မွှေနှောက် ရှာဖွေခဲ့ရသောကြောင့် သစ္စာကိုတင်ပြမှု၌ ထက်သန်ပေသည်။ ရဟန္တာများကား ကိုယ်တိုင်မရှာဖွေ မကြံဆရဘဲ ဖော်ထုတ်သူ၏ညွှန်ပြချက်အရ သိထားရသောသစ္စာကို တင်ပြချက်၌ ပရိယာယ်နည်းနိုင်ပါသည်။ ဤအထူးသည်လည်း အကယ်မြတ်သည်ဟုဆိုလောက်သောအထူး မဟုတ်ပေ။

သို့သော်လည်း ဆရာနှင့်တပည့်ဖြစ်၍ ကြီးမြတ်သူကား ဆိုချင်လျှင် ဆိုပါစေ။ ရဟန္တာနှင့် ပစ္စေကဗုဒ္ဓါ-ဤသူများကား ထူးခြားလှသည်မဟုတ်ပေ။ ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓ-

ဤသူများလည်း ထူးခြားလှသည် မဟုတ်ပေ။

လောက၌ သင်္ချာပြဿနာတစ်ရပ်ကို ကိုယ်တိုင်အဖြေရှာနိုင်သူ၊ ကိုယ်တိုင် မရှာနိုင်ဘဲ သူများနည်းလမ်းဖြင့် အဖြေရှာနိုင်သူ၊ ကိုယ်တိုင်လည်းရှာနိုင် သူများကိုလည်း နည်းပေးနိုင်သူ။ ဤသူတို့သည် သင်္ချာပြဿနာကို ပြီးစေခြင်း၌ ထပ်တူပင်ဖြစ်သည်။ ထိုသင်္ချာအသိ၌ အဘယ်သူသည် အဘယ်သူထက် ပိုသည်မဟုတ်ပေ။ ပိုသောအသိဟု ဆိုသောအရာလည်း ဤသင်္ချာပြဿနာအတွက် မဟုတ်ပ။

ဤအတူပင် ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ရဟန္တာ-ဤသူတို့သည် အမြင့်ဆုံးသောလုပ်ငန်း၌ ထပ်တူပင်ဖြစ်သည်။ အောက်လုပ်ငန်းဆိုင်ရာ အသိနည်းသူ,များသူ၊ ဤအသိကို ကိုယ်တိုင်ရှာနိုင်သူ၊ အပြောအရသိသူ-ဤမျှသာ ထူးသည်။ ဤအထူးသည် အကယ် ထူးချက်မဟုတ်ပေ။ဤအထူးဖြင့် ဘဝလုပ်စရာတစ်ခုကို ပြီးအောင်လုပ်စရာ မဖြစ်သော ကြောင့် ဖြစ်သည်။

ထို့ကြောင့် ဤသူတို့သည် အတူများဖြစ်ကြပေသည်။ ရှင်နာဂသေနသည် ဤ အတူများကို အကြီးအကျယ် မတူလေဟန်၊ ကြံဖန်ပြီး ဘုရားကိုချီးမွမ်းဖို့ ကြိုးစားနေပေ သည်။ ဤချီးမွမ်းချက်များဖြင့် ဘုရားကို သဗ္ဗညူအဖြစ်ကိုဆိုရာ၌ ရောယောင်တွန်းလိုမ့်၍ မတော်ပေ။ ဘုရား၏ သဗ္ဗညူအဖြစ် အမေးစကားကိုဖြေသော ဥပမာသည်လည်း အကယ် မှန်ကောင်းမှ မှန်ပေမည်။ စဉ်းစားဖွယ်အဖြစ် အနည်းငယ်မျှ တင်ပြပါမည်။ အမေးသည် “ရှာမှီးဆင်ခြင်မှသိခြင်းသည် သဗ္ဗညူခေါ်လောက်ပါပြီလော?” ဟူ၍ပင် ဖြစ်သည်။

သေဌေးအိမ် စားချိန်မဟုတ်၍ စားရန်ငံ့ရကာမျှဖြင့် သေဌေးမဟုတ်ဟု မဆိုနိုင် သကဲ့သို့ ဆင်ခြင်ရှာမှီးရကာမျှဖြင့် သဗ္ဗညူမဟုတ်ဟု အဘယ်ဆိုနိုင်မည်နည်းဟု ဖြေထားပေသည်။ ဆင်ခြင်ရှာမှီးလျှင် သိနိုင်သည်ကို သဗ္ဗညူခေါ်လျှင် လူတိုင်းလိုလိုပင် သဗ္ဗညူဖြစ်နိုင်သည် မဟုတ်ပါလော? လူများသာမက ကွန်ပျူတာဟုခေါ်သော လျှပ်စစ် အလိုအလျောက်တွက်စက်များပင် သဗ္ဗညူခေါ်နိုင်မည် မဟုတ်ပါလော?

လူသည် ရှာမှီးဆင်ခြင်လျှင် မသိသောအရာဟူ၍ မရှိနိုင်ပေ။ သိစရာမှန်သမျှ မသိသည်မှာ မရှာမှီးမဆင်ခြင်သောကြောင့် ဖြစ်သည်။ ဘယ်သင်္ခါရ၊ ဘယ်လက္ခဏာနှင့်

ဘယ်နှိဗ္ဗာန်၊ ဘယ်ပညတ်မဆိုကို ရှာမှီးဆင်ခြင်လျှင် သိမည်ဖြစ်ပါသည်။ မရှာမှီး မဆင်ခြင်သောကြောင့် မသိဘဲနေခြင်း မဟုတ်ပါလော? အတွေးနှင့်အမြင်သာ ခြားလိုက ခြားနိုင်ပါသည်။ ဤသည်ကိုလည်း မြန်လိုက ကွန်ပျူတာဟူသော လျှပ်စစ်စက်အတွင်း၌ အခြေခံအချက်အလက်ဖြစ်သော ရှာမှီးချက်များသာ ပြည့်စုံအောင်ထည့်ထားလျှင် တစ်ခဏချင်းပင် သိနိုင်ပါသည်။

ဤစက်သည် အခြေခံအချက်အလက်များ ရှာမှီးဖို့သာ လိုပါသည်။ ဆင်ခြင်တွက်ချက်မှုအတွက် အပြည့်အဝတာဝန်ယူပါသည်။ အခြေခံအချက်အလက် ရှာမှီးချက်မပြည့်စုံလျှင်သာ မဆင်ခြင်နိုင်ရှိမည်။ ဤစက်သာမဟုတ်ပါ။ လူလည်း သိစရာများကိုမသိဖြစ်နေသည်မှာ အစဉ်မဆင်ခြင်တတ်၍ မဆင်ခြင်နိုင်ဆိုသည်က နည်းပါးပါသည်။ အခြေခံအချက်အလက် ရှာမှီးချက်များကို မရှာမှီးဘဲနေကြ၍သာ ဖြစ်ပါသည်။ သူသည်စကြဝဠာအနန္တကိုလည်း လက်ဝါးပေါ်တင်၍ ကြည့်နိုင်သည်။ အနုမြူအတွင်းလည်း လမ်းလျှောက်နိုင်ပြီးသူများ ဖြစ်နေကြသည်။

"ရှာမှီးဆင်ခြင်လျှင် သိနိုင်သည်"ဟူသော စကားသည် ရိုးရိုးအဓိပ္ပါယ်ပြန်လျှင် လေ့လာလျှင်သိနိုင်သည်ဟူ၍သာ ဆိုပေသည်။ လေ့လာသိနိုင်ခြင်းသည် သဗ္ဗညုမဖြစ်ထိုက်။ အဘယ့်ကြောင့်ဆိုသော် "အားလုံးကိုသိပြီးခြင်းကိုသာ သဗ္ဗညုဆိုသင့်သည်"။ မသိသေးသည်ကို လေ့လာရှာမှီးမှ သိရမည့်အသိသည် သိပြီးအသိ မဟုတ်ပေ။ ထို့ကြောင့် လေ့လာရှာမှီးမှ သိရမည့်အသိဆိုသောအရာသည် အသိပင်မဟုတ်သောအရာ ဖြစ်ပါသည်။ထို့ကြောင့် ဤအရာကို သဗ္ဗညုဟု မခေါ်ထိုက်ပေ။

ဥပမာအားဖြင့်ဆိုလျှင် လူတိုင်းသည် စကြဝဠာကို အပြောကျယ်သောကြောင့် မထင်နိုင်သောအသိ ရှိကြပေသည်။ ထို့အတူ အနုမြူသည် သေးငယ်မှုန်မွှားသောကြောင့် မထင်နိုင်သောအသိ ရှိကြပေသည်။ ထိုသူတို့သည် ယခုအခါ၌ မထင်သောအသိ ရှိကြသော်လည်း နောင်အခါ၌ အခြေခံအချက်အလက်ဖြစ်သော ရှာမှီးချက်များကို ရှာမှီးရခြင်းကြောင့် ဆင်ခြင်ပြီး သိနိုင်ပေသည်။ ထို့ကြောင့် လူအားလုံးကိုပင် စကြဝဠာနှင့် အနုမြူတို့၌ ထင်သောအသိရှိသူများဟု ဆိုနိုင်ပါမည်လော?

ယခု အသိမထင်သော်လည်း ရှာမှီးချက်ဖြင့် ရှာမှီးဆင်ခြင်လျှင် အမှန်ပင်

သိထင်ကြပေသည်။ထိုသို့ မသိသေးသည်ကို သိနိုင်ကာမျှဖြင့် သိသူဆို၍ဖြစ်မည် မဟုတ်ပေ။ ထို့အတူ သိစရာအားလုံးကို ဆင်ခြင်လျှင် သိနိုင်ကာမျှဖြင့် အကယ်မသိသေးဘဲ "အားလုံးကိုသိပြီးသူ သဗ္ဗညူ"ဟူ၍ ပြောသင့်သည် မဟုတ်ပေ။

ဤသဗ္ဗညူဟူသော စကားလုံးသည် ဘုရားကိုမသိ၊ ဘုရားကိုကြည်ညိုခြင်း၌ စိတ္တဇဖြစ်နေကြသူတို့၏ အောက်လူက အထက်လူကို ချီးမွမ်းသကဲ့သို့သော ချီးမွမ်းချက်စကား ဖြစ်သည်။ ယခုခေတ်၌လည်း အောက်လူများသည် အထူးအားဖြင့် လူညံ့များသည် အထက်လူများကို အဆုံးအပိုင်းအခြားမရှိ အသိရှိသည်ဟု ထင်တတ်ကြပေသည်။ ဤသည်မှာ ဓမ္မတာဖြစ်ပေသည်။

ဘုရားသျှင်လက်ထက်က အချို့လူများမှာလည်း ပညာနည်း၍ သဒ္ဓါကြီးသူများသည် ဘုရားသျှင်ကို ကြည်ညိုလွန်းပြီး ဘုရားသျှင်၏ အသိဉာဏ်အပေါ်၌ မြင်လည်း မမြင်နိုင်ဖြစ်ကာ ဘုရားသျှင်အား အားလုံးကိုသိသူဟု ပြောဆိုကြခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို ဘုရားသျှင်ကိုယ်တိုင် ကောသလမင်း၏အမေးကို ဖြေကြားချက် ထင်းလင်းရှိပေသည်။ အမေးသည် ဤသို့ဖြစ်သည်_

"အရှင်ဘုရား _ အရှင်ဟာအားလုံးကိုသိသူ သဗ္ဗညူဖြစ်သည်ဟု
ပြောကြပါသည်။ ထိုအပြောများ အမှန်ဖြစ်ပါသလား?"

ဤအမေးကို ဘုရားသျှင် ဤသို့ဖြေပေသည်_

"ဤစကားများသည် အမှန်ကိုပြောသောစကားများ မဟုတ်ကြ။
အမှန်အတိုင်းပြောလျှင် ဘုရားသျှင်သည် တေဝိဇ္ဇဖြစ်သည်-ဟူ၍
သာ ပြောရမည်ဖြစ်သည်။"

ထို့ပြင်လည်း ပါဠိအချို့နေရာများ၌ နိဂဏ္ဌနာဋပုတ္တဆရာကြီးကို သဗ္ဗညူဖြစ်သည်ဟူ၍ ပြောဆိုချက်များကို စေ့စေ့စပ်စပ် သရော်ချက်များ လည်း လာပါသည်။ ဘုရားသျှင်သည် သဗ္ဗညူကို သူကိုယ်တိုင်က ဟုတ်ကြောင်းဝန်ခံ၍ မဖြစ်ပါ။

သို့သော်လည်း သူ၏တပည့်အညံ့စားများသည် သူသရော်သော စကားလုံးဖြင့်ပင် သူ့ကို ဂုဏ်အဖြစ် လာ၍လာ၍ တင်နေကြပါသည်။ ဤအတွင်း၌ ရှင်နာဂသေနလည်း ပါနေပါသည်။

ဤနေရာ၌ သဗ္ဗညုသန်သူများသည် ဤအပြောမျိုးကို ကျေနပ်နှစ်သိမ့်မည် မဟုတ်ပေ။ ဘုရားသျှင် သဗ္ဗညုဟု ဝန်ခံစကားများ ပါဠိ၌ရှိသည်ဟူ၍ပင် ဆိုချင်ကောင်း ဆိုချင်ပေမည်။ အကယ်၍လည်း ရှိချင် ရှိနေနိုင်ပေသည်။ ပါဠိသည် နှစ်ပေါင်းများစွာ ပါးစပ်ပေါင်းများစွာကို ဝင်ထွက်ခဲ့ပြီးဖြစ်၍ မြစ်ချောင်းအတွင်းမှ ကျောက်ခဲများကဲ့သို့ "လုံး"ခြင်း ရှိနေပြီဖြစ်သောအရာ ဖြစ်သည်။

အကယ်၍ သူဆိုသည့်အတိုင်း သဗ္ဗညုအဖြစ် ဘုရား၏ ဝန်ခံစကားများ ပါဠိ၌ရှိသည်ဆိုလျှင် ကောသလအား ဘုရား၏သဗ္ဗညုအဖြစ် ငြင်းဆိုသောစကားများ ဖီလာဖြစ်နေပေသည်။

ဘုရားသျှင်သည် ဤသို့သောအရာတစ်ခုကို ဆန့်ကျင်ဘက်အနက်နှစ်မျိုးရှိသော စကားများကို ပြောဆိုတတ်သူ မဟုတ်ပေ။ ဤသို့ပြောဆိုခြင်းကို အပြင်းအထန် ရှုတ်ချသူသာဖြစ်ပေသည်။ ထို့အပြင်လည်း ဤစကားမျိုးပြောဆိုရန် အကြပ်အတည်း အကျဉ်းအမြောင်းနှင့် ရင်ဆိုင်ရခြင်းလည်း မရှိပေ။ ထို့ကြောင့် ပြောရန်အကြောင်းလည်း မရှိပေ။

ဤသို့ဖြစ်လျက် ရှိနေလျှင်ကား စကားတစ်ခွန်းသည် ဘုရားသျှင်မပြောဆိုခဲ့သောစကား ဖြစ်ရမည်အမှန် ဖြစ်ပေသည်။ ထို့ကြောင့် အဘယ်စကားသည် ဘုရားသျှင် မပြောခဲ့သောစကား ဖြစ်နိုင်သနည်း? ဤသို့ဆန်းစစ်ရပေမည်။

ငြင်းဆိုသောစကားသည် မဇ္ဈိမနိကာယ်လာစကား ဖြစ်သည်။

ဝန်ခံသောစကားမှုကား ဘယ်မှာဟု မသိပါ။ အခြားသောနိကာယ် တစ်ခုခု မှပင် ဖြစ်ပါစေ၊ထိုနိကာယ်နှစ်ရပ်လုံးသည် အရှင်အာနန္ဒာ၏ "ဧဝံ မေ သုတံ"စကားချည်း ဖြစ်သည်ဟုပင် ဆိုကြပါစို့။ထိုစကားနှစ်ရပ်အနက် ဘယ်သူအမှား ဖြစ်နိုင်သနည်း? တစ်ခုခုတော့ မှားရပေမည်။

မဇ္ဈိမနိကာယ်လာ ငြင်းဆိုသောစကားသည် မရေမရာ မထိမိသောစကား မဟုတ်ပေ။ အနက်အဓိပ္ပါယ်အားဖြင့် အခြားတစ်ခုခုဖြင့် လွဲချော်လာနိုင်သောစကား မဟုတ်ပေ။ တိတိကျကျ တစ်တစ်ခွခွစကားပင် ဖြစ်သည်။

ဝန်ခံသောစကားသည် ဤသို့ပင်ဖြစ်သည် ဆိုကြပါစို့။

ထိုစကားနှစ်ခွန်းသည် ဘုရားသျှင်တစ်ဦးတည်း နှုတ်မှပြောဆိုသောစကား မဖြစ်နိုင်။ စကားတစ်ခွန်းသည် နောက်တစ်ဦးက ဖြည့်စွက်ချက်အမှန် ဖြစ်ရပေမည်။ အဘယ်စကားသည် နောက်ဖြည့်စကား ဖြစ်မည်နည်း? နောက်ဖြည့်ဆိုသည်မှာ "သာဝကဘာသိတ" ဖြစ်ရမည်ဟု ဆိုလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤပါဠိများသည် သာဝကတို့၏ အလုံအခြုံ ငုံထားကြသော အခြားသူနှင့်မစပ်သည့် စကားလည်း ဖြစ်သည်။ ဖြည့်ခြင်းဖြည့်လျှင် သာဝကများသာ ဖြည့်ရမည်ဖြစ်သည်။

ထို့ကြောင့် စကားတစ်ခွန်းခွန်းသည် ဘုရားစကားမဟုတ်ဘဲ ရှိရမည်။ ယင်းသို့သာမက စကားတစ်ခွန်းသည် သာဝကဘာသိတစကားဖြစ်ရမည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ အဘယ်စကားသည် သာဝကဘာသိတစကားဖြစ်၍ အဘယ်စကားသည် ဗုဒ္ဓဘာသိတစကား ဖြစ်သင့်ပါ သနည်း?

ဤသို့စိစစ်လျှင် ဝန်ခံစကားသည် သာဝကဘာသိတစကားဖြစ်၍ ငြင်းပယ်သောစကားသည် ဗုဒ္ဓဘာသိတစကား ဖြစ်ရပေမည်။

ဖြစ်နိုင်ကြောင်း အချက်တစ်ချက်ရှိပါသည်။ ဤအချက်မှာ ဤသို့ဖြစ်ပါသည်။ သာဝကများသည် ဗုဒ္ဓအားကြည်ညိုကြသည်။ထို့ကြောင့် အလှပဆုံးစကားတို့ဖြင့် သုံးနှုန်းပြောဆိုချင်ကြသည်။ "သဗ္ဗညူ"ဟူသောစကားလုံးသည် ဘုရားလက်ထက်ကပင် သာသနာပဘုရား အမည်ခံသူများ ပြောဆိုနေကြပြီဖြစ်သော အလှဆုံးစကား ဖြစ်သည်။ ဤအလှဆုံးစကားကို ဗုဒ္ဓဘုရားသျှင်ဝန်ခံလျှင်ကား ဘုရားတပည့်မှန်သမျှသည် ဗုဒ္ဓကို "သဗ္ဗညူ"ဟု မည်သူမျှမသိသူဟူ၍မရှိပါ။ သို့ဖြစ်လျှင် သဗ္ဗညူအောက် ဂုဏ်နိမ့်သော "တေဝိဇ္ဇ"ဟူသောစကားဖြင့် ဘုရားကို ဂုဏ်တင်မည် မဟုတ်ပေ။

"တေဝိဇ္ဇ"စကား၌ တေဝိဇ္ဇဖြစ်သည်ဟု သာမန်ဆိုခြင်း မဟုတ်၊ "တေဝိဇ္ဇာ" ဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။"သဗ္ဗညူ"ဟူသောစကားကို မသိ၍ "တေဝိဇ္ဇာ"ဟူ၍ အများများဖြင့်ဆိုထားချက်ကို ဂုဏ်တင်ခဲ့ခြင်း မဟုတ်သည်မှာ ထင်ရှားပေသည်။ သဗ္ဗညူဟူသော ဂုဏ်မြင့်သောစကားကို ပယ်နိုင်လျှင် ပယ်၍၊ တေဝိဇ္ဇဟူသော ဂုဏ်နိမ့်သောစကားဖြင့် ဘုရားသျှင်အား ဂုဏ်ပြုပြောဆိုသည်မှာ သာဝကတစ်ဦးဦး မဟုတ်နိုင်သောအရာ ဖြစ်သည်။

ဗုဒ္ဓသာဝကများသည် ဗုဒ္ဓအပေါ်၌ မြှင့်၍ပြောဆိုခြင်းမရှိဟု ဆိုရမည်။ နှိမ့်၍ ကား အလျဉ်းပင်ပြောလိုခြင်း မရှိ။ ထို့ကြောင့် သဗ္ဗညူမဟုတ်၊ "တေဝိဇ္ဇသာဖြစ်သည်" ဟူသော သဗ္ဗညူအဖြစ်ငြင်းဆိုသော စကားသည် သာဝကဘာသိတလုံးဝမဖြစ်နိုင်၊ ဗုဒ္ဓဘာသိတသာ ဖြစ်နိုင်ပါသည်။

ဗုဒ္ဓဟူသည် အပိုနှင့်အနှုတ်ကို ဟန်လုပ်ခြင်းကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်သောကြောင့် ဂုဏ်နိမ့်စကားလုံးပင်ဖြစ်စေ ရှိသည်ကို ရှိသည့်အတိုင်း ဝန်ခံပေသည်။ ထို့ကြောင့် သဗ္ဗညူမဟုတ်၊တေဝိဇ္ဇဖြစ်သည်ဟူသော သဗ္ဗညူအဖြစ် ငြင်း ဆိုသောစကားသည် ဗုဒ္ဓဘာသိတစကား ဖြစ်နိုင်ပေသည်။ သဗ္ဗညူအဖြစ် ဝန်ခံသော စကားသည် ဗုဒ္ဓဘာသိတမဟုတ်၊ သာဝကဘာသိတသာ ဖြစ်နိုင်ပေသည်။

ထို့ကြောင့် သဗ္ဗညူသန်သူများအနေနှင့် ကိုယ်တွေ့ရာ ပါဠိလေးတကိုင်ကိုင်ဖြင့် အလှည့်အပြောင်းမလုပ်လို၍ ပေကပ်နေရန်မကြိုးစားဘဲ ရှိနေစေချင်ပါသည်။ ပါဠိ၌ ပါသည်ဆိုကာမျှဖြင့် ခိုင်လုံလှသည် မဟုတ်ပေ။ ပါဠိသည် ဆိုခဲ့ပြီးသည့်အတိုင်း နှစ်ပေါင်း များစွာကို ဖြတ်ကျော်လာခဲ့ပြီးဖြစ်၍ ရှိနေပေသည်။

အချို့ပါဠိသည် ခေါင်းကြီး ကိုယ်သေး၊ အချို့ပါဠိသည် ကိုယ်ကြီး ခေါင်းသေး၊ အချို့ပါဠိသည် ခြေသေးကိုယ်ကြီး၊ အချို့ပါဠိသည် ခြေကြီးကိုယ်သေးဆိုသကဲ့သို့ ဖြစ်နေ ပေသည်။ စာပေမျက်စေ့ရှိလျှင် ဤအရာများ အထင်အရှား တွေ့နိုင်ပေသည်။ ထို့ကြောင့် ပါဠိ၌တွေ့သည်နှင့် တကြွကြွနေမည့်အစား ငြိမ်၍လက်ခံတန် လက်ခံရန် ဆုံးမသင့်လှ သည်။

ဤပြဿနာသုံးသပ်ချက် ရပ်နားပါမည်။

## ၃။ ဒေဝဒတ္တပဗ္ဗဇ္ဇပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "ဒေဝဒတ်အား ရဟန်းပြုပေးခြင်းသည် ဘုရားသျှင်၌ ဒေဝဒတ်၏ ဂတိအလားကို မသိ၍လော? သနားကရုဏာမဲ့၍လော?" ဟူသော မိလိန္ဒ၏ နှစ်စွန်းထွက်အမေးကို- "သနားခြင်းရှိသောကြောင့်ဖြစ်သည်"ဟု ဖြေပေသည်။

"ဒေဝဒတ်သည် အကယ်၍ ရဟန်းပြုပေးခြင်းမခံရလျှင် လူအဖြစ်ဖြင့် ကမ္ဘာပေါင်းကုဋေတစ်သိန်းမက ငရဲမှမထနိုင်သောပြစ်မှုများကို ကျူးလွန်မည့်သူဖြစ်သည်။ ဘုရားသျှင်သည် ဤအကြောင်းကိုသိပြီး တစ်ကမ္ဘာ၏ခြောက်ပိုင်းတစ်ပိုင်းမျှဖြင့် ဝဋ်ဆင်းရဲဆုံးရန် ဒေဝဒတ်ကို ရဟန်းပြုခွင့်ပေးခဲ့ခြင်းဖြစ်သည်"။

ရှင်နာဂသေနသည် ဤကဲ့သို့ ဖြေပေသည်။

ဤအဖြေများသည် သင့်မြတ်ပါ၏လော? ဤအဖြေများသည် ဘုရားသျှင်၏ တပည့်ပြီပြီ ဘုရားသျှင်ဘက်မှပင်းလွန်းသောအဖြေများ ဖြစ်နိုင်ပါသည်။ မဟုတ်မမှန် လုပ်ကြံခြင်းသည် ပင်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပင်းခြင်းကို အသိဉာဏ်မဲ့သော ဗုဒ္ဓဘာသာဝင်များ ရွှင်ပြုံးဝမ်းသာကြသော လက်ခုပ်ဖြင့် သွန်းလောင်းနိုင်ကြသော်လည်း အသိဉာဏ်ရှိသူ ဗုဒ္ဓဘာသာဝင်များအနေနှင့် မချိပြုံးမျှပင် ပြုံးနိုင်အောင် အတော်အား ယူကြရပေမည်။

ရှင်နာဂသေနသည် ဘုရားသျှင်အား သဗ္ဗညုအဖြစ်မှ တစ်စက်ကလေးမျှ လျော့ကျသည်ကို မလိုလားသူဖြစ်ပေသည်။ ထို့ကြောင့် ကောင်းနိုးရာရာ အကိုးအကား များကို တွေ့တတ်သမျှ ဆွဲငင်တင်ပြနေပေသည်။ ရေနစ်သူများ ကောက်ရိုးနွယ်ပင်များ ကို အားကိုးသလို ဖြစ်နေသည်။ ရှင်နာဂသေန ဆွဲကိုင်သော အရာများကား ကောက် ရိုးနွယ်ထက် ပျော့ညံ့နေပေသည်။

ဟုတ်ပါသည်။ ရှင်နာဂသေနသည် ဒေဝဒတ် လူဖြစ်လျှင် ရဟန်းပြုရသော အပြစ်ထက် ကြီးမည်ဆိုပါသည်။ ထိုအပြစ်များကား အဘယ်အပြစ်များတဲ့နည်း? လောက၌ အပြစ်အကြီးဆုံးများကား ကံကြီးထိုက်ခြင်းများသာတည်း။ ရဟန်းပြုသော

ဒေဝဒတ်သည် ကံကြီးထိုက်သည်။ လူဖြစ်လျှင်ပြုမည့် ထိုထက်ကြီးသော အပြစ်များ ကား အဘယ်နည်း? ကမ္ဘာပေါင်း ကုဋေအသိန်းမက အပြစ်ရလောက်အောင်အပြစ်ကား မည်သည့်အပြစ်ကို ဆိုလိုသနည်း?

တစ်ခုတည်းကြောင့် မဟုတ်။ တစ်ခုဖြစ်စဉ်၊ တစ်ခုဆင့်၍ အဆင့်ဆင့်လုပ်ခြင်း ကြောင့် ဖြစ်သည်ဟု လုပ်ခြင်းကိုဖြေနိုင်ပါသည်။ ဤအဖြေသည်လည်း သဿတမိစ္ဆာ ဒိဋ္ဌိမှ လွတ်သောစကားမဟုတ်ပေ။

ရှိပါစေ။ ဤသို့ဆိုလျှင် မပြုလုပ်ရသေး၍ ကံအဖြစ်မရောက်သေးသော အရာများ၏အကျိုးကို အကျိုးပေးဟုရေတွက်၍ ဖြစ်နိုင်ပါသလော? သက်မဲ့စက်များ၌သာ ဤနိယာမ ရှိနိုင်ပေသည်။ သက်ရှိများ ရနိုင်သော်လည်း ရှာချင်ရှာသည်ဆိုသော မိုးကဲ့သို့ဖြစ်၍ ပြုလုပ်ပြီးမှရမည့်အကျိုးကို မပြုလုပ်မီက ရေတွက်ခြင်းသည် လူ၌သင့်လျော် သည် မဟုတ်ပေ။

လူသည် မပြုလုပ်သော်လည်း ပြုချင်လျှင်ပြုတတ်သူဖြစ်သည်တို့ကြောင့် မပြု သေးသည်ကို အပြစ်ဟုတွက်၍တော်မည် မဟုတ်ပေ။ ဤအတွက်သည် ရေနစ်သူ ဆွဲသော ကောက်ရိုးနွယ်ထက် အားပျော့ပေသည်။

ရှင်နာဂသေနသည် ဘုရားသျှင်အား သဗ္ဗညူအဖြစ်မှ မကျဆင်းရလေအောင် ကြိုးစားလိုသူဖြစ်သော်လည်း သူ၏ကြိုးစားချက်များသည် လူကိုကျော်ထားသည်ချည်း ဖြစ်သည်ဟု ဆိုလိုသည်။လူကိုကျော်လျှင် သဿတနှင့်ဥစ္ဆေဒ တစ်ခုခုအတွင်း မကျဆင်းအောင် မတတ်နိုင်တော့ပါ။ လူကျော်သော အတွေးအခေါ်သည် အနှစ်ကို အနှစ်မထင်ဘဲ အကာကိုအနှစ်ထင်ပြီး ဂုဏ်မဟုတ်သည်ကို ဂုဏ်လုပ်လိုသော လူပေါ လောများအတွက်သာ အရာဝင်သောအတွေးအခေါ်များ ဖြစ်သည်။

အလယ်လမ်းစဉ်သည် ဤအတွေးအခေါ်များနှင့် တခြားစီဖြစ်ပေသည်။ ဤတရား၏သဘောဓမ္မသည် အတိတ်ဖော်ခြင်း၊ အနာဂတ်မျှော်ခြင်းများရှိသော တရား မဟုတ်ပေ။ ပစ္စုပ္ပန်ကို မချော်စေသောတရားသာ ဖြစ်သည်။

ဒေဝဒတ်ကို ရဟန်းပြုပေးရခြင်းမှာ ဒေဝဒတ်အား ကမ္ဘာသိန်းပေါင်းများစွာ ငရဲကျနေမည်ဟု ဆိုသည်ထက်၊ ရဟန်းပြုခွင့်စည်းကမ်းများနှင့် ရဟန်းပြုမည့်ဒေဝဒတ်တို့

အငြိအစွန်းမရှိ  ပကတိ လွတ်ကင်းသောကြောင့်သာ ဖြစ်ရပေသည်။ ရဟန်းပြုခြင်းသည် ဝဋ်ဆင်းရဲကို အဆုံးသတ်ရန်ဖြစ်သောကြောင့် မည်သူ၏ ရဟန်းပြုမှုမဆိုသည် ရှည်လျားသောဝဋ်ဆင်းရဲများ၌ ကျရောက်နေမည်ကို သနားသောကြောင့် ကယ်တင်သောအားဖြင့် ဘုရားသျှင်၏ ခွင့်ပြုခံရခြင်းချည်း ဖြစ်သည်။

ဘုရားသျှင် သို့မဟုတ် မည်သူမဆို၏ အကျိုးဝိပါက်မဆို တားနိုင်ခြင်း မရှိကြသော်လည်း ပြုမည်ကဲ့သို့ မပြုအောင် တားနိုင်ကြခြင်း ရှိကြပေသည်။ ဆရာများသည် တပည့်များဆိုးသွမ်းကြသည်ကို တားသူများမဟုတ်ကြပါသလော?

ဘုရားသျှင်သည် ဒေဝဒတ်အား လူအဖြစ်၌နေလျှင် ဝဋ်ဆင်းရဲ ရှည်မည်ဖြစ်သဖြင့် ရဟန်းပြုခွင့်ပေးခြင်းသည် အကျိုးမပေးသေးသည့်ကံကို တားမြစ်ခြင်းပင်။ ဤသို့တားနိုင်လျှင် သံဃာကိုသင်းခွဲသောကံ သည်လည်း မခွဲမီအထိ မပြုသေးသောကံဖြစ်သည်။ ဤကံကိုမြင်လျက်ပင် ဆင်းရဲရှည်မည့်ဤကံကိုကား မည်သို့တားပါသလော?

ဤကံကို တားမရသောကြောင့်ဟု မဖြေသင့်။ တားမရသော သဘောရှိသော ဝိပါက်မဟုတ်ခဲ့လျှင် တား၍ရ-ရပေမည်။ထိုကံ,ဤကံ နှစ်မျိုးသောကံတို့သည် မပြုရသေးသည်ချင်းမျှသာ ဖြစ်ပေသည်။

ရှင်နာဂသေနသည် ဤပြဿနာ၌ အမှားနှစ်ခုပေါ်ရပ်လျက် အဖြေကို ကိုင်တွယ်နေပါသည်။ တစ်ခုမှာ ဘုရားသျှင်၌ သဗ္ဗညုုဉာဏ်ရှိသည်ဟူသောအချက် ဖြစ်သည်။ နောက်တစ်ခုမှာ သတ္တဝါတို့ ဘဝဖြစ်စဉ်သည် လူကိုလွန်၍ စီးဝင်ရှည်လျားနေသည်-ဟူသောအချက် ဖြစ်သည်။ ဤသို့ အမှားများပေါ်၌ရပ်လျက် ဖြေထားသောကြောင့် ဤအဖြေသည် ဟုတ်တော့မည်လိုလိုနှင့် ဖြေပြီး လူထောက်တည်၍မမှီရာသို့ ပါအသွားခံရပေသည်။

ထို့ကြောင့် ဤသူတို့သည် သိုက်၊တပေါင်စသော ရှေးဟောင်းဝတ္ထုများ၊ ပုံပြင်များကို ဖတ်ရသကဲ့သို့ စိတ်ကူးရေစီးကြောင်း၌  မျောရပေသည်။ ဖတ်ပြီးသောအခါ၌ကား ဘာမျှကျန်ရစ်တော့မည် မဟုတ်ပေ။

## ၄။ ပထဝိစလနပဉှာ

ဤပြဿနာ ရှင်နာဂသေနသည် “မြေလှုပ်ခြင်းအကြောင်းကို ရှစ်ပါးဟု ဘုရားဟော၏။ ထိုရှစ်ပါးတွင် ဝေဿန္တရာဒါနကြောင့် လှုပ်ခြင်းမပါ။ ဝေဿန္တရာဒါန ကြောင့် လှုပ်ခြင်းသည် မဟုတ်၍လော? ရှစ်ပါးဟောခြင်းသည် မမှန်၍လော?”- ဟူ သောမိလိန္ဒ၏အမေးကို _ “ရှစ်ပါးလည်းဟောသည်၊ ဝေဿန္တရာဒါနကြောင့်လည်း လှုပ်သည်”ဟုဖြေသည်။

“မဆန့်ကျင်မှုမှာ ဝေဿန္တရာဒါနကြောင့်လှုပ်သော မြေလှုပ်မှုသည် အခါမဲ့ မိုးရွာခြင်းကို မိုးရွာခြင်းဟု ခေါ်ရသကဲ့သို့ မြေလှုပ်အင်္ဂါ၌ မပါဝင်သောကြောင့်”ဟု ဖြေပေသည်။

ဤပြဿနာ၏အဖြေသည် အကယ်ပြေလည်သည့် ရပ်တည်ချက် မဟုတ်။ ရှင်နာဂသေနသည် ဤပြဿနာ၏ အဖြေ၌လည်း ရပ် တည်ချက် မှားယွင်းနေပေသည်။ ဤပြဿနာ၏ မှားသောအချက်များမှာ အောက်ပါတို့ဖြစ်သည်။

ဝေဿန္တရာ၏ဒါနကြောင့် မြေလှုပ်သည်ဆိုသည်ကို အကယ်မြေလှုပ်သည်ဟု သတ်မှတ်ခြင်းနှင့် မြေလှုပ်ခြင်းအကြောင်း ဟောကြားချက်ရှစ်ချက်သည် မလွဲမသွေမှန် မည်ဟူသော သတ်မှတ်ချက်တို့ ဖြစ်သည်။

ရှင်နာဂသေနသည် ဝေဿန္တရာကို အကယ် လူအဖြစ်ထင်ရှားခဲ့သောသူဟု ယူဆဟန်ရှိပေသည်။ စင်စစ်၌ ဝေဿန္တရာသည် ဘုရားဟောခဲ့သောပုံပြင်အတွင်းမှ ဇာတ်ကောင်တစ်ကောင်မျှသာ ဖြစ်ပေသည်။ ရှင်နာဂသေနသည် ကလေးငယ်တစ်ဦး ကဲ့သို့ ဖြစ်နေပေသည်။အကယ် ကလေးငယ်ပင် ဖြစ်သည်။ သဿတမိစ္ဆာဒိဋ္ဌိရေအလျဉ် ၌ မျော၍ကောင်းဆဲဖြစ်သူသည် အဘယ်မှာ လူကြီးဖြစ်နိုင်အံ့နည်း? ထိုသို့ ငယ်သေး သောကြောင့် ဘုရားသျှင်ဟောခဲ့သော တရားတော်၏ အတိမ်အနက်ကို မထောက် တည်နိုင်ခြင်း ဖြစ်ပေသည်။

ဘုရားသျှင်သည်လည်း ဤသို့ပင် ဟောခဲ့ပေသည်□

“ကောမမ္မပဒံ သုဒေသိတံ ကုသလော ပုပ္ဖမိဝ ပစေဿတိ”ဟူသောအမေးကို

"သေကျွောဓမ္မပဒံ သုဒေသိတံ ကုသလော  ပုပ္ဖမိဝ ပစေဿတိ" ဟူ၍ ဖြေခဲ့ပေသည်။

"တရားတော်ကို ရွေးကောက်ထောက်တည်နိုင်သူဖြစ်ရန် အနည်းဆုံးအရည်အချင်းမှာ လူကိုကျော်တွေးမှုများမှ ကွင်းလုံးကျွတ်လွတ်ဖို့လိုသည်" ဟု ဤဒေသနာက ဆိုသည်။

ရှင်နာဂသေနသည် လူကိုကျော်တွေးမှု ကောင်းနေဆဲပင်ဖြစ်သည်။ ကလေးငယ်များသည် ပုံပြင်ကို ဖတ်ရှုနားထောင်ရလျှင် ပုံပြင်အတွင်းမှ ဇာတ်ဆောင်ဇာတ်ကောင်များကို အကယ်အဟုတ်ထင်မှတ်ကာ ရင်နှင့်အပြည့် ခံစားသွားရပေသည်။ ရှင်နာဂသေနသည်လည်း ငယ်သေးသောကြောင့် ဤသို့ ဝေဿန္တရာကို အကယ်ရှိသည်ဟုထင်နေခြင်းဖြစ်ပါသည်။

လူကိုကျော်မတွေး၍ မြင်တတ်သောအမြင်ရှိလျှင်ကား ဝေဿန္တရာဇာတ်တော်သည် ဇာတ်တော်ထက်ပိုမလာနိုင်ပေ။ ဇာတ်တော်များ၌ မဖြစ်နိုင်သည်ဟူ၍ မရှိရပေ။ ကျေးငှက်တိရစ္ဆာန်များကို စကားပြောစေလိုက စကားပြောစေနိုင်ပေသည်။ဤသို့ လောကဖြစ်စဉ်ကို မည်မျှပင်ကျော်လွန်သည်ဖြစ်စေ ဇာတ်တော်၌အပြစ်မရောက် ဂုဏ်သာရောက်ပေမည်။

ဇာတ်သည် ကဗျာတစ်မျိုးဖြစ်သည်။ ကဗျာသည် စိတ္တဇပစ္စည်း ဖြစ်သည်။ စိတ္တဇပစ္စည်းသည် ခွေးကြီးများ စကားပြောသည်ဖြစ်စေ၊ သစ်ပင်ကြီးများ လမ်းသွားနေသည်ဖြစ်စေ၊  ရေများ အညာသို့ ဆန်စီးနေသည်ဖြစ်စေ၊ လူအားလုံး၌ မျက်စေ့မပါသည်ဖြစ်စေ အပြစ်မရှိ။ တင်စားခြင်း၌ ကြားသိနားထောင်သူအား ကဗျာကပေးလိုသည့် နီတိ အရောက်ပေးနိုင်ဖို့သာ ဖြစ်ပေသည်။

ပန်းချီ,ပန်းပု,ကဗျာ အနုပညာစသည်များသည် ဤနည်းချည်းဖြစ်သည်။ ဝေဿန္တရာဇာတ်သည် ဇာတ်ဝတ္ထုမျှသာဖြစ်သောကြောင့် စိတ္တဇပစ္စည်း များပြားစွာပါရှိသည်။ဝေဿန္တရာ၏အလှူကို ကြီးကျယ်မွန်မြတ်သည်ဟု ညွှန်ပြချင်သည်။ ဘယ်အထိ အပေါ်လွင်ဆုံး ပြမည်နည်း? အကယ်ဖြစ်သည် ရစ်ကြိမ်လှူစေခြင်းဖြင့် ပြေစေသည်။

ဤ၌ အကယ်လှူခြင်းမလှူခြင်းသည် အကယ်အရေးမကြီးပေ။ ဝေဿန္တရာ၏အလှူသည် ကြီးမြင့်သည်ဟူသော နီတိများကို လူများထံရောက်သွားလျှင် ဤအဆိုအောင်မြင်သည်ဟု ဆိုရပေမည်။ ဇာတ်၌ဖော်ပြလိုသောအရာကို ပေါ်လွင်အောင်ဖော်ပြခြင်းအတွက် ဘယ်လောက်မဖြစ်နိုင်သည်ကို ဖြစ်ပြ၍ အပြစ်မပြုလုပ်ရပေ။ ကြည့်ရှုသူတို့လည်း အပြစ်မပြုလုပ်ကြပေ။ ဤမဖြစ်နိုင်သည်ကိုကျော်၍ ပြလိုက်သည်ကိုသာ ကြည့်သွားကြပေသည်။

မြန်မာပြည် လှိုင်မင်းသမီး၏ ကဗျာထင်ပါသည်။

"အာကာကို လှာပုံပြုလို့၊ မေရုကို စုတ်တံချီ၊ သမုဒ်မင်ရည်ဖျော်လို့ ချစ်တာတွေစာစီကုံးလျှင် ဆုံးအံ့မထင်"ဟု ရှိခဲ့သည်။ အာကာ,မေရု,သမုဒ်-ဤအရာများသည် ဖတ်ရှုနားထောင်သူတို့သည် ဖြစ်နိုင်မဖြစ်နိုင် တွက်မနေကြပေ။သူ့အချစ်၏ လေးနက်သောအတိုင်းအတာကိုသာ နားလည်သွားကြပေသည်။

အကယ်၍ ဝေဿန္တရာ၏ အလှူဖြစ်စေ၊ အခြားသူတစ်ဦးဦး၏ အလှူဖြစ်စေ၊ မြေကို ဘယ်မျှလှူ၍ အကယ်လှုပ်စေနိုင်ပါအံ့နည်း? အလှူသည် ဝေဿန္တရာအလှူထက် အဆရာထောင်များသော လှူဘွယ်ကို လှူသည်ဖြစ်စေ၊ အနည်းငယ်မျှ လှူသည်ဖြစ်စေ အလှူ၏အနိမ့်အမြင့်ကို ဝတ္ထုပစ္စည်းဖြင့် ဆုံးဖြတ်အပ်သည် မဟုတ်၊ စိတ်ဖြင့်သာ ဆုံးဖြတ်အပ်သည်။

ဤစိတ်သည် မည်မျှကြီးမားမြင့်မြတ်ပါသည် ဆိုသော်လည်း ဒါနစေတနာသည် ဒါနစေတနာအမှုသာ ဖြစ်ပေသည်။ ဒါနစေတနာသည် မည်မျှပင်ကြီးမားသည်ဖြစ်စေ သီလစေတနာနှင့်စာလျှင် မုန်ညင်းစေ့နှင့်မြင်းမိုရ်တောင်ကဲ့သို့ ဖြစ်ပေသည်။ဒါနသည် သီလသေးသေးမျှပင် အရာမရောက်ဟု ဆိုလိုပါသည်။ သီလကြီးကြီးများပင် မြေကိုလှုပ်ခြင်းမရှိပါဘဲလျက် ဒါနကြောင့်မြေလှုပ်သည်ဟု ဖြစ်နိုင်ရန်အကြောင်း မရှိပေ။ ရှိသည်ဟုဆိုချင်လျှင် ကလိမ်စေ့ကို ငြမ်းဆင်သကဲ့သို့ တရားဘောင်၏အပြင်အပမှ ပလီမှုများ ပြုလုပ်ရဘို့ပင် ရှိပါသည်။

ပြောလိုက ပြောပါမည်။"ဤဒါနသည် ဒါနဖြစ်သော်လည်း၊ သူများဒါနကဲ့သို့ ဘဝ,ဘောဂစသည်တို့ကို ရည်ရွယ်သောဒါန မဟုတ်၊ အမြတ်ဆုံးဖြစ်သော သဗ္ဗညုတ

ရွှေဉာဏ်တော်ကို ရည်ရွယ်သောဒါနဖြစ်သည်’’ဟူ၍ ဖြစ်သည်။

သဗ္ဗညုတဉာဏ်ရချင်၍ ပြုသောဒါနနှင့် အာသဝက္ခယဉာဏ်ရချင်၍ ပြုသောဒါန၊ဤနှစ်မျိုးသည် အဘယ်ကမြတ်ပါသနည်း? ဤသို့ မေးရပါမည်။

လွယ်လွယ်ဖြေလျှင်ကား သဗ္ဗညုတဉာဏ်ရချင်၍ ပြုသောဒါနသည် မြတ်သည်ဟု ဖြေကြပေမည်။ ဤအဖြေ မှန်ပါသလော?မှန်ယောင်များစွာပြေးသောအဖြေ ဖြစ်သည်။ သဗ္ဗညုတဉာဏ်သည် ဘုရားသျှင်တို့သာ ရရှိသောဉာဏ်ဟု ဆိုခြင်းကြောင့် ယင်းကို ပိုမြတ်သည်ဟု ဆိုချင်ဖွယ်ဖြစ်ပါသည်။ သို့သော်လည်း သဗ္ဗညုတဉာဏ်သည် အဘယ်ဘုံ၌ဖြစ်သော တရားဖြစ်သနည်း? ဤသို့ မေးကြည့်သင့်သည်။

အာသဝက္ခယဉာဏ်သည် အရဟတ္တမဂ်,ဖိုလ်ဉာဏ်များ ဖြစ်ပါသည်။ လောကုတ္တရာဘုံတွင် ဖြစ်သည်။

သဗ္ဗညုတဉာဏ်သည် မဟာကြိယာဉာဏ်တရားများ ဖြစ်သည်။လောကီကာမဘုံ၌ ဖြစ်သည်။

ကာမဓမ္မသည် ဟီနဓမ္မ၊

မဟဂ္ဂတဓမ္မသည် မဇ္ဈိမဓမ္မ၊

လောကုတ္တရာဓမ္မသည် ပဏီတ(အပ္ပမာဏ)ဓမ္မများ ဖြစ်ပါသည်။

အဘယ်ဉာဏ် မြတ်သည်မှာ ဤမျှဖြင့်ထင်ရှားပါသည်။

ထို့ကြောင့် သူများဒါနကဲ့သို့မဟုတ်ဘဲ ရည်ရွယ်ချက်တော်၏ ဘဝ,ဘောဂစသည်မဖက် သက်သက်သဗ္ဗညုတဉာဏ်တော်ဟူသော အထွဋ်အထိီး ထိပ်သီးဖြစ်သောကြောင့် မြေလှုပ်ခြင်းဖြစ်သည်ဟူသောစကား မမှန်နိုင်။ ဤသဗ္ဗညုတဉာဏ်ကို ရည်သောဒါနကြောင့် မြေလှုပ်လျှင် အာသဝက္ခယဉာဏ်ကို ရည်သောဒါနများကြောင့် မြေလှုပ်ရုံမျှမက မြေပင်ပြိုပေမည်။

ထို့ကြောင့် ဝေဿန္တရာဇာတ်၌ မြေလှုပ်ခြင်းသည် အကယ်လှုပ်ခြင်းမဟုတ်။ ဇာတ်ဖြစ်၍ လှုပ်ခြင်းဖြစ်ကြောင်း ပေါ်လွင်လှသည်။ ဘုရားသျှင်သည် ဤဇာတ်၌ ဤသို့မဖြစ်နိုင်သည်များ ဟောသလောဟု မစောကြောသင့်ပေ။ ဇာတ်ဖြစ်သောကြောင့် ဇာတ်ကိုဟောပြောသူ၌ အပြစ်တစ်စုံတစ်ရာ မထင်ပေ။

ရှင်နာဂသေနသည် ဝေဿန္တရာဇာတ်ကို ဘုရားဟောသည်ဟု ဆိုသောကြောင့် ဘုရားသည် မမှန်သည်ကို အမှန်ဟုမဆိုပေ။ ထို့ကြောင့် အမှန်များသာဖြစ်ရမည်။ ဤသို့ ကလေးဆန်နေပေသည်။ ဇာတ်ဖြစ်ကြောင်း ထင်ရှားသောအချက်များ ရှိသော်လည်း ထိုအချက်များကိုပင် ဘုရားဟောဖြစ်၍ မှန်မည်ဟု ယူဆပြန်သည်။

ဤအချက်သည် ပြဿနာကိုင်တွယ်ခြင်း၌ အမှားတစ်ခု ဖြစ်သည်။ နောက်အမှားတစ်ခုမှာလည်း ဘုရားရှင် မြေလှုပ်ကြောင်းဟောပြောချက် ရှစ်ချက်ပင်ဖြစ်သည်။ ဤသည်ကိုလည်း ဘုရားဟောဖြစ်၍ မှန်ရမည်ဟု ယူဆပြန်သည်။

ရှင်နာဂသေနသည် ဘုရားရှင်ကို သဗ္ဗညူဟု ထင်ထားသောကြောင့် ဘုရားရှင်သည် ပထဝီဗေဒပညာရှင်လည်းဖြစ်သည်ဟု ထင်နေဟန်ရှိပါသည်။ ဘုရားရှင်သည် ဟိုဟိုသည်သည်ပညာရှင်ကြီး မဟုတ်ပေ။ လူတို့၏ငြိမ်းချမ်းရေးကိုညွှန်ပြသော စာရိတ္တဗေဒပညာရှင်မျှသာ ဖြစ်ပေသည်။ ကာဗျဝိဒူ၊ ဗေဒဝိဒူ၊ ဘေသဇ္ဇဝိဒူ၊ ဥပဒေသဝိဒူ စသည်ဖြင့် ဘုရားရှင်ကို ဂုဏ်တင်တတ်ကြပေသည်။

ဤဂုဏ်တင်မှုများသည် ဂုဏ်တင်ခြင်းမျှသာ ဖြစ်ကြသည်။

ဘုရားရှင်ကား "တေဝိဇ္ဇ"ဖြစ်ပါသည်။

လူ့သမိုင်းကိုလည်း သိပါသည်။

လူ့ဘဝကိုလည်း မြင်ပါသည်။

လူ့အနာဂတ်ကိုလည်း နားလည်ပါသည်။

ဤမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်သည် လူ့ဘဝကိုလည်း အနက်ဖွင့်ပါသည်။ဤဖွင့်ဆိုချက်များသည် ရနေ၊တွေ့နေရသော ဝိဇ္ဇာဉာဏ်များ ဖြစ်ပါသည်။

လူများဆင်းရဲသည်မှာ ဤအကြောင်းကြောင့်ဖြစ်သည်။ မဆင်းရဲအောင် ဤသို့နေရမည်။ ဤသို့ ဟောပြောခြင်း ဖြစ်သည်။

ဘုရား့တရားမှန်သမျှသည် ဤဟောပြောချက်ဖြစ်အောင် ယူ၍မရလျှင် စကားတော်မမည်သော စကားတော်မျှသာ။ သို့မဟုတ် အလ္လာပသလ္လာပစကားမျှသာ ဖြစ်ပါသည်။ ဤသို့ဖြစ်သည်ဟုလည်း ဘုရားရှင်ကိုယ်တိုင် တဖွဖွပြောခဲ့ပါသည်□

"**သူ့တရားမှန်သမျှ၏အထွင့်သည် သစ္စာဖြစ်သည်**"ဟူ၍ ဖြစ်ပါသည်။

ထိုစကားအရ ဘုရားသျှင်သည် ဘယ်သို့သောပညာရှင်အဖြစ် ခံယူသည်ဆိုသည်မှာ ထင်ရှားလှပါသည်။

ဘုရားသျှင်သည် အကျင့်မှန်ကိုညွှန်ပြခဲ့သော ဘဝအဘိဓမ္မာပညာရှင်သာဖြစ်ပါသည်။ ဘူမိဗေဒပညာရှင် မဟုတ်။ အာကာသဗေဒပညာရှင်လည်း မဟုတ်ပါ။ ထို့ကြောင့် ထိုပညာရှင်များသာပြောရမည့် မြေလှုပ်ခြင်းအကြောင်းကို ဘုရားသျှင် ပြောခဲ့သည်ဆိုသည်မှာ ပြောဖို့အခွင့်သင့်နေ၍ အဆက်ဆက်မှယူထားကြသော မြေလှုပ်ခြင်းအကြောင်းရှစ်ပါးကို ဖော်ထုတ်ပြောဆိုခြင်းသာ ဖြစ်ပါသည်။ ဉာဏ်တော်သဘောနှင့် မြေလွှာကိုစစ်ကြောပြီးပြောခြင်း မဖြစ်နိုင်ပါ။

ဘုရားသျှင်သည် ဤဉာဏ်တော်မျိုးကို ဆည်းပူးသူလည်း မဟုတ်ပါ။ မဆည်းပူးသည့်အတိုင်း ဤဉာဏ်တော်များ ဖြစ်ပွားနေမည်လည်း မဟုတ်ပါ။ မဟုတ်သည့်အတိုင်း ဆင်ခြင်ရှုကြည့်မည်လည်း မဟုတ်ပါ။ မရှုကြည့်သည့်အတိုင်း ဤရှစ်ပါးသာ-ဟု မြင်မည်လည်း မဟုတ်ပါ။ မြင်ဦးတော့တောင်မှ ဟောပြောမည်လည်း မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဤအမြင်သည် သစ္စာနှင့် သို့မဟုတ် လူမှုငြိမ်းချမ်းရေးဆိုင်ရာ အကျင့်တရားများနှင့် ပတ်သက်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

ရှင်နာဂသေနသည် ဤအချက်၌ မှားယွင်းစွာ ရပ်တည်နေပေသည်။ ဤပြဿနာ၏အဖြေသည် ဤအချက်နှစ်ချက် အမှားအယွင်းပေါ်၌ ရပ်တည်လျက် ဖြေရှင်းထားသောအဖြေ ဖြစ်ပေသည်။

ဤမှုဖြင့် ဤပြဿနာ၏အဖြေကိုသုံးသပ်ချက် နိဂုံးချုပ်လိုက်ပေသည်။

## ၅။ သိဝိရာဇစက္ခုဒါနပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “လျှပြီး၍ မျက်စေ့မရှိသော သိဝိမင်း၌ နတ်မျက်စေ့ရသည်ဆိုသည် ပကတိမျက်စေ့ကိုမမှီရဘဲ နတ်မျက်စေ့ဘယ်လိုရမည်နည်း? ”ဟူသော မိလိန္ဒ၏အမေးကို “သစ္စာအမှီကိုမှီ၍ နတ်မျက်စေ့ရသည်”ဟု ဖြေပေသည်။

ဤအဖြေသည် လူကို သိသိသာသာကြီးကျော်သောအဖြေ ဖြစ်သည်။ သစ္စာဆိုသောအရာကို အတွင်း၌အရကောက်ခိုင်းလျှင် ရှင်နာဂသေနသည် ကောက်ပြနိုင်မည် မဟုတ်။ ထို့ကြောင့် လူကိုကျော်သောအဖြေဖြစ်သည်ဟု ဆိုလိုသည်။ လူကိုကျော်သော အဖြေသည် မရိုးသောအဖြေ ဖြစ်သည်။ သို့မဟုတ် အမှန်တရားကိုလှည့်စားသောအဖြေ ဖြစ်သည်။ ဤအဖြေမျိုးကို ရိုးရိုးဖြေ၍မပြေနိုင်သော ပြဿနာများကို ကိုင်တွယ်ရာ၌သာ ဖြေဆိုကြပေသည်။ ပုံပြင်များ၌ဆိုလျှင် သိကြားကယ်ဇာတ်လမ်းဟု ပြောရပေသည်။

ရှင်နာဂသေနသည် ဤသို့လှည့်စားရသောအဖြေမျိုးဖြင့် မကိုင်တွယ်လျှင် မဖြစ်သော အခြေအနေသို့ ဆိုက်ရောက်နေရခြင်းများ ရှိပါသည်။ ယင်းတို့မှာ ပဌမအချက်သည် ဆိုခဲ့ပြီးသောပြဿနာအတိုင်းပင် ဇာတ်တော်ထဲမှ သိဝိမင်းကို အကယ်ရှိခဲ့သည်ဟု ကလေးဆန်ဆန် အထင်ထားနေခြင်းဖြစ်ပြီး၊ နောက်အချက်မှာ နတ်မျက်စေ့ကို မသိခြင်းနှင့် သစ္စာကိုနားမလည်ခြင်းများ ဖြစ်ပါသည်။

ရှင်နာဂသေနသည် ဤမှားယွင်းသော ရပ်တည်ချက်တို့ဖြင့် ဤပြဿနာ၏ အဖြေကို ကိုင်တွယ်နေပေသည်။ ထို့ကြောင့် သိကြားကယ်ဇာတ်လမ်း ဖြစ်နေရခြင်းပင်။

ရှင်နာဂသေသည် ဇာတ်တော်များကို တကယ်ရှိသည်ဟု အထင်ထားသူ ဖြစ်သည်။ ဘုရားသျှင်သည် သတ္တဝါတစ်ဦးဦးအား အမှန်တရားကို တကယ်နားထောင်နိုင်သောအခြေအနေရှိရန် သို့မဟုတ် သစ္စာအတွက် တက်ကြွသောစိတ်ပေါ်လာစရန် ဇာတ်တော်တစ်ခုကို ဟောပြောခြင်း ဖြစ်ပါသည်။

ထိုဇာတ်တော်သည် နာသူ၏ဘဝနှင့် ညီညွတ်နေရပေမည်။ နာသူမမြင်နိုင်သော၊ နာသူ၏ တကယ့်ဘဝသစ္စာဖြစ်သော ဒုက္ခနှင့် ဒုက္ခဖြစ်ကြောင်းများကြောင့်

ထိုဇာတ်တော်၌ကျော်လွှားပြရပါမည်။ ထိုအခါ နာသူသည် စိတ်ဝင်စားလာသည်။ ဤသို့ဖြစ်သည်ကို□

"ဥဒစ္စက္ခ၊ ပသဒ္ဒစ္စက္ခ"များဖြစ်သည်ဟု ဆိုရပါမည်။

ကလေးငယ်အမိုက်ကလေးများကို အမှားကိုရှောင်၍ အမှန်ကိုဆောင်စေလိုလျှင် ဤအရာကိုမလုပ်နှင့်။ ထိုအရာကိုလုပ်ဟု ညွှန်ပြကာမျှဖြင့် အောင်မြင်မည်မဟုတ်ပေ။ ထိုကလေးဘဝနှင့် အကျင့်စရိုက်ချင်းတူသော ပုံပြင်ကိုပြောပြ၍ ပုံပြင်ထဲမှဖြစ်ရပ်များကို သစ္စာတပ်ပြခြင်းဖြင့်သာလျှင် အောင်မြင်မည်ဖြစ်သည်။ ဘုရားသျှင်သည်လည်း ရဟန်းရှင်လူတို့၌ သစ္စာကိုပြရာတွင် အချို့တို့ကို ပုံပြော၍ သို့မဟုတ် ဇာတ်တော်ကို ဟောကြား၍ ပြတော်မူပေသည်။

ဇာတ်ပေါင်းသည်ဆိုသည်ကား ဤဇာတ်အတွင်း ဘယ်သူသည် ယခု ဘယ်သူဖြစ်သည်၊ ဤသို့တပ်အပ်ဆိုခဲ့ခြင်း မဖြစ်နိုင်ပေ။ ဤဇာတ်အတွင်းမှ ဘယ်သူသည် ယခုဘယ်သူသာလျှင်ဖြစ်သင့်သည်ဟူသော သဘောမျှပင် ခပ်ဆင်ဆင်တူသည်မျိုးကို ခေါ်သည်။

ဤသို့လည်း ဖြစ်ပေသည်။ ဝတ္ထုဖြစ်စေ၊ ဇာတ်,ရုပ်ရှင်ဖြစ်စေ၊ ယောက်ျားနှင့် မိန်းမတို့ အတူကြည့်ရှုနေကြသည် ဆိုပါစို့။ ရုပ်ရှင်,ဇာတ်,ဝတ္ထုတို့၌ ယောက်ျား,မိန်းမတို့ ချစ်ကြိုက်မှုသဘာဝကိုပြဆိုသော အခန်းဖြစ်လျှင် ကြည့်ရှုသူယောက်ျားသည် ဇာတ်ဝတ္ထုထဲမှ ယောက်ျားသာဖြစ်၍၊ မိန်းမသည်လည်း ထို့အတူ မိန်းမသာဖြစ်နေပေသည်။

ကြည့်သူယောက်ျားများသည် ဇာတ်ဝတ္ထုအတွင်းမှ မိန်းမများ၏ခံစားချက်ကို ကိုယ်ခံစားကြရသည်ဟု မအောက်မေ့နိုင်ကြပေ။ ကိုယ့်နှမ,အမေနှင့် ကိုယ့်ချစ်သူတို့ ခံစားကြရသလိုပါ ခံစားကြရပေသည်။ မိန်းမများလည်း ဤကဲ့သို့ပင် ဖြစ်သည်။ ဇာတ်ဝတ္ထုထဲမှ ယောက်ျားများသည် ခံစားရချက်များကို ကိုယ်ခံစားရသည်ဟု မအောက်မေ့ပေ။ ကိုယ့်အဖေ၊ မောင်ငယ်နှင့် ချစ်သူတို့ခံစားရသလိုပါ ခံစားကြရပေသည်။

ထို့ကြောင့် ဇာတ်ပေါင်းသောအခါ ဘယ်သူသည် ဇာတ်ထဲမှ ဘယ်သူဖြစ်ခဲ့သည်။ ဤသို့ဆိုသော်လည်း အကယ်ဖြစ်ခဲ့သည်ဟု ဆိုလိုသည်မဟုတ်။ ဇာတ်ကြည့်စဉ်အခါက ဇာတ်ထဲမှဇာတ်ကောင်သည် မိမိဖြစ်နေသကဲ့သို့ဖြစ်ခြင်းကိုသာ ဆိုလိုရင်းဖြစ်

သည်။ ရှင်နာဂသေနသည် ဤသို့ပင် ဇာတ်တော်များ၏ အနက်အတ္တဖြစ်နေသည်ကို မသိရှိဘဲ ဇာတ်အတွင်း၌ပါဝင်သော ဇာတ်ကောင်များသည် ထိုအချိန်အခါ ထိုနေရာဆိုသည်၌ အကယ်ပင် ရှိခဲ့ပင် ရှိခဲ့သည်။ ဤသို့မှတ်ထင်သူ ဖြစ်သည်။

ထို့ပြင်လည်း ဤပြဿနာ၏အဖြေ၌ မှားယွင်းစေသောအချက်မှာ ဒိဗ္ဗစက္ခုကို ရှင်နာဂသေန မသိခြင်းပင်ဖြစ်သည်။ရှင်နာဂသေနသည် ဒိဗ္ဗစက္ခုကို ပကတိမျက်စေ့ကိုမှီ၍ ဖြစ်သောအရာဟု ယူဆသူ ဖြစ်ပေသည်။ ဒိဗ္ဗစက္ခုသည် အမှန်အားဖြင့် မှန်ပြောင်းကဲ့သို့ပင် ဖြစ်ပါသည်။မှန်ပြောင်းသည် ပကတိမျက်စေ့ထက် အဆပေါင်း ထောင်သောင်းကုဋေပို၍ မြင်အားရှိသော်လည်း ပကတိမျက်စေ့မပါဘဲ မြင်၍မရပေ။

ရှင်နာဂသေနသည် ဤသို့ထင်သူဖြစ်ပေသည်။ ဆိုလိုသည်မှာ ဒိဗ္ဗစက္ခုသည် နကိုယ်အနေထက် အဆပေါင်းများစွာပို၍ မြင်အားပိုလာသည်ဟူ၍ ဖြစ်သည်။ အကယ် ဒိဗ္ဗစက္ခုသည် ဤသို့မဟုတ်။ ပကတိမျက်စေ့နှင့် လားလားမျှမဆိုင်ပါချေ။ ဒိဗ္ဗစက္ခုတွင် စက္ခုပါဝင်နေသော်လည်း ပကတိမံသမျက်စေ့နှင့် လုံးဝမအပ်စပ်သော တင်စားချက်စကားသာ ဖြစ်သည်။ အသိဉာဏ်ကို မျက်စေ့၌တင်စား၍ ခေါ်ထားသောစကားသာ ဖြစ်ပါသည်။ ထို့ကြောင့် ဒိဗ္ဗစက္ခုသည် ပကတိမျက်စေ့ကို မမှီပါ။

ပကတိမျက်စေ့သည် ရုပ်အကြည်ဖြစ်သည်။ ယင်းကိုမှီ၍ဖြစ်သောစိတ်မှာ မြင်စိတ်တစ်ခုတည်းသာ ဖြစ်သည်။ ဒိဗ္ဗစက္ခုသည် ရူပစတုတ္ထဈာန်၌ဖြစ်သည်။ ပကတိမျက်စေ့ရုပ်အကြည်ကို လုံးဝအမှီသဟဲ မပြုပါ။ ဤအရာကိုပင် ရှင်နာဂသေန မမြင်ပါ။ ရှင်နာဂသေန၏ ဤမသိမှုသည် ဒိဗ္ဗစက္ခု၏ အရမျှသာ ရှိသေးသည်။ယင်း၏အာရုံကိုလည်း ရှင်နာဂသေန မသိချေ။ ဤဒိဗ္ဗစက္ခု၏အာရုံများသည် နှစ်မျိုးရှိပါသည်။

ဒိဗ္ဗစက္ခုသည်လည်း နှစ်မျိုးပင် ရှိသည်။ ဝိညာဏ်ဖြစ်သောဒိဗ္ဗစက္ခုနှင့် ပညာဟူသော ဒိဗ္ဗစက္ခုဖြစ်သည်။ ဝိညာဏ်ဒိဗ္ဗစက္ခုမှာ ရူပစတုတ္ထဈာန်ဝိညာဏ် ဖြစ်သည်။ ပညာဒိဗ္ဗစက္ခုမှာ လောကုတ္တရာဓမ္မနှင့်ယှဉ်သောပညာ ဖြစ်သည်။

ဝိညာဏ်ဒိဗ္ဗစက္ခု၏အာရုံမှာ အဝေးအလံတွင်ရှိသည့် ဖြူနီကြောင်ကျား များပြားသော အဆင်းအာရုံများဖြစ်သည်။

ပညာဒိဗ္ဗစက္ခု၏အာရုံမှာ လူ့အတွင်းဖြစ်ပေါ်နေသော ဘဝအဆင့်အတန်းများ

ဖြစ်ပါသည်။ ဘုရားသျှင်ရည်ညွှန်းသည့် ဒိဗ္ဗစက္ခု ဖြစ်ပါသည်။ သိဝိဇာတ်၌လာသော ဒိဗ္ဗစက္ခုမှာ ဝိညာဏ်ဒိဗ္ဗစက္ခု ဖြစ်ပေသည်။

ရှင်နာဂသေနသည် ဤသို့ပင် ဒိဗ္ဗစက္ခုကို သိသည်မဟုတ်သည်မှာ ဒိဗ္ဗစက္ခုကို ကိုင်တွယ်ဟန်ဖြင့် သိသာလှသည်။ ဤအချက်သည်လည်း ပြဿနာကိုင်တွယ်ခြင်း၌ အမှန်နှင့်ကင်းရန် ဖြစ်ပါသည်။ အခြားတစ်ချက် ရှိပါသည်။ဤအချက်မှာ သစ္စာကိုမသိခြင်း ဖြစ်ပါသည်။

ရှင်နာဂသေနသည် သစ္စာကိုမသိသူ ဖြစ်ပါသည်။ ရှင်နာဂသေနသိသောသစ္စာမှာ သူများပါးစပ်ထဲမှသစ္စာသာ ဖြစ်ပါသည်။ သစ္စာနှစ်ခုကို သူထုတ်ပြသည်။ အသောကမင်းလက်ထက် ပြည့်တန်ဆာမသစ္စာနှင့် တရုပ်ဘုရင်တစ်ဦး၏သစ္စာ ဖြစ်ပေသည်။ ဤသစ္စာများသည် အကယ်ဖြစ်ခဲ့သည်ဟု သက်သေထူစရာ တစိုးတစိမျှမရှိသော သစ္စာများ ဖြစ်ကြပါ၏။ ၎င်းသစ္စာများ အကယ်တိတိကျကျရှိခဲ့လျှင် ယနေ့တိုင် ကျောက်တိုင်ကျောက်ခဲကြီးပေါ်၌ ဤအဖြစ်အပျက်၏ အမှတ်အသားများ ကြွင်းကျန်နေခဲ့မည်မှာ မုချပင်။

ဣန္ဒိယတွင်၎င်း၊ တရုပ်ပြည်တွင်၎င်း ဤကျောက်စာများ အကယ်ရှိခဲ့သည် မဟုတ်ပေ။ ဤအဖြစ်နှင့်နီးကပ်သော အဖြစ်တစ်ခုသာ ဖြစ်ခဲ့ရမည်။ ဤအဖြစ်ကို ပညာနည်းသောသူတို့၏ နှုတ်ဖျားဖြင့်ဆောင်ထားခြင်းဖြစ်သောကြောင့် ရှင်နာဂသေနဆောင်သော သစ္စာပုံဟန် ပေါ်ပေါက်လာခြင်းမျိုး ဖြစ်ရပေမည်။

ဤသစ္စာသည် ပရမတ္ထသစ္စာများ မဟုတ်ကြ။သမုတိသစ္စာများသာ ဖြစ်ကြပေသည်။ သမုတိသစ္စာများသည် အစွမ်းထက်ကြသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုသို့ဖြစ်သော်လည်း ပုံပြင်ထဲက သိကြားကယ်သကဲ့သို့ ထက်ကြသည်ကား မဟုတ်ပေ။

သစ္စာသည် အဆိပ်ကို ဆေး၊ ဆေးကိုအဆိပ် ဖြစ်စေနိုင်သည်ကား အမှန်ပင် ဖြစ်သည်။ ဤ၌ ယင်းတို့တည်ရာသည် သမုတိသစ္စာ အမှန်ပင်ဖြစ်သည်။ ယခုခေတ်ပညာရှင်များလည်း ဆိုကြပေသည်။ ဆေးဝါးဟူသည်မှာ အဆိပ်များဖြစ်ကြသည် ဟူ၍၎င်း၊ အပြင်းဆုံးသောအဆိပ်သည် အကောင်းဆုံးသောဆေးဝါးဖြစ်သည် ဟူ၍၎င်း ဖြစ်သည်။ ဤသို့ ပြောရုံသာပြောသည် မဟုတ်ပေ။ မြွေ၏အဆိပ်သည် မြွေဆိပ်ဖြေဆေး

ဖြစ်သည်။ ဘိန်းသည် ဆေးဖြစ်သည်။ ပဒိုင်းသီး, ဆီမီးတောက်ဥများသည်လည်း ဆေးဖြစ်သည်။

ဤသို့သောအဆိပ်များသည် အဘယ့်ကြောင့်ဆေးဝါးများ ဖြစ်နေကြသနည်း? အမှန်ကိုသိခြင်းဟူသောသစ္စာကြောင့် မဟုတ်ပါလော? ရေခဲသေတ္တာအတွင်း၌ အအေးဓာတ်များ မည်သို့ပေါ်ရသနည်း? မီးအပူကြောင့် ဖြစ်ပေါ်ရသည်။ ဤ၌လည်း အပူသည် အဘယ့်ကြောင့် အအေးကိုဖြစ်ပေါ်ရသနည်း? အမှန်ကိုသိခြင်း သစ္စာကြောင့် ဖြစ်သည်။

သစ္စာတရားသည် မီးထဲမှရေကိုရအောင် ထုတ်ယူနိုင်သည်။ ရေထဲမှလည်း မီးကိုရအောင် ထုတ်ယူနိုင်သည်။ လေထဲမှလည်း ရေကို,မီးလိုရအောင် ထုတ်ယူနိုင်သည်။ လေထဲမှလည်း ကြက်ပေါင်စေးယမ်းများရအောင် ထုတ်ယူနိုင်သည်။ သစ္စာတရားသည် သစ်သီးကို အဝတ်ဖြစ်အောင် ထုတ်ယူနိုင်သည်။ ကျင်ကြီးကျင်ငယ်ကိုလည်း စားစရာဖြစ်အောင် လုပ်နိုင်သည်။ ရေနံကိုလည်း စားစရာနှင့်ဝတ်စရာများဖြစ်အောင် ယနေ့လုပ်နေကျလည်း ဖြစ်ကြသည်။

ဤသို့ဖြစ်အောင်လုပ်နိုင်ကြသည်မှာ အဘယ့်ကြောင့်နည်း? သစ္စာတရားကို မှီရသောကြောင့် ဖြစ်သည်။ အကယ်၍ သစ္စာတရားအပေါ်၌ မဆောက်တည်ဘဲ လုပ်ချင်သလို လုပ်ကြည့်ပါ။ မဖြစ်ပေါ်ဘဲရှိမည်မှာ သေချာလှသည်။

သစ္စာတရား၏စွမ်းရည်သတ္တိကား ဤသို့သာ ဖြစ်သည်။မာ့က်စ်၏သစ္စာစကားကြောင့် လူနေမှုစနစ် ပြောင်းလဲမှုဖြစ်သွားခဲ့သည်။ ပါစချာ၏သစ္စာကြောင့် လူများအနာရောဂါ နည်းကြသည်။ ဤသို့စသည်ဖြင့် များပြားလှပေသည်။

သစ္စာကား သိကြားကယ်ဇာတ်လမ်းမျိုး စွမ်းသည်မဟုတ်ပေ။ ဤအသိကား ကလေးငယ်များ၏အသိ ဖြစ်ပါသည်။ ရှင်နာဂသေနသည် သစ္စာကို ဤသို့သိနေပေသည်။ ထို့ကြောင့် ဤပြဿနာကို ကိုင်တွယ်ချက်သည် အမှန်နှင့်မနီးသော ကိုင်တွယ်ချက်ဖြစ်ရမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်လေသည်။

## ၆။ ဂဗ္ဘာဝက္ကန္တိပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “အကြောင်းသုံးပါးကြောင့် ကိုယ်ဝန်တည်၏-ဟူပါလျက် ပါရိကာရသေ့မ၌ အကြောင်းသုံးပါးမပြည့်ဘဲ ကိုယ်ဝန်ရနေသည်။ အဘယ်သို့နည်း?”ဟူသော မိလိန္ဒ၏အမေးကို အောက်ပါအတိုင်းဖြေကြားပေသည်□

“ပါရိကာရသေ့မသည် ဒုကူလရသေ့၏ မယားအဖြစ်ပေါင်းဆုံခြင်း မရှိသော်လည်း ရသေ့မ၏ချက်ကိုလက်ယာလက်မဖြင့်သုံးသပ်၏။ ယင်းသည်လည်း ပေါင်းဆုံခြင်းပင်ဖြစ်၍ အကြောင်းသုံးပါးပြည့်သည်”ဟု ဖြေပေသည်။

ရှင်နာဂသေနသည် ဤပြဿနာကိုကိုယ်တွယ်ခြင်း၌ အမှားသုံးချက်ကို ကျူးလွန်ကိုယ်တွယ်လျက် ရှိသည်။ယင်းတို့မှာ ဇာတ်တော်များကို အရှိထားခြင်း၊ ပဋိသန္ဓေတည်ကြောင်းသုံးချက်၌ ဂန္ဓဗ္ဗ အကောက်မမှန်ခြင်းနှင့် ဆုတောင်းပတ္ထနာကြောင့် ကိုယ်ဝန်တည်သည် စသည်တို့ခံယူချက်များ ဖြစ်သည်။

ဤနေရာ၌ ဇာတ်တစ်ခု၏ အကယ်ထင်ရှားရှိသော လောကနှင့် မညီညွတ်မှုကို၊ အခြားဇာတ်တစ်ခုမှ ထင်ရှားရှိသော လောကနှင့်မညီညွတ်မှုတစ်ခုနှင့် ဖြေရှင်းနေခြင်းများကို မျက်စိစပါးမွေးနောက်နေအောင် တွေ့ရပေသည်။ ဇာတ်ကို ဟောဇာတ်လို နားမလည်သော ရှင်နာဂသေနသည် သူရှုတ်သကဲ့သို့ သူများကိုလည်း ဖြည်မရနိုင်လောက်အောင် ရှုတ်စေပေသည်။ ဇာတ်ကို ဇာတ်ဖြင့်ဖြေသောအဖြေသည် ဇာတ်ထဲမှ လူရွှင်တော်တို့ပြောစကားကဲ့သို့ပင် ဖြစ်၏။

လူရွှင်တော်တစ်ယောက် ပုံပြောရာ□

“ဤစကြာဝဠာတွင်ရပ်လျက် အခြားစကြာဝဠာမှ မြက်များကိုစားနေသော နွားကြီးတစ်ကောင်ရှိသည်။ယင်းကိုယုံ၏လော?”ဟု အခြားတစ်ယောက်ကို မေးသည်။ “ယုံ၏”ဟုဖြေပြီးလျှင် အခြားတစ်ယောက်သည် ပြန်ပြောသည်။ “ငါ့အဖေသည် ဤကောင်းကင်ကိုပိတ်၍ ပုံတီးရန် ကျက်သည်။ယင်းကို ယုံ၏လော”ဟု ပြန်မေးသည်။ “ပုံကြီးသည် ကြီးလွန်းသည်၊ယုံရန်ခက်သည်၊ ဤပုံကြီးကိုကျက်ရန် သားရေကို သင့်အဖေ ဘယ်မှာရမည်နည်း?”ဟု ပြန်မေးပြန်သည်။“သင်း ခုနကပြောသွားသော နွားကြီး

သေ၍ရသောသားရေဖြင့် ကျက်သည်’’ဟု ပြန်၍ဖြေသည်။

ရှင်နာဂသေန၏ ဇာတ်ကို ဇာတ်ဖြင့်အဖြေသည်လည်း ဤသဘောနှင့်မခြားဘဲ ရှိလေသည်။ဤအမှားသည်လည်း ဤပြဿနာ၏ အဖြေအတွက် အမှန်နှင့်ဝေးမည်မှာ အမှန်ပင်ဖြစ်သည်။

ဒုတိယအမှားမှာ ပဋိသန္ဓေတည်ခြင်းအကြောင်း၌ တစ်ခုဖြစ်သော ဂန္ဓဗ္ဗကို ပဋိသန္ဓေနေလာမည့်သတ္တဝါကို အရကောက်ထားပေသည်။ ဤအရာသည် မမှန်ပါ။ မမှန်ကြောင်းကိုလည်း အောက်ဆိုခဲ့ပါပြီ။အလျှဉ်းသင့်၍ ထပ်၍ဆိုအံ့။

ကိုယ်ဝန်တည်ခြင်းအကြောင်းကို□

(၁) ဥတုလာခြင်း၊

(၂) မိဘနှစ်ဦးပေါင်းသင်းခြင်း၊

(၃) ဂန္ဓဗ္ဗရှေ့ရှုတည်ခြင်းဟူ၍ သုံးချက်ပြပါသည်။

ဤသုံးချက်အရ ပဌမအချက်မှာ ‘‘မဂ္ဂေန မဂ္ဂ ပဋိသေဝတိ’’ဟူသော မဂ်တစ်ခုဖြင့် မဂ်တစ်ခုကိုသွင်းခြင်းကို ယေဘုယျယူရပါမည်။ တစ်စုံတစ်ခုသောပစ္စည်းဖြင့် သွင်းယူခြင်းလည်း ပါဝင်နိုင်ခွင့်ရှိပါသည်။

ဥတုကိုလည်း မိန်းမတို့သားအိမ်မှ ဆင်းလာသောသွေးကို ယူရန်မသင့်လျော်ပါ။ သားအိမ်သို့ဆင်းလာသော သားဥကို ယူသင့်ပါသည်။ သားဥသည် သားအိမ်ရောက်၍ ဖိုမျိုးနှင့်ပေါင်းဖော်အောင်မြင်ခြင်း မရရှိလျှင် သားလျောသည်အနေနှင့် သားအိမ်မှ အချင်းဖြစ်မည့်အရာများနှင့်အတူ ဆင်းခြင်းဖြစ်ပါသည်။သားအိမ်မှဆင်းသောသွေးကို ဥတုယူခြင်းမှာ အကြောင်းအမည်ကို အကျိုး၌တင်စားဖြစ်သော အရာဖြစ်သည်။

ရှင်နာဂသေနသည် ဤအရာကိုလည်း မသိပါ။ သူပြောစကားတစ်ခု၌ ထင်ရှားပါသည်။ ပဋိသန္ဓေတည်ရန် ဥတုလာပြီးစ ပေါင်းရမည်ကိုဆိုသည်။ လုံးဝ မမှန်ချေ။ ဥတုလာပြီးခြင်းသည် တစ်လတစ်ကြိမ်ကြွေသောသားဥ၏ မအောင်မြင်သောကြောင့် လျောသွားခြင်းသာ ဖြစ်သည်။ အကယ်ကိုယ်ဝန်တည်သည်မှာ ဥတုလာပြီးစ၌ ပေါင်းဖော်၍ မဟုတ်ပါ။ ဥတုမလာမီ သင့်လျော်သောရက်အတွင်း ပေါင်းဖော်၍သာ ဖြစ်ပါသည်။

ရှင်နာဂသေနသည် ဥတုကို အရကောက်ခြင်းပင် အမှန်နှင့်သွေဖည် နေပါသည်။ ဥတုဟူသောစကားလုံး၏ အနက်မှာ သားအိမ်ဆီသို့ ဝဲ,ယာတင်ဆုံများတွင်ရှိသော သားဥအိမ်များမှ တစ်လတစ်ကြိမ်ဆင်းလာသော မိခင်၏မျိုးဥသာ ဖြစ်ပေသည်။

ဂန္ဓဗ္ဗအရမှာလည်း တစ်နေ့တစ်ဘဝမှ စုတိကျ၍ ထွက်ခွါလာသောသားကောင်ဟု ရှင်နာဂသေနကောက်ချက် မမှန်ပါ။ ဖခင်၏မဂ်မှ ထွက်ကျလာသော ဖခင်၏မျိုးစေ့ဖြစ်ပါသည်။ ဖခင်၏မျိုးစေ့သည် ဖခင်၏သွေးဖြူတစ်စက်၌ အရေအတွက်များစွာပါဝင်သည်။ သူတို့အားလုံးသည် မိခင်၏မျိုးဥနှင့် အားလုံးပေါင်းကြသည်မဟုတ်။ မျိုးဥသည် ဆင်းလာ၍ သားအိမ်မရောက်မီအခြေအနေတွင် ဖခင်၏မျိုးစေ့ အကြဲချခံရလျှင် ထိုမျိုးစေ့အတွင်းမှ အချို့သည် သားအိမ်၌ပြန့်၍ ရွေ့လျားကြပါသည်။ ဤရွေ့လျားမှုကြောင့် သားဥဆင်းလာသော လမ်းဖက်သို့လည်း ရောက်လိုကရောက်ပေမည်။ ရောက်လျှင် ဤလမ်းအတိုင်း ဆက်သွားပါသည်။ ထိုနေရာ၌ မျိုးဥနှင့်မျိုးမှုံတို့ တွေ့ဆုံရောနှောကြသည်။ဤသို့နှစ်ခုကို တစ်ခုဖြစ်အောင် ရောနှောပြီးမှ သားအိမ်သို့ ဝင်ရောက်လာကာ မျိုးအောင်ခြင်းဖြစ်သည်။

ကိုယ်ဝန်တည်ခြင်း၏ အကယ်အဖြစ်အပျက်သည် ဤသို့သာဖြစ်သည်။ ဤအဖြစ်အရ ဂန္ဓဗ္ဗသည် ဖခင်၏မျိုးစေ့ဖြစ်မည်မှာ ယုံမှားဖွယ် တစုံတရာမရှိနိုင်ကြောင်း ထင်ရှားသည်။

မိဘများမပေါင်းဖော်ဘဲ ချက်ကိုသုံးသပ်လျှင် အဘယ်သို့ ကိုယ်ဝန်တည်မည်နည်း? ရှင်နာဂသေနသည် အသိငယ်လှသည်။ ဤအဖြေ၌ ပါးစပ်ဖြင့်စုပ်၍ ကိုယ်ဝန်တည်ဟန်၊တောင်လေဖြင့် ကိုယ်ဝန်တည်ဟန်ဖြင့် ဆိုပေသည်။ အစာအိမ်နှင့်သားအိမ်ဆက်နေသည်ဟူ၍လည်း ဆိုပြန်သည်။ ခန္ဓာဗေဒအသိနှင့် ဇီဝဗေဒအသိ ခေါင်းပါးလွန်းလှသည်မှာ ထင်ရှားပေါ်လွင်လှပါသည်။

တိုက်ရိုက်ပေါင်းဖော်ခြင်းကြောင့်ဖြစ်စေ၊ ထိုးသွင်းခြင်းကြောင့်ဖြစ်စေ၊ တစ်ခုခုမရှိလျှင် ကိုယ်ဝန်တည်ခြင်းမဖြစ်နိုင်ပါ။ဤသို့ မိဘတို့ ပေါင်းဖော်ကြဦးတော့၊ သို့တောင်မှပင် အမမျိုးဥ သားအိမ်မှဆင်းသက်ကာ အနေတော်ရောက်ချိန်နှင့် ပြည့်စုံဖို့လိုပါသေးသည်။ ဤအရာ မရှိလျှင်လည်း ကိုယ်ဝန် မည်သို့မျှ မတည်နိုင်ပါ။ ဤနှစ်ချက်ရှိသော်

လည်း အဖမျိုးမှုံများဆင်း၍ အမိမျိုးဥဆီရေရှုသွားမှသာ ကိုယ်ဝန်တည်နိုင်ပေသည်။ ဤအချက်မရှိလျှင်လည်း ကိုယ်ဝန်မတည်နိုင်ပေ။

ဤအချက်များကို ရှင်နာဂသေနသည် မသိပေ။ ထို့ကြောင့် ဂန္ဓဗ္ဗအရကို အဖမျိုးစေ့ကိုမကောက်ဘဲ၊ တစ်ဘဝကလာမည့်သားကောင်ကို အရကောက်ခြင်း ဖြစ်သည်။

ဤအရကောက်သည် ဘုရားသျှင်၏ အနတ္တဝါဒအောက် အကယ် နေရာမရှိသော အယူအကောက် ဖြစ်သည်။ သဿတဝါဒီများ၏ ပုံပြင်များ၌ရှိသော အယူအကောက်များဖြစ်သည်။

ဤသို့အားဖြင့် ဟိန္ဒူဝါဒီတို့သည် သတ္တဝါများ ဤသို့ထွက်,ဝင်သွားလာနေသည်ဟု ခံယူချက်အပြင်းဆုံးသူများ ဖြစ်သည်။ ထိုဟိန္ဒူတို့၏ဝါဒကို အပြင်းအထန် ငြင်းပယ်လျက် အနတ္တဝါဒကို ဘုရားသျှင်တည်ဆောက်ခဲ့ရသည်။ ရှင်နာဂသေနသည် ဤကိုမှု မထောက်ဘဲ ဘုရားရှင်၏ အနတ္တဝါဒနှင့်ဆန့်ကျင်ဘက် အရကောက်ကို ကောက်ခဲ့သည်။အကယ်၍ ဘုရားသျှင်သာ ထင်ရှားရှိနေသေးလျှင် ရှင်နာဂသေနသည် 'သာတိ' ဟူသောရဟန်းကို ဆိုသကဲ့သို့ "သင့်အယူအဆသည် ငါဆုံးမ၍ရအောင် နေရာရှိသေး၏လော" ဟု အဆိုခံရမည် မလွဲမသွေ ဖြစ်ပေသည်။

ဂန္ဓဗ္ဗအရကို ရှင်နာဂသေန၏ ကောက်ယူချက်သည် လက်ရှိလောက၏ အကယ်ဖြစ်ပျက်နေသော အဖြစ်အပျက်နှင့်လည်း မညီမညွတ်။ ဘုရားသျှင်၏ ဝါဒ အရင်းနှင့်လည်းသွေဖည်သော အမြင်မဲ့ကောက်ယူထားသည့် အကောက်အယူသာ ဖြစ်ပေသည်။ ဤအချက်သည်လည်း ပြဿနာကိုကိုင်တွယ်ရာ၌ အမှားတစ်ခုဖြစ်သည်။

နောက်အမှားတစ်ခုမှာ ဆုတောင်းပတ္ထနာကြောင့် ကိုယ်ဝန်တည်ခြင်းဟူသော အဆို ဖြစ်သည်။ ပါရိကာ၌ သားသည် သိကြားပေးသောသားဖြစ်သည်ဟူ၏။ ဤအဆိုသည် ဆိုသူ၌ မျက်စေ့မရှိ။ မရှိခြင်းသည် ဆိုသူ၌သာမရှိရုံမက ကြားနာသူများသို့ ကူးစက်ပြီး မျက်စေ့မရှိအောင်ပြုနိုင်သည့် ကြောက်စရာကောင်းသော ကူးစက်တတ်သော ရောဂါတစ်ခု ဖြစ်လေသည်။

ဤအဆိုကိုကြားရသူများသည် အသိဉာဏ်ပဋိသန္ဓေ တည်နေပြီးရှိလျှင် လျော ကျပျက်စီးခြင်းခံရ၍၊ မတည်နေသေးလျှင် မတည်နိုင်တော့အောင် အဖျက်အဆီးကြီး

ဖျက်ဆီးခံရခြင်း ဖြစ်သည်။ ဤစကားများသည် ပုံပြင်ပြောပြခြင်း၌သာ အသုံးဝင်ခြင်း ဖြစ်လျက် ရှင်နာဂသေနသည် လူမှုလောက၌ အကယ်ထင်ရှား ဖြစ်ပျက်နေသောအရာ အဖြစ် ဆွဲသွင်းလာသည်မှာ မျက်စေ့လုံးလုံးပင် မရှိရာရောက်လှပေသည်။

ထို့ကြောင့် ဤအချက်သည်လည်း ဤပြဿနာကို ကိုင်တွယ်ခြင်း၌ မှားယွင်းကြောင်းဖြစ်ပါသည်။ ထိုအကြောင်းများကြောင့် ဤပြဿနာ၏အဖြေသည် ကလေးဖြေသောအဖြေသာ ဖြစ်ပါတော့သည်။ လူကြီးများအနေနှင့် နား၌ အရာထင်အောင် မပြုနိုင်သောအသံသာ ဖြစ်ပါတော့သည်။

**၇။ သဒ္ဓမ္မန္တရဓာနပဉှာ**

ဤပြဿနာသည် အယူအဆ၌ အကျိုးများသောပြဿနာ မဟုတ်။ ထို့ကြောင့် မသုံးသပ်လို။

**၈။ အကုသလစ္ဆေဒနပဉှာ**

ဤအဖြေသည် ပါဠိ၌ တိုက်ရိုက် အရှိဖြင့်ဖြေထားသောကြောင့် လှပကောင်းမွန်ပေသည်။

**၉။ ဥတ္တရိကရဏီယပဉှာ**

**၁၀။ ဣဒ္ဓိဗလဒနပဉှာ**

ဤအဖြေတို့၌ သုံးသပ်ဘွယ် အထူးမရှိချေ။

**၁။ ဣဒ္ဓိဗလဝဂ် ပြီး၏။**

rvEyOm

## ၂။ အဗျာကတဝဂ္ဂ

### ၁။ ခေမာထေရီပဉှာ

ဤပြဿနာသည် ဝေဖန်ရန်မတော်သောပြဿနာ ဖြစ်သည်။ သို့သော်လည်း သံဃာအားစမ်းလို၍ ဟူသည်ကား ဟုတ်ဖွယ်မရှိ။ သိက္ခာပုဒ်များကို သံဃာပိုင်ရန် မိန့်ဆိုခြင်းမျှသာ ဖြစ်သည်။

### ၂။ အဗျာကရဏီယပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "မာလုကျပုတ္တရဟန်း မေးသည်ကို ဘုရားသျှင်မဖြေသည်မှာ မသိ၍လော? ဆရာစားချန်၍လော?" ဟူသော မိလိန္ဒ၏အမေးကို "မဖြေအပ်သောအမေးဖြစ်သောကြောင့်" ဟု ဖြေပေသည်။အဘယ့်ကြောင့် မဖြေအပ်သောအမေး ဖြစ်ကြောင်းကို လည်း ဆက်၍ဆိုပေသည်။"ဤအမေး၌ ဖြေဆိုရန် အကြောင်းကြီးငယ် မရှိသောကြောင့်"ဟု ဆိုပေသည်။

ထိုအဖြေသည် မှန်သလိုလိုတော့ရှိသည်။ရမ်းပြောသောစကား ဖြစ်သောကြောင့် မတိမကျရှိသည်။အကယ်စင်စစ်၌ ဤအမေးများသည် မှားနေသောကြောင့် မဖြေခြင်းဖြစ်ပေသည်။ဤအမေးများသည် အဘယ်သို့ မှားသနည်း?

အမေး၌ပါသော "လောက"ဟူသော စကားလုံး၊ "သတ္တ"ဟူ သောစကားလုံး၊"အသက်"ဟူသောစကားလုံး၊ ဤအရာများသည် ရုပ်, နာမ်အရှိမှ ဝေးနေသော အသွင်အပြင်၏အမည်များ ဖြစ်သည်။ဤအ မေး၌ အမေးများသည် ကတ္တားမဲ့စကားလုံးများဖြစ်သည်။ထိုစကားလုံး များဆိုက်ရမည့် ကြိယာသည် ထိုစကားလုံးများကို ကျော်လွန်၍နေကြ ပေသည်။

သတ္တဝါသည် သေပြီးလျှင် ဖြစ်ဦးမည်လော? ဟူရာ၌ ဤစကားမှ စကားလုံးတို့သည် ကတ္တား၊ပပဗ္ဗကာလကြိယာ၊အပရကာလကြိယာတို့ ဖြစ်

သည်။ကတ္တားသည် ရှေ့ကြိယာသို့ ဆိုက်ကတည်းကပင် ကုန်ခဲ့ပြီဖြစ်သည်။နောက်ကြိယာ လာဖို့ရန် မကျန်တော့ပေ။ထို့ကြောင့် နောက်ကြိယာသည် ကတ္တားမဲ့ကြိယာ ဖြစ်လာသည်။ကတ္တားမဲ့ကြိယာသည် စကားပင် မမည်တော့ပေ။အမေးစကားဖြစ်လျှင် အမေးစကားပင် မမည်တော့ပေ။အမေးစကား မမည်တော့လျှင် အဖြေလည်းပေးစရာ မရှိတော့ပေ။ထို့ကြောင့် မဖြေခြင်းပင်။

ရှင်နာဂသေနပြောသကဲ့သို့ ဖြေစရာဟေတုအကြောင်းနှင့် ကာရဏအကြောင်းများမရှိ၍မဟုတ်။အမေးမဟုတ်သော အမေးဖြစ်၍ ဖြေဘွယ်ကိစ္စမရှိသောကြောင့် မဖြေခြင်းဖြစ်ပါသည်။

**၃။ မစ္စုဘာယနာဘာယနပဥှာ။**

**၄။ မစ္စုပါသမုတ္တိပဥှာ။**

ဤပြဿနာများသည် အလေးအနက်သုံးသပ်ဘွယ် မရှိချေ။ပရိတ်စွမ်းအားကို အလွဲအမှားများ၌ ပြောဆိုချက်များ ပါဝင်၏။ ရှည်
မည်ကြောင့် မရှင်းပြီ။

**၅။ ဗုဒ္ဓလာဘန္တရာယပဥှာ။**

**၆။ အပုညပဥှာ။**

**၇။ ဘိက္ခုသံဃပရိဟရဏပဥှာ။**

**၈။ အဘေဇ္ဇပရိသပဥှာ။**

ဤပြဿနာများ၏ အဖြေများကို မသုံးသပ်တော့ပါ။

## ၂။ အဘေဇ္ဇဝဂ်ပြီး၏။

# rvEyOm

# ummaimmon

## ၃။ ပဏ္ဏာမိတဝဂ္ဂ

### ၁။ သေဋ္ဌဓမ္မပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “တရားတော်သည် အမြတ်ဆုံးဖြစ်သည်ဆိုလျက် မဂ်,ဖိုလ်ရပြီးသောသူသည် မဂ်,ဖိုလ်မရသူ သီတင်းကြီးရဟန်းကို အရိုအသေပေးအပ်၏ဟု ဆိုသည်မှာ အဘယ်ကြောင့်နည်း?” ဟူသော မိလိန္ဒ၏အမေးကို အောက်ပါအတိုင်း ဖြေသည်။

“မင်းမဖြစ်မီက ပညာသင်ကြားပေးသူကို မင်းဖြစ်ပြီးနောက် မင်းအောက်ယုတ်သော်လည်း ရှိခိုးသကဲ့သို့ဖြစ်သည်”ဟု ဖြေသည်။“ရဟန္တာနှင့်တူခြင်း၊ ဘုန်းကြီးအဖြစ် မြတ်ခြင်း၊ ပါတိမောက် ပြနိုင်ခြင်း၊ ရှင်ပြုပေးနိုင်ခြင်း၊ အကျင့်သိက္ခာကျင့်နိုင်ခြင်း စသည်ဖြင့်လည်း သာလွန်၍”ဟု ဖြေပေသည်။

ရှင်နာဂသေန၏ ဤအဖြေလည်း မှန်မည်လိုလိုနှင့် မထိမရောက်ဖြေခဲ့ပေသည်။ရှင်နာဂသေနသည် တရားကို မသိပေ။ထို့ကြောင့် ဤသို့ဖြေခြင်းဖြစ်သည်။ရှင်နာဂသေနသည် တရားကို “မဂ်,ဖိုလ်,နိဗ္ဗာန်နှင့် ပရိယတ်”၊ဤသို့သာ သိသူဖြစ်ဟန် ရှိပေသည်။ဤအရာများသည် တရားမဟုတ်ကြပေ။“တရား၏အမည်များ၊အကြောင်းများမျှသာ” ဖြစ်ပေသည်။

အကယ်တရားကား “မသတ်ခြင်း၊မခိုးခြင်း”စသောအရာများ ဖြစ်ပေသည်။ မဂ်,ဖိုလ်ဟူသောအရာများကား ဤတရားများရရှိခြင်း အနိမ့်အမြင့်တို့၏ နာမည်များမျှသာ ဖြစ်ပေသည်။

မဂ်,ဖိုလ်မရသေးသူ သီတင်းဝါကြီးရဟန်းသည် မဂ်,ဖိုလ်ရပြီးသူထက် အကယ်ပင်မြတ်ပေသည်။ ဤရဟန်းသည် မဂ်,ဖိုလ်တို့ဖြင့် အဆုံးပြပြီးသော သိက္ခာများကို ဖြည့်ကျင့်နေသောကြောင့် တရားများရှိနေပေသည်။ အောက်မဂ်,ဖိုလ်အချို့ကို ရနေသူသည် ထိုတရားများမရှိ။သူရရှိသော မဂ်,ဖိုလ်ဖြင့်ပယ်သတ်၍ပြီးသော မတရားမှုအချို့ကိုပယ်ခြင်းဟူသော တရားမျှသာ ရှိနေသူဖြစ်သည်။ထို့ကြောင့် ရဟန်းသည် ပို၍မြင့်မြတ်ခြင်း

ပင် ဖြစ်သည်။

ရှင်နာဂသေနပြသော အကြောင်းများကြောင့် မမြတ်ဘဲရှိခိုးရ ခြင်း မဟုတ်။မဂ်,ဖိုလ်သည် သီလအပေါ်ရပ်တည်လျက် ရှာဖွေရသော ပစ္စည်း ဖြစ်သည်။ထိုသို့ဖြစ်သော်လည်း မဂ်,ဖိုလ်ရပြီးသောကြောင့် ရရှိသောအကျိုးမှာကား သီလများပြည့်တင်းလာခြင်းသာလျှင် ဖြစ်ပေသည်။ သီလသာလျှင် တရားဖြစ်သည်။ မဂ်,ဖိုလ်သည် တရားမဟုတ်ချေ။

ပုထုဇဉ်ရဟန်းသည် တရားရှိနေသောကြောင့် အဘယ်မဂ်,ဖိုလ် ကိုမရစေဦး မဂ်,ဖိုလ်ဖြင့် ရ-ရမည့်သီလများ ရပြီးဖြစ်သောကြောင့်၊ ရဟန္တာနှင့်မခြား မြတ်နေသူဖြစ်သည်။ သမုတိသံဃာနှင့် အရိယာသံဃာ၊ အဘယ်သူသည် ပိုမြတ်သည်ဟု ခွဲခြားလိုကြသည်။ အတူပင် ဖြစ်သည်။ ခွဲခြားစရာမရှိသော အရာနှစ်ခု ဖြစ်သည်။ ရဟန္တာဘုန်းကြီးနှင့် ပုထုဇဉ်ဘုန်းကြီးသည် အတူပင်မြတ်သည်။ ဝါကြီးသူက အရိုသေခံ မြင့်မြတ် သည်။

ရှင်နာဂသေနသည် တရား၏အရကောက်၊ မြတ်သောတရား၏ အရကို မဂ်,ဖိုလ်ဟု အကောက်မမှန်ဖြစ်သောကြောင့် ဤပြဿနာကို ထိမိအောင်မဖြေနိုင်ခြင်း ဖြစ်သည်။

**၂။ သဗ္ဗသတ္တဟိတဖရဏပဥှာ။**

**၃။ ဝတ္တဂုယှနိဒဿနပဥှာ။**

**၄။ ဖရုသဝါစာဘာဝပဥှာ။**

ဤပြဿနာများကိုလည်း မသုံးသပ်လိုပါ။

### ၅။ ရက္ခအစေတနာဘာဝပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “သစ်ပင်၌ စိတ်မရှိဟုဆို လျက် သစ်ပင်နှင့်စကားပြော၏ဟု တစ်နေရာ၌ဆိုပြန်သည်။ဘယ်သို့ နည်း”ဟု မိလိန္ဒ၏အမေးကို “သစ်ပင်ကဆိုခြင်း မဟုတ်။ဟောခြင်းဖြစ် သည်”ဟု ဖြေပေသည်။

ရှင်နာဂသေနသည် ဤ၌လည်း ဇာတ်စကားကို ဇာတ်အတိုင်း မသိ၍ ပြောခြင်းပင်။သစ်ပင်စောင့်နတ် စကားပြောသည်လည်း အကယ် မဟုတ်ပေ။ဇာတ်ဖြစ်၍ သစ်ပင်ကိုစကားပြောစေခြင်း ဖြစ်သည်။ဇာတ် ဖြစ်လျှင် ကျောက်ခဲလုံးကို တရားဟောစေချင်လျှင်လည်း ဖြစ်သည်။ဘာအပြစ်မျှ မရှိ။ အမှားဟူ၍ပင် မပြောဆိုရ။

### ၆။ ပိဏ္ဍပါတမဟပ္ဖလပဉှာ။

### ၇။ ဗုဒ္ဓပူဇနပဉှာ။

ဤပြဿနာ၏ အဖြေများကိုလည်း ကျော်လွှားတော့မည်။

## ၈။ ပါဒသကလိကာဟတပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဘုရားကြွလျှင် မြေများညီ ပေးရမည်ဖြစ်၏ဟု ဆိုလျက် အဘယ့်ကြောင့် ဘုရားခြေနှင့်ကျောက်ချပ် ထိသည်ဟု ဖြစ်ရသနည်း?”ဟူသော မိလိန္ဒ၏အမေးကို “ဒေဝဒတ်အား ငရဲကျရန် ကျောက်ချပ်သည် ဘုရားခြေတော်သို့ လာရောက်ခိုက်ခြင်း ဖြစ်သည်”ဟု ဖြေပေသည်။

ရှင်နာဂသေန၏အဖြေသည် အလွန်မလှပပါ။တန်ခိုးများဖြင့် မွမ်းထုံပြောဆိုထားသည်။ရှင်နာဂသေနသည် ဘုရားကြွလျှင် မြေနိမ့်များ မြင့်ပြီး၊မြေမြင့်များ နိမ့်ပေးရသည်ဆိုသောစကားကိုလည်း တန်ခိုးဟူ၍ ထင်နေသည်။ တန်ခိုးတော့ ဟုတ်ချင်ဟုတ်ပေမည်။လှုပ်ရှားမှုမဲ့သော မြေသားကား အလိုအလျောက်ဖြစ်ခြင်းကား မဖြစ်နိုင်ပါ။

ဖြစ်နိုင်သည်မှာ ဘုရားသျှင်ကြွရာလမ်းများကို ကြည်ညိုသူများ ကညို့ကြ၍ တင်စားပြောဆိုကြခြင်းများသာ အမှန်ဖြစ်ရပါမည်။ ရှင်နာဂ သေနသည် မြန်မာပြည်မှ နေကိုရှိခိုးသူဒကာကဲ့သို့ ဖြစ်နေသည်။စာတစ် ခုထဲတွင် ဤအကြောင်းကို ဘတ်ရဘူးသည်။ဤဒကာကိုအဘယ့်ကြောင့် နေကိုရှိခိုးရသနည်းဟု စစ်ဆေးကြည့်သောအခါ စာအတွင်း၌ နေမင်း တည်းဟူသောမြတ်စွာဘုရားဟူသော စကားလုံးကို သူတွေ့ဘူးကြောင်း၊ ထို့ကြောင့် နေမင်းသည်ပင် ဘုရားဖြစ်ကြောင်း သူနားလည်နေကြောင်း။ထို့ကြောင့် နေကိုရှိခိုးကြောင်း ဖြေဆိုသည်ဟု ဖြစ်သည်။

ဤတကာသည် တင်စားချက်အမည်ကို ကြည်ညိုသောစိတ်ထား နှင့် အကယ်ယုံသူဖြစ်သည်။ရှင်နာဂသေနသည်လည်း ကိုယ်တိုင်သိနှင့် လောကအမှန်၊ဤနှစ်တန်လွန်ဆန်ပြီး အမွှမ်းတင်နေသည်။ဤအရာများ သည် ဘုရားသျှင်အား ချီးမွမ်းဂုဏ်တင်ချက် ဖြစ်ပါသော်လည်း နေကို ပိုးစုန်းကြူးထက်လင်းပါပေသည်ဟု ချီးမွမ်းချက်ကဲ့သို့သော မလိုလား အပ်သောချီးမွမ်းချက် ဖြစ်သည်

ကိုယ်တိုင်သိနှင့် လောကအမှန်လွန်ဆန်ကျောခိုင်းသော အဖြစ်များကား မျက်လှည့်ဆရာထံတွင်သာ ရှိအပ်သောပစ္စည်း ဖြစ်သည်။ မျက်လှည့်ဆရာ၏အတတ်ကို ဘုရားသျှင်သည်လည်း တတ်ကျွမ်းတော်မူပေ၏ဟု ချီးမွမ်းခြင်းသည် လူ့လောကအထွဋ် အမြင့်ဆုံးအမြတ်ဆုံး အခက်အခဲအနက်နဲဆုံး ကျေးဇူးအများဆုံးဖြစ်သော ဒုက္ခငြိမ်းသတ်နည်းကို ညွှန်ပြတော်မူခဲ့သော မြတ်စွာဘုရား၌ အဘယ်သို့လျှင် သင့်လျော်သော ချီးမွမ်းခြင်း ဖြစ်နိုင်ပါမည်နည်း?

ထို့ပြင်လည်း ဤအဖြေ၌ ကျောက်မောင်းဆင်ပြီးလိမ့်ရာ၌ ကျလာသောကျောက်လုံးကိုလည်း တားမြစ်ရန် မြေမှကျောက်နှစ်လုံး ထလာသည်ဟု အယူရှိပြန်သည်။အကယ်စင်စစ်၌ ဒေဝဒတ်သည် ဒေါသဇောစောနေ၍ ဤမျှလိမ့်သောကျောက်သည် ထိုသို့ရောက်နိုင်,မရောက်နိုင်ကို သိနိုင်သောအသိဉာဏ်များ အမှောင်ကျပြီး မရောက်နိုင်သောနေရာကို ရောက်နိုင်သောနေရာထင်ပြီး လိမ့်မိသောကြောင့် လိမ့်သောကျောက်သည် အောက်မရောက်ဘဲ အလိုလိုရှိနေပြီးဖြစ်သော အခြားကျောက်ခဲများနှင့် ခုခံနေခြင်းမျှသာ ဖြစ်ပေသည်။

ဤသို့ဖြစ်သော်လည်း ဤအရာကို ဘုရားသျှင်အား အမြင်မဲ့ကြည်ညိုသူတို့အနေနှင့် ကျောက်တုံးနှစ်ခု ခံပေးရသည်ဟု ဆိုကြခြင်းဖြစ်သည်။အောင်မြင်သူအတွက်အဆိုသည် အဆိုတိုင်းလှပသည် မဟုတ်ပါလော?

ဤသည်ကိုလည်း ရှင်နာဂသေန နားလည်လိုခြင်းမရှိ ဖြစ်ဟန်တူသည်။ထိုအကြောင်းများကြောင့် ရှင်နာဂသေန၏ ဤပြဿနာအဖြေသည် ရှင်နာဂသေန၏ အမြင်မဲ့အဖြေမျှသာဖြစ်ကြောင်း နားလည်ရမည့်အဖြေ ဖြစ်၏။

**၉။ အင်္ဂုဂ္ဂသမဏပဉှာ။**

**၁၀။ ဝဏ္ဏဘဏနပဉှာ။**

**၁၁။ အပဟီနသာနိဂ္ဂဟပဥှာ။**

**၁၂။ ဘိက္ခုပစ္စတာမိတပဥှာ။**

ဤပြဿနာများသည် ဘဝအမြင်ကို များစွာ တရားကျသည် မဟုတ်ပါ။ ထို့ကြောင့် ချန်ခဲ့ပါမည်။

**၃။ ပစ္စတာမိတဝဂ် ပြီး၏။**

rvEyOm



## ၄။ သမ္မသမ္ဗုဒ္ဓဝဂ္ဂ
## ၁။ ဣန္ဒြိယပဋိပါဋိကပဉ္ဇာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "တန်ခိုးအရာ တေဒဂ်ဖြစ်သော ရှင်မဟာမောဂ္ဂလာန်သည် လူများ ဝိုင်းအရိုက်ခံရသောကြောင့် သေသည်ဟူ၏။ တန်ခိုးသည် အဘယ်နည်း?"ဟူသော မိလိန္ဒ၏အမေးကို "တန်ခိုးသည် ကံကိုမတားနိုင်သောကြောင့်" ဟု ဖြေပေသည်။

ရှင်နာဂသေနသည် ဤပြဿနာကိုဖြေရာ၌ တန်ခိုးကိုင်၄င်း၊ ကံကို၄င်း နှစ်ပါးလုံးကိုမသိဘဲ ဖြေသူသာဖြစ်သည်။ ထို့ကြောင့် ကံကိုလည်း ကိုယ်တိုင်သိနှင့် လောကအမှန်၊ ဤနှစ်တန်ကို လွန်ဖြစ်သောအရာဟူ၍ ယူဆသူဖြစ်သည်။ ကံကိုလည်း မမွေးမီက အပြုအမူ အပြောအဆိုနှင့် စိတ်နေစိတ်ထားများကြောင့် ဖြစ်သောအရာဟူ၍ ယူဆသူဖြစ်သည်။

ထိုအရာနှစ်ခုကိုပင် ရှင်နာဂသေန မသိပေ။ အဘယ်သို့လျှင် သိမည်နည်း? တန်ခိုးလည်း ဆိုခဲ့ပြီးသည့်အတိုင်း ကိုယ်တိုင်သိနှင့်လောကအမှန်၊ ဤနှစ်တန်ကို ကျော်သောအရာဖြစ်လျှင် တန်ခိုးကို ဘယ်သို့လျှင် ကိုယ်တိုင်သိတော့အံ့နည်း? တဖန် ကံကိုလည်း မမွေးမီကအပြုအမူများဟုဆိုလျှင် မမွေးမီကဟိုမှာဘက်ကို ရှင်နာဂသေန အဘယ်သို့လျှင် သိမည်နည်း?

ထို့ကြောင့် တန်ခိုးနှင့်ကံ၊ ဤနှစ်တန်သည် ရှင်နာဂသေန မသိသောအရာချည်း ဖြစ်လေသည်။ ရှင်နာဂသေန မသိသောအရာတစ်ခုဖြစ်သော ရှင်မောဂ္ဂလာန်၏တန်ခိုးနှင့် အခြားမသိသောအရာတစ်ခုဖြစ်သော ကံ ဖြစ်ပေသည်။

ဤအဖြေသည် ကောင်းမွန်တင့်တယ်လျှင် လောက၌ရှိသမျှ အမှောင်ခန်းများ အတွင်းရှိ ပစ္စည်းများအားလုံး တင့်တယ်ကြပေမည်။ အကယ်စင်စစ် ရှင်မောဂ္ဂလာန်၏ တန်ခိုးသည် အလမ္ပါယ်ပြနိုင်သော အတတ်ပညာ မဖြစ်နိုင်ရာ။သိကြားဗိမာန်၏မှန်ကင်း အထွဋ်ကို ခြေဖြင့်ညှပ်၍လှုပ်သောသူ မဖြစ်နိုင်ရာ။ ရဟန်းသည် လူကြီးလူကောင်းတို့ ထက် လူကြီးလူကောင်း ဖြစ်တော်မူသည်။

မြွေအလမ္ပါယ်ပြခြင်း၊ အခြားလူကြီးတစ်ယောက်ဖြစ်သူ သိကြားဆိုသူ၏ နေအိမ်အထွင့်ကို ခြေဖြင့်ညှပ်၍လှုပ်စေခြင်း။ဤအရာများသည် ရဟန်းများကဲ့သို့ အမြင့်ဆုံးအဆုံးအမကို ရရုံမက ကျင့်သုံးဖွယ်မကျန်အောင် ပြုလုပ်ပြီးသော လူကြီးလူကောင်းကို မဆိုထားနှင့် သာမန် လူကြီးလူကောင်းမဖြစ်သေးသူ လူတော်လူကောင်းများပင် မလုပ်သင့်သော သေးသိမ်သောအမူအရာမျှသာ ဖြစ်ပေသည်။

ရှင်မောဂ္ဂလာန်သည် ဘယ်သူ့ကို ဘာကြီးဖြစ်စေလိုသည်ဖြစ်စေ၊ ဤမျှအောက်တန်းကျသော လူရမ်းကားဆန်သည့် အမူအရာများ ပြုလုပ်၍ ဖြစ်တော့သည်မဟုတ်ပါ။ ရှင်မောဂ္ဂလာန် ကျင့်သုံးပြီးသော အကျင့်များသည် ဤအမူအရာများကို အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်စေရာပါသည်။ ထို့ကြောင့် ရှင်မောဂ္ဂလ္လာန်ရသော တန်ခိုးဆိုသည်ကား အလမ္ပါယ်ဆရာအထက်နှင့် မျက်လှည့်ဆရာနှင့်အောက်လမ်းဆရာ၏ အထက်များ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ရာ။ အဖြစ်အမှန် ရှင်မောဂ္ဂလာန်၏ တန်ခိုးကား ဝိဇ္ဇာသုံးပါးသာ ဖြစ်သင့်ရာပါသည်။

ရှင်မောဂ္ဂလာန်သည် ဘယ်သူဘယ်ဝါသည် ဘယ်သူဖြစ်သည်ဟူ၍၄င်း၊ ယင်း၏အတိတ်အကြောင်းသည် အဘယ်ဖြစ်သည်ဟူ၍၄င်း၊ ယင်း၏ လာမည့်အနာဂတ်သည် အဘယ်ဖြစ်သည်ဟူ၍၄င်း ဉာဏ်မျက်လုံးများ ထက်မြက်စူးရှနေခြင်းသာလျှင် ဖြစ်ရမည်။ ပု,ဒိ,အာများ ဖြစ်ကြသည်။ ဤသည်မှာ ရှင်မောဂ္ဂလာန်၏တန်ခိုးဖြစ်ပါသည်။

ရှင်မောဂ္ဂလာန် အရိုက်ခံရသည်ကိုလည်း ကံကြောင့်ဖြစ်သည်ဟုလည်း ယူဆပြန်သည်။ ရှင်နာဂသေနနှင့်တကွ အားလုံးသော သဿတမိစ္ဆာဝါဒီတို့သည် လူ၌ထစ်ကနဲ တစ်ခုခုဖြစ်သည်ဆိုလျှင် ကံကြောင့်ဟု ချတတ်ကြသည်မှာ ဓမ္မတာဖြစ်ပါသည်။ ခေါင်းကိုက်လျှင်လည်း ကံ၊ ပိုက်နာလျှင်လည်း ကံ၊ စားရလျှင်လည်း ကံ၊ ဆဲဆိုရိုက်ပုတ်လျှင်လည်း ကံ၊ ပူဇော်ချီးမွမ်းခံရလျှင်လည်း ကံ။ ဤသို့ အမြင်မဲ့ ပြောဆိုတတ်ကြပေသည်။

ထိုသူတို့သည် ဘုရားသျှင်ဟောခဲ့သော သံယုတ္တနိကာယ် ၊ ဒုတိယအုပ် စာမျက်နှာ၄၂၈တွင်ပါသော စကားကိုသိအပ်၏။ယင်းမှာ...

□တတြ သီဝက ယေ တေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော "ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သဗ္ဗံ တံ ပုဗ္ဗကတဟေတူ" တိ။ ယဉ္စ သာမံ ဉာတံ၊ တဉ္စ အတိဓာဝန္တိ၊ ယဉ္စလောကေ သစ္စသမ္မတံ၊ တဉ္စ အတိဒာဝန္တိ၊ တသ္မာ တေသံ သမဏဗြာဟ္မဏာနံ မိစ္ဆာတိ ဝဒါမိ။

ဤစကားသည် တစ်ခါလာလည်း ကံ၊နောက်တစ်ခါလာလည်း ကံ။ ဤသို့ယူဆခြင်းသည် ဘုရားသျှင်နှင့် မပတ်သက်ကြောင်း ဘုရားသျှင်၏ အယူအဆတော်၏ သီးခြားဖြစ်သော ခွဲခြားခဲ့သောမျဉ်းကြောင်း ဖြစ်သည်။

ရှင်မောဂ္ဂလာန် လူရိုက်ခံရခြင်းသည် ရေးကံကြောင့်ဆိုသောစကားလည်း□

"ယဉ္စ သာမံ ဉာတံ၊ တဉ္စ အတိဓာဝန္တိ၊ ယဉ္စလောကေ သစ္စမ္မေတံ၊ တဉ္စ အတိဓာဝန္တိ၊ "ဟူသည့်အတိုင်း

ကိုယ်တိုင်သိနှင့် လောကအမှန်၊ ဤနှစ်တန်မှ လွန်ဆန်နေသောအသိများသာ ဖြစ်ပေသည်။ ထို့ကြောင့် ဤအသိသည် အမှန်မှသွေဖည်နေသောအသိသာ ဖြစ်သည်။

ဘုရားသျှင်သည် ဒေဝဒတ်၏ ကျောက်မောင်းကြောင့် ခြေမ၌ အတွင်းကျေနာဖြစ်သည်။ ဤအရာသည် ကံကြောင့် ဖြစ်သလော? မဟုတ်ကြောင်း ရှင်နာဂသေနမသိဆိုသည်။ ဒေဝဒတ်ကဲ့သို့ လူမိုက်များ ရမ်းကားမှုမှတ်တိုင်သာလျှင် ဖြစ်သည်။ ဤအတူ ရှင်မောဂ္ဂလာန်လည်း ခိုးသူတို့နှင့်အတူ ခိုင်းသူတို့၏ ရမ်းကားမှု၏ အမှတ်အသားတစ်ခုသာလျှင် ဖြစ်သည်။ဤသို့သာလျှင် ရှင်မောဂ္ဂလာန် အရိုက်အသတ်ခံရမှုကို ရဲဝံ့စွာဆိုရပေမည်။

ဤသို့ဆိုလျှင် တန်ခိုးဘယ်သွားထားမည်နည်း?ဟု တန်ခိုးကိုမဲပြီး၊ ရေးကံကို ယိုးမယ်မဖွဲ့သင့်။ ရှင်မောဂ္ဂလာန်၏တန်ခိုးလည်း မျက်လှည့်ဆရာတို့၏တန်ခိုးကဲ့သို့သော လောကီတန်ခိုးမဟုတ်။ ဤတန်ခိုးသည်သာ ခိုးသားများကို မျက်လှည့်ဖြင့် ကောင်းကင်ပျံသွားသည်ထင်ရန် လှည့်စားနိုင်မည်ဖြစ်သည်။ ရှင်မောဂ္ဂလာန်၏တန်ခိုးသည် ဆိုခဲ့သည့် လောကုတ္တရာတန်ခိုးသာဖြစ်သောကြောင့် အလမ္ပါယ်ဆရာ၊မျက်လှည့်ဆရာတို့၏

တန်ခိုးမျိုးမဟုတ်သောကြောင့် ခိုးသားတို့ကဲ့သို့သော ပညာမျက်လုံး စုံကွယ်ပြီး တလောကလုံးမဲနေအောင် အမှောင်ကျခံရသူတို့၏ မတော်တဆ အတိုက်ခိုက်ခံရပြီး သေဆုံးရခြင်းမျှသာ ဖြစ်ပေသည်။

ငှင်းအဖြစ်အပျက်မျိုးသည် လောကတွင်ဖြစ်ပျက်နိုင်သည့် အဖြစ်အပျက်မျိုးသာ ဖြစ်သည်။ လောက၌ လူ့အဘိုးတန်များသည် ဘာမဟုတ်သော အကြောင်းကလေးဖြင့် လူမိုက်တို့လက်တွင်း၌ ကျဆင်းပျောက်ပျက်ရသည်မှာ အထင်အရှားပင်။ ရှင်မောဂ္ဂလာန်သည်လည်း ဤနည်းအတိုင်းပင် ဖြစ်သည်။

ရိုးသားသောကမ္ဘာလောကသည် ဤသူတို့ ကျဆုံးရချက်အတွက် ဖြေမဆည်နိုင် ရှိကြရသည်။ အပြစ်ရှိသူတစ်ဦး ကျဆုံးမှုအတွက် ရိုးသားသောသူများ ဤသို့မဖြစ်နိုင်ကြပေ။ သူတို့ကျဆုံးမှုကို သူတို့မိုက်၍ သူတို့ခံကြရသည်ဟုပင် နှလုံးသွင်း၍ ဆိတ်ဆိတ်သာ နေကြပေသည်။

ရိုးသားသူများသည် သူ့ကံကြောင့် သူဖြစ်သည်ကို မှတ်မှတ်သားသား အသိအမှတ်မပြုကြပေ။ ရှင်မောဂ္ဂလာန်ကဲ့သို့သော ဘာမိုက်မဲမှုဟူသော ကံတစ်ခုမျှ ချစရာ, ဖြေစရာမရှိသောသူများအတွက် များစွာ တုန်လှုပ်ကြရပေသည်။ ဤသည်မှာ ရှင်မောဂ္ဂလာန်၏ ခံရချက်ကံ မဟုတ်ကြောင်း ထင်ရှားသောအချက် ဖြစ်သည်။

ဤမျှဖြင့် ရှင်နာဂသေန၏ ပြဿနာအဖြေ အကိုင်များကြောင်း ပေါ်လွင်ပြီဟု ယူဆပါသည်။

## ၂။ ဓမ္မဝိနယပဋိစ္ဆန္နာပဋိစ္ဆန္နပဉှာ၊

## ၃။ မုသာဝါဒဂရုလဟုဘာဝပဉှာ။

ဤနှစ်ခုကိုလည်း ချွင်းခဲ့ပါသည်။

## ၄။ ဗောဓိသတ္တဓမ္မတာပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဘုရားအလောင်း၌ မိဘများမြဲရသည် ဆိုလျက် ကြည့်ခြင်းကြီးများကို ပြုလုပ်ရသည် ဆိုပြန်သည်၊အဘယ်သို့နည်း?”ဟူသော မိလိန္ဒ၏အမေးကို “ဓမ္မတာဖြစ်သည်”ဟု ဖြေပေသည်။

ဤအဖြေသည် အကယ်မဟုတ်သော ဘုရားကြည်ညိုသူတို့၏ ဘုရားနိဒါန်းကို ဘုရားဟောပြောပြုလုပ်လျက် မေးသည်ကို ဖြေကြားချက်ဖြစ်သည်။အထူးဘာမျှ မရှိချေ။

## ၅။ အတ္တနိပါတနပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ကိုယ့်ကိုယ်ကိုသတ်သော ရဟန်းကို တရားအတိုင်းဆုံးဖြတ်ရမည်ဆိုလျက် တစ်နေရာ၌ ဇာတိ,ဇရာ,မရဏာလွန်ရန် ဆောက်တည်စေ၏’ဟု ဆိုပြန်သည်။ အဘယ်သို့နည်း?”ဟူသော မိလိန္ဒ၏အမေးကို အောက်ပါအတိုင်း ဖြေပေသည်။

“လောက၌ သီလရှိသူသည် အကျိုးများ၏။ ထိုသူများ ပျက်စီးမကုန်ရန် ကိုယ့်ကိုယ်သတ်သူကို အပြစ်အားလျော်စွာ ဆုံးဖြတ်ရမည်။မသတ်အပ်။ ဤသို့မိန့်ဆိုခြင်းဖြစ်၍ ပဋိသန္ဓေနေရခြင်းစသည်သည် အလွန်ဆင်းရဲသည်။ထို့ကြောင့် ဤဝဋ်အစဉ်ဖြတ်ရာ ရောက်ရန်အကျိုးငှာ အို,နာ,သေများကိုလွန်ရန် ဆောက်တည်စေခြင်းဖြစ်သည်”။ဤသို့ ဖြေ၏။

ဤအဖြေသည် များစွာမလှပသောအဖြေ ဖြစ်သည်။ ရှင်နာဂသေနသည် မွေး, အို,သေခြင်းကိုလွန်ရန် ဆောက်တည်စေခြင်းဟူသောစကား၏ အနက်အဓိပ္ပါယ်ကို ပေါ်လွင်မှန်ကန်အောင် မကောက်နိုင်သောကြောင့် ရုပ်ပျက်ဆင်းပျက်အဖြေဖြစ်ရခြင်း ဖြစ်သည်။

နောက်တစ်ချက်လည်း ရှိပါသေးသည်။ ကိုယ့်ကိုယ်ကိုသတ်ခြင်း၏အပြစ်ကို ပြရခြင်းအကြောင်းလည်း ရှင်နာဂသေန မသိပေ။ ဤအချက်လည်း ဤအဖြေ မလှပကြောင်း ဖြစ်သည်။

ဘုရားသျှင်သည် ရဟန်းများကို ကိုယ့်ကိုယ်ကိုမသတ်အပ်ဟု ပညတ်ခြင်းမှာ သီလရှိသူများပျက်စီးပြီး အကျိုးနည်းကုန်မည် ဖြစ်သောကြောင့် အလျဉ်းပင်မဟုတ်ချေ။ သတ်သေခြင်းသည် လူကိုလွန်သောအလုပ် ဖြစ်သည်။ လူ၌ဖြစ်သောပြဿနာကို မရှင်းနိုင်တော့၍ လူဟိုမှာ၏က်သို့ ထွက်ပြေးသောအလုပ်ဖြစ်သည်။ ထို့ကြောင့် သတ်သေခြင်းသည် လူကိုလွန်သောအလုပ် ဖြစ်သည်။

သတ်သေခြင်းသည် ယေဘုယျအားဖြင့် စိတ်ဆန်နိုင်ပေသည်။ စိတ်ဆန်သည် ဆိုသည်မှာ သေးဖွဲသောအကြောင်းအချက်ကို ကြီးမားကျယ်ပြန့်သည်ဟု အထင်ထားခြင်းဖြစ်သည်။စေတသိကဒုက္ခနှင့် ယှဉ်သည်။စေတသိကဒုက္ခသည် ပဋိစ္စသမုပ္ပါဒ်စက် လည်ခြင်းကြောင့် ပေါ်ထွက်လာသော သောကစသည့် အမြတ်အစွန်းဖြစ်သည်။ ဤအရာကို မဖြေရှင်းနိုင်တော့၍ သတ်သေခြင်းဖြစ်သည်။

ဤအရာကို ဤသို့သတ်သေခြင်းဖြင့် ဖြေရှင်းခြင်းသည် အကြောင်းမဟုတ်ပါသလော? ဘုရားသျှင်၏တရားတော်သည် ဤသို့ဖြေရှင်းခြင်းကို အကြောင်းဟု အသိအမှတ်မပြုပါသလော? အကယ်၍ ပြုလျှင် သတ်သေခြင်းသည် အပြစ်မရှိနိုင်။ ဤသို့ အပြစ်မရှိလျှင်သာ သတ်သေခြင်းကိုတားမြစ်ခြင်းမှာ လောက၌ ကျေးဇူးများသော သီလရှိသူများ မပျက်စီးစေလို၍ဟူသော ရှင်နာဂသေနပြောသော အကြောင်း မှန်ပေမည်။

ဘုရားသျှင်သည် ပဋိစ္စသမုပ္ပါဒ်စက်ကို လည်ပတ်ခြင်းကြောင့် ပေါ်ထွက်လာသော သောကစသည့် အမြတ်အစွန်းဖြစ်သော စေတသိကဒုက္ခများကို ဘယ်သို့ဖြေရှင်းရန် ညွှန်ကြားခဲ့ပါသနည်း?

ဒုက္ခကို ဒုက္ခအတိုင်း အကယ်အားဖြင့် ရှုကြည့်တွေးခေါ်ခြင်း၊ ဤသို့ ရှုကြည့်တွေးခေါ်၍ရသည့်အတိုင်း အမှန်မှမသွေဖည်အောင် ပြောဆို,ပြုလုပ်,နေခြင်း၊ ဤသို့ဖြစ်ရန် သတိ,ဝီရိယထားခြင်း၊ ဤသို့ထားခြင်း၌ မယိမ်းမယိုင်ရခြင်း။ ဤသို့ဖြေရှင်းရမည်ဟု ညွှန်ကြားခဲ့ပေသည်။

ထို့ကြောင့် ဘုရားသျှင်၏ စေတသိကဒုက္ခများကို ဖြေရှင်းနည်းသည် ကိုယ့်ကိုယ်ကို သတ်သေခြင်းမဟုတ်။ မဂ္ဂင်တရားများကို ပွားများခြင်းသာ ဖြစ်သည်။

စေတသိကဒုက္ခကိုဖြေရှင်းရန် မဂ္ဂင်ကိုပွားအပ်လျက် မပွားဘဲ ကိုယ့်ကိုယ်ကို

သတ်သေခြင်းသည် မှားယွင်းသောအလုပ် ဖြစ်ပေသည်။ ထို့ကြောင့် ထိုသူသည် ပြစ်မှုကိုကျူးလွန်သူ ဖြစ်ပေသည်။ ထိုသူသည် အပြစ်မရှိသူမဟုတ်။ ထို့ကြောင့် ဘုရားသျှင်သည် ရဟန်းများကို ကိုယ့်ကိုယ်ကို မသတ်ရ၊ သတ်လျှင်အပြစ်ပေးရမည်ဟု ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဤပြဿနာကိုကိုင်တွယ်ရာ၌ အဖြစ်မှန်ကိုမသိခြင်းသည်လည်း ချို့ယွင်းချက် ဖြစ်ပါသည်။ နောက်တစ်ခုမှာ 'ဇာတိ,ဇရာ,မရဏများလွန်ရန် ဆောက်တည်စေသည်'- ဆိုရာ၌ ဇာတိ,ဇရာ,မရဏများ၏ အနက်အထွက်ကို ရှင်နာဂသေန မသိခြင်းဖြစ်သည်။

ရှင်နာဂသေနသည် ဇာတိကို မွေးဖွားခြင်းနှင့် ဇရာ,မရဏကို အိုခြင်းနှင့်သေခြင်း။ ဤသို့ နားလည်ပေသည်။ ပဋိစ္စသမုပ္ပါဒ်အဖွင့် ပါဠိတော်များ၌လည်း ဤသို့ပင် လာပေသည်။ ထို့ကြောင့် ရှင်နာဂသေနလည်း ဤသို့ပင်ယူဟန်ရှိသည်။

ပါဠိဆိုသည်၌ မည်မျှပင်လာသည်ဖြစ်စေ တကယ်ဖြစ်ပျက်နေသော အဖြစ်အပျက်နှင့် မညီလျှင်ကား အကျိုးများမည်မဟုတ်ပါ။ ပါဠိဆိုသော်လည်း ဝိဘင်္ဂပါဠိဖြစ်သောကြောင့် ဘုရား အကယ်ဟောခဲ့ခြင်း ဖြစ်မည်လည်းမဟုတ်ပါ။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဇာတိအရစသည်ကို အဖွင့်ဖြင့်ကျေနပ်နေမည့်အစား တကယ့်အဖြစ်အပျက်နှင့် နီးနှောသင့်ပါသည်။

ဝိပဿနာခုရကိုဆောင်သည်ဟူသည်မှာ တရားတော်ဟောပြချက်ကို မိမိတို့ ခန္ဓာဟူသောအရာ၌ တွေ့အောင် ရှာဖွေဖော်ထုတ်ခြင်းဝန်ကို ဆောင်ခြင်းပင် မဟုတ်ပါလော? ဇာတိ,ဇရာ,မရဏများသည်လည်း အဘယ်အရာ ဇာတိဖြစ်၍၊ အဘယ်အရာ ဇရာနှင့်မရဏဖြစ်ကြောင်း ဖော်ထုတ်သိရှိရမည်။ "ပရိဇာနနကိစ္စ"ရှိသော ဒုက္ခတရားပင် ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ထုတ်ကြည့်ရှုရပါမည်။

"ဇာတိ,ဇရာ,မရဏ"ဟူသည်မှာ ပဋိစ္စသမုပ္ပါဒ် ဝဋ်သုံးတန်ရှိရာ ဝိပါကဝဋ်တရားဖြစ်သော ဝိညာဏ်,နာမ်-ရုပ်,တရားတို့၏ ဖြစ်ပေါ်မှု၊ရင့်ရော်မှု၊ပျက်ပြုံးမှုဟူသော စကားလုံးများ၏နာမည်များ ဖြစ်ပါသည်။

ဝိပါကဝဋ်သည် ဝဋ်သုံးပါးမှ တစ်ပါးဖြစ်ပါသည်။ ဝဋ်သုံးပါးပြည့်မြောက်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်စက် တစ်ပတ်လည်ခြင်း ဖြစ်သည်။ ဤသို့ဆိုလျှင် လူ၏တစ်သက်၌

ပဋိစ္စသမုပ္ပါဒ်စက်သည် မည်မျှလည်ပတ်သနည်း? တစ်ပတ်သာလည်ပါသလော? သို့မဟုတ် အပတ်ရေ မရေမတွက်နိုင်အောင် လည်ပါသလော?

ဤနေရာ၌ ရှင်နာဂသေဆိုသည့်အတိုင်း ဇာတိနှင့်ဇရာ,မရဏတို့သည် မွေးဖွားခြင်း၊အိုခြင်း၊သေခြင်းများ အကယ်ဖြစ်ခဲ့လျှင် ပဋိစ္စသမုပ္ပါဒ်စက်သည် တစ်သက်၌ တစ်ပတ်သာ လည်ဖို့ရှိပါသည်။ ထိုတစ်ပတ်သည်ပင် ပတ်ပြည့်တစ်ပတ်မဟုတ်ပါ။ ဆိုလိုချင်သည်မှာ အလွှာလေးလွှာတို့ အစဉ်အတိုင်းစပ်လျက်လည်ခြင်း မဟုတ်။ လေးလွှာနှင့် နှစ်ဘဝ ဖြစ်ပါသည်။ ဤ၌လည်း ရှေ့နှစ်လွှာသည် ပဌမဘဝ၊ နောက်နှစ်လွှာသည် ဒုတိယဘဝ။ ဤသို့ မဟုတ်ပါ။ နှစ်ဘဝ အစပ်လေးလွှာအနက် အလယ်လွှာနှစ်လွှာ စပ်နေခြင်းကို တစ်သက်ဟု ရှင်နာဂသေန ဆိုရပါမည်။

အလယ်လွှာနှစ်လွှာအနက် ရှေ့အလွှာသည် အကျိုးလွှာဖြစ်သည်။ နောက်အလွှာသည် အကြောင်းလွှာဖြစ်သည်။ ဤသို့ဆိုမှသာ ရှင်နာဂသေနဆိုလိုသော ဇာတိ၊ဇရာနှင့်မရဏတို့အရသည် မွေးခြင်း၊အိုခြင်းနှင့်သေခြင်းများကို ရနိုင်သည်။

အကယ်၌ ပဋိစ္စသမုပ္ပါဒ်မွေများသည် တစ်သက်၌ တစ်ပတ်သာလည်ခြင်းများ မဟုတ်သလော?အစစ်အမှန် လူအတွင်း၌လည်နေသော ပဋိစ္စသမုပ္ပါဒ်ဆိုသည်ကား တစ်သက်၌ တစ်ပတ်ဆိုသည်ကို ထားဘိဦး၊ လက်ဖျစ်တစ်တွတ်၌ တစ်ပတ်အဖြစ် နှေးကွေးစွာလည်အောင်ကား ဖြစ်နိုင်သည်မဟုတ်။ လက်ဖျစ်တစ်တွတ်အတွင်းမှာပင် အပတ်ပေါင်း ကုဋေချီ၍ လည်နေပေသည်။

ဤသို့လည်နေလျှင် ဇာတိ၊ဇရာမရဏတို့ဟူသည်မှာ ပဋိစ္စသမုပ္ပါဒ်စက်တစ်ပတ်၏ သုံးပုံတစ်ပုံဖြစ်သော ဝိပါကဝဋ္ဋ၏ အမည်မျှဖြစ်၍ မွေးခြင်း၊အိုခြင်းနှင့်သေခြင်းများကို ဇာတိ၊ဇရာနှင့်မရဏတို့၏ အနက်အဓိပ္ပာယ် အရကောက်စရာတရားဟူ၍ ဘယ်သို့ဆိုကြမည်နည်း? ဘယ်သို့ စက်အင်္ဂါလုပ်ကြမည်နည်း? ဇာတိ၊ဇရာနှင့် မရဏတို့အရ မွေး,အို,သေများကို အရကောက်လိုလျှင် တရားဝင်အောင် အကြောင်းပြဖို့ တာဝန်ရှိပါသည်။

လူများမွေးခြင်းကို ဇာတိ၊ အိုခြင်းနှင့်သေခြင်းကို ဇရာနှင့်မရဏ။ဤသို့ စကားအရ ပြောခြင်းကား ပြောနိုင်ပါ၏။ လူတို့အခေါ်အဝေါ်၌လည်း ခေါ်နိုင်ကြသည်။

ထိုအခေါ်များကို ဘုရားတရားတော်များ၌ အသိအမှတ်ပြုပါသလား? ပြုလိုလျှင် တရားဝင်ဖြစ်အောင် ပြောဆိုညွှန်ပြဖို့ တာဝန်ရှိသည်။

လူတို့ဝေါဟာရဖြစ်သော စကားအရ တရားတော်သည် သိခြင်းဖြစ်သည်။ လူတို့ ဝေါဟာရ၌ ဘဝဟူသည်မှာ မွေးမှသေအတွင်း ဝိပါကဝဋ်နှင့် ကိလေသ,ကမ္မဝဋ်များ လည်လျက်ရှိသောအဖြစ်တစ်ခုကို အရကောက်စကား ဖြစ်သည်။

ဘုရားတရားတော်ဖြစ်သော ပဋိစ္စသမုပ္ပါဒ်မှ ဘဝမှာ ကမ္မဝဋ် စဖြစ်သော စေတနာ၏ ဥပ္ပါဒက္ခ ဏသမင်္ဂ ကလေးသာဖြစ်သည်။ တရားတော်အတွင်းမှ စကားလုံးကို လူတို့အခေါ်အဝေါ် စကားလုံးအဖြစ်၏ အနက်ဖြင့် အဖွင့်ခံရလျှင်ကား တက်တက်စင်အောင် လွဲပေမည်။

ဘုရားသျှင်၏တရားတော်၌ ဘဝဟူသောစကားလုံး၊ ဇာတိ,ဇရာ,မရဏဟူ သောစကားလုံး။ ဤစကားလုံးများ များစွာပါဝင်သော်လည်း လူတို့ခေါ်ဝေါ်သော စကားလုံး၏အနက်နှင့် သီးခြားလျက်ရှိသည်။ ဘုရားသျှင်သည် "သေခြင်း"ကို လူတို့ အသုံးအနှုန်းတို့၏အနက်ကဲ့သို့ အိပ်ရာညောင်စောင်း၌ လဲလျောင်းပုပ်သိုးခြင်းဟူ၍ မဆိုလိုပေ။

ဘုရားသျှင်၏ဓမ္မများ၌ "မသေ"ဟူသော စကားလုံးသည်လည်း ဤအတူ အိပ်ရာညောင်စောင်း၌ မထခြင်းဖြင့် လဲလျောင်းသွားခြင်းမရှိသည်ကို ဆိုလိုသည် မဟုတ်။ ၎င်းကိုထင်ရှားရန် အာဂမတစ်ခု ထုတ်ပြပါမည်။ယင်းမှာ ဓမ္မပဒ၊ အပ္ပမာဒဝဂ် ပဌမ ဂါထာဖြစ်သည်။

"အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနောပဒံ။
အပ္ပမတ္တာ နမိယန္တိ ၊ ယေပမတ္တာ မတာယတာ။"

"သတိရှိခြင်းသည် မသေရန်အကြောင်း ဖြစ်သည်။ သတိမရှိခြင်း
သည် သေရန်အကြောင်း ဖြစ်သည်။သတိရှိသူ မသေ၍၊ သတိမဲ့
သူ သေမည်"ဟူ၍ ဖြစ်သည်။

ဤဓမ္မသည် ဘုရားသျှင်၏ "သေ"၊"မသေ"များ၏ အနက်ကို ဘယ်သို့ကောက် ယူရမည်၊ဘယ်သို့ သတ်မှတ်ခဲ့သည်ကို ညွှန်ပြနေသော စကားလုံးများဖြစ်ပေသည်။

ထို့ကြောင့် ဘုရားသျှင်သည် သူ၏သဘာဝဓမ္မများ၌ လူသေကို သေသည်ဟု အသိအမှတ်ပြုသူ မဟုတ်ပေ။ ထိုလူ အသက်ရှိနေသည်ကိုလည်း မသေသူဟု အသိအမှတ်ပြုသူ မဟုတ်ပေ။ လူသေကို လူသေ၊ လူရှင်ကို လူရှင်ဟု အသိအမှတ် ပြုတော်မူသည်မှာ လူများအလိုက် ပြုတော်မူခြင်းသာ ဖြစ်သည်။

ဤသေခြင်းနှင့်ရှင်ခြင်းကို အကယ်သေခြင်းနှင့်ရှင်ခြင်းမဟုတ်ဟု ငြင်းဆိုကြေငြာခြင်း မပြုသော်လည်း ဤသေခြင်းနှင့်ရှင်ခြင်းအတွက် ဘာတစ်ခုမျှပြုစရာ ညွှန်ကြားခဲ့လေသည် မဟုတ်ပေ။ ဘုရားသျှင် နေ့မနား-ညမနား ညွှန်ကြားခဲ့သည်မှာ_

**"ကံ၏ရင့်သည်အဖြစ် ဝိပါက်များဖြစ်ပျက်နေခြင်းဟူသော**

**အနက်ရှိသောစကားလုံး ဇာတိ,ဇရာ,မရဏ"**၊

ဤအရာများ စ၍ဖြစ်ပေါ်ရာ ဖြစ်သည်။

ထို့ကြောင့် ဘုရားသျှင်တရားဓမ္မအတွင်းမှာ လူစကားအတူ လိုက်ပြောဆိုနေရမည်နေရာ မဟုတ်သည်တို့၌ သုံးနှုန်းခဲ့သော ဇာတိနှင့်ဇရာ၊မရဏတို့ အနက်အတွသည် ရှင်နာဂသေနနှင့် ပဋိစ္စသမုပ္ပါဒ်ဝိဘင်္ဂပါဠိတို့၌ ကောက်ယူသကဲ့သို့ မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်းများကို မကောက်ယူရပါ။ ဤသို့ကောက်ယူလျှင် တရားဝင်ကောက်ယူခြင်း မဖြစ်နိုင်။တရားဝင်သော ကောက်ယူချက်ဖြစ်သော ဤကောက်ယူချက်ပါသော စကားများသည် တရားမသေဘဲ ဟောတစ်မျိုး-ဟောတစ်မျိုး တက်တက်လာသည်ကို ရင်ဆိုင်ရပါမည်။

ဤသို့ရင်ဆိုင်ရသောကြောင့် ရှင်နာဂသေန၏ ပြဿနာအဖြေသည်လည်း အကယ်မရခြင်းဖြစ်ပါသည်ဟု မဆိုနိုင်ပါ။ ဤအဖြေ အကယ်ဖြေသည်ဟု ယူဆလျှင် ဘုရားသျှင်သည် သေခြင်းတိုင်အောင် တည်စေ၏ဟု အသိအမှတ်ပြုရမည်သာ ဖြစ်သည်။ ဘုရားသျှင်သည် ဤသို့ ဆောက်တည်စေခဲ့သည်။ ဘုရားသျှင်ဆောက်တည်စေသည်မှာလည်း မဂ္ဂင်တရားဖြစ်ကြောင်းကို ပညာရှင်တို့ပင် သိမြင်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဤပြဿနာ တကယ်မပြေပါ။

ဤသို့ဖြစ်ရသည်မှာ ရှင်နာဂသေန၌ ဘုရားသျှင်ဟောခဲ့သော ဇာတိ၊ဇရာ၊မရဏ၏အနက်ကို အမှန်မဖွင့်သောကြောင့် ဖြစ်ပါသတည်း။

## ၆။ မေတ္တာဘာဝနာနိသံသပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "မေတ္တာဖြင့်နေသူအား အဆိပ်မကျခြင်းစသော ဆယ့်တစ်ပါးသော အကျိုးရှိသည်ဆိုလျက် မေတ္တာဖြင့်နေသော သုဝဏ္ဏသာမ သူတို့သား မြားဆိပ်သင့်သည်ဟူသည် အဘယ်သို့နည်း?" ဟူသော မိလိန္ဒ၏အမေးကို အောက်ပါအတိုင်း ဖြေပေသည်။

"အဆိပ်မသင့်ခြင်းစသော အကျိုးဂုဏ်တို့သည် ပုဂ္ဂိုလ်၏ ကျေးဇူးဂုဏ်မဟုတ်။ မေတ္တာ၏ကျေးဇူးဂုဏ်သာ ဖြစ်သည်။သံချပ်အင်္ကျီဝတ်သူ၌ အင်္ကျီကြောင့် မြားပြီးသော်လည်း သံချပ်အင်္ကျီချွတ်ထားသူ၌ မြားမပြီးသကဲ့သို့ သာမသတို့သားသည် ရေအိုးပင့်စဉ်ဖြစ်၍ မေတ္တာမပွားခိုက်၌ အဆိပ်မြားလာသောကြောင့် သင့်ခြင်းဖြစ်သည်" ဟူ၍ ဖြစ်သည်။

ဤအဖြေသည်လည်း အကယ် သင့်မြတ်ပါသလော? သံချပ်အင်္ကျီနှင့် ယင်းကို ဝတ်သူ၊ ဤသို့ခွဲ၍ရသကဲ့သို့ မေတ္တာပွားခြင်းနှင့် မေတ္တာပွားသူဟု ခွဲ၍ရပါမည်လော? ရှင်နာဂသေနသည် ရယ်၍ရအောင်လုပ်လေသည်။

ထို့ပြင် မေတ္တာနှင့်နေသူဆိုသည်မှာ မေတ္တာဘာဝနာများကို မပြတ်ပွားနေသည် မဟုတ်ပေ။ ဤလောက၌ သူခိုးဆိုသူများကို အမြဲခိုးနေမှ သူခိုးဟုဆိုရခြင်း မဟုတ်သကဲ့သို့ နောက်အတွင်းကလည်း ခိုးခဲ့သည်၊ နောင်လည်း ခိုးဘို့စိတ်ရှိသည်၊ ဤသူသည် သွားဆဲလာဆဲဖြစ်၍ မခိုးသော်လည်း သူခိုးပင်ဖြစ်သည်။ ဤအတူ မေတ္တာကို ပွားဆဲ မဟုတ်သော်လည်း ပွားခဲ့ပြီးသောမေတ္တာစိတ်များကို တစုံတခုသော မေတ္တာ၏ဆန့်ကျင်ဘက်စိတ်များဖြင့် အဆီးအတားမခံရလျှင် ထိုပုဂ္ဂိုလ်သည် မေတ္တာပွားဆဲသူနှင့် အကျိုးတူပင်ဖြစ်သည်။ ကုသိုလ်၊ဝိပါက်သာ ခြားပေသည်။ကုသိုလ်နှင့်ဝိပါက်သည် အကျိုးပေးခြင်းထပ်တူ ဖြစ်ရပေမည်။

သာမသတို့သားဆိုသူသည် မေတ္တာပွားနေပါလျက် ရေအိုးပင့်ရန် လုပ်ငန်းကလေးများဖြင့် ထိုသူ၏ မေတ္တာပွားနေသည်ဟူသောအလုပ် ပျက်ကွက်ရမည်လော? ဤသို့ပျက်ကွက်မည်ဆိုလျှင် ဥပုသ်စောင့်သူများသည် သူတို့၌ သီလတည်ဖို့အကြောင်း

မရှိပေ။ မေတ္တာသည်လည်း စေတနာ၊ ဥပုသ်ကံသည်လည်း စေတနာပင်။ ဥပုသ်ကံကို ထမင်းချက်၊တံမြက်လှည်းလုပ်ငန်းများဖြင့် တားဆီးနိုင်ပါသလော?

ရှင်နာဂသေနသည် ဤပြဿနာကိုင်တွယ်ချက်၌ မေတ္တာကိုမသိခြင်းနှင့် မေတ္တာ၏ဂုဏ်ကျေးဇူးကိုမသိခြင်း နှစ်ချက်ဖြင့် ရပ်တည်ခဲ့ပါသည်။ ထို့ကြောင့် ဤအဖြေသည် ချွတ်ချော်သောအဖြေ ဖြစ်ပါသည်။ ရှင်နာဂသေနသည် မေတ္တာကို အဒေါသ စေတသိက်တရားဟု ကောက်ယူရန်မေ့လျော့နေပါသည်။ ထို့ထက်ပိုလွန်လေးနက်သလို တရားတစ်ခုအဖြစ် ကောက်ယူနေမိပါသည်။

အကယ်၍ အဒေါသကိုကောက်ယူနိုင်ခဲ့လျှင် မေတ္တာဝိဟာရီဆိုသည်ကို ရေအိုးပင့်မှု အားစိုက်နေရ၍ ပျက်ကွက်နေသည်ဟူသော အဆိုကို အရေးမထားဘဲ ရှိရပါမည်။ မေတ္တာသည် အရှေ့အရပ်မှာနေ အားလုံးသောသတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဤသို့စသည်ပြုလုပ်မှုဖြစ်သည်။ရှင်နာဂသေနသည် ဤသို့ယူဆသည်။သို့မှသာ ရေအိုးပင့်ရန် အားထုတ်နေရသောကြောင့် မေတ္တာပို့မှုပျက်ကွက်သည်ဆိုသော စကားကို လက်ခံ၍ဖြစ်ပါမည်။

အဒေါသစေတသိက်တရားဖြစ်ရန် ဤသို့ ပြုလုပ်နေရပါမည်လော? ဤသို့ မပြုလျှင် အဒေါသစေတသိက် မဖြစ်ပြီလော? အဒေါသစေတသိက်သာဖြစ်ပြီး မေတ္တာမဖြစ်သည်ဟူ၍ကော ရှိသလော? မေတ္တာမထိုက်သော အဒေါသစေတသိက်ကော ရှိသလော? ဤမေးခွန်းကို တရားအတိုင်းဖြေလျှင် ရေအိုးပင့်ရန် အားစိုက်နေရ၍ မေတ္တာပွားမှု ပျက်ကွက်သည်ဟူသော စကားသည် ရယ်ဖွယ်ဖြစ်ပါသည်။ ဤရယ်ဖွယ်စကားကို ရှင်နာဂသေနမသိခြင်း၏ ထင်ရှားသော အမှတ်အသား ဖြစ်ပါသည်။

"မေတ္တာသည် အာရုံကိုမပြစ်မှားခြင်းသဘော"သာ ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကြောက်မက်ခြင်းများအားဖြင့် အတေးအကောက် အမုန်းမရှိ။ ပကတိ စင်ကြယ်နေခြင်းပင် ဖြစ်ပါသည်။ အရပ်စကားဖြင့် ပြောမည်ဆိုလျှင် ကြောက်စိတ်ရှဲ၍ ရဲရင့်နေခြင်းသာ ဖြစ်ပါသည်။ ဤအရာသည် မေတ္တာဖြစ်ပါသည်။ ဘယ်သူ့ကိုမျှ ကြောက်မက်ခြင်း မရှိသောကြောင့် သူ့စိတ်များ လွတ်လပ်နေပါသည်။ ထို့ကြောင့် သူများကို ချုတ်ချယ်ခြင်းဘေးရန်ကင်းပြီး ကျဆုံးသွားလိုခြင်းများ မဖြစ်ပေါ်ပါ။ ဘေးကင်းရန်ကွာ လွတ်လပ်

ချမ်းမြေ့ နေချင်ပါသည်။ ဤ စိတ်၏အမူအရာများသည် မေတ္တာဖြစ်သည်။

အရှေ့အရပ်မှာနေ သတ္တဝါတွေ အဘယ်သို့ဖြစ်ပါစေ၊ ညာသို့ဖြစ်ပါစေဟူ၍ စိတ်ကိုပို့လွှတ်နေခြင်းသည် မေတ္တာမဟုတ်ချေ။ ထိုပုဂ္ဂိုလ်များသည် သူတို့၏စိတ်ဓါတ်ကိုသာ သူတို့ကိုယ်သူတို့ မြှင့်တင်နေခြင်းသာ ဖြစ်ပေသည်။ အကယ် သတ္တဝါများအပေါ်၌ သူတို့ပွားသောမေတ္တာ မရောက်ပါ။ အကယ်မရှိသောစိတ်ဓါတ်ကို အကယ်ရှိလေဟန်၊ အနုပညာသည်များသည် မငိုချင်ဘဲ ငိုဟန်ပြသကဲ့သို့ လုပ်ယူနေခြင်းဖြစ်၍ အကယ် ထိစပ်နေသောသတ္တဝါများကို ပြုကျင့်ရန်တာဝန်ကို ထိုသူများပြုမည် မဟုတ်ပါ။ ထို့ကြောင့် ထိုသူတို့၏မေတ္တာသည် အကယ် သတ္တဝါများထံ မရောက်သောသူတို့ မြှင့်နေသော အလုပ် ဖြစ်ပါသည်။

ဤသို့မေတ္တာပို့နည်းကို ကိုယ့်ကိုယ်ကို သိပ်ချစ်ပြီး အတ္တလွန်ကဲနေသူများ ပြုလုပ်ကြလေသည်။

ရှင်နာဂသေနသည် စိတ်ဓါတ်မြှင့်တင်ခြင်း ဤလုပ်ငန်းကို မေတ္တာဟုထင်နေသည်။ ဤအမှားကြောင့်လည်း ဤပြဿနာအဖြေသည် ချော်ချွတ်ရသည်။ ထို့ပြင်လည်း ရှင်နာဂသေနသည် မေတ္တာ၏အကျိုးကျေးဇူးကို ယူသူဖြစ်သည်။မေတ္တာပွားသူ အဆိပ်မသင့်ဟူရာ၌ အဆိပ်များကိုမြိုလျက် မသင့်သည်ဟုသူထင်သည်။ ထိုသူ လက်နက်မကျဟူရာ၌လည်း လက်နက်ဖြင့်ပစ်ခတ်သော်လည်း မမှန်ဟုယူသူဖြစ်သည်။

ဤအရာများသည် စိတ်ကူးမျှသာ ဖြစ်သည်။အဆိပ်ကို မျိုစားလျက် အခြားသောခံနိုင်စွမ်းရည်တစ်ခုခုဖြင့် မပြုပြင်ဘဲ အဆိပ်မသင့်သူဟူ၍ လောက၌မရှိရာ။ အကယ်၍ ဤသူရှိသည်ဆိုလျှင် ဘုရားသျှင်ထက်ပင် မြင့်မြတ်သူဖြစ်ရပေမည်။

အဆိပ်သည် ပထဝီ၊အာပေါ၊တေဇော၊ဝါယောတို့ဖြင့် ပေါင်းဖွဲ့မှုအချိုးတစ်မျိုး ရှိသောအရာတစ်ခု ဖြစ်သည်။အဆိပ်ကို အဆိပ်မဟုတ်အောင် ပြုလုပ်နိုင်သည်ဆိုလျှင် ပထဝီကို ပထဝီမဟုတ်အောင် အလိုအလျောက်ဖြစ်စေနိုင်သူ ဖြစ်ရမည်။ ဘုရားသျှင်သော်မှုလည်း ပထဝီကို ပထဝီမဟုတ်အောင်၊ မြင်စိတ်ကိုကြားစိတ်ဖြစ်အောင် ပရမတ်တရားများကို ညှိပြောင်းနိုင်ခဲ့သည် မဟုတ်ပေ။သူရှိသည်ကို ရှိသည့်အတိုင်း အမှန်အကန်ကိုသာ ညွှန်ပြနိုင်ခဲ့သူဖြစ်သည်။

လောက၌ မြွေကိုက်ခြင်းစသော အဆိပ်သင့်သူများကို ဂါထာမန္တာန်ဖြင့် အဆိပ်ကိုပြန်အောင် ပြုလုပ်နေသူများ ရှိပေသည်။ ဤသူတို့သည် စိတ်ဖြင့်ပင် အဆိပ်ကို မတက်အောင် ပြုလုပ်နိုင်သူများ မဟုတ်သလော? ဤသို့စောဒနာရန် ရှိသည်။ ဤသူတို့သည် လောက၌ အထင်အရှားပင်ရှိကြသည်။မြွေကိုက်၍မေ့မျောနေသူကို ထိုသူတို့မန်းမှုတ်လိုက်လျှင် ထထိုင်လာပြီး အကောင်းပြကတော့ ဖြစ်ကြသူများ ရှိပေသည်။

သို့သော်လည်း ဤသူတို့အတွက် အဆိုတစ်ခုပြုခဲ့ရသည်။ ယင်းမှာ မြွေကိုက်၍ မေ့နေသူကို အလျင်ပျောက်အောင် မန်းမှုတ်နိုင်သော ဤအတတ်ပညာရှင် ဆရာတော်သည် မြွေဆိပ်ကို ပန်းကန်အတွင်းတည်၍ မြွေဆိပ်မဟုတ်အောင် မပြုနိုင်ဘဲရှိမည်ဟူသောဤအဆိုကိုပြုသည်။

ဆိုလိုသည်မှာ မြွေကိုက်၍မေ့နေသူအား မန္တာန်ဆရာသည် ပျောက်ကင်းအောင်ပြုနိုင်မည် မှန်သော်လည်း ပကတိအဆိပ်ကို အဆိပ်မဟုတ်အောင် ပြုနိုင်ခြင်းမဟုတ် ဖြစ်သည်။ ခွက်အတွင်းမှ အဆိပ်ပျယ်သည်ဖြစ်စေ မပျယ်သည်ဖြစ်စေ အကြောင်းမဟုတ်။ လူမှာထိသောအဆိပ် ပျယ်လျှင်ပြီးသည်မဟုတ်လော ဟူအံ့။ မပြီးဟုပင် ဖြေရပါမည်။ အဘယ့်ကြောင့်ဆိုသော် မန္တာန်ဆရာသည် လူမှအဆိပ်ကိုလည်း ပျယ်အောင်မလုပ်နိုင်သောကြောင့် ဖြစ်ပါသည်။

အဆိပ်သင့်၍ မေ့နေသူကို အကောင်းပကတိပြုနိုင်သည်ကို ဝန်ခံလျက်၊ လူမှအဆိပ်ကို မန္တာန်ဖြင့်မချနိုင်ဟု ဆိုပြန်သည်မှာ ဘယ်သို့နည်း?ဟု မေးဖွယ်ရှိသည်။ မြွေကိုက်ခံရ၍ မေ့မျောနေသူကို မန္တာန်ဖြင့် အကောင်းပကတိ ဖြစ်စေသည်မှာ လူတွင်ရှိသောအဆိပ်ကို အဆိပ်မဟုတ်အောင် ပြုနိုင်သောကြောင့် အကောင်းဖြစ်လာခြင်းမဟုတ်ပေ။ အဆိပ်ကြောင့် မေ့မျောနေသူကို မန္တာန်သည် အကောင်းဖြစ်အောင် မလုပ်နိုင်ပေ။

မန္တာန်ဖြင့် အကောင်းဖြစ်အောင် ပြုနိုင်သော မြွေကိုက်ခံရ၍ မေ့မျောနေသူဆိုသည်မှာ အကိုက်ခံရသောမြွေဆိပ်ကြောင့် မေ့မျောနေခြင်းမဟုတ်။မြွေကိုက်ခံရသည်ကို ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ရာမှ သတိမေ့မျောနေခြင်းသာ ဖြစ်သည်။မ န္တာန်ဆရာသည် စိတ်ဆရာဖြစ်သည်။ စိတ်ကြောင့်မေ့မျောမှုဖြစ်၍ စိတ်ဆရာသည် အကောင်း

ဖြစ်အောင် လုပ်နိုင်ခြင်းဖြစ်သည်။ အကယ် အဆိပ်သင့်အောင် အကိုက်ခံရ၍ မေ့သူသည် မန္တာန်ဆရာထံ၌ သေရမည်မှာမလွဲ ဖြစ်သည်။

မြွေကိုက်ခံရ၍ မေ့မျောသူများသည် မြွေကိုက်ခံရ၍ သေရမည်ကိုလန့်ပြီး မေ့မျောသူက များပြားပေသည်။ သေခြင်း၌ စိတ်ဓါတ်သည် အရေးကြီးသည်။ အချို့သည် ရက်၍သေသည်။ အချို့သည် ကြောက်၍ သေသည်။ အချို့သည် စိတ်ကြွ၍သေသည်။ အချို့သည် စိတ်ကျ၍ သေသည်။

မန္တာန်ဆရာသည် အဆိပ်ကို မဖယ်နိုင်။ ကျနေသောစိတ်ကိုသာ ဖယ်နိုင်သည်။ ဤစကား မှန်ကန်သောကြောင့် ခွက်ထဲမှအဆိပ်ကို မန္တာန်ဖြင့် အဆိပ်မဟုတ်အောင် မလုပ်နိုင်ဟု အဆိုပြုခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စိတ်ဖြင့် အဆိပ်များကို အဆိပ်များ မဟုတ်အောင် မပြုလုပ်နိုင်။

မေတ္တာသည်လည်း စိတ်မျှသာဖြစ်၍ မပြုနိုင်ပေ။ မေတ္တာဖြင့် အဆိပ်မဖြစ်အောင်လုပ်နိုင်သည်စသော တစ်ဆယ့်တစ်ပါးသော အကျိုးများမှာ ရှင်နာဂသေနသိနေသကဲ့သို့ မဟုတ်ချေ။ မဟုတ်ကြောင်း ထင်ရှားသောအရာတစ်ခု ရှိသည်။ ဘုရားသျှင်သည် မေတ္တာကိုပွားများသူတို့ထက် ပွားများသူဖြစ်တော်မူပါပေသည်။ ထိုသို့ဖြစ်လျက် ပရိနိဗ္ဗာန်ပြုရန် ဝက်သား၏ အစာအဆိပ်သင့်ခံရခြင်း၊ ဒေဝဒတ်လက်ချက်ဖြင့် ခြေမ၌ ကျောက်လွှာအကျခံရခြင်းများဖြစ်သည် မဟုတ်ပါလော?

ရှင်မောဂ္ဂလာန်သည်လည်း ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ မေတ္တာနှင့် လုံးဝပြည့်စုံသူပင် ဖြစ်ရပေမည်။ ရှင်မောဂ္ဂလာန်သည် နောက်ဆုံး၌ ခိုးသားတို့၏ အရိုက်ပုတ်ကိုခံပြီး သေရသည်မဟုတ်ပါလော? ထို့ကြောင့် မေတ္တာ၏ဂုဏ်အာနိသင်ဖြစ်သော အဆိပ်နှင့် လက်နက်များ မကျမသင့်ခြင်းစသည့် တစ်ဆယ့်တစ်ပါးသည် ရှင်နာဂသေန သိသကဲ့သို့ မဟုတ်။

အကယ် မေတ္တာ၏အကျိုးထဲမှ မီး,အဆိပ်,လက်နက်များ မကျမသင့်ဟူသည်မှာ ခိုးသူဆိုသူများ၌ ကျသင့်ခံရခြင်းမျိုး မခံရသည်ကို ဆိုလိုသည်။ ခိုးသူဆိုသူများသည် ဤအရာများ ကျသင့်ခံရတတ်သည် မဟုတ်လော? ဤသို့ ကျသင့်နည်းမျိုးနှင့် မေတ္တာဖြစ်နေသူ၌ အဘယ်သို့ ကျသင့်မည်နည်း? ဤအရာသည်သာလျှင် မေတ္တာ၏ အကျိုး

ကျေးဇူး ဖြစ်ပေသည်။

ရှင်နာဂသေနသည် ဤအရာကိုလည်း မှန်မှန်ကန်ကန် သိခြင်းမရှိပေ။ ထို့ကြောင့် ရယ်စရာအဖြေများ ထင်နေခြင်းဖြစ်ပါသည်။ ရှင်နာဂသေနသည် မေတ္တာပွားခြင်းနှင့် ပွားသူကိုပင် သီးခြားစီဖြစ်အောင် ခွဲနေပေသည်။ မေတ္တာပွားခြင်းသည် သံချပ်အင်္ကျီကဲ့သို့ဖြစ်သည်။ သံချပ်အင်္ကျီကိုဝတ်နေမှ လူသည် မြားပြီးသကဲ့သို့ မေတ္တာကိုပွားနေမှ အဆိပ်သည်ပြီးမည် ဟူသတတ်။ ရေအိုးပင့်ခြင်း၊ဤအတွက် အားစိုက်နေခြင်းစသော လုပ်ငန်းကိုလုပ်နေလျှင် မေတ္တာပွားနေသူ မဖြစ်နိုင်ဟူသည် ရယ်ဖွယ်ပင်။ ဤမျှဖြင့် ဤအဖြေ။ အတိုင်းအတာ ပေါ်လွင်ပြီ။

## ၇။ ကုသလာကုသလ သမဝိသမပဉှာ

## ၈။ အမရာဒေဝီပဉှာ

ဤပြဿနာများသည် ဇာတ်တော်များကို အခြေခံထားသည့် အဖြေများဖြစ်သောကြောင့် အချည်းနှီးသာပင်။

## ၉။ အရဟန္တ အဘာယနပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "ရဟန္တာများ ကြောက်ရွံ့ခြင်းကင်းသည်ဆို လျက် ရာဇဂြိုဟ်၌ ဘုရားနှင့်အတူ ဓနပါလဆင်ဆိုးနှင့်တွေ့ရာ ဘုရားသျှင်နှင့်အာနန္ဒာကို ထားခဲ့၍ ရှောင်တိမ်းသွားကြသည်ဟု ဆိုပြန်သည်။အဘယ်သို့နည်း?"ဟူသော မိလိန္ဒ၏ အမေးကို "ဘုရားတန်ခိုးမြင်ရပြီး လူများကျွတ်ကြရန်နှင့် ရှင်အာနန္ဒာဂုဏ်ကို ဖော်ထုတ်ရန် ရှောင်ပေးကြခြင်းဖြစ်သည်"ဟု ဖြေပေသည်။

ဤအဖြေသည်လည်း အမှန်ဖြေသောအဖြေ မဟုတ်ချေ။ ရှင်နာဂသေနသည် ရဟန္တာများကြောက်စိတ်မရှိပုံကို အမှန်အတိုင်း မသိမမြင်ဘဲရှိပါသည်။ထို့ကြောင့် ဤသို့ဖြေခြင်း ဖြစ်သည်။

ဘုရားသျှင်သည် တန်ခိုးကို ရွံရှာတော်မူသောအသျှင်မြတ်စစ် ဖြစ်ပါသည်။ ရဟန်းများကိုပင် တန်ခိုးမလုပ်ရန် ဥပဒေပြုလုပ်၍ တားမြစ်ခဲ့သူ ဖြစ်သည်။ ဘုရားသျှင် သည် ဝိနယတစ်ခုကိုလုပ်မည်ဆိုလျှင် အဆုံးအမနှင့်အံမဝင်သည်ကို တားမြစ်ခြင်းချည်း ပင် ဖြစ်ပါသည်။ ဘုရားသျှင်သည် စိတ်ကူးယဉ်သမား လုံးလုံးမဟုတ်။ မိမိတပည့်များ ကိုတားမြစ်သော ဝိနယကို မိမိမပြုလုပ်နိုင်သည်ဟု သတ်မှတ်ခြင်းမဖြစ်နိုင်ပါ။

ဤတန်ခိုးဟူသည်မှအပ အဘယ်သိက္ခာပုဒ်ကိုများ ကျူးလွန်သည်ဟူ၍ ရှိပါသနည်း? ကိုယ်ထားသောဥပဒေကို ထားသူ ပြန်ကျူးလွန်သည်မှာ သာမန် ဂုဏ် သရေအဆင့်ရှိသူများပင် မလုပ်သောအရာဖြစ်သည်။ အလွန်အောက်တန်းကျသူများ ပြုလုပ်သောအရာ ဖြစ်လေသည်။ ဘုရားသျှင်သည်လည်း တန်ခိုးမလုပ်ရန် တားမြစ်ထား သူဖြစ်လျက် ဘယ်နည်းနှင့်မှ တန်ခိုးကို ကိုယ်တိုင်ပြုလုပ်သူမဖြစ်နိုင်။

ဘုရားသျှင်သည် တန်ခိုး၏အဆင့်အတန်းနိမ့်ကျပုံကို အဆုံးစွန်သိရှိသူ ဖြစ်ပေ သည်။ တန်ခိုးသည် ကိလေသာများကို ရှို့မြှိုက်၍ ငြိမ်းချမ်းမှုကိုတည်ဆောက်သောလမ်း နှင့် သီးခြားမှသီးခြား ဖြစ်လေသည်။

တန်ခိုးသည် စိတ်လမ်း ဖြစ်ပေသည်။ ငြိမ်းချမ်းမှုသည် ပညာလမ်းသာ ဖြစ်ပေ သည်။စိတ်လမ်းသည် မျက်လှည့်ဆရာတို့၏လမ်းသာ ဖြစ်ပေသည်။ သို့မဟုတ် ပဋ္ဌိစ္စ

သမုပ္ပါဒ်စက်ကို လည်စေသောလမ်းသာ ဖြစ်သည်။

ဘုရားသျှင်၏လမ်းသည် ပညာလမ်းသာ ဖြစ်လေသည်။ ဘုရားသျှင်သည် ပဋိစ္စသမုပ္ပါဒ်စက်ကို အပြီးတိုင် ရပ်စေခဲ့ပြီးသူတစ်ဦး ဖြစ်သည်။ အဘယ်သို့လျှင် စိတ်လမ်းကိုလျှောက်ပါမည်နည်း? ထို့ကြောင့် ဘုရားသျှင်သည် တန်ခိုးကိုမပြုလုပ်ရန် ရဟန်းများအား ဥပဒေထုတ်ထားခဲ့ခြင်း ဖြစ်သည်။

ထိုသို့ဖြစ်လျက် ဘုရားသျှင်အား အမြင်မဲ့ကြည်ညိုကြသူတို့သည် ဘုရားသျှင်ကို တန်ခိုးတန်ဆာများဖြင့်ဆင်၍ ကြည့်ရလျှင် ပို၍ယဉ်မည်ထင်သောကြောင့် ဘုရားသျှင်ကို သရက်ဖြူပြင်ရင်း၌ တိတ္ထိတို့နှင့် တန်ခိုးအပြိုင်ခိုင်းခဲ့သည်။ "ရှင်ဘုရင်ဥယျာဉ်အတွင်းမှ သရက်သီးကို အပြင်သူခူးလျှင် အပြစ်ဖြစ်ပြီး ရှင်ဘုရင်ခူးလျှင် အပြစ်မရှိ" ဟု ဘုရားသျှင် မိန့်ခဲ့လေဟန် ပြောဆိုကြပေသည်။

သာမန်လူကြီးတစ်ယောက်ပင် သူနှင့်အရည်မတူသူနှင့်ပြိုင်ရန် အကြောင်းမဲ့သည်။ ဘုရားသျှင်ကား အတုမရှိဖြစ်၍ မတူသောတိတ္ထိတို့နှင့်ပြိုင်သည်ဆိုသည်မှာ ချီးကျူးချက်ဖြစ်နိုင်ပါသလော? ပြိုင်ရာ၌လည်း ဘုရားကြောင့်နိုင်သည်ပင် မမည်။ တိတ္ထိတို့၏ ပြိုင်မဏ္ဍပ်များကို သိကြားကူ၍ လေတိုက်ဖျက်ပေးရသည်ဆိုသည်။ သိကြားကူ၍ ဘုရားနိုင်သလိုလိုပင်။ တန်ခိုးဖြင့် ဘုရားကိုချီးမွမ်းခြင်းသည် ဘုရားကိုနှိမ့်ချခြင်းသာ ဖြစ်သည်။ ဤ၌လည်း ဓနပါလဆင်ကို ဘုရားတန်ခိုးဖြင့် နိုင်စေဦးမည်သာဖြစ်သည်။

ထို့ပြင်လည်း ရဟန္တာများသည် ရှင်အာနန္ဒာ၏ဂုဏ်ကို အဘယ့်ကြောင့် ဖော်ထုတ်ချင်ကြသနည်း? ဤသို့သော အမူအရာ နှလုံးသွင်းများသည် ရဟန္တာတို့၌ ရှိမည်မဟုတ်ပေ။ ဆင်ဆိုးလာသည့်အတွက် တိမ်းရှောင်ကြသည်မှာ ကြောက်ခြင်းကိလေသာမကုန်၍လော? ကိလေသာကုန်ပြီးသူသည် ဆင်ဆိုးကို မတိမ်းရှောင်ဘဲ နေရမည်လော? ဆင်ဆိုးသည် လူကိုအန္တရာယ်ပြုနိုင်လျက် အန္တရာယ်ပြုသော်လည်း အဘယ်ဖြစ်သေးနည်းဟုဆို၍ မရှောင်ဘဲနေလျှင် မကြောက်သူအမူအရာ ဖြစ်မည်လော?

ဤအမူအရာသည် ကြောက်ခြင်းမရှိသူတို့၏ အမူအရာနှင့် တူကားတူပါ၏။ သို့သော်လည်း မိုက်သူ၏အမူအရာနှင့်လည်း တူပါသည်။ "ဘာဖြစ်ဖြစ်၊ ဘာဖြစ်သနည်း?" ဟူသော အမူအရာသည် တုံးနေသူ၏အမူအရာသာ စင်စစ်ဖြစ်ပေသည်။ ထိုသူသည်

မိုက်သူတို့၏သွားရာလမ်းဖြစ်သော သေကျေပျက်စီးမှုကို အကြောင်းမဲ့ ဆိုက်ရောက်ရမည်ကဲ့သို့ ဖြစ်နေ၏။

ရဟန္တာပုဂ္ဂိုလ်တို့သည် ဤသို့ မိုက်သူများလည်း မဟုတ်ပေ။ “သေတော့ဘာဖြစ်သေးသနည်း?”ဟု ဆိုသောသူများမဟုတ်ကြ။ ဤအတွေးအခေါ်သည် လူကိုကျော်သော အတွေးအခေါ်ဖြစ်သည်။ ဤသို့ လူလွန်တို့၏လမ်းစဉ်များ ရဟန္တာပုဂ္ဂိုလ်တို့၌ မရှိသောကြောင့် ရဟန္တာများပယ်သော ကြောက်ခြင်းသည် ဆင်ကိုကြောက်ခြင်း၊ ကျားကိုကြောက်ခြင်းစသော ကိုယ်နှင့်အသက်ကို အန္တရာယ်ပြုတတ်သော အရာများကို ကြောက်ခြင်းများ မပါဝင်နိုင်ပေ။

ရဟန္တာများပယ်သော ကြောက်ခြင်းကား ကိုယ်နှင့်အသက်ကို အန္တရာယ်ပြုနိုင်သည်မဟုတ်ဘဲ စိတ်ကူးဖြင့် စိတ်ဓာတ်များကျဆင်းသိမ်ငယ်နေခြင်းဟူသော ကြောက်ခြင်းဖြစ်ပေသည်။ ရဟန္တာများ ကြောက်ခြင်းကိုပယ်သည်ဟူသည်မှာ စိတ်ဓာတ်ကျခြင်း၊ စိတ်ဓာတ်ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်း၊ ဤအရာများကိုပယ်ခြင်း ဖြစ်ပေသည်။

အအေးကိုကြောက်ခြင်း၊ အပူကိုကြောက်ခြင်းနှင့် မသင့်တင့်သော အစာအာဟာရ၊ကျောင်း၊အိပ်ရာနေရာကို ကြောက်ခြင်းများသည် ကြောက်ခြင်းအဖြစ် ပြောဆိုရသော်လည်း ထိုကြောက်ခြင်းများသည် ဒေါသ,ဗျာပါဒတရားများ မဟုတ်ကြပေ။ ထိုတရားတို့အရ တရားကိုယ်သည်လည်း ဒေါသ,ဗျာပါဒမဟုတ်ဟု ဆိုလိုပါသည်။

ရဟန္တာပုဂ္ဂိုလ်များသည် ဒေါသ,ဗျာပါဒများကို ပယ်သော်လည်း ထိုကြောက်ခြင်းဆိုသည်များကို မပယ်ပေ။ ဆင်,ကျားကိုကြောက်ခြင်းများ သည် ထိုကြောက်ခြင်းများနှင့် ထပ်တူပင်။ အရကောက်လျှင် ဒေါသ,ဗျာပါဒတရားများကို မရနိုင်။ ထို့ကြောင့် ထိုကြောက်ခြင်းများကို ရဟန္တာများ မပယ်ကြခြင်းဖြစ်ပေသည်။

ဓနပါလဆင်ကို ဘုရားသျှင်နှင့် ရှင်အာနန္ဒာတို့ မရှောင်တိမ်းကြသည်မှာလည်း တန်ခိုးရှိ၍ တန်ခိုးပြရန် မဖြစ်နိုင်။ ဘုရားသျှင်သည် ရှင်ဘုရင်လုပ်ခဲ့သူ ဖြစ်သည်။ ရှင်ဘုရင်လုပ်သူမည့်သူတို့၌ အဋ္ဌာရသပညာ သိပ်ကိုတတ်ကျွမ်းနေမည်ဖြစ်သည်။ ဘုရားသျှင်သည် ထက်မြက်သောစိတ်၊ လွယ်လွယ်နှင့်မကျေနပ်လွယ်သောစိတ်ရှိသူဖြစ်၍ ဤအတတ်များ၌ သူမတူအောင် တတ်ကျွမ်းနေမည်မှာ မလွဲမသွေဖြစ်သည်။ ဆင်ကို

ဤမျှအတတ်ပညာရှင်မဟုတ်သော ဆင်ဦးစီးများပင်လျှင် ကြောက်သည်မဟုတ်ပေ။ ဆင်သည် တကယ်ကြမ်းသောသတ္တဝါ မဟုတ်ပေ။လူစကားကို နားထောင်တတ်သော၊ လူကိုလည်း ကျိုးနွံစိတ်ရှိပြီးသောသတ္တဝါ ဖြစ်သည်။

ဤသို့သောအကြောင်းများဖြင့် ဘုရားသျှင် မတိမ်းရှောင်ခြင်းဖြစ်သည်။ ရှင်အာနန္ဒာလည်း ဘုရားသျှင်ကိုယုံသောအားဖြင့် မတိမ်းရှောင်ခြင်း ဖြစ်ရပေမည်။

ရှင်နာဂသေနသည် ဤပြဿနာကိုကိုင်တွယ်ရာ၌ တန်ခိုးကို ရှေ့တန်းတင်၍ ကိုင်တွယ်ခဲ့ပေသည်။ တန်ခိုးသည် ဘုရားသျှင် အစက်ဆုတ်ဆုံးသောအရာ ဖြစ်သည်။ ဤအရာကိုမသိနိုင်လောက်အောင် ရှင်နာဂသေန တွေဝေနေခဲ့သည်။

## ၁၀။ ဗုဒ္ဓသဗ္ဗညုတဘာဝပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဘုရားသျှင် အားလုံးကိုသိသူဟုဆိုလျက် ကိုယ်နှင်ထုတ်လိုက်သည်ကို သူများတောင်းပန်မှ ကျေလည်သည်ဟူသည် အဘယ်သို့နည်း?”ဟူသော မိလိန္ဒ၏အမေးကို “တောင်းပန်စကားများလည်း သူဟောပြောချက်များပင်ဖြစ်၍ သဗ္ဗညုမဟုတ်ဟု မပြောနိုင်”ဟူ၍ ဖြေသည်။

ဤအဖြေသည် အကယ်ပြေလည်သည်မဟုတ်ပေ။ ဘုရားသျှင်သည် မုန်း၍ နှင်ထုတ်ခြင်းမဟုတ်။ နှင်ထုတ်ခြင်းဖြင့် အရေးယူရမည့်အရာဖြစ်၍ နှင်ထုတ်လိုက်ခြင်းသာ ဖြစ်သည်။ဤသို့နှင်ထုတ်ခြင်းဖြင့် ထိုရဟန်းများ၏ အမူဆိုးများ ပြေလည်ပြီးဖြစ်၍ ပြန်လည်လက်ခံခြင်းသာ ဖြစ်ရပေမည်။ သဗ္ဗညုဖြစ်ခြင်း,မဖြစ်ခြင်းနှင့် ဘာမျှပြောဖွယ်မရှိချေ။

## သဗ္ဗညုတညာဏဝဂ် ပြီး၏

rvEyOm

# သဉ္ဇဝတ္ထု

## ၅။ သန္တဝဂ္ဂ
## ၁။ သန္တဝပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “အဖေါ်အပေါင်းကြောင့်ဘေး၊ ကျောင်းကြောင့် ကိလေသာမြူဖြစ်သည်ဟုဆိုလျက် နေစေချင်ဖွယ်ကျောင်းများ ဆောက်ကြလော့။ ဗဟုသုတရှိသူများကို ထိုကျောင်း၌ နေစေကြလော့ဟု ဆိုပြန်သည်။ အဘယ်သို့နည်း?” ဟူသော မိလိန္ဒ၏အမေးကို “ရဟန်းအကျိုးနှင့် ဒါယကာများအကျိုး၊ နှစ်မျိုးမိန့်ခြင်းဖြစ်သည်” ဟု ဖြေပေသည်။

ဤအဖြေသည်လည်း သင့်လှသည်မဟုတ်ပေ။အဖော်အပေါင်းကြောင့် ဘေး၊ ကျောင်းကြောင့် ကိလေသာမြူဆိုသည်မှာ အဖော်အပေါင်းနှင့် ကျောင်းမရှိရဟု ဆိုလိုသည်မဟုတ်ပေ။ ဘုရားသျှင်သည် ရဟန်းများကို တောမှသမင်များကဲ့သို့ အိမ်မဲ့ ယာမဲ့ နေစရာမဲ့အဖြစ်ကို ဘယ်မှာမျှ မညွှန်ခဲ့။ ဝါကပ်လျှင် ကျောင်းမရှိဘဲကပ်သည်ကို ပင် အပြစ်အဖြစ် ညွှန်ကြားခဲ့ပေသည်။

အဖော်အပေါင်း၌လည်း ရဟန်းများ သမဂ္ဂအဖြစ်ကို များစွာ အားပေးချီးမြှောက်တော်မူသည်။ “အပေါင်းကြောင့်ဘေး၊ ကျောင်းကြောင့်မြူ ရှိသည်။အပေါင်းမဲ့, ကျောင်းမဲ့အမြင်သည် ရဟန်းစစ်တို့အမြင်” ဟု ဟောကြားခဲ့သည်မှာ ကျောင်းမဲ့၊ အပေါင်းမဲ့နေခြင်းကို ချီးကျူးခြင်း မဖြစ်နိုင်ပေ။

အပေါင်းနှင့်ကျောင်း၌ တွယ်တာလွန်းသော ရဟန်းတို့စိတ်မှ တဏှာကို တားမြစ်ခြင်းသာလျှင် ဖြစ်လိုက ဖြစ်နိုင်ရာပါသည်။ဤသို့ဖြစ်လျှင် နေစေချင်ဖွယ်ကျောင်းများဆောက်ကြဟူသောစကားနှင့် ကျောင်းမဲ့,အပေါင်းမဲ့အမြင်သည် ရဟန်းစစ်တို့အမြင် ဆိုသည်နှင့် မဆန့်ကျင် ရှိပါသည်။

## ၂။ ဥဒရသံယတပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "ဆွမ်းခံခြင်းကို မပျက်ကွက်စေသင့်။ ဝမ်းကိုစောင့်စည်းရမည်ဆိုလျက် "ဥဒါယီ ငါသည် တခါတရံ သပိတ်တစ်လုံးထက်ပိုပို ဆွမ်းကိုငါစားသည်"ဟု ဆိုပြန်သည်။အဘယ်သို့နည်း"ဟူသော မိလိန္ဒ၏အမေးကို အောက်ပါအတိုင်းဖြေပေသည်။

"ဘုရားသျှင်သည် သစ္စာကို ကိုယ်တိုင်သိပြီးဖြစ်၍ ဘာမျှပြုဖွယ်မရှိပြီ။ သစ္စာမရှိသူများ၌ ကိလေသာရှိ၍ စောင့်စည်းရခြင်းဖြစ်သည်"ဟူ၍ဖြစ်သည်။

ဤအဖြေသည် အလွန်ရယ်ဖွယ်လို ဖြစ်ပေသည်။ ဘုရားကတော့ ကိလေသာမရှိ၍ စ ားချင်သလောက်စားသည်၊ ရဟန်းများမှာ ကိလေသာရှိ၍ သင့်ရုံမျှသာစား သောက်ရန် ညွှန်ကြားခြင်းဖြစ်သည်။ ဤသည်မှာ အလွန်ရယ်ဖွယ်ဖြစ်ပါ၏။ သီလဝဆိုသူ ရှိလျှင် ဤအရာအတွက် ရယ်မည်မှာအမှန်ပင် ဖြစ်ပါသည်။

ဘုရားသျှင်သည် ကိလေသာမရှိသည်ဖြစ်၍ ယသော်ရောဒေဝီနှင့် သွားပေါင်းမနေသည်မှာ တော်ပေသေးတော့သည်။ ကိလေသာရှိသူများသာ ကာမကိုစွန့်ရမည်၊ မရှိသူများ မစွန့်လည်း အဘယ်ဖြစ်သနည်း? ဤသို့ပြောလျှင် ပြောနိုင်သလော?

ရှင်နာဂသေနသည် "ဥဒရေ သံယတောသိယာ"ဟူသော ဝမ်းကိုစောင့်စည်းရမည်ဟူသော စကား၏အနက်ကို 'ထမင်းလျော့စားရမည်'ဟု အသိမှားနေခြင်းဖြစ်ပါသည်။ ထမင်းစားနိုင်သလောက် များများစားခြင်းသည် ဝမ်းကိုမစောင့်စည်းခြင်းဟု အသိမှားနေပါသည်။ ထို့ကြောင့် ဘုရားသျှင် ဆွမ်းများများစားခြင်းနှင့် ဗီလာဖြစ်နေသည်ဟု ထင်ခြင်း ဖြစ်ပါသည်။

အကယ်စင်စစ်၌ ဘုရားသျှင်သည် ထမင်းများများစားခြင်းကို တားဆီးပိတ်ပင်သူ မဟုတ်ပါ။ မဝတဝစားခြင်းကို လမ်းညွှန်သည်လည်း မဟုတ်ပါ။ ရဟန်းများ၏ စားရေးကို မည်မျှသာ တစ်နေ့တာစားရမည်ဟု ချုတ်ချယ်သူ မဟုတ်။ ယင်းသို့ ပိတ်ပင်ချုတ်ချယ်သူဖြစ်လျှင် ရဟန်းများအတွက်ပြုခဲ့သော ဥပဒေများ၌ လက်ကျန်ရှိနေရပါမည်။

"ဆွမ်းခံဝတ်ကို မပျက်ကွက်စေရာ၊ ဝမ်းကိုစောင့်စည်းရမည်"ဆိုသည်မှာ

“အာဇီဝပါရိသုဒ္ဓိသီလ”အတွက် ဟောဆိုချက်သာ ဖြစ်ပါသည်။‘ဝမ်းကိုစောင့်စည်းရမည်’ ဟူသည် ဘယ်သို့ စောင့်စည်းရမည်ဟုသာ ဆိုလိုပါမည်။ လိမ်လည်လှည့်ဖျား၊ ဖျားယောင်၊ ဟန်ဆောင်ခြင်းစသည်ဖြင့် အသက်မွေးမမှန်ရန် စောင့်စည်းဖို့ရာသာ ဖြစ်ပါသည်။

ထမင်းကိုလျော့စားခြင်းသည် ဝမ်းကိုစောင့်စည်းခြင်း မဖြစ်နိုင်ရာပါ။ ရှင်နာဂသေနသည် ဝမ်းစောင့်ခြင်း၏ အနက်အဓိပ္ပာယ်ကို အလွဲလွဲအချော်ချော် ကောက်ထားပါသည်။ ထို့ကြောင့် ဘုရားသျှင် ဆွမ်းများများစားခြင်းနှင့် လာငြိနေခြင်း ဖြစ်ပါသည်။ ဘုရားပြောစကားသည် ဘုရား၏အလုပ်နှင့် မညီခြင်းမျိုး ဖြစ်ပါသည်။ ယင်းကို ညှိလို၍ ကိလေသာကုန်ပြီးဖြစ်၍ ရယ်စရာစကားကို မှားဆိုခြင်း ဖြစ်ပါသည်။

## ၃။ ဗုဒ္ဓအပွါဗာဓပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ရဟန်းတို့ ရောဂါကို ပယ်နှုတ်နိုင်သော အအိမ်းဆုံး အမြင့်မြတ်ဆုံးဖြစ်သော အမြဲတမ်း လက်ဝါးဖြင့်ခံတောင်းရန် အားထုတ်နေသော ဆေးဆရာပုဏ္ဏားသည် ငါပင်ဖြစ်သည်” ဟူ၍ တစ်နေရာ၌ဟောလျက် “ငါ့တပည့်များ၌ ရှင်ဗာကုလသည် အနာရောဂါအနည်းဆုံး ဖြစ်သည်” ဟူ၍ တစ်နေရာ၌ ဟောပြန်သည်။ ဘုရားသျှင်သည်လည်း အနာများဖြစ်သည် အဘယ်သို့နည်း” ဟူသော မိလိန္ဒ၏အမေးကို ဤသို့ဖြေသည်။

“ဤဟောပြောချက်သည် တိုက်ရိုက်ဆေးဆရာမဟုတ်” ဟူ၍ ဖြေသည်။ “အရှင်မြတ်သည် ရှင်ဗာကုလထက်သာဟန်ကား အတတ်ပညာရင်နှင့် မင်းဥပမာဖြင့်” ဖြေပေသည်။ ဘုရားသျှင်သည် အနာရှိရှိ, မရှိရှိ အားလုံးထက်မြတ်သည်ဟု ဆိုလိုသည်။

ဤအဖြေသည် အမေးနှင့် များစွာမစပ်ပေ။ ဖြေရမည်မှာ ဆေးဆရာဖြစ်ပြီး အဘယ့်ကြောင့် အနာရှိရသနည်းဟူသည်ကို ဖြေရမည်ဖြစ်သည်။ ဘုရားသျှင်သည် ဆေးဆရာမဟုတ်သောကြောင့် ဆေးအတတ်မတတ်ကြောင်း ပွင့်လင်းစွာဖြေဖို့သာ ရှိပါသည်။ဤအရာကိုဖြေဖို့လည်း ဝန်မလေးသင့်ပါ။ ဤထုတ်ပြသော ဟောပြောချက်သည် ဆေးဆရာအဖြစ် ဝန်ခံခြင်းမဟုတ်ပါ။ တင်စားစကားမျှသာ ဖြစ်ပါသည်။

ဤအရာကို တိတိကျကျဝန်မခံလို၍ ရှုတ်နေအောင် ဖြေထားပေသည်။

**၄။ မဂ္ဂုပ္ပါဒနပဉှာ။**

**၅။ ဗုဒ္ဓအဝိဟေဌပဉှာ။**

**၆။ ဆဒ္ဒန္တဇောတိပါလာရဇ္ဇပဉှာ။**

**၇။ ဃဋိကာရပဉှာ။**

**၈။ ဗြာဟ္မဏရာဇဝါဒပဉှာ။**

**၉။ ဂါထာဘိဂီတဘောဇနေကထာပဉှာ။**

**၁၀။ ဓမ္မဒေသနာယ အပ္ပေါဿုကပဉှာ။**

**၁၁။ အစရိယာနာစရိယပဉှာ။**

ဤပြဿနာတို့သည် ဘဝအမြင်ကို ကျေးဇူးရှိမည်များမဟုတ်၍ ကျော်တော့မည်။

**သန္ထဝဂ် ပြီး၏။**

rvEyOm

# [illegible]

rvEyOm

# ၅။ အနုမာနဝဂ္ဂ
## ၁။ ဗုဒ္ဓဝဂ္ဂ

### ၁။ ဒွိန္နံ ဗုဒ္ဓာနံ အနုပ္ပဇ္ဇမာနပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဘုရားတစ်ဆူပွင့်နေချိန်၌ သို့မဟုတ် မရေးမနှောင်းအချိန်၌ အဘယ့်ကြောင့် နောက်ဘုရားတစ်ဆူ ပွင့်ခွင့်မရှိသနည်း? နှစ်ဆူပြိုင်လျက် သို့မဟုတ် မရေးမနှောင်းပွင့်လျှင် သတ္တဝါများ ပို၍အကျိုးများမည် မဟုတ်ပါလော?” ဟူသော မိလိန္ဒ၏အမေးကို “ဤကမ္ဘာလောကဓာတ်သည် ဘုရားတစ်ဆူ၏ဂုဏ်ကိုသာ ဆောင်နိုင်သည်။ အကယ်၍ နှစ်ဆူ၏ဂုဏ်ကိုဆောင်ရလျှင် ဤကမ္ဘာလောကဓါတ်သည် တုန်လှုပ်နိမ့်ရှိုင်း ညွှတ်ကိုင်းယိမ်းယိုင်ပြီး ဖရိုဖရဲ လွင့်ကျဲပျက်စီးရာ၏။ ထို့ကြောင့် နှစ်ဆူပြိုင်မပွင့်နိုင်” ဟူ၍ ဖြေသည်။

နောက်ထပ်လည်း ဆက်၍ဖြေသေးသည်။ “ဘုရားနှစ်ဆူပွင့်လျှင် ပရိသတ်သင်းကွဲနိုင်သောကြောင့် မပွင့်” ဟူ၍င်း၊ “ဘုရားရှင်၏ အတုမဲ့ဂုဏ်ကို ထိခိုက်မည်ကြောင့်၄င်း၊ နှစ်ဆူပြိုင်၍ သို့မဟုတ် မရေးမနှောင်းမပွင့်” ဟု ဖြစ်သည်။

ရှင်နာဂသေန၏ပြောဆိုချက်များသည် မှန်ကန်ပါသလော? ရှင်နာဂသေနသည် တတ်နိုင်သလောက်ကြံဆ၍ ဖြေထားပေသည်။ ကြံဆချက်သာလျှင် ဖြစ်ပေသည်။ အမှန်အမြင် အစအနကလေးမျှဖြစ်စေ မရှိဘဲ ကြံဆလျှင်ကား မီးမရှိသောလောင်စာများကို မီးတောက်ကြီးဖြစ်လာရန် ကြိုးစားမှုတ်နေသကဲ့သို့ မောရုံသာ အဖတ်တင်ပေမည်။

ရှင်နာဂသေနသည် ပညာရပ်တို့၏ သဘောသကန်ကိုမျှ အကယ်သိသည် မဟုတ်ပေ။ ထို့ကြောင့် ဘုရားဆိုသည်ကိုလည်း အကယ်သိသည်မဟုတ်ပေ။ ဘုရားကို အပြောက်အမွှမ်း အချယ်အသများကိုသာ နှုတ်တိုက်ရွတ်နေသူ ဖြစ်ပေသည်။ ဘုရားကိုသိလျှင် ဤပြဿနာကို ဤသို့ဖြေရန် နည်းနည်းမျှ မဖြစ်နိုင်။

ရှင်နာဂသေနသည် ဘုရားကို သူများထက်ထူးသူ၊ သူများနှင့် မတူသူ၊ ဤသို့ကား သိထားပေသည်။ အဘယ်သို့ ထူးသည်၊ အဘယ်သို့ မတူသည်ကိုကား

နည်းနည်းမျှသိသူ မဟုတ်ပေ။ ရှင်နာဂသေနသည် ဘုရား၏ အရိုန်အဝါ အရောင်အလင်းများကိုသာ မြင်ပြီး၊ ထိုအရှိန်အဝါ အရောင်အလင်းများကို ထုတ်ပေးသူ ဘုရားကို မမြင်သောသူဖြစ်သည်။ အရောင်အလင်း အရှိန်အဝါတို့၏ အအုပ်အဆိုင်း အဖုံးအလွှမ်းကို ခံနေရသူ ဖြစ်သည်။

ထို့ကြောင့် ကြံလုံးများကို ထွင်ခြင်းဖြစ်ပေသည်။ ကြံလုံးများသည် ကြံလုံးများ၏မွေတာအတိုင်း အယိုယိုအဖိတ်ဖိတ်သာ ဖြစ်ပေသည်။ ဘုရားဂုဏ်ဟုဆိုအပ်သော အရည်အချင်းများကို ဆောင်ရသည့် ကမ္ဘာလောကကြီး ကျိုးပျက်ကုန်မည်ဟု ဆိုသည်။ အရည်အချင်းဖြစ်သောဂုဏ်သည် အလေးချိန်ရှိပါသလော? ဤသို့ဖြစ်လျှင် ပညာရှင်ကြီးများနှင့် ပညာမဲ့များသည် အလုံးအရပ် တူမျှကြမည်ဆိုလျှင် ပညာရှင်များသည် ပို၍အလေးချိန်ပိုရပေမည်။ မိုက်လေ အလေးချိန်လျော့လေဖြစ်လျှင် သိပ်မိုက်သူများ သိပ်ပေါ့ပြီး မြင့်မြင့်ခုန်ခြင်းစသည် ပို၍ပြုနိုင်ရာပေသည်။

ထို့ပြင်လည်း ဘုရားနှစ်ဆူပြိုင်ပွင့်လျှင် ပရိသတ် သင်းကွဲမည်ဟုဆိုသည်။ ဘုရားများ၏အဆုံးအမသည် သင်းကွဲရန်ဆီသို့ ဦးတည်လျက်ရှိပါသလော? ရှင်နာဂသေနသည် ဤသို့ရှိသည်ဟူသော အဓိပ္ပါယ်သို့ သက်ပေသည်။ ရှင်မောဂ္ဂလာန်နှင့် ရှင်သာရိပုတြာဟူ၍ တပည့်ကြီးနှစ်ပါးရှိရာ ဤသို့နှစ်ပါးရှိသောကြောင့် ထိုတပည့်ကြီးနှစ်ပါးတို့၏ တပည့်များ သင်းကွဲကြပါသလော?

ထို့ပြင်လည်း ဘုရားသျှင်၏အတုမဲ့ဂုဏ် ပျက်မည်ကြောင့်ဆိုလျှင် သတ္တဝါများ မကျွတ်ချင်နေပစေ၊ ဘုရားဂုဏ်မမဲ့ဖို့ရာသာ အရေးကြီးသည်။ ဤသို့ အဓိပ္ပါယ်သက်ရောက်ပေသည်။ ဘုရားသျှင်တို့သည် ဤသို့သောဂုဏ်ကို အလိုရှိသူ ဖြစ်ပါသလော?

ရှင်နာဂသေန၏ကြံလုံးများသည် ကြံလုံးများ၏မွေတာအတိုင်း အစေ့အစပ်နည်းလှပေသည်။ အမှန်အကန်နှင့် ဝေးလှပေသည်။ ဤသို့ဖြစ်ရသည်မှာလည်း ရှင်နာဂသေနသည် ဘုရားကို အရှိန်အဝါမျှလောက်သာသိပြီး အစစ်အမှန်ကို မသိသောကြောင့် ဖြစ်သည်။ ရှင်နာဂသေနသည် ဘုရားသျှင်၏ အတုမဲ့သောဂုဏ်ဟူသည် သစ္စာတရားကို သို့မဟုတ် လောကကြီး၏ငြိမ်းချမ်းရေးလမ်းကြောင်းကို ပဌမဆုံးဖော်ထုတ်နိုင်သူ ဖြစ်ခြင်းသာလျှင်ဖြစ်သည်ဟုသိလျှင် ဤမျှကြံလုံးထုတ်ရန်လိုမည် မဟုတ်။

ဘုရားသျှင်၏ အတုမဲ့သော အရည်အချင်းတော်ကား ငြိမ်းချမ်းရေးမဂ္ဂင်လမ်းကို ဖော်ထုတ်နိုင်ခြင်းသာ အမှန်ဖြစ်ပါသည်။ ဘုရား၏ အရည်အချင်းတော်သည် အခြားသောသာဝကများ၏ အရည်အချင်းတော်ထက် အကယ်ထူးကဲသောအရာမှာ ဤအရာဖြစ်ပေသည်။

သာဝကများသည် သစ္စာတရားကို သို့မဟုတ် ငြိမ်းချမ်းရေးလမ်းကြောင်းမဂ္ဂင်ကို ဘုရားသျှင်ဖော်ထုတ်ချက်အရ သိရှိကြသည်။ သူတပါးကိုလည်း ဖြန့်ဝေနိုင်ကြသည်။ ပစ္စေကဗုဒ္ဓါတို့ကား သစ္စာတရားကို ကိုယ်တိုင်သာသိကြသည်၊ လောကအတွက် မဖော်ထုတ်နိုင်ကြချေ။

ဘုရား၊ပစ္စေကဗုဒ္ဓါ၊ ဗုဒ္ဓသာဝက၊ ဤသူတို့မှကြွင်းသော သူအားလုံးတို့ကား သစ္စာကိုလည်းမသိကြ။ ဖော်လည်း မဖော်ထုတ်နိုင်ကြ။ ဤသို့ပင် ဘုရားသျှင်သည် အားလုံးတို့ထက် ထူးခြားခြင်းဖြစ်သည်။အားလုံးတို့ထက် ထူးခြားသောအရာသည် ဤအရာသာဖြစ်ပေသည်။ သဗ္ဗညုတဉာဏ်၊ အာသယာနုသယဉာဏ်စသည်များ မဟုတ်ကြ။ ထိုအရာကား မီးတောက်အစစ်အမှန် မဟုတ်။ မီးတောက်ကို မမြင်နိုင်လောက်အောင် လင်းခြင်းနေသော မီးရောင်မျှသာ ဖြစ်ပေသည်။ မီးတောက်ကဲ့သို့ ရေရာသောအရာများ မဟုတ်ကြ။

ယခုခေတ်၌ ဒါဝင်၊ အိုင်စတိုင်း၊ ကာလမတ်၊ မော်စီတုံး၊ လီနင်။ ဤပုဂ္ဂိုလ်များသည် လောကဆိုင်ရာအသိပညာကို သို့မဟုတ် ကမ္ဘာလောက၏နိုင်ငံရေး။ ဤအရာများ၊ မှန်ကန်သောလမ်းကြောင်းကို ဖော်ထုတ်ခဲ့ကြသူများ ဖြစ်ပေသည်။ ထို့ကြောင့် သူတို့သည် သူတို့ဖော်ထုတ်ခဲ့သောအရာတို့၌ ဧကပုဂ္ဂလ၊အတုလများ ဖြစ်ကြပေသည်။ ထိုသူတို့သည် အနာဂတ်၌ နှစ်ပေါင်းထောင်ချီ၍ ထင်ရှားနေကြဦးမည့်သူများ ဖြစ်ပေသည်။

ဘုရားသျှင်ဖော်ထုတ်ခဲ့သောအရာသည် လူတို့အတွက် အလိုအပ်ဆုံးတမျှ အရင်းကျလွန်းသောအရာ ဖြစ်သောကြောင့် ဘုရားသျှင်ကား ထိုသူတို့ထက် ထင်ရှားခြင်းအမှန် ဖြစ်သည်။ လောက၌ မှန်ကန်သော၊ မည်သူမျှလည်းမသိသော လူတို့အတွက် နည်းများမဆို အသုံးဝင်သော ဤအရာကို ဖော်ထုတ်နိုင်လျှင် ထိုသူသည် 'အတုလ' ဖြစ်သည်။ 'ဧကပုဂ္ဂလ'ဖြစ်သည်။

ဘုရားသျှင်၏ အတုမဲ့အရည်အချင်းကား ဤအရာမျှသာ ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားသျှင်နှစ်ဆူပြိုင်၍ သို့မဟုတ် မရှေးမနှောင်းပြု၍မဖြစ်နိုင်ခြင်း ဖြစ်သည်။ အဘယ်သို့လျှင် ဖြစ်မည်နည်း?ငြိမ်းချမ်းရေးလမ်းကြောင်းမဂ္ဂကို အဘယ်သို့လျှင် ဖော်ထုတ်သူနှစ်ဦး တပြိုင်နက် သို့မဟုတ် မရှေးမနှောင်း ဖြစ်နိုင်ပါမည်နည်း? လောက၌ သီဝရီရှင်နှစ်ဦးရှိသည်ဟု ရှိပါသလော?

ပုဂ္ဂိုလ်တစ်ဦးဦးသည် ငြိမ်းချမ်းရေးလမ်းကြောင်းမဂ္ဂကို တွေ့ရှိသည်ဆိုလျှင် ကြေငြာလိုက်ပေသည်။ အဘယ်သို့လျှင် နှစ်ဦးပြိုင်၍ ကြေငြာနိုင်ပါမည်နည်း? ကြေငြာနိုင်သည်ဆိုလျှင်လည်း ရာဖွေစဉ်ကပင် သဘောတူသောကြောင့် ပေါင်း၍ရှာကြရာသည်။ ပေါင်းလျှင်လည်း တစ်ဦးဦးသည် လက်ဦးဖြစ်ပေရာသည်။ ထို့ကြောင့် ပြိုင်တူတူ၍ မဖြစ်နိုင်။ ထိုသူဖော်ထုတ်ပြီးမှ နောက်ထပ်ဖော်ထုတ်မည်ဆိုလျှင်လည်း ထိုသူ၏ ဖော်ထုတ်ချက်သည် လက်ဦးဖော်ထုတ်ခြင်းအတွက် ဖော်ထုတ်သည်ပင် မမည်တော့ပေ။ ရှေးဦးဖော်ထုတ်သူအောက်သို့သာ အလိုအလျောက် သက်ဝင်သွားပေရာသည်။

ဖော်ထုတ်မှုသည် အမှန်တကယ်ဖြစ်သောကြောင့် နှစ်ပေါင်းများစွာလည်း တည်တံ့နေပေမည်။ ထို့ကြောင့် မရှေးမနှောင်းလည်း နောက်ထပ်ဖော်ထုတ်သူ တူမရနိုင်ခြင်း ဖြစ်သည်။

ငြိမ်းချမ်းရေးလမ်းကြောင်းမဂ္ဂကို ဖော်ထုတ်ပေးနိုင်ခြင်းသည် 'ဗုဒ္ဓ' ဖြစ်သောကြောင့် ထိုဗုဒ္ဓ၏ဖော်ထုတ်ချက် အပျောက်အကွယ် မရှိသေးသရွေ့ အခြားဗုဒ္ဓတစ်ဦး မဖြစ်နိုင်ဘဲ ရှိလေသည်။

ယခုခေတ်၌ ဒါဝင်၏ အီဗော်လျူးရှင်းသီဝရီ ပွင့်ထွန်းနေသည်။ယင်းပွင့်ထွန်းမှု မပျောက်ပျက်သေးသမျှ ထိုအီဗော်လျူးရှင်းသီဝရီရှင် နောက်ထပ်မပေါ်ထွန်းသေးပေ။ ဤသို့ဖြစ်သောကြောင့် ဘုရားနှစ်ဆူပြိုင်လျက် သို့မဟုတ် မရှေးမနှောင်း၌ မပွင့်နိုင်ခြင်း ဖြစ်နိုင်သည်။

ရှင်နာဂသေနသည် ဘုရားသျှင်ကို အမွှမ်းအပြောက်များအောက်၌ အပျောက်ခံနေရ၍ မသိသေးသောကြောင့် ကြံလုံးများနှင့်ဖြေကြားခြင်း ဖြစ်ပေသည်။

## ၂။ ဂေါတမိဝတ္ထုဒါနပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် ``မိထွေးတော်လှူသော သင်္ကန်းကို သံဃာလှူခြင်းသည် အကျိုးများသည်။ သံဃာအားလှူပါဟု ဘုရားသျှင်မိန့်သည်။ သံဃာသည် ဘုရားထက်မြတ်သလော?''ဟူသော မိလိန္ဒ၏အမေးကို ``သံဃာအားချီးမြင့်လို၍''ဟု ဖြေပေသည်။

ရှင်နာဂသေနသည် ဘုရားသျှင်သည် သံဃာထက်မြတ်သည်ဟု ယုံလိုသူဖြစ်သည်။ ထို့ပြင် မိထွေးတော်၏ ဘုရားအားရည်ညွှန်းသည်ကို ပယ်လို၍မဟုတ်သည်ကိုလည်း သိစေလိုသူဖြစ်သည်။ ထို့ကြောင့် ဤပြဿနာကို ရှည်လျားစွာဖြေပေသည်။

'ဘုရား၊တရား၊သံဃာ'- ဤအရာသုံးခုတို့သည် တစ်ခုထက်တစ်ခု အကယ်မြတ်သည် မဟုတ်ပေ။ ယခုခေတ်စကားဖြင့်ပြောရလျှင် 'ပါတီဥက္ကဋ္ဌ၊ ပါတီသဘောတရား၊ ပါတီ'-ဤအရာများ တစ်ခုထက်တစ်ခု ပိုမြတ်သည်ဟုပြော၍ မရသကဲ့သို့ပင်။ ပါတီဥက္ကဋ္ဌသည် ပါတီထက်မမြတ်ပေ။ပါတီသဘောတရားသည်လည်း ပါတီနှင့် ပါတီဥက္ကဋ္ဌထက်မြတ်သည် မဟုတ်ပေ။ ပါတီသည်လည်း ပါတီသဘောတရား၊ပါတီဥက္ကဋ္ဌထက်မြတ်သည်လည်း မဟုတ်ပေ။

ရှင်နာဂသေနသည် ရတနာသုံးပါးတို့၌ ဘုရားသျှင်သည် အမြတ်ဆုံး၊သံဃာသည် အနိမ့်ဆုံးဟု ဤသို့မြင်သူဖြစ်သည်။ဤအရာသုံးခုသည် သုံးခုဟူ၍ရှိနေသော်လည်း စင်စစ်၌ တစ်ခုတည်းပင် ဖြစ်လေသည်။ ဘုရားသျှင်သည် ဤအရာသုံးခုကို လူတို့အား ဆည်းကပ်စေရာ၌ သုံးခုလုံးကိုဆည်းကပ်ဘို့ပင် မညွှန်းပေ။

ဘုရား သို့မဟုတ် တရား သို့မဟုတ် သံဃာ၊ဤသို့တစ်ခုခုကိုသာ ဆည်းကပ်စေသည်။ တစ်ခုကိုဆည်းကပ်လျှင်လည်း ကျန်နှစ်ခုလည်း ဆည်းကပ်ပြီးပင် ဖြစ်သည်။ ဘုရားအားဆည်းကပ်လျှင်လည်း တရားနှင့်သံဃာကို ဆည်းကပ်ပြီးဖြစ်သည်။ တရားဆည်းကပ်လျှင်လည်း ဘုရားနှင့်သံဃာကို ဆည်းကပ်ပြီးပင် ဖြစ်သည်။သံဃာကို ဆည်းကပ်လျှင်လည်း တရားနှင့်ဘုရားကို ဆည်းကပ်ပြီးပင် ဖြစ်သည်။

ဘုရားသျှင်သည် မဂ္ဂလမ်းကြောင်းကို သွားသည်။

မဂ္ဂသည် တရားလမ်းကြောင်းဖြစ်သည်။

ထို့ကြောင့် ဘုရားနှင့်တရားကို ခွဲမရ။

သံဃာလည်း မဂ္ဂလမ်းကြောင်းကိုပင် သွားသည်။

ထို့ကြောင့် တရားနှင့်လည်း သံဃာကိုလည်း ခွဲ၍မရပေ။

သံဃာသည် ဘုရားအောက် ယုတ်သောလမ်းကြောင်းပေါ်မှာ မသွား။ ဘုရားထက်လွန်သော မဂ္ဂလမ်းကြောင်းပေါ်မှာလည်း မသွား။ ဘုရားနှင့်တန်းတူဖြစ်သည့် မဂ္ဂလမ်းကြောင်းပေါ်မှာပင် သွားသည်။ ထို့ကြောင့် ဘုရားနှင့်သံဃာလည်း ထပ်တူပင်ဖြစ်သည်။ ဤသို့ပင်လျှင် ဘုရား၊တရား၊သံဃာတို့ ထပ်တူဖြစ်ကြသည်။ တစ်ဦးထက်တစ်ဦး အယုတ်,အမြတ်မရှိ ဖြစ်သည်။

ရှင်နာဂသေနသည် ဤသို့မြင်သည် မဟုတ်ပေ။ သံဃာသည် ဘုရားမှဖြစ်သောအရာသာ ဖြစ်သည်။ ဘုရားသာလျှင် သံဃာထက်မြတ်သည်၊ ဤသို့ ထင်မှတ်နေသည်။ဘုရားကို ရှိသည်ထက်ပိုလျှံ၍ သိနေလျှင် ဤသို့ပင် မှားရမည်မှာ လမ်းစဉ်ပင်ဖြစ်သည်။

ဂေါတမီ၏အလှူကို မခံယူခြင်းသည် သံဃာကိုချီးမြှင့်ရန် မဟုတ်၊ မိထွေးတော်၏ ဂေဟာသိတပေမကို အရှိန်မြှင့်ပေးခြင်းကို မပြုလုပ်လို၍ ဖြစ်သည်မှာ ထင်ရှားပေသည်။ ဘုရားသျှင်သည် မိထွေးတော်အား ဂေဟာသိတပေမလို မတုံ့ပြန်နိုင်သည်မှာထင်ရှားပေသည်။ ဂေဟာသိတပေမဖြင့် ပြုလုပ်ချက်ကို ဂေဟာသိတပေမလို မတုံ့ပြန်နိုင်လျှင် မခံယူဘဲနေရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ လောက၌ မိမိကိုချစ်စေလို၍ ပေးသောလက်ဆောင်ကို မချစ်နိုင်လျှင် လက်မခံနိုင်ကြပေ။ ဤအရာသည် လောကပင်ဖြစ်သည်။

ချစ်စေလို၍ပေးသည်ကို မချစ်နိုင်ဘဲ၊ လက်ခံလျှင် ထိုသူ၏ချစ်ခြင်းကို အသိအမှတ်ပြုသလိုဖြစ်ပြီး ပေးသူ၏အချစ်ကို အားပေးသလို ဖြစ်နေပေ၏။ ထို့ကြောင့် ပေးသူယူသူနှစ်ဦးစလုံးပင် ဆင်းရဲနိုင်ပေသည်။မတုံ့ပြန်နိုင်သောကြောင့် လှီးလွှဲ၍ သံဃာကိုအလှူခိုင်းခြင်း ဖြစ်သည်။

မိထွေးတော်အတွက် သံဃာတော်၌ ဂေဟာသိတပေမ မရှိသောကြောင့် အလှူသည် မြင့်မြတ်မည်မှာလည်း သေချာ၏။ သံဃာသည်ပင် ဘုရားဖြစ်ပြန်သောကြောင့် ပူဇော်ပြီးလည်း ဖြစ်ပေသည်။ထို့ကြောင့် မိထွေးတော်အား သံဃာကိုလှူလျှင် အကျိုးများသည်။ ဤသို့ပြောဆိုလျက် အလှူခံမှုကို တားမြစ်ခြင်းအမှန် ဖြစ်လေသည်။

ဤအမြင်ကို ရှင်နာဂသေနသည် သဘောမပေါက်နိုင်အောင် ရှိနေ၍ ဤအဖြေမမှန်ခြင်း ဖြစ်ပေသည်။

## ၃။ ဂိဟိပဗ္ဗဇ္ဇိတသမ္မာပဋိပတ္တိပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ရဟန်းရှင်လူ မည်သူမဆိုကို ကောင်းစွာကျင့်ခြင်းကို ချီးမွမ်းသည်။မဂ်အကျိုးကိုပြီးစေနိုင်သည်ဟု ဘုရားဟောလျက် ဘယ်အတွက် ရဟန်းပြုရအံ့နည်း? ”ဟူသော မိလိန္ဒ၏အမေးကို ဤသို့ဖြေ၏။

“ရဟန်းသည် မြတ်သည်။ များသောအားဖြင့် အရည်အချင်းရှိသည်။ ပြုဖွယ်ကိစ္စရှိလျှင် လျှင်မြန်စွာပြီးစေနိုင်သည်။”

ဤအဖြေသည် မှန်ကန်ထိရောက်ပါ၏လော?

ရှင်နာဂသေနသည် ရဟန်း၏အရှိကို အကယ်မသိ။ ထို့ကြောင့် ဤသို့ဖြေခြင်းဖြစ်ပေသည်။ ဤအဖြေသည် ဘာမျှရေရာသည်မဟုတ်။“ရဟန်းသည်မြတ်သည်၊ ဂုဏ်ရှိသည်၊ ပြုဖွယ်ကိစ္စ တစုံတရာရှိလျှင် လျှင်မြန်စွာပြီးစေတတ်သည်”ထိုသည်မှာ မတိကျ မရေရာသော စကားသာလျှင် ဖြစ်သည်။

ရဟန်းနှင့်လူ၊ ဤသူတို့သည် ဤသို့မရေရာသည် မဟုတ်ပေ။ လူ၌ စားဝတ်နေရေး စသည့်အရေးများ တာဝန်ဖြစ်နေသော်လည်း ရဟန်း၏တာဝန်သည် “အရှိကိုအရှိအတိုင်း ရှုကြည့်ခြင်းနှင့် တွေ့ရှိချက်ကို ဖြန့်ဝေခြင်း”၊ ဤတာဝန်နှစ်ရပ် ဖြစ်ပေသည်။ ဤတာဝန်များကို ဂန္ထဓုရနှင့် ဝိပဿနာဓုရဟူ၍ ခေါ်ဆိုပေသည်။

ရဟန်းသည် ဤတာဝန်နှစ်ရပ်ကိုဆောင်ရန် ရဟန်းပြုခြင်း ဖြစ်သည်။ ဓမ္မဝန်ထမ်း ဖြစ်သည်။ လူသည် ဤတာဝန်နှစ်ရပ်ကို မဆောင်ရွက်နိုင်ပေ။ လွတ်လွတ်ကျွတ်ကျွတ် တာဝန်မယူနိုင်သည်ကို ဆိုလိုသည်။ ရဟန်းကား ဤတာဝန်နှစ်ရပ်ကို လွတ်လွတ်ကျွတ်ကျွတ် ယူနိုင်ပေသည်။ ရဟန်း၌ စားဝတ်နေရေး၊ တိုင်းရေးပြည်ရေး၊ ရပ်ရွာရေး မရှိသောကြောင့် ဖြစ်သည်။

ယခုခေတ်ပုံစံဖြင့် ပြောကြမည်ဆိုလျှင် ရဟန်းသည် ပါတီဝင်ဖြစ်သည်။ တိုင်းပြည်၌ ကောင်းမွန်သောအဖြစ်များ ဖြစ်နေရန် ပါတီသည် တာဝန်ခံရပေသည်။ အလုပ်သမား၊လယ်သမားစသူတို့သည် အလုပ်လုပ်နေကြသဖြင့် တိုင်းပြည်၏တာဝန်ကို အပြည့်အဝ မဆောင်နိုင်ကြပေ။ ပါတီသည် အလုပ်သမား၊လယ်သမားတို့အား

လမ်းညွှန်ပေးသော တာဝန်ကို ထမ်းရပေသည်။

ပါတီဝင်ဖြစ်စေ၊ပါတီဝင်မဟုတ်သူဖြစ်စေ တိုင်းပြည်စည်းကမ်းဥပဒေကို ရိုသေစောင့်ထိန်းလျှင် တိုင်းပြည်၏အုပ်ချုပ်မှုဖြင့် အနှောင့်အယှက်များလွတ်ကင်းပြီး ငြိမ်းချမ်းစွာလုပ်ကိုင်စားသောက် နေထိုင်နိုင်ခြင်းကို ရပေမည်။ ပါတီဝင်ပင်ဖြစ်သော်လည်း တိုင်းပြည်ဥပဒေကို ဖေါက်ဖျက်လျှင် မငြိမ်းချမ်းနိုင်၊အချုပ်အနှောင်ခံရပေမည်။

ထိုသို့ဖြစ်လျှက် အဘယ့်ကြောင့် ပါတီဝင်လုပ်နေရသလဲ? သာမန်ပြည်သူအဖြစ်နေလျှင်လည်း တိုင်းပြည်မှပေးအပ်သော အခွင့်အရေးများရမည်ပင် မဟုတ်ပါလော?ဟု မေးသင့်၏။ ပါတီဝင်သည် စိတ်ကောင်းစိတ်မြတ်ရှိသောကြောင့် အလုပ်သမားလယ်သမားတို့၏ ကောင်းကျိုးကို လမ်းညွှန်တာဝန် ယူလိုသောကြောင့် ပါတီဝင်ခြင်းဖြစ်ပေသည်။

ရဟန်းများသည်လည်း ဤအတူပင်ဖြစ်ပါသည်။ ကောင်းကောင်းကျင့်သူသည် မဂ်,ဖိုလ်စသောကောင်းကျိုးများ ဖြစ်မည်မှန်သော်လည်း လူ့လောက၌ ဤသို့ ကောင်းကောင်းကျင့်နိုင်ရန်မှာ စားဝတ်နေရေး ရှိနေသူတို့အား လမ်းညွှန်တာဝန်ကို ယူလိုသောကြောင့် ရဟန်းပြုခြင်းဖြစ်ပေသည်။ ထို့ကြောင့် ရဟန်းများသည် ဝန်နှစ်ဝန်ရှိသည်-ဟု ဆိုရခြင်း ဖြစ်ပါသည်။

ဝိပဿနာဓုရသည် လူမှာလည်းရှိသည်။ ရဟန်းမှာလည်း ရှိသည်။ မဂ်,ဖိုလ်ကို ရလိုသူတိုင်း၌ ရှိသည်။ ဂန္ထဓုရကား ရဟန်းမှာသာ ရှိသည်။ရဟန်းဖြစ်လျှက် ဝိပဿနာဓုရသာရှိသည်ဟု ထင်ရာသည်မှာ မမှန်ပေ။ ရဟန်းမှန်လျှင် နှစ်ဝန်လုံးပင်ရှိသည်သာ။ ဝိပဿနာဓုရဖြင့်သာ နေမည်ဆိုလျှင် လူနှင့်မခြားဘဲ ရှိပေမည်။

ရှင်နာဂသေနသည် ရဟန်းတို့၏ ဤသို့ကျရောက်သောဝန်ကို အစစ်အမှန် မသိသောကြောင့် မရေရာသောအဖြေကို ဖြေကြားခြင်းပင် ဖြစ်သည်။

## ၄။ ပဋိပဒါဒေါသပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဤဒုက္ကရစရိယာဖြင့် လူတိုင်း သိသလောက်ထက် မလွန်နိုင်။ ဤသို့ဆိုလျက် အားထုတ်ကြိုးပမ်း ဘုရားအဆုံးအမကို မတွန့်မဆုတ်ထမ်းခြင်းဖြင့် သေမင်း၏ရှေ့ပြေးများကို မှုန့်မှုန့်ညက်ညက် ချေကြလော့”ဟု ပြင်းထန်စွာကျင့်ရန် ဆိုပြန်သည်။ အဘယ်သို့နည်း?”ဟူသော မိလိန္ဒ၏အမေးကို အောက်ပါအတိုင်း ဖြေပေသည်။

“**ဒုက္ကရစရိယာအကျင့်သည် မှားသောအကျင့်မဟုတ်ပေ**၊ ထိုအကျင့်အတွင်း၌ အစာမပြည့်စုံသောကြောင့်သာ ဘုရားမဖြစ်ခြင်းဖြစ်သည်။ အစာကိုပြန်စားပြီး ဘုရားဖြစ်သောအခါ ထိုအကျင့်ဖြင့်ပင် ဘုရားဖြစ်ပေသည်။။ ထို့ကြောင့် ဒုက္ကရဖြစ်သော တိုက်တွန်းစကားများကို ဆိုတော်မူခြင်းဖြစ်သည်”။ ဤသို့ဖြေသည်။

**ရှင်နာဂသေနသည် ဤမျှကြောက်စရာကောင်းသော စကားမှားကို ဆိုဝံ့သူပင်**။ ရှင်နာဂသေနသည် အကျင့်၊ ဓမ္မစရိယတို့၏သဘောကို အနံ့အသက်ကလေးမျှ ရိပ်မိသိရှိခြင်းရှိသူ မဟုတ်ပေ။ သဘောတရားအတွက် ရှင်နာဂသေန၌ လုံးဝပင် မျက်စေ့မရှိသူ ဖြစ်ပေသည်။ စာကလေးဖတ်ပြီး ကြံလုံးထုတ်နေသူဖြစ်ကြောင်း ဤပြဿနာအဖြေသည် ဖော်ပြနေပေတော့သည်။

ရှင်နာဂသေနသည် “အာရဗ္ဘထ နိက္ကမထ ယုဉ္ဇထ ဗုဒ္ဓသာသနေ” စသော ဂါထာကို အကယ်အနက်မထင်ပေ။ ဤဂါထာ၏အနက်သည် ဒုက္ကရစရိယ၏အနက်ဟု ထင်သူဟု ထင်ပေသည်။ “အားထုတ်ကြိုးပမ်း ဘုရားအဆုံးအမကို မတွန့်မဆုတ်ထမ်းကြ”ဟူသောစကားသည် “ဒုက္ကရစရိယကို ပြုကြလော့”ဟူသောစကားနှင့် သီးခြားပင်ဖြစ်ပါ၏။

**ဒုက္ကရစရိယသည် ဘုရားပယ်သောလမ်းဖြစ်သည်**၊ လမ်းမဟုတ်သောလမ်း ဖြစ်သည်။ ကုမ္မဂ္ဂလမ်း ဖြစ်သည်။ ငြိမ်းချမ်းရေးမဟုတ်သောလမ်း ဖြစ်သည်။ အစွန်းလမ်း ဖြစ်သည်။အတ္တကိလမထာနုယောဂလမ်း ဖြစ်သည်။ အထက်လမ်းဟုခေါ်ရသောလမ်းလည်း ဖြစ်ပါသည်။

ဘုရားသျှင်သည် ဘုရားအဖြစ်ရောက်ခြင်း သို့မဟုတ် သစ္စာကိုသိခြင်း၌ ဒုက္ကရ စရိယာလမ်းနှင့် လားလားမျှမဆိုင်။ ခပ်ပြာတစ်လမ်း ရွှေတစ်လမ်းဆိုသကဲ့သို့ တစ်ခြား မှတစ်ခြားစီပင် ဖြစ်ပေသည်။ ဘုရားသျှင်သည် ဘုရားအဖြစ်သို့ရောက်ရန် လျှောက် လှမ်းလာခဲ့ရသောလမ်းမှာ အောက်လမ်း သိဒ္ဓတ္ထဘဝလမ်း၊ အထက်လမ်းဖြစ်သော ဒုက္ကရစရိယလမ်းတည်းဟူသော နှစ်လမ်း၏ အလယ်လမ်းသာလျှင် စစ်စစ်ဖြစ်၏။

**မရှိမပဋိပဒါဟူသော အလယ်လမ်းသာလျှင် စစ်စစ်ဖြစ်ပေသည်။**

ရှင်နာဂသေနသည် ကျင့်စဉ်လမ်းများကို လုံးဝအမြင်မဲ့သူဖြစ်သည်။ အထက် လမ်း-အောက်လမ်း၊ အစွန်းလမ်း-အလယ်လမ်း၊ လုံးဝ သိတတ်,မြင်တတ်သူ မဟုတ်။ ထို့ကြောင့် အစွန်းလမ်းဖြင့် ဘုရားအဖြစ်သို့ရောက်သည်ဟု အလွန်မှားယွင်းသောစကား ကို ဆိုဝံ့ခြင်း ဖြစ်သည်။

ထို့ပြင် ‘‘အာရမ္ဘထ နိက္ခမထ ယုဉ္ဇထ ဗုဒ္ဓသာသနေ’’ ဆိုသော ဂါထာ၏အနက် ၌ ‘အားထုတ်ကြိုးပမ်း မတွန့်မဆုတ်ထမ်းရမည့်တရား’ များကိုလည်း ဒုက္ကရစရိယတရား ဟုပင် ယူသူဖြစ်၏။ ‘‘ဗုဒ္ဓသာသနေ’’ ဟူသောစကားကိုပင် ဒုက္ကရစရိယနှင့် မခွဲတတ် အောင် ရှိနေလေသည်။ ဗုဒ္ဓသာသနေအရ ထင်ရှားလှသည်။ ဒုက္ကရစရိယနှင့် ဗုဒ္ဓသာ သနေ အတူတူလော?

ဘုရားသျှင်သည် ဒုက္ကရစရိယကျင့်စဉ်ကာလမှာ တင်းလွန်းနေသည်၊ မလျော့ မတင်း ကျင့်ဖို့လိုသည်ဟု ဝေဖန်ခဲ့မိပုံများ၊ အတိအလင်းဆိုထားချက်များ ရှိပါသည်။

ဒုက္ကရစရိယသည် အလယ်လမ်းမဟုတ်ကြောင်း ပညာရှင်တိုင်းလိုလိုပင် သဘောပေါက်လျက်ရှိကြပါ၏။ ရှင်နာဂသေနသည် ဒုက္ကရစရိယနှင့် ဗုဒ္ဓသာသနာကို အတူဟု သိနေသည်။ အဘယ်သို့လျှင် တူပါသနည်း? အလယ်လမ်းနှင့် အထက်လမ်း သည် တူပါသလော?

အထက်လမ်းသည် ‘‘ဒုက္ခော အနရိယော အနတ္ထသံဟိတော’’ ဟု ဟောကြား ချက်ရှိပါသည်။ ‘‘ပင်ပန်းသည်၊ ရိုးသားမှုလည်းမရှိ၊ အကျိုးလည်းမများ’’ ဟူ၍ ဖြစ်သည်။ ဒုက္ကရစရိယသည် ဤအင်္ဂါလက္ခဏာများနှင့် အပြည့်အဝ ညီညွတ်နေသည် မဟုတ်ပါ လော?

ရှင်နာဂသေနသည် ကာလာမ၏သား အာဠာရတို့၏အကျင့်ကိုလည်း မှန်သည်ဟူ၍ပင် ယူဆမည့်သူဖြစ်ပေသည်။ ထိုလမ်းမှား၍ပင် ထိုသူများကို အမှန်ပြရန် ကြည့်ရှုခဲ့ရသေးသည်။ ပဉ္စဝဂ္ဂီငါးဦးတို့ကိုလည်း ဤအတိုင်းပင်။ ဒုက္ကရစရိယကဲ့သို့သော အထက်လမ်းလျှောက်သူများပင် ထိုသူများကိုလည်း အထက်လမ်းသည် မှီဝဲအပ်သော လမ်း မဟုတ်ကြောင်းကို ညွှန်ပြခဲ့ရသေးသည် မဟုတ်ပါလော?

ရှင်နာဂသေနသည် ဘုရားသျှင် သစ္စာတရားမသိမီက ပြုခဲ့ချက်အားလုံးသည် ဘုရားဖြစ်ရန်အကြောင်းများချည်းဖြစ်သည်ဟု ခံယူသူဖြစ်ဟန် တူပေ၏။ ယသော်ဓရာဒေဝီကို ကာမအားဖြင့် ဘုရားလောင်းမှီဝဲခဲ့ပေသည်။ဤအရာလည်း သဗ္ဗညုတဉာဏ်အတွက်ကြောင့်ဟု ရှင်နာဂသေန တွက်လေမည်လား မပြောတတ်ပါ။

ဒုက္ကရစရိယသည် ဘုရားမဖြစ်မီကအကျင့်ဖြစ်၍ ဘုရားသျှင် ဘုရားဖြစ်ခြင်းအကြောင်းသည် ဒုက္ကရစရိယဖြစ်သည်ဟု ရေတွက်လျှင် ယသော်ဓရာဒေဝီနှင့် ကာမအာရုံခံစားခြင်းသည်လည်း ဘုရားမဖြစ်မီက အကျင့်ပင်ဖြစ်၍ ဘုရားဖြစ်ခြင်း၏အကြောင်းသည် ကာမခံစားခြင်းဖြစ်သည်ဟု ရေတွက်ရပေမည်။

အကယ်လည်း လမ်းကြောင်းဆက်ပေသည်။ ကာမခံစား၍ ကာမအပြစ်ကို သိသည်။ ဤသို့သိနေစဉ် ရာဟုလကိုမွေးဖွား၏။ ထို့ကြောင့် သံဝေဂဉာဏ်များအားပြည့်လာပြီး တောထွက်ခြင်းဖြစ်သည်။ တောထွက်ခြင်းကြောင့် ဘုရားဖြစ်ခြင်းဖြစ်သည်။

ရှင်နာဂသေနသည် ဒုက္ကရစရိယကို ဘုရားဖြစ်ကြောင်းဟု ဆိုချင်လျှင် ကာမခံစားခြင်းကိုလည်း ဘုရားဖြစ်ကြောင်းဟု ဆိုရပေမည်။ အကယ်လည်း လမ်းဟုတ်သည်။

ကာမခံစားခြင်းသည် အောက်လမ်းဖြစ်သည်။

ဒုက္ကရစရိယသည် အထက်လမ်းဖြစ်သည်။

ဘုရားသျှင်၏ အဆုံးအမသည် အလယ်လမ်းဖြစ်သည်။

အလယ်လမ်းကိုသိသည်မှာ အထက်လမ်းနှင့်အောက်လမ်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် ဒုက္ကရစရိယဟူသော အထက်လမ်းကို ဘုရားဖြစ်ကြောင်းရေတွက်လျှင် ကာမခံစားခြင်းဖြစ်သော အကြောင်းကိုလည်း ဘုရားဖြစ်ကြောင်း ရေတွက်ရမည်

သာ။ ဤသို့ဆိုလျှင် တောတွေတောင်တွေ သစ်ပင်တွေနှင့် ရေမြေများလည်း ဘုရားဖြစ်သောလမ်းအဖြစ် တွက်ဆရမလိုပင်။ ထိုအရာများသည်လည်း ပကတူပနိဿယအဖြစ် ကျေးဇူးပြုတော့ ပါပေမည်။

ရှင်နာဂသေနသည် အတော်ပင် လမ်းမဟုတ်သည်ကို လမ်းလုပ်၍ဆိုသူဖြစ်ပေသည်။ ဘုရားသျှင်သည် နေရာများစွာ၌ ဒုက္ကရစရိယမှ မဇ္ဈိမပဋိပဒါကို ပြောင်းလဲကျင့်သုံးခဲ့ရကြောင်း မိန့်ဆိုချက်များရှိပေသည်။ ဗောဓိမင်းသား၏ ပြာသာဒ်ဖွင့်ပွဲအခမ်းအနား၌လည်း "သုခဖြင့် သုခရနိုင်သည်ဆိုသည်မှာ ဖြစ်နိုင်ပါမည်လော?"ဟု ဘုရား၏ဝါဒကို ဗောဓိမင်းသား စောကျောပေသည်။ နိဂဏ္ဌများသည်လည်း ဤသို့ပင် "သုခဖြင့် သုခကိုရနိုင်လျှင် ဘုရားသျှင်ထက်ချမ်းသာသူ ရှိနိုင်ပါမည်လော?"ဟု ဘုရားသျှင်၏ သုခဖြစ်သော အလယ်လမ်းအကျင့်ကို ယောဇနာဆိုကြပေသည်။

ဘုရားသျှင်ကျင့်စဉ်သည် အကယ် ဤဒုက္ကရစရိယဖြစ်ခဲ့လျှင် ထိုပုဂ္ဂိုလ်များသည် ဘုရားအား ဤသို့သရော်စရာမရှိဘဲ ရှိရပေမည်။ ထို့ကြောင့် ဘုရားသျှင်၏ အဆုံးအမသည် ရှင်နာဂသေနထင်သကဲ့သို့ ဒုက္ကရစရိယမဟုတ်ဘဲ ရှိရမည်မှာ မလွဲမသွေ ဖြစ်ပေသည်။

အလယ်လမ်းတွင် ဒုက္ကရစရိယကဲ့သို့ ဆင်းဆင်းရဲရဲကျင့်စရာ အဘယ်မှာပါမည်နည်း? အလယ်လမ်းသည် မဂ္ဂင်ရှစ်ပါးဖြစ်၍ ယင်းမဂ္ဂင်ရှစ်ပါးသည် အဘယ်သို့ဆင်းရဲစရာဖြစ်အောင် ကျင့်ရမည်နည်း?

"သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ"ဟူသော အရှိကိုအရှိအတိုင်း မြင်ခြင်း၊ ကြံခြင်း၊

ပြောဆို(သမ္မာဝါစာ)၊ ပြုလုပ်(သမ္မာကမ္မန္တ)၊နေခြင်းများ(သမ္မာအာဇီဝ)နှင့်

မှားခဲ့သည်များ ပယ်၍၊ မမှားသေးသည်များ မမှားရန်၊မမှန်သေးသည်များ မှန်ကန်၍၊မှန်ကန်သည်များ ပိုမှန်ရန်ကြိုးစားခြင်း (သမ္မာဝါယာမ)၊

အကယ်ရှိသော ကိုယ်,စိတ်,ခံစားချက်,သဘောတရားများကို အကယ်ရှိသည့်အတိုင်းသိရန် နိုးကြားစွာနေခြင်း(သမ္မာသတိ)၊

ကာမ,ဗျာပါဒဝိတက်တို့ဖြင့် မအေးမစက်မနေခြင်း(သမ္မာသမာဓိ)။

ဤမျှသည် မဂ္ဂင်များပင် မဟုတ်လော?

ဤမဂ္ဂင်များဖြစ်ရန် အဘယ်သို့ ဒုက္ကရစရိယ လုပ်ရန် လိုပါမည်နည်း? ဘုရားသျှင်အဆုံးအမသည် ဤမဂ္ဂင်များသာဖြစ်၏။ ဤအဆုံးအမ၌ ဘယ်သို့ ဒုက္ကရစရိယ လုပ်ရန် လိုပါမည်နည်း?ဤမဂ္ဂင်ရှစ်ပါးဟူသော ဘုရားသျှင်၏အဆုံးအမတရား၌ကား ဒုက္ကရစရိယလုပ်စရာ တစ်ခုမျှ မပါဝင်ပေ။

ထိုသို့ဖြစ်သော်လည်း ရှင်နာဂသေနသည် ဤဘုရားအဆုံးအမ မဂ္ဂင်ကိုပင် ဒုက္ကရစရိယပါသည်ဟု ထင်နေပေသည်။ ဤသို့ထင်နေသည်မှာ ရှင်နာဂသေန၌ အလယ်လမ်းအမြင်ဖြစ်ရန် မျက်လုံး အလျဉ်းမရှိသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အလယ်လမ်းဟူသည် မီးပွတ်ယောက်ျား ကဲ့အလားသို့ ကြိုးစားရပေသည်ဟု ကြားဖူးသောစကားများကို အကယ်မသိဘဲ၊ ကြံဆ၍၊ သိဖို့ကြိုးစားရမည်၊ အဆင်းရဲခံမှ ရမည့်အရာဟူ၍ သိနေခြင်း ဖြစ်သည်။

အလယ်လမ်းမှာ မီးပွတ်ယောက်ျား ကဲ့အလားသို့ ကြိုးစားရမည်ဆိုသော စကားသည် အထက်လမ်းသမားများ နားလည်သော ကြိုးစားခြင်းနှင့် အနက်အဓိပ္ပါယ်ခြင်း မတူညီကြ။ ဤ “ကြိုးစား”ဟူသောစကားသည် မဂ္ဂင်ရှစ်ပါးတည်းဟူသော အလယ်လမ်း၌ “သမ္မာဝါယာမ”ဟူသော စကားလုံး၏နာမည် ဖြစ်ပေသည်။ ယင်း၏ အနက်သည် အထက်လမ်းသမားများ သိနေသကဲသို့ အလျဉ်းပင်မဟုတ်ပါ။ ဆိုခဲ့ပြီးသည့်အတိုင်းပင်။ ဖြစ်ခဲ့ပြီးသောမကောင်းမှုများ ပယ်ရန်နှင့် မဖြစ်သေးသော မကောင်းမှုများ မဖြစ်ရန်။ မဖြစ်သေးသောကောင်းမှုများ ဖြစ်ရန်နှင့် ဖြစ်ပြီးသောကောင်းမှုများ တိုးတက်ဖြစ်ပွားရန်။ ဤမျှသာ ဖြစ်ပါသည်။

ဤအရာကိုလည်း အထက်လမ်းသမားများအနေဖြင့် ခက်နေသည်ဟုပင် ထင်ပါမည်။ အလယ်လမ်းသမားများသည် ‘ကောင်းနှင့် မကောင်း’ကို သိပြီးဖြစ်သည်ကတစ်ကြောင်း၊ ဘုရားသျှင်၏ဉာဏ်တော်အရိပ်ကို ခိုလှုံရသည်ကတစ်ကြောင်း၊ ဤသို့သောအကြောင်းများကြောင့် အခက်အခဲမရှိပေ။

ဘုရားသျှင်သည် ရှောင်ရှားရမည့်တရားကို၄င်း၊ ဆောင်ရမည့်တရားကို၄င်း တပည့်တို့အား ညွှန်ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဖြစ်ပြီးသော မကောင်းမှုများကိုလည်း ပြေပျောက်အောင်နေပြီး ဖြစ်ပါသည်။ မဖြစ်သေးသော မကောင်းမှုများကိုလည်း

မဖြစ်အောင်နေပြီး ဖြစ်ပါသည်။ မဖြစ်သေးသောကောင်းမှုများကိုလည်း ဖြစ်အောင်နေပြီး ဖြစ်ပါသည်။ ဖြစ်ပြီးသောကောင်းမှုများကိုလည်း တိုးပွားအောင်နေပြီးဖြစ်ပါသည်။

ဘုရားသျှင်ညွှန်ကြားခဲ့သော ရှောင်ရန်နှင့်ဆောင်ရန် တရားများကို ရှောင်လျက်, ဆောင်လျက်နေသောသူသည် ကြိုးစားစရာတို့ကို ကြိုးစားပြီးဖြစ်နေပါသည်။ ဘုရားသျှင်၏ ရှောင်ရန်နှင့်ဆောင်ရန် တရားများ၌လည်း လူ့အနေနှင့် မရှောင်လောက်အောင်၊ မဆောင်လောက်အောင် ခက်ခဲသောအရာ ဘယ်မှာရှိသနည်း?

ဘုရားသျှင်၏ အလယ်လမ်းသဘောတရားတော်သည် လူအနေနှင့် အရှိကို အရှိအတိုင်း သို့မဟုတ် ဒိဋ္ဌေဒိဋ္ဌမတ္တံဖြစ်အောင် ညွှန်ပြသောတရားတော် ဖြစ်ပေသည်။ ယင်းသို့မြင်ရန် ရှုကြည့်မှု၊ ယင်းရှုကြည့်၍ တွေ့မြင်ရသည်ကို ဆင့်ပွားလေ့ကျင့်မှု အရာများသည်လည်း အကယ်အခက်အခဲမရှိပေ။ အခက်အခဲကို ကျော်လွှားသော တရားသည် အဘယ်မှာလျှင် အခက်အခဲရှိမည်နည်း? ပေါ့ပါးမှု၊ လွတ်မြောက်မှုကို တည်ဆောက်သောတရားသည် အဘယ်မှာလျှင် လေးလံဘွယ်ရာ ရှိမည်နည်း?

ဘုရားသျှင်၏ ဆင့်ပွားလေ့ကျင့်ရန် ညွှန်ကြားခဲ့သော ဆောင်ရန်များမှာ "သတိတရား မြင့်မားကြောင်း"ပင် ဖြစ်၏။ ယင်းကိုလည်း "မဟာသတိပဋ္ဌာန်"၌ ဤသို့ပင် ဟောသည်။ "ကာယေ ကာယာနုပဿီ ဝိဟရတိ"ဟူ၍ ဖြစ်ပါသည်။ ကိုယ်ကို ကိုယ်အတိုင်းမြင်ပြီး နေရမည်ဟု အဓိပ္ပါယ်သက်ရောက်သည်။ ကိုယ်ကို ကိုယ်အတိုင်း သိမြင်ပြီးနေခြင်း၌ အဘယ်အခက်အခဲ ရှိပါသနည်း? ထို့အတူ ဝေဒနာ၊စိတ်နှင့် ကြွင်းသောသဘောတရား။ ဤ၌လည်း ဤအရာများအတိုင်း သိပြီးနေရမည်ပင် ဆိုပါသည်။

ကိုယ်ကို ကိုယ်အတိုင်းသိပြီး မနေဘဲ၊ ကိုယ်ကို ချစ်စရာစသည်ဖြင့် သိပြီးနေခြင်းသာလျှင် ခဲယဉ်းသည် မဟုတ်ပါလော? ကိုယ်ကို ကိုယ်အတိုင်း မသိဘဲနေခြင်း၊ စိတ်,ဝေဒနာ,ကြွင်းသဘောတရားများ။ ဤအရာများကိုလည်း ဤအရာများအတိုင်း မသိဘဲနေခြင်း၊ ဤလုပ်ငန်းများသည် ခက်ဖို့ရှိပါသည်။

ဤလုပ်ငန်းသည်သာ လူကို ကြိုးဖြင့် အထပ်ထပ်တင်းနေအောင် ရစ်ပတ်လျက် မီးအတွင်း ပစ်သွင်းခံရသကဲ့သို့သော ဆင်းရဲ၊ ခေါင်း၌ သံချွန်ကိုစိုက်လျက် ဆောက်ပုတ်ဖြင့် ရိုက်သွင်းခံရသကဲ့သို့သော ဆင်းရဲ၊ ထိုင်နေရာအောက်မှ ထက်လှစွာသောလှံဆူးဖြင့်

ထိုးမသည်ကို ခံရသကဲ့သို့သော ဆင်းရဲ၊ ဤသို့သောဆင်းရဲများကို ခံရခြင်း၊ဒုက္ခရစရိယ ဖြစ်ရဖို့ရှိပါသည်။

အထက်လမ်းသမားများသည် ဤသို့သော ဒုက္ခရစရိယအကျင့်များကို ကျင့်နေကြပေသည်။ သူတို့သည် ဤသို့လည်း ခံနေကြရပေသည်။ သူတို့ ဤသို့ခံရသည်မှာ ကိုယ်ကို ကိုယ်အတိုင်းသိနေအောင်နေခြင်းထက် ကျော်လွန်သောကြောင့် ဖြစ်ပါသည်။ သူတို့သည် ကိုယ်ကို ကိုယ်အတိုင်းမြင်ပြီး နေခြင်းထက် ကျော်လွန်အောင် အဘယ့်ကြောင့် နေကြသနည်း?

သူတို့သည် အဝိဇ္ဇာ,တဏှာ,ဉပါဒါန်ဟူသော အကြောင်းများကြောင့်ဟု ဖြေရပါမည်။သူတို့သည် သူတို့ဘဝကို မမြင်ကြ။ ထို့ကြောင့် ဘဝကို ကျော်တွေးနေကြသည်။ ဘဝတဏှာနှင့် ဝိဘဝတဏှာများ ဖြစ်နေကြသည်။ ထိုတဏှာများ ရင့်နေကြသည်။ ထို့ကြောင့် ထိုအလုပ်များကို မလုပ်ဘဲမနေနိုင်ကြခြင်း ဖြစ်သည်။

ဘဝကို မငြိမ်ခြင်းသည် အဝိဇ္ဇာဖြစ်သည်။

နောက်ဘဝမဖြစ်တော့ခြင်းနှင့် ဖြစ်လျှင်လည်း ကောင်းကောင်းဖြစ်ခြင်းသည် ဝိဘဝတဏှာနှင့် ဘဝတဏှာများ ဖြစ်ပါသည်။

ယင်းတို့၏ ဖြစ်ချင်လုပ်ချင်လာခြင်းသည် ဉပါဒါန်ဖြစ်ပါသည်။

ယင်းသို့ ဆင်းရဲမှန်းသိသော်လည်း ပြုလုပ်ခြင်းသည် ကံဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်များသည် ယခုခေတ် အင်္ဂလိပ်တသမားများကဲ့သို့ အရိုကိုကျော်နေသောသူများ ဖြစ်ပါသည်။ အင်္ဂရတ်သမားသည် သံအကြောင်း၊ ကြေးအကြောင်း၊ သွတ်အကြောင်း၊ ပြဒါးအကြောင်းသိရန် ထိုးရခြင်းဖြစ်ပါသည်။ ယခုအခါ သိသူများသည် သိသင့်သလောက်သိ၍ သံကိုဖယောင်းပမာ မိမိတို့ ပြုချင်သလို ပြုနေကြပေသည်။

အင်္ဂရတ်သမားများသည် သံကိုသိရန်မဟုတ်။ ထွက်ရပ်ပေါက်ရန်ဟူ၍ အရိုကိုလွန်သော ရည်မှန်းချက်ကို ဝိုင်းဖက်ထားသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် အင်္ဂရတ်သမားများသည် ဆင်းရဲခြင်း၊ ဆင်းရဲသာအဖတ်တင်သူ အထက်လမ်းသမားများ ဖြစ်ရပေသည်။ ကိုယ်ကို ကိုယ်အတိုင်းသိရန်ကျော်သောသူတို့လည်း ဤအတိုင်းပင် အထက်လမ်းသမား ဆင်းရဲသားဖြစ်ရပေသည်။

ဘုရားသျှင်၏ အလယ်လမ်းသည် ဤသို့မဟုတ်ချေ။ ကိုယ်ကို ကိုယ်အတိုင်း သိနေရန်သာ ညွှန်ကြားပေသည်။ အဘယ်သို့လျှင် ဆင်းရဲမည်နည်း? အဘယ်သို့လျှင် ဤလမ်းသည် ဒုက္ကရစရိယ ဖြစ်မည်နည်း? ရှင်နာဂသေနသည် ဤမျှ အမြင်မှဲလွန်း၍ သာ အလယ်လမ်းကို ဒုက္ကရစရိယလမ်းဟု ထင်မှားခြင်းဖြစ်ပေသည်။ အလယ်လမ်း နှင့် ဒုက္ကရစရိယလမ်းကား ခပ်ပြာတစ်လမ်း၊ ရွှေတစ်လမ်းပင်။

ဘုရားသျှင်သည် ဒုက္ကရစရိယကြောင့် ဘုရားဖြစ်ခြင်းမဟုတ်။

အလယ်လမ်းကြောင့် ဘုရားဖြစ်ခြင်းသာလျှင် ဖြစ်သည်။

"အာရမ္ဘထ နိက္ကမထ ယုဉ္ဇထ ဗုဒ္ဓသာသနေ" ဟူသော စကားမှာလည်း ဒုက္ကရ စရိယမဖြစ်နိုင်သော စကားတော်သာဖြစ်သည်။ ထို့ကြောင့် ဤအဖြေသည် လူတို့အတွက် ခရောင်းလမ်းကို ညွှန်ပြချက်အဖြေ ဖြစ်သည်။လူကို ပန်းခင်းသောလမ်းမှ လွဲချော်စေ သောအဖြေ ဖြစ်သည်။ ရှင်နာဂသေန၏ မျက်စေ့မှဲမှုသာလျှင် ဖြစ်သည်။

ဆက်လက်၍ ဤအမြင်မှားများ အကူးစက်မခံရလေအောင် ဉာဏ်ကိုဖွင့်လျက် ဝေဘန်စေချင်ပါသည်။

**၅။ ဟီနာယာဝတ္တနပဉှာ။**

**၆။ အရဟန္တဝေဒနာဝေဒိယနပဉှာ။**

**၇။ အဘိသမယန္တရာယကရပဉှာ။**

ဤပြဿနာတို့၌ မိလိန္ဒသည် အပြစ်ကိုပြုမိသော်လည်း မသိသူ ကုက္ကုစ္စမရှိ၍ မဂ်,ဖိုလ်၏အန္တရာယ် ဘယ်သို့ဖြစ်မည်နည်း ဟူ၏။ ယင်းကိုပြေအောင် ရှင်နာဂသေန မဖြေပေ။ "မသိသော်လည်း အန္တရာယ်ရှိသည်" ဟူ၍သာ ဖြေပေသည်။

**၈။ ဒုဿီလပဉှာ။**

**၉။ ဥဒကသတ္တဇီဝပဉှာ။**

ဤပြဿနာအဖြေများသည် ဖြေလိုက်ပြီး၏။

**ဗုဒ္ဓဝဂ် ပြီး၏။**

# rvEyOm

## ၂။ နိပ္ပပဥ္စဝဂ္ဂ

**၁။ နိပ္ပပဥ္စပဉှာ။** ။ ဝေဖန်ရန် မရှိပါ။

## ၂။ ခီဏာသဝဘာဝပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "လူအဖြစ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်သူသည် တစ်နေ့အတွင်း ရဟန်းပြုရန် အကြောင်းမပြည့်စုံလျှင် သေ၏ဟုဆိုသည်။ အရဟတ္တဖိုလ်သည် လူ့အသက်ကို ဆောင်ပါသလော?"ဟူသော မိလိန္ဒ၏အမေးကို "ဤသို့ပင်ဆောင်သော်လည်း အရဟတ္တဖိုလ်၌ အပြစ်မရှိ။ လူကိုယ်၏ မခိုင်ခြင်းသာလျှင် အပြစ်ဖြစ်သည်"ဟု ဖြေပေ၏။

ရှင်နာဂသေန၏အဖြေသည် သင့်မြတ်ပါသလော?

အရဟတ္တဖိုလ်ကြောင့် လူသေပါလျက် လူကိုသေစေသော အရဟတ္တဖိုလ်၌ အပြစ်မရှိဟူသောစကားသည် သင့်မြတ်ပါမည်လော?

"လူက မခိုင်သောကြောင့်"ဟု အကြောင်းပြသည်။ ဓား,လှံတို့ဖြင့် အထိုးအခုတ်ခံရ၍ သေခြင်းများသည်လည်း လူကမခိုင်၍သာလျှင် သေခြင်းများမဟုတ်ပါလော? အကယ်၍ လူလည်း ဓား,လှံပြီးနေမည် ဆိုပါလျှင် မသေဘဲရှိရမည် မဟုတ်ပါလော? ဤသို့ရှိမှသာလျှင် ရှင်နာဂသေနပြသောအကြောင်းသည် အကြောင်းမြောက်ပေမည်။

ရှင်နာဂသေနသည် တစ်နေ့အတွင်း ရဟန်းအဖြစ်မပြုနိုင်သော အရဟတ္တဖိုလ်ရောက် လူပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်ပြုရသည်ဟူသော စကားကို အဘယ်မှာ အဘယ်သို့ သိနေသည် မပြောနိုင်ပါ။ **ပါဠိတော်၌ ဘုရားသျှင် အကယ်မဟောခဲ့ရသည်မှာ အမှန်ပင်ဖြစ်သည်။**

ကထာဝတ္ထုကဲ့သို့ နောက်ပြုသောကျမ်းတို့၌သော်လည်း ပါဠိအဖြစ်ပါဝင်နေခြင်း ဖြစ်ရပေမည်။ သို့မဟုတ်လျှင်လည်း အဋ္ဌကထာတို့၌လျှင်လည်း ပါဝင်သောစကား ဖြစ်ရပါမည်။ အကယ်၍ ပါဠိတော်၌ ပါဝင်နေသည်ဆိုလျှင်လည်း ပါဠိကိုဆောင်သူ၏ ချော်ချွတ်သည့်အမှုသာ ဖြစ်ရမည်မှာအမှန်ပင် ဖြစ်ပါသည်။

အထက်ပါစကားများကို အခိုင်အမာပင် ပြောဆိုပါသည်။

အဘယ့်ကြောင့် ပြောဆိုနိုင်သနည်းဟုဆိုလျှင် အရဟတ္တဖိုလ်တို့သည် လူရုပ်ကိုဖျက်ရန် မည်သို့သောအကြောင်းမျှ မရှိပါ။ အရဟတ္တဖိုလ်တို့သည် ကြွင်းကျန်နေသေးသော အနုသယအချို့ကိုသာ ပယ်ပါသည်။

ထို့ကြောင့် အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သောပုဂ္ဂိုလ်နှင့် သာမန်ပုထုဇဉ်တို့ အဘယ်အထူးရှိသနည်း? ဆိုလျှင် သာမန်ပုထုဇဉ်သည် အနုသယ ခုနစ်ပါးလုံးရှိသည်၊ အရဟတ္တမဂ်,ဖိုလ်ဆိုက်ရောက်ပုဂ္ဂိုလ်သည် အနုသယ လုံးလုံးမရှိဖြစ်သည်။ ဤမျှသာ ထူးပါသည်။

အနုသယမရှိကာမျှဖြင့် လူ၏အသက်ရှူရှိုက်မှု အဘယ့်ကြောင့်ရပ်ရမည်နည်း? အနုသယများမရှိကြခြင်း၌ ဤအရာများ ရပ်စေနိုင်ကြောင်း အချက်အလက်ဟူ၍ အနည်းငယ်မျှမရှိ။ နှလုံးခုန်ခြင်း၊ အစာချေခြင်း၊ အသက်ရှူခြင်း၊ ဦးနှောက်ဖြင့် ခြေလက်လှုပ်ခြင်း စသည်အစုစုသည် ရုပ်များဖြစ်ပါသည်။

အရဟတ္တဖိုလ်သည် ရုပ်များကို ပယ်ပါသလော?

ရုပ်သည် ပယ်အပ်သောတရားလည်း ဟုတ်ပါသလော?

ဤသို့ဖြစ်လျက် အဘယ့်ကြောင့် လူသေရမည်နည်း?

ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်၌သာ တည်သည်မဟုတ်လော? ဤသို့ ဆိုချင်ကောင်း ဆိုချင်ကြမည်။အရဟတ္တဖိုလ်သည် ညံ့ဖျင်းသော လူအဖြစ်၌ မတည်နိုင်သောကြောင့်ဟု ဆိုပေမည်။

ရဟန်းအဖြစ်နှင့် လူအဖြစ်သည် အဘယ်သို့ ခြားနားသနည်း?

ကိုယ်,နှုတ်,နှလုံး အမူအရာမျှသာ ခြားနားမည် မဟုတ်ပါလော?

အသွေးအသား၊ အစာချေမှု၊ နှလုံးခုန်မှု၊ အသက်ရှူမှုများ၌ အခြားမရှိဖြစ်မည် မဟုတ်ပါလော? ဤသို့ ကိုယ်,နှုတ်စောင့်စည်းခြင်းသည်သာ ခြားနားကြမည်ဆိုလျှင် ဤအရာသည် အကျိုးတရားလော? အကြောင်းတရားလော?

ကိုယ်,နှုတ်စောင့်စည်းမှုသည် စိတ်ဓါတ်၏အကျိုးမျှသာ ဖြစ်သည်။ ဤစောင့်စည်းမှုတရားများသည် ခိုင်မာသောတရားလည်း မဟုတ်ပေ။ စိတ္တဇတရားများဖြစ်သောကြောင့် စိတ်ပြောင်းလျှင် ပြောင်းပေမည်။ အရဟတ္တဖိုလ်ရောက် လူပုဂ္ဂိုလ်သည်

စိတ်ဓါတ်အရ အလိုအလျောက်ပင် ကိုယ်,နှုတ်အမူအရာများ စောင့်စည်းပြီး ဖြစ်နေပြီ။

ထို့ကြောင့် အရဟတ္တဖိုလ်ပိုင်ရှင် ပုဂ္ဂိုလ်၏အဖြစ်သည် ရဟန်းမဟုတ်သော်လည်း ရဟန်းကဲ့သို့ အရဟတ္တဖိုလ်နှင့်ထိုက်တန်သော ကိုယ်,နှုတ်အမူအရာများ ရှိနေရမည်ဖြစ်သည်။

အရဟတ္တမဂ်,ဖိုလ်သည် ရဟန်း၌ ရပ်တည်နိုင်သည်ဆိုလျှင် လူ၌လည်းမရပ်တည်နိုင်စရာ အနည်းငယ်မျှ အကြောင်းမရှိပေ။ ထို့ကြောင့် အရဟတ္တမဂ်,ဖိုလ်ရသူများ နေ့ချင်းရဟန်းမဖြစ်ရလျှင် သေရမည်ဆိုသောစကားသည် အလျဉ်းပင်မမှန်ကြောင်း ဆိုရပေမည်။

ဤငြင်းဆိုချက်ကို ခိုင်မာစေရန် အထောက်အကူ အကြောင်းအချက် ရှိပါသေးသည်။ ယင်းမှာ သုံးဆယ့်တစ်ဘုံတရားများသည် လူအတွင်း၌ တည်ရှိခြင်း ဖြစ်ပါသည်။ ဒုဂ္ဂတိ၊သုဂတိ၊လူ,နတ်,ဗြဟ္မာ ဤအရာများအားလုံးသည် လူ့အတွင်း၌ တခြားရစ်ရစ်ဖြစ်ပျက်လှည့်ပြောင်းနေသည်ကို အထင်းသားပင် မြင်နိုင်သူတိုင်း မြင်ရလျက်ရှိပါသည်။

ဘုန်းကြီးရဟန်းထဲတွင်၄င်း၊ အသိပညာရှင်,အတတ်ပညာရှင်နှင့် အလုပ်သမား, လယ်သမား၊အကူလုပ်သားများ၌၄င်း ဗြဟ္မာများကိုလည်း တွေ့ရတတ်ပါသည်။ အုပ်ချုပ်ရေးသမား၊ နိုင်ငံရေးသမား၊ စီးပွားရေးသမား၊ ကာကွယ်ရေးသမား၊ ပညာရေးသမား၊ တည်ဆောက်ရေးသမား၊ ဖျော်ဖြေရေးသမား ဤသို့သော အလွှာအသီးသီး၌လည်း ပြိတ္တာ၊ ငရဲ၊ အသူရကာယ်နှင့် လူ,နတ်,ဗြဟ္မာများ ရှိနေကြသည်ပင် ဖြစ်သည်။

ဗုဒ္ဓအသျှင်မြတ်၏ ဉာဏ်တော်အသိပေးချက်များ၌ တိရစ္ဆာန်ဟူသော စကားသည် ကျွဲ,နွား,ခွေး,ဝက်, ကြက်,ငှက်စသည်များကို အရကောက်ယူရမည့်စကား အလျဉ်းပင် မဟုတ်။ ကြက်,ဝက်,ကျွဲ,နွားများကဲ့သို့ အသိဉာဏ်တုံးအောင် တွေဝေနေသော မောဟတရားရှိသူလူကိုပင် ကောက်ယူရမည့်စကား ဖြစ်ပါသည်။

ဤအတူပင် ဗုဒ္ဓသျှင်တော်မြတ်၏ ဉာဏ်တော်အသိပေးချက်၌ လူ,နတ်,ဗြဟ္မာဟူသော စကားများသည်လည်း လူမှမွေးဖွားသူနှင့် ကောင်းကင်မှ အတောင်အလက်ပါသော အဝတ်အစားများ ဝတ်ထားသော ပုဂ္ဂိုလ်များဆိုသည်ကို အရကောက်ရမည့် စကားလည်း အလျဉ်းပင် မဟုတ်။ လူအတွင်းမှ အသိတရား အဆင့်ဆင့်ပြုလုပ်မှုကြောင့်

ဖြစ်ပေါ်နေသောတရားများကို ကောက်ရမည့်စကားပင် ဖြစ်သည်။

ထို့ကြောင့် သုဒ္ဓါဝါသငါးဘုံသည် လူ့အတွင်း၌ အမှန်ပင်ရှိပေသည်။ ဤဗြဟ္မာသည် ရုပ်ကိုရှုပွား၍ဖြစ်သော ဗြဟ္မာလည်းမဟုတ်။ အထက်သံယောဇဉ်တရားများကို အကြွင်းမဲ့ဖြတ်တောက်ပြီးသည့် ဗြဟ္မာများသာ ဖြစ်ပေသည်။

ထို့ကြောင့် အရဟတ္တမဂ်ဖိုလ်ရသူလူသည် ရဟန်းပြုလျှင် ရဟန္တာဟူ၍ အမည်ရမည်။ အကယ်၍ ရဟန်းမပြုလျှင် သုဒ္ဓါဝါသဗြဟ္မာဟုပင် အမည်ရမည်။အမည်ရမည် ဆိုသည်မှာ ဖြစ်သွားသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုသုဒ္ဓါဝါသဗြဟ္မာများသည် အောက်အောက်ဗြဟ္မာနှင့် အပါယ်စသည်များကို အလှည့်အပြောင်းမဖြစ်တော့ဘဲ ဤဘုံတွင်စံလျက် သေဆုံးကြပေမည်။ ရဟန္တာနှင့် အရဟတ္တမဂ်,ဖိုလ် ဗြဟ္မာများသေဆုံးသည်ကို ငြိမ်းအေးခြင်းအဆုံးအစွန်ကိုပြုခြင်း ဖြစ်သောကြောင့် ပရိနိဗ္ဗာန်ပြုသည်ဟုလည်း ဆိုရပေမည်။

သုံးဆယ့်တစ်ဘုံ လူ့အတွင်းရှိသည်ဟူသော ဘုရားသျှင်၏ အသိပေးတော်မူချက်သည်လည်း "အရဟတ္တမဂ်,ဖိုလ်ရသူတို့ နေ့ချင်းရဟန်းအဖြစ်မရလျှင် သေသည်" ဟူသောစကားကြောင့် အမှန် ခိုင်မာ စေပါသည်။

ဤသို့လျှင် ရှင်နာဂသေနသည် "အရဟတ္တမဂ်,ဖိုလ်ရသူလူများ နေ့ချင်းရဟန်း အဖြစ်မရလျှင် သေသည်"ဟူသော မှားယွင်းသောအယူအဆကို ဖက်တွယ်နေသည်။ ဤသို့မှားယွင်းချက်ကို ခိုင်မာအောင် ကြိုးစားနေသည်။ ဤကြိုးစားချက်သည်လည်း ကလေးကလားဆန်လွန်းလှသည်။

"လှည်းပေါ်၌ လေးသောဝန်ကိုတင်ရာ လှည်းကျိုးသည်ဆိုအံ့။ ဝန်၏အပြစ် လောဟု ဆိုသည်။ ဝန်၏ အပြစ်ပင်၊လှည်းမခိုင်၍ကျိုးသည်ဟု မဆိုရ။ ဝန်မတင်လျှင် လှည်းကျိုးမည်လော?"လူသည် မခိုင်သောလှည်းနှင့် နှိုင်းစရာမရှိပါ။ လူသည် ရဟန်းနှင့်၄င်း၊ မိုးပေါ်တွင်ရှိသည်ဆိုသော ဗြဟ္မာဆိုသူများနှင့်၄င်း အဘယ်သို့မျှ ရှိသည်မဟုတ်။ ရုပ်ခြင်း အယုတ်အမြတ်မရှိ။ ထို့ကြောင့် ရှင်နာဂသေနသည် ကလေးဆန်လွန်းသော အဖြေကို ဖြေလိုက်ခြင်းသာ ဖြစ်ပါသည်။

## ၃။ ခီဏာသဝသတိသမ္မောသပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ရဟန္တာများသည် သတိမေ့လျော့မှုမရှိလျှင် သိက္ခာ၌ မရှိသေခြင်းလည်း မရှိဘဲ၊ အဘယ့်ကြောင့် အာပတ်သင့်သနည်း?” ဟူသော မိလိန္ဒ၏အမေးကို “ရဟန္တာများ၌ သတိမေ့မှုမရှိ။ ဘုရားကဲ့သို့ အလုံးစုံကို မသိသော ကြောင့် သင့်သည်” ဟူ၍ ဖြေလေသည်။

ရှင်နာဂသေနသည် ရဟန္တာများ သတိမေ့မှုမရှိဟူသော စကားကို သုံးပေသည်။ ဤအဆို၌ သတိမမေ့ဟူသော စကားလုံး၏အနက်သည် အတိုင်းအရှည်ထက် မြင့်မား လေပေသည်။ အာပတ်သင့်ခြင်းပင်လျှင် သတိမေ့၍သင့်ခြင်းမဟုတ်ဟု ကြိုးစား၍ ဆိုပေသည်။ ရဟန္တာများ၏သတိသည် ဤသို့သောအရာမျိုး၌ မမေ့ဘဲရှိပါသလော? ရှေးအခါက ရဟန္တာများပြုခဲ့သော အဋ္ဌကထာများပင်လျှင် အမှားများရှိနေသည်။ပါဠိ နှင့် မညီမညွတ်ရှိနေသည်။ ဤသည်ကိုမှီ၍ ရဟန္တာများပင်လျှင် ပမာဒရှိကြောင်း၊ “ရဟန္တာမှ ပမာဒမို့ယွင်းခွ၊ ထွက်ပို့ခြင်း” ရှိသကဲ့သို့သော စကားများ ဆိုခဲ့ကြပေသည်။

ရှင်နာဂသေနသည် ရဟန္တာများ၏ အပ္ပမာဒကို အတိုင်းအရှည်သိသူ မဟုတ် ပေ။ ဤအရကိုမသိခြင်းသည် မဂ္ဂင်ရှစ်ပါး၌ပါဝင်သော သတိ၏အနက်အတ္ထကို အကယ် မထင်ကြောင်း ပေါ်လွင်ခြင်းဖြစ်သည်။ အကယ်စင်စစ်၌ ရဟန္တာများသည် “သတိပဋ္ဌာန ်ဓမ္မတို့၌ မမေ့လျော့ခြင်း” သာလျှင် ဖြစ်ပေသည်။ သိက္ခာပုဒ်များတွင်မူကား မေ့လိုက မေ့နိုင်ပေသည်။ သတိပဋ္ဌာန်ဓမ္မဖြစ်သော ကိုယ်,စိတ်,ဝေဒနာနှင့်ကြွင်းသဘောများကို မမေ့ခြင်းဟူသည်လည်း ထိုအကျင့်များ၌ အကျိုးဆိုက်ရောက် ပေါက်မြောက်သိမြင်ခြင်း သာ ဆိုလိုပါသည်။

ဥပမာ _ ငယ်စဉ်ကသင်ကြားခဲ့ရသော သင်ပုန်းကြီးကို ဦးခေါင်းများဖြူနေပြီ ဖြစ်သောအရွယ်၌လည်း မမေ့ဟူ၍ပင် ပြောရပေမည်။ ရေးချင်,ဖတ်ချင်သောအချိန် များ၌ ရေးဘို့ဖတ်ဘို့ပင် အနည်းငယ်မျှ မမေ့တော့ပေ။ ထိုသို့မမေ့သောကြောင့် အမြဲ ပွားနေသည်ဟု မဆိုလို။ ပွားပြီးဖြစ်၍ မေ့မရတော့ခြင်းပင် ဖြစ်သည်။ ရဟန္တာများသည် ဤအရာများကိုသာ မမေ့ကြခြင်း ဖြစ်သည်။

**၄။ လောကေနတ္ထိဘာဝပဥ္စာ။**
**၅။ အကမ္မဇာဒိပဥ္စာ။**
**၆။ ကမ္မဇာဒိပဥ္စာ။**
ယင်းတို့ကို မသုံးသပ်ပြီ။

## ၇။ ယက္ခပဥ္စာ

ဤပြဿနာ၌ ရှင်နာဂသေနသည် ''ဘီလူးဆိုသူများရှိလျှင် ဘီလူးသေကောင်များ ရှိရပါမည်။ မည်သူမျှ မတွေ့သောကြောင့် ဘီလူးမရှိသည်မဟုတ်လော?''ဟူသော မိလိန္ဒ၏အမေးကို ''ဘီလူးရှိ၏။ သေသော် ပေါက်ဖတ်၊ ခြပုံး၊ မြွေ၊ ကင်းမြီးကောက် စသည်အသွင်သို့ရောက်၏''ဟု ဖြေပေသည်။

ရှင်နာဂသေနသည် လူကိုလွန်သောစကားကို ဆိုပေသည်။ ကိုယ်တိုင်သိနှင့် လောကအမှန် ဤနှစ်တန်ကျော်လွန်သောအဆို ဖြစ်သည်။ ဤအဆိုသည် အနှစ်သာရရှိသောအဆို မဖြစ်နိုင်ပေ။ နောင်အနှစ်တစ်ရာရှိလျှင် ဘယ်သို့ဖြစ်ပါလိမ့်မည်၊ မယုံလျှင် စောင့်ကြည့်ကြပါဟု ပြောသော ပညာရှိအသွင်ဖမ်းပြသည့် လူရွှတ်တို့ စကားများကဲ့သို့ သာလျှင် ဖြစ်ပေသည်။

## ၈။ အနဝသေသ သိက္ခာပဒပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ဆေးကျမ်းဆရာကြီးများသည် သဗ္ဗညု မဟုတ်ဘဲလျက် မဖြစ်သေးသောရောဂါအတွက် ကုထုံးကို ပြခဲ့နိုင်ကြသည်။ သဗ္ဗညု ဘုရားသည် မကျူးလွန်မီ အဘယ့်ကြောင့် သိက္ခာအားလုံး မပညတ်ခဲ့ရသနည်း?” ဟူသော မိလိန္ဒ၏အမေးကို “သိက္ခာပုဒ်များ၍ လူများကြောက်ကုန်မှာ စိုးရိမ်သောကြောင့်” ဟု ဖြေပေသည်။

ဤအဖြေစကား မှန်ကန်ပါသလော? ဘုရားသာသနာ၌ သိက္ခာပုဒ်များခြင်းကို အမျိုးသားများ ကြောက်ကြပါသလော? ယခုခေတ်လူများသည် သိက္ခာပုဒ် နှစ်ရာကျော် ရှိသည်ကို သိရသော်လည်း သာသနာ့ဘောင်ကိုဝင်ရန် ကြောက်ကြပါသလော?

ထို့ပြင် သိက္ခာပုဒ်များခြင်းကြောင့် ကြောက်ကြပါသလော?

တိုင်းပြည်နှစ်ခုရှိသည် ဆိုပါအံ့။ တစ်ခုသည် ဥပဒေနှစ်ပိုဒ်သုံးပိုဒ်မျှ၊ အခြား တစ်ခုသည် ဥပဒေရာထောင်ချီ၍ ဤသို့ရှိသည်ဆိုပါအံ့။ အဘယ်နိုင်ငံသည် နေထိုင်၍ ကောင်းမည်နည်း။

ရှင်နာဂသေနပြဆိုသော အကြောင်းစကားသည် ချွတ်ချော်သောစကား ဖြစ်သည်။ဘုရားသျှင်သည် အလယ်လမ်းသမားများ၏ ခေါင်းဆောင်၊ အလယ်လမ်းကို ဖော်ညွှန်းခဲ့သည်သာ ဖြစ်သည်။ အလယ်လမ်း၌ အလုပ်ချိန်မတိုင်မီက ကြိုတင်ပြင်ဆင် ခြင်းဟူ၍ မရှိနိုင်ပေ။ ပြင်ဆင်ခြင်းသည်လည်း မှန်ကန်မည် မဟုတ်ပေ။

ရောဂါမရောက်သေးဘဲ ဆေးတင်လျှင် နာကျင်ရုံပင် ဖြစ်မည်။ ရောဂါပျောက် ခြင်းတည်းဟူသော အကျိုးကား အကယ်ပြီးသည် မဟုတ်ပေ။ ထို့ကြောင့် အလယ်လမ်း သမားများသည် ကျရောက်သည်ကိုသာ ပြုလုပ်ပေသည်။

ယခုခေတ် အုပ်ချုပ်စောင့်ရှောက်သူများသည် နောင်အခါ၌ ဆိုးမည့်သူဟု ကောင်းနေသောလူတစ်ယောက်ကို မဖမ်းဆီးပါပေ။ ဖမ်းဆီးလျှင် အယုံအကြည်ကင်း သွားခြင်းကို ခံရပေမည်။ ထို့ကြောင့် နောင်မှာ ဘယ်လောက်ပင်ဆိုးစေ ထိုသူအား မဖမ်း ဆီးပေ။

ဤသူများသည် လမ်းမှန်ပေသည်။ ဘုရားသျှင်ကား လမ်းမှန်သွားသူတို့၏ ခေါင်းဆောင်ဖြစ်သောကြောင့် ဤသူတို့ထက်ပင် ပို၍ မှန်ပြရမည်မဟုတ်ပါလော?

သိက္ခာပုဒ်ကို ကြိုတင်၍ မပညတ်ခြင်းသည် အလယ်လမ်းစဉ်အတိုင်း လုပ်ကိုင်ခြင်းသာလျှင် ဖြစ်သည်။ ဤအရကို နားမလည်နိုင်သည်မှာ အလယ်လမ်းပေါ် ရှင်နာဂသေန မရောက်သေး၍သာ ဖြစ်ကြောင်း ထင်ရှားပေသည်။

**၉။ သူရိယတပနပဉှာ။**

**၁၀။ ကဌိနတပနပဉှာ။**

**၂။ နိပ္ပပဉ္စဝဂ် ပြီး၏။**

rvEyOm

# ဝေဿန္တရာ

## ၃။ ဝေဿန္တရဝဂ္ဂ

## ၁။ ဝေဿန္တရပဥ္စာ

ဤပြဿနာလည်း သုံးသပ်ဘွယ် မရှိပေ။ ဤပြဿနာသည် ပုံပြင်ကို အယုံဝင်ပြီး ချဲ့ထားခြင်းမျှသာ ဖြစ်ပေသည်။ လောက၌ ကိုယ်ထင်လျှင် ကုဋေပင် ရွှေနန်းဖြစ်သည်ဆိုသောစကား အမှန်ပင်။ ဝေဿန္တရာဆိုသူသည် သဗ္ဗညုတဉာဏ်ရလိုမှုအတွက် သားမယားတိုကိုလှူသည်ဟု ဆိုသည်။ဤအရာသည် အဘယ်မြင့်မြတ်မှု အဘယ်ထူးကဲမှု ရှိသနည်း? ယင်းသည် အကယ်ပင်ဟုတ်စေဦး အနည်းငယ်မျှ မြင့်မြတ်မှု ထူးကဲမှု မရှိပေ။

သာမန်ရဟန်းများသည် ရဟန်း၏မြင့်မြတ်မှုကို လိုလား၍ မိဘ,သားမယား, အိမ်ယာကိုစွန့်ကြသည်။ ဆန်းသလော? လှူခြင်းနှင့်စွန့်ခြင်းတွင် စွန့်ခြင်းက ပို၍ရက်ရောရာ ရောက်ပေသည်။ ဝေဿန္တရာ ဆိုသူသည် သဗ္ဗညုဆိုသည်အတွက် သားမယားကိုစွန့်သည် ။ သို့မဟုတ် လှူသည်။ လောကတွင် မည်သူမဆို အဟောင်းကိုမခင်ကြသည်မှာ ထုံးစံ။

သန်းကြွယ်သဌေးတစ်ယောက်သည် ပင်လယ်အတွင်း၌ အလွန်လှပသော ကျွန်းကလေးတစ်ကျွန်းကို ထိုကျွန်းပိုင်သူ အစိုးရထံမှ သန်းတစ်ရာပေး၍ဝယ်သည်ဆိုအံ့။ ထိုသဌေးသည် ထိုငွေများကို မမက်မော၍ ဝယ်သလော? ထိုငွေများကို ထိန်းမထားနိုင်၍ ဝယ်သလော? လူတစ်ဦးကိုကြောက်၍ ဝယ်သလော? သဌေးသည် ဤမျှများပြားစွာရှိသော ငွေများကို လက်လွှတ်ရမည်မှာ အခက်အခဲရှိပေရာသည်။ ကျွန်းကိုမက်မောသောစိတ်သည် ငွေကိုမက်မောသောစိတ်ကို လွှမ်းမိုးသွားသည်ဖြစ်သောကြောင့်ပင်။

ထိုသို့ရောင်းဝယ်ကြသည်ကို ကောင်းချီးအနုမောဒနာ ပြုကြရမည်လော? ဤအရာကို ကောင်းချီးအနုမောဒနာ သာဓုခေါ်လျှင် ကုန်စီသွားနိုင်၍ သာဓုခေါ်နေဖို့ပင် ရှိသည်။ ဝေဿန္တရာဆိုသူ၏ သားမယားစွန့်လွှတ်မှုသည် လည်း သန်းကြွယ်သဌေး၏ ငွေဆယ်ကုဋေ စွန့်လွှတ်မှုနှင့် အဘယ်သို့ ခွဲခြားမည်နည်း?

သဗ္ဗညုသည် သမုဒ္ဒရာထဲမှကျွန်းထက် မြတ်ကောင်းမြတ်နိုင်သည်။ အသစ်ကို မြင်၍ အဟောင်းကိုမခင်ခြင်း၌ လွမ်းဘွယ်သာမော စာဖွဲ့လောက်သောအရာဖြစ်ရန် မရှိ။ အသစ်ကိုမြင်၍ အဟောင်းကို မခင်ခြင်းမှာ အတူပင်ဖြစ်သည်။ ဤသို့ပေးလှူသူ အနေနှင့် သားမယားထက် မက်မောဖွယ်ကိုမြင်၍ သားမယားမက်မောမှုကို ပျောက်ပျက်သည်အထိ အလွမ်းမိုးခံပြီးလှူသည်ကို သားမယားခင်တွယ်မှုမရှိစသည်ဖြင့် လက်ဖျစ်တီး၍ အံ့ချီးနေသည်မှာ အံ့သြဖွယ် ညံ့ဖျင်းခြင်းသာ ဖြစ်ရာပါသည်။

ဝေဿန္တရာဆိုသူ၏ သားမယားဒါနကို လက်ဖျစ်တီး၍ အံ့ချီးနေကြသူများသည် သေဌေးသူကြွယ်များစားသောက်ပြီး၍ ဤမျှ များစွာသော ထမင်းနှင့်ဟင်းအကျန်များကို စွန့်ပစ်သည်ကိုမြင်ရသော သူတောင်းစားများအနေနှင့် ဝမ်းသာခြင်းကဲ့သို့သာ ဖြစ်သည်။

သေးသေးကိုလှူသည်ဖြစ်စေ၊ ကြီးကြီးကိုလှူသည်ဖြစ်စေ။ လှူခြင်းသည် မမက်မောတော့၍လှူခြင်းသာလျှင် ဖြစ်သည်။ မက်မောလျှင်ကား မလှူနိုင်ပေ။ မလှူမီကမူ ဤပစ္စည်းကို မက်မောကောင်း မက်မောနိုင်ပါသည်။ ထိုအရာကို စွန့်လွှတ်ပေးလှူမှ ရနိုင်မည်ဆိုလျှင် လှူဖွယ်အပေါ်၌ မက်မောမှုများ ပျောက်ကွယ်ကြပေမည်။

ဝေဿန္တရာသည်လည်း ဤနည်းအတိုင်းပင်။ သားသမီးများလှူရသဖြင့် ရင်မနာခြင်းစသည်မှာ ဆန်းသောအရာမဟုတ်။ သဗ္ဗညုတဉာဏ်ဆိုသည်၌ စိတ္တဇဖြစ်နေပြီးဖြစ်၍ မက်မောမှုသည် သူ့ထံမရှိတော့။ ထို့ကြောင့် ဝေဿန္တရာဆိုသူ၏ ဒါနအတွက် လက်ဖျစ်တီး၍ အံ့ချီးဖွယ်သည် အလျဉ်းပင်မရှိ။

ဤသို့မရှိဘဲလျက် ဘတ်ရှုသူများ လက်ဖျစ်တီး၍ အံ့ချီးနေရ သည်မှာ ရေးသားဟောပြောသူ ဇာတ်ပုံပြင်ဆရာ၏ အနုပညာဖြင့် အညို့အငင်ဆွဲအားကြောင့်သာ ဖြစ်သည်။

## ၂။ ဒုက္ခရကာရိကပဥာ

ဤပြဿနာကိုလည်း မသုံးသပ်လို။ ရှင်နာဂသေနသည် ဤပြဿနာ၌လည်း ဒုက္ခရစရိယကျင့်ခြင်းကို အမှန်ဖြစ်အောင် ကြိုးစားပြီး ယုတ္တိကျများများဖြင့် ထောက်ကန်ပေးနေသည်။ ယုတ္တိများဆိုသည်လည်း ကိုယ်တိုင်နှင့်လောကအမှန် ဤနှစ်တန်ကို ကျော်လွန်သောအရာများ ဖြစ်သည်။

ဤပြဿနာနှင့်စပ်လျဉ်း၍ ယခင်က အပြည့်အစုံပင်ဆိုခဲ့သည်။ ဘုရားသျှင်ကို တေဝိဇ္ဇထက်ပိုမြင်နေသော ရှင်နာဂသေနအတွက် ကြမ်းပိုးသည် လိပ်ဖြစ်သည်ဟုပြောတတ်သော စကားလုံးများကိုရှာဘို့ တာဝန်ရှိသည်မှာ အမှန်ဖြစ်သည်။ ဤအတိုင်းတင်ပြနေသည်။

ဤပြဿနာသည် ဖတ်ရှုသူတို့ သတိမူသင့်သော ပြဿနာဖြစ်သည်။ ရှင်နာဂသေန၏စာအလျဉ်၌ နစ်ဝင်မျောမှုခံရပါလျှင် အသိဉာဏ်မျက်လုံးများ အလုံးစုံ အကန်းခံရခြင်းအန္တရာယ်နှင့် ရင်ဆိုင်ရပေလိမ့်မည်။

## ၃။ ကုသလာကုသလ ဗလဝတရပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် မိလိန္ဒ၏ ကုသိုလ်ထက် အကုသိုလ်ကြီး ကြောင်း မျက်တွေ့လက်တွေ့ဖြင့် ထင်ရှားပုံပြစကားများကို ဤသို့ချေပသည်။"စင်စစ်၌ အကုသိုလ်သည် ကုသိုလ်ထက် အားမကြီး၊ ဤသို့အားနည်းသောကြောင့် မျက်တွေ့ လက်တွေ့၌ ကုသိုလ်ထက် ထင်ရှားခြင်း ဖြစ်သည်။ သက်နုစပါးကဲ့သို့ အကုသိုလ်တူ သည်၊ သက်ရင့်စပါးကဲ့သို့ ကုသိုလ်တူသည်။"ဤသို့ ဖြေသည်။

ရှင်နာဂသေနသည် ကုသိုလ်နှင့်အကုသိုလ်ကို သိသော်လည်း ယင်းတို့၏အကျိုး တို့ကိုကား မြင်သူမဟုတ်ပေ။ ထို့ကြောင့် သူ့အဖြေသည် တိမ်းတိမ်းပါးပါးဖြစ်နေခြင်း ဖြစ်သည်။ကုသိုလ်၊အကုသိုလ်ကို သိသည်ဆိုသော်လည်း အကယ်သိခြင်းကား မဟုတ် ပေ။

ရှင်နာဂသေနသည် ပေးလှူခြင်းကို ကုသိုလ်ဟု ဆိုချက်ကလေးများ များစွာ ရှိသည်။ ကုသိုလ်ဟုပြောလျှင် ဤအရာများကိုပင်ပြောသည်။ ဤအရာများသည် ကုသိုလ်ဖြစ်သော်လည်း ကုသိုလ်သည် ဤအရာများဖြစ်သည်ဆိုလျှင်ကား အမှန်မဖြစ် တော့ပေ။

ရှင်နာဂသေနသည် ကုသိုလ်၏ ဒိဋ္ဌဓမ္မအကျိုးရသူကို လေးငါးယောက်မျှသာ ဖော်ပြနိုင်သည်။ ဤသို့ဖြစ်ရသည်မှာ ကုသိုလ်သည် ဒါနဖြစ်သည်ဟူသော အမြင်ကြောင့် သာ ဖြစ်သည်။ ရဟန်းများသည် အသိန်းအသန်းကုဋေချီ၍ သာသနာ့သမိုင်း၌ သူ ကောင်းအဖြစ် ရသွားခဲ့ကြပါသည်။ ယင်းတို့၏ကုသိုလ်သည် ဘာဝနာကုသိုလ်၊ ဤအရာ များ၏အကျိုးသည် ပေါ်လွင်ထင်ရှားလှပေသည်။ ဤမျှထင်ရှားသော်လည်း ရှင်နာဂ သေနသည် ဤအရာများကိုမြင်နိုင်သောမျက်စေ့ မပါခဲ့။ ထို့ကြောင့် ထင်ရှားသော်လည်း မမြင်ဘဲ ရှိလေသည်။

ကုသိုလ်၏ စင်စစ်အနက်ကား ပုညကြိယာတရားများ မဟုတ်ပေ။

"**ကုသလကမ္မပထတရားများနှင့်ပြည့်စုံခြင်း**"သာ ဖြစ်သည်။ ပုညကြိယ တရားများကား ကုသိုလ်ရှိသူတို့၏ ဟန်ပန်အမူအရာမျှသာ ဖြစ်သည်။

လူတိုင်းပင် သင့်တင့်သောအေးငြိမ်းချမ်းကြည်မှုကို ရရှိနေကြသည်မှာ ယင်းကုသလကမ္မပထတို့ ရပ်တည်လျက်ရှိသောကြောင့်သာလျှင် ဖြစ်သည်။

ကုသိုလ်နှင့် အကုသိုလ်၊ ဤအရာကို လူများသည် ယေဘုယျ အားဖြင့် ကုသိုလ်ကိုပြုချင်သူများ ဖြစ်ကြသည်။ကုသိုလ်နှင့် အကုသိုလ် အကျိုး၌ကား အတူပင်ဖြစ်သည်။ ကုသိုလ်များလျှင် ကုသိုလ်အကျိုးလည်း များပါမည်။ အကုသိုလ်များလျှင်လည်း ဤအတူ အကုသိုလ်အကျိုး များပါမည်။

သက်နှ,သက်ရင့်စပါးများကဲ့သို့ ဆိုသည်လည်းမဟုတ်ပေ။ မီးခဲကိုင်လျှင် ကိုင်စဉ်လည်းလောင်ပါသည်၊ ကိုင်ပြီးလည်း လောင်ပါသည်။ရေခဲလည်း ထို့အတူပင်၊ အကြွေး မထားပေ။

## ၄။ ပုဗ္ဗပေတာဒိပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “သေသူအတွက်ပေးသော ကုသိုလ်နှင့် အကုသိုလ်သည် သေသူရပါသလော?”ဟူသော မိလိန္ဒ၏အမေးကို “အချို့သေသူသည် ကုသိုလ်အဘို့ကိုရသည်။ အချို့သေသူတို့မရ။ အကုသိုလ်အဘို့ကား ဘယ်သူမျှမရ”ဟုပင် ဖြေသည်။

ဤအဖြေသည် ရှင်နာဂသေန၏ အကြောင်းအကျိုးမဲ့ အဖြေဖြစ်သည်။သေသွားသူတို့အတွက် ကျန်ရစ်သူတို့ပြုသော ကုသိုလ်သည် သေသွားသူရနိုင်သည်ဆိုသည်မှာ အဆက်အစပ်မဲ့စကား ဖြစ်သည်။ ကြားဖူးနားဝများဖြင့် တွေးကြံ၍ဖြေထားသော အဖြေသာဖြစ်သည်။ သေပြီးသူကိုင်း၊ ထိုသူထံသို့သွားရန်အရာဆိုသည်ကိုင်း၊ ရှင်နာဂသေန မသိမမြင်ဘဲ ဖြေဆိုထားခြင်းသာ ဖြစ်သည်။

အကယ်စင်စစ်၌ ကောင်းမှုနှင့်မကောင်းမှု၊ အချိန်အားဖြင့်ငှင်း၊ နေရာအားဖြင့်ငှင်း၊ သီးခြား၍အကျိုးပေးနိုင်ကြမည် မဟုတ်ပေ။ ဘယ်သို့ပင် ဉာဏ်ပလီဖြင့် ငြမ်းဆင်စေကာမူ ဘယ်သို့မျှ ဖြစ်နိုင်သည်မဟုတ်ပေ။ ပေတဝတ္ထုစသော ဘုရားဟောဆိုသည့် ထောက်ထားစရာများကို ညွှန်ပြကောင်း ညွှန်ပြနိုင်ပါသည်။ ဤအထောက်အထားများသည် အကယ်ဖြစ်ပျက်နေသော ခန္ဓာလောက် မှန်ရန်အကြောင်းမရှိပေ။ အကယ်ဖြစ်ပျက်နေသောခန္ဓာနှင့် စပ်လျက်ကား ရှင်နာဂသေန၏အဆိုသည် ကြောင်းကျိုးမဲ့အဆို အဖြစ်သာ တွေ့ရပေသည်။

ရှင်နာဂသေနသည် ကုသိုလ်ကိုသာပေးဝေ၍ရပြီး၊ အကုသိုလ်မူကား ပေးဝေ၍မရဟု ဆိုထားပြန်သည်။ ဤသို့မရနိုင်ကြောင်း ပြောဆိုချက်စကားများသည်လည်း အကြောင်းပြ စကားများအဖြစ် မမြောက်သောစကား ဖြစ်သည်။ သရုပ်ပြစကားများသာ ဖြစ်ပေသည်။

ကောင်းမှုသည် မကောင်းမှုထက် ကြီးမားသည်ဟူသည်မှာလည်း ယုတ္တိမဲ့ပါသည် ။ကောင်းမှုဖြစ်စေ မကောင်းမှုဖြစ်စေ၊ ပြုလုပ်မှု၏ အတိုင်းအတာအတိုင်း ကြီးခြင်း၊ ငယ်ခြင်းဖြစ်ရပေမည်။ အကုသိုလ်သည် အကျိုးငယ်ငယ်ကိုသာ ပေးသည်၊ ကုသိုလ်မူကား အကျိုးကြီးကြီးကိုပေးသည်၊ ဤသို့ဆိုခွင့်ရနိုင်မည် မဟုတ်ပေ။

ရှင်နာဂသေနသည် ဤအဆိုကို မှားယွင်းစွာဆိုမိသည်မှာ ပဋ္ဌိဒါနစသော ပုညကြိယဝတ္ထုတရားများကို နားမလည်ရာမှဖြစ်ခြင်း ဖြစ်သည်။ ပဋ္ဌိဒါနသည် အမျှ ပေးဝေခြင်းကား ဟုတ်ပါသည်။ မိမိပြုလုပ်သော ကောင်းမှုကိုရောက်အောင် ပေးကမ်း ခြင်းဖြစ်ပါသည်။ အကယ်စင်စစ်၌ ပဋ္ဌိဒါနသည် သေသူအတွက်ပြုလုပ်ရသောအလုပ် မဟုတ်ပါ။ ပဋ္ဌိဒါနသည် မိမိပြုလုပ်သောကောင်းမှုကို သိမြင်ကြားသိသူတို့အား ဝမ်းသာကြည်နူးမှုဖြစ်စေခြင်း၊ သို့မဟုတ် ထောက်ခံမှု,အားကျမှုဖြစ်စေခြင်းသာ ဖြစ်သည်။

ကုသိုလ်ကောင်းမှုကို ပေးဝေလျှင် ပေးဝေသောကုသိုလ်ကောင်းမှုကို ဝမ်း မြောက်လက်ခံသူတို့ အကျိုးရသည်ဟူသည်မှာ၊ ထိုသူပြုသောကုသိုလ်၏ အကျိုးများကို ရသည် မဟုတ်ပါ။ ထိုသူကဲ့သို့ ပြုချင်စိတ်ပေါက်၍ နောက်ထပ် ကိုယ်တိုင်ပြုလုပ်၍ လာပါသည်။ ဤသို့ပြုလုပ်သောကုသိုလ်၏ အကျိုးကိုရခြင်းသာ ဖြစ်ပါသည်။ ကုသိုလ် အဘို့ကို ပေးဝေ၍ရသည်ဆိုသည်မှာ ဤသို့ရခြင်းသာ ဖြစ်ပါသည်။

အကုသိုလ်သည်လည်း အလားတူပင် ပေးဝေ၍ရသောအရာ ဖြစ်သည်။ မုဆိုး နားနီး မုဆိုး၊ တံငါနားနီး တံငါ၊ဟူသော ဤစကားသည် အကုသိုလ်ကို အမျှဝေ၍ရ ကြောင်း ထင်ရှားစေသောစကားပင် ဖြစ်သည်။

ကုသိုလ်နှင့်အကုသိုလ်ကို ပေးဝေ၍ရသည်ဆိုသည်မှာ မိမိပြုလုပ်သော ကုသိုလ် နှင့်အကုသိုလ်တို့၏ အကျိုးများကို ပေးဝေ၍ ရသည်မဟုတ်ပါ။ မိမိပြုလုပ်သောကုသိုလ် နှင့် အကုသိုလ်ကဲ့သို့ အခြားသူများကို ပြုလုပ်စေခြင်း၊သို့မဟုတ် ပြုလုပ်ချင်စိတ် ဖြစ်စေ ခြင်းကိုသာ ဝေ၍ရခြင်းဖြစ်ပါသည်။

ရှင်နာဂသေနသည် ဤသို့စစ်မှန်သော ပဋ္ဌိဒါန၏ အနက်အဓိပ္ပါယ်ကို မမြင်၊ ဝိုးဝါးဖြစ်ခြင်းကြောင့် သေပြီးသူအချို့ထံ ကုသိုလ်အဘို့ကို ဝေရသည်၊ အကုသိုလ်မှုကား အလျဉ်းဝေ၍မရဟူ၍ ဖြေကြားခြင်း ဖြစ်သည်။ဤအဖြေသည် ရုပ်,နာမ်ခန္ဓာပေါ်၌ အမြင်မဲ့ဖြင့် ဖြေထားသောအဖြေသာ ဖြစ်သည်။

ဤအဖြေသည် ဘဝကို မှောင်သည်ထက် မှောင်ရာသို့ ပို့ဆောင်နေသောအဖြေ ဖြစ်သည်။ ဧကစ္စသဿတဟုဆိုအပ်သော ဘဝအမြင်မှားလမ်းကြောင်းကို လူ့အသိ ဉာဏ်အတွင်းမှ မလွတ်ကင်းနိုင်အောင် ဖွဲ့နှောင်ထားသောအဖြေ ဖြစ်သည်။

## ၅။ သုပိနပဥှာ

ဤပြသနာ၌ ရှင်နာဂသေနသည်“အဘယ့်ကြောင့် အိပ်မက်မက်သနည်း?” ဟူသော မိလိန္ဒ၏အမေးကို “အကြောင်းခြောက်ပါးကြောင့်မက်သည်”ဟု ဖြေသည်။ “လေ၊သည်းခြေ၊သလိပ်နှင့် အလေ့အကျက်၊ ရှေ့ပြေးနိမိတ်၊ နတ်”ဟူ၍ ခြောက်ပါးသရုပ်ကိုပြသည်။ ဤ၌ ရှေ့ပြေးနိမိတ် အိပ်မက်တစ်ခုသာလျှင် မှန်သည်ဟု ဆက်၍ဆိုပေသည်။

ရှင်နာဂသေနသည် ဤအိပ်မက်အကြောင်းကိုလည်း အကယ် သိသည်မဟုတ်ပေ။ ကြားဖူးနား၀ ဗဟုသုတဖြင့် ဖြေကြားထားခြင်းဖြစ်သည်။ အိပ်မက်ကိုနားလည်ရန်ကား စိတ်ကို တီးမိခေါက်မိဖို့ လိုသည်။ စိတ်အကြောင်းကို နားကန်းတစ်လုံးမျှ မသိလျှင်ကား အိပ်မက်အကြောင်းကိုပြောလျှင် ကြားဖူးနား၀ပြောသာ ဖြစ်ပါသည်။ ကြားဖူးနား၀အပြောသည် အကယ်မှန်နှင့် ခြားနားရမည်ဖြစ်သည်။

ရှင်နာဂသေနသည် ရှေ့ပြေးနိမိတ်နှင့် နတ်ဟူသည်များကို ကြောင်းကျိုးမဲ့ဆိုခြင်း ဖြစ်ပါသည်။ ရှေ့ပြေးနိမိတ် မရှိမဟုတ်ပါ။ မသိဘဲဆိုခြင်းဟုသာ ဆိုလိုပါသည်။ နတ်ကိုလည်း ဤအတူ မသိဘဲဆိုခြင်းသာ ဖြစ်ပါသည်။အလေ့အကျက်၊ ရှေ့ပြေးနိမိတ်၊ နတ်ဟူသည်များသည် ဆက်သွယ်လျက်ရှိသောတရားများ ဖြစ်ပါသည်။

အလေ့အကျက်သည် အိပ်မက်မမက်မီအဖြစ် ဖြစ်ပါသည်။ ရှေ့ပြေးနိမိတ်သည် အိပ်မက်မက်ပြီးနောက် အချိန်အနည်းအများမဆို ခြားပြီးမှဖြစ်သောအရာ ဖြစ်ပါသည်။ နတ်ဟူသည်မှာ အိပ်မက်မက်အံ့ဆဲဆဲ ဖြစ်နေသောအရာ ဖြစ်ပါသည်။

အိပ်မက်သည် ချုပ်ထိန်းမှုမဲ့သော အတွေးအခေါ်ဖြစ်ပါသည်။ အလေ့အကျက်သည် စိတ်၏တည်ကိန်းများဖြစ်သည်။ ရှေ့ပြေးနိမိတ်သည် ရလာဘ်ဖြစ်သည်။ နတ်ကားတစ်မျိုးဖြစ်၏။ ပတ်ဝန်းကျင်မှ ရပ်စောင့်နတ်၊ ရွာစောင့်နတ်၊ ကိုယ်စောင့်နတ်စသည်များ အလျဉ်းမဟုတ်ချေ။

စိတ်သည်ဖြစ်ပေါ်လျှင် အလင်းလှိုင်းကိုထုတ်လွှတ်သော မီးကဲ့ သို့ လှိုင်းတစ်မျိုးကို ဖြစ်စေသည်။ အလေ့အကျက်စိတ်၏လှိုင်းနှင့် အခြားသောစိတ်လှိုင်းတစ်ခုတို့

တွေ့ကြုံသောအခါ အိပ်ပျော်နေသည်ဖြစ်စေ၊ အိပ်မပျော်သည်ဖြစ်စေ အခြားသောစိတ်လှိုင်းအတိုင်း တွေးခေါ်မှုဖြစ်သည်။ ထို့ကြောင့် နေရာခြားသော အဖြစ်အပျက်များကို တွေ့မြင်ရသကဲ့သို့ ခံစားရခြင်းဖြစ်ပါသည်။

အိပ်မက်သည် လူ့ဘဝ၏ အရိုးသားဆုံးသောအရာ ဖြစ်သည်။ အပြင်ဖက်မှ အတွေးအခေါ်များသည် ချယ်သဝတ်ဆင်ထားသော အလှများသာ ဖြစ်ပါသည်။ ပကတိဘဝ မဟုတ်။အိပ်မက်ကို အတိအကျနားလည်ရန်မှာ စိတ်အကြောင်းနားလည်ဖို့လိုသည်။ရှင်နာဂသေနသည် လူ့ဘဝအိပ်မက်နှင့်စပ်လျဉ်း၍ ကြားဘူးနားဝများကိုသာ ပြောဆိုသွားပါသည်။ ဤအဆိုများသည် ဘုရားသျှင်နှင့်သက်ဆိုင်သလိုလို ထင်ရသော်လည်း မည်သို့မျှမသက်ဆိုင်သောအရာ ဖြစ်သည်။

ဘုရားသျှင်သည် စိတ်အကြောင်းကိုလေ့လာသော စိတ္တဗေဒအသိပညာရှင် မဟုတ်ပေ။ ထိုသို့သော စိတ်အကြောင်းအပါအဝင် အားလုံးသောအသိပညာများကို တန်ဘိုးဖြတ်ပေးသော ဒဿနပညာရှင်သာ ဖြစ်ပါသည်။

ဘုရားသျှင်သည် စိတ်ကို အတိအကျဖော်ထုတ်ခဲ့သော်လည်း စိတ္တဘာဝနာပွားရန်အတွက် မဟုတ်ပေ။ အားလုံးသောပညာရပ်များကို တန်ဘိုးဖြတ်မှုဒဿနအတွက်သာ ဖြစ်ပေသည်။

## ၆။ အကာလမရဏပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "သတ္တဝါများသည် သေနေ့စေ့၍ သေခြင်းလော? မဟုတ်ဘဲသေသလော?" ဟူသော မိလိန္ဒ၏အမေးကို "ကံကြောင့်သေသူသည် သေနေ့စေ့၍သေသူ ဖြစ်သည်။ ကြွင်းသော သေခြင်းများအကြောင်းများဖြစ်သော လေ၊သည်းခြေ၊သလိပ်၊သန္နိပါတ်၊ ဥတု၊အာဟာရ ပယောဂတို့ကြောင့်သေခြင်းများသည် သေနေ့မစေ့ဘဲသေခြင်းဖြစ်သည်" ဟု ဖြေသည်။ဆက်ဆိုသည်။

ရှင်နာဂသေနသည် ကံကြောင့်သေခြင်းများကို ဆက်လက်၍ ပြဆိုပေသည်။ "ရှေးဘဝက သူတပါးအား အငတ်ထား၍ သေစေခဲ့သူသည် ယခုဘဝ၌ ကြီး,ရွယ်,ငယ်, လတ်မဟူ ငတ်ပြတ်သေရသည်။ ဤသေခြင်းများသည် ကံကြောင့်သေခြင်းများဟု ဆိုရသည်။

ဤအတူ ရေငတ်၊ မြွေကိုက်၊ အဆိပ်ခတ်၊ မီးရှို့၊ ရေနစ် ၊လှံထိုးခြင်း၊စသည်ဖြင့် ရှေးဘဝက သူတပါးအားသတ်သူများလည်း ရေငတ် စသည်ဖြင့် ကြီး,ရွယ်,ငယ်,လတ် မဟူ သေရသည်။ ဤသေခြင်းများသည် ကံကြောင့်သေနေ့စေ့၍ သေခြင်းများဖြစ်သည်" ဤသို့ပြဆိုပေသည်။

ရှင်နာဂသေနသည် ကံကိုမသိဘဲလျက် ဆိုခြင်းဖြစ်ပေသည်။ ရှင်နာဂသေနသည် –

"ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။
ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဇာယတေ ဖလံ" ဟူသော
"ကောင်းသည်ကိုလုပ်သော် ကောင်းကောင်းဖြစ်၊
မကောင်းသည်ကိုလုပ်သော် မကောင်းဖြစ်၊
မျိုးစေ့အတိုင်း အသီးသီးပေသည်" ဟူသော

ဘုရားသျှင်၏ညွှန်ကြားချက်ကို အလုံးလိုက် အနက်ဖွင့်လိုက်ခြင်းပင် ဖြစ်ပေသည်။

နောက်ဘဝက အစာဖြတ်သတ်ခြင်းကြောင့် ယခုဘဝ အစာငတ်သေရသည်။ ဤမျှ ကံနှင့်ဝိပါက် တူသည်ဟုဆိုသည် မဟုတ်ပါ။ ရှင်နာဂသေန၏ ကံနှင့်ဝိပါက်ဆက်ပုံ

သည် ကြောင်းကျိုးမဲ့ဆက်စပ်ပုံ ဖြစ်သည်။ အကြောင်းနှင့်အကျိုးအကြား၌ ကာလနှင့် ဌာန၊ ဤအရာများခြားခြင်း ရှိနေပါသည်။ ဘုရားသျှင်၏ ကံနှင့်ဝိပါကဲဆက်ပုံ ညွှန်ကြား ချက်သည် ရှင်နာဂသေန ယူဆထားသကဲ့သို့ မဟုတ်ပေ။

**ကံသည် စေတနာတရားသာ ဖြစ်ပါသည်။**

စေတနာတရားသည် ကောင်းလျှင် ယင်းနှင့် အတူတကွဖြစ်ရသော စေတသိက်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ဟူသော သဟဇာတရုပ်နာမ်တို့ကို ကောင်းစေပါသည်။

**စေတနာသည် လှုံ့ဆော်မှုသဘော ဖြစ်ပါသည်။**

ထို့ကြောင့် ယင်းနှင့်အတူဖြစ်ရသော ရုပ်,နာမ်များကောင်းခြင်း ဖြစ်ပါသည်။

ယင်းစေတနာ ချုပ်ဆုံးပြီးနောက်၌ ဆက်ဖြစ်နေရသော ရုပ်,နာမ်တို့သည်လည်း ယင်းစေတနာ မပါတော့သော်လည်း ကောင်းသောရုပ်,နာမ်များ ဖြစ်နေကြရပါသည်။ ယင်းစေတနာနှင့်အတူဖြစ်ရသော ရုပ်,နာမ်များအတိုင်း ဖြစ်နေသည်ဟု ဆိုလိုပါသည်။ ဤသို့တူမျှသည်ကိုသာ ညွှန်ကြားခြင်းဖြစ်သည်။

အကယ်စင်စစ်၌ ရှင်နာဂသေနပြောစကားများအရဖြစ်ရသော သေနေ့စေ့ခြင်းသည် မှန်ကန်သည်များ အလျှဉ်းမဟုတ်ပေ။ လူ့ဘဝကို သေနေ့စေ့သည်ဟု ပြောဆိုလိုလျှင် သာမန်အရပ်စကားဖြင့်သာ ပြောဆိုသင့်သည်။ သဘာဝတ္တစကားများဖြင့် သေနေ့စေ့၍သေသည်ဟု ပြောဆိုရန်အကြောင်း မရှိ။ အသက်ရှစ်ဆယ်အရွယ် ကြီးရင့်၍ အများသူငါ သေကြချိန်ကျနေသည်ကိုသာ သေနေ့စေ့သည်ဟု အရပ်စကားသာပြောဆိုသင့်ပေသည်။ သေနေ့စေ့ခြင်းကို တရားဝင်အောင် ကြိုးစားပုံဆောင်၍ပြောရန် အကြောင်းမရှိချေ။

လူများသည် သေနေ့စေ့၍သေခြင်း မဟုတ်ကြ။ သေ၍ သေနေ့စေ့ခြင်းသာ ဖြစ်သည်။ လူ၌ သေနေ့ဟူ၍ အလျှဉ်းပင် သတ်မှတ်ချက် အသေအချာမရှိချေ။ သေသောနေ့သည် သေနေ့သာဖြစ်သည်။

## ၇။ စေတိယပါဠိ ဟာရိယပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “ပရိနိဗ္ဗာန်ပြုသူတိုင်း၏စေတီ များ တန်ခိုးပြကြသလော?”ဟူသော မိလိန္ဒ၏အမေးကို “အချို့ပြ၍ အချို့မပြ”ဟု ဖြေပေသည်။

“ရဟန္တာ၊ နတ်ဒေဝတာနှင့် လူစွမ်းကောင်းတို့၏ အဓိဋ္ဌာန်ပြုသောစေတီများ တန်ခိုးပြသည်။ ယင်းတို့ အဓိဋ္ဌာန်မပြုလျှင် ဘယ်သောစေတီမျှ တန်ခိုးမပြ”ဟူ၍ ဖြစ်သည်။

ဤအဖြေသည် တန်ခိုးပြသည်ကို သေချာမသိဘဲလျှင်ဆိုသော အဆိုဖြစ်သည်။ ရဟန္တာသည် တန်ခိုးပြရန် ရှင်နာဂသေနသည် ဤအကြောင်းကိုလည်း မသိမြင်။ ရဟန္တာသည် သူကိုယ်တိုင်ပင် တန်ခိုးပြ၍မဖြစ်စေ၊ဘုရားသျှင်သည် တန်ခိုးပြရန်မသင့်ကြောင်း တားမြစ်ခဲ့သည်။ကိုယ်တိုင်မပြုသောအရာကို သူတပါးအား ပြုလုပ်စေပါမည်လော? အဓိဋ္ဌာန်ပြုပါမည်လော?

နတ်ဒေဝတာကိုလည်း ရှင်နာဂသေနသည် မသိဘဲဆိုခြင်းဖြစ်ပေသည်။ လူစွမ်းကောင်းလည်း ထို့အတူ အကယ်စင်စစ်၌ မည်သူ၏ပယောဂကြောင့်ဖြစ်စေ စေတီသည် တန်ခိုးမပြ။ တန်ခိုးကိုမြင်ကြသည်မှာ လူစွမ်းကောင်းတို့၏မျက်လှည့်ဖြစ်သော စိတ်တန်ခိုး နှင့်အလိုအလျောက်ဖြစ်ပေါ်နေသော ဓါတ်သဘာဝတို့၏ လျှပ်စီးခြင်းသဘော သက်ဝင် နေခြင်း၊ ဤကြောင့်သာ ဖြစ်ပါသည်။

ဘယ်သူ့အဓိဋ္ဌာန်ကြောင့်မျှ စေတီသည်တန်ခိုးမပြပေ။ ပြနိုင်စွမ်းလည်း အလျဉ်း မရှိပေ။ တေဝိဇ္ဇပုဂ္ဂိုလ်တို့၏ ကြွင်းကျန်ခဲ့သော အသွေး,အသား,အရိုးစသည်သည် အသွေး,အသား,အရိုးစသည်သာလျှင် ဖြစ်ပေသည်။ ထိုအသွေး,အသား,အရိုးစသော အကြွင်းများသည် အခြားသော ကျောက်ခဲ,သလဲ,သစ်သား,ထင်းများနှင့်မခြား ဘာမျှ တန်ခိုးရှိသည် မဟုတ်ချေ။ ထိုပုဂ္ဂိုလ်များကို အစဉ်လျောက်၍ အောက်မေ့ဖွယ်ဖြစ်ပွား ကုသိုလ်စိတ်များ မွေးဖွားနိုင်ရန်သာ ဖြစ်သည်။

လောကဍ္ဍ လီနင်၊ စတာလင်စသော ပုဂ္ဂိုလ်တို့၏ အလောင်းကောင်သည် အခြားသောလူဆိုးသူဆိုးတို့၏ အလောင်းကောင်နှင့် ဘာမျှမခြားသော်လည်း ကွန်မြူနစ်စိတ်ဓာတ်ကို မွေးဖွားစေရန်၌ အထောက်အကူပြုသကဲ့သို့သာ ဖြစ်ပေသည်။

ထို့ကြောင့် ဘယ်ပရိနိဗ္ဗာန်ပြုသူ၏ စေတီပင်ဖြစ်စေ ဘယ်သူ့အဓိဋ္ဌာန်ကြောင့်နှင့်မျှ တန်ခိုးပြသည်မဟုတ်ပေ။ အကယ်၍ပြလျှင် ဓါတ်သဘာဝနှင့် မျက်လှည့်ကို တွေ့ကြရခြင်းသာ ဖြစ်ပေမည်။

## ၈။ ဓမ္မာဘိသယပဉ္စာ

သုံးသပ်ဖွယ်မလိုသဖြင့် ကျော်လိုက်ပြီ။

## ၉။ ကေန္တသုခနိဗ္ဗာနပဥှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “နိဗ္ဗာန်သည် ဆင်းရဲနှင့်ရောသော ချမ်းသာ မဟုတ်လော? နိဗ္ဗာန်ရရန် အကျင့်အကြံသည် ပင်ပန်းသည်မဟုတ်လော?”ဟူသော မိလိန္ဒ၏အမေးကို “အကျင့်အကြံသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်ထင်ရှာမိခြင်းသာ ဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်သည် ဆင်းရဲနှင့်မရော”ဟူ၍ ဖြေလေသည်။

ဤအဖြေသည် တိတိကျကျမှားယွင်းသောအဖြေကား မဟုတ်ပေ။ သို့သော် လည်း တိတိကျကျမှန်ကန်သောအဖြေလည်း မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုလျှင် “နိဗ္ဗာန်သည် အကျင့်အကြံမဟုတ်” ဟူသောစကားအရ မှန်သင့်သလောက် မှန်ပေသည်။ အကျင့်အကြံသည် ဆင်းရဲသည်ဟူသည်ကား မမှန်ပေ။

ရှင်နာဂသေနသည် အကျင့်အကြံဖြစ်သော နိဗ္ဗာန်ရောက်ရန်ဖြစ်သော သီလ၊ သမာဓိ၊ပညာဟူသော မဂ္ဂင်ရှစ်ပါးလမ်းစဉ်တရားကို ဆင်းရဲသည်ဟု အသိအမှတ်ပြုသူ ဖြစ်သည်။ စင်စစ်၌ ဤတရားများသည် ရှင်နာဂသေနအသိအမှတ်ပြုသကဲ့သို့ မဟုတ်။ မဂ္ဂင်တရားသည် အတ္တကိလမထာနုယောဂတရား မဟုတ်ပေ။ ထို့ကြောင့် ဆင်းရဲသော လုပ်ငန်းများ မဟုတ်ပေ။

ဘုရားသျှင်သည်လည်း မဂ္ဂင်ရှစ်ပါးတရားကို ဆင်းရဲသောလမ်းမဟုတ်ကြောင်း မကြာမကြာ ကြေငြာခဲ့ပေသည်။ထို့ကြောင့် ဘုရားသျှင်၏ ဤလမ်းစဉ်ကို သဘောမသက် ဝင်ကြသူတို့သည် ဘုရားသျှင်အား “ချမ်းသာနှင့်ရင်း၍ ချမ်းသာရသည်ဆိုလျှင် ရှင်ဘုရင် ကြီးများထက် ချမ်းသာရသူ လောက၌ရှိပါဦးမည်လော?”ဟူသော ထေ့ငေါ့သောစကား များ ပြောကြားခဲ့ပေသည်။

မဂ္ဂင်ရှစ်ပါး အကျင့်အကြံလမ်းစဉ်သည် ရှင်နာဂသေနထင်သကဲ့သို့ ဆင်းရဲ သောအကျင့်အကြံတရား လုံးဝမဟုတ်ပေ။ မဂ္ဂင်ရှစ်ပါးအနက် အဘယ်မဂ္ဂင်သည် ဆင်းရဲကိုဖြစ်စေပါသနည်း?

သီလမဂ္ဂင်သုံးပါးသည် ဆင်းရဲစေသလော?

သမာဓိမဂ္ဂင်သုံးပါးသည် ဆင်းရဲကို ဖြစ်စေသလော?

ပညာမဂ္ဂင်နှစ်ပါးသည် ဆင်းရဲကိုဖြစ်စေပါသလော?

သီလမဂ္ဂင်သည် အကျယ်ချဲ့လျှင် နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်သော ပါတိမောက္ခ သံဝရသိက္ခာများ ဖြစ်လာပါမည်။ ထို့ထက် အဆုံးတိုင် ပြန့်ပွားလျှင် ကုဋေကိုးထောင် ပင်ကျော်နိုင်သည်ဟု မိန့်ကြားပါသည်။ ဤအရာများကို ကျင့်သုံးကြခြင်းသည် ဆင်းရဲပါသလော?ရှင်နာဂသေနသည် သီလကျင့်သုံးသည်ကိုလည်း ဆင်းရဲသည်ဟု အသိအမှတ်ပြုသူ ဖြစ်သည်။

သီလသိက္ခာများသည် လမ်းမှားသို့ ချော်မကျသွားနိုင်ရန် ကာရံပေးထားသော ဝရံတာများ ဖြစ်ပါသည်။ မိုးပျံတံတားတစ်ခုကို လျှောက်သည်ဆိုအံ့။ လျှောက်သူသည် ခြေချော်၍ မိုးပျံတံတား၏ အကာအရံ ဝရံတာများ၏ တိုက်ခိုက်ခြင်းခံရသည် ဆိုပါအံ့။ ထိုသူအတွက် ဝရံတာရှိခြင်းသည် ကောင်းသလော? မရှိခြင်းသည် ကောင်းသလော?

အကယ်၍ ဝရံတာမရှိလျှင်ကား ထိုခြေချော်သူသည် လမ်းချော်၍ လိမ့်ကျ သေဆုံးရပေမည်။ ထို့ကြောင့် တိုက်ခိုက်မိ၍ နာကျင်ကောင်း နာကျင်မည်ဖြစ်သော်လည်း ခြေချော်သူအတွက် ဝရံတာသည် ဆင်းရဲဟု မဆိုနိုင်ပေ။ ချမ်းသာဟူ၍သာ ဆိုရပေမည်။

သိက္ခာပုဒ်များ ကုဋေချီ၍ရှိခြင်းသည် ကျင့်သုံးသူအား လေးပင်မှုကို မဖြစ်စေ ပေ။ ကျင့်သုံးသူအား ပေါ့ပါးမှုကိုသာ ဖြစ်စေပါသည်။

သိက္ခာပုဒ်များသည် ဝရံတာများသာ ဖြစ်သည်။ လမ်းမမှား လမ်းမချော်စေရန် ကာရံထားသောအရာများသာ ဖြစ်သည်။အခြားသော သမာဓိနှင့်ပညာသိက္ခာများသည် လည်း ကျင့်ကြံသူအား ဘယ်သို့မျှ ဆင်းရဲခြင်းကို ဖြစ်စေသည်မဟုတ်။

ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလများသည် သမာဓိနှင့်ပညာမဂ္ဂင် များကို ညွှန်းဆိုပေသည်။ ဤတရားများ ခေါင်းပါးလျှင်သာ ဆင်းရဲပေသည်။ ဤတရား များကို ပွားများခြင်းကြောင့် အဘယ်သို့မျှ ဆင်းရဲခြင်း မဖြစ်စေနိုင်ပေ။

နိဗ္ဗာန်ငြိမ်းအေးခြင်းသည် မဂ္ဂင်ရှစ်ပါးတရားများ ဖြစ်ပွားခြင်း၏ နာမည်တစ်မျိုး သို့မဟုတ် အကျိုးဆက်တစ်မျိုးမျှသာ ဖြစ်ပေသည်။

**မဂ္ဂင်သည် အလုပ်၊**

**နိဗ္ဗာန်ကား အဖြစ်**၊ ဤသို့ပင် ဆိုဖွယ်ရှိပါသည်။

လောကဣ် လုပ်ငန်းကို ထမင်းဟုဆိုရသကဲ့သို့ ဖြစ်ပါ၏။ ထမင်းနှင့်လုပ်ငန်းသည် နှစ်မျိုးပြားသည်မှန်သော်လည်း တစ်သားတည်းပင် ဖြစ်လေသည်။ အလုပ်မရှိလျှင် ထမင်းမရှိ။ အလုပ်ရှိမှ ထမင်းရှိသည်။ထို့ကြောင့် အလုပ်သည်ပင်လျှင် ထမင်းဖြစ်သည်။

ဤအတူ မဂ္ဂင်နှင့်နိဗ္ဗာန်သည် အကယ်ခြားလှသောအရာ မဟုတ်ပါ။

ထို့ကြောင့် နိဗ္ဗာန်ကား ချမ်းသာ၏၊မဂ္ဂင်ကား မချမ်းသာဟု ခွဲဆိုရန် သင့်လျော်လှသည် မဟုတ်။

မဂ္ဂင်နှင့်နိဗ္ဗာန်သည် အနုနှင့်အရင့် သို့မဟုတ် အရင်းနှင့်အဖျားသာ ဖြစ်သည်။

မဂ္ဂင်၏အသွင်အတိုင်း နိဗ္ဗာန်ထင်ပါသည်။

နိဗ္ဗာန်ကို ချမ်းသာဟုဆိုလျှင် မဂ္ဂင်ကိုလည်းချမ်းသာဟုပင် ဆိုရဖို့ရှိသည်။

မဂ္ဂင်သည် မချမ်းသာလျှင် နိဗ္ဗာန်လည်း ချမ်းသာမည်မဟုတ်ပါ။

ရှင်နာဂသေနသည် အကျင့်အကြံတရားဖြစ်သော မဂ္ဂင်ကိုဆင်းရဲသည်ဟု အသိအမှတ်ပြုထားသည်။ ဤအရာသည် မှန်သောအရမဖြစ်နိုင်ပါ။မဂ္ဂင်သည် ကောင်းခြင်းသုံးရပ်ရှိသောအဖြေကို ထောက်ခံဖြည့်သောအရာ ဖြစ်သည်။

ထို့ကြောင့် မိလိန္ဒ၏ မဂ္ဂင်ကိုဆင်းရဲဟုရပ်တည်၍ မေးသောအမေးကို ထောက်ခံပြီးဖြေသောအဖြေသည် မှားကောင်းမှ မှားမည်ဖြစ်သော်လည်း ပြည့်ဝမှန်ကန်သင့်မြတ်သောအဖြေကား ဖြစ်၍မလာနိုင်။

## ၁၀။ နိဗ္ဗာနရူပသဏ္ဌာနပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် “အရှိဖြစ်သောနိဗ္ဗာန်၌ အဆင်းအသွင် သဏ္ဌာန်ဖြစ်သော ပယောဂဟန်ကို မရနိုင်လျှင် ယင်းကို အဘယ်သို့ သိမှတ်ရတော့မည်နည်း?”ဟူသော မိလိန္ဒ၏အမေးကို “သမုဒ္ဒရာရေသည် အရှိဖြစ်သော်လည်း အရေအတွက် မရနိုင်သကဲ့သို့ ဖြစ်သည်”ဟု ဖြေပေသည်။ ထို့ပြင်လည်း ဆက်၍ဖြေပေသည်။ “အရူပဗြဟ္မာများသည် အဆင်းအသွင်သဏ္ဌာန်အားဖြင့် မရနိုင်သော်လည်း အရှိများပင် မဟုတ်ပါလော?”ဟူ၍ ဖြစ်သည်။

ရှင်နာဂသေနသည် ဤပြဿနာ၌ မသိခြင်းတစ်ခုကို အခြားမသိခြင်းများဖြင့် နှိုင်းယှဉ်၍ဖြေပေသည်။ မှောင်နေသည်ကို ညှိမဲသွားအောင် ပြုလုပ်ခြင်းဖြင့် အဘယ်အကျိုးရှိပါမည်နည်း? ရှင်နာဂသေနသည် သမုဒ္ဒရာရေ၏ပမာဏကို ပညာဖြင့်ရေတွက်လျှင် ရနိုင်သည်ကို မသိဘဲရှိလေသည်။ယနေ့လူသားများပင် ရေတွက်၍နေကြပေပြီ။

အရူပဗြဟ္မာကိုလည်း ရုပ်မရှိဘဲ နာမ်ချည်းသက်သက် သတ္တဝါအဖြစ် ကမ္ဘာလောက၏တစ်နေရာ၌ စုဝေးတည်ရှိနေကြသည်ဟု အထင်ရှိသူလည်း ဖြစ်ပေသည်။ ရှင်နာဂသေနသည် အရူပဗြဟ္မာကိုလည်း မသိသူသာ။ရှင်နာဂသေနသိသော အရူပဗြဟ္မာသည် ဆန်းစစ်အပ်သောအရာ ဖြစ်သည်။

အရူပဗြဟ္မာများ ရုပ်မရှိဟုဆိုလျှင် နာမ်တရားများသည် ရုပ်တရားများကိုချည်း မှီ၍ဖြစ်ရပါသည်။ မြင်ခြင်း၊ကြားခြင်း၊အနံ့အရသာ တွေ့ထိမှုကိုသိရှိခြင်း၊ ဤအရာများသည် မျက်စေ့၊နား၊နှာခေါင်း စသည်နှင့် အဆင်း၊အသံ၊အနံ့စသည်များတို့ကိုမှီ၍ ဖြစ်ကြရပါသည်။

ဆဋ္ဌမဝိညာဏ်ကား မနောဒွါရဟုဆိုအပ်သော အချို့သောဝိပါက်ဝိညာဏ်နှင့် ဓမ္မာရုံဟုဆိုအပ်သော သဘောတရားအာရုံများ၊ ဤအရာများကိုမှီ၍ ဖြစ်ကြသည်။ဤ၌ သဘောတရားအာရုံဟူသော ဓမ္မအာရုံကို စိစစ်ရပါမည်။ယင်းအာရုံကား အဘယ်နည်း?

ယင်းအာရုံကား မျက်စေ့၊နား၊နှာခေါင်း၊လျှာတို့ဖြင့် မသိအပ်သော အားရုံပင်ဖြစ်သည်။ဤအာရုံသည် စိတ်၏ အသိခံအာရုံပင်ဖြစ်သည်။အတွေးအခေါ်၏ အာရုံ

ပင်ဖြစ်သည်ဟုလည်း ဆိုနိုင်သောအာရုံ ဖြစ် သည်။ အတွေးအခေါ် အတွက်အချက် ကြောင့်ဖြစ်သော ရလာဘ်ကို ပေါက်ဖွားပေးမည့်အာရုံလည်း ဖြစ်သည်။ ဤအာရုံသည် ထင်ရှားသောတရား ဖြစ်သည်။ အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့ ဟူသော အခြား သောအာရုံများကဲ့သို့ပင် ဖြစ်သည်။

ဤနေရာ၌ "ထင်ရှားရှိ" ဟူသော စကားသည် ပရမတ်ဟူသောစကားနှင့် အဓိပ္ပါယ်တူ မဟုတ်ပါ။ ပရမတ်ကို "ထင်ရှားရှိ" ဟု မဆိုနိုင်ပါ**အခြေခံသော**"ဟုသာ ဆိုနိုင်ပါသည်။

ဤအာရုံသည် ပညတ်များ ပါဝင်ပါသည်။ သို့သော်လည်း သိမှုအတွက် ထင် ရှားရှိသောကြောင့် "ထင်ရှားရှိ" ဟု ဆိုလိုက်ပါသည်။

အာရုံများသည် သမ္ပတ္တအာရုံ၊ အသမ္ပတ္တအာရုံဟု အခွဲခံရနိုင်သော်လည်း စင် စစ်၌ သမ္ပတ္တအာရုံချည်း ဖြစ်သည်။ ဒိဋ္ဌ၊သုတ၊ဝိညာတအာရုံများသည် သမ္ပတ္တဖြစ်မှု မထင်ရှားသောကြောင့် အသမ္ပတ္တဖြစ်မှုဟု အဆိုခံရခြင်း ဖြစ်ပါသည်။ဤအာရုံများသည် ဤသို့ မထင်ရှားသော်လည်း အသမ္ပတ္တကား မဟုတ်ကြပါ။

ယနေ့ကဲ့သို့ သဘာဝသိပ္ပံ ထွန်းကားနေပြီဖြစ်သောအချိန်၌ လူတိုင်းလိုပင် အဆင်း၊အသံနှင့်သိစရာအာရုံများ မျက်စိ၊နားနှင့် အသိတရားများပေါ်သို့ ဘယ်နည်း ဘယ်ပုံကျရောက်ကြောင်း နားလည်ကြပေမည်။ အဆင်းသည် အလင်းလှိုင်း ဖြစ်သည်။ အသံသည် အသံလှိုင်းဖြစ်သည်။ သိစရာသည် ဦးနှောက်သင်္ကေတ ဖြစ်သည်။ ဤအဆို သည် နားရှုတ်ကောင်း နားရှုတ်ပါမည်။ ချဲ့၍ ရှင်းလင်းပါမည်။

အဆင်းသည် အရာဝတ္ထုတစ်ခု၏ အဆင်းဖြစ်လျှင် ထိုအရာဝတ္ထု၌ဖြစ်သော အဆင်းသည် ပတ်ဝန်းကျင်သို့ ပြန့်လွင့်နေပါသည်။ အဆင်းဆိုသောစကားသည် အလင်းဆိုသောစကားနှင့် ထပ်တူညီပါသည်။ အရပ်ထဲ၌သိနေသော "အလင်း" ဆိုသော စကားနှင့်တော့မူ ဤ "အလင်း" ဆိုသောစကားသည် မသက်ဆိုင်။ အရပ်မှာသိနေသော အလင်းသည် နေ၊လ၊မီးစသည်တို့မှထွက်သော အလင်းကိုသာလျှင် အလင်း-ဟု သိနေ ကြသော အလင်းဖြစ်သည်။

ဤ၌ဖော်ပြသော "အလင်း" ကား အရာဝတ္ထုများသို့ အလင်းတစ်ခုကျရောက်ပြီး

လျှင် ယင်းအရာဝတ္ထုကိုရိုက်ခတ်၍ ပြန်လာသော အရာဝတ္ထု၏ အသွင်,သဏ္ဌာန်, အရောင်ပါသော အလင်းများသည် ဤဩဖော်ပြသော "အလင်း"ပင်ဖြစ်သည်။

ဤအလင်းကိုသာ အလင်းဟု ဆိုလိုသည်။ ဤအလင်းသည် အဆင်းဖြစ်သည်။ ဤအဆင်းသည် လှိုင်းအဖြစ်ဖြင့် ပတ်ဝန်းကျင် ပြန့်လွင့်ရိုက်ခတ်ပါသည်။ ဤသို့ဖြစ်သောကြောင့် မျက်စိ၌ အဆင်းထင်ခြင်းဖြစ်ပါသည်။

အသံလည်း ဤနည်းငှင်းပင် ဖြစ်သည်။ ထို့ကြောင့် အဆင်းနှင့်အသံများလည်း အမှန်စင်စစ်၌ သမ္မုတ္တတရား၏အာရုံပင် ဖြစ်သည်။

အသိတရားအာရုံဖြစ်သော ဓမ္မာရုံဆိုသည်ကို ရှင်းရန် ဖြစ်ပါသည်။ ဓမ္မာရုံသည် အလွန်ရှုတ်ထွေးနိုင်ပါသည်။ ထို့ကြောင့် အေးဆေးစွာရှင်းရပါမည်။ ဓမ္မာရုံဟူသည်ကို အောက်က ကောက်ပြခဲ့ပါပြီ။ ဓမ္မာရုံအရ တရားများသည် လူ,တိရစ္ဆာန်,သစ်ပင်နှင့် ရေ,မြေစသည် အပြင်ဖက်များ၌ သို့မဟုတ် မနောဒွါရဟူသော ဒွါရနှင့် သီးခြားကင်းကွာ ရာ၌ ရှိသော်လည်း မနောဒွါရသို့ထင်ဟပ်လာသည်မှာ ဤသို့ဖြစ်သည်။

ဓမ္မအာရုံများသည် မနောဒွါရနှင့် ကင်းကွာရာ၌ရှိသည်များကို သိရှိခြင်း မဟုတ်ပါ။စင်စစ်၌ ဓမ္မအာရုံများသည် အဆင်း၊အသံစသည့်အာရုံများကို ကိန်းရင်းပြု ပေါင်းခြင်း၊နှုတ်ခြင်း၊ မြှောက်ခြင်း၊စားခြင်းများ အထပ်ထပ်ပြုလုပ်ရာမှ ပေါ်ထွက်လာ သော ရလာဘ်တရားများ ဖြစ်သည်။

စိတ်စသော နာမ်တရားများသည်၊ အကြည်ရုပ်များ၊ရုပ်နုများ၊ ပညတ်များသည် မနောဒွါနှင့်ကင်းကွာရာ၌ အကယ်ရှိကြသည်မှာ အမှန်ဖြစ်ပါသည်။ မနောဒွါရဖြင့် ထိုအာရုံများကိုသိရာ၌ တိုက်ရိုက်သိသည် မဟုတ်ပါ။ ပဉ္စာရုံများကို အမျိုးမျိုးဖလှယ်၍ ပေါ်ထွက်လာသောအာရုံကို သိခြင်းသာဖြစ်ပါသည်။ ဤအသိဖြင့် မနောဒွါရနှင့် ကင်းကွာရာတွင်ရှိသော ထိုအရာများကို ထပ်တူပြုအမှတ်ထား၍ သိခြင်းသာလျှင်ဖြစ်ပါ သည်။

ဆိုလိုသည်မှာ မနောဒွါရနှင့် အသိခံရသော ဓမ္မာရုံဟူသော ဆဋ္ဌမအာရုံသည် မနောဒွါရနှင့်ကင်းကွာရာ အပြင်ဘက်မှအာရုံများကို သိသည်မဟုတ်။ အတိတ်အာရုံ များကို ကိန်းရင်းပြုလျက် တွက်ချက်မှုကြောင့် ပေါ်ထွက်လာသော အာရုံသာဖြစ်သည်ဟု

ဆိုလိုပါသည်။ လူ၏ဦးခေါင်းအတွင်း၌ရှိသော ဦးနှောက်သည် အလိုအလျောက်တွက်ချက်သော စက်ယန္တရားကြီးဖြစ်သည်။ ဤယန္တရား၌ ကိန်းရင်းလက်ခံရာဌာန တံခါးငါးပေါက်မှာ ပဉ္စဒွါရများ ဖြစ်ပါသည်။ ကိန်းရင်းများကို တွက်ချက်အဖြေထုတ်ပါသည်။ ရသောအဖြေများကို ကိန်းရင်းပြန်ပြသော တံခါးလည်းတစ်ပေါက်ရှိပါသည်။ ယင်းမှာ မနောဒွါရဖြစ်ပါသည်။

လူ၏ဒွါရခြောက်ပါးနှင့် အာရုံခြောက်ခုသည် အကယ် ဤသို့မပြတ် လှုပ်ရှားနေပါသည်။ ဤနေရာ ကိန်းရင်းများကို တွက်ချက်သည်ဟူသော အမည်သည် မနောဒွါရ၏အမည် ဖြစ်သည်။ မနောဒွါရသည် ဤသို့တွက်ချက်၍ရသောအဖြေများကိုလည်း ကိန်းရင်းပြုပါသည်။ ဤစကားအရ ဦးနှောက်သည် မနောဒွါရလော?ဟု ဆိုစရာရှိပါသည်။ ဦးနှောက်သည် မနောဒွါရ မဟုတ်ပါ။

"မနောဒွါရသည် ရှင်သန်လှုပ်ရှားနေသောအသွင်၏ အရှိန်အဟုန်တရားသာ" ဖြစ်ပါသည်။ "ကံတို့၏ အကျိုးဝိပါက်များ"သာဟု ဆိုလိုပါသည်။ ဤစကားသည် ရှုတ်ထွေးသလိုလို ရှိပါသည်။ မနောဒွါရသည်လည်း အရကောက်မလွယ်သောအရာ ဖြစ်သည်။

ဦးနှောက်သည်နောက်ဆုံးတွက်ချက်၍ရသော ရလာဘ်ကို လက်ခံလျက် ကိုယ်ကာယတစ်ခုလုံးသို့ ဤလက်ခံချက်အတိုင်း လှုပ်ရှားလည်းပတ်နေစေပါသည်။ ဤရလာဘ်အတိုင်း လက်ကို မခြင်း၊ခြေကို ကွေးခြင်း၊နှုတ်ခမ်းကို ဟခြင်းသည် အားလုံးကို ကြိုးကိုင်နေသည်ဟု ဆိုလိုပါသည်။

လက်ကို-မခြင်း၊နှုတ်ခမ်းကို-ဟခြင်းစသည်များသည် ကိုယ်အမူအရာနှင့် နှုတ်အမူအရာများသာ ဖြစ်ပါသည်။ ဤအရာများသည် မနောဒွါရ မဟုတ်ပါ။ ဤအရာများကို ဦးနှောက်သည် ချုပ်ထိန်းထားပါသည်။ ဦးနှောက်သည်လည်း ဤသို့ဖြစ်သောကြောင့် မနောဒွါရဟု မဆိုနိုင်ပါ။

မနောဒွါရကား – ဤအခြေအနေနှင့် ရှင်သန်လျက်ရှိသော စိတ်အလျင်တရားများသည် နောက်ဆုံးတွက်ချက်ရသော ကိန်းအရှိန်အဟုန်၏ မရပ်စဲသေးသောတရားများသာ ဖြစ်ပါသည်။

မနောဒွါရ အလုပ်လုပ်ပုံကို အနည်းငယ်ဆက်ဆိုပါဦးမည်။

မနောဒွါရသည် ပဉ္စာရုံဖြစ်သော ကိန်းရင်းတစ်ခုခုတက်ရောက်လာသောအခါ လှုပ်ရှားရပ်နားအသွားခံရသည်။ အာရုံအတိအကျ တက်ရောက်ပြီးသောအခါ မနောဒွါရသည် သန္တီရဏ(အာရုံကိုစုံစမ်းခြင်း)ဟူသော အလုပ်ကိုတာဝန်ခံလျက် တက်ရောက်လာသောအာရုံနှင့် ရောစပ်ပေါင်းယှဉ်ပါသည်။ ခြားနားချက်ရှိလျှင် ထွက်လာသော ယင်းခြားနားချက်သည် အရှိန်အဟုန်သဘောကိုဆောင်၍ ထက်မြက်ပါသည်။ ရေးကရှိခဲ့ပြီးသော မနောဒွါရကို ပျက်ပြားစေပါသည်။ ထို့ကြောင့် ရေးကရှိခဲ့သော မနောဒွါရကြောင့် ဖြစ်ပေါ်နေသော ကိုယ်,နှုတ်အမူအရာများကိုလည်း ပြောင်းလဲစေပါသည်။ အခြေအနေသစ်တစ်ရပ် ဖြစ်ပေါ်စေပါသည်ဟု ဆိုလိုပါသည်။

ယင်းအခြေအနေသစ်သည် အရှိန်အဟုန်ကုန်၍ အလျင်ဘဝရောက်သောအခါ မနောဒွါရသစ် ဖြစ်ပေါ်လာခြင်းပင်ဖြစ်ပါသည်။ ဤသည်မှာ မနောဒွါရ၌ ပဉ္စာရုံကိန်းရင်းတစ်ခုခု ရောက်လာခြင်းကြောင့် ဖြစ်ပျက်ပုံဖြစ်သည်။

မနောဒွါရသည် အသစ်ဖြစ်ပေါ်လာသောအခါ ဓမ္မာရုံကိန်းရင်းများကံဖြင့် ဆက်၍တွက်ချက်ရပါသည်။ ဓမ္မာရုံကိန်းရင်းများ အားသာသောအခါ မနောဒွါရကို အသစ်မွေးဖွားစေပါသည်။ အားနည်းသောအခါ ဓမ္မာရုံကိန်းရင်းများကို မနောဒွါရသစ်သည် ကျော်လွှားပါသည်။ မနောဒွါရသည် ဤသို့အလုပ်လုပ်ပါသည်။

ဘုရားသျှင်၏ သဘောတရားကိုပြဆိုကြရာ၌ ဤအရာသည် ရှုတ်ထွေးသည်။ ဒသနမျက်စေ့ဖြင့် ပြဆိုသူနည်း၍ တက္ကမျက်စေ့ဖြင့်မေးလိုက်ပြီး ပြဆိုလေ့ရှိကြပါသည်။

ဤမျှဖြင့် မနောဒွါရနှင့် ဓမ္မာရုံအကြောင်းပြဆိုချက် သင့်တန်ပါပြီ။ ဤသို့ဆိုလိုသည်မှာ မနောဒွါရ၌ ဓမ္မာရုံထင်လာသည်မှာ သမ္ဘတ္တ ဘယ်သို့ဖြစ်သည်ဟု ဖြစ်ပါသည်။ ပြဆိုခဲ့သောစကားများသည် မနောဒွါရနှင့်ဓမ္မာရုံတို့ သမ္ဘတ္တဖြစ်ပေါ်ပုံ ပေါ်လွင်သော စကား ဖြစ်ပါသည်။

ဓမ္မာရုံသည် လူ့အပြင်ဘက်မှ တောတောင်များ၌ရှိသောအာရုံ မဟုတ်။ လူ လက်ခံရရှိသော ပဉ္စာရုံများကို အမျိုးမျိုးတွက်ချက်ရာမှ ဖြစ်ပေါ်လာသော လူ့အတွင်းမှ အာရုံ ဖြစ်သည်။ လူ,တိရစ္ဆာန်,ရေ,မြေ,တော,တောင်များရှိသော ဓမ္မာရုံသည် မနောဒွါရနှင့်

တိုက်ရိုက်မသိနိုင်။

ပုံစံအားဖြင့် ဓမ္မာရုံတရားများထဲမှ စိတ်တရားသည် အခြားသူနှင့် တိရစ္ဆာန်တို့၌ရှိသော ဤအသိသည် မနောဒွါရဖြင့် ထိုသူတို့စိတ်ကို သိရာ၌ ထိုသူတို့ကိုယ်၌ ဖြစ်ပွားနေသောစိတ်ကို တိုက်ရိုက်သိခြင်း မဟုတ်ဘဲ ထိုသူတို့ပဏ္ဏတ်ရုံကို မိမိတွက်ချက်စက် အတွင်းသွင်း၍ မနောဒွါရဖြင့် ခြားနားချက်အဖြေကို ထုတ်ယူ၍ သိရသောအဖြေသာ ဖြစ်ပေသည်။

ထို့ကြောင့် မနောဒွါရဖြင့် ဓမ္မာရုံကိုသိသည်ဆိုရာ၌ မနောဒွါရဖြင့် အသိခံရသောဓမ္မာရုံသည် အဝေးအလံတွင်ရှိသော ဓမ္မာရုံ မဟုတ်။ လက်ခံခဲ့ရသော ပဏ္ဏတ်ရုံများကို အမျိုးမျိုးတွက်ချက်ရာမှ ရရှိသော လူ့အတွင်းမှဓမ္မာရုံသာ ဖြစ်ပါသည်။ အပြင်ဖက်မှ ဓမ္မာရုံသည် လူ့အတွင်းမှ ဓမ္မာရုံနှင့် ထပ်တူဖြစ်လေသည်။ထို့ကြောင့် လူ့အတွင်းမှ ဓမ္မာရုံကိုသိခြင်းနှင့် အပြင်ဘက်မှဓမ္မာရုံကိုသိခြင်းတို့မှာ မထူးခြားသလိုဖြစ်နေခြင်း ဖြစ်ပေသည်။

လောက၌ ဤစကြဝဠာအတွင်း ဂြိုဟ်များလှည့်ပတ်ပုံ လမ်းကြောင်းများကို တွက်ချက်သောအခါ ဂြိုဟ်မွှားတစ်လုံးရှိရမည်။ ထိုဂြိုဟ်မွှားသည် ဘယ်နည်းဘယ်ပုံ အလားရှိရမည်။ ဤသို့ အတိအကျ ရှိကြပေသည်။ ဤသို့ဖြစ်သော်လည်း ဂြိုဟ်မွှားကို ကား မတွေ့ကြသေးပေ။ နောက်မှ ရှာဖွေတွေ့ကြပေသည်။

ဤပုံစံ၌ လူများသိသောဂြိုဟ်မွှားသည် အပြင်ဖက် အကယ်ရှိနေသော ဂြိုဟ်မွှား မဟုတ်။ လက်ရှိဂြိုဟ်မွှားကို အမျိုးမျိုးတွက်ချက်၍ရသော ဂြိုဟ်မွှားသာဖြစ်သည်။ ထို့အတူ ဓမ္မာရုံအပြင်ဘက် ဓမ္မာရုံသည် ပမာဏမဟုတ်ပေ။ အပြင်ဘက်ဓမ္မာရုံသည် ရှိသော်လည်း သိကောင်းသောအရာ မဟုတ်။

နာမ်တရားများနှင့် ရုပ်နုရုပ်ကြည်တရားများစသည့် ရုပ်,နာမ်တရားများ၊ ပညတ်တရားများသည် အပြင်ဖက်၌ အကယ်ရှိသော်လည်း ယင်းအပြင်ဖက်မှတရားများကို မနောဒွါရဖြင့် မသိနိုင်ပေ။ နာမ်တရားသုံးပါးကိုဖြစ်စေ၊ ရုပ်နုရုပ်ကြည်များကိုဖြစ်စေ၊ ပညတ်တရားကိုဖြစ်စေ ပဏ္ဏာရုံကိုတွက်ချက်သိပြီး သူတို့အပြင်ဖက်၌ သိခြင်းသည်လည်း အပြင်ဖက်မှ ပဏ္ဏာရုံကိုလျှောက်၍ အပြီးသိခြင်းသာဖြစ်ပါသည်။

ဤမျှရှည်လျားသော တင်ပြချက်သည် ရုပ်မဲ့ဘဝရှိနိုင်,မရှိနိုင် ဖော်ပြရန် တင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ရှင်နာဂသေနသည် အရူပဗြဟ္မာများကို ရုပ်မရှိဘဲ နာမ်ချည်း သက်သက်ဖြင့် ရုပ်တည်ခွင့်ရနိုင်,မရနိုင်ကို အဆုံးအဖြတ်ပေးခဲ့ပါပြီ။

ဤဆန်းစစ်တင်ပြချက်သည် ပဉ္စာရုံမရှိလျှင် ဓမ္မာရုံမဖြစ်နိုင်ဟူသော ရိုးသားသော ဆန်းစစ်တင်ပြချက် ဖြစ်ပါသည်။ မနောဝိညာဏ်သည်ပင် ပဥ္စဝိညာဏ်ရှိမှ ဖြစ်နိုင်သည်ဟူသောအဆိုကို ပြီးပြည့်စုံစေသော တင်ပြချက် ဖြစ်ပါသည်။ အရူပဗြဟ္မာများသည် ရုပ်မရှိလျှင် ပဥ္စဝိညာဏ်များ မရှိဖြစ်ပါမည်။ ထို့ကြောင့် ထိုဗြဟ္မာများ၌ နာမ်လည်းမရှိဘဲ ဖြစ်ရပါမည်။

ဤဆန်းစစ်ချက်သည် အစဉ်အလာ သဘောတရားဘောင်အတွင်းသို့ကား ဝင်လိုမှဝင်ပါမည်။ သို့သော်လည်း သဘာဝယုတ္တိ အရှိသဘောနှင့် အဖက်ဖက်မှ ဆန်းစစ်နိုင်သည်။ ဤအရာကို အစိန္တေယျတရားများအတွင်းသွင်းပြီး မငြင်းဆိုဖို့သာ တောင်းဆိုပါရစေ။ အသိဖြင့် တွက်ချက်မရနိုင်သောအရာကို လက်ခံနေခြင်းထက် ပယ်ထုတ်ရခြင်းသည် မှားသည်ဆိုသည်ကို ဘယ်သို့ပြဆိုမည်နည်းဟူ၍ ဖြစ်သည်။

ရှင်နာဂသေနသည် အရူပဗြဟ္မာများကို အမှားမှားအယွင်းယွင်း ကောက်ယူပြခဲ့ခြင်းကြောင့် ဤသို့ ချွတ်ချော်တိမ်းပါးမှုများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ပါသည်။ ရှင်နာဂသေနသည် အရူပဗြဟ္မာကို ကမ္ဘာလောက၏ တစ်နေရာ၌ နေရာဌာန သီးသန့်ရှိနေသည်ဟု ယူဆသူဖြစ်သည်။

ဤသို့ဖြစ်ရသည်မှာ ရှင်နာဂသေန၌ ပဋိစ္စသမုပ္ပါဒ်အမြင်များ အမှောင်ကျနေခြင်း ခံရသောကြောင့်ဖြစ်သည်။ ဗြဟ္မာဖြစ်စေ၊ နတ်,လူဖြစ်စေ၊ အပါယ်ဖြစ်စေ အားလုံးသည် ပဋိစ္စသမုပ္ပါဒ် ဝိပါကဝဋ္ဋဓမ္မ အငွေ့အသက် အကျိုးဆက်ဖြစ်သော သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတရားများ၏ အနံ့အရင့်အဆင့်ဆင့်ကို ခေါ်ဝေါ်သောကြောင့် ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်စက်သည် လူအတွင်း၌ တစ်နေ့,တစ်ရက်,တစ်နံနက်,တစ်စက္ကန့်မှာ အပတ်ပေါင်းများစွာ လည်ပတ်လျက်ရှိပေသည်။ ထို့ကြောင့် အရူပဗြဟ္မာသည်လည်း လူအတွင်းမှာရှိနေသောအရာသာ ဖြစ်ပေသည်။ ရှင်နာဂသေန ထင်သကဲ့သို့ ကမ္ဘာ

လောကတစ်နေရာ၌ ရုပ်မရှိသော နာမ်ချည်းသက်သက်သတ္တဝါများ မဟုတ်ကြပေ။

ရှင်နာဂသေနသည် "အရူပဗြဟ္မာများသည်ရုပ်ကိုပယ်ကြသည်" ဟူသည်ကို မသိနိုးနား မှတ်သားရာမှ ဤသို့ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အရူပဗြဟ္မာများ ရုပ်ကိုပယ်သည်ဟူသည်မှာ အရူပစျာန်၏ အာရုံတရား များသည် ရုပ်မပါဝင်ဟူ၍သာ ဆိုလိုခြင်း ဖြစ်ပါသည်။

ဘုံသုံးပါး၏ နာမည်များသည် ဘုံသုံးပါးသတ္တဝါတို့ ရှုကြည့်သော အာရုံများ၏ နာမည်များသာ ဖြစ်ကြပေသည်။

ကာမဘုံဟူသည်မှာ အာရုံငါးပါးကို ပိယ,သာတအားဖြင့် ကြည့်ကြသူတို့ ရပ်တည်ရာဖြစ်သည်။

ရူပဘုံဟူသည်မှာ အာရုံငါးပါးကို ပိယ,သာတမှလွတ်အောင် ကြည့်ကြသူတို့ ရပ်တည်ရာဖြစ်သည်။

အရူပဘုံဟူသည်မှာ အာရုံငါးပါး ရုပ်တရားများကို မရှု၊ နာမ်နှင့်ပညတ်များကိုသာ ရှုကြည့်သူတို့ ရပ်တည်ရာဖြစ်သည်။

အရူပဗြဟ္မာများ ရုပ်မရှိဟူသည်မှာ ထိုဗြဟ္မာများ၏ ကိုယ်ကာယများ၌ ရုပ်မရှိကြသည် မဟုတ်။ ထိုဗြဟ္မာပုဂ္ဂိုလ်တို့၏အာရုံ၌ ရုပ်မရှိသည်ကိုသာဆိုခြင်း ဖြစ်သည်။

ဤအဆိုစကားသည် မှန်ကန်သောအဆိုစကား ဖြစ်ပါသည်။

အရူပဗြဟ္မာဟူသည် အရူပကုသိုလ်တရားတို့၏ အကျိုးဝိပါက်များ၏အလျဉ်အစဉ်တရားများ ဖြစ်သည်။ ကမ္ဘာလောက တစ်နေရာ၌ အရူပဗြဟ္မာများ ရှိသည်ဟုပင် ထားလျှင်လည်း ထိုဗြဟ္မာများသည် လူ့ပြည်မှ အရူပစျာန်ကုသိုလ်ကိုပွား၍ သွားသူများလည်း ရှိနိုင်ပေသည်။

ထိုအရူပစျာန်ကုသိုလ်ကို ပွားသူသည် လူဖြစ်လျှင် ထိုသူရှိသောကိုယ်ကာယ ရုပ်တရားများကို ပွားသောအရူပစျာန် ပယ်မြစ်ခြင်းရှိပါသလော? အလျဉ်းပင် မရှိချေ။ ဝိပါက်သည် ကုသိုလ်၏အလျဉ်မျှသာ ဖြစ်ပေသည်။ဝိပါက်သည် ကုသိုလ်သမ္ပယုတ္တဓမ္မများကဲ့သို့သော စေတနာမပါတော့သည့်ဓမ္မများသာ ဖြစ်သည်။

ကုသိုလ်သည် ရုပ်ကိုမပယ်နိုင်လျှင် ဝိပါက်များလည်း ရုပ်ကိုမပယ်နိုင်ဘဲ ရှိရ

ပေမည်။ ထို့ကြောင့် လူ့ပြည်မှ အရူပကုသိုလ်စျာန်ကိုပွား၍ ကမ္ဘာလောကတစ်နေရာ၌ အရူပဗြဟ္မာများဖြစ်သည်ဆိုလျှင်လည်း ထိုဗြဟ္မာသည် ရုပ်မရှိသူ မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ဗြဟ္မာဟူသည် အရူပကုသိုလ်၏အကျိုးဖြစ်သော ဝိပါက်ခန္ဓာသာ ဖြစ်သောကြောင့် ဖြစ်သည်။

အကယ်၍ အရူပဗြဟ္မာများသည် ရုပ်မရှိဟုဆိုလျှင် အရူပဗြဟ္မာမဖြစ်မီ အရူပကုသိုလ်စျာန်ကို ပွားစီးနေသော ရသေ့,ရဟန်းများ၌ ရုပ်မရှိပြီဟုဆိုနိုင်ရန် ကြိုးစားသင့်ပေသည်။ ဤအရာကို မကြိုးစားနိုင်လျှင် အရူပဗြဟ္မာများ ရုပ်မရှိဟူသောအဆိုအတွက် အပြစ်တင်ခံရခြင်းကို မလွဲမသွေ လက်ခံရပေမည်။

**ကုသိုလ်မလုပ်နိုင်သောအရာကို ဝိပါက်လုပ်နိုင်သည်ဟု မဖြစ်ဘဲရှိရမည်မှာ ဓမ္မတာဖြစ်သည်။**

အရူပဗြဟ္မာများ ရုပ်မရှိဟုဆိုချင်လျှင် အရူပကုသိုလ်ပွားသူ လူများ၌ ရုပ်မရှိ ဖြစ်ရပေမည်။ ဤသို့မဟုတ်သောကြောင့် အရူပဝိပါက်ဖြစ်သော အရူပဗြဟ္မာကျမှ ရုပ်ကိုပယ်သည်ဟူ၍ မဖြစ်နိုင်တော့ပေ။

ဝိပါက်သည် ပြုအားရှိသောတရား မဟုတ်ပေ။ ကုသိုလ်နှင့် ထပ်တူသာဖြစ်သောတရားသာ ဖြစ်ပေသည်။ ထို့ကြောင့် အရူပဗြဟ္မာများ၌ ရုပ်အားလုံးမရှိဟူသည်မှာ အရူပဗြဟ္မာတို့၏ အာရုံတရားများ၌ ရုပ်အားလုံးမရှိသည်ကိုသာ ဆိုခြင်းဖြစ်သည်။ အရူပဗြဟ္မာဖြစ်နေသော ရုပ်အကောင်ကြီးမရှိဟု ဆိုသည်မဟုတ်ပေ။ ထိုအရူပဗြဟ္မာဟူသည်လည်း ကမ္ဘာလောကတစ်နေရာ၌ သီးခြားရှိနေကြသူများ မဟုတ်ကြပေ။ အရူပဝိပါက်ဖြစ်နေသောသူများသာ ဖြစ်ကြပေသည်။

သူတို့သည် အာရုံငါးပါး ရုပ်တရားများကို စက်ဆုတ်ကြပေသည်။ ဤအာရုံများသည် လူကို ဆင်းရဲအောင်လုပ်နေသည်ဟု အသိအမှတ်ပြုကြပေသည်။ မျက်စေ့အာရုံ၊ နားအာရုံစသည့် အာရုံအဖုံဖုံတို့သည် လူကိုပင်ပန်းစေသည်။ ဤသို့ သဘောပိုက်ပြီးလျှင် ယင်းအာရုံတို့မှလွတ်ရာ မတုန်မလှုပ် တိတ်ဆိတ်ငြိမ်သက်၍ သုညဖြစ်နေသော၊ ယောကျ်ား,မိန်းမစသည်ဖြင့် အာရုံနိမိတ်တို့ ကင်းဆိတ်သော၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သော၊ ကောင်းကင်ဟုဆိုအပ်သော လဟာပြင်ကို သို့မဟုတ် ရုပ်,နာမ်များ

ဖြစ်-ဖြစ်ပြီး၍ ပျက်-ပျက်သွားသောနေရာကို၊ ရုပ်နာမ်တို့မရှိရာကို အာရုံပြုသုံးသပ်ဆင်ခြင် သက်ဝင်ပွားများ၍ နေကြပေသည်။

အရူပဗြဟ္မာများသည် လူများပင်ဖြစ်ကြသည်ဟု ဆိုလိုပါသည်။ရှင်နာဂသေနသည် အရူပဗြဟ္မာကိုလည်း အကယ်သိသည်မဟုတ်ပေ။ ဤသို့မသိသောကြောင့်သာ နိဗ္ဗာန်၏ အဆင်းအသွင် မရနိုင်ခြင်းကို အရူပဗြဟ္မာများရှိလျက် မသိနိုင်ခြင်းဖြင့် တိုင်းတာပြခြင်း ဖြစ်ပေသည်။

ရှင်နာဂသေနသည် နိဗ္ဗာန်ကိုမသိသောကြောင့် နိဗ္ဗာန်၏ အဆင်းအသွင်များ မရနိုင်သော်လည်း အရှိဖြစ်ပုံကိုပြဆိုရာ၌ ချွတ်ချော်နေခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်သည် အကယ်စင်စစ်၌ သင်္ခတတရားတို့၏ အဆင်းအသွင်ရှိသည့်အဖြစ်ကို ပြောင်းပြန်လှန်ထားသောအဖြစ်သာ ဖြစ်ပေသည်။ နိဗ္ဗာန်သည် အဆင်း,အသွင်များ အကယ်ရှိမဟုတ်သော၊ သင်္ခတတရားမှ လွတ်မြောက်သောတရားသာ ဖြစ်ပါသည်ဟု ဖြစ်သည်။

ဉာဏ်မျက်စေ့မရှိသူတို့၏အမြင်၌ အရှိဖြစ်လျှင် အဆင်း, အသွင်,သဏ္ဌာန်များရှိရမည်ဟုသာ သိနေလေသည်။ ယင်းတို့မရှိလျှင် အရှိမဟုတ်နိုင်ဟု ထင်မြင်ကြသည်။ သူတို့မြင်သော အဆင်းအသွင်များသည် အကယ်ရှိသော အဆင်းအသွင်များ မဟုတ်ကြပေ။ ထိုအဆင်း,အသွင်များ အကယ်ရှိမဟုတ်သည်၏အဖြစ်သည် နိဗ္ဗာန်ဖြစ်သည်။

"ခန္ဓာနှင့်နိဗ္ဗာန် တစပ်တည်းရှိသည်"ဟူသည်မှာ ဤသည်ပင်ဖြစ်သည်။

ရုပ်,နာမ်ဟူသောအရာကိုပင် ဉာဏ်မျက်စေ့မဲ့သူတို့၏ အမြင်၌ အဆင်း,အသွင်,သဏ္ဌာန် ပယောဂဟန်များရှိသည်ဟု ထင်သည်။ ဉာဏ်မျက်စေ့ရှိသူတို့ အမြင်၌ကား အဆင်း,အသွင်,သဏ္ဌာန် ပယောဂဟန်များ မရှိဟု ထင်သည်။

ရုပ်,နာမ်ကို အဆင်း,အသွင်,သဏ္ဌာန် ပယောဂဟန်များရှိသည်-ထင်လျှင် ရုပ်,နာမ်ကို ဆယ့်တစ်ထွေအပြားတို့ဖြင့် ရှုခြင်းဖြစ်၍ ခန္ဓာဖြစ်သည်။

မရှိ-ထင်လျှင် ခန္ဓာအဖြစ် မဲ့သည်။

နိဗ္ဗာန်သည် ခန္ဓာမဲ့ခြင်းပင် ဖြစ်သည်။

ဤသို့ပင် ခန္ဓာနှင့်နိဗ္ဗာန် ဆက်စပ်ပေသည်။

ဤဆက်စပ်ပုံသည် ခေါင်းနှင့်ပန်း၊အဖျားနှင့်အရင်း စသည်တို့ကဲ့သို့ ထိစပ်နေ

ခြင်းမျိုးကို ဆိုလိုသည်မဟုတ်ပေ။ အလင်းနှင့်အမှောင်ကဲ့သို့ နေခြင်းမျိုးကို ရောရှ၍မရသည့်ဆက်စပ်ခြင်းမျိုးသာ ဖြစ်သည်။

ခန္ဓာမဟုတ်ခြင်းသည်ပင် နိဗ္ဗာန်ဖြစ်သည်။

နိဗ္ဗာန်မဟုတ်ခြင်းသည် ခန္ဓာဖြစ်သည်။

ခန္ဓာအမြင်ရှိလျှင် နိဗ္ဗာန်ကို မြင်၍လုံးဝပင် မရနိုင်ပေ။ နိဗ္ဗာန်အမြင်ရှိပြန်လျှင်လည်း ခန္ဓာဖြစ်အောင် လုံးဝပင်ထင်၍မရနိုင်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် ခန္ဓာတခြား၊ နိဗ္ဗာန်တခြားမဟုတ်ဘဲ ခန္ဓာသည်ပင်လျှင် ကြည့်တတ်သူတို့ နိဗ္ဗာန်ဖြစ်သည်။ မကြည့်တတ်သူတို့ ခန္ဓာဖြစ်သည်။ ဤသို့ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ရှင်နာဂသေနသည် ရုပ်,နာမ်ကို ခန္ဓာအမြင်ရှိသူအား နိဗ္ဗာန်ကို ရှင်းပြနေပေသည်။

ဤအရာသည် ခန္ဓာနှင့်နိဗ္ဗာန်တခြားစီမဟုတ်ကြောင်း ကောင်းစွာသိရှိသူအနေနှင့် လုံးဝမလုပ်ကောင်းသောအရာ ဖြစ်ပေသည်။ လောက၌ ဝမ်းတွင်းကပင် မျက်စေ့ပျက်ခဲ့၍ လုံးဝမမြင်သူကို အမှောင်ကိုသာသိရှိသူအား အလင်းအကြောင်း လုံးဝရှင်းမပြကောင်းသကဲ့သို့ ဖြစ်ပါသည်။

မလုပ်ကောင်းသည်ကို အားစိုက်ပြုလုပ်နေသည်မှာ ရှင်နာဂသေနကိုယ်တိုင်ပင် ခန္ဓာနှင့်နိဗ္ဗာန် သီးခြားမဟုတ်ကြောင်း အမြင်မဲ့ခြင်းကြောင့်သာ ဖြစ်ပေသည်။ ဝမ်းတွင်းကန်းတစ်ယောက်သည် အခြားဝမ်းတွင်းကန်းတစ်ယောက်အား အလင်းအကြောင်း ရှင်းလင်းပြောကြားနေသည်ဆိုလျှင် အမြင်ရှိသူတို့သည် ထိုစကားအသံမကြားရရာ အရပ်သို့သာ ရှောင်ဖယ်သွားကြဘို့မျိုးသာ ရှိပါတော့သည်။

ထို့ကြောင့် ဤအဖြေသည် လှချင်လျှင် လှဖို့သာရှိသည်ဟူသော အဖြေဖြစ်သည်ဟု သုံးသပ်ရပေမည်။

ရှင်နာဂသေနသည် ခန္ဓာနှင့်နိဗ္ဗာန်ကို တခြားစီဟု မြင်ခဲ့သည်။ ဤခန္ဓာများငြိမ်းသောအခါ နိဗ္ဗာန်ဟူသော သီးခြားဓမ္မတစ်ခု ဖြစ်ပေါ်လာသည်ဟု စိတ်ဆန်းစွာယူဆသူဖြစ်ပေသည်။ ထို့ကြောင့် အဖြေများသည် အမေးနှင့်အံမဝင်သော “ကောင်းစွာကျင့်သူသည် သင့်လျော်သောနှလုံးသွင်းဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုသည်”ဟုသာ ဖြေပေသည်။

ဤစကားသည် အမေး၏အဖြေဖြစ်သော စကားမဟုတ်။ မေးသည်ကိုမဖြေဘဲ ပြောချင်ရာပြောသောစကားသာ ဖြစ်ပါသည်။

ဤအဖြေစကားသည် ဝန်ခံခြင်း၊ ငြင်းဆိုခြင်း၊ တားမြစ်ခြင်း၊ ဝေဘန်ခြင်း တစ်ခုခု ဖြစ်ရပေမည်။ ဤစကားများသည် ဝန်ခံခြင်းစသည် တစ်ခုခု ဘာမျှမဟုတ်သော စကားများသာ ဖြစ်သည်။

ဤအဖြေများသည် အထက်ပြဿနာကဆိုခဲ့သည့်အတိုင်းပင် စကားလျင်သာလှမည်ဖြစ်သော အဖြေများဖြစ်သည်။ ဥပမာ၊ဥပမေယျများဖြင့် ဘယ်မျှဖြေသည်ဖြစ်စေ ဝမ်းတွင်းကန်းဖြေသော အလင်းအကြောင်းသာ ဖြစ်ပေမည်။

## ၁၁။ နိဗ္ဗာနသစ္ဆိကရဏပဉှာ

ဤပြဿနာ၌ ရှင်နာဂသေနသည် "နိဗ္ဗာန်သည် အချိန်ကာလအားလုံးမှ လွတ်သည်ဆိုလျှင် ဘယ်သို့အရှိဖြစ်မည်နည်း?" ဟူသော မိလိန္ဒ၏အမေးကို "ကောင်းစွာကျင့်သူသည် ပညာဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည်" ဟူ၍ ဖြေပေသည်။

ရှင်နာဂသေန၏ ဤအဖြေသည်လည်း အထက်ကဖြေခဲ့သော ပြဿနာနှင့် အတူပင်ဖြစ်သည်။ လှချင်လျှင် လှဖို့သာရှိသောအဖြေသာ ရှိသည်။ ဤပြဿနာသည်လည်း အထက်ကပြဿနာကဲ့သို့ပင် နိဗ္ဗာန်ကို ခန္ဓာအမြင်ဖြင့် ရှုကြည့်ချက်ဖြစ်သည်။ ကာလသုံးပါးသည် ခန္ဓာ၏ တစ်ဆယ့်တစ်ထွေသော တရားများပင်မဟုတ်ပါလော?

နိဗ္ဗာန်၏ အရှိအဖြစ်သည် ခန္ဓာကိုငြင်းဆိုမှရသော တရားဖြစ်သည်။ ယင်းကို ခန္ဓာ၏အရှိအဖြစ် ဖြင့် တိုင်းတာ၍ရမည် မဟုတ်ချေ။ ထို့ကြောင့် ဤအဖြေသည်လည်း အချည်းနှီးအဖြေသာ ဖြစ်သည်များကို စမ်းတဝါးဝါးဖြင့် နားဆိမ့်မှုဖြစ်စေချင်လျှင်သာ ဖြစ်စေနိုင်ပေလိမ့်မည်။ အမှန်ကိုကား လုံးဝမဖြစ်စေနိုင်ပေ။

## ၁၂။ နိဗ္ဗာနသန္နိဟိတပဥှာ

ဤပြဿနာ၌လည်း အထက်ပြဿနာများအတိုင်းပင် နိဗ္ဗာန်ကို ခန္ဓာပေတံဖြင့် တိုင်းတာပြနေသည်။ ဤပြဿနာသည် နိဗ္ဗာန်အရပ်ဌာနပြဿနာဖြစ်သည်။

ခန္ဓာ၌သာ အရပ်လေးပါး၊ အချိန်သုံးပါး၊ အသွင်သဏ္ဍာန်လေးပါး၊ ပေါင်းတစ်ဆယ့်တစ်ပါး ရှိသည်။နိဗ္ဗာန်သည် ယင်းခန္ဓာ၏ မရှိခြင်းဖြစ်၍ ယင်းပြဿနာများဖြင့် မမေးမဖြေကောင်းသော ပြဿနာ ဖြစ်သည်။

အပူနှင့်အအေးသည် တစ်စပ်တည်းသောတရားဖြစ်သည်။ အပူမဟုတ်ခြင်းသည် အအေးဖြစ်သည်။ အအေးမဟုတ်ခြင်းသည် အပူဖြစ်သည်။ ဤအတူ နိဗ္ဗာန်နှင့် ခန္ဓာသည်လည်း တစ်စပ်တည်းဖြစ်သည်။ အပူကို အအေးနှင့် လက္ခဏာများမရှိခြင်းကြောင့် အပူဟူ၍မရှိနိုင်ဟူသောအဆိုကို ရှင်းလင်းရန်အကြောင်း မရှိပေ။ အအေး၏ လက္ခဏာမရှိခြင်းသည်ပင် အပူဖြစ်၍၊အအေးကိုသာသိနေသူသည် အအေး၏လက္ခဏာများဖြင့် အပူကိုစူးစမ်းကြည့်သည် ဆိုအံ့၊မတွေ့ခဲ့လျှင် ဘာမျှမရှိဟူသောအသိ ဖြစ်ပေမည်။

အပူကို အအေးလက္ခဏာများမရှိ၍ ဘာမျှမရှိဆိုသူအား ကွေ့ကွေ့ကောက်ကောက် အဖြေပြုမဖြစ်ပေ။ အအေး၏ ဆန့်ကျင်ဘက်သည် အပူဆိုသောအရာဖြစ်သည်ဟု ညွှန်ပြရာသာဖြစ်ပါသည်။

**ဝေဿန္တရဝဂ် ပြီး၏။**

rvEy0m

# အဋ္ဌာနဝဂ္ဂ

## ၄။ အနုမာနဝဂ္ဂ

### ၁။ အနုမာနပဉှာ

ဤပြဿနာ၏အဖြေစကားသည် ဘုရားသျှင်ကိုဖွင့်ဆိုချက် စကားများ ဖြစ်ပေသည်။ ရှင်နာဂသေနသည် အထက်လမ်းသမားပြီပြီ ဘုရားသျှင်ကို အထက်တန်းကျကျပင် ဖွင့်ဆိုဖော်ထုတ်ထားပေသည်။ မည်မျှ အထက်တန်းကျပါသနည်းဆိုသော် ရှင်နာဂသေနဖော်ပြသော ဘုရားသျှင်သည် လူများရပ်တည်နေသော မြေကြီးပေါ်မှာပင်မရှိတော့ဘဲ ဘုရားစင်ပေါ်သို့ ခုန်တက်သွားသည်အထိ အထက်တန်းကျလှပေသည်။

ဟုတ်ပါသည်။ ရှင်နာဂသေနဖော်ပြသော ဘုရားသျှင်သည် ထူးလွန်း၊ ချွန်လွန်း၊ မြင့်မားလွန်းသောသူဖြစ်၍ လူတစ်ဦးချင်းထံ၌ ကျရောက်နေသော သေးငယ်သော ဒုက္ခဟူသောတရားကို ကုစားပေးဘို့ ချဉ်းကပ်ရမည်မှာ အားနာဖွယ်ကောင်းလေစွ။

ထို့ကြောင့် ဘုရားသျှင်အား ဘုရားစင်ပေါ်တင် ကိုးကွယ်ထားရမလိုပင် ဖြစ်ပေတော့သည်။ဤသို့ပင် ဘုရားသျှင်သည် ဘုရားစင်ပေါ်သို့ ခုန်တက်သွားခြင်း ဖြစ်ပါသည်။

## ၂။ ခုတင်ပဥ္စာ

ဤပြဿနာ၌လည်း မသုံးသပ်ဘဲထားရမည့်ပြဿနာဖြစ်သည်။ ရှင်နာဂသေန သည် အထက်လမ်းသမားဖြစ်သည့်အတိုင်း အနက်နဲဆုံး၊ အခက်ခဲဆုံးသောကျင့်စဉ် များကိုတွေ့လျှင် အလွန်ရှိသေသူ ဖြစ်ပါသည်။ ဤအဖြေ၌ ခုတင်အကျင့်များကို ချီးမွမ်း ထားပါသည်။

ရှင်နာဂသေန၏ ချီးမွမ်းစကားများသည် တောသားတစ်ယောက်၏ ရွှေမြို့ တော်ချီးမွမ်းခန်းကို နားထောင်ရသကဲ့သို့ ရှိနေပါသည်။ တောသားသည် သူတွေ့မြင်ခဲ့ရ သော ရွှေမြို့တော်၌ အတိုင်းအဆမဲ့ လေးနက်သကဲ့သို့ ရှင်နာဂသေနသည် ခုတင်အကျင့် များ၌ လေးနက်ပါသည်။

တောသားကြီးသည် ရွှေမြို့တော်ကိုချီးမွမ်းရာ၌ စိတ်ဆန်သောကြောင့် ရွှေမြို့ တော်၏ အစိတ်အပိုင်းတစ်ခုနှင့် အသုံးတစ်ခု ဖြစ်ပေါ်ဆက်စပ်ပုံကို မပြောပြနိုင်ပေ။ တောသားသည် ရွှေမြို့တော်သည် သိပ်ကိုကောင်းသည်၊ ပြောစရာမရှိအောင်ကောင်း သည်ဟူ၍သာ ဆိုတတ်ပေသည်။

ရှင်နာဂသေနသည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ခုတင်အကျင့်ကို မကျင့် ဘူးဘဲလျက် အရဟတ္တမဂ်၊ဖိုလ်ကိုရသူ လူဟူ၍ပင်မရှိဟု ဆိုသည်။ ယင်း၏ အာဂမ၊ သဘာဝကိုကား အလျဉ်းပင် မပြခဲ့။ အာဂမနှင့် သဘာဝ တစ်ခုခုချို့တဲ့သောစကားသည် ငါ့စကားနွားရစကားသာဖြစ်၍ အရာမထင်ပေ။

အကယ်စင်စစ်၌ ခုတင်အကျင့်သည် အကျင့်ဟုပြောလောက်သော အကျင့်ပင် မဟုတ်ပေ။ ခုတင်အကျင့်သည် နိဗ္ဗာန်ရောက်ကြောင်းအတွက် အစစ်အမှန် အရင်းကျ သောကျင့်စဉ်လမ်းကြောင်း ပဋိပဒါဖြစ်ခဲ့လျှင် ဘုရားသျှင်သည် နိဗ္ဗာန်ရရေးအတွက် မဂ္ဂင်ရှစ်ပါးအစား၊ ခုတင်တစ်ဆယ့်သုံးပါးကို ညွှန်ပြခဲ့ရာပါသည်။

ဘုရားသျှင်သည် သူ့ညွှန်ပြချက်များ၌ မဂ္ဂင်ဟူသောစကားများမှာ များစွာပင် ဖွင့်ဆိုခဲ့သော်လည်း ခုတင်ဟူသောစကားကို ဖွင့်ဆိုခြင်း များစွာမရှိပေ။ ရှင်နာဂသေန၏ ခုတင်အဖွင့်၌ပင် ဘုရားညွှန်ပြချက်ကို တစ်ခုတစ်လေမျှ ထည့်သွင်းနိုင်ခဲ့ခြင်း မရှိပေ။

ဥပသေနနှင့် သာရိပုတ္တာတို့ကို ညွှန်ပြချက်သည်လည်း ဘုရားသျှင်ညွှန်ပြချက်များ မဟုတ်ပေ။

ဘုရားသျှင်သည် နိဗ္ဗာန်ရရေးအတွက် မဂ္ဂင်ကိုကျင့်ရန်ကား အစဉ်သင့်သလောက်ပင် ညွှန်ကြားမြဲပင် တိုက်တွန်းခဲ့ပေသည်။ ဓုတင်ကိုကား မဟာတဟာပင် နေခဲ့ပေသည်။ ဤစကားများအရ ဘုရားလက်ထက်အခါက ရဟန်းများ ဓုတင်ကိုမဆောင်ဟု ဆိုလိုခြင်းပင်။

ဓုတင်သည် မဂ္ဂင်ရှစ်ပါးအတွင်းသွင်းလျှင်ပင် အတော်ကြိုးစား၍ သွင်းရမည့်တရား ဖြစ်ပါသည်။ သွင်းခြင်းသွင်းလျှင် သီလမဂ္ဂင်သုံးပါး၌ သွင်းယူရဖို့ရှိပါသည်။ ဘုရားသျှင်သည် သီလမဂ္ဂင်သုံးပါးအတွက်လည်း ဝိနယဒေသနများစွာကို အပြည့်အစုံ ညွှန်ကြားခဲ့ပြီး ဖြစ်၏။ ဤဝိနယဒေသနာသည် ရဟန်းများ နိဗ္ဗာန်ရရေးကို မလွဲချော်စေနိုင်သော ရပ်တည်ချက်ဖြစ်ရန် အပိုနှင့်အလိုများကင်းစင်သော ဒေသနာဖြစ်ပါသည်။

ဘုရားသျှင်သည် ဝိနယဒေသနာများနှင့်စပ်လျှင် ပိုပြီးကျင့်သည်ကိုလည်း ခွင့်ပြုလိုခြင်းမရှိပါ။ လိုပြီးကျင့်မည်ကိုလည်း ခွင့်မပြုပါ။ ဤသို့ဖြစ်လျှင် ဝိနယဒေသနာများထက် လွန်နေသော ဓုတင်အကျင့်သည် သာသနာတော်၌ အဘယ်သို့ နေရာရနေသည်ဟု ဆန်းစစ်စေချင်ပါသည်။

ဓုတင်အကျင့်သည် ဝိနယဒေသနာမျးကိုလွန်၍ ကျင့်ခြင်းမှာ အမှန်ဖြစ်ပါသည်။ ဘုရားသျှင်၏ ဝိနယဒေသနာ၌ ရဟန်းများ နေလွဲပြီး ဆွမ်းမစားရဟု ဆိုသည်။ ဧကာသနိကဓုတင်၌ နံနက်၌လည်း တစ်ထပ်သာစားသုံးရမည်ဟု ဆိုသည်။ ဤသို့ပင် လွန်ထားသည်ကို တွေ့ရမည် မဟုတ်ပါလော?

ဤဓုတင်အကျင့်သည် အကျင့်အဖြစ်ကျင့်ရမည့်အရာ မဖြစ်ဘဲရှိသည်။ အကျင့်အဖြစ်မရောက်သော အကျင့်ဖြစ်သည်ဟု ဆိုလိုပါသည်။ ဆရာတို့၏ ပကတိအနေကို မှတ်သား၍ နောက်လာနောက်သားတို့ လုပ်ခဲ့ကြသော ဥပဒေလွန်များသာ ဖြစ်ရပါမည်။

ပုံစံနှင့်ယှဉ်လျှင် ဘုရားသျှင်သည် ဝိနယဒေသနာ၌ နေလွဲအစာမစားရန် ပညတ်သော်လည်း၊ ရှင်သာရိပုတြာဖြစ်စေ၊ ရှင်မဟာကဿပဖြစ်စေ ဆွမ်းခံပြန်လာသောအခါ တထိုင်တည်းဆွမ်းစားကြသော အလေ့အကျင့် ရှိနိုင်ပါသည်။ဤပုဂ္ဂိုလ်များ

မူကား ဤသို့ဘုဉ်းပေးကြခြင်း၌ အလေ့အထသာဖြစ်ပါမည်။ ဥပဒေအဖြစ် ဆောက်တည်၍ ဘုဉ်းပေးခြင်း မဖြစ်နိုင်ပါ။

"နေလွဲပြီးမစားရ" ဟူသော ဥပဒေနှင့် နံနက်စာများ၌ တစ်ထပ်သာဘုဉ်းပေးရန် အခွင့်သင့်သည်အားလျော်စွာ သို့မဟုတ် အလေ့အထရှိသည်အားလျော်စွာ ဘုဉ်းပေးခြင်းသည် ဥပဒေကိုလွန်၍ကျင့်ခြင်း မဖြစ်နိုင်ပါ။ ဤအတူ ဆွမ်းခံခြင်းစသော ဥပဒေများကို ပညတ်ပြီးဖြစ်သော်လည်း အိမ်စဉ်အတိုင်းဆွမ်းခံခြင်းသည် ဆွမ်းခံဥပဒေများကို ကျော်လွန်၍ ကျင့်သည်မဟုတ်။ အလေ့အထသာ ဖြစ်သည်။

ဤအတိုင်း နောက်နောက်ပေါက်ပွား တပည့်များသည် မိမိတို့၏ဆရာတို့၏ ထူးခြားသောအလေ့အထများကို အမွေဆက်ခံခဲ့ကြပေမည်။ နောင်အခါ၌ ထိုအလေ့အထသည် အလေ့အထမဟုတ်တော့ဘဲ ဥပဒေသစ်များ သို့မဟုတ် ရှိပြီးသက်ဆိုင်ရာ ဥပဒေတို့၌ အနုပညတ်များဖြစ်၍လာခြင်း ဖြစ်ပေမည်။

အလေ့အထသည် လူ,ကာလ,ဌာနအားလျော်စွာ ရှိသောအရာဖြစ်သည်။ ယင်းကို ဥပဒေအဖြစ် သတ်မှတ်ခြင်းခံရသောအခါ ဝိနယဒေသနာကို လွန်၍ကျင့်ခြင်း ဖြစ်လာပေတော့သည်။

ဤဓုတင်အကျင့်များသည် အကယ်သာ နိဗ္ဗာန်ရရေး၌ အချက်အခြာကျသော ပင်မလုပ်ငန်းများ အစစ်အမှန်ဖြစ်ခဲ့လျှင် ဘုရားသျှင်သည် သူ့မျက်မှောက်၌ပင် ဤဓုတင်အကျင့်ကို အလေ့အထအဖြစ် ဆောင်ယူနေသော ရှင်မဟာကဿပ ကိုယ်တော်ကြီးစသည်ကို တွေ့မြင်ရလျက်ရှိသောကြောင့် ရဟန်းမှန်သမျှ ကိလေသာကုန်ရန် ဤသို့ကျင့်ရမည်၊ တစ်သက်မဟုတ် အနည်းဆုံးဘယ်နှစ်လရှိသည်တိုင် ကျင့်ရမည်၊ ဤသို့ ပညတ်ခဲ့ရမည်မှာ အမှန်ပင်ဖြစ်ပေသည်။

ဒေဝဒတ်သည် သံဃာကိုသင်းခွဲမည်ကြံစဉ်က ဘုရားသျှင်ထံ တောင်းဆိုချက် အချို့ တင်ပြခဲ့ပေသည်။ ဤတင်ပြချက်၌ပင် အရည်းကင်၊ ပံသုကူ၊ ရုက္ခမူဓုတင်များကို ဥပဒေအဖြစ်ပညတ်ပေးရန် တောင်းဆိုခဲ့ပါသည်။ ဘုရားသျှင်သည် ဓုတင်များကို အမှုမဲ့အမှတ်မဲ့ဖြစ်၍ မပညတ်ခဲ့ခြင်း မဟုတ်ပေ။ ဤသို့ တောင်းဆိုတင်ပြသူရှိလျက်ပင် မပညတ်ခဲ့ပေ။ ဤသည်မှာ ဓုတင်အကျင့်၏ ဥပဒေမမည်သော ဥပဒေဖြစ်ပုံကို သိသာ

စေသောအချက် ဖြစ်ပါသည်။

ဓုတင်သည် အကျင့်စာရင်းမဝင်သောအကျင့် သို့မဟုတ် အကျင့်အရာမမြောက်သော အလေ့အထသာဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦး၏ အပြစ်ကင်းသော ပကတိဟန်ပန်သည် နိဗ္ဗာန်ရရေးကျင့်စဉ် မဖြစ်နိုင်ပါ။ ပုဂ္ဂိုလ်တစ်ဦး၏ အပြစ်ကင်းစင်သောဟန်ပန်သာ ဖြစ်နိုင်ပါသည်။ ဤအရာကို နောက်လူတို့၌ ဆရာကြီးများ၏ ထူးခြားသောအမူအရာဟုမှတ်ပြီး နိဗ္ဗာန်ရရေးအတွက် အထူးကျင့်စဉ်အရာ သွတ်သွင်းပြီးလျှင် မလိုက်မနေရဉပဒေအဖြစ် သတ်မှတ်ပြဋ္ဌာန်းလိုက်သောအခါ များစွာချော်ကုန်ကြပေတော့သည်။

ဘုရားသျှင်သည် နိဗ္ဗာန်ကိုလိုလားသူတို့အား အပိုဝန်လည်း မတက်စေလို၊ အလိုဝန်လည်း မတက်စေလိုပေ။ ထို့ကြောင့် အပိုနှင့်အလိုမရှိသော ဉပဒေများကို ပြုခဲ့ပေသည်။ ဓုတင်သည် နိဗ္ဗာန်ရလိုသူတို့အား အပိုဝန်အဖြစ်တက်မည့်အရာသာ ဖြစ်ပေသည်။

ရှင်နာဂသေနသည် ဓုတင်၏ အဿာဒကိုသာမြင်သူ ဖြစ်သည်။ ဓုတင်၏ အာဒီနဝကို မမြင်ဘဲရှိပေသည်။ ထို့ကြောင့် ရှင်နာဂသေနသည် ဓုတင်ဝန်၏ အပိုဝန်ခံရခြင်းမှလွတ်သော နိဿရဏအမြင်လည်းမရှိ ဖြစ်နေပေသည်။

ဓုတင်အကျင့်သည် အကျင့်သည်းထန်မှုကို ရှေ့တန်းတင်သောအကျင့် ဖြစ်သည်။ ရှင်သာရိပုတြာနှင့် ရှင်မဟာကဿပကိုယ်တော်ကြီးများ တရားရပြီး ဘုန်းသမ္ဘာနှင့်ပညာဉာဏ်များ ကြီးမြင့်ကြသည်မှာ အကျင့်ကြောင့်ဖြစ်တန်ရာ၏ဟု အစဉ်အဆက်အမှတ်အသားမှ ထွက်ပေါ်လာသောအကျိုးဖြစ်သည်။ ထိုပုဂ္ဂိုလ်များကား ထိုအကျင့်ကြောင့် ထိုသို့ ဖြစ်နေကြသည်လည်း မဟုတ်။ မဂ္ဂင်လမ်းပေါ်သို့ အပြည့်အဝ လျှောက်တော်မူကြသောကြောင့်သာ ဖြစ်ပေမည်။

လမ်းဟုတ်သည်ကို လမ်းဟုတ်သည့်အတိုင်း မမြင်သူတို့သည် လမ်းမဟုတ်သော လမ်းလွဲကို လမ်းဟုထင်လျက် နိဗ္ဗာန်ရောက်ရေးလမ်းကို ဘုရားနှင့်ယှဉ်ပြိုင်၍ လမ်းသစ်ပြုစုခြင်းသာ ဖြစ်ပေမည်။

ရှင်နာဂသေနသည် ဓုတင်ချီးမွမ်းခန်းကို ရွှေမြို့တော်အား ချီးမွမ်းသော

တောသာကြီးအလား သိပ်ကောင်း၊အလွန်ကောင်း၊ အားလုံးကောင်းဟူသော စကားများဖြင့် မမောနိုင် မပန်းနိုင် ချီးကျူးပေသည်။ ရှင်နာဂသေနသည် ကုမ္ဗဂင်ကို ညွှန်ပြနေသည်။ လူများကို နစ်ရာနက်ရာဆီသို့ ညွှန်ပြနေပေသည်။

အောက်လမ်းပေါ်တွင် ပြေးခဲ့ရ၍ မောလျနေပြီးဖြစ်သော လူအများကို အထက်လမ်းပေါ်သို့ ဆက်၍ပြေးခိုင်းနေပြန်သည်။ လမ်းဟူသည်မှာ သွား၍ရကာမျှဖြင့် လမ်းမခေါ်နိုင်ပေ။ ပန်းတိုင်ရောက်မည့်လမ်းကိုသာ လမ်းဟုခေါ်သင့်ပါသည်။ ရှင်နာဂသေနသည် ပန်းတိုင်ရောက်မည့်လမ်းနှင့်အပြိုင် ပန်းတိုင်မဲ့လမ်းကို ခင်းပြနေပါသည်။ လူများသည် လမ်းအတုအတွက် လမ်းအစစ်ကို အထင်လျော့ကြပေလိမ့်မည်။

ထို့ကြောင့် ဤပြဿနာ၏အဖြေသည်လည်း အလွန်သတိချပ်သင့်သောအဖြေဖြစ်ကြောင်း ဝေဖန်သုံးသပ်ရပေသည်။

**အနုမာနဝဂ္ဂ ပြီး၏။**

# ဩပမ္မကထာ

| | | |
|---|---|---|
| ၁။ | ဂဒြဝဂ် | (ပဥ္စာ ၁၀ခု) |
| ၂။ | သမုဒ္ဒဝဂ် | (ပဥ္စာ ၁၀ခု) |
| ၃။ | ပထဝီဝဂ် | (ပဥ္စာ ၁၀ခု) |
| ၄။ | ဥပစိကာဝဂ် | (ပဥ္စာ ၁၀ခု) |
| ၅။ | သီဟဝဂ် | (ပဥ္စာ ၁၀ခု) |
| ၆။ | မက္ကဋဝဂ် | (ပဥ္စာ ၁၀ခု) |
| ၇။ | ကုမ္ဘဝဂ် | (ပဥ္စာ ၁၀ခု) |

ဩပမ္မကထာများကို အထူးသုံးသပ်ဘွယ်မရှိ၍ မသုံးသပ်ပါပြီ။
မိလိန္ဒပဥှာ၌ သုံးသပ်ဖွယ်ပြဿနာများ ကုန်ဆုံးခြင်းသို့ ရောက်ပါပြီ။

# မိလိန္ဒဝတ္ထုဘယ်လဲ?

ဤမျှဖြင့် မိလိန္ဒပဥှာဝတ္ထုမှ အဖြေခုနစ်ဆယ့်နှစ်ခုကို သုံးသပ်ခဲ့ပါပြီ။ ရှင်နာဂသေနသည် အဘယ်သို့သောပုဂ္ဂိုလ် ဖြစ်သနည်း? ဤစာသည် ဤအကြောင်းကို ထင်လင်းစွာတင်ပြခဲ့ပြီးဟု ယူဆမိသည်။ ရှင်နာဂသေနသည် ဝတ္ထုရေးဆရာ၏သဘောအရ ရဟန္တာစကားများကို မည်မျှပင်ပြောဆိုနေသော်လည်း အယူအဆပြဿနာများ ကိုင်တွယ်ရာ၌ ရဟန္တာနှင့် ခြားမှခြားအဖြစ်ကို ထင်လင်းစွာ တွေ့မြင်ခဲ့ရပေသည်။

ဝတ္ထုရေးဆရာသည် ဘုရားသာသနာကို မြှင့်တင်နေသောဇောဖြင့် သူ၏စာပေစွမ်းရည်ကို အသုံးချလိုက်သော်လည်း သူ၏မှောင်ကျနေသော ဉာဏ်မျက်လုံးကြောင့် အကျိုးထက် အပြစ်ကိုသာ ထင်စေခဲ့ပါသည်။

ထို့ကြောင့် “မိလိန္ဒပဥှာဝတ္ထု”သည် အလယ်လမ်းကိုရှာဖွေကြသူ ဘုရားသျှင်တပည့်တော်တို့အတွက် အဆိပ်အတောက်စာပေသာ ဖြစ်ခဲ့ပါသည်။ မိလိန္ဒပဥှာဝတ္ထုညွှန်ပြသောလမ်းသည် အထက်လမ်းဖြစ်သောကြောင့် ဖြစ်သည်။

**“မိလိန္ဒပဥှာဝတ္ထုသည် အထက်လမ်းကို အလယ်လမ်းမှတ်တိုင်စိုက်ထူလျက် အလယ်လမ်းဟုညွှန်ပြသည့် လမ်းလွှန်လမ်းမှားကြီး ဖြစ်နေသည်**”။

ယနေ့ အလယ်လမ်းသမားတို့သည် မိလိန္ဒပဥှာဝတ္ထုနှင့်ကင်းသူ မရှိသလောက်ဖြစ်နေပေသည်။ မိလိန္ဒပဥှာဝတ္ထုသည် ဗုဒ္ဓဘာသာဝင်တိုင်းလိုလို၏ အသွေးအသားထဲစိမ့်ဝင်ပြီးလျက် ရှိပေသည်။

ပြောကြမည်ဆိုလျှင် မိလိန္ဒပဥှာဝတ္ထုသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ အဖက်ဖက်မှပြည့်စုံသော လောကအမြင်ကျမ်းကြီး ဖြစ်နေပေသည်။ တစ္ဆေသရဲလျှင်ပုတ်သင်စသော အသေကောင်များဖြစ်သည်ဆိုသော အယူအဆအစ၊ သုံးဆယ့်တစ်ဘုံအဆုံး အားလုံးသည် ဗုဒ္ဓဘာသာဝင်များ အားထားယုံကြည်နေရသော အယူအဆဖြစ်သည်။

ဝတ္ထုရေးသူသည် အထက်လမ်းဆရာ ဖြစ်ပါလိမ့်မည်။

တက္ကသမားလည်း ဖြစ်ပါမည်။

ဗုဒ္ဓကျမ်းအများ၌ နှံ့စပ်သူလည်း ဖြစ်ပါမည်။

စာပေပညာရှင်လည်း ဖြစ်ပါမည်။

ဤအရာများ စုပေါင်းလိုက်သောအခါ "မိလိန္ဒပဥှာဝတ္ထု" ကို မွေးဖွားလာခြင်း ဖြစ်ပေမည်။ ထို့ကြောင့် "မိလိန္ဒပဥှာဝတ္ထု"သည် အမြင့်ဆုံးဝတ္ထုနေရာ ရလာခြင်း ဖြစ်ပါသည်။သို့မဟုတ် အဘက်ဘက်မှပြည့်စုံသော လောကအမြင်ကျမ်းနေရာကို တက်လှမ်းလာခြင်း ဖြစ်ပေမည်။

မိလိန္ဒပဥှာဝတ္ထုသည် စွမ်းအားအလွန်ကောင်းသောစာ ဖြစ်သည်။ အထက်လမ်းကျင့်စဉ်တက္ကပညာ၊ ပိဋကတ်စာပေဝတ္ထု၏ စာပေပုံစံကောင်းခြင်းနှင့် အလွန်ရေးကျသော အကြောင်းအရာများကြောင့် နှိုင်းတုမရသောစာ ဖြစ်လာပါသည်။

မိလိန္ဒပဥှာဝတ္ထု၏ စွမ်းအားများသည် ဗုဒ္ဓဝါဒ၏ စွမ်းအားပမာဏအမှန်ကို ကောင်းစွာဖောက်ဖျက်နေပါသည်။ ဒဿနမျက်လုံးဖြင့် ရှုကြည့်သောအခါ လယ်ပြင်၌ ဆင်သွားသကဲ့သို့ ထင်ရှားလှပါသည်။

ဗုဒ္ဓဘာသာသည် အစစ်အမှန်၌ ဒဿနိကဗေဒဘာသာ ဖြစ်ပေသည်။

ယနေ့ရိုးရာဗုဒ္ဓဘာသာကား စိတ္တဗေဒဘာသာ ဖြစ်နေပေသည်။

စိတ္တဗေဒဘာသာသည် ဗုဒ္ဓညွှန်ပြခဲ့သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည့်အင်အား လုံးဝမရှိသောအရာ ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ဗုဒ္ဓဝါဒီများသည် ငြိမ်းချမ်းရေးဆိုသည်ကို မမျှော်မှန်းနိုင်သောအရာအဖြစ် အသိအမှတ်ပြုနေကြရပေသည်။ လူကိုလွန်၍ တွေးခေါ်နေကြရပေပြီ။

**"ဘုရားသျှင်သည် သူ့သာဝကတို့အား အကြီးဆုံးသောအမှားကို ညွှန်ပြလျှင် "လူကိုကျော်ခြင်းနှင့် လူအတွင်းနစ်ခြင်း"၊ ဤအရာကို မလွဲမသွေ ပြပေမည်။"**

ဤသို့ဖြစ်သော်လည်း ယနေ့ဗုဒ္ဓဝါဒီများ လူကိုကျော်၍ တွေးနေကြသည်မှာ အံ့သြလိုက အံ့သြစရာပင် ဖြစ်ပါသည်။ ဤသို့ဖြစ်အောင် အဘယ်သူပြုခဲ့ပါသနည်း?

ဤမေးခွန်း၏အဖြေသည်ထင်ရှားလှပါသည်။ မိလိန္ဒပဥှာဝတ္ထုကဲ့သို့ စွမ်းအားကောင်းသည့်အရာအပြင် အဘယ်ကိုမှ ညွှန်ပြစရာမရှိပေ။ မိလိန္ဒပဥှာဝတ္ထုသည် အဋ္ဌကထာများကို မှားယွင်းစွာ အနက်ဖွင့်စေခဲ့သည်။ ပါဠိတော်များကိုလည်း မှားယွင်းစွာ နားလည်စေခဲ့သည်။ နောက်ဆုံး အတွေးအခေါ်များအထိ မှားယွင်းစွာ တွေးခေါ်စေခဲ့ပေသည်။

ထို့ကြောင့် အလယ်လမ်းအန္တရာယ်ကို တာဝန်ရှိရှိဖြင့် ရှင်းလင်းမည်ဆိုလျှင် ပဌမဆုံးပြုရမည့်အရာသည် "မိလိန္ဒပဥှာဝတ္ထု"၏ အားမာန်များကို မလှုပ်ရှားနိုင်အောင် တုပ်နှောင်ခြင်းအလုပ် ဖြစ်သင့်ပေသည်။ ထို့ကြောင့် ဤစာတမ်းကို ပြုစုခဲ့သည်။ ဤစာဖြင့် အားလုံးသော အလယ်လမ်းသုတေသီများ မိလိန္ဒပဥှာဝတ္ထု၏ စာပေအညွှီအင်စက်ကွင်းမှ အကြွင်းမဲ့လွတ်ကင်းပြီး ဒသနလမ်းကြောင်းအပေါ် အရောက်လှမ်းနိုင်ရန် တစ်ခုတည်းသောဆန္ဒ ရှိပါ၏။

အလယ်လမ်းသမားတစ်ယောက်သည် အများကို ခေါင်းဆောင်နိုင်ပါသည်။ လူအများသည် မြို့ရွာနယ်ပယ်နှင့် နိုင်ငံဖြစ်ပါသည်။ ဤစာသည် အဆုံး၌ နိုင်ငံ၏ ငြိမ်းချမ်းသောဘဝကို ပေးဆပ်နိုင်ဘို့ မျှော်လင့်ပါသည်။

ဤသို့ ဖြူစင်သောဆန္ဒအရင်းခံသက်သက်ဖြင့် ဤစာကိုတင်ပြလိုက်ခြင်း အမှန်ပင်ဖြစ်သာကြောင့် အားလုံးသောစာရှုသူများသည် ကြောင့်ကြဗျာပါ ပူစရာမရှိဘဲ ပကတိအေးမြသောနှလုံးဖြင့် ရွှင်ပြုံးချမ်းမြေ့ကြပါစေ။

စာရေးသူလည်း အလားတူပဲ ချမ်းမြေ့စွာ နေရပါစေလား။

ရှင်ဉာဏ
(မြိုင်- ၁၅၉၈၅၅)
၁၁ရက် မတ်လ ၁၉၇၂ခုနှစ်
ရွှေမြင်တင်တောင် ၊ မင်းကွန်း၊ မန္တလေးစာတိုက်

(ဤစာကိုကျွန်ုပ်သည် နေ့တစ်နာရီငါးမိနစ်အချိန် ပူလောင် သော နွေလယ် အောက်တွင် ရိုက်ကူးပြီးစီးခဲ့ပါသည်။ စာဖတ်သူများ ရွှင်လန်းချမ်းမြေ့ပါစေလို့ ကျွန်ုပ်လည်း ဘုန်းဘုန်း(ဦးဉာဏ)နည်းတူ ဆုတောင်းမွန်ကောင်းဖြင့်

တနင်္ဂနွေ
(၂၈-၅-၇၈)

မောင်လှမောင်
(မန်းအရှေ့တောင်-၀၀၂၆၇၇)

*စာကူးပြီးချိန် (၁၃၆၃ခုနှစ် ကဆုန်လပြည့်ကျော်၁၂ရက်၊သောကြာ-၀၇၃၀နာရီ)* ***(MYS)***
*C:\Sammà Buddha\Print Mïlinda CD.pm6*